## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏
## အမိန့်ကြော်ငြာစာအမှတ် ( ၁/၂၀၁၀ ) အရ

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး | B.Sc ( D.S.A ) ; R.L | ဥက္ကဋ္ဌ |
| ၂။ | ဦးအင်ဇော်နော် | B.A (Law),LL.B | အဖွဲ့ဝင် |
| ၃။ | ဦးခင်မောင်နု | B.Sc (Bot);Dip.Ed ;<br>Dip . TEFL (UFI)<br>Dip .ELT (UK); M.A ELT (UK) | အဖွဲ့ဝင် |
| ၄။ | ဦးစောဘလှိုင် | B.Sc ; Dip.Ed | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာဘမောင် | M.A ; Ph.D ( Hist;) | အဖွဲ့ဝင် |
| ၆။ | ဦးညွှန့်တင် | B.A ; H.G.P | အဖွဲ့ဝင် |
| ၇။ | ဦးမောင်သာလှ | B.A (Law),LL.B | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာစိုင်းခမ်းလှိုင် | M.B.B.S | အဖွဲ့ဝင် |
| ၉။ | ဦးအောင်မြင့် | B.Sc ; H.G.P ; R.L ,<br>Advocate;<br>Computer Programing (UK) | အဖွဲ့ဝင် |
| ၁၀။ | ဦးမြင့်နိုင် | B.A (Law) ; LL.B | အဖွဲ့ဝင် |
| ၁၁။ | ဒေါက်တာတင်အောင်အေး | B.Sc; B.L, LL.M, LL.D | အဖွဲ့ဝင် |
| ၁၂။ | ဒေါက်တာဒေါ်မြင့်ကြည် | M.A (Hist;);Ph.D (IR) | အဖွဲ့ဝင် |
| ၁၃။ | ဒေါ်ခင်လှမြင့် | B.A (Law) ; LL.B | အဖွဲ့ဝင် |
| ၁၄။ | ဦးသာဦး | A.G.T.I (EC) ; B.E (EC) | အဖွဲ့ဝင် |
| ၁၅။ | ဒေါက်တာမောင်ထူး | B.Sc ;M.Sc (London) | အဖွဲ့ဝင် |
| ၁၆။ | ဦးသာဌေး | LL.B ; Advocate | အဖွဲ့ဝင် |
| ၁၇။ | ဦးဝင်းကြည် | B.Sc (Hons);D.S;<br>M.Sc (USA) | အဖွဲ့ဝင် |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏
## အမိန့်ကြော်ငြာစာအမှတ် ( ၅/၂၀၁၁ ) အရ

| | | | |
|---|---|---|---|
| ၁။ | ဦးတင်အေး | B.A (D.S.A) | ဥက္ကဋ္ဌ |
| ၂။ | ဦးမြင့်နိုင် | B.A (Law) ;LL.B | အဖွဲ့ဝင် |
| ၃။ | ဦးအောင်မြင့် | B.Sc ;H.G.P ;<br>R.L , Advocate;<br>Computer Programing (UK)` | အဖွဲ့ဝင် |
| ၄။ | ဦးသာဦး | A.G.T.I (EC) ; B.E (EC) | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာဒေါ်မြင့်ကြည် | M.A (Hist;); Ph.D (IR) | အဖွဲ့ဝင် |
| ၆။ | ဦးဝင်းကြည် | B.Sc (Hons) ; D.S ;<br>M.Sc (USA) | အဖွဲ့ဝင် |
| ၇။ | ဦးညွန့်တင် | B.A ; H.G.P | အဖွဲ့ဝင် |
| ၈။ | ဦးဝင်းကို | LL.B;LL.M | အတွင်းရေးမှူး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရွေးကောက်ပွဲကန့်ကွက်လွှာဆိုင်ဖြတ်ချက်များ
# စိစစ်ထုတ်ဝေရေးအဖွဲ့

( ၁ . ၁၁. ၂၀၁၁ ရက်မှစ၍ )

| | | | |
|---|---|---|---|
| ၁။ | ဦးမြင့်နိုင် | B.A (Law) ; LL.B | ဥက္ကဋ္ဌ |
| | ( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ) | | |
| ၂။ | ဦးအောင်မြင့် | B.Sc ; H.G.P ; R.L ,<br>Advocate;<br>Computer Programing (UK) | အဖွဲ့ဝင် |
| | ( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ) | | |
| ၃။ | ဦးညွန့်တင် | B.A ; H.G.P | အဖွဲ့ဝင် |
| | ( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ) | | |
| ၄။ | ဦးဝင်းကို | LL.B;LL.M | အတွင်းရေးမှူး |
| | ညွှန်ကြားရေးမှူးချုပ် | | |
| ၅။ | ဦးဇေယျာဇော် | B.Sc ( Phys ) ;( M.I .Sc ) | တွဲဖက်အတွင်းရေးမှူး |
| | ဒုတိယညွှန်ကြားရေးမှူးချုပ် | | |

## မာတိကာ
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ
## ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ(ကောက်နုတ်ချက်)


| စဉ် | ကောက်နုတ်ချက်ပြုသောအမှု | စာမျက်နှာ |
|---|---|---|
| | **ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ** | |
| ၁ | ဦးသူရမျိုးခင် / ဦးမောင်ကျော် / ဦးဝင်းဗိုလ် နှင့် ဦးဉာဏ်ဆွေဝင်း / ဦးကောင်းညွန့် / ဦးဘောဘီအုန်း | ၁ |
| ၂ | ဦးရွှေမန်းတင် နှင့် ဦးဖေသန်း | ၁၈ |
| ၃ | ဒေါ်ဝိုင်း နှင့် ဦးမျိုးအောင် | ၃၇ |
| | **ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုများ** | |
| ၄ | ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွန့် နှင့် ဒေါက်တာမြတ်ဉာဏစိုး | ၅၃ |
| ၅ | ဦးရိုးမူ နှင့် ဦးဇော်ထွန်း | ၇၀ |
| ၆ | ဦးမြဝင်း နှင့် ဒေါ်တင်တင်မာ | ၈၉ |
| ၇ | ဒေါ်ချိုချိုကျော်ငြိမ်း နှင့် ဦးသန့်ဇင် | ၁၀၀ |
| ၈ | ဦးဦးသိန်းမောင် နှင့် ဦးလှမောင်သိန်း | ၁၂၄ |
| ၉ | ဦးနီကုန်း နှင့် ဦးရှိန်ကျော်ဝင်း | ၁၄၂ |
| ၁၀ | ဦးတင်စိုး နှင့် ဦးမြင့်စိုး | ၁၅၉ |
| ၁၁ | ဦးအောင်ကျော်ဖုံ နှင့် ဦးထွန်းအောင်ခိုင် | ၁၇၃ |
| ၁၂ | ဦးကျော်ထွန်းအောင် နှင့် ဦးဦးစောလှ | ၁၈၆ |
| ၁၃ | ဦးအဘူလ်တာဟေရ် နှင့် ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက် | ၂၀၀ |
| ၁၄ | ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာ နှင့် ဦးမောင်စန်ရွှေ | ၂၁၄ |
| ၁၅ | ဒေါ်ခင်နွဲ့ နှင့် ဦးမျိုးမြင့် | ၂၃၁ |
| ၁၆ | ဦးဇော်ဝင်း နှင့် ဦးအောင်မြင့် | ၂၄၈ |

ညွှန်းချက် (က)

စာမျက်နှာ

**သောင်းကျန်းသူများက ပြည်ခိုင်ဖြိုးပါတီကိုမဲမပေးရန် ခြိမ်းခြောက်ခြင်း၊ ရွေးကောက်ပွဲ ပျက်ပြယ်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** နှစ်ဖက်သက်သေအထောက်အထားများကို စိစစ်ကြည့်ရှုလျှင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ မဲပေးပိုင်ခွင့်ရှိသူ (၆၀၁၇၄)ဦးရှိသည့် အနက် မဲဆန္ဒရှင် (၄၄၅၁၂) ဦးက ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးသူ (၇၃. ၉၇) ရာခိုင်နှုန်း ရှိခဲ့ကြောင်းနှင့် အေးချမ်းစွာ ပြီးမြောက်ခဲ့ကြောင်း မှာ အငြင်းပွားရန်မရှိပေ။

ကေအင်န်ယူသောင်းကျန်းသူများက ကြောင်ပြာရွာနေ ဦးလှဌေး ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းမှာ မှန်သော်လည်း ထိုအကြောင်းကြောင့် ရွေးကောက်ပွဲပျက်ပြယ်ခဲ့ခြင်း မရှိပေ။

လျှောက်ထားသူများပြသသည့်သက်သေများဖြစ်ကြသော ကြောင်ပြာရွာနေ ဦးလှဌေး၊ ကျောက်ကြီးမြို့နေ ဦးစိုးနိုင်၊ မီးတိုင်တော အုပ်စုနေ ဦးမောင်ညို၊ တုံးကြီးအုပ်စု သံဘိုကျေးရွာနေ ဦးစိုးတင့်၊ ဒေါင်းမို့ အုပ်စု တောကြောင်ပေါက် ကျေးရွာနေ ဦးမြင့်ခင် ၊ နတ်သံကွင်းကျေးရွာ အုပ်စု ရေတွင်းကုန်းကြီးကျေးရွာနေ ဦးစောအယ်ဆေးတို့က ကျောက်ကြီး မြို့နယ်သည် အညိုရောင်နယ်မြေဖြစ်ပြီး ရွေးကောက်ပွဲကာလ၌ ကေအင်န်ယူသောင်းကျန်းသူများ ခြိမ်းခြောက်မှုကြောင့် ရွာသူရွာသား များက ပြည်ခိုင်ဖြိုးပါတီကို မဲမပေးဘဲ တ. စ. ည ပါတီကို မဲပေးကြရ မည်ဟု ပြောဆိုသောကြောင့် မဲဆွယ်စည်းရုံး၍မရကြောင်း ထွက်ဆိုကြ သော်လည်း ပြည်ခိုင်ဖြိုးပါတီမှ ဆန္ဒမဲများလုံးဝမရရှိခြင်း မဟုတ်ဘဲ ၎င်းတို့ ထွက်ဆို သော မဲရုံများတွင် ပြည်ခိုင်ဖြိုးပါတီမှ ဦးသူရမျိုးခင်သည် မဲပုတ်ကျေးရွာအုပ်စုမဲရုံ၌ ဆန္ဒမဲ (၇၅)မဲ၊ ကြိုတင်မဲ (၁၈)မဲ၊ မီးတိုင်တော အုပ်စုမဲရုံအမှတ် (၂)တွင် ဆန္ဒမဲ (၁၉၃)မဲ၊ ကြိုတင်မဲ (၄) မဲ၊ တုံးကြီး ကျေးရွာအုပ်စုမဲရုံ၌ ဆန္ဒမဲ (၄၇၈)မဲ၊ ကြိုတင်မဲ (၅)မဲ၊ ပြည်ခိုင်ဖြိုးပါတီမှ ဦးဝင်းဗိုလ်သည် ဒေါင်းမို့ကျေးရွာအုပ်စု မဲရုံအမှတ် (၂)တွင် ဆန္ဒမဲ (၁၄၈)မဲနှင့် နတ်သံကွင်းကျေးရွာအုပ်စု မဲရုံအမှတ်(၄)တွင် ဆန္ဒမဲ(၁၉၂) မဲ၊ ကြိုတင်မဲ (၂)မဲ ရရှိကြောင်း တွေ့ရှိရသည်။

(ခ) ညွှန်းချက်

သို့ဖြစ်၍ ကေအင်န်ယူသောင်းကျန်းသူများက ပြည်ခိုင်ဖြိုး စာမျက်နှာ
ပါတီကို မဲမပေးရန်၊ မဲပေးလျှင်သတ်မည်၊ ရွာကိုမီးရှို့မည် ဟုခြိမ်းခြောက်
သဖြင့် ရွာသူရွာသားများ ပြည်ခိုင်ဖြိုးပါတီကို မဲမပေးဘဲ တ. စ. ည
ပါတီကို မဲပေးကြသည်ဟုဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရ
သည်။

ဦးသူရမျိုးခင် ဦးညဏ်ဆွေဝင်း

ဦးမောင်ကျော် နှင့် ဦးကောင်းညွှန့် ၁

ဦးဝင်းဗိုလ် ဦးဘောဘီအုန်း

**မဲရုံမှူးများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရယကဥက္ကဋ္ဌများ၏ လုပ်ဆောင်ချက်များကိုကန့်ကွက်ခြင်း၊ ၎င်းတို့သည် ရွေးကောက်ပွဲတွင် မမှန်မကန် လုပ်ဆောင်ကြောင်း ဘက်လိုက်မှုများ ရှိကြောင်း၊ ကန့်ကွက်ခံရသူကခိုင်းစေချက် သို့မဟုတ် သဘောတူချက်အရ လုပ်ဆောင်ကြောင်း သက်သေတင်ပြရန် လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်ပါက လျှောက်ထားသူက လျှောက်ထားခံရသူအား တရားမဲ့ပြုကျင့်ကြောင်း တိုက်ရိုက်စွပ်စွဲခဲ့ခြင်း မရှိသကဲ့သို့ သက်သေထင်ရှားပြသခြင်းလည်းမရှိပေ။ လျှောက်ထားသူက အများအားဖြင့် မဲရုံမှူးများ၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရယကဥက္ကဋ္ဌများ၏ လုပ်ဆောင်ချက်များကိုသာ ကန့်ကွက်ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။ ၎င်းတို့သည် ရွေးကောက်ပွဲတွင် မမှန်မကန်လုပ်ဆောင်ခြင်း၊ ဘက်လိုက်မှုများရှိကြောင်းလည်း သက်သေထင်ရှားခြင်း မရှိရုံမျှမက လျှောက်ထားခံရသူ ဦးဖေသန်းနှင့် မည်သို့ပတ်သက်ဆက်နွယ်မှုရှိကြောင်း ၊ ဦးဖေသန်းကဖြစ်စေ၊ ၎င်း၏ ခိုင်းစေချက် သို့မဟုတ် သဘောတူညီချက်အရဖြစ်စေ လုပ်ဆောင်ခြင်း ဖြစ်ကြောင်း ကိုပင် လျှောက်ထားသူက တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

ဦးရွှေမန်းတင် နှင့် ဦးဖေသန်း ၁၈

ညွှန်းချက် (၈)

**အထောက်အထားအဖြစ် သက်သေခံစာများကို တင်ပြခြင်း၊ ယင်းစာ ရေးသားသူများကို သက်သေမတင်ပြခြင်း၊ ကတိသစ္စာပြု၍စစ်ဆေးခြင်း မပြုနိုင်သည့်အပြင် ပြန်လှန်စစ်မေးခွင့်မရရှိခြင်း။** စာမျက်နှာ

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကန့်ကွက်ခံရသူအား လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာခဲ့ခြင်း၊ ယင်းသို့ကြေညာသည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်မံကြေညာခဲ့ခြင်း၊ ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ အပြီးအပြတ် ဆုံးဖြတ်ရာ ရောက် မရောက်။**

**ဆုံးဖြတ်ချက်။** လူတစ်ဦးတစ်ယောက်၏ ရေးသားသောစာပါအကြောင်းအရာကို သက်သေထင်ရှားပြလိုလျှင် သက်သေခံဥပဒေပုဒ်မ ၃၂ ပါ ကိစ္စရပ်များမှလွဲ၍ ထိုစာရေးသားသူအား သက်သေဆင့်ခေါ်ပြီး စစ်ဆေးစေခြင်းဖြင့် သက်သေထင်ရှားပြရန်လိုသည်။ ထိုစာပါအကြောင်းအရာကို ရေးသားသူအား သက်သေအဖြစ် ဆင့်ခေါ်စစ်ဆေးခြင်းမရှိဘဲ စာချုပ်သက်သက်မှာ စာရေးသားသူအား ကတိသစ္စာပြု၍ စစ်ဆေးခြင်း မပြုနိုင်သည့်အပြင် တစ်ဖက်လျှောက်ထားခံရသူမှ ပြန်လှန်စစ်မေးခွင့်မရသောကြောင့် အမှန်အမှားကို ဝေဖန်သိရှိရန် ခဲယဉ်းသည်။

သက်သေခံ (ဂ)(ည)နှင့်(ဉ) တို့ကို ခုံရုံးက သက်သေခံအဖြစ်လက်ခံခြင်းမှာ ထိုစာများကို မိုးမောက်မြို့နယ် ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူး ထံပေးပို့ခဲ့၍ ပြည်ခိုင်ဖြိုးပါတီက လက်ခံရရှိခဲ့ကြောင်း၊မိုးမောက်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ အချိန်ပြည့်ကော်မတီဝင် ဦးထွန်းကြည် (လျှောက်ထားသူပြ သက်သေအမှတ် - ၅)က ထွက်ဆိုတင်ပြခဲ့၍ လက်ခံခြင်းဖြစ်သည်။ စာပါ အကြောင်းအရာကို သက်သေထင်ရှားပြခဲ့၍ သက်သေထင်ရှားသောကြောင့် လက်ခံခဲ့ခြင်း မဟုတ်ပေ။ ယင်းစာများကို လက်ခံရရှိကြောင်း သက်သေခံ တင်သွင်း၍ စာကိုသက်သေခံလက်ခံခြင်း အကြောင်းကြောင့်စာပါ အကြောင်းအရာထင်ရှားပြီဟုဆိုရန် အကြောင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** လျှောက်ထားခံရသူ ဦးမျိုးအောင်အား ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ပြည်ထောင်စု

(ဃ) ညွှန်းချက်

ရွေးကောက်ပွဲကော်မရှင်က ၁၂-၁၁-၂၀၁၀ ရက်စွဲပါ ကြေညာချက် အမှတ်(၁၂၉/၂၀၁၀) အရ ကြေညာခဲ့ခြင်းမှာ သက်ဆိုင်ရာ ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ လျှောက်ထားခံရသူ ဦးမျိုးအောင်အား မိုးမောက်မြို့နယ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်သည်ကို ထပ်ဆင့်ကြေညာပေးခြင်း သာ ဖြစ်သည်။ စာမျက်နှာ

ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက လျှောက်ထားခံရသူ ဦးမျိုးအောင်အား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာ သည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုပြီး ပြည်နယ်လွှတ်တော်ကိုယ် စားလှယ်ဖြစ်ကြောင်း အတည်ပြု ဆုံးဖြတ်ခဲ့ခြင်း မဟုတ်၍ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ အပြီးအပြတ် ဆုံးဖြတ်ခြင်း မဟုတ်ပေ။

ဒေါ်ဝိုင်း နှင့် ဦးမျိုးအောင် ၃၇

**တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃ ၊နည်း ၂ အရ စာမှတ်စာတမ်းများ တင်ပြခြင်း၊ သက်သေများစစ်ဆေးသည့်အခါမှ သက်သေနှင့် အတူပါလာ၍ နောက်ကျရခြင်းဖြစ်ကြောင်း အကြောင်းပြချက်သည် ခိုင်လုံသောအကြောင်းပြချက် ဟုတ် မဟုတ်။**

**မဲဆွယ်စည်းရုံးကြစဉ် စည်းရုံးသည့်အဖွဲ့ဝင်များ လမ်းတွင် ကြုံကြိုက်ခြင်း ဖြစ်ကြောင်း လက်ခံနိုင်ဖွယ်ရှိ မရှိ။**

**လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်သော တရားမဲ့ပြုကျင့်မှု။**

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ တွင်

အမှု ပထမကြားနာသည့်နေ့ရက်၌ အမှုသည်များ သို့မဟုတ် ၎င်းတို့၏ စာမျက်နှာ ရှေ့နေများ သည် အမှုတွင်အားကိုးအားထားပြုပြီး သက်သေခံအဖြစ် တင်သွင်းလိုသော မိမိတို့လက်ဝယ်ရှိ သို့မဟုတ် မိမိတို့၏စီမံခန့်ခွဲမှု အတွင်းရှိ စာမှတ်စာတမ်း အားလုံးကို တရားရုံးသို့တင်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့ တင်ပြခဲ့ခြင်းမရှိဘဲ နောက်ပိုင်းတွင် တင်ပြလာလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း၂ အရ တရားရုံးက ကျေနပ်လောက်အောင် ခိုင်လုံသော အကြောင်းမပြနိုင်က အမှု၏ နောက်ပိုင်းတွင် တင်ပြလာခြင်းကို တရားရုံးက လက်ခံခြင်းမပြုရဟု တားမြစ်ထားသည်။ အကြောင်းမှာ အမှု၏နောက်ပိုင်းတွင် လိမ်လည် အတု ပြုလုပ်ပြီး တင်ပြလာမည်ကို ကာကွယ်လို၍ဖြစ်သည်။

တရားရုံးကကျေနပ်လောက်အောင် ခိုင်လုံသော အကြောင်း မပြနိုင်လျှင် တရားရုံးကလက်ခံခြင်းမပြုရဟု ဥပဒေက တားမြစ်ထား သည်ဖြစ်သောကြောင့် ခိုင်လုံသောအကြောင်းရှိကြောင်း တင်ပြရန် တာဝန်သည် လျှောက်ထားသူ၏ တာဝန်ဖြစ်သည်။ သက်သေနှင့်အတူ ယခုမှ ပါလာ၍ နောက်ကျတင်ပြရခြင်းဖြစ်ကြောင်း အကြောင်းပြချက် သည် ခိုင်လုံသော အကြောင်းမဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ဦးအေးမြင့်သည် ပြည်ထောင်စုဒီမိုကရေစီ ပါတီ မှ ဦးသိန်းတင်အောင်အတွက် မဲဆွယ်စည်းရုံးပေးသူ ဖြစ်ကြောင်း အထက်တွင် သုံးသပ်ခဲ့ပြီးဖြစ်သည်။သို့ဖြစ်၍ ၎င်း၏ဟောပြောချက်များ သည် ဦးသိန်းတင်အောင်နှင့်သာ သက်ဆိုင်မည်ဖြစ်သည်။ ဒေါက်တာ မြတ်ဉာဏစိုးက စေခိုင်းသဖြင့်လည်းကောင်း သို့မဟုတ် ၎င်း၏သဘော တူညီချက်ဖြင့် လည်း ကောင်း ဟောပြောခြင်း မဟုတ်၍ ဦးအေးမြင့်၏ ဟောပြောချက်များသည် ဒေါက်တာမြတ်ဉာဏစိုးနှင့် သက်ဆိုင်သည်ဟု ဆိုရန် အကြောင်းမရှိနိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ဤအမှုတွင် ဦးအေးမြင့်သည် ဒေါက်တာ မြတ်ဉာဏစိုး၏ ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်ကြောင်းမှာ ထင်ရှား သည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၃(က)တွင် ရွေးကောက်တင် မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်၏ ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှု တစ်ခုခုဖြစ်ပေါ်ခဲ့ပြီး ထိုတရားမဲ့

(စ) ညွှန်းချက်

ပြုကျင့်မှုကို လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့ခြင်းဖြစ်လျှင် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်ကြောင်းကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် - စာမျက်နှာ

၇၃။ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှုတစ်ခုခုအတွက် အပြစ်ရှိသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က အစီရင်ခံရာတွင် အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း ထင်မြင်ယူဆပါက ထိုလွှတ်တော် ကိုယ်စားလှယ်အား ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်သည် –

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့သော တရားမဲ့ပြုကျင့်မှုဖြစ်ခြင်း၊

လျှောက်ထားခံရသူဒေါက်တာမြတ်ဉာဏစိုးနှင့် ဦးအေးမြင့်တို့သည် မဲဆွယ်စည်းရုံးကြစဉ်အတွင်း တိုက်ဆိုင်ပြီး ခဏတာကြုံကြိုက်ကြခြင်းသာဖြစ်ကြောင်းကို လက်ခံဖွယ်ရှိသည်။ ယင်းနောက်ပိုင်းတွင် ဆက်လက်တွေ့ဆုံမဲဆွယ်မှုပြုကြခြင်း မရှိခဲ့ပေ။

ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွှန့် နှင့် ဒေါက်တာမြတ်ဉာဏစိုး ၅၃

**ရွေးကောက်ပွဲကျင်းပသည့် ၇-၁၁-၂၀၁၀ ရက်နေ့တွင် မဲရုံများ၌ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကျေးရွာလူကြီးများ၊ လုံခြုံရေးတာဝန်ကျသူများ ရှိကြသည်ဖြစ်၍ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တရားမဲ့ပြုကျင့်မှုများကို ထိုစဉ်က တိုင်ကြားနိုင်သည်။ ထိုသို့တိုင်ကြားခြင်းမရှိဘဲ ရွေးကောက်ပွဲပြီးမှ တိုင်ကြားခြင်းသည် နောက်မှအကြံရ၍ တိုင်ကြားခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ခြင်း။**

ညွှန်းချက် (ဆ)

**အသိသက်သေများ၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ ရှေ့မှောက်တွင် နည်းလမ်းတကျ ရေတွက်ပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသော မဲစာရင်းပုံစံ (၁၆) သည် မှန်ကန်သောစာရင်းဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက် ။** မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဖြစ်သူဦးသောင်းရွှေက ရွေးကောက်ပွဲကျင်းပသည့်ကာလက မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များကို ရပ်ကွက်နှင့်ကျေးရွာအုပ်စုများသို့ မဲရုံများကို ကြီးကြပ်စေရန်အတွက် တာဝန်ခွဲဝေ၍ စေလွှတ်ခဲ့ကြောင်းနှင့် ရွေးကောက်ပွဲကျင်းပပြီးသည့်အခါ ထိုတာဝန်ကျသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များပြန်လည်ရောက်ရှိလာရာ၌ ဖာကေကျေးရွာဘက်တွင် ပြဿနာအချို့ရှိသည်ဟု ကြားသိရသော်လည်း တရားဝင်တိုင်ကြားခြင်းများမရှိကြောင်းထွက်ဆိုခဲ့သည်။ထို့အပြင် ရွေးကောက်ပွဲ ကျင်းပသည့်နေ့မတိုင်မီအထိတိုင်စာများမရရှိခဲ့ကြောင်းနှင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်နောက်ပိုင်းတွင်မှသာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ လိပ်မူတင်ပြသည့်တိုင်ကြားစာမိတ္တူနှစ်စောင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ လိပ်မူတင်ပြသည့် စာမိတ္တူတစ်စောင်တို့ကိုသာ လက်ခံရရှိခဲ့ကြောင်း ထွက်ဆိုထားရာ မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည်ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် မိတ္တူစာ (၃)စောင်ကိုသာလျှင် လက်ခံရရှိခဲ့ကြောင်းနှင့် ၎င်းထံသို့ တစ်ဦးတစ်ယောက်ကမျှ တရားဝင်တိုင်ကြားခဲ့ခြင်း မရှိကြောင်းကို တွေ့ရပေသည်။

ရွေးကောက်ပွဲမကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ရပ်ရွာသို့ ရွေးကောက်ပွဲကိုကြီးကြပ်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၎င်း၏အဖွဲ့ဝင်များကို တာဝန်ပေးစေလွှတ်ထားသကဲ့သို့ လုံခြုံရေးတာဝန်ရှိသူများသည်လည်း ကြိုတင် ရောက်ရှိကြသည်။ ရွေးကောက်ပွဲကျင်းပသည့် ၇-၁၁-၂၀၁၀ ရက်နေ့တွင် မဲရုံများ၌ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအပြင် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကျေးရွာလူကြီးများ၊ လုံခြုံရေးတာဝန်ကျသူများ ရှိကြသည်ဖြစ်၍ မည်သူ့ကို မဆို ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တရားမဲ့မှုများကို တိုင်ကြားနိုင်သည်။ ထိုစဉ်က မတိုင်ကြားဘဲ ရွေးကောက်ပွဲပြီးမှ တိုင်ကြားခြင်းသည် နောက်မှ အကြံရ၍ ဖြစ်သည်ဟု ယူဆရန်ရှိကြောင်း ခုံအဖွဲ့(၁)ကသုံးသပ်ခြင်းသည် မှားယွင်းသည်ဟု

ဆိုနိုင်မည် မဟုတ်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ထိုသို့စစ်ဆေးသည့်မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များက ၎င်းတို့သည် မဲရုံပိတ်သည်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲ လူကြီးများ၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ၊ သက်သေများ ရှေ့မှောက်တွင် ဆန္ဒမဲများ တစ်မဲချင်းကို ပြသရေတွက်ကြောင်း၊ ထိုသို့ ရေတွက်ရာတွင် လူအများရှိနေပြီး ကြည့်ရှုကြကြောင်း၊ ဆန္ဒမဲတစ်မဲချင်းကို ပြသပြီး ခိုင်လုံဆန္ဒမဲကို တစ်ဦးချင်းရရှိသည့် ဇလားခွက်ထဲသို့ ထည့်ကြောင်း၊ ပယ်မဲများကိုလည်း မည်သည့်အတွက် ပယ်ကြောင်း မဲတစ်မဲချင်းပြသ၍ ပယ်မဲထည့်သည့် ဇလားခွက်ထဲသို့ ထည့်ကြောင်း၊ ထို့နောက်တစ်ဦးချင်း ရရှိသည့် ခိုင်လုံဆန္ဒမဲ၊ ပယ်မဲများကိုရေတွက်၍ မဲစာရင်းပုံစံ (၁၆)တွင် စာရင်းရေးသွင်းပြီး မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြကြောင်း၊ ရေတွက်ထားသည့် ခိုင်လုံဆန္ဒမဲ၊ ပယ်မဲများကို အများရှေ့တွင်ပင် သီးခြားစာအိတ်ဖြင့် ထည့်၍ ချိတ်ပိတ်ကြောင်း၊ ထိုဆန္ဒမဲများနှင့် ပုံစံ (၁၆)မဲစာရင်းတို့ကို ထိုညတွင်ပင် ကျေးရွာလူကြီးများ၊ လုံခြုံရေးအဖွဲ့ဝင်များ လိုက်ပါလျက် မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ သွားရောက် အပ်နှံခဲ့ကြောင်း၊ မဲရေတွက်ရာတွင် မှားယွင်းမှု တစ်စုံတစ်ရာမရှိကြောင်းနှင့် မည်သူ တစ်ဦးကမျှ ကန့်ကွက်ခြင်းမရှိကြောင်းဖြင့် ထွက်ဆိုကြသည်ကို တွေ့ရသည်။

ထို့ကြောင့် ရွေးကောက်ပွဲခုံအဖွဲ့(၁)က မူလစာရင်းဖြစ်သော မဲစာရင်းပုံစံ(၁၆)သည် ထိုစဉ်က အသိသက်သေများ၊လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ မဲရုံကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ ရှေ့မှောက်တွင် ရေတွက်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မဲစာရင်းဖြစ်သည့်အပြင် ထိုစဉ်က မည်သူတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ခဲ့ခြင်း မရှိခဲ့၍ မှန်ကန်သောစာရင်း ဖြစ်သည်ဟု ခုံအဖွဲ့မှ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည်လည်းကောင်း၊ ဖာကေကျေးရွာ မဲရုံနှင့်တာလီ ကျေးရွာမဲရုံတို့တွင် တွေ့ရှိသော လျှောက်ထားခံရသူ ဦးဇော်ထွန်း၏ ခိုင်လုံဆန္ဒမဲများအထဲမှ ပယ်မဲ (၁၁၇)မဲနှင့် (၂၄၉)မဲတို့သည် မှန်ကန်သည်ဟု လက်ခံနိုင်ဖွယ်မရှိ၍ ယင်းသို့တွေ့ရှိခြင်းကို ပယ်ဖျက်ပြီး မူလမဲရုံ၏ မဲစာရင်းပုံစံ (၁၆)တွင် ဖော်ပြထားသည့် ဖာကေကျေးရွာမဲရုံ၌ ဦးဇော်ထွန်းရရှိသော ခိုင်လုံ ဆန္ဒမဲ (၈၃၅) မဲနှင့် တာလီကျေးရွာမဲရုံတွင် ဦးဇော်ထွန်းရရှိသော ခိုင်လုံဆန္ဒမဲ (၇၅၆)မဲ တို့ကို အတည်ပြုကြောင်း

ညွှန်းချက်　　　　　　　　　　(၈၂)

သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းတို့သည်လည်းကောင်း မှန်ကန်ကြောင်း တွေ့ရ　　စာမျက်နှာ
သည်။

ဦးရှုံးမူ　　　　နှင့်　　　ဦးဇော်ထွန်း　　　　　　　　　　၇၀

**လက်ကမ်းစာစောင်များတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူ၏ အမည်၊ နေရပ်လိပ်စာ မပါရှိသည်ကို သိသော်လည်း စည်းရုံးရေး ကာလနီးကပ်နေပြီး ပြန်လည်ရိုက်နှိပ်ရန် အခက်အခဲရှိသော ကြောင့် မူလရိုက်နှိပ်ပြီးသော လက်ကမ်း စာစောင်များအပေါ် နသ - ၀၀၃ ဟူ၍ ရာဘာတံဆိပ် ရိုက်နှိပ်ပြီး ဖြန့်ဝေခဲ့ခြင်းသည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ ပြုကျင့်မှုများကို မပြုစေရန် တတ်အားသရွေ့ တားဆီးဆောင်ရွက်မှု ပြုလုပ်ခဲ့သည် ဖြစ်၍ တရားမဲ့ပြုကျင့်သည်ဟု မဆိုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။**　　　ပြင်ဆင်မှု လျှောက်ထားသူ တင်ပြသော လျှောက်ထားခံရသူက ပုံနှိပ်သူ၊ ထုတ်ဝေသူ အမည်နေရပ် မပါရှိသော လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိခဲ့သည်ဟူသော ပြင်ဆင်မှု အကြောင်းပြချက်နှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရာတွင် ဒေါ်တင်တင်မာ သည် ပုံနှိပ်သူ၊ ထုတ်ဝေသူအမည်မပါရှိသော စာစောင်များ ရိုက်နှိပ်ခဲ့ သည်ဆိုသည်မှာ အငြင်းမပွားကြောင်းတွေ့ရ သည်။ သို့ရာတွင် ဤကိစ္စ နှင့် ပတ်သက်၍ လျှောက်ထားခံရသူက စည်းရုံးရေး ကာလနီးကပ်ပြီး ပြန်လည် ရိုက်နှိပ်ရန် အခက်အခဲရှိ၍ မူလကရိုက်နှိပ်ပြီး စာစောင်များ တွင် (နသ-၀၀၃) ဟူ၍ ရာဘာတံဆိပ်တုံးရိုက်နှိပ်ဖြန့်ချိခြင်းဖြစ်ကြောင်း၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဒေါက်တာ တင်မောင်ထွန်း၊ အတွင်းရေးမှူး ဦးသောင်းစိန်၊ ချမ်းအေးသာဇံ မြို့နယ်စည်းရုံးရေးမှူး ဦးခင်မောင်ထွန်းတို့ကို သက်သေပြ၍ ထုချေ ထားသည်။ထို့ပြင် ပုံနှိပ်သူနှင့်ထုတ်ဝေသူ အမည်နေရပ်လိပ်စာ မပါ ရှိသော လက်ကမ်းစာစောင်များကို ဒေါ်တင်တင်မာကဖြန့်ချိခဲ့ကြောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ပြုလုပ်ခဲ့ကြောင်း သို့မဟုတ် ယင်းတို့၏ သဘောတူစေခိုင်းချက်အရ အခြားသူတစ်ဦးဦးက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း လျှောက်ထားသူဘက်မှ ခိုင်လုံသည့် သက်သေများ တင်ပြထားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ယင်းအခြေ

(ည) ညွှန်းချက်

အနေတွင် ဒေါ်တင်တင်မာသည် ၎င်း၏လက်ကမ်း စာစောင်များတွင် စာမျက်နှာ ပုံနှိပ်သူ၊ ထုတ်ဝေသူ၏အမည်၊ နေရပ်လိပ်စာ မပါရှိသည်ကို သိသော်လည်း စည်းရုံးရေးကာလ နီးကပ်နေပြီး ပြန်လည် ရိုက်နှိပ်ရန် အခက်အခဲရှိသောကြောင့် မူလရိုက်နှိပ်ပြီးသော လက်ကမ်း စာစောင်များအပေါ် နသ - ၀၀၃ ဟူ၍ ရာဘာတံဆိပ်ရိုက်နှိပ်ပြီး ဖြန့်ဝေခဲ့ခြင်းသည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ပြုကျင့်မှုများ ကိုမပြုစေရန် တတ်အားသရွေ့ တားဆီးဆောင်ရွက်မှု ပြုလုပ်ခဲ့သည်ဖြစ်၍ တရားမဲ့ပြုကျင့်သည်ဟု မဆိုနိုင်ကြောင်း မူလခုံရုံးက သုံးသပ်ဆုံးဖြတ်ခဲ့သည်မှာလည်း မှန်ကန်ကြောင်း တွေ့ရပေသည်။

ဦးမြဝင်း နှင့် ဒေါ်တင်တင်မာ ၈၉

**ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်းဖြင့် စွပ်စွဲတင်ပြလျှင် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂ (ဎ)တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသည့် မည်သည့်အခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်းတိကျ ခိုင်မာစွာ တင်ပြရန်လိုအပ်ခြင်း။**

**ဥပဒေကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်အပေါ် အမှုသည်က ဝန်ခံထားသည့်အတိုင်း ဆုံးဖြတ်ရန် မဟုတ်ခြင်း။**

**ရုံးခေါ်သက်သေ ဦးတင်မောင်ဝင်း (ကျွဲသေကျေးရွာ မဲရုံမှူး)ထံမှ အစီရင်ခံစာကို သက်သေခံ (ဃ)အဖြစ် လက်ခံခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်မှုမရှိခြင်း။**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပေးခဲ့သော ခုံရုံးအဖွဲ့သည် ရွေးကောက်ပွဲဥပဒေနှင့် သက်ဆိုင်သော အမှုများကိုသာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီး သီးခြားသက်သာခွင့် အက်ဥပဒေအရ တောင်းဆိုသော သက်သာခွင့်အမိန့်ချမှတ်ပေးရန် စီရင်ပိုင်ခွင့် အာဏာမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ဤပြင်ဆင်မှုတွင် ပြင်ဆင်မှု လျှောက်ထားသူဘက်မှ အဓိကအားကိုးအားထားပြု၍ တင်ပြသည့်အချက်မှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၁၄)၊ ပုဒ်မ ၆၆(က)(၂) တွင်

ညွှန်းချက် (၄)

ပြဋ္ဌာန်းထားသည့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို အနှောင့် စာမျက်နှာ အယှက်ပြုခြင်းသည် တရားမဲ့ပြုကျင့်မှုတွင်ပါဝင်သည်ဟူသော ပြဋ္ဌာန်းချက်ပင် ဖြစ်ပေသည်။ မူလအမှုတွဲကို လေ့လာရာ၌ လျှောက်ထားသူဘက်မှအဆိုပါ ပုဒ်မ ၆၆(က)(၂) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို အနှောင့်အယှက်ပြုသည် ဆိုခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသူ၏ ကန့်ကွက်လွှာတွင်လည်းကောင်း၊ မူလခုံရုံးတွင် စစ်ဆေးကြားနာစဉ်ကလည်းကောင်း လျှောက်ထားသူဘက်မှ တစ်စုံတစ်ရာ တင်ပြခဲ့ခြင်း မရှိသည်ကိုတွေ့ရသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ ယခုပြင်ဆင်မှုတွင် တင်ပြထားသော်လည်း ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး များမှ မည်သည့် အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ကြောင်း တိကျခိုင်မာစွာ တင်ပြလျှောက်ထားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂ (ပ)တွင် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးဆိုသည်မှာ ရွေးကောက်ပွဲတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ နေနိုင်သော အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းမှ နုတ်ထွက်နိုင်သော အခွင့်အရေး၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး သို့မဟုတ် မဲပေးခြင်း မပြုဘဲနေနိုင်သော အခွင့်အရေးကိုဆိုသည် ဟူ၍ အဓိပ္ပါယ် ဖွင့်ဆိုထားပေသည်။

ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်းဖြင့် စွပ်စွဲတင်ပြလာလျှင် ပုဒ်မ ၂ (ပ) တွင်အဓိပ္ပါယ်ဖွင့်ဆိုထားသည့် မည်သည့်အခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်း တိကျခိုင်မာစွာ တင်ပြရန်လိုအပ် ပေသည်။ ပြင်ဆင်မှု လျှောက်ထားသူ၏ ပြင်ဆင်လွှာတွင်လည်းကောင်း၊ လျှောက်လဲတင်ပြချက်တွင် လည်းကောင်း တိကျခိုင်မာစွာ တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** လျှောက်ထားခံရသူ ဦးသန့်ဇင်ကိုယ်တိုင် မူလခုံအဖွဲ့တွင် ဝန်ခံထားသည်မှာ " ကျွဲသေမဲရုံမှမဲများကို မဲရုံပြင်ပတွင် ရေတွက်ပြီး ရရှိသောမဲများဖြစ်ပါက မှန်ကန်သောနည်းဖြင့် ရရှိသော မဲများ မဟုတ်ဟု ထွက်ဆိုထားသဖြင့် ကျွဲသေမဲရုံတွင် ရရှိသောမဲများမှာ ပြင်ပတွင် ရေတွက်၍ ရရှိသောမဲများ ဖြစ်သောကြောင့် တရားမဲ့

(၄) ညွှန်းချက်

ပြုကျင့်သော မဲများဖြစ်သည်ဟုဆိုလျှင် ပြင်ပရေတွက်ရရှိသောမဲများ စာမျက်နှာ ဖြစ်ပါက တရားမဲ့ပြုကျင့်မှုဖြစ်ပြီး ပြင်ပတွင်ရေတွက်ခြင်း မဟုတ်ပါက တရားမဲ့ပြုကျင့်မှုမဟုတ်ပါ ” ဟုဝန်ခံထားသည်ဟု လျှောက်ထားသူဘက်မှ တင်ပြချက်သည် ဥပဒေကြောင်းနှင့် သက်ဆိုင်နေသည့်အချက်ဖြစ်သည်။ ဥပဒေကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်အပေါ် အမှုသည်က ဝန်ခံထားသည့်အတိုင်း ဆုံးဖြတ်ရန်မဟုတ်ပေ။ အမှန်တကယ် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဟုတ် မဟုတ် ခုံရုံးကသာ ဆုံးဖြတ်ရမည့် ကိစ္စဖြစ်ပေရာ လျှောက်ထားသူ၏တင်ပြချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** တရားမကျင့်ထုံးဥပဒေ အမိန့် ၁၆၊ နည်း ၁၄ ပါ ပြဋ္ဌာန်းချက်အရ တရားရုံးသည်အမှုတွင် အမှုသည်တစ်ဦး မဟုတ်သော ထို့ပြင် အမှုသည်တစ်ဦးက သက်သေအဖြစ် ခေါ်ယူခြင်းလည်းမပြုသောသူ တစ်ဦးဦးကို စစ်ဆေးရန် လိုအပ်သည်ဟု မည်သည့်အခါမဆို ထင်မြင်လျှင် ရုံးတော်တွင် သက်သေခံရန်ဖြစ်စေ၊ ထိုသူ၏လက်ဝယ်တွင်ရှိသောစာချုပ်စာတမ်း တစ်ခုခုကို တင်ပြစေရန်ဖြစ်စေ ပြုလုပ်နိုင်ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၇ တွင်လည်း ရွေးကောက်ပွဲခုံအဖွဲ့သည် အမှုစစ်ဆေးခြင်းကိစ္စနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော အာဏာများကို ကျင့်သုံးခွင့်ရှိကြောင်း၊ ထို့ပြင် အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယူဆရသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို မိမိတို့၏ သဘောအတိုင်း ဆင့်ဆို၍ စစ်ဆေးနိုင်ကြောင်းပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ မူလခုံရုံးက ရုံးခေါ် သက်သေ ဦးတင်မောင်ဝင်း (ကွဲသေကျေးရွာမဲရုံမှူး)ထံမှ အစီရင်ခံစာကို သက်သေခံ (ဃ)အဖြစ် လက်ခံခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၆၊ နည်း ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၇ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားခံရသူ၏ ထုချေလွှာတွင် လည်းကောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၁ အရ လည်းကောင်း တင်ပြခြင်းမရှိသည့် စာရွက်စာတမ်းအား သက်သေခံယူမှုများသည် ဥပဒေနှင့်ညီညွတ်မှု

ညွှန်းချက် (၃)

မရှိကြောင်း တင်ပြခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များအပေါ် လွဲမှား စာမျက်နှာ
သုံးသပ်၍ တင်ပြခြင်းသာဖြစ်ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ခုံရုံးက သီးခြားသက်သာခွင့် အက်ဥပဒေအရ မြွက်ဟကြေညာပေးရန် တောင်းဆိုသော သက်သာခွင့်သည် သီးခြားသက်သာခွင့် ဥပဒေနှင့်အညီစွဲဆိုသော အမှုများနှင့်သာ သက်ဆိုင်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းပေးခဲ့သော ခုံရုံးအဖွဲ့သည် ရွေးကောက်ပွဲ ဥပဒေနှင့်သက်ဆိုင်သော အမှုများကိုသာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီး သီးခြားသက်သာခွင့် အက်ဥပဒေအရ တောင်းဆိုသော သက်သာခွင့်အမိန့်ချမှတ်ပေးရန် စီရင်ပိုင်ခွင့် အာဏာမရှိပေဟု သုံးသပ်ဆုံးဖြတ်ခဲ့သည်ကိုလည်း တွေ့ရ သည်။ ယင်းသို့ မူလခုံရုံးက သုံးသပ်ဆုံးဖြတ်ခဲ့သည့်အပေါ် မှန်ကန်မှုမရှိကြောင်းကို ပြင်ဆင်မှုတွင် လျှောက်ထားသူဘက်မှ တင်ပြနိုင်ခြင်း မရှိပေ။ လျှောက်ထားသူသည် မူလခုံရုံးတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တောင်းဆိုမှုပြုခဲ့ခြင်းသည် မှန်ကန်မှုမရှိသော တောင်းဆိုမှုသာဖြစ်ကြောင်း မြင်သာပေသည်။

ဒေါ်ချိုချိုကျော်ငြိမ်း နှင့် ဦးသန့်ဇင် ၁၀၀

**မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် သက်သာခွင့်ကို တောင်းဆိုပါက အခြေခံရမည့် အချက်နှစ်ရပ်။**

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၃ ၊နည်း ၁ အရ အမှုပထမ ကြားနာသည့်နေ့တွင် မတင်ပြသည့်စာမှတ်စာတမ်းကို နောက်ပိုင်းတွင် တင်ပြလာခြင်း။ ခုံရုံးက တင်ပြလိုသော စာမှတ်စာတမ်းများရှိက တင်ပြရန် သတိပေးခဲ့ခြင်း။ လျှောက်ထားသူ၏ ပေါ့လျော့မှု။**

**လျှောက်ထားသူက သက်သေများတင်ပြရာ၌ ၎င်း၏ ပါတီဝင်များနှင့် ၎င်း၏အကျိုး လိုလားသူများကို သက်သေတင်ပြသည်။ ထိုအကြောင်းကြောင့် ယင်းသက်သေများ၏ ထွက်ဆိုချက်ကို မယုံကြည်ရဟုမဆိုနိုင်သော်လည်း သတိထားပြီး ချင့်ချိန်ရမည့်**

(ပ) ညွန်းချက်

**သက်သေများဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** လျှောက်ထားသူက လျှောက်ထားခံရသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်သည်ဟု ကန့်ကွက်ရာ၌ မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် သက်သာခွင့်ကို တောင်းဆိုခြင်းမရှိလျှင် အထက်ပါ တင်ပြချက်သည် မှန်ကန်သည်ဟု ဆိုနိုင်မည်ဖြစ်သော်လည်း ဤအမှုတွင် လျှောက်ထားသူက လျှောက်ထားခံရသူအား ကန့်ကွက်ရာ၌မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် သက်သာခွင့်ကို တောင်းဆိုထားသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈(ခ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

၆၈။ (က) ×××××××××××××

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည်မိမိ၏ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူ ဖြစ်သည်ဟု ကြေညာစေရန် တောင်းဆို လိုပါက အောက်ပါအကြောင်းပြချက် တစ်ရပ်ရပ်ကို အခြေခံရမည် -

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသောမဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထား

ညွှန်းချက် (၈)

သူသည်သာ ခိုင်လုံသော မဲအများ ဆုံး ရရှိနိုင်သည်ဟူသော စာမျက်နှာ
အကြောင်းပြချက်။

သို့ဖြစ်၍ လျှောက်ထားသူက မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာစေရန် တောင်းဆိုထားသည့် မူလကန့်ကွက်မှု၌ အထက်ပါအချက် (၂)ရပ်ကို ရွေးကောက်ပွဲခုံအဖွဲ့က သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းသည် လျှောက်ထားသူ၏ တောင်းဆိုသည့်အတိုင်း သုံးသပ် ဆုံးဖြတ်ခြင်းဖြစ်၍ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** အမှုသည်များက မိမိရရှိနိုင်စွမ်း ရှိသော အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုသည်ဆိုသော ဥပဒေသကို အငြင်းပွားရန်မရှိသော်လည်း ယခုအမှုတွင် လျှောက်ထားသူသည် ငြင်းချက်များမထုတ်မီ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ အရ မိမိတို့တင်ပြလိုသော စာမှတ်စာတမ်းများကို တင်ပြရန် အခွင့်အရေး ရရှိခဲ့သည်။ထိုသို့ တင်ပြလိုသော စာမှတ်စာတမ်း များရှိက တင်ပြရန်လည်း ခုံရုံးတော်က ၁၇-၁-၂၀၁၁ ရက်နေ့တွင် သတိပေးခဲ့သည်။သို့ရာတွင် လျှောက်ထားသူက တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၁ အရ တင်ပြလိုသော စာမှတ်စာတမ်းများ တင်ပြသည့် အခါတွင် အငြင်းပွားသည့် စီဒီ ( CD ) ခွေကို တင်ပြခဲ့ခြင်းမရှိပေ။ ထို့နောက် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၂ အရ တင်ပြလာခြင်းဖြစ်သောကြောင့် ယင်းနည်းဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ခိုင်လုံသော အကြောင်းမပြနိုင်၍ ခုံရုံးတော်ကလက်မခံခြင်းသည် ခုံရုံး၏ မှားယွင်းချက် မဟုတ်ပေ။ လျှောက်ထားသူ၏ ပေါ့လျော့မှုသာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** လျှောက်ထားသူကတင်ပြသော သက်သေ (၇) ဦး နှင့် စပ်လျဉ်း၍ စိစစ်ရာတွင် လျှောက်ထားသူ၏ သက်သေအမှတ် (၁) အဒူစလင်သည် ရွေးကောက်ပွဲ၌ ပြည်ခိုင်ဖြိုးပါတီ၏ စည်းရုံးရေးမှူးဖြစ်ပြီး အာကာတောင်ကျေးရွာမဲရုံအမှတ် (၂) ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်လောင်း ၏ မဲရုံကိုယ်စားလှယ်လည်းဖြစ်သည်။ လျှောက်ထားသူပြသက်သေအမှတ်(၂) ဦးမာမောက်နူရ်သည် ပြည်ခိုင်ဖြိုးပါတီ၏ စည်းရုံးရေးမှူးဖြစ်၍ လျှောက်ထားသူပြသက်သေ အမှတ် (၄) ဦးသခေါ်ကျော်နှင့် လျှောက်ထားသူပြသက်သေအမှတ် (၅) ဦးအေးထွန်းလှိုင်တို့မှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ၏ မြို့နယ်

(တ) ညွှန်းချက်

အလုပ်အမှုဆောင်များ ဖြစ်ကြသည်။လျှောက်ထားသူပြသက်သေအမှတ် စာမျက်နှာ (၆) ဦးဝေကျော်အောင်မှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီစည်းရုံးရေးမှူးဖြစ်ပြီး လျှောက်ထားသူပြသက်သေအမှတ်(၇)ဦးသိန်းထွန်းမှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီမြို့နယ်အတွင်းရေးမှူး ဖြစ်သည်။

သက်သေ (၇) ဦးအနက် ပြည်ခိုင်ဖြိုးပါတီဝင်မဟုတ်သူ သက်သေမှာ လျှောက်ထားသူပြသက်သေအမှတ် (၃) ဒေါ်နီနီဝင်း အရှေ့တောင်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး တစ်ဦးသာလျှင် ကျန်ရှိသည်။ သို့ရာတွင် ၎င်း ဒေါ်နီနီဝင်းသည်လည်း လျှောက်ထားသူပြသက်သေအမှတ် (၄) ဦးသန်းကျော် (ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ၏မြို့နယ်အလုပ်အမှုဆောင်)၏ ဇနီး ဖြစ်သည်။

သို့ဖြစ်၍ မူလခုံရုံးကလျှောက်ထားသူ၏သက်သေများသည် ပြည်ခိုင်ဖြိုး ပါတီဝင်များ၊ တစ်နည်းအားဖြင့် လျှောက်ထားသူ၏ အကျိုးကို လိုလားသူများဖြစ်ကြောင်း သုံးသပ်ခြင်းသည် မှားယွင်းခြင်း မရှိကြောင်း တွေ့ရှိရသည်။

သက်သေတစ်ဦးတစ်ယောက်သည် ဆွေမျိုးတော်သောအကြောင်းကြောင့် မယုံကြည်ထိုက်ဟု သုံးသပ်နိုင်ခြင်းမရှိသည်မှာ မှန်သော်လည်း ထိုကဲ့သို့သော သက်သေများကိုသတိထားပြီး ချင့်ချိန်ရမည်သာ ဖြစ်ပေသည်။ အကြောင်း မှာ ဆွေမျိုးတော်စပ်သော အကြောင်းသည် သက်သေတစ်ဦးတစ်ယောက်အား ဘက်လိုက်ထွက်ဆိုနိုင်စေသည့် အကြောင်းဖြစ်ပေသည်။

ဦးဦးသိန်းမောင် နှင့် ဦးလှမောင်သိန်း ၁၂၄

**ပြန်လှန်မေးခွန်းဖော်ထုတ်ခွင့်ရှိပါလျက် ပြန်လှန်မေးမြန်းခြင်း မရှိခဲ့ခြင်းမှာ လျှောက်ထားသူ၏ ပျက်ကွက်မှုသက်သက်သာဖြစ်ခြင်း။**

**ကန့်ကွက်လွှာတွင်မပါရှိသော ကိစ္စကိုတင်ပြလိုလျှင် မူလကန့်ကွက်လွှာကို ပြင်ဆင်ခွင့်ဖြင့် ပြင်ဆင်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** လျှောက်ထားခံရသူပြသက်သေများဖြစ်သော

ဦးသန်းမြင့်၊ ဦးစောမြင့်တို့က ဦးရှိန်ကျော်ဝင်းသည် လူမျိုး၊ ဘာသာ၊ ဒေသတို့ အကြောင်းပြု၍ စည်းရုံးလှုံ့ဆော်မှု မပြုကြောင်း တစ်လုံးတစ်ပါဒမှ ထွက်ဆိုခဲ့ခြင်း မရှိသည်ကို တွေ့ရှိရသည်။ ဤသို့မထွက်ဆိုရုံမျှဖြင့် ဦးရှိန်ကျော်ဝင်းက လူမျိုး၊ဘာသာ၊ ဒေသကို အကြောင်းပြု၍ မဲဆွယ် စည်းရုံးခဲ့သည်ဟု ကောက်ချက်ချသုံးသပ်ရန် အကြောင်းမရှိချေ။ လျှောက်ထားသူ ဦးနီကုန်း အနေဖြင့် ဦးရှိန်ကျော်ဝင်းသည် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ မဲဆွယ် စည်းရုံးကြောင်းကို ပြန်လှန်မေးခွန်း ဖော်ထုတ်ခွင့်ရှိပါလျက် ပြန်လှန်မေးမြန်း ခြင်းမရှိခဲ့ခြင်းမှာ လျှောက်ထားသူ၏ ပျက်ကွက်မှု သက်သက်သာ ဖြစ်ကြောင်း တွေ့ရှိရသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ထို့အပြင် လျှောက်ထားသူပြသက်သေ ဒေါ်မာမာခိုင် နှင့် ဦးရဲသူရတို့ ထွက်ဆိုချက်တွင် ဦးရှိန်ကျော်ဝင်းက "ရယက ဥက္ကဋ္ဌပါသလား၊ တို့တစည ပါတီ အနိုင်ရခဲ့လျှင် မင်းတို့ဆက်ပြီး လုပ်ရမည်" ဟု ပြောဆိုမှုသည် ရာထူးလာဘ်လာဘကို မက်လုံးပေး၍ စည်းရုံးပြောဆိုကြောင်း၊ ယင်းအချက်သည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၁) နှင့် ငြိစွန်းနေပါကြောင်း၊ သက်သေဦးခင်မောင်ဌေးက "ပခုက္ကူနှင့် ဆိပ်ဖြူကူးတဲ့တံတားကို ကျွန်တော်ကိုယ်တိုင်လုပ်လို့ အောင်မြင်ခဲ့တာ၊ အစိုးရလုပ်လို့မဟုတ်ဘူး" ဟု ဦးရှိန်ကျော်ဝင်းက စည်းရုံးပြောဆိုခဲ့ကြောင်း ထွက်ဆိုထားရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၄) နှင့် ငြိစွန်းကြောင်း - လျှောက်ထားသူ၏ ရှေ့နေက လျှောက်လဲခဲ့သည်။ ရာထူး၊ လာဘ်လာဘကိုမက်လုံးပေး၍ စည်းရုံးကြောင်း၊ မဟုတ်မမှန် ပြောဆိုစည်းရုံးကြောင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာတွင်သော်လည်းကောင်း၊ ကန့်ကွက်လွှာနှင့်ပူးတွဲပါ တရားမဲ့ပြုကျင့်သည့် စာရင်းတွင်လည်းကောင်း လျှောက်ထားသူက ဖော်ပြကန့်ကွက်ခြင်းမရှိပေ။ ကန့်ကွက်လွှာတွင် မပါရှိသော ကိစ္စကိုတင်ပြလိုလျှင် မူလကန့်ကွက်လွှာကို ပြင်ဆင်ခွင့်ဖြင့် ပြင်ဆင်ရမည်ဖြစ်သော်လည်း ယင်းသို့ ပြင်ဆင်ဖော်ပြခဲ့ခြင်းလည်း မရှိချေ။ သို့ဖြစ်၍ မူလခုံအဖွဲ့က ဦးဂဖူးနှင့် ဦးစိန်မောင်ပါ (၂) အမှုစီရင်ထုံးကို လိုက်နာပြီး အဆိုအချေတွင် မပါသောအချက်ကို အမှုတွင် ထည့်သွင်းသုံးသပ်မှု မပြုခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်ကြောင်းတွေ့ရသည်။

(ဒ) ညွှန်းချက်

**နိုင်ငံပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ၏ ခွင့်ပြုချက် ဖြင့်သာ နေထိုင်ခြင်းဖြစ်လျှင် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (ဌ) နှင့် ငြိစွန်းမှုမရှိခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀(ဌ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

၁၀။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်မရှိစေရ -

(ဌ) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူ သုံးစွဲသူ သို့မဟုတ် ယင်းသို့ရယူသုံးစွဲ သည့် အဖွဲ့အစည်းဝင်ဖြစ်သူ။

ခြွင်းချက်။ (၁) . . . . . .

(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက် အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ဥပဒေတစ်ရပ်ရပ် အရ သော်လည်းကောင်း၊ တာဝန် အရသော်လည်းကောင်း နိုင်ငံ တော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်မှ အခကြေးငွေ ဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော် ပိုင်မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက် အအုံ နှင့် အခန်းများ၊ နိုင်ငံတော် ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်တို့ မပါဝင်။

ညွှန်းချက် (၈)

သို့ဖြစ်ပါ၍မူလခုံရုံးက နိုင်ငံပိုင်မြေပေါ်တွင် ကျူးကျော် စာမျက်နှာ နေထိုင်ခြင်းမဟုတ်။ သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့်သာ နေထိုင်ခြင်း ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (ဌ) နှင့်ငြိစွန်းခြင်းမရှိဟု သုံးသပ်ဆုံးဖြတ် ခဲ့ခြင်းသည် ဥပဒေနှင့်အညီ မှန်ကန်ကြောင်းတွေ့ရသည်။

ဦးတင်စိုး နှင့် ဦးမြင့်စိုး ၁၅၉

**ကြိုတင်ဆန္ဒမဲပေးနေသည့် မဲပုံးကိုဖွင့်လှစ်ခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ် ထည့်ထားသည့် စာအိတ်ကို ဖွင့်ဖောက် ခြင်း။**

**ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၃) ရွေးကောက်ပွဲ ဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များပြဋ္ဌာန်းချက်နှင့် ယင်းဥပဒေအခန်း (၁၄) တရားမဲ့ပြုကျင့်မှုများ ပြဋ္ဌာန်းချက်တို့သည် သီးခြားဖြစ်၍ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်မဲပေးနေခြင်းကို ဟန့်တားခြင်းသည် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို နှောင့် ယှက်ပြုလုပ်ခြင်း၊ သေးနုပ်အရာမရောက်သည့် ပြုကျင့်မှုမဟုတ် ခြင်း။**

**ဆုံးဖြတ်ချက် ။** အသုံးပြုဆဲဖြစ်သော မဲပုံးကိုအခွင့်အာဏာ မရရှိဘဲ ဖွင့်လှစ်ခြင်း၊ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းသည် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉(င)တွင်ပြဋ္ဌာန်းထားသည်ဖြစ်၍ လျှောက်ထားသူ ဦးအောင်ကျော်ဇံ၏ ပြုလုပ်မှုသည် ယင်းရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၉(င) ပြစ်မှုကို ဖောက်ဖျက်ကျူးလွန်ရာရောက်ကြောင်းမှာ ထင်ရှားမြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်ပြစ်ဒဏ်များ ပြဋ္ဌာန်း ချက်နှင့် ယင်းဥပဒေအခန်း (၁၄) တရားမဲ့ပြုကျင့်မှုများ ပြဋ္ဌာန်းချက် တို့သည် သီးခြားစီဖြစ်၍ အခန်း (၁၃)အရ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုကို

(န) ညွှန်းချက်

ရဲစခန်းတွင်တိုင်ကြားခဲ့ခြင်းမရှိသော အကြောင်းကြောင့် ပြည်သူ့ စာမျက်နှာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်းမရှိကြောင်း တင်ပြချက်မှာလည်း လက်ခံရန် အကြောင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက် ။** သာဇေကျေးရွာအုပ်စုတွင် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ကြိုတင်မဲရယူခြင်းသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ခ)နှင့် (ဂ)အရ ရယူခြင်းဖြစ်သည်။ ယင်းသို့ ဥပဒေနှင့်အညီ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ကြိုတင်မဲ ရယူနေခြင်းကို မည်သည့် အကြောင်းကြောင့် ကြိုတင်မဲရယူနေသည်၊ မည်သူကပေးခိုင်းသည်၊ မပေးနဲ့ပြန်ကြဟု ဟန့်တားပြောဆိုခြင်းသည် ပြည်ခိုင်ဖြိုးပါတီအား ဟန့်တားပြောဆိုခြင်း မဟုတ်ဘဲ ကြိုတင်မဲရယူ နေသည့် သာဇေကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ကို ဟန့်တားခြင်းဖြစ် ကြောင်းမှာ ပေါ်ပေါက်သည်။ ယင်းသို့ဟန့်တားခြင်းသည် ကြိုတင်မဲပေး နေကြသော မဲဆန္ဒရှင်များအား ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး ကို အနှောင့်အယှက်ပြုလုပ်ခြင်းဖြစ်စေသည့်အပြင် ကြိုတင်မဲရယူနေခြင်းကို ပျက်ပြားစေသည် ဖြစ်၍ သေးနုပ်အရာမရောက်သည့် ပြုကျင့်မှုမဟုတ် ကြောင်းမှာ ပေါ်ပေါက်ပေသည်။

ဦးအောင်ကျော်ဇံ နှင့် ဦးထွန်းအောင်ခိုင် ၁၇၃

**ရွေးကောက်ပွဲဥပဒေ အခန်း(၁၃) ပြစ်မှုများ (Offences)နှင့် အခန်း(၁၄) တရားမဲ့ပြုကျင့်မှုများ ( Malpractices ) မတူညီကွဲပြားခြင်း၊ တရားမဲ့ပြုကျင့်မှုများ ( Malpractices )ကို ရွေးကောက်ပွဲခုံအဖွဲ့က အဆုံးအဖြတ်ပြုရခြင်း။**

**လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင် မြှောက်ခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် ကန့်ကွက်သူသည်သာ ခိုင်လုံသော မဲအများဆုံးရှိနိုင်သည်ဆိုခြင်းမှာ မှန် မမှန်။**

**ဆုံးဖြတ်ချက်။** ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) တရားမဲ့ ပြုကျင့်မှုများမှာ ယင်းဥပဒေပုဒ်မ ၆၆ တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့

ညွှန်းချက် (ပ)

ပြုကျင့်မှုများ ( Malpractices ) ဖြစ်၍ ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော တရားမဲ့ပြုကျင့်မှုများ ဖြစ်သည်။ ယင်းတရားမဲ့ ပြုကျင့်မှုများကို ဖောက်ဖျက်လျှင် ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း ချမှတ်ရန်ပြစ်ဒဏ် ပြဋ္ဌာန်းထားခြင်း မရှိ၍ ပြစ်မှုများ ( Offences ) မဟုတ်ကြောင်းမှာ ထင်ရှားမြင်သာပေသည်။ စာမျက်နှာ

သို့ဖြစ်၍ ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) အရ ပြစ်မှုများကို ရဲစခန်းတွင် တိုင်ကြားပြီး တရားရုံးက ပြစ်ဒဏ်ချမှတ်သော်လည်း ရွေးကောက်ပွဲ ဥပဒေအခန်း (၁၄) ပုဒ်မ ၆၆ အရ တရားမဲ့ပြုကျင့်မှုများကို ရဲစခန်းကလည်းကောင်း၊ တရားရုံးကလည်းကောင်း တရားမဲ့ပြုကျင့်မှုများကျူးလွန်ကြောင်းကို ဆုံးဖြတ်နိုင်မည်မဟုတ်၍ ရွေးကောက်ပွဲခုံအဖွဲ့က ပြင်ဆင်မှု လျှောက်ထားသူအား ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဈ) အရ တရားမဲ့ပြုကျင့်မှု ကို ကျူးလွန်သည်ဟု ဆုံးဖြတ်ခြင်းသည် ဥပဒေအရ မှားယွင်းခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ငြင်းချက် (၂)နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၅) တွင် မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ် နှစ်မြို့နယ်ပါဝင်သည်ဖြစ်ရာ ယင်းမဲဆန္ဒနယ်တွင် ပြင်ဆင်မှု လျှောက်ထားသူ ဦးကျော်ထွန်းအောင်က ခိုင်လုံဆန္ဒမဲ (၄၄၇၃၆) မဲ ရရှိခဲ့သည်။ ထိုသို့ ဦးကျော်ထွန်းအောင် ရရှိခဲ့သော ဆန္ဒမဲ (၄၄၇၃၆) မဲသည် ယှဉ်ပြိုင်အရွေးခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်း ဦးစောလှဖြူ ရရှိသည့် ဆန္ဒမဲ (၁၀၄၅၈)ထက် ဆန္ဒမဲ (၃၄၃၇၈) ပိုသည့်အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားခံရသူ ဦးဦးစောလှ ရရှိသည့် ဆန္ဒမဲ (၂၂၂၈၂) ထက် ဆန္ဒမဲ (၂၂၄၅၄)မဲ ပိုမိုသည်။ တစ်နည်းအားဖြင့် ဦးကျော်ထွန်းအောင်က ရရှိသော ဆန္ဒမဲ (၄၄၇၃၆)တွင် ဆန္ဒမဲ (၂၂၄၅၄)မဲသည် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောဆန္ဒမဲ ဖြစ်မှသာလျှင် ဦးဦးစောလှသည် ခိုင်လုံသောဆန္ဒမဲအများဆုံး ရရှိနိုင်မည်ဖြစ်သည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၁ (က)တွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် တရားမဲ့ ပြုကျင့်မှုများဖြင့် မဲအများဆုံးကိုရယူခဲ့သည်ဟုလည်းကောင်း၊

(၇)　　　　　　ညွှန်းချက်

ထိုနည်းဖြင့်ပင် သွေးဆောင်၍ ရယူခဲ့သည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲ စာမျက်နှာ အနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာ ဖြစ်ရသည်ဟုလည်း ကောင်း ပေါ်လွင်ထင်ရှားသည့်အခါ ရွေးကောက်တင်မြှောက်ခဲ့ခြင်း ပျက်ပြယ်ကြောင်းကို ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်နိုင်ကြောင်း ပြဋ္ဌာန်း ထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ဦးဦးစောလှက တင်ပြသော ရခိုင်တိုင်း ရင်းသားများတိုးတက်ရေးပါတီဝင်များက မြေပုံမြို့နယ် ရေခေါင်းချိန် ကျေးရွာနှင့် ပေါက်တောမြို့နယ် ကန်ချောင်းကျေးရွာ၊ သာဇေကျေးရွာ၊ ဒါးကိုင်ကျေးရွာနှင့် ပေါက်တောမြို့ပေါ် အမှတ်(၃)ရပ်ကွက် (အနောက် ပိုင်းရပ်ကွက်) စသည်တို့တွင် လူမျိုးရေးကိုအကြောင်းပြုပြီး မဲပေးရန် သို့မဟုတ် မဲမပေးဘဲ နေကြရန် လှုံ့ဆော်ဟောပြောခဲ့ကြရာ၌ ယင်း ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများတွင်ရရှိခဲ့ကြသည့် မဲစာရင်းများကို စိစစ်လျှင် ဦးကျော်ထွန်းအောင်သည် ဆန္ဒမဲ စုစုပေါင်း (၁၇၇၀) ကို ရရှိပြီး၊ ဦးဦးစောလှသည် ဆန္ဒမဲစုစုပေါင်း (၁၀၃၇) မဲကို ရရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် မဲစာရင်းအရ ပေါက်တောမြို့နယ်၊ သဲချောင်း ဒါးကိုင် ကျေးရွာအုပ်စုမဲရုံနှင့် မြေပုံမြို့နယ်၊ ရေခေါင်းချိန်ကျေးရွာအုပ်စု ရှိ မဲရုံများတွင် ဦးဦးစောလှက အနိုင်ရရှိကြောင်းလည်း စိစစ်တွေ့ရှိ ရသည်။

သို့ဖြစ်၍ ဦးကျော်ထွန်းအောင်နှင့် ဦးဦးစောလှတို့၏ ရွေးကောက်ပွဲ အနိုင်အရှုံးသည် အထက်တွင် ဖော်ပြခဲ့သည့် ရပ်ကွက် နှင့်ကျေးရွာအုပ်စုများ၌ လူမျိုးရေးကိုအကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲ နေကြရန် အစီအစဉ်ပြုလျက် ဟောပြောလှုံ့ဆော် ခြင်းကြောင့် ရွေးကောက်ပွဲ၏အနိုင်အရှုံး ဖြစ်ပေါ်ခြင်း မဟုတ်ကြောင်း မှာ ပေါ်လွင်ထင်ရှားပေသည်။

ဦးကျော်ထွန်းအောင် နှင့် ဦးဦးစောလှ　　　　　　　　　　၁၈၆

**ရွေးကောက်ပွဲကန့်ကွက်အမှုတွင် တရားဝင်စာရင်း ဇယား အထောက်အထားများဖြင့် တင်ပြကန့်ကွက်ရန်လိုခြင်း။**

**ခိုင်မာသော သက်သေတင်ပြရန် တာဝန်။**

ညွှန်းချက် (ဗ)

**ဆုံးဖြတ်ချက်။** မူလအမှုကိုလေ့လာရာတွင် ဦးအဘူလ်တာဟေရ် စာမျက်နှာက မိမိသည်သာ ခိုင်လုံဆန္ဒမဲအများဆုံးရရှိသည်မှာ အမှန်ဖြစ်ကြောင်းနှင့်စပ်လျဉ်း၍ ၎င်းက ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွင်း မဲရုံပေါင်း (၂၂၂)ရုံ ရှိသည့်အနက် မဲရုံ (၁၆၄) ရုံမှမဲစာရင်းများကိုသာ သက်သေခံ (ဃ-၁) မှ (ဃ-၁၅၇) အထိ တင်ပြထားပြီး ယင်းမဲစာရင်းများမှာလည်း မိမိတို့ဘာသာ ပြုစုထားသည့် မဲစာရင်းများဖြစ်၍ အချို့မဲစာရင်းများမှာ မှန်ကန်သော စာရင်းများ မဟုတ်ကြောင်းတွေ့ရသည်။

သို့ဖြစ်၍ ဦးအဘူလ်တာဟေရ်က သက်သေခံ တင်ပြသော သက်သေခံ (ဃ-၁) မှ (ဃ-၁၅၇) အထိ မဲရုံ (၁၆၄) ရုံ၏ မဲစာရင်းကို အခြေခံလျက် မိမိသာလျှင် ခိုင်လုံသော ဆန္ဒမဲအများဆုံး ရရှိ၍ ရွေးကောက်တင်မြှောက်ခံထိုက်သူဖြစ်ကြောင်း ကန့်ကွက်ခြင်းမှာ မှန်ကန်ပြည့်စုံသည့် မဲစာရင်းများကိုအခြေခံပြီး ကန့်ကွက်ခြင်း မဟုတ်သောကြောင့် လက်ခံရန် အကြောင်းမရှိပေ။ ၎င်းကမဲစာရင်းမရဘဲ ကျန်ရှိနေသော ရပ်ကွက်နှင့်ကျေးရွာ အုပ်စု ( ၃၇ ) အုပ်စုမှ မဲရုံပေါင်း ( ၅၈ )ရုံ၏မဲစာရင်းများကို သိရှိရပါက လျှောက်ထားခံရသူ ဦးရွှေမောင်(ခ) အဒူရော်ဇက်ထက် ခိုင်လုံဆန္ဒမဲများ ရရှိနိုင်မည်ဟု ဆိုခြင်းသည် မျှော်မှန်းချက်ဖြင့် ကန့်ကွက်ခြင်းဖြစ်၍ လက်ခံရန် အကြောင်းမရှိကြောင်းလည်း တွေ့ရှိသည်။

**ထပ်မံဆုံးဖြတ်ချက် ။** ဦးအဘူလ်တော်ယုပ် (ခ) ဦးဝင်းနိုင်က သက်သေခံ (ဇ) နှင့် (ဈ) ဖြစ်သည့် မော်လဝီဆရာကြီး ၊ ဟာဒိဒ်ပါမောက္ခချုပ် (၇၅) ဦးက ပြည်ခိုင်ဖြိုးပါတီအား ထောက်ခံမဲပေးကြရန် စည်းဝေးဆုံးဖြတ်သည့် စာ (၂) စောင်ကို ၃. ၁၁. ၂၀၁၀ ရက်နေ့ ဘူးသီးတောင်မြို့ ဗလီကြီး၌ဝတ်ပြုရန်သွားစဉ် ဗလီထဲ၌ ဦးရွှေမောင် (ခ) အဒူရော်ဇက်နှင့် အပေါင်းပါတို့က ဝေငှနေသည်ကို တွေ့ရှိ၍ တောင်းယူခဲ့ပြီး ထိုစာ (၂) စောင်ကို ဘူးသီးတောင်မြို့ ( NDPD ) ပါတီရုံးသို့ ပေးခဲ့ကြောင်း ထွက်ဆိုသော်လည်း ၎င်းသည် ဗလီကြီးရှိသည့် အမှတ် (၃) ရပ်ကွက်တွင် နေထိုင်သူမဟုတ်ဘဲ အမှတ် (၆) ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး၊ လျှောက်ထားသူဦးအဘူလ်တာဟေရ်နှင့် ဦးအောင်မြင့်တို့ စည်းရုံးမဲဆွယ်သည့်အခါတိုင်း လိုက်ပါရသူဖြစ်သဖြင့် ၎င်း၏ နှုတ်သက်သေခံထွက်ဆိုရုံမျှဖြင့် ခိုင်မာပြီဟု ယူဆရန် ခဲယဉ်းသည်။ ထိုကဲ့သို့ပင် အခြားတစ်ဖက်တွင်

(ဘ) ညွှန်းချက်

ဦးရွှေမောင် (ခ) အဒူရော်ဇက်ကလည်း ယင်းအချက်နှင့် ပတ်သက်၍ စာမျက်နှာ
ငြင်းဆိုပြီး ၃. ၁၁. ၂၀၁၀ ရက်နေ့နှင့် ၄. ၁၁. ၂၀၁၀ ရက်နေ့များတွင် ဘူးသီးတောင်မြို့တွင် မရှိကြောင်း၊ ဖုံညိုလိပ်ကျေးရွာနှင့် သပိတ်တောင်ကျေးရွာအုပ်စုသို့ မဲဆွယ်ရန်ရောက်နေကြောင်း ထွက်ဆို၍ သက်သေအဖြစ် ဘူးသီးတောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီအလုပ်အမှုဆောင် ဖြစ်သူ ဦးမူဟာမတ်ရော်ဖိတ် (လျှောက်ထားခံရသူပြသက်သေ -၁) ကိုတင်ပြသည်။ ဦးမူဟာမတ်ရော်ဖိတ်ကလည်း ဦးရွှေမောင် (ခ) အဒူရော်ဇက်၏ ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုခဲ့သည်။

သို့ဖြစ်ရာ နှစ်ဖက်သက်သေခံချက်များ အပြိုင်ဖြစ်နေပြီး မည်သည့် သက်သေခံချက် က မှန်ကန်ခိုင်မာကြောင်း ဆုံးဖြတ်ရန်ရှိလျှင် ထိုသို့ မှန်ကန်ခိုင်မာကြောင်းကို သက်သေပြရန်တာဝန်သည် လျှောက်ထားသူအပေါ်တွင် ကျရောက်မည်ဖြစ်ပေသည်။ ဤအမှုတွင် သက်သေခံ (ဇ)နှင့် (ဈ)တို့ကို ဘူးသီးတောင်မြို့ ဗလီကြီး၌ ဦးရွှေမောင် (ခ) အဒူရော်ဇက် နှင့်အပေါင်းအပါများက ဝေငှခဲ့သည်ဆိုလျှင် ထိုဗလီထဲတွင် လူအများရှိ၍ ၎င်းတို့အား သက်သေပြရန် ဖြစ်သော်လည်း လျှောက်ထားသူ ဦးအဘူလ်တာဟေရ်က ထိုလူများကို သက်သေမပြဘဲ မိမိနှင့်အတူ စည်းရုံးမဲဆွယ်တိုင်းတွင် လိုက်ပါရသူ ဦးအဘူလ်တော်ယုပ် (ခ) ဦးဝင်းနိုင်အား သက်သေပြခြင်းသည် ခိုင်မာလုံလောက်သောသက်သေဖြစ်သည်ဟု လက်ခံရန်ခဲယဉ်းသည်။

ဦးအဘူလ်တာဟေရ် နှင့် ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ၂၀၀

**ကန့်ကွက်ခံရသူက ကန့်ကွက်သူသည်လည်း ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်ခဲ့သည်ဖြစ်၍ ရွေးကောက်တင်မြှောက်ခံရထိုက်သူ မဟုတ်ကြောင်း ပြန်လှန်ကန့်ကွက်လိုလျှင် နိုင်ငံတော်အတွက် အမှုစရိတ်ငွေကျပ် ၁၀ သိန်းကို ပေးသွင်းပြီး ကန့်ကွက်ရန်လို မလို။**

**လူမျိုးကိုအကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ဟောပြောခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီတစ်ခုခုကို မမှန်မကန်စွပ်စွဲပြောဆိုခြင်း။**

ညွှန်းချက် (မ)

**ဆုံးဖြတ်ချက် ။** တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၃ တွင် အောက်ပါကဲ့သို့ ပြဋ္ဌာန်းထားသည်- စာမျက်နှာ

" ၉၃။ ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်လွှာ မိတ္တူ တစ်စောင်စီကို ကန့်ကွက်ခံရသူ အသီးသီးထံသို့ ဆောလျင်စွာ ပေးပို့စေ၍ ယင်းကန့်ကွက်လွှာ မိတ္တူကို နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန် ကြေညာစေရမည်။ ထို့ပြင် ယင်းကန့်ကွက်လွှာ မိတ္တူတစ်စောင်ကို ခုံရုံးရှိ အများမြင်သာသော ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။ ထိုသို့ ကြော်ငြာစာ ကပ်ထားပြီးနောက် ၁၅ ရက် အတွင်း ကန့်ကွက်ခံရသူ တစ်ဦးဦးကဖြစ်စေ၊ ကန့်ကွက်ပိုင်ခွင့်ရှိသော မဲဆန္ဒရှင် တစ်ဦးဦးက ကန့်ကွက်ခံရသူအဖြစ် ပါဝင်၍ဖြစ်စေ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး တစ်ရပ်ရပ် ကို တင်ပြတောင်းခံလိုပါက နိုင်ငံတော်က ကုန် ကျမည့် အမှုစရိတ်အတွက် ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်ပေးသည့် ငွေစာရင်း ခေါင်းစဉ်သို့ ပေးသွင်းပြီး ယင်းအခွင့်အရေးကို တောင်းခံခွင့် ရရှိစေရမည့်အပြင် ယင်းအခွင့် အရေးနှင့်စပ်လျဉ်း၍ သက်သေအထောက် အထားလည်း တင်ပြခွင့်ရှိသည်။ "

ယင်းနည်းဥပဒေ၏သဘောမှာ အကယ်၍ ကန့်ကွက်သူ ဦးမောင်စန်ရွှေသည် ဘူးသီးတောင် မောင်တောမြို့ ဘာသာရေးဆရာကြီး များ ဖြစ်ကြသော ဟာဒိဒ်ပါမောက္ခချုပ်များနှင့် မော်လဝီဆရာကြီး (၇၅) ပါးတို့၏ ပြည်ခိုင်ဖြိုးပါတီကို မဲပေးကြရန် အစည်းအဝေးဆုံးဖြတ်ချက်ကို ဘူးသီးတောင်မြို့နယ်တွင် ဖြန့်ချိခြင်းဖြင့် မိမိအား ရွေးကောက်တင် မြှောက်ခံရစေရေးအတွက် ဘာသာရေးကို အကြောင်းပြု၍ လှုံ့ဆော် ခြင်းပြုခဲ့လျှင် ကန့်ကွက်သူ ဦးမောင်စန်ရွှေသည်လည်း တရားမဲ့ပြု ကျင့်သူ ဖြစ်၍ အရွေးခံရသူဖြစ်ကြောင်း ကြေညာနိုင်မည် မဟုတ်သဖြင့် ထိုသို့ ကြေညာခြင်းမပြုနိုင်စေရန် ကန့်ကွက်ခံရသူအား ပြန်လှန်

(ယ) ညွှန်းချက်

တောင်းဆို ကန့်ကွက်နိုင်သည့် အခွင့်အရေးပေးခြင်းဖြစ်သည်။ စာမျက်နှာ

ယင်းကဲ့သို့ ပြန်လှန်ကန့်ကွက်လာလျှင် ပြန်လှန်ကန့်ကွက်ခံရသူ ဦးမောင်စန်းရွှေသည် ယင်းပြန်လှန် ကန့်ကွက်သည့်အပေါ် ချေပလွှာတင်သွင်းရမည်ဖြစ်ပြီး ယင်းကန့်ကွက်ချက်ကိုလည်း ငြင်းချက်ထုတ်၍ စစ်ဆေးဆုံးဖြတ်ရမည် ဖြစ်ပေသည်။

သို့ရာတွင် ယင်းကဲ့သို့ပြန်လှန်တောင်းဆိုကန့်ကွက်ရာတွင် ကန့်ကွက်ခံရသူက မိမိပြန်လှန်တောင်းဆိုမှု အတွက် နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ် ငွေကျပ် ၁၀ သိန်းကိုပေးသွင်းပြီး တောင်းဆိုမှသာလျှင် ၎င်းသည် ယင်းသို့ပြန်လှန်တောင်းဆိုသည့် အခွင့်အရေးနှင့် စပ်လျဉ်း၍ တောင်းဆိုခွင့် ရရှိမည့်အပြင် သက်သေအထောက်အထားလည်း တင်ပြခွင့်ရှိမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** သက်သေခံ (င) ဗွီဒီယိုခွေ၏ ဘာသာပြန်ဆိုချက်တွင် အောက်ပါဟောပြောချက်များပါဝင်သည် -

> × × × အဲဒီထဲမှာရှိတဲ့ လူတွေက ဒေသဖွံ့ဖြိုးရေးထဲကလူတွေဖြစ်တယ်၊ နောက်တစ်ယောက် ဖောင်တော်ပြင်က လက်နှစ်ချောင်းခွတင်ပြီး Peace Peace ဆိုပြီး ပြေးနေတဲ့လူတွေကလည်း ဒေသဖွံ့ဖြိုးရေးက လူတွေဖြစ်တယ်၊ ဒီလူတွေအားလုံး ပူးပေါင်းပြီး ၁၂-၅-၂၀၁၀ ရက်နေ့ တွင် မောင်တော ဘူးသီးတောင်မှာရှိတဲ့ (၇၃၀၁၄၃) ယောက်သော ပြည်သူလူထုကို အမည်နာမမရှိ နိုင်ငံမဲ့လူထုအဖြစ် တင်ပြခဲ့ တယ်။ × × × × × × × × × အဲဒီလူတွေ နဂိုကတည်းက အဲဒီပါတီက လူတွေဖြစ်တဲ့အတွက် ကျွန်တော်တို့စာအုပ်ပါတီ ကလောင်ပါတီက လူတွေမဟုတ်ပါ။ အရင်ကတည်းက ဒီလူမျိုးစုကို နိုင်ငံမဲ့ ဖြစ်အောင်လုပ်နေတဲ့ပါတီက လူတွေဖြစ်တဲ့အတွက်ကြောင့် အချိန်တန်ရင် ဒီလူတွေအားလုံး ပူးပေါင်းပြီး ကျွန်တော်တို့ပါတီရဲ့ ခြေဖနောက်သွေးကြောမကြီးကို ခုတ်ပစ်ပါလိမ့်မယ်။ ဒီနေ့မင်းက အဲဒီပါတီနောက်က လိုက်လာပြီး ကျွန်တော်တို့ ဟိုဟာ လုပ်ပေးတယ်၊ ဒီဟာ လုပ်ပေးတယ်ဆိုပြီး မျက်ရည် ပေါက်ပေါက်ကျနေပြီး၊

ညွှန်းချက်　　　　　　　　(ရ)

ပညာတွေဘယ်လောက်တတ်ပါတယ်ဆိုပြီး၊ ဘွဲ့တံဆိပ်တွေ ဒီဟာကနေ စာမျက်နှာ ဟိုဘက်အထိ ရှည်တယ်ဆိုပြီးတော့ ဒီကနေ့ အရောင်တင်ပေးထားတဲ့ ကြေးတစ်ခုကို ရွှေပါဆိုပြီးပြနေတဲ့ လူတွေကို မှန်ကန်တဲ့လူတွေလို့ ပြောရမှာလား၊ ဒီနေ့ မိမိလူမျိုး၏ အခွင့်အရေးကို ရှာဖွေပေးနေတဲ့ ပါတီရဲ့ နောက်ကနေ မင်းကိုယ်တိုင်မလိုက်နာဘဲနဲ့ ဘယ်လူမျိုးက ဒီလိုလူမျိုးကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေတဲ့လူတွေရဲ့ နောက်ကလိုက်လာတာက မင်းဒီလူမျိုးစုရဲ့တာဝန်ကို ကျေပွန်နေတာလား × × × ×

× × × အခု ခင်ဗျားတို့မဲထည့်ရလိမ့်မယ်၊ ဒါဆိုရင်ခင်ဗျားတို့နဲ့ ရည်ရွယ်ချက်ခြင်းတူတဲ့ပါတီကို မဲထည့်မလား၊ ဒါမှမဟုတ် ရည်ရွယ်ချက်ခြင်း မတူတဲ့ မိမိလူမျိုးစုကိုနိုင်ငံမဲ့ဖြစ်အောင် လုပ်နေတဲ့သူများကို မဲထည့်မလား။ × × ×

ဦးမောင်စန်ရွှေ ( ကန့်ကွက်လွှာအမှု ၁၆/၂၀၁၀ တွင် ကန့်ကွက်သူ)၊ ဦးရွှေမောင် (ကန့်ကွက်လွှာအမှုအမှတ် ၁၄/၂၀၁၀တွင် ကန့်ကွက်ခံရသူ)နှင့် ဒေါက်တာဘော်ရှီရ်အာမတ် (ဤကန့်ကွက်လွှာတွင် ကန့်ကွက်သူ) တို့သည် ရွေးကောက်ပွဲမတိုင်မီကတည်းက ဘူးသီးတောင် မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းကို တည်ထောင်ထားသူများ ဖြစ်ကြသည်ဟု ကန့်ကွက်လွှာအမှုအမှတ် (၁၆/၂၀၁၀)မှ ကန့်ကွက်ခံရသူ ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာက ထွက်ဆိုထားသည်။ ၎င်း ဦးမောင်စန်ရွှေတို့သည် ပြည်ခိုင်ဖြိုးပါတီမှ ဝင်ရောက် အရွေးခံကြသည့် ကိုယ်စားလှယ်လောင်းများဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီဝင်များလည်း ဖြစ်ကြသည်။

သို့ဖြစ်၍ ပြည်သူလူထု (၇၃၀၁၄၃) ဦးကို နိုင်ငံမဲ့ဖြစ်အောင် လုပ်နေသူများမှာ ဒေသဖွံ့ဖြိုးရေးအသင်းမှ လူများဖြစ်ကြောင်း၊ ထိုလူများသည် မိမိတို့ပါတီမှလူများ မဟုတ်ကြောင်း၊ အရင်ကတည်းက ဒီလူမျိုးစုကို နိုင်ငံမဲ့ ဖြစ်အောင်လုပ်နေတဲ့ပါတီက လူတွေဖြစ်ကြောင်း၊ အခုခင်ဗျားတို့ မဲထည့်ရလိမ့်မယ်၊ ဒါဆိုရင် ခင်ဗျားတို့နဲ့ ရည်ရွယ်ချက်ခြင်းတူတဲ့ ပါတီကို မဲထည့်မလား၊ ဒါမှမဟုတ် ရည်ရွယ်ချက်ခြင်းမတူတဲ့ မိမိလူမျိုးစုကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေတဲ့သူများကို မဲထည့်မလား စသည်ဖြင့်ပြောဆိုခြင်းသည် ဘူးသီးတောင် မောင်တောဒေသ ဖွံ့ဖြိုးရေး

(လ) ညွန်းချက်

အသင်းဝင်များဖြစ်ကြသည့် ဦးမောင်စန်းရွှေ၊ ဦးရွှေမောင်၊ ဒေါက်တာ ဘော်ရှီရ်အာမတ်တို့ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပြီး ထိုပါတီ၏လူများ ဖြစ်ကြောင်းပြောဆိုခြင်းမှာလည်း ဦးမောင်စန်းရွှေတို့၏ ပြည်ခိုင်ဖြိုး ပါတီကို ပြောဆိုခြင်းဖြစ်သည်ဟု ကောက်ယူရန်ရှိပေသည်။ ပါတီဆို ရာ၌ ပြည်ခိုင်ဖြိုးပါတီကို ရည်ညွှန်းပြောဆိုခြင်း မဟုတ်ဟု ဆိုခြင်းသည် လက်ခံရန် မရှိပေ။ စာမျက်နှာ

ဦးအောင်မြင့်(ခ)ဇာဟီဒုလ္လာ နှင့် ဦးမောင်စန်းရွှေ ၂၁၄

**ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်း၏ ပြုလုပ်ဆောင်ရွက်ချက်သည် ၎င်းတို့ တစည‌ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရရေးအတွက် ၎င်းတို့နှင့် ယှဉ်ပြိုင် အရွေးခံသည့် ပြည်ခိုင်ဖြိုးပါတီအပေါ် သိက္ခာချ၍ မမှန်မကန် စွပ်စွဲခြင်း၊ တပ်မတော် အရာရှိကြီး များအပေါ် မမှန်မကန်စွပ်စွဲခြင်း၊ ဦးတင်ရွှေကို သိက္ခာချ ပြောကြားခြင်းများ ဖြစ်သဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(ဠ) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ခဲ့ကြောင်း တွေ့ရခြင်း။**

**ဦးကျော်ဝင်းသည် မဲဆွယ်သည့် ပြစ်မှုကို ကျူးလွန်သဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၁(က) အရ ပြစ်မှုထင်ရှား တွေ့ရှိပြီး ငွေဒဏ်ကျပ် (၅) သောင်းပေးဆောင်စေ၊ ငွေဒဏ်မဆောင်ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ်(၃) လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရခြင်း၊ ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေက ဦးကျော်ဝင်းသည် ရွှေကျင်မြို့နယ်တရားရုံး၏ အမိန့်အပေါ် အယူခံမှု၊ ပြင်ဆင်မှုများတွင် ဆုံးဖြတ်ချက် ချမှတ်ပြီးသည်အထိ ဤပြင်ဆင်မှုကို အမိန့်ချမှတ်ခြင်းမပြုဘဲ စောင့်ဆိုင်းပေးသင့်ပါကြောင်းဖြင့် တင်ပြလျှောက်ထားခြင်းကို လက်မခံထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** အထက်တွင်ဖော်ပြခဲ့သည့် မူလမှုတွင် လျှောက်ထားသူ ဦးတင်ရွှေ၊ သက်သေ ဦးအောင်မြင့်၊ ရုံးခေါ်သက်သေ ဦးဝင်းရီတို့၏ထွက်ချက်များနှင့် မူလမှုလျှောက်ထားသူများက တင်ပြ

ညွှန်းချက် (ဝ)

သည့် သက်သေခံ (၅)တွင် ဖော်ပြ ပါရှိချက်များအရ လျှောက်ထားခံရသူ စာမျက်နှာ
ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းသည် အဆိုပါ
မဲဆန္ဒနယ်၌ ၎င်းတို့ပါတီနှင့် ယှဉ်ပြိုင်အရွေးခံသော ပြည်ခိုင်ဖြိုးပါတီ
အပေါ် မမှန်မကန်စွပ်စွဲခြင်း၊ တပ်မတော်အရာရှိကြီးများ အပေါ်
မမှန်မကန် စွပ်စွဲခြင်း၊ လျှောက်ထားသူ ဦးတင်ရွှေကို ပုဂ္ဂိုလ်ရေး သိက္ခာချ
ပြောကြားခဲ့ကြောင်းတွေ့ရပေသည်။ယင်းအချက် မမှန်ကန်ကြောင်း
လျှောက်ထားခံရသူများဘက်က ချေဖျက်နိုင်ခြင်း မရှိသည့်အပြင်
ဦးကျော်ဝင်း ကိုယ်တိုင်လည်း ခုံရုံးသို့လာရောက်၍ သက်သေအဖြစ်
အစစ်ခံ ထွက်ဆိုခြင်း မရှိသဖြင့် မူလမှုလျှောက်ထားသူများဘက်က
စွပ်စွဲချက်မှာ ခိုင်မာမှုရှိသည်ကို တွေ့ရပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** မြို့နယ်တရားရုံးတွင် စစ်ဆေးခြင်းသည်
တရားလိုဖြစ်သူ ဦးတင်ရွှေ၏တိုင်ကြားချက်မှန်ကန်ခြင်းရှိ မရှိ။ တရားလို
ဦးတင်ရွှေနှင့် ယင်း၏သက်သေထွက်ဆိုချက်များ၊ တရားခံ ဦးကျော်ဝင်း
နှင့် ယင်းကပြသသော သက်သေများ၏ထွက်ဆိုချက်များအပေါ် စိစစ်
သုံးသပ်လျက် တရားခံဦးကျော်ဝင်းသည် ၎င်းအပေါ် စွဲချက်တင်ထား
သည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၁(က) အရ
မဲရုံနှင့် ကိုက် (၅၀၀) အတွင်း မဲဆွယ်ခဲ့ခြင်း ရှိ မရှိကို သုံးသပ်၍
အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၂) က မူလရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းခဲ့ကြသည့် ဦးတင်ရွှေ၊ ဦးမျိုးမြင့်နှင့် ဦးဇော်ဝင်းတို့၏ ထွက်ဆိုချက်များ၊ ယင်းတို့ကတင်ပြသည့် စာရွက်စာတမ်းများနှင့် သက်သေများ၏ ထွက်ဆိုချက်များ၊ ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်းခံကြရသည့် ဦးတင်ထွန်း၊ ဒေါ်ခင်နွဲ့နှင့် ဦးအောင်မြင့်တို့၏ ထွက်ဆိုချက်များ၊ ယင်းတို့ကတင်ပြသည့် စာရွက်စာတမ်းများနှင့် သက်သေများ၏ ထွက်ဆိုချက်များအပေါ် စိစစ်သုံးသပ်လျက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ သည် ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထား သည့် တရားမဲ့ပြုကျင့်မှုများပြုလုပ်ခဲ့ခြင်း ရှိ မရှိ ကို သုံးသပ်၍ အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။ ရွေးကောက်ပွဲဥပဒေအရ ပြစ်မှုကျူးလွန်ခြင်းရှိ မရှိနှင့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ခဲ့ခြင်းရှိ မရှိတို့မှာ မတူညီ ကွဲပြားခြားနား သည်။ ရွေးကောက်ပွဲခုံအဖွဲ့ (၂)က

(သ) ညွှန်းချက်

ဆုံးဖြတ်သည့်ရက်မှာ ၁၉-၉-၂၀၁၁ ဖြစ်ပြီး ရွှေကျင်မြို့နယ်တရားရုံးက စာမျက်နှာ
စီရင်ချက်ချမှတ်သည့်ရက်မှာ ၁၀-၁၀-၂၀၁၁ ဖြစ်သည်ကိုတွေ့ရသည်။ ယင်းအခြေအနေတွင် ဒေါ်ခင်နွဲ့၏ ရှေ့နေ တင်ပြသကဲ့သို့ ဦးကျော်ဝင်း တင်သွင်းမည့် အယူခံမှု၊ ပြင်ဆင်မှု များတွင် အဆုံးအဖြတ်ပြုပြီး သည် အထိ စောင့်ဆိုင်းရန် လိုအပ်မည် မဟုတ်ပေ။

ဒေါ်ခင်နွဲ့ နှင့် ဦးမျိုးမြင့် ၂၃၁

**တောင်ပိုင်းဘုန်းကြီးကျောင်းဂေါပကဝင်အဖြစ် တာဝန်ထမ်းဆောင်ပါသည်ဟု လက်ကမ်းကြော်ငြာတွင် ဖော်ပြသည့်အချက်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၁၄)၊ ပုဒ်မ ၆၆ (ဎ)တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကို ပြုကျင့်ရာရောက် မရောက်။**

**ဆုံးဖြတ်ချက်။** ဘာသာရေးကိုအကြောင်းပြခဲ့သည်ဆိုသော ပြင်ဆင်မှု အကြောင်းပြချက်နှင့် စပ်လျဉ်း၍ လျှောက်ထားသူက မူလရုံးတော်သို့ သက်သေခံ(ခ)အဖြစ် တင်သွင်းသော လျှောက်ထားခံရသူ ဓါတ်ပုံများပါ လက်ကမ်းကြော်ငြာတွင် " ယခုအခါ ×××× တောင်ပိုင်း ဘုန်းကြီးကျောင်း ဂေါပကဝင်အဖြစ် တာဝန်ထမ်းဆောင်ပါသည်" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုပါလက်ကမ်းကြော်ငြာတွင် ဖော်ပြသည့်အချက်မှာ ဦးအောင်မြင့် ပါဝင်ဆောင်ရွက်သော လူမှုရေး လုပ်ငန်းများထဲမှ တစ်ခုသာ ဖြစ်သည်။ သို့ဖြစ်၍ ထိုအချက်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၁၄)၊ ပုဒ်မ ၆၆ (ဎ ) ပါ " လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်တင်မြှောက်ခံရရေး အတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အကြောင်းပြု မဲပေးရန် သို့မဟုတ် မဲမပေးရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း" ဆိုသည့် တရားမဲ့ပြုကျင့်မှု၏ သတ်မှတ်ထားသော ဘောင်အတွင်း အကျုံးဝင်သော ကောက်ယူရန် ခိုင်မာသည့် သက်သေခံချက် မဟုတ်သဖြင့် မူလခုံအဖွဲ့က ထည့်သွင်းသုံးသပ်မှု မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဦးဇော်ဝင်း နှင့် ဦးအောင်မြင့် ၂၄၈

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## ရွေးကောက်ပွဲခုံအဖွဲ့

၂၀၁၁ ခုနှစ်
မေလ
၁၁ ရက်

ရွေးကောက်ပွဲခုံအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင်၊
အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်မြင့်ကြည်နှင့်
ဦးအောင်မြင့်တို့ရှေ့တွင်

ဦးသူရမျိုးခင် လျှောက်ထားသူ
ဦးမောင်ကျော်
ဦးဝင်းဖိုလ်

နှင့်

ဦးညာဏ်ဆွေဝင်း လျှောက်ထားခံရသူ *
ဦးကောင်းညွန့်
ဦးဘောဘီအုန်း

**သောင်းကျန်းသူများက ပြည်ခိုင်ဖြိုးပါတီကို မဲမပေးရန် ခြိမ်းခြောက်ခြင်း၊ ရွေးကောက်ပွဲပျက်ပြယ်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** နှစ်ဖက်သက်သေအထောက်အထားများကို စိစစ်ကြည့်ရှုလျှင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ မဲပေးပိုင်ခွင့်ရှိသူ (၆၀၁၇၄)ဦး ရှိသည့်

* ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၇၊ ၈၊ ၉)

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘေဘီအုန်း

အနက် မဲဆန္ဒရှင် (၄၄၅၁၂) ဦးက ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးသူ (၇၃. ၉၇) ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် အေးချမ်းစွာ ပြီးမြောက်ခဲ့ကြောင်းမှာ အငြင်းပွားရန် မရှိပေ။

ကေအင်န်ယူသောင်းကျန်းသူများက ကြောင်ပြာရွာနေ ဦးလှဌေးကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းမှာ မှန်သော်လည်း ထိုအကြောင်းကြောင့် ရွေးကောက်ပွဲ ပျက်ပြယ်ခဲ့ခြင်း မရှိပေ။

လျှောက်ထားသူများပြသသည့် သက်သေများ ဖြစ်ကြသော ကြောင်ပြာရွာနေ ဦးလှဌေး ၊ ကျောက်ကြီးမြို့နေ ဦးစိုးနိုင် ၊ မီးတိုင်တောအုပ်စုနေ ဦးမောင်ညို ၊ တုံးကြီးအုပ်စု သံဘိုကျေးရွာနေ ဦးစိုးတင့်၊ ဒေါင်းမို့အုပ်စု တောကြောင်ပေါက် ကျေးရွာနေ ဦးမြင့်ခင် ၊ နတ်သံကွင်းကျေးရွာအုပ်စု ရေတွင်းကုန်းကြီးကျေးရွာနေ ဦးစောအယ်ဆေးတို့က ကျောက်ကြီးမြို့နယ်သည် အညိုရောင်နယ်မြေဖြစ်ပြီး ရွေးကောက်ပွဲကာလ၌ ကေအင်န်ယူ သောင်းကျန်းသူများ ခြိမ်းခြောက်မှုကြောင့် ရွာသူရွာသားများက ပြည်ခိုင်ဖြိုးပါတီကို မဲမပေးဘဲ တ. စ. ည ပါတီကို မဲပေးကြရမည်ဟု ပြောဆိုသောကြောင့် မဲဆွယ်စည်းရုံး၍မရကြောင်း ထွက်ဆိုကြသော်လည်း ပြည်ခိုင်ဖြိုးပါတီမှဆန္ဒမဲများလုံးဝမရရှိခြင်း မဟုတ်ဘဲ ၎င်းတို့ထွက်ဆိုသော မဲရုံများတွင် ပြည်ခိုင်ဖြိုးပါတီမှ ဦးသူရမျိုးခင်သည် မဲပုတ်ကျေးရွာအုပ်စု မဲရုံ၌ ဆန္ဒမဲ (၇၅)မဲ၊ ကြိုတင်မဲ (၁၈)မဲ၊ မီးတိုင်တောအုပ်စု မဲရုံအမှတ် (၂)တွင် ဆန္ဒမဲ (၁၉၃) မဲ၊ ကြိုတင်မဲ (၄) မဲ၊ တုံးကြီးကျေးရွာအုပ်စု မဲရုံ၌ ဆန္ဒမဲ (၄၇၈)မဲ၊ ကြိုတင်မဲ (၅)မဲ၊ ပြည်ခိုင်ဖြိုးပါတီမှ ဦးဝင်းဗိုလ်သည် ဒေါင်းမို့ကျေးရွာအုပ်စု မဲရုံအမှတ် (၂)တွင် ဆန္ဒမဲ (၁၄၈)မဲနှင့် နတ်သံကွင်းကျေးရွာအုပ်စု မဲရုံအမှတ် (၄)တွင် ဆန္ဒမဲ (၁၉၂) မဲ၊ ကြိုတင်မဲ (၂)မဲ ရရှိကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ကေအင်န်ယူသောင်းကျန်းသူများက ပြည်ခိုင်ဖြိုးပါတီကို မဲမပေးရန်၊ မဲပေးလျှင်သတ်မည်၊ ရွာကိုမီးရှို့မည်ဟု ခြိမ်းခြောက်သဖြင့် ရွာသူရွာသားများ ပြည်ခိုင်ဖြိုးပါတီကို မဲမပေးဘဲ တ. စ. ည ပါတီကို မဲပေးကြသည်ဟု ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူများအတွက် - ဒေါ်ယဉ်ကြွယ်
(တရားလွှတ်တော်ရှေ့နေ )

လျှောက်ထားခံရသူများအတွက် - ဦးလှရွှေ
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွှန့်
ဦးဘေဘီအုန်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ လ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားသူ ဦးသူရမျိုးခင်သည် ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင်လည်းကောင်း၊ ဦးမောင်ကျော်သည် ကျောက်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁)တွင်လည်းကောင်း၊ ဦးဝင်းဗိုလ်သည် ကျောက်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂)တွင်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယှဉ်ပြိုင်အရွေးခံကြသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ လျှောက်ထားခံရသူ ဦးဉာဏ်ဆွေဝင်း၊ ဦးကောင်းညွှန့်နှင့် ဦးဘေဘီအုန်းတို့က လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ယင်းကဲ့သို့ ရွေးကောက် တင်မြှောက်ခံရခြင်းသည် သက်ဆိုင်ရာ မဲရုံများ၊ ကော်မရှင် အဖွဲ့ခွဲများ၏ မှားယွင်းစွာဆောင်ရွက်မှုများကြောင့် ခိုင်လုံမဲ ကွာခြားရခြင်းဖြစ်သည်ဟု ယုံကြည်၍ မိမိတို့သည်သာလျှင် ခိုင်လုံမဲ အများဆုံးရရှိပြီး ရွေးကောက် တင်မြှောက်ခြင်းခံရသူများ ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် ဤ ရွေးကောက်ပွဲကန့်ကွက်မှုများကို တင်သွင်းကြခြင်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လျှောက်ထားသူများနှင့် လျှောက်ထားခံရသူများ အသီးသီး ရရှိကြသည့် ဆန္ဒမဲများမှာ အောက်ပါ အတိုင်းဖြစ်သည်-

| **ပြည်သူ့လွှတ်တော်** | **ဆန္ဒမဲ** | **ကြိုတင်မဲ** | **စုစုပေါင်း** |
|---|---|---|---|
| ဦးသူရမျိုးခင် | ၁၂၂၀၃ | ၁၅၀၃ | ၁၃၇၀၆ |
| ဦးဉာဏ်ဆွေဝင်း | ၂၇၇၃၀ | ၇၃၇ | ၂၈၄၆၇ |

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘောဘီအုန်း

**တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| ဦးမောင်ကျော် | ၆၅၀၀ | ၆၆၁ | ၇၁၆၁ |
| ဦးကောင်းညွန့် | ၁၂၄၁၇ | ၂၀၅ | ၁၂၆၂၂ |

**တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| ဦးဝင်းဗိုလ် | ၅၈၈၀ | ၈၃၈ | ၆၇၁၈ |
| ဦးဘောဘီအုန်း | ၁၅၄၉၈ | ၅၃၈ | ၁၆၀၃၆ |

သို့ဖြစ်၍ ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ဦးသူရမျိုးခင်သည် ဦးဉာဏ်ဆွေဝင်းထက် ဆန္ဒမဲ ( ၁၄၇၆၁ )၊ ကျောက်ကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ် (၁)တွင် ဦးမောင်ကျော်သည် ဦးကောင်းညွန့်ထက် ဆန္ဒမဲ( ၅၄၆၁ )၊ ကျောက်ကြီးမြို့နယ်တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)တွင် ဦးဝင်းဗိုလ်သည် ဦးဘောဘီအုန်းထက် ဆန္ဒမဲ ( ၉၃၁၈ ) လျော့နည်းကွာခြားခဲ့သည်။

လျှောက်ထားသူများ၏ကန့်ကွက်လွှာတွင် ကျောက်ကြီးမြို့နယ်၊ အင်းနက်ကျေးရွာ၌ ၃၁. ၁၀. ၂၀၁၀ ရက်၊ ၁. ၁၁. ၂၀၁၀ ရက်နေ့တို့တွင် ကြိုတင်ဆန္ဒမဲများကို မဲဆန္ဒရှင်ပြည်သူများအား ခြတ်စက်ဖြင့်ဟစ်အော်ကာ မဲထည့်ခိုင်းခြင်းဖြင့် တရားမဲ့ကျူးလွန်ကြောင်း၊ ထိုသို့တရားမဝင် ကြိုတင်မဲများထည့်ခဲ့ပုံကို ကျောက်ကြီးမြို့နယ် ပြည်ခိုင်ဖြိုးပါတီမှ သတင်းမီဒီယာများကလည်းကောင်း၊ အထူးသတင်းတပ်ဖွဲ့မှလည်းကောင်း၊ VCD ခွေရိုက်၍ မှတ်တမ်းတင်ထားကြောင်း၊ မဲဆန္ဒရှင်တစ်ဦးသည် မိမိ တစ်ဦးတည်းအတွက် ဆန္ဒမဲတစ်မဲတည်းကိုသာ ဆန္ဒပြုမဲထည့်ရန် ဥပဒေ၊ နည်းဥပဒေများအရ အတိအလင်း ပြဋ္ဌာန်းထားလျက်နှင့် တစ်ဦးတည်းက သူတစ်ပါး အယောင်ဆောင်ပြီး မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးကာ အခြားသူများ၏ကိုယ်စား တစ်မဲထက် ပိုထည့်ခဲ့ကြောင်း၊ ကျောက်ကြီးမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ခန့်အပ်ထား

သော (မဆလ) အရင်းအမြစ် (တ. စ. ည) မျိုးနွယ်ဆက် မဲရုံမှူးများ၊ ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံအဖွဲ့ဝင်များက လည်းကောင်း၊ ( မဆလ) (တ. စ. ည) စပါးနှံ ပါတီတို့၏ ဆွေစဉ်မျိုးဆက် ရယက ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များကလည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း ကိုယ်တိုင်ကလည်းကောင်း၊ တိုင်းဒေသ ကြီး (၁) ဦးကောင်းညွန့်၊ တိုင်းဒေသကြီး (၂) ဦးဘောဘီအုန်းနှင့် ၎င်းတို့၏ မဲရုံကိုယ်စားလှယ်များသည် လည်းကောင်း၊ ကိုယ်စားလှယ်လောင်း (၃) ဦး၏အကျိုးငှာ တရားမဲ့ပြုကျင့်၍ အနိုင်မဲများ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၇. ၁၁. ၂၀၁၀ ရက်နေ့က ကျင်းပပြီးစီးခဲ့သော ကျောက်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ လွတ်လပ်၍တရားမျှတ သော ရွေးကောက်ပွဲ မဟုတ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ အခွင့် အလမ်းတို့ကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် ပြစ်မှုမကင်းသော ပြုလုပ်မှုတို့ကို ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်တို့၏အခြေစိုက် KNU တပ်မဟာ (၃)တပ်ရင်း (၈)နှင့် (၉) အင်အားစုတို့က “ ပြည်ခိုင်ဖြိုး ပါတီကို မဲမပေးနဲ့ ” ဗုံးခွဲပစ်မည်၊ ပြည်ခိုင်ဖြိုးပါတီအနိုင်ရလျှင် ရွာမီးရှို့ပစ်မည်ဟု နှောင့်ယှက်ဟန့်တား ခြိမ်းခြောက်ခဲ့သည်ကို တ. စ. ည စပါးနှံပါတီက ကောလာဟလအဖြစ် ထည့်သွင်းပြောဆို၍ ပြည်ခိုင်ဖြိုး ပါတီ မဲမရခြင်းဖြစ်ကြောင်း၊ ထိုသို့တရားမဲ့ပြုကျင့်မှုများကြောင့် ရရှိသော အနိုင်မဲများဖြင့် ရွေးကောက်ပွဲကော်မရှင်က အနိုင်အရှုံး ဆုံးဖြတ်ခဲ့ခြင်း ကြောင့်လည်းကောင်း မဲဆန္ဒရှင်များအနေဖြင့် ပြည်ခိုင်ဖြိုးပါတီအား ကြိုတင်မဲများ၊ ဆန္ဒမဲများပေးခွင့်မရခြင်းတို့ကြောင့် အမှန်တကယ်ရရှိ မည့်မဲများ မရရှိဘဲ ဤကဲ့သို့ တရားမဲ့ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်ပါကြောင်းဖြင့် ဖော်ပြသည်။

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘောဘီအုန်း

ကန့်ကွက်လျှောက်ထားခံရသူများက ခုခံချေပရာတွင် ပဲခူး တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ၏ ၁၁. ၁၁. ၂၀၁၀ ရက်စွဲပါကြေညာချက် များအရ လျှောက်ထားခံရသူများသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ ကန့်ကွက် လွှာတင်သွင်း ဖော်ပြချက်များသည် အခြေအမြစ်မရှိကြောင်း၊ ကျိုး ကြောင်း ဆီလျော်မှုမရှိ မှန်ကန်မှုမရှိသော ကန့်ကွက်ချက်များသာ ဖြစ်ပါကြောင်း၊ ၃၁. ၁၀. ၂၀၁၀ ရက်နှင့် ၁. ၁၁. ၂၀၁၀ ရက်နေ့များ

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘေဘီအုန်း

တွင် အင်းနက်ကျေးရွာ၌ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့မှ မဲပေးနည်းစနစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်တစ်ဦးသည် မိမိတစ်ဦးတည်းအတွက် ဆန္ဒမဲတစ်မဲတည်းသာ ဆန္ဒပြုရမည်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲထည့်ခဲ့ခြင်းသာရှိပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူးနှင့် မဲရုံတာဝန်ရှိသူများသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ကြခြင်းသာဖြစ်ကြောင်း၊ ကန့်ကွက်လျှောက်ထားလွှာပါ တာဝန်ကျေပွန်စွာဆောင်ရွက်ခဲ့သော ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား ဂုဏ်သိက္ခာကျစေရန် တစ်ဖက်သတ်စွပ်စွဲချက်များသာဖြစ်ပါကြောင်း၊ ကျောက်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ခန့်အပ်သော (မဆလ )အရင်းအမြစ် (တ. စ. ည)မျိုးနွယ်ဆက် မဲရုံမှူး၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံအဖွဲ့ဝင်များသည် တ. စ. ည ကိုယ်စားလှယ်လောင်း (၃) ဦးအကျိုးငှာတရားမဲ့ပြုကျင့်မှုများဖြင့် အနိုင်မဲများ ရရှိခဲ့သည်ဆိုသော စွပ်စွဲချက်သည် သိမ်းကျုံး၍ ဥပဒေမဲ့စော်ကားရာ ရောက်သည့်အပြင် ဥပဒေနှင့်အညီ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို သေးသိမ်စေပြီး စော်ကားခြင်းသာဖြစ်ပါကြောင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲက အဖွဲ့အစည်း သဘောဖြင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များကို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲကင်းရှင်းသူများကို ခန့်အပ်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်၍ ၇. ၁၁. ၂၀၁၀ ရက်နေ့ ကျင်းပပြီးစီးခဲ့သော ကျောက်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲသာ ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအကြိုကာလများတွင်လည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ခဲ့သော အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာကာ စည်းရုံးဟောပြော ဆောင်ရွက်ခဲ့ပါကြောင်း ရွေးကောက်ပွဲနေ့တွင် မည်သည့်မဲရုံတွင်မှ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း၊ အမှုနှင့် တိုင်တန်းခံရခြင်းများမရှိဘဲ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်၍ မတရားမှုများ မရှိပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် ရှေ့တန်းအမှတ် (၁၀)၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ နယ်မြေခံတပ်ရင်း (၄) ရင်း၊ တောင်ပိုင်းတိုင်းစစ်ဗျူဟာကွပ်ကဲမှုတို့ရှိပြီး ပြည်သူ့ရဲတပ်ဖွဲ့ ရဲစခန်း(၃)ခုနှင့် ပြည်သူ့စစ်များ၊ စွမ်းအားရှင်များရှိကြ၍ နယ်မြေစိုးမိုးမှုကိုနိုင်နင်းစွာ တာဝန်ယူ

နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ အကြိုကာလတွင်သော်လည်းကောင်း၊ ရွေးကောက်ပွဲကာလတွင်သော်လည်းကောင်း ခြိမ်းခြောက်မှု၊ နှောင့်ယှက်ဖျက်ဆီးမှု၊ သတ်ဖြတ်မှုများမရှိခဲ့ဘဲ မဲပေးခဲ့ကြပါကြောင်း၊ မြို့နယ်တစ်မြို့နယ်လုံးတွင် မဲဆန္ဒပေးပိုင်ခွင့် ရှိသူ (၆၀၁၇၄) ဦးအနက် (၄၄၅၁၂) ဦး မဲပေးခဲ့ကြ၍ မဲပေးသည့်ရာခိုင်နှုန်း (၇၃. ၉၇) ရာခိုင်နှုန်းရှိခဲ့ပါကြောင်း၊ ထို့ကြောင့် လျှောက်ထားခံရသူများကရရှိသော ဆန္ဒမဲများသည် တရားမျှတစွာရရှိသည့် ဆန္ဒမဲများ ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြချေပထားသည်။

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွှန့်
ဦးဘောဘီအုန်း

နှစ်ဖက်အဆိုအချေများအရ ခုံရုံးမှ အောက်ပါငြင်းချက်များကို ထုတ်နုတ်စစ်ဆေးသည် -

(၁) လျှောက်ထားခံရသူများသည် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့သည်မှာမှန်သလား။

(၂) လျှောက်ထားခံရသူရရှိသော ဆန္ဒမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံး ရရှိနိုင်သည်ဟုဆိုခြင်းမှာ မှန်ပါသလား။

(၃) လျှောက်ထားသူသည် တောင်းဆိုသည့် သက်သာခွင့်ကို ရထိုက်ပါသလား။

## ငြင်းချက် ( ၁ )

လျှောက်ထားသူ ဦးသူရမျိုးခင်က အစစ်ခံရာတွင် အင်းနက်ကျေးရွာ၌ တရားမဲ့ကြိုတင်ဆန္ဒမဲများကို ရယူခဲ့ကြောင်း၊ ယင်းကဲ့သို့ တရားမဲ့ကြိုတင် ဆန္ဒမဲရယူခဲ့ခြင်းကို သက်သေခံ(ဂ) VCDခွေဖြင့် မှတ်တမ်းတင်ခဲ့ပါကြောင်း၊ စဝင်ကျေးရွာတွင် ဦးတင်အေး ဆိုသူသည် တစ်အိမ်လုံးအတွက် ဆန္ဒမဲ (၅)မဲကို ၎င်းတစ်ဦးတည်းကပေးခဲ့ကြောင်း၊ မဲပုတ်ကျေးရွာအုပ်စု မဲရုံတွင် မဲရုံမှူး ဦးမြင့်ဆွေသည် မဲဆန္ဒရှင် (၂၀၀) ခန့်၏ မဲလက်မှတ်များကို ၎င်းတစ်ဦးတည်းက တ. စ. ည ပါတီဘက်သို့ ကိုယ်တိုင်ထည့်ခဲ့ကြောင်း၊ မဲပုတ်ရွာ ရ. ယ. က ဥက္ကဋ္ဌ ဦးလှဝင်းက မဲဆန္ဒရှင် (၅၀)ကျော်၏ လက်မှတ်ကို ၎င်းတစ်ဦးတည်းက တ. စ. ည ပါတီဘက်သို့ မဲထည့်ခဲ့ကြောင်း၊ မွေတော်ကျေးရွာ ရ. ယ. က ဥက္ကဋ္ဌ

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘေဘီအုန်း

ဦးရီရွှေ၏ဇနီး ဒေါ်သူဇာမိုးက မဲဆန္ဒရှင်များကိုခေါ်လာပြီး မဲဆန္ဒရှင် (၁၀၀)ခန့်ကို မိမိ၏လက်မှတ်ထိုး၍ တ. စ. ည ပါတီဘက်သို့ မဲထည့်ခဲ့ကြောင်း၊ နတ်သံကွင်းကျေးရွာ မဲရုံအမှတ် (၂) တွင် တ. စ. ည ပါတီမှ ဦးသံချောင်းသည် လွှတ်တော်တစ်ရပ်စီအတွက် မဲ (၄) မဲစီကို ထည့်ခဲ့ကြောင်း၊ နတ်သံကွင်းကျေးရွာမဲရုံ (၁)တွင် မဲရုံလုံခြုံရေးတာဝန်ကျသော ကျေးရွာအရန်မီးသတ်တပ်ခွဲမှူး ဦးဝင်းနိုင် တစ်ဦးတည်းက မီးသတ်တပ်ဖွဲ့ဝင် (၅၀) ဦးအတွက် မဲ (၁၅၀)ကို ထည့်ခဲ့ကြောင်း၊ တောကြောင်ပေါက်ကျေးရွာအုပ်စု မဲရုံ(၂)တွင် အရန်မီးသတ် ဦးစောထိုက်က မဲဆန္ဒရှင် (၅၀)အတွက် မဲ (၁၅၀)ကို တ. စ. ည ပါတီဘက်သို့ လက်မှတ်ရေးထိုး မဲထည့်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမပြုလုပ်မီ ဟောပြောပွဲပြုလုပ်စဉ် ကာလအထိ ကျောက်ကြီးမြို့နယ် ကေအင်န်ယူ တပ်မဟာ(၃)၊ တပ်ရင်း(၈/၉) တို့က ပြည်ခိုင်ဖြိုးကို မဲမပေးရန် မဲပေးလျှင်ဗုံးခွဲမည်၊ ပြည်ခိုင်ဖြိုး အနိုင်ရလျှင် ရွာများကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုသည်ကို တ. စ. ည ပါတီကိုယ်စားလှယ်လောင်းများက ထပ်ဆင့် ပြောဆိုကြခြင်းဖြင့် သတင်းပြန့်ကာ မဲဆန္ဒရှင်များကြောက်လန့်၍ တ. စ. ည ပါတီဘက်သို့ မဲထည့်ကြခြင်းဖြင့် တရားမဲ့သောအနိုင်မဲများ ရရှိခဲ့ကြောင်း၊ မဲဆွယ်ပွဲ ဟောပြောစဉ် တ. စ. ည ပါတီမှ ကိုယ်စားလှယ်လောင်း ဦးကောင်းညွန့်က ပြည်ခိုင်ဖြိုးပါတီသည် တပ်မတော်ကိုယ်စားပြုပါတီဖြစ်ကြောင်း၊ တပ်မတော်သည် ဒေသခံ ပြည်သူလူထုအား နှိပ်စက်ခဲ့ကြောင်း၊ ပြည်ခိုင်ဖြိုးကို မဲထည့်လျှင်နှိပ်စက်ခံရမည်ဖြစ်ကြောင်း၊ တ. စ. ည ပါတီကိုမဲထည့်လျှင် ပြည်သူလူထု နှိပ်စက်ခြင်းမခံရဘဲ လွတ်လပ်စွာရှာဖွေ စားသောက်နိုင်မည်ဟု ထည့်သွင်းဟောပြောခဲ့ပါကြောင်း၊ ၎င်းအားနယ်မြေခံဗျူဟာမှူးမှ ခေါ်ယူသတိပေးခဲ့ကြောင်း၊ မအူပင်ဆိပ်မဲရုံ(၃)တွင် တ. စ. ည မဲရုံကိုယ်စားလှယ် ဦးရဲမြင့်သည် ပြည်သူ့လွှတ်တော်ဆန္ဒပြခန်းတွင်ရပ်ပြီး မဲဆန္ဒရှင်များအား မဲပေးရန်ပြောဆိုကြောင်း၊ မဲရုံမှူး ဦးလှစိန် အားတင်ပြတိုင်တန်းသော်လည်း ဦးရဲမြင့်သည် မဲရုံပိတ်ချိန်အထိ ရှိနေခဲ့ကြောင်း၊ တုံးကြီးအုပ်စု မဲရုံအမှတ် (၁)တွင် တ. စ. ည ပါတီဝင်များသည် မဲပုံးစောင့် (၄၂)ဦးကို ရ. ယ. က ဥက္ကဋ္ဌကခန့်ထား၍ မဲရုံတွင်ရှုပ်ထွေးနေကြောင်း၊ ပဲခူးရပ်ကွက် အ. မ. က ကျောင်းမဲရုံတွင် စစ်မှုထမ်းဟောင်း ဦးကျော်ဦးနှင့် အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးကျော်ထွေးတို့က စပါးနှံတံဆိပ်ကို အမှန်ခြစ်ရန် လက်ဖြင့်ထောက်ပြပြီး ၎င်းတို့ကိုယ်တိုင်

မဲပုံးအတွင်း ထည့်ပေးကြောင်း၊ ဆိပ်ကြီးကျေးရွာ မဲရုံ(၂)တွင် ရ. ယ. က ဥက္ကဋ္ဌ ဦးတင်မြင့်သည် မဲဆန္ဒရှင်များထံမှ မဲလက်မှတ်ကိုယူ၍ စပါးနှံ တံဆိပ်အားအမှန်ခြစ်ပေးကြောင်း၊ နတ်သံကွင်း ကျေးရွာမဲရုံ (၂)တွင် တ. စ. ည စည်းရုံးရေးမှူး ဦးမြတ်လှသည် ဆန္ဒပြုခန်းအတွင်း ဝင်ရောက်၍ ကိုယ်တိုင်ရေးခြစ်ပေးနေသဖြင့် ရ. ယ. က ဥက္ကဋ္ဌ ဦးမြမောင်ကသွားရောက်တားမြစ်ရကြောင်း၊ တောကြောင်ပေါက်မဲရုံ အမှတ် (၂)တွင် တ. စ. ည ပါတီ မဲရုံကိုယ်စားလှယ် ဦးသန်းဇော်ဌေးက မဲဆန္ဒရှင် ဦးတာပူပူ၏ မဲလက်မှတ်ကိုယူ၍ လျှို့ဝှက်ခန်း၌ တ. စ. ည ပါတီဘက်သို့အမှန်ခြစ်၍ မဲပုံးတွင် ထည့်ပေးကြောင်း၊ ကျန်လွှတ်တော် (၃)ရပ် မဲလက်မှတ်များကို မဲရုံမှူး ဦးမောင်မောင်ဝင်းက စပါးနှံ ပါတီဘက်သို့အမှန်ခြစ်၍ မဲထည့်ပေးခဲ့ကြောင်း၊ နတ်သံကွင်း မဲရုံ(၁) မဲရုံဖွင့်ချိန် မဲရုံမှူး မူးယစ်သောက်စား အိပ်ပျော်နေစဉ် တ. စ. ည ပါတီ မဲရုံကိုယ်စားလှယ်များက ဆန္ဒပြုခန်းအတွင်းဝင်ရောက်ပြီး မဲပေးသူ များကို တ. စ. ည ပါတီဘက်သို့ အမှန်ခြစ်ထောက်ခံမဲပေးကြောင်း၊ ယင်းကိစ္စအတွက် မဲရုံမှူးကို ရ. ယ. က ဥက္ကဋ္ဌက ခေါ်ယူ သတိပေး ရကြောင်း၊ ငန္ဒားဆိပ်ရွာမဲရုံအမှတ် (၃)တွင် တ. စ. ည ကိုယ်စားလှယ် လောင်း ဦးဘေဘီအုန်းနှင့် တ. စ. ည လူငယ်ရေးရာတာဝန်ခံ ဦးအောင်ကျော်မိုးတို့က မဲရုံမှူးနှင့်ညှိနှိုင်းပြောဆိုခြင်း၊ ဆန္ဒပြုခန်းအတွင်း သို့ ဝင်ရောက်ခြင်းပြုကြောင်း၊ ငါးဗျက်အင်းရွာ မဲရုံ အမှတ် (၃) တွင် တ. စ. ည ပါတီမှ မဲရုံကိုယ်စားလှယ် (၃) ဦးသည် ဆန္ဒပြုခန်းအတွင်း ဝင်ရောက်ပြီး စပါးနှံပါတီကို အမှန်ခြစ်ရန်လက်ဖြင့် ထောက်ပြပြောဆို ကြကြောင်း၊ စပါးနှံပါတီကိုမဲပေးရန် အော်ဟစ်ပြောဆိုကြကြောင်း၊ မေတ္တာရပ်ကွက် မဲရုံမှူး ဦးစောလတ်စတီနော်သည် တ. စ. ည စည်းရုံး ရေးမှူးဖြစ်ကြောင်း၊ ဒုတိယမဲရုံမှူး နော်အယ်ထူးသည် ကရင်တိုင်းရင်း သားလူမျိုးစု ကိုယ်စားလှယ် ဦးစောကပေါ်လား၏ ချွေးမ ဖြစ်ကြောင်း၊ ထိုးဝါးစိုက် မဲရုံမှူး ဦးကျော်ကျော်နှင့် ရ. ယ. က ဥက္ကဋ္ဌ ဦးညွန့်ဝင်း တို့သည် တ. စ. ည မဲရရှိရေးအတွက် ဆန္ဒပြုခန်းအတွင်း ဝင်ရောက်ပြီး တ. စ. ည ပါတီမဲရုံကိုယ်စားလှယ် (၃)ဦးနှင့်အတူ စပါးနှံအား ထောက်ပြခြင်း၊ ကိုယ်တိုင်ပါဝင်ကူညီခြင်းများ ဆောင်ရွက်ကြကြောင်း၊ ကပ်ပယ်လမ်းခွဲ မဲရုံမှူးဦးစောမူးဂေသည် တ. စ. ည လူမျိုးစု လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောကပေါ်လား၏ သားအရင်း

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘေဘီအုန်း

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘေဘီအုန်း

ဖြစ်၍ တ. စ. ည ပါတီဘက် အမှန်ခြစ်ရန် စည်းရုံးပြောဆိုကြောင်း၊ ပဲခူးရပ်ကွက် မဲရုံတွင် မဲရုံမှူးနှင့် အဖွဲ့ဝင်များသည်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်လည်းကောင်း မဆလပါတီ အရင်းအမြစ်များဖြစ်ပြီး တ. စ. ည ပါတီ အတွက် ကြိုတင်မဲများရရှိရန် ဆောင်ရွက်ခဲ့ကြကြောင်း၊ မုန်း မဲရုံအမှတ် (၄)တွင် ရ. ယ. က ဥက္ကဋ္ဌ ဦးအုန်းကြိုင်သည် မဲရုံအတွင်းဝင်ရောက်ခြင်း၊ ကိုယ်တိုင်မဲရေတွက်ခြင်းကိုပြုလုပ်သဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမောင်ကျော်က ဝင်တားရကြောင်း၊ ငလောက်တက်ကျေးရွာတွင် ရ. ယ. က ဥက္ကဋ္ဌ ဦးမောင်ဆယ်နှင့် တ. စ. ည စည်းရုံးရေးမှူး ဦးညိုမြတို့ ဦးဆောင်ပြီး ၆. ၁၁. ၂၀၁၀ ရက်နေ့၌ ရွာသူရွာသားများကိုခေါ်၍ တ. စ. ည ဘက်သို့ မဲပေးနည်းကိုပြသကြောင်း၊ မဲပေးသည့်နေ့တွင် ထိုအတိုင်းပေးရန်ပြောဆိုကြကြောင်း၊ ကော့ပြင်းကျေးရွာမဲရုံအမှတ် (၂)တွင် တ. စ. ည ပါတီမဲရုံကိုယ်စားလှယ် ဦးချစ်ပုသည် ဆန္ဒပြုခန်းအတွင်းဝင်ရောက်ပြီး မဲပေးသူများအား စပါးနှံကိုထောက်ပြ၍ မဲပေးခိုင်းကြောင်း၊ ၎င်းရွာမှ ကိုစိန်ထူးသည်မဲရုံအနီးကိုက် ၅၀ အတွင်း တ. စ. ည ပါတီကို မဲပေးရန်စည်းရုံး ပြောဆိုကြောင်း၊ တ. စ. ည ပါတီမဲရုံကိုယ်စားလှယ် ဒေါ်ကေသီစိုးသည် မဲရုံမှူး၏ ပယ်မဲများ အား တ. စ. ည ပါတီဘက်သို့ပြန်ထည့်ခြင်းပြုလုပ်ကြောင်း၊ မဲရုံမှူးက တားသည်ကို လက်မခံဘဲဆောင်ရွက်ကြောင်း၊ ဝဲကြီး မဲရုံအမှတ်(၁) တွင် ဒုတိယမဲရုံမှူး ဦးကျော်မြင့်သည် တ. စ. ည စည်းရုံးရေးမှူးဖြစ်ကြောင်း၊ ယင်းမဲဆန္ဒနယ်တွင် မဲဆန္ဒရှင် (၂၁၁) ဦးမှာ ဦးကျော်မြင့်၊ ဝဲကြီး ရ. ယ. က ဥက္ကဋ္ဌနှင့် စာရေးတို့ပူးပေါင်းကြံစည်ခြင်းကြောင့် မဲထည့်ခွင့် မရခဲ့ကြောင်း၊ သစ်ချဆိပ် မဲရုံအမှတ် (၃)တွင် ၎င်းရွာမှ ဦးကြည်မောင်၊ ဦးကျော်မြင့်တို့ နှစ်ဦးသည် မဲရုံအတွင်းဝင်ခွင့်မရှိဘဲ ဝင်ရောက်ပြီး တ. စ. ည ပါတီအား မဲပေးရန် စည်းရုံးခဲ့ကြောင်း၊ ရ. ယ. က ဥက္ကဋ္ဌ ဦးပြုံးသည် ၎င်းမိသားစုအပြင် အခြားမိသားစုများ၏ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူ၍ တ. စ. ည ပါတီဘက်သို့ မဲထည့်ပေးခဲ့ကြောင်း၊ တ. စ. ည ပါတီဝင် ဦးသန်းလွင် သည် ဦးစိုးလွင်၏မိသားစုအတွက်နှင့် ၎င်း၏မိသားစုအတွက်ပါ တ. စ. ည ပါတီဘက်သို့ မဲထည့်ခဲ့ကြောင်း၊ သောင်လယ်မဲရုံအမှတ် (၂)တွင် မဲရုံကိုယ်စားလှယ် လက်မှတ်မပါဘဲ ဦးအောင်ကိုလတ်နှင့် ဦးဇော်မင်းဦးတို့ နှစ်ဦးသည် မဲရုံအတွင်း ဝင်ရောက်ပြီး စပါးနှံပါတီအားမဲပေးရန် စည်းရုံးခြင်းပြုလုပ်ကြောင်း၊

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘောဘီအုန်း

မဲရုံမှူးမှ တားဆီးခြင်း မရှိကြောင်း၊ ကြက်ခြေနီ တပ်စိတ်မှူး ကိုအောင်ကျော်သည်လည်း အလားတူ ဆောင်ရွက်ကြောင်း၊ ရန်တစ်ရွာမှ ဟာရီတန်း၊ စူရီကျန်း၊ ဒိုးတန်းရွာမှ ဦးကျော်ဝင်း၊ အင်ကြင်းကုန်းရွာမှ ဦးကျော်ခင်ဝင်း တို့သည် မဲရုံနှင့် ကိုက် (၂၀)အတွင်း နံနက် ၇ နာရီမှ နေ့လည် ၂ နာရီ အထိ မဲပေးသူများအား စည်းရုံးဆောင်ရွက်သော်လည်း ရ. ယ. က ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် မဲရုံမှူးတို့က တားဆီးခြင်းမရှိဘဲ အလိုတူဆောင်ရွက်ကြကြောင်း စသည်ဖြင့်ထွက်ဆိုပြီး သက်သေအဖြစ် ဦးလှဌေး၊ ဦးစိုးနိုင်၊ ဦးမောင်ညို၊ ဦးစိုးတင့်၊ ဦးမြင့်ခင်၊ ဦးခင်နိုင်၊ ဦးဇော်ဦး၊ ဦးထွန်းထွန်းဝင်း၊ ဦးတင်မောင်လွင်နှင့် ဦးစောအယ်ဆေးတို့ကို သက်သေ တင်ပြပြီး အင်းနက်ကျေးရွာတွင် ရိုက်ကူးခဲ့သည့် VCD ကို သက်သေခံ (ဂ) အဖြစ် တင်ပြခဲ့သည်။

လျှောက်ထားခံရသူများဘက်မှ ဦးဉာဏ်ဆွေဝင်းက အစစ်ခံရာ၌ ရွေးကောက်ပွဲ ကော်မရှင်၏ရွေးကောက်ပွဲ ပြုလုပ်ရန် မဲဆန္ဒနယ်များ ကြေညာရာ၌ ကျောက်ကြီးမြို့နယ်တစ်ခုလုံးကို ကြေညာခဲ့ကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နယ်မြေခံ တပ်ရင်း (၄)ရင်းနှင့် စစ်ဗျူဟာကွပ်ကဲမှုဌာနချုပ် (၁) ခုရှိကြောင်း၊ ၎င်းအပြင် အမှတ် (၁၀) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (၁)ခုလည်း ရှိကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ စည်းရုံးရေးကာလတွင် လျှောက်ထားခံရသူများ၏ တ. စ. ည ပါတီဝင်များသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်သော ညွှန်ကြားချက်အတိုင်းတိကျစွာ လိုက်နာဆောင်ရွက်ခဲ့ကြောင်း၊ စည်းရုံးရေးဆင်းရာတွင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲထံ (၇) ရက်ကြိုတင်၍တင်ပြပြီး သတ်မှတ်သော စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ ပါကြောင်း၊ တင်ပြစာမိတ္တူများ ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးပို့ခဲ့ကြောင်း၊ ထိုသို့ စနစ်တကျဆောင်ရွက်သဖြင့် ရွေးကောက်ပွဲ စတင်ချိန်မှ ပြီးဆုံးသည်အထိ မည်သည့် ပြဿနာ တစ်စုံတစ်ရာမှ ပေါ်ပေါက်ခြင်းမရှိဘဲ အေးချမ်းစွာ ပြီးဆုံးခဲ့ကြောင်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံဖွင့်ချိန်မှ ပြီးဆုံးချိန်အထိ မည်သည့်ရာဇဝတ်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ခြင်းမရှိကြောင်း၊ ကြိုတင်မဲနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ ကြိုတင်မဲများတွင် လျှောက်ထားခံရသူက

၂၀၁၁ ခုနှစ် ဦးသူရမျိုးခင် ဦးမောင်ကျော် ဦးဝင်းဗိုလ် နှင့် ဦးဉာဏ်ဆွေဝင်း ဦးကောင်းညွန့် ဦးဘောဘီအုန်း

(၇၃၇) မဲရရှိပြီး လျှောက်ထားသူ ဦးသူရမျိုးခင်က (၁၅၀၃) မဲရရှိခဲ့ပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် စစ်တပ်၊ ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ စွမ်းအားရှင်များရှိသည့်အတွက် မဲဆန္ဒရှင် (၇၃. ၉၇) ရာခိုင်နှုန်း မဲပေးကြပြီး သောင်းကျန်းသူ အန္တရာယ်ကင်းရှင်းကာ အေးချမ်းစွာ ဖြင့်ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ကြောင်း စသည်ဖြင့် ချေပခုခံခဲ့ပြီး ၎င်းတို့က သက်သေအဖြစ် ဦးမြင့်အောင်၊ အင်းနက်ကျေးရွာ ရ. ယ. က ဥက္ကဋ္ဌနှင့် ဦးဝင်းနိုင်၊ နတ်သံကွင်းကျေးရွာ အရန်မီးသတ်တပ်ခွဲမှူးတို့အား သက်သေပြသည်။

နှစ်ဖက်သက်သေအထောက်အထားများကို စိစစ်ကြည့်ရှုလျှင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ မဲပေးပိုင်ခွင့်ရှိသူ (၆၀၁၇၄) ဦးရှိသည့်အနက် မဲဆန္ဒရှင် (၄၄၅၁၂) ဦးက ဆန္ဒမဲပေးကြသဖြင့် ဆန္ဒမဲပေးသူ (၇၃. ၉၇) ရာခိုင်နှုန်းရှိခဲ့ကြောင်းနှင့် အေးချမ်းစွာပြီးမြောက်ခဲ့ကြောင်းမှာ အငြင်းပွားရန်မရှိပေ။

ကေအင်န်ယူသောင်းကျန်းသူများက ကြောင်ပြာရွာနေ ဦးလှဌေးကို ဖမ်းဆီး ခေါ်ဆောင်သွားခြင်းမှာ မှန်သော်လည်း ထိုအကြောင်းကြောင့် ရွေးကောက်ပွဲ ပျက်ပြယ်ခဲ့ခြင်း မရှိပေ။

လျှောက်ထားသူများပြသသည့်သက်သေများဖြစ်ကြသော ကြောင်ပြာရွာနေ ဦးလှဌေး ၊ ကျောက်ကြီးမြို့နေ ဦးစိုးနိုင် ၊ မီးတိုင်တောအုပ်စုနေ ဦးမောင်ညို ၊ တုံးကြီးအုပ်စု သံဘိုကျေးရွာနေ ဦးစိုးတင့် ၊ ဒေါင်းမို့အုပ်စု တောကြောင်ပေါက်ကျေးရွာနေ ဦးမြင့်ခင် ၊ နတ်သံကွင်းကျေးရွာအုပ်စု ရေတွင်းကုန်းကြီးကျေးရွာနေ ဦးစောအယ်ဆေး တို့က ကျောက်ကြီးမြို့နယ်သည် အညိုရောင်နယ်မြေဖြစ်ပြီး ရွေးကောက်ပွဲကာလ၌ ကေအင်န်ယူ သောင်းကျန်းသူများခြိမ်းခြောက်မှုကြောင့် ရွာသူရွာသားများက ပြည်ခိုင်ဖြိုးပါတီကို မဲမပေးဘဲ တ. စ. ည ပါတီကို မဲပေးကြရမည်ဟု ပြောဆိုသောကြောင့် မဲဆွယ်စည်းရုံး၍မရကြောင်း ထွက်ဆိုကြသော်လည်း ပြည်ခိုင်ဖြိုးပါတီမှဆန္ဒမဲများလုံးဝမရရှိခြင်း မဟုတ်ဘဲ ၎င်းတို့ထွက်ဆိုသော မဲရုံများတွင် ပြည်ခိုင်ဖြိုးပါတီမှ ဦးသူရမျိုးခင်သည် မဲပုတ်ကျေးရွာအုပ်စု မဲရုံ၌ ဆန္ဒမဲ (၇၅)မဲ၊ ကြို့တင်မဲ (၁၈)မဲ၊ မီးတိုင်တော

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘောဘီအုန်း

အုပ်စု မဲရုံအမှတ် (၂)တွင် ဆန္ဒမဲ (၁၉၃) မဲ၊ ကြိုတင်မဲ (၄) မဲ၊ တုံးကြီး ကျေးရွာအုပ်စု မဲရုံ၌ ဆန္ဒမဲ (၄၇၈)မဲ၊ ကြိုတင်မဲ (၅)မဲ၊ ပြည်ခိုင်ဖြိုးပါတီမှ ဦးဝင်းဗိုလ်သည် ဒေါင်းမို့ကျေးရွာအုပ်စု မဲရုံအမှတ် (၂)တွင် ဆန္ဒမဲ (၁၄၈)မဲနှင့် နတ်သံကွင်းကျေးရွာအုပ်စု မဲရုံအမှတ် (၄)တွင် ဆန္ဒမဲ (၁၉၂) မဲ၊ ကြိုတင်မဲ (၂)မဲ ရရှိကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ကေအင်န်ယူသောင်းကျန်းသူများက ပြည်ခိုင်ဖြိုး ပါတီကို မဲမပေးရန်၊ မဲပေးလျှင်သတ်မည်၊ ရွာကိုမီးရှို့မည် ဟုခြိမ်းခြောက် သဖြင့် ရွာသူရွာသားများ ပြည်ခိုင်ဖြိုးပါတီကို မဲမပေးဘဲ တ. စ. ည ပါတီကို မဲပေးကြသည်ဟုဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရ သည်။

လျှောက်ထားသူများ၏သက်သေ ဦးလှငွေ ( ဦးသူရမျိုးခင်၏ မဲပုတ်ကျေးရွာအုပ်စု မဲရုံကိုယ်စားလှယ် ) က ကျေနပ်ခြင်းမရှိ၍ ၎င်းနှင့် ဒေါ်ခင်မာအေး၊ ဒေါ်ရွှေဇင်ဦးတို့က မဲစာရင်း ပုံစံ (၁၆)တွင် လက်မှတ် မထိုးခဲ့ဟု ဆိုသော်လည်း ယင်းမဲရုံ၏မဲစာရင်းပုံစံ (၁၆)တွင် မခင်မာအေး နှင့် မရွှေစင်ဦး အမည်ဖြင့် လက်မှတ်ရေးထိုး ထားကြောင်း တွေ့ရှိသည်။ လျှောက်ထားသူ ဦးသူရမျိုးခင်၏ မီးတိုင်တောကျေးရွာအုပ်စု မဲရုံအမှတ် (၂) မဲရုံကိုယ်စားလှယ် ဦးမောင်ညို ၊ တုံးကြီးကျေးရွာအုပ်စု မဲရုံကိုယ်စား လှယ် ဦးစိုးတင့် ၊ ကျွန်းပင်ဆိပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁) မဲရုံကိုယ်စား လှယ် ဦးခင်နိုင် နှင့် သောင်လယ် ကျေးရွာအုပ်စု မဲရုံအမှတ်(၂) မဲရုံ ကိုယ်စားလှယ် ဦးတင်မောင်လွင် (မဲစာရင်းတွင် ဦးမောင်လွင်အမည်ဖြင့် လက်မှတ်ရေးထိုးပါသည်)၊ လျှောက်ထားသူ ဦးမောင်ကျော်၏ ကုန်းတော ကျေးရွာအုပ်စု မဲရုံအမှတ် (၄) မဲရုံကိုယ်စားလှယ် ဦးဇော်ဦး၊ လျှောက်ထား သူ ဦးဝင်းဗိုလ်၏နတ်သံကွင်းကျေးရွာအုပ်စု မဲရုံအမှတ် (၄) မဲရုံကိုယ်စား လှယ် ဦးစောအယ်ဆေးတို့က မဲရုံတွင်ကျေနပ်မှုမရှိ၍ မဲစာရင်းပုံစံ (၁၆) တွင် လက်မှတ်မရေးထိုးခဲ့ကြောင်း ထွက်ဆိုကြသော်လည်း မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ပေးပို့ထားသည့် ယင်းမဲစာရင်းပုံစံ (၁၆) များတွင် ၎င်းတို့က လက်မှတ်ရေးထိုးထားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ထွက်ဆိုချက်များ မှန်ကန်မှုမရှိကြောင်း တွေ့ရသည်။

ရွေးကောက်ပွဲခုံအဖွဲ့သည် လျှောက်ထားသူတို့၏ သက်သေ ဦးထွန်းထွန်းဝင်းက မြွေတွင်းကျေးရွာအုပ်စု၊ စဝင်ကျေးရွာမဲရုံတွင် မဲရေ

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘေဘီအုန်း

တွက်စဉ် အုပ်စုအတွင်းရေးမှူး ဦးဝင်းကြည်ရောက်ရှိလာပြီး တ. စ. ည ပယ်မဲများကို ကောက်ယူပြီး ဒါပယ်မဲမဟုတ်ဘူး ရမဲတွေဟု ပြောကာ ထိုမဲများကို တ. စ. ည ပါတီ ရမဲပုံးထဲသို့ ထည့်သည်ကို တွေ့ရပါသည်။ ပယ်မဲစုစုပေါင်း (၁၅၀) ရှိပါသည်ဟု ထွက်ဆိုချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ သက်သေဦးတင်မောင်လွင်က သောင်လယ်အုပ်စုမဲရုံ အမှတ် (၂)တွင် မဲရုံမှူးလက်မှတ်မပါသော ပယ်မဲ (၅၀)ကိုတွေ့သော် လည်း မဲရုံမှူးကမပယ်ကြောင်း၊ ထိုမဲများမှာ တ. စ. ည ပါတီကို အမှန်ခြစ် ထားသောမဲများဖြစ်ကြောင်း ထွက်ဆိုချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ၂၈. ၄. ၂၀၁၁ ရက်နေ့တွင် နှစ်ဖက်အမှုသည်များ ရှေ့မှောက်၌ အဆိုပါမဲရုံ (၃) ရုံရှိ မဲများကိုဖွင့်ဖောက် စစ်ဆေးကြည့်ရှုခဲ့သည်။

ယင်းကဲ့သို့ စစ်ဆေးရာတွင် မြွေတွင်းအုပ်စု စဝင်ကျေးရွာ မဲရုံ၌ တ. စ. ည ပါတီမှ ဦးကောင်းညွန့်ရရှိသည့် ဆန္ဒမဲ (၅၄၃) မဲတွင် ပြည်ခိုင်ဖြိုးပါတီမှ ဦးမောင်ကျော်အား ဆန္ဒပြုထားသည့် ဆန္ဒမဲ (၁) မဲသာ မှားယွင်းပါရှိပြီး ပယ်မဲ (၁၅၀) မပါရှိကြောင်းတွေ့ရှိရသည်။

သောင်လယ်ကျေးရွာအုပ်စု မဲရုံအမှတ် (၂)ကို စစ်ဆေးရာတွင် ယင်းမဲရုံ၌ တ. စ. ည ပါတီမှ ဦးဉာဏ်ဆွေဝင်း ရရှိသော ဆန္ဒမဲ (၃၈၄) မဲတွင် မဲရုံမှူးလက်မှတ်မပါသော ဆန္ဒမဲ (၃)မဲသာတွေ့ရှိပြီး မဲရုံမှူး လက်မှတ် မပါသော ဆန္ဒမဲ (၅၀)မဟုတ်မှန်ကြောင်း တွေ့ရှိသည်။

သို့ဖြစ်၍ ၎င်းအချက်များသည်လည်း မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

မဲရုံမှူးများကို နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းသည်။ ရပ်ကွက် နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများကို နိုင်ငံရေးပါတီဝင်မဟုတ်သူ၊ ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသူများနှင့် ဖွဲ့စည်း သည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ ကျောင်းဆရာ၊ ဆရာမများသည် မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များဖြစ်ကြသည်။ သို့ဖြစ်၍ ယေဘုယျအားဖြင့် နိုင်ငံ ဝန်ထမ်းဖြစ်သော မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များသည် နိုင်ငံရေးကင်းရှင်း ကြသည်ဟု မှတ်ယူရမည် ဖြစ်သည်။ ထို့အတူ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီဝင် မဟုတ်သူ ဒေသခံအများပြည်သူတို့၏ ယုံကြည်လေးစားခြင်းခံရသူ ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ကန့်ကွက်လွှာအပိုဒ် ၅(ဃ)တွင် ဖော်ပြကန့်ကွက်သည့် ကျောက်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ခန့်ထားသော (မဆလ) အရင်းအမြစ် (တ. စ. ည) မျိုးနွယ်ဆက် မဲရုံမှူးများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ၊ မဲရုံအဖွဲ့ဝင်များက လျှောက်ထားခံရသူများ၏အကျိုးငှာ တရားမဲ့ပြုကျင့်မှုများကို ပြုလုပ်ခဲ့သည် ဟူသော ကန့်ကွက်ချက်သည် ယေဘုယျကန့်ကွက်ချက်ဖြစ်သည်။ မဲရုံမှူးများ၊ အဖွဲ့ဝင်များနှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များသည် တ. စ. ည ပါတီဝင်များဖြစ်ကြောင်းလည်း အထောက်အထားတင်ပြနိုင်ခြင်း မရှိပေ။

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘောဘီအုန်း

ရွေးကောက်ပွဲကျင်းပသည့် ၇. ၁၁. ၂၀၁၀ ရက်နေ့တွင် မဲရုံများ၌လုံခြုံရေး တာဝန်ကျသောသူများ၊ ရ. ယ. က၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ရဲတပ်ဖွဲ့ စသည်တို့ရှိကြသည့်အပြင် ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ၊ ဆန္ဒမဲလာပေးသူများဖြင့် လူများစွာရှိကြသည်။ ထိုသူများရှေ့တွင် ရယက၊ မဲရုံမှူးများ၊ မဲရုံကိုယ်စားလှယ်များက တရားမဲ့ပြုကျင့်မှုများကို မြင်မြင်ထင်ထင်ပြုလုပ်ရန်မှာ ခဲယဉ်းသည်။ ယင်းအခြေအနေတွင် တရားမဲ့ပြုကျင့်မှုများပြုလုပ်ခဲ့လျှင် မြင်တွေ့နိုင်သောသက်သေအများ ရှိနိုင်မည်ဖြစ်၍ ထိုသက်သေများကိုတင်ပြခြင်းမပြုဘဲ မိမိတို့၏ မဲရုံကိုယ်စားလှယ်များကိုသာ သက်သေတင်ပြခြင်းသည် သက်သေလုံလောက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ဤလျှောက်ထားမှုများတွင် လျှောက်ထားသူ ဦးသူရမျိုးခင်နှင့် ၎င်း၏သက်သေ မဲရုံကိုယ်စားလှယ်များ၏ ထွက်ဆိုချက်များမှအပ အခြားလွတ်လပ်သော သက်သေအထောက်အထားများ မရှိဟု ဆိုရမည်ဖြစ်သည်။

လျှောက်ထားသူများက သက်သေခံအထောက်အထားအဖြစ် တင်ပြသော အင်းနက်ကျေးရွာ ကြိုတင်မဲ ပေးခြင်းနှင့်ပတ်သက်၍ ရိုက်ကူးထားသည့် သက်သေခံ (ဂ) VCD ကို ခုံအဖွဲ့က ကြည့်ရှုရာ ယင်း VCD တွင် ရွေးကောက်ပွဲနေ့မတိုင်မီ ၃၁. ၁၀. ၂၀၁၀ ရက်နေ့နှင့် ၁. ၁၁. ၂၀၁၀ ရက်နေ့များ၌ အင်းနက်ကျေးရွာတွင် ရွာသူရွာသားများက ကြိုတင်မဲပေးခဲ့ကြခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူများနှင့်

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘေဘီအုန်း

ကျောက်ကြီးမြို့ အထူးသတင်းတပ်ဖွဲ့တွင်တာဝန်ထမ်းဆောင်သူ ဦးစိုးနိုင်တို့က ကြိုတင်မဲပေးခဲ့သည့် ရွာသူရွာသားများကို ၂. ၁၁. ၂၀၁၀ ရက်နေ့၌ အင်းနက်ကျေးရွာတွင်သွားရောက် စစ်ဆေးမေးမြန်းထားသည်ကို ရိုက်ကူးထားသည့် VCD ခွေဖြစ်ကြောင်း တွေ့ရပါသည်။ ၎င်းတို့က ကြိုတင်မဲပေးခဲ့သည့် ရွာသူရွာသား တစ်ဦးချင်းစီကို ခေါ်ယူပြီး ကြိုတင်ဆန္ဒမဲကို မည်သူက ပေးခိုင်းသည်၊ မည်သည့်အတွက်ပေးသည်၊ တစ်ဦးတည်းကမဲမည်မျှပေးသည်၊ မည်သည့်ပါတီကိုမဲပေးခဲ့သည်၊ ကြိုတင်မဲပေးခြင်းသည် မဲရုံသို့မလာရောက်နိုင်ခြင်းကြောင့် ဖြစ်သည် သို့မဟုတ် မကျန်းမာ၍ သက်ကြီးရွယ်အို ဖြစ်သည် မဖြစ်သည် စသည်တို့ကို မေးမြန်းကြသည်။ ယင်းသို့စစ်ဆေးမေးမြန်းရာတွင် ကြိုတင်မဲပေးသူအများစုမှာ တစ်ဦးတည်းက တစ်အိမ်လုံးရှိ မိသားစုများကို မဲပေးခဲ့ကြကြောင်း ထွက်ဆိုကြသဖြင့် ကြိုတင်မဲပေးရာတွင်လွဲမှားစွာ ဆောင်ရွက်ကြကြောင်း တွေ့ရှိရသည်။

ယင်းသို့ကြိုတင်မဲပေးရာတွင် မိမိတို့သဘောဆန္ဒအလျောက်ပေးကြသည်ဟု ဆန္ဒမဲပေးသူများက ပြောကြားကြပြီး လျှောက်ထားခံရသူကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏သဘောတူညီချက်ဖြင့် အခြားသူ တစ်ဦးဦးကဖြစ်စေ ပေးစေခဲ့ကြောင်း ပေါ်ပေါက်ခြင်း မရှိသဖြင့် သဘောရိုးဖြင့်လွဲမှားခြင်းသာဖြစ်သည်ဟု ယူဆသည်။ တရားမဲ့ပြုကျင့်မှုများဖြင့် ကြိုတင်မဲပေးခြင်း မဟုတ်ချေ။

ထို့ကြောင့် ငြင်းချက် (၁) တွင် လျှောက်ထားခံရသူများသည် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများကို ပြုလုပ်ခဲ့သည်ဟု ခိုင်လုံသော သက်သေခံချက်များ မရှိသဖြင့် ငြင်းချက်ကိုမမှန်ဟုဖြေဆိုသည်။

## ငြင်းချက် (၂)

အထက်ပါ ငြင်းချက် (၁) တွင် ဖြေဆိုချက်အရ ငြင်းချက် (၂)ကို မမှန်ဟု ဖြေဆိုသည်။

## ငြင်းချက် (၃)

ငြင်းချက် (၁)နှင့် (၂) ဖြေဆိုချက်အရ လျှောက်ထားသူများသည် တောင်းဆိုသည့် သက်သာခွင့်ကို ရထိုက်ခွင့်မရှိသဖြင့် အောက်ပါ

အမိန့်ကိုချမှတ်လိုက်သည်။

## **အမိန့်**

လျှောက်ထားသူများ၏ကန့်ကွက်လွှာများကို စရိတ်နှင့်တကွပယ်သည်။ တရားစရိတ် ငွေကျပ် **၁၀ သိန်း** ကို လျှောက်ထားသူများက လျှောက်ထားခံရသူများသို့ ပေးစေ။

၂၀၁၁ ခုနှစ်
ဦးသူရမျိုးခင်
ဦးမောင်ကျော်
ဦးဝင်းဗိုလ်
နှင့်
ဦးဉာဏ်ဆွေဝင်း
ဦးကောင်းညွန့်
ဦးဘောဘီအုန်း

၂၀၁၁ ခုနှစ်
ဇွန်လ
၂၄ ရက်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ရွေးကောက်ပွဲခုံအဖွဲ့**

**ရွေးကောက်ပွဲခုံအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကြည်၊**
**အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်နှင့် ဦးသာဦးတို့ရှေ့တွင်**

**ဦးရွှေမန်းတင် လျှောက်ထားသူ**

**နှင့်**

**ဦးဖေသန်း လျှောက်ထားခံရသူ ***

**မဲရုံမှူးများ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရယကဥက္ကဋ္ဌများ၏ လုပ်ဆောင်ချက်များကိုကန့်ကွက်ခြင်း၊ ၎င်းတို့သည် ရွေးကောက်ပွဲတွင် မမှန်မကန် လုပ်ဆောင်ကြောင်း ဘက်လိုက်မှုများရှိ ကြောင်း၊ ကန့်ကွက်ခံရသူကခိုင်းစေချက် သို့မဟုတ် သဘောတူချက်အရ လုပ်ဆောင်ကြောင်း သက်သေ တင်ပြရန်လိုအပ်ခြင်း။**

**ဆုံးဖြတ်ချက်။** အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်ပါက လျှောက်ထားသူက လျှောက်ထားခံရသူအား တရားမဲ့ပြုကျင့်ကြောင်း တိုက်ရိုက်စွပ်စွဲခဲ့ခြင်း မရှိသကဲ့သို့ သက်သေထင်ရှား ပြသခြင်းလည်း မရှိပေ။ လျှောက်ထားသူက အများအားဖြင့် မဲရုံးမှူးများ၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရယကဥက္ကဋ္ဌများ၏ လုပ်ဆောင်ချက်များကိုသာ ကန့်ကွက်ခြင်း ဖြစ်ကြောင်း ပေါ်လွင်သည်။ ၎င်းတို့သည် ရွေးကောက်ပွဲတွင် မမှန်မကန် လုပ်ဆောင်ခြင်း၊ ဘက်လိုက်မှုများ ရှိကြောင်းလည်း သက်သေထင်ရှားခြင်း မရှိရုံမျှမက လျှောက်ထားခံရသူ ဦးဖေသန်းနှင့် မည်သို့ပတ်သက်ဆက်နွယ်မှုရှိကြောင်း၊ ဦးဖေသန်းကဖြစ်စေ ၎င်း၏ ခိုင်းစေချက် သို့မဟုတ် သဘောတူညီချက်အရဖြစ်စေ လုပ်ဆောင်ခြင်း

*** ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် ( ၂၃ )**

ဖြစ်ကြောင်းကိုပင် လျှောက်ထားသူက တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

<u>၂၀၁၁ ခုနှစ်</u>
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

လျှောက်ထားသူအတွက် - ဦးမောင်မောင်ချို
(တရားလွှတ်တော်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဦးအောင်ကျော်စိန်
(တရားလွှတ်တော်ရှေ့နေ)

အမှုမှာ ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံသူ ဦးရွှေမန်းတင်က ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ယင်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရခြင်းကို ပျက်ပြယ်ကြောင်းနှင့် မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ဆုံးဖြတ်ကြေညာပေးရန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၇ / ၆၈ အရ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားသော အမှုဖြစ်သည်။

လျှောက်ထားသူ၏ ကန့်ကွက်လွှာအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားသူနှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ လျှောက်ထားခံရသူတို့သည် ရခိုင်ပြည်နယ်မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ယှဉ်ပြိုင်အရွေးခံရာ ရခိုင်ပြည်နယ်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲ၏ (၁၂. ၁၁. ၂၀၁၀) ရက်နေ့စွဲပါ ကြေညာချက်အမှတ် (၆/၂၀၁၀) အရ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် လျှောက်ထားခံရသူအား ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခြင်းအပေါ် ကန့်ကွက်ကြောင်း၊ မဲအများဆုံးရရှိခြင်းသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲပါ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို ချိုးဖောက်ကျူးလွန်ပြီးမှ မသမာသောမဲများဖြင့် အသာရရှိခြင်းဖြစ်ကြောင်း၊ အမှန်စင်စစ် ခိုင်မာသောမဲအများဆုံး ရရှိသူမှာ လျှောက်ထားသူသာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မဲဆန္ဒနယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ပေါင်း(၆၀)ရှိပြီး မဲရုံပေါင်း (၁၁၁)ရုံရှိကြောင်း၊

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ (၇၄၈၂၂)ဦး၊ ဆန္ဒမဲလာရောက်ပေးသူ (၁၉၈၁၇)ဦးရှိကြောင်း၊ ထိုသို့ဆန္ဒမဲပေးသူများအနက် လျှောက်ထားသူရရှိသောမဲမှာ (၁၀၀၀၅)မဲဖြစ်ကြောင်း၊ ပယ်မဲပေါင်း (၁၀၂၆၄)မဲရှိခဲ့ကြောင်း၊ အထက်ဖော်ပြပါ ပယ်မဲများအနက် ကော်မရှင်အဖွဲ့ခွဲများနှင့်မဲရုံမှူးအားလုံးသည် ပယ်မဲ မသတ်မှတ်နိုင်သော အကြောင်းခြင်းရာများကို သေချာစွာမသိဘဲ ပယ်မဲအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသဖြင့် လျှောက်ထားသူမှာ ထောက်ခံမဲနည်းခဲ့ရခြင်းဖြစ်ကြောင်း၊ မြေပုံမြို့နယ် ပြင်ချောင်းကျေးရွာအုပ်စု ဝကောက်ကြီးမဲရုံ အမှတ်(၂)တွင် ၎င်းရရှိသည့် ဆန္ဒမဲ (၁၂၃)မဲကို လျှောက်ထားခံရသူအားပေးပြီး လျှောက်ထားခံရသူရရှိသည့် (၆၂)မဲကို ၎င်းအားပေးထားသည်မှာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရိုးသားမှုမရှိကြောင်းမှာ ပေါ်လွင်ကြောင်း၊ ခေါင်းဖြူကျေးရွာအုပ်စု ဝက်ခေါင်းကျေးရွာ မဲရုံ၌ (၇. ၁၁. ၂၀၁၀)ရက်နေ့ နံနက်(၉)နာရီအချိန်ခန့်တွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေး ပါတီမှ မြေပုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ဝင်းသည် မဲရုံသို့ရောက်ရှိလာပြီး မဲထည့်ရန်လာကြသော ဝက်ခေါင်းရွာသူရွာသားများရှေ့တွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည် ပတ်ဝန်းကျင်ကျေးရွာများ၌ အားလုံးအနိုင် ရရှိနေပြီးဖြစ်သည်ကို သိရှိရကြောင်း၊ ငမန်းရဲကျွန်း ကျေးရွာများတွင်လည်း အနိုင်ရနိုင်သည့် အခြေအနေရှိနေသည်၊ ရခိုင်တိုင်းရင်သားများ ရခိုင်ပါတီကိုမဲထည့်ကြပါဟု အော်ဟစ် ပြောဆိုခဲ့ကြောင်း၊ ချောင်းကြီးကျေးရွာမဲရုံတွင် ၎င်းရွာမှ ဦးရွှေကျော်အောင်၊ ဦးငပုနှင့် ကန့်ကော်ချောင်းကျေးရွာမှ မောင်ချေတို့ (၃)ဦးသည် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ အမှတ်အသားတံဆိပ်ပါ မဲလက်မှတ်နမူနာများကို အသီးသီးကိုင်ဆောင်ကာ မဲရုံအနီး စောင့်ဆိုင်းနေပြီး မဲလာရောက်ပေးသူများအားစည်းရုံးကြောင်း၊ ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ် ဦးငမဲမှ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံထွန်းအောင်နှင့် မဲရုံမှူး ဦးစိန်ကျော်ဦးတို့အား တိုင်ကြားသော်လည်း တားမြစ်ခြင်းမရှိကြောင်း၊ မဲရုံပိတ်ပြီးနောက် မဲလက်မှတ်များ ရေတွက်စစ်ဆေးရာတွင် ကြိုတင်မဲများကို ပူးပေါင်းရေတွက်ခြင်းမရှိဘဲ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ၎င်းတို့နှင့်အတူ ကျေးရွာအတွင်းသို့ ယူဆောင်သွားကြောင်း၊ ကျီးခေါင်းတောင်ကျေးရွာ ရယကစာရေး ဒေါ်ယဉ်ယဉ်အေးသည် အသက် (၁၈) နှစ်မပြည့်သေးသူကလေးများနှင့် ကွယ်လွန်သူများကို မဲစာရင်းတွင်

ထည့်သွင်းဖော်ပြ ထားကြောင်း၊ မဲစာရင်းထုတ်ပြန်ကြေညာသည့်နေ့တွင် မဲစာရင်းမပါသူ (၁၁၀)ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် မယကဥက္ကဋ္ဌအား လျှောက်ထားချက်အရ မယကဥက္ကဋ္ဌမှ မဲစာရင်းတွင် မပါသူများကို ပြန်လည်ထည့်သွင်းပေးရန် ညွှန်ကြားသော်လည်း ရယကစာရေးမှ လူ (၃၀)ခန့်ကိုသာထည့်သွင်းပြီး ပြည်ခိုင်ဖြိုးပါတီဝင် (၈၀)ကို မဲစာရင်းတွင် မထည့်သွင်းသည့်အတွက် မဲမပေးဘဲနေခဲ့ရကြောင်း၊ ထို့အပြင် မဲဆန္ဒရှင် ဒေါ်ဦးလှမြင့် (ဘ)ဦးမောင်ဦး၏ အမည် နေရာတွင် ရတပပါတီဝင် ဦးလှမြင့် (ဘ)ဦးဘသိန်းမောင်က မဲပေးသွားသည့်အတွက် ဒေါ်ဦးလှမြင့် မဲပေးရန် သွားရောက်သည့်အခါ မဲပေးခွင့်မပြုခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌသည်လည်း ရတပပါတီဝင်တစ်ဦးဖြစ်ပြီး ၎င်းကိုယ်တိုင် မဲရုံအတွင်း မဲဆွယ်စည်းရုံးကြောင်း၊ ကျောက်မော်ကြီးကျေးရွာမဲရုံရှေ့ (၁၁)ကိုက်အကွာ လဘက်ရည်ဆိုင် တွင် ရတပပါတီဝင် ဦးမောင်ရွှေမြ၊ ဦးခင်မောင်၊ ဦးမောင်စောထွန်း၊ ဦးလှမောင်သိန်း၊ ဦးစိန်သန်းနှင့် ဦးစိန်ကျော်လှိုင်တို့သည် မဲလာထည့်သူများအား မဲဆွယ်စည်းရုံးကြောင်း၊ ကံသာကျေးရွာမဲရုံ၌ မဲစာရင်း ကြေညာသည့်နေ့တွင် ပြည်ခိုင်ဖြိုးပါတီဝင်များသည် မဲစာရင်းတွင်ပါဝင်သော်လည်း မဲထည့်ရန် သွားရောက်သည့်နေ့တွင် မဲရုံမှူးဦးစိန်လှမြိုင်၊ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖြူသာထွန်း၊ ရယကဥက္ကဋ္ဌ ဦးညီညီတို့က ပြည်ခိုင်ဖြိုးပါတီဝင်များ မဲစာရင်းသည် ဂီရိမုန်တိုင်းတွင် ပါသွားသည်ဟု ပြောလွှတ်သဖြင့် ပြည်ခိုင်ဖြိုးပါတီဝင် မိသားစု(၇၀)ဦးခန့် မဲမပေး ခဲ့ရကြောင်း၊ အတွင်းငခူချောင်းကျေးရွာ မဲရုံတွင် ရွေးကောက်ပွဲမတိုင်မီ (၁)ရက်အလိုတွင် မဲလက်မှတ်ထုတ်ပေးသူအဖြစ် တာဝန်ပေးထားသူ မနီနီဝင်းသည် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှ လွှတ်တော်(၃)ရပ်အတွက် မဲလက်မှတ် စာအုပ်(၃)အုပ် ထုတ်ယူကာ ကျေးရွာအတွင်းလှည့်လည်၍ ရတပပါတီအမှတ်တံဆိပ်ကို ပြသလျက် စည်းရုံးဆောင်ရွက်ခဲ့ကြောင်း၊ထို့အပြင် ရတပပါတီဝင် ဦးကျားချေသည် မဲရုံထဲဝင်လာပြီး ပြည်ခိုင်ဖြိုးပါတီအား မဲထည့်ရန်လာသူ ဦးနှင်းစိုးလှအား ဆဲဆိုရန်ရှာပြီး ရိုက်နှက်ခဲ့ကြောင်း၊ ရေနီကြီး ကျေးရွာမဲရုံ၏ မဲရုံမှူးကျောင်းအုပ်ဆရာကြီး ဦးမောင်လှရွှေသည် ရတပပါတီအမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လုံး၏ တပည့်ဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ ကပင် ရတပပါတီအတွက် မဲဆွယ်စည်းရုံးနေသူဖြစ်ကြောင်း၊ထို့အပြင် ရတပပါတီဝင်များဖြစ်ကြသော ဦးခင်မောင်သန်း၊ ဦးထွန်းဝင်းတင်နှင့် ဦးထွန်းနိုင်တို့သည် (၇. ၁၁.

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

၂၀၁၀) ရက်နေ့ မဲရုံအတွင်း မဲပေးချိန်တွင် ရတပပါတီအတွက် (၂)ကြိမ်တိုင်တိုင် မဲပေးခဲ့ကြောင်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေး ပါတီမှ မဲဆွယ်စည်းရုံးမှုကာလ ကျေးရွာများတွင် ဟောပြောစည်းရုံးရာ၌ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ ပါ လိုက်နာရမည့် အချက်များကို ဖောက်ဖျက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေမည့်၊ လူမျိုးရေး စိတ်ဓာတ်ကွဲပြားစေမည့် သွေးထိုးပြောဆို စည်းရုံးခြင်း၊ဘုန်းကြီးထိပ်ကိုခွဲသည့်ပါတီ ကြံ့ခိုင်ရေးပါတီကို မဲမထည့် ကြရန်ဟောပြောခြင်း၊ ၈၈ အရေးအခင်းက ပြည်သူနှင့် ကျောင်းသား များကို ရက်ရက်စက်စက်သတ်သည့် လူသတ်ပါတီ အစိုးရပါတီအား မဲမပေးကြရန် ဟောပြောခြင်း၊ လူမျိုးရေးခွဲခြားပြီး ဟောပြောစည်းရုံးခြင်း၊ လက်ရှိတပ်မတော် အစိုးရလက်အောက်တွင် ရခိုင်အမျိုးသားများ ဖိနှိပ်ခံရခြင်းကြောင့် လူမျိုးရေးစိတ်ဓာတ် ပြင်းထန်တက်ကြွလာအောင်၊ အစိုးရအပေါ်တွင် မုန်းတီးမှုပိုဖြစ်ပေါ်လာအောင်၊ လူမျိုးရေးခွဲခြား လိုစိတ်များ ပေါ်ပေါက်အောင် ဟောပြောစည်းရုံးခြင်းများ ပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း၊ သို့ဖြစ်၍ လျှောက်ထားခံရသူအား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရခြင်းအား ဥပဒေအရ ပျက်ပြယ်ကြောင်း ဆုံးဖြတ်ပေးရန်နှင့် လျှောက်ထားသူသည်သာ ခိုင်လုံ သော မဲအများဆုံး ရရှိသူဖြစ်၍ ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကြောင်း ဆုံးဖြတ်ကြေညာပေးရန် အဆိုပြုသည်။

လျှောက်ထားခံရသူ၏ ချေပလွှာအရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးချင်း ဆန္ဒမဲရရှိမှု အခြေအနေဇယားကို (၁၅. ၁၁. ၂၀၁၀)နေ့ထုတ် မြန်မာ့ အလင်းသတင်းစာပါ အချပ်ပို စာမျက်နှာ(ခ)တွင် ဖော်ပြထားချက်အရ မဲဆန္ဒရှင်ဦးရေ (၄၀၉၄၃)ဦး၊ မဲဆန္ဒပေးသူ (၃၉၈၂၃)ဦးဖြစ်ကြောင်း၊ အရွေးခံကိုယ်စားလှယ် (၃)ဦး၏ စုစုပေါင်းပယ်မဲမှာ (၁၀၂၆၄)မဲ ဖြစ်ကြောင်း၊ ရတပမှ ဦးဖေသန်း၏ ရမဲမှာ (၁၅၁၈၇)မဲ၊ တစည မှ ဦးမောင်လှ၏ ရမဲမှာ (၄၃၆၇)မဲဖြစ်ပြီး၊ ပြည်ခိုင်ဖြိုးမှ ဦးရွှေမန်းတင်၏ ရမဲမှာ (၁၀၀၀၅)မဲ ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် မဲရုံမှူးများသည် ပယ်မဲအဖြစ်သတ်မှတ်ရသည့် အကြောင်းအချက်များကို ကောင်းစွာသိရှိကြသူများဖြစ်ကြောင်း၊ ကန့်ကွက်လွှာပါ တရားမဲ့ပြုကျင့်သူများ စာရင်းတွင်ကျူးလွန်သူများအဖြစ်

ဖော်ပြပါရှိသူများမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် အညီ ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသာဖြစ်ကြောင်း၊ လျှောက်ထားသူအနေဖြင့် လျှောက်ထားခံရသူအပေါ်တွင် တရားမဲ့ပြုကျင့်ကြောင်း၊ တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း သို့ဖြစ်၍ ကန့်ကွက်လွှာအား ပလပ်ပေးပါရန် ချေပသည်။

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

ကန့်ကွက်လွှာတွင် အဆိုပြုချက်များနှင့် ချေပလွှာအရ ရွေးကောက်ပွဲခုံအဖွဲ့က အောက်ပါငြင်းချက်များကို ထုတ်ခဲ့သည် -

၁။ လျှောက်ထားခံရသူသည် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့သည်မှာ မှန်သလား။

၂။ လျှောက်ထားခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံသော မဲအများဆုံးကို ရရှိနိုင်သည်ဆိုခြင်းမှာ မှန်ပါသလား။

၃။ လျှောက်ထားသူသည် တောင်းဆိုသည့် သက်သာခွင့်ကို ရထိုက်ပါသလား။

## ငြင်းချက် (၁)

လျှောက်ထားသူ ဦးရွှေမန်းတင်သည် ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ကိုယ်စားပြု၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံသည်။ ယှဉ်ပြိုင်အရွေးခံသူများမှာ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ လျှောက်ထားခံရသူ ဦးဖေသန်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးမောင်လှတို့ ဖြစ်သည်။ ရွေးကောက်ပွဲတွင် လျှောက်ထားသူ ဦးရွှေမန်းတင်က ခိုင်လုံမဲ (၁၀၀၀၅)မဲ၊ လျှောက်ထားခံရသူ ဦးဖေသန်းက (၁၅၁၈၇)မဲနှင့် ဦးမောင်လှက (၄၃၆၇)မဲ အသီးသီးရရှိကြသည်။ ပယ်မဲအရေအတွက်မှာ (၁၀၂၆၄)မဲ ဖြစ်သည်။ ထို့ကြောင့် လျှောက်ထားခံရသူ ဦးဖေသန်းသည် ခိုင်လုံမဲအများဆုံး ရရှိသဖြင့် (၁၂. ၁၁. ၂၀၁၀)ရက်နေ့တွင် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲမှ ကြေညာချက်အမှတ် (၆/၂၀၁၀) ဖြင့် ဦးဖေသန်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

တင်မြှောက်ခံရကြောင်း ကြေညာခဲ့သည်။ ယင်းသို့ လျှောက်ထားခံရသူ ဦးဖေသန်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာခြင်းအပေါ် လျှောက်ထားသူ ဦးရွှေမန်းတင်က ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူက ၎င်း၏ကန့်ကွက်လွှာအပိုဒ် ၁ နှင့် ၂ ၌ ရခိုင်ပြည်နယ် မြေပုံမြို့နယ် မဲဆန္ဒနယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ပေါင်း (၆၀)ရှိပြီး မဲရုံပေါင်း (၁၁၁)ရုံ ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၇၄၈၂၂)ဦး၊ ဆန္ဒမဲ လာရောက်ပေးသူ (၁၉၈၁၇)ဦး ရှိကြောင်း၊ ထိုသို့ ဆန္ဒမဲပေးသူများအနက် လျှောက်ထားသူရရှိသော မဲမှာ (၁၀၀၀၅)မဲ ဖြစ်ကြောင်း၊ ပယ်မဲပေါင်း (၁၀၂၆၄)မဲရှိခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံမှူးများသည် ပယ်မဲအဖြစ် မသတ်မှတ်နိုင်သော အကြောင်းအရာများကို သေချာစွာမသိဘဲ ပယ်မဲအဖြစ်သတ်မှတ်ခံရ သဖြင့် လျှောက်ထားသူမှာ ထောက်ခံမဲနည်းရခြင်းဖြစ်ကြောင်း တင်ပြခဲ့ သည်။ သို့သော် လျှောက်ထားသူက ရွေးကောက်ပွဲခုံအဖွဲ့ရှေ့ ထွက်ဆိုရာ တွင်မူ ယင်းအချက်ကို ထွက်ဆိုခဲ့ခြင်းမရှိသကဲ့သို့ သက်သေပြသခဲ့ခြင်း လည်း မရှိသဖြင့် အခြေအမြစ်မရှိသော စွပ်စွဲချက်ဖြစ်သည်။

ထို့ပြင် လျှောက်ထားသူက ပြင်ချောင်းကျေးရွာအုပ်စု ဝကောက်ကြီးမဲရုံအမှတ်(၂)တွင် လျှောက်ထားခံရသူ ရရှိသည့် (၁၂၃)မဲ ကို လျှောက်ထားခံရသူအားပေးပြီး၊ လျှောက်ထားခံရသူရရှိသည့် (၆၂)မဲ ကို လျှောက်ထားသူအား ပေးထားသည်မှာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ သည် ရိုးသားမှုမရှိကြောင်း ထွက်ဆို၍ မဲရုံမှူးဦးလှရွှေ (လျှောက်ထား သူပြသက်သေ-၅)က ထောက်ခံထွက်ဆိုသော်လည်း ခိုင်မာသော သက်ဆိုင်ရာ မဲစာရင်းပုံစံများဖြင့် တင်ပြနိုင်ခြင်းမရှိ၍ ယုံကြည်လက်ခံ ရန် ခဲယဉ်းပေသည်။

ဝက်ခေါင်းကျေးရွာမဲရုံတွင် နံနက် (၉)နာရီခန့်၌ ရတပ ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ဝင်းက မဲလာထည့်သူ ဝက်ခေါင်းရွာသူရွာသားများအား စည်းရုံးမဲဆွယ်ခဲ့ကြောင်း လျှောက်ထားသူ၏မဲရုံကိုယ်စားလှယ် ဦးလှမောင်သာ (လျှောက်ထား သူပြ-၃)က ထွက်ဆိုသော်လည်း အခြားလွတ်လပ်သော သက်သေ အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပေ။ ယင်းတင်ပြချက်နှင့် စပ်လျဉ်း၍ မြေပုံမြို့နယ်ရတပပါတီဥက္ကဋ္ဌဖြစ်သူ ဦးမောင်လှသိန်း (လျှောက်ထားခံရသူပြသက်သေ-၁)က ရွေးကောက်ပွဲကျင်းပပြုလုပ်သည့်

(၇. ၁၁. ၂၀၁၀) ရက်နေ့တွင် ၎င်းတို့ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ဝင်းသည် မြေပုံမြို့ပေါ်၌ ၎င်းနှင့်အတူရှိနေခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ထို့ကြောင့် ရတပပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ဝင်းသည် ဝက်ခေါင်းမဲရုံအတွင်း စည်းရုံးမဲဆွယ်ခဲ့သည် ဆိုသောအချက်မှာ ပေါ်လွင်ထင်ရှားခြင်းမရှိပေ။

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

လျှောက်ထားသူ၏ကန့်ကွက်လွှာအပိုဒ် ၅ တွင် ချောင်းကြီးကျေးရွာမဲရုံ၌ ကျေးရွာမှ မောင်ချေတို့ (၃)ဦးသည် ရတပပါတီ အမှတ်အသားတံဆိပ်ပါ လက်မှတ်နမူနာများ ကိုင်ဆောင်ကာ မဲရုံအနီးစောင့်ဆိုင်းနေပြီး မဲလာပေးသူများအား စည်းရုံးကြောင်း၊ ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်ဦးငမဲမှ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံထွန်းအောင်နှင့် မဲရုံမှူး ဦးစိန်ကျော်ဦးတို့အား တိုင်ကြားသော်လည်း တားမြစ်ခြင်းမရှိကြောင်း ဖော်ပြခဲ့သည်။ သို့သော်လည်း လျှောက်ထားသူက ရွေးကောက်ပွဲခုံအဖွဲ့ရှေ့မှောက်၌ ထွက်ဆိုရာတွင်မူ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံထွန်းအောင်နှင့် မဲရုံမှူး ဦးစိန်ကျော်ဦး တို့က လွှတ်တော်(၃)ရပ် မဲလက်မှတ်(၃) စောင်ကို ဦးရွှေကျော်အောင်၊ ဦးပုနှင့် မောင်ချေတို့အား ထုတ်ပေးလိုက်ကြောင်း၊ ၎င်းတို့ (၃)ဦး မဲလက်မှတ်များကိုင်ပြီး မဲရုံအပြင်ဘက်ထွက်သွား၍ မဲရုံနှင့် (၃)ပေခန့်အကွာတွင် မဲလက်မှတ်များပြပြီး ရတပပါတီသင်္ကေတဘေးနား၌ အမှန်အမှတ်အသားခြစ်၍ မဲပေးကြပါဟု စည်းရုံးကြောင်း ကန့်ကွက်လွှာပါ အဆိုပြုချက်နှင့်ဆန့်ကျင်ကွဲလွဲ၍ ထွက်ဆိုခဲ့သည်ကိုတွေ့ရသည်။ လျှောက်ထားသူ ၏ မဲရုံကိုယ်စားလှယ်ဦးငမဲ (လျှောက်ထားသူပြ သက်သေ-၈)က ထွက်ဆိုရာတွင် ကျေးရွာကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံထွန်းအောင်၊ မဲရုံမှူး ဦးစိန်ကျော်ဦးနှင့် မဲလက်မှတ်ထုတ်ပေးသူ ဒေါ်ခင်မာရီတို့ထံမှ ရတပပါတီဝင် ဦးရွှေကျော်အောင်၊ ဦးငပုနှင့် မောင်ချေတို့ (၃)ဦးသည် မဲလက်မှတ်ထုတ်ယူပြီး ဆန္ဒပြုခန်းသို့ မသွားဘဲ မဲရုံအပြင်ဘက် (၆)ပေအကွာသို့ ထွက်သွားကာ မဲလက်မှတ်(၃)စောင်ကို အများမြင်သာအောင် ထောင်ပြပြီး "ရခိုင်သားများ ရခိုင်ပါတီကို မဲထည့်ကြပါ" ဟုပြောဆို စည်းရုံးကြောင်း ကွဲလွဲစွာထွက်ဆိုပြန်သည်။ ထို့ကြောင့် ကန့်ကွက်လွှာပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲနေသည့်အပြင် လျှောက်ထားသူနှင့် ၎င်း၏မဲရုံကိုယ်စားလှယ်တို့၏ ထွက်ဆိုချက်များမှာလည်း ရှေ့နောက်ညီညွတ်ခြင်းမရှိသဖြင့် ချောင်းကြီးကျေးရွာ မဲရုံအပြင်ဘက်သို့ ရတပ

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

ပါတီဝင်များက မဲလက်မှတ်များထုတ်ယူလာပြီး မဲဆွယ်စည်းရုံး ခဲ့သည် ဆိုသောအချက်သည် လက်ခံနိုင်စရာမရှိသော စွပ်စွဲချက်ဖြစ်သည်။

ကျီးခေါင်းတောင်ကျေးရွာရယကစာရေးဒေါ်ယဉ်ယဉ်အေးသည် အသက်(၁၈)နှစ်မပြည့်သေးသူများနှင့် ကွယ်လွန်သူများကို မဲစာရင်းတွင် ထည့်သွင်းဖော်ပြထားကြောင်း၊ မဲစာရင်းမပါသူ (၁၁၀)ဦးတို့ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် မယကဥက္ကဋ္ဌထံ လျှောက်ထားချက်အရ မယကဥက္ကဋ္ဌမှ မဲစာရင်းတွင် မပါသူများကို ထည့်သွင်းပေးရန် ညွှန်ကြားသော်လည်း ရယကစာရေးမှ လူ(၃၀)ခန့်ကိုသာထည့်သွင်းပြီး ပြည်ခိုင်ဖြိုး ပါတီဝင်(၈၀)ဦးတို့ကို မဲစာရင်းတွင် ထည့်သွင်းပေးခြင်း မရှိကြောင်း၊ ထို့အပြင် မဲဆန္ဒရှင် ဒေါ်ဦးလှမြင့်(ဘ)ဦးမောင်ဦး၏ အမည်နေရာတွင် ရတပပါတီဝင် ဦးလှမြင့် (ဘ)ဦးဘသိန်းမောင်က မဲပေးသွားသည့်အတွက် ဒေါ်ဦးလှမြင့် မဲပေးရန်သွားသည့်အခါ မဲပေးခွင့်မပြုခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌသည်လည်း ရတပပါတီဝင်တစ်ဦးဖြစ်ပြီး မဲရုံအတွင်းမဲဆွယ်စည်းရုံးကြောင်း လျှောက်ထားသူနှင့် ၎င်း၏မဲရုံကိုယ်စားလှယ် ဦးလှထွန်းချေ (လျှောက်ထားသူပြသက်သေ - ၇ ) တို့က ထွက်ဆိုသည်။ သို့သော်လည်း ယင်းအကြောင်းအရာများ မှန်ကန်ကြောင်း အခြားလွတ်လပ်သောသက်သေနှင့် ခိုင်မာသောသက်သေခံ အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပေ။ မဲစာရင်းတွင် မပါသူများသည် သက်ဆိုင်ရာကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားနိုင်သည်ဖြစ်ရာ ထိုကဲ့သို့ လျှောက်ထားခဲ့ခြင်းမရှိသည်မှာလည်း ပေါ်လွင်သည်။ ရယကစာရေး ဒေါ်ယဉ်ယဉ်အေးသည် မဲစာရင်းများကို မရိုးမဖြောင့်သောသဘောဖြင့် တမင်မမှန်မကန် ပြုလုပ်ခဲ့ကြောင်းလည်း ထင်ရှားခြင်းမရှိပေ။

ကျောက်မော်ကြီးကျေးရွာမဲရုံရှေ့ (၁၁) ကိုက်အကွာ လဘက်ရည်ဆိုင်တွင် ရတပပါတီဝင် ဦးမောင်ရွှေမြ၊ ဦးခင်မောင်၊ ဦးမောင်စောထွန်း၊ ဦးလှမောင်သိန်း၊ ဦးစိန်သန်းနှင့် ဦးစိန်ကျော်လှိုင်တို့သည် မဲလာထည့်သူများအား မဲဆွယ်စည်းရုံးသည် ဆိုသော အချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူက သက်သေထင်ရှားပြသနိုင်ခြင်း မရှိပေ။ ၎င်း၏ထွက်ဆိုချက်အရပင် မဲရုံသည် လဘက်ရည်ဆိုင်၊ လူနေအိမ်များနှင့်နီးပြီး လဘက်ရည်ဆိုင်တွင် ပြောဆိုသည့် ကိစ္စများသည် မဲရုံကို အနှောင့်အယှက်မဖြစ်စေဘဲ ၎င်းတို့ပြောရိုးပြောစဉ် ပြောဆိုနေခဲ့ကြခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်။

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

ကံသာကျေးရွာ မဲရုံ၌ မဲစာရင်းကြေညာသည့်နေ့တွင် ပြည်ခိုင်ဖြိုးပါတီဝင်များသည် မဲစာရင်းတွင် ပါဝင်သော်လည်း မဲထည့်ရန်သွားရောက်သည့်နေ့တွင် မဲရုံမှူးဦးစိန်လှမြိုင်၊ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖြူသာထွန်း နှင့် ရယကဥက္ကဋ္ဌ ဦးညီညီတို့က ယခင်ကြေညာထားသည့် မဲဆန္ဒရှင်များ၏စာရင်းများ ဂီရိမုန်တိုင်းတိုက်ရာတွင် ပါသွားပြီဖြစ်ကြောင်း ပြောလွှတ်သဖြင့် ပြည်ခိုင်ဖြိုးပါတီဝင်မိသားစု (၇၀)ဦးခန့် မဲမပေးခဲ့ရကြောင်း လျှောက်ထားသူနှင့် ၎င်း၏မဲရုံကိုယ်စားလှယ် ဦးထွန်းအောင် (လျှောက်ထားသူပြသက်သေ-၁)တို့က ထွက်ဆိုသည်။ ယင်းထွက်ဆိုချက်များနှင့် စပ်လျဉ်းသည့် ခိုင်မာသော စာရင်းဇယားများကို တင်ပြနိုင်ခြင်းမရှိသည့်အတွက် ပြည်ခိုင်ဖြိုးပါတီဝင် (၇၀)ဦးခန့်သည် မဲပေးခွင့်မရခဲ့ဘဲ ပြန်ခဲ့ရသည်ဆိုသော တင်ပြချက်မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူ၏ကန့်ကွက်လွှာအပိုဒ် ၉ တွင် အတွင်းငခူချောင်းကျေးရွာမဲရုံ၌ ရွေးကောက်ပွဲမတိုင်မီ (၁)ရက်အလိုတွင် မဲလက်မှတ်ထုတ်ပေးသူအဖြစ် တာဝန်ပေးထားသူ မနီနီဝင်းသည် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲမှ လွှတ်တော်(၃)ရပ်အတွက် မဲလက်မှတ်စာအုပ် (၃)အုပ် ထုတ်ယူကာ ကျေးရွာအတွင်းလှည့်လည်၍ ရတပပါတီအမှတ်တံဆိပ်ကို ပြသလျက် စည်းရုံးဆောင်ရွက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဦးထွန်းလုံချေ (လျှောက်ထားသူပြ သက်သေ-၆)က ထွက်ဆိုရာတွင်မူ ဒေါ်နီနီဝင်းသည် ရွေးကောက်ပွဲမတိုင်မီ (၁)ရက်က မဲလက်မှတ်စာအုပ် (၃)အုပ်ကို မဲရုံမှူးဆောင်ရွက်မည့် ဦးမောင်သန်းနွယ်ထံမှ ထုတ်ယူခဲ့ပြီး ကျေးရွာအတွင်း လှည့်လည်စည်းရုံးကြောင်း ကန့်ကွက်လွှာတွင် ဖော်ပြချက်နှင့်ကွဲလွဲစွာ ထွက်ဆိုသဖြင့် ယုံကြည်ရန်ခဲယဉ်းပြီး ယုတ္တိမတန်သော ထွက်ဆိုချက်များလည်း ဖြစ်ပေသည်။

ရေနီကြီးကျေးရွာ မဲရုံမှူး ကျောင်းအုပ်ဆရာကြီး ဦးမောင်လှရွှေသည် ရတပပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်လုံး၏တပည့်ဖြစ်ပြီး ရွေးကောက်ပွဲမတိုင်မီ (၁)ရက်က ရတပပါတီအတွက် မဲဆွယ်စည်းရုံးကြောင်း၊ ထို့အပြင် ရတပပါတီဝင်များဖြစ်သော ဦးခင်မောင်ဆန်း၊ ဦးထွန်းဝင်းတင်နှင့် ဦးထွန်းနိုင်တို့သည် မဲရုံအတွင်း မဲပေးနေချိန်တွင် ရတပပါတီအတွက် (၂)ကြိမ် တိုင်တိုင် မဲပေးခဲ့ကြောင်း သိရသည်ဟု လျှောက်ထားသူက ထွက်ဆိုသည်။ ယင်းထွက်ဆိုချက်ကို လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်ဖြစ်သူ

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

ဦးအောင်သန်းဌေး (လျှောက်ထားသူပြသက်သေ-၄)က ထောက်ခံ ထွက်ဆိုသည်။ သို့သော်လည်း မဲရုံမှူးဦးမောင်လှရွှေ မဲဆွယ်ခဲ့သည်ဆို သောကိစ္စတွင်လည်းကောင်း၊ ရတပပါတီဝင် ဦးခင်မောင်ဆန်းတို့က (၂)ကြိမ်တိုင်တိုင် မဲပေးခဲ့သည်ဆိုသော ကိစ္စတွင်လည်းကောင်း အခြား လွတ်လပ်သောသက်သေများ၊ ခိုင်မာသောစာရင်းဇယား အထောက် အထားများနှင့်တကွ တင်ပြနိုင်ခြင်းမရှိ၍ ယင်းကိစ္စများ ထင်ရှား ပေါ်ပေါက်ခြင်းမရှိပေ။

လျှောက်ထားသူ၏ ကန့်ကွက်လွှာအပိုဒ် ၁၀ အပိုဒ်ခွဲတွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည် မဲဆွယ်စည်းရုံးရေး ကာလက ကျေးရွာများတွင် ဟောပြောစည်းရုံးရာ၌ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ ပါ လိုက်နာရမည့် အချက်များကို ဖောက်ဖျက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေမည့် လူမျိုးရေးစိတ်ဓာတ်ကွဲပြားစေမည့် သွေးထိုးပြောဆိုစည်းရုံးခြင်း၊ ဘုန်းကြီးထိပ်ကိုခွဲသည့်ပါတီ ကြံ့ခိုင်ရေးပါတီကို မဲမထည့်ရန် ဟောပြော ခြင်း၊ ၈၈ အရေးအခင်းက ပြည်သူနှင့်ကျောင်းသားများကို ရက်ရက် စက်စက်သတ်သည့် လူသတ်ပါတီ၊ အစိုးရပါတီအား မဲမပေးကြရန် ဟောပြောခြင်း၊ လူမျိုးခွဲခြားပြီး ဟောပြောစည်းရုံးခြင်း၊ လက်ရှိ တပ်မတော်အစိုးရလက်အောက်တွင် ရခိုင်အမျိုးသားများ ဖိနှိပ်ခံရခြင်း ကြောင့် လူမျိုးရေးစိတ်ဓာတ် ပြင်းထန်တက်ကြွလာအောင်၊ အစိုးရအပေါ် တွင် မုန်းတီးမှုပို၍ ဖြစ်ပေါ်အောင်၊ လူမျိုးရေးခွဲခြားလိုစိတ်များ ပေါ်ပေါက်အောင် ဟောပြောစည်းရုံးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ ကြောင်း ဖော်ပြခဲ့သည်။

ယင်းအချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူ ဦးရွှေမန်းတင်က ထွက်ဆိုရာတွင် ရတပပါတီဝင်များက အတွင်းငခူချောင်း၊ ကံသာ၊ ရေခေါင်းချိန်ကျေးရွာများတွင် ဟောပြောပွဲများ ပြုလုပ်ရာ၌ "၈၈ အရေးအခင်းတွင် ပြည်သူနှင့် ကျောင်းသားများကို ရက်ရက်စက် သတ်ဖြတ်ခဲ့တဲ့ အစိုးရရဲ့လက်အောက်ခံ၊ ဘောင်းဘီချွတ် ကြံ့ခိုင်ရေး ပါတီကို မဲမပေးကြပါနဲ့၊ ကိုယ့်မင်းကိုယ့်ချင်းနဲ့ နဂိုကတည်းက နေလာကြတာ ဗမာလက်အောက်ခံ ကြံ့ခိုင်ရေးပါတီကို မဲပေးကြမှာလား မဲမပေးကြပါနဲ့" စသည်ဖြင့် နိုင်ငံတော်ကို ပုတ်ခတ်ပြီး ဟောပြောစည်းရုံး ကြောင်းထွက်ဆိုသော်လည်း ရတပပါတီမှ မဲဆွယ်စည်းရုံး ဟောပြောရာ တွင် ၎င်းကိုယ်တိုင်သွားရောက်နားထောင်ခဲ့ဖူးခြင်း မရှိကြောင်း

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

ထွက်ဆိုသည်။ လျှောက်ထားသူ၏ ကံသာရွာမဲရုံကိုယ်စားလှယ် ဦးထွန်းအောင် (လျှောက်ထားသူပြ သက်သေ-၁)က (၂. ၉. ၂၀၁၀) ရက်နေ့တွင် ရတပပါတီမှ ဦးဖေသန်း၊ ဦးအောင်ဝင်း၊ ဦးမောင်လှသိန်း၊ ဦးဘကြည်နှင့် ဦးကိုဝင်းတို့သည် အစိုးရနှင့် ပြည်ခိုင်ဖြိုးပါတီကို ပုတ်ခတ်ဟောပြောပြီး ရခိုင်သားတွေ ရခိုင်ပါတီကို မဲပေးကြပါရန် ဟောပြောခဲ့ကြောင်း ထွက်ဆိုသည်။ ဦးအောင်စံထွန်း ( လျှောက်ထားသူပြသက်သေ-၂ ) ကမူ (၆. ၁၁. ၂၀၁၀) ရက်နေ့ ညနေတွင် ရေခေါင်းချိန်ရွာသို့ ရတပပါတီမှ ဦးဖေသန်းနှင့် အဖွဲ့ဝင်တစ်ဦး ရောက်လာပြီး ဦးရွှေသိန်း ဗွီဒီယိုရုံတွင် အစိုးရနှင့် ပြည်ခိုင်ဖြိုးပါတီကို ပုတ်ခတ်ဟောပြောခဲ့ကြောင်း ထွက်ဆိုသည်။

လျှောက်ထားခံရသူ ဦးဖေသန်းက ၎င်းသည်မဲဆွယ်စည်းရုံးရာတွင် တပ်မတော်အစိုးရနှင့် ပြည်ခိုင်ဖြိုးပါတီကို ပုတ်ခတ်ဟောပြောခြင်းများ မရှိကြောင်း၊ လူမျိုးရေး အစွန်းရောက်ဝါဒနှင့် လူမျိုးရေးမုန်းတီးရေးကိုလည်း လက်မခံကြောင်း၊ ၎င်းတို့ပါတီ ဟောပြောမဲဆွယ်စည်းရုံးမှုများတွင်လည်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ခွင့်ပြုထားသောနေရာ၊ ကြိုတင်တင်ပြထားသော အကြောင်းအရာများကို ဟောပြောခြင်းဖြစ်ကြောင်း၊ ထို့အပြင် ရယက၊ ရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ စရဖ စသည့်အဖွဲ့အစည်းများ၏ အနီးကပ်စောင့်ကြည့်မှုအောက်တွင် ဟောပြောရခြင်းသာဖြစ်ကြောင်း၊ ထိုသို့ မဲဆွယ်စည်းရုံး ဟောပြောခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ သတိပေးခံရခြင်း၊ အရေးယူခံရခြင်းများ မရှိကြောင်း ထွက်ဆိုသည်။ မြေပုံမြို့နယ်၏ ရတပပါတီဥက္ကဋ္ဌဖြစ်သူ ဦးမောင်လှသိန်း (လျှောက်ထားခံရသူပြသက်သေ-၁)ကလည်း ၎င်းတို့ပါတီအနေဖြင့် ကျေးရွာများတွင် ဟောပြောစည်းရုံးရာ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားစေမည့်ကိစ္စ၊ နိုင်ငံတော်အချုပ်အခြာအာဏာထိပါးစေမည့် ကိစ္စများကို ဟောပြောခြင်းမရှိကြောင်း၊ စည်းရုံးရေးဆင်းရန်အတွက် ဥပဒေနှင့်အညီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ စည်းရုံးမည့် နေရာ၊ နေ့ရက်နှင့် စည်းရုံးဟောပြောမည့် အကြောင်းအရာများကို ကြိုတင်၍ တင်ပြရကြောင်း၊ ၎င်းတို့ပါတီ၏ ဆောင်ရွက်ချက်များနှင့် စည်းရုံးဟောပြောမှုများတွင် စရဖနှင့် သတင်းတပ်ဖွဲ့တို့က အမြဲတမ်းအနီးကပ်စောင့်ကြည့်၍ ၎င်းတို့၏ စောင့်ကြပ်မှုအောက်တွင် စည်းရုံးဟောပြောခဲ့ရခြင်းသာဖြစ်ကြောင်း ထွက်ဆိုသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်အေး (လျှောက်ထားခံရသူပြသက်သေ-၃)က

ထွက်ဆိုရာတွင် နိုင်ငံရေးပါတီများ စည်းရုံး ဟောပြောရန်အတွက် ၎င်းတို့သွားရောက်မည့် နေရာ၊ နေ့ရက်၊ အချိန်နှင့် ဟောပြောမည့် အကြောင်းအရာများကို ၎င်းတို့မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ခွင့်ပြုချက် တောင်းခံရကြောင်း၊ နိုင်ငံရေးပါတီများ၏ စည်းရုံးဟောပြောမှုနှင့် ပတ်သက်၍ ရတပပါတီနှင့် တစညပါတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက မဲဆွယ်စည်းရုံးစဉ် သက်ဆိုင်ရာ ရယကများက ဟန့်တားမှုများရှိကြောင်း၊ ၎င်းတို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ တိုင်ကြားချက်အချို့ရှိခဲ့ကြောင်း ထွက်ဆိုသည်။ နှစ်ဘက်သက်သေ ထွက်ဆိုချက်များအရ ရခိုင်တိုင်းရင်း သားများတိုးတက်ရေးပါတီမှ ကျေးရွာများတွင် စည်းရုံးဟောပြောခဲ့ခြင်း နှင့် စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံတွင် ဥပဒေနှင့်အညီ ခွင့်ပြု ချက်ရယူပြီးမှသာ ဥပဒေ၊ ညွှန်ကြားချက် များနှင့်အညီ ဟောပြောခဲ့ ကြောင်း ပေါ်ပေါက်ပြီး၊ တည်ဆဲဥပဒေနှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်၍ ဟောပြောခဲ့ကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ထံ တိုင်ကြားမှုတစ်စုံတစ်ရာပင် မရှိခဲ့ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်အေး၏ ထွက်ဆိုချက်အရ တွေ့ရသည်။

ဤအမှုတွင် တရားမျှတမှုဖြစ်စေရန်အလို့ငှာ လိုအပ် သည်ဟု ထင်မြင်၍ မြေပုံမြို့နယ် မဲဆန္ဒနယ်ရှိ ပြည်သူ့လွှတ်တော်မှ ပယ်မဲများကို ပြန်လည်စစ်ဆေးခဲ့သည်။ (၁၃. ၆. ၂၀၁၁)ရက်နေ့က မြေပုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးနှင့် နှစ်ဖက်စုံညီရှေ့တွင် မြေပုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ရှိ မဲရုံများအနက် အလျဉ်းသင့်သလို ကောက်ယူသည့် မဲရုံ (၂၆)ရုံ၏ ပြည်သူ့လွှတ်တော်မဲပုံးများမှ ရရှိထား သော မူလပယ်မဲ စုစုပေါင်း (၂၃၇၃)မဲကို ပြန်လည်စစ်ဆေးရာ ပယ်မဲ မသတ်မှတ်သင့်ဘဲ ခိုင်လုံမဲသတ်မှတ်ရမည့် မဲပေါင်း (၁၂၈၀)မဲနှင့် ပယ်မဲ ပေါင်း(၁၀၉၃)မဲ ဖြစ်ကြောင်း တွေ့ရှိရသည်။

ယင်းခိုင်လုံမဲပေါင်း (၁၂၈၀) အနက် လျှောက်ထားသူ ဦးရွှေမန်းတင်က (၃၄၇)မဲရရှိပြီး လျှောက်ထားခံရသူ ဦးဖေသန်းက (၉၃၃)မဲရရှိသည်ကို တွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ဦးဖေသန်းက (၇၂. ၉)ရာခိုင်နှုန်းနှင့် ဦးရွှေမန်းတင်က (၂၇. ၁)ရာခိုင်နှုန်းရရှိသည်။ တစ်နည်းအားဖြင့် ခိုင်လုံမဲအများစုကို ပယ်မဲအဖြစ် သတ်မှတ်ခြင်းခံရ သူမှာ လျှောက်ထားခံရသူ ဦးဖေသန်းသာ ဖြစ်ကြောင်းတွေ့ရသည်။ မဲရုံအားဖြင့် ကြည့်လျှင်လည်း မဲရုံ (၂၆)ရုံအနက် (၁၈)ရုံတွင် ဦးဖေသန်းက ခိုင်လုံမဲအသာရရှိပြီး ဦးရွှေမန်းတင်ကမူ မဲရုံ (၅)ရုံ၌သာ

အသာရရှိကာ မဲရုံ (၃)ရုံတွင် မဲတူညီစွာရရှိကြောင်းတွေ့ရသည်။

<u>၂၀၁၁ ခုနှစ်</u>
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

(၁၄. ၆. ၂၀၁၁)ရက်နေ့တွင် ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)ရှိ မဲရုံများမှ ပယ်မဲများကို ဆက်လက်စစ်ဆေးရန် ဖြစ်သော်လည်း လျှောက်ထားသူဦးရွှေမန်းတင်က ပယ်မဲများကို ဆက်လက်၍ စစ်ဆေးရန် မလိုတော့ပါကြောင်း၊ မိမိအနေဖြင့် သဘောပေါက်ပြီဖြစ်ပါကြောင်း ရွေးကောက်ပွဲခုံအဖွဲ့သို့ တင်ပြခဲ့သည်။လျှောက်ထားခံရသူ ဦးဖေသန်းကလည်း ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြသဖြင့် ပယ်မဲများ ပြန်လည်စစ်ဆေးမှုကို ရပ်ဆိုင်းခဲ့သည်။

အထက်ဖော်ပြပါ မျက်မြင်တွေ့ရှိချက်များနှင့် ပယ်မဲ၊ ခိုင်လုံမဲရလာဒ်များကို ဆန်းစစ်သည့်အခါ အောက်ဖော်ပြပါ အချက်များကို တွေ့ရသည်။

၁။ ပယ်မဲများအနက် ခိုင်လုံမဲများ တွေ့ရှိခြင်းသည် မဲရုံမှူးအချို့၏ မကျွမ်းကျင်မှုကြောင့်မဟုတ်ဘဲ စာမရေးတတ်သူအများစု၏ ထောက်ခံမဲ ရေးခြစ်ရာတွင်ပါလာသော ပီပြင်မှုမရှိသည့် အနည်းငယ် ချို့ယွင်းချက်များကို နှစ်ဘက်အထင်မြင် လွဲမှားမည်စိုး၍ ရာနှုန်းပြည့်နီးပါး “ အမှန်ခြစ် ”ခြစ်မှသာ ခိုင်လုံမဲ အဖြစ်သတ်မှတ်ပေးခဲ့ကြခြင်း၊

၂။ ပယ်မဲများသတ်မှတ်ရာတွင်လည်း မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ဘက်လိုက်မှုမရှိကြောင်း တွေ့ရခြင်း။ (လျှောက်ထားခံရသူ ဦးဖေသန်းကလျှောက်ထားသူဦးရွှေမန်းတင်ထက် ပယ်မဲ သတ်မှတ်ခံရမှုပို၍များခြင်း၊ ပယ်မဲများမှ ဦးဖေသန်းက ခိုင်လုံမဲ (၉၃၃)မဲ ပြန်လည်ရရှိပြီး ဦးရွှေမန်းတင်က ခိုင်လုံမဲ (၃၄၇)သာ ပြန်လည်ရရှိခြင်း။)

ထို့ကြောင့် ယခုပြန်လည်စစ်ဆေးခဲ့သော မဲရုံ (၂၆)ရုံ၏ တွေ့ရှိချက်များပေါ်တွင် မူတည်၍ ကောက်ချက်ချရမည်ဆိုပါက မဲရုံမှူးများသည် ပယ်မဲများသတ်မှတ်ရာတွင် မည်သည့်ပါတီ၊ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ ဘက်လိုက်ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။

အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်ပါက လျှောက်ထားသူက

လျှောက်ထားခံရသူအား တရားမဲ့ပြုကျင့်ကြောင်း တိုက်ရိုက်စွပ်စွဲခဲ့ခြင်း မရှိသကဲ့သို့ သက်သေထင်ရှားပြသခြင်းလည်း မရှိပေ။ လျှောက်ထားသူက အများအားဖြင့် မဲရုံမှူးများ၊ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲဝင်များ နှင့် ရယကဥက္ကဋ္ဌများ၏ လုပ်ဆောင်ချက်များကိုသာ ကန့်ကွက်ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်။ ၎င်းတို့သည် ရွေးကောက်ပွဲတွင် မမှန်မကန် လုပ်ဆောင်ကြောင်း၊ ဘက်လိုက်မှုများ ရှိကြောင်းလည်း သက်သေထင်ရှားခြင်း မရှိရုံမျှမက လျှောက်ထားခံရသူ ဦးဖေသန်းနှင့် မည်သို့ပတ်သက်ဆက်နွယ်မှုရှိကြောင်း၊ ဦးဖေသန်းကဖြစ်စေ၊ ၎င်း၏ ခိုင်းစေချက်သို့မဟုတ် သဘောတူညီချက်အရဖြစ်စေ လုပ်ဆောင်ခြင်းဖြစ်ကြောင်းကိုပင် လျှောက်ထားသူက တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၁ တွင် "မည်သူမဆို မိမိကပြောဆိုသော အကြောင်းခြင်းရာများ ရှိကြောင်းကို အခြေပြုလျက် ဥပဒေအရ အခွင့်အရေး သို့မဟုတ် တာဝန်နှင့်ပတ်သက်၍ တရားရုံးက စီရင်ချက်ချမှတ် ပေးစေလိုလျှင် အဆိုပါ အကြောင်းခြင်းရာများရှိကြောင်းကို သက်သေထင်ရှားပြရမည်" ဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် ဤအမှုတွင် လျှောက်ထားခံရသူသည် ရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှုများပြုလုပ်ကြောင်း သက်သေထင်ရှားပြရန်တာဝန်သည် လျှောက်ထားသူအပေါ် ကျရောက်သည်။ ယင်းသက်သေပြရန် တာဝန်ကို လျှောက်ထားသူဘက်က ကျေပွန်ခြင်းမရှိပေ။

ဤကဲ့သို့ ရွေးကောက်ပွဲကန့်ကွက်လွှာနှင့်စပ်လျဉ်းသည့် အမှုများတွင် အဓိက ဆုံးဖြတ်ရမည့်အချက်မှာ လျှောက်ထားခံရသူသည် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်ခဲ့ခြင်း ရှိ မရှိဆိုသော အချက်ဖြစ်သည်။

တရားမဲ့ပြုကျင့်မှု၏အဓိပ္ပါယ်ကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

(က) လွှတ်တော် ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူ တစ်ဦးဦးက ဖြစ်စေ-

(၁) လာဘ်ပေး လာဘ်ယူမှုပြုလုပ်ခြင်း၊

(၂) ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို

အနှောင့်အယှက်ပြုလုပ်ခြင်း၊

(၃) သူတစ်ပါး အယောင်ဆောင်ခြင်း၊

(၄) မဟုတ်မမှန် ပြောဆိုကြေညာခြင်း၊

(၅) မဟုတ်မမှန် ဝန်ခံလက်မှတ်ရေးထိုးခြင်း။

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

(ခ) မဲဆန္ဒနယ်အတွင်း ရွေးကောက်ပွဲတွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း သို့မဟုတ် ရွေးကောက်ပွဲများကိုတစ်ချိန်တည်း ကျင်းပစဉ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်က သော်လည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကသော် လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်မညီညွတ်သော အသုံးစရိတ်များကျခံသုံးစွဲခြင်း သို့မဟုတ် ယင်းသို့ကျခံသုံးစွဲရန် သဘောတူညီခြင်း၊

(ဃ) ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ် ငွေစာရင်းများကို ရွေးကောက်ပွဲကိုယ်စားလှယ်က သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ထားရန် ပျက်ကွက်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့် သော်လည်းကောင်း၊ သဘောတူညီချက်များဖြင့်သော် လည်းကောင်း-

(၁) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ရန် သို့မဟုတ် မပါဝင်ဘဲနေရန် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကျေးဇူးတုံ့ပြန်ချက်ဖြင့်ဖြစ်စေ တစ်ဦး တစ်ယောက်သူက လာဘ်လာဘ လက်ခံခြင်း သို့မဟုတ် လာဘ်လာဘလက်ခံရန် သဘော တူခြင်း၊

(၂) ဆန္ဒမဲပေးရန် သို့မဟုတ် ဆန္ဒမဲမပေးဘဲနေ

ရန် မဲဆန္ဒရှင်တစ်ဦးဦးကို သွေးဆောင်ရန်ဖြစ်စေ၊ သွေးဆောင်လိုသဖြင့် အားထုတ်ရန်ဖြစ်စေ တစ်ဦးတစ်ယောက်သောသူက မိမိအတွက် သို့မဟုတ် သူတစ်ပါးအတွက် လာဘ်လာဘ လက်ခံရန် သဘောတူခြင်း။

(စ) မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ် ငွေစာရင်းကိုတင်ပြခြင်း သို့မဟုတ် ထိုကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်ငွေစာရင်းကို မှန်ကန်သည်ဟု ဝန်ခံခြင်း သို့မဟုတ် သတ်မှတ်ထားသည့်အတိုင်း တင်သွင်းရန် ပျက်ကွက်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်လောင်း မဟုတ်သော သို့မဟုတ် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်သော အခြားသူတစ်ဦးဦးက ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်း၏ခွင့်ပြုချက်မရှိဘဲ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရစေရန် ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံရရေးအတွက် အားပေးလိုသောကြောင့်ဖြစ်စေ အစည်းအဝေးကျင်းပ၍သော်လည်းကောင်း၊ စာရွက်စာတမ်းများ ဝေငှ၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ငွေအကုန်အကျခံခြင်း သို့မဟုတ် ကုန်ကျရန် ခွင့်ပြုခြင်း၊

(ဇ) ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ကြော်ငြာ၊ စာရွက်စာတမ်း၊ ပိုစတာ စသည်တို့ကို ဖြန့်ချိ ထုတ်ဝေခြင်းဖြင့် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တိုက်တွန်းချက်ဖြင့်သော်လည်းကောင်း၊ သဘောတူညီချက်ဖြင့်သော်လည်းကောင်း မဲဆန္ဒရှင်က ဆန္ဒမဲပေးချိန်တွင် မိမိ၏

ဆန္ဒမဲလက်မှတ်ကို မဲရုံမှအခြားသို့ ယူဆောင်သွားခြင်း၊

(ည) လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ဖြစ်စေ၊ ယင်းတို့ တစ်ဦးဦး၏ သဘောတူညီချက်အရ အခြားသူတစ်ဦးကဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကူအညီကို ဝန်ထမ်းတစ်ဦးဦးထံမှ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်း၊

(ဋ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲ နေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊

(ဌ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီတစ်ခုခုကို ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန် စွပ်စွဲခြင်း၊ ရေးသားခြင်း၊ အများပြည်သူဆူပူမှုဖြစ်အောင် ဖန်တီးခြင်း။

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

နှစ်ဖက်သက်သေ ထွက်ဆိုချက်များအပေါ် ဥပဒေအရ ပေါင်းစပ်သုံးသပ်လျှင် မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း များအဖြစ် လျှောက်ထားသူ ဦးရွှေမန်းတင်နှင့် လျှောက်ထားခံရသူ ဦးဖေသန်းတို့ ယှဉ်ပြိုင်အရွေးခံကြရာ၌ လျှောက်ထားခံရသူ ဦးဖေသန်းကဖြစ်စေ၊ ၎င်း၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ တရားမဲ့ပြုကျင့်မှုများ ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ခြင်း မရှိပေ။

ထိုကြောင့် ငြင်းချက်(၁)နှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူသည် တရားမဲ့ပြုကျင့်မှုများပြုလုပ်ခဲ့သည်မှာ မမှန်ကြောင်း ဖြေဆိုသည်။

၂၀၁၁ ခုနှစ်
ဦးရွှေမန်းတင်
နှင့်
ဦးဖေသန်း

## ငြင်းချက် (၂)

အမှုသွားအမှုလာအရ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ၌ တရားမဲ့ပြုကျင့်မှုများကြောင့် လျှောက်ထားခံရသူ ဦးဖေသန်းသည် မဲအများရရှိခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် လျှောက်ထားခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုများကြောင့် ရရှိသောမဲများ မပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံသောမဲအများဆုံးကို ရရှိနိုင်သည်ဆိုခြင်းမှာလည်း မမှန်ကန်ကြောင်း လျှောက်ထားခံရသူဘက်သို့ အသာပေး၍ ဖြေဆိုသည်။

## ငြင်းချက် (၃)

အထက်တွင် ငြင်းချက်(၁)နှင့်(၂)ကို လျှောက်ထားခံရသူအား အသာပေး၍ ဖြေဆိုခဲ့ပြီးဖြစ်သည့်အလျောက် ယင်းဖြေဆိုချက်များအရ ဤအမှုတွင် လျှောက်ထားသူသည် တောင်းဆိုသော သက်သာခွင့်ကို မရထိုက်ပေ။

## အမိန့်

အထက်ပါအကြောင်းများအရ ရခိုင်ပြည်နယ် မြေပုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူဦးဖေသန်းအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးရွှေမန်းတင်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်သည်။

တရားစရိတ်ကျပ် **၁၀,၀၀,၀၀၀**/-(ကျပ်ဆယ်သိန်းတိတိ) သတ်မှတ်သည်။ တရားစရိတ်ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေ။

<u>၂၀၁၁ ခုနှစ်</u>
ဇွန်လ
၂၄ ရက်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ရွေးကောက်ပွဲခုံအဖွဲ့**

**ရွေးကောက်ပွဲခုံအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင်၊**
**အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဒေါ်မြင့်ကြည်နှင့်**
**ဦးအောင်မြင့်တို့ရှေ့တွင်**

**ဒေါ်ဝိုင်း လျှောက်ထားသူ**

**နှင့်**

**ဦးမျိုးအောင် လျှောက်ထားခံရသူ ⁕**

**အထောက်အထားအဖြစ် သက်သေခံစာများကိုတင်ပြခြင်း၊ ယင်းစာ ရေးသားသူများကို သက်သေမတင်ပြခြင်း၊ ကတိသစ္စာပြု၍ စစ်ဆေးခြင်း မပြုနိုင်သည့်အပြင် ပြန်လှန်စစ်မေးခွင့်မရရှိခြင်း။**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကန့်ကွက်ခံရသူအား လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာခဲ့ခြင်း၊ ယင်းသို့ကြေညာသည်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထပ်မံကြေညာခဲ့ခြင်း၊ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ အပြီးအပြတ်ဆုံးဖြတ်ရာ ရောက် မရောက်။**

**ဆုံးဖြတ်ချက်။** လူတစ်ဦးတစ်ယောက်၏ ရေးသားသောစာပါ အကြောင်းအရာကို သက်သေထင်ရှားပြလိုလျှင် သက်သေခံဥပဒေပုဒ်မ ၃၂ ပါ ကိစ္စရပ်များမှ လွဲ၍ ထိုစာရေးသားသူအား သက်သေဆင့်ခေါ်ပြီး စစ်ဆေးစေခြင်းဖြင့် သက်သေထင်ရှားပြရန်လိုသည်။ ထိုစာပါ အကြောင်းအရာကို ရေးသားသူအား သက်သေအဖြစ် ဆင့်ခေါ်စစ်ဆေး ခြင်းမရှိဘဲ စာချည်းသက်သက်မှာ စာရေးသားသူအား ကတိသစ္စာပြု၍ စစ်ဆေးခြင်း မပြုနိုင်သည့်အပြင် တစ်ဖက်လျှောက်ထားခံရသူမှ ပြန်လှန်

---

**⁕ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၂၉)**

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

စစ်မေးခွင့်မရသောကြောင့် အမှန်အမှားကိုဝေဖန် သိရှိရန်ခဲယဉ်းသည်။ သက်သေခံ (ဂ) (ည)နှင့် (ဍ)တို့ကို ခုံရုံးက သက်သေခံအဖြစ်လက်ခံခြင်းမှာ ထိုစာများကို မိုးမောက်မြို့နယ် ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူးထံ ပေးပို့ခဲ့၍ ပြည်ခိုင်ဖြိုးပါတီက လက်ခံရရှိခဲ့ကြောင်း၊ မိုးမောက်မြို့နယ်ပြည်ခိုင်ဖြိုးပါတီ အချိန်ပြည့်ကော်မတီဝင် ဦးထွန်းကြည် (လျှောက်ထားသူပြသက်သေအမှတ် - ၅)က ထွက်ဆိုတင်ပြခဲ့၍ လက်ခံခြင်းဖြစ်သည်။ စာပါအကြောင်းအရာကို သက်သေထင်ရှားပြခဲ့၍ သက်သေထင်ရှားသောကြောင့် လက်ခံခဲ့ခြင်းမဟုတ်ပေ။ယင်းစာများကို လက်ခံရရှိကြောင်း သက်သေခံတင်သွင်း၍ စာကိုသက်သေခံလက်ခံခြင်းအကြောင်းကြောင့် စာပါအကြောင်းအရာ ထင်ရှားပြီဟုဆိုရန် အကြောင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** လျှောက်ထားခံရသူ ဦးမျိုးအောင်အား ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၂-၁၁-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ်(၁၂၉/၂၀၁၀)အရ ကြေညာခဲ့ခြင်းမှာ သက်ဆိုင်ရာ ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ လျှောက်ထားခံရသူ ဦးမျိုးအောင်အား မိုးမောက်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်သည်ကို ထပ်ဆင့်ကြေညာပေးခြင်းသာဖြစ်သည်။

ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက လျှောက်ထားခံရသူ ဦးမျိုးအောင်အား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာသည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ခြင်း မဟုတ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃အရ အပြီးအပြတ်ဆုံးဖြတ်ခြင်း မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးရဲမြင့်
(တရားလွှတ်တော်ရှေ့နေ)
လျှောက်ထားခံရသူအတွက် - ဒေါ်စဝ်မြဝတီ
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂) တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှဒေါ်ဝိုင်းက ၎င်းနှင့်ယှဉ်ပြိုင်အရွေးခံ၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ဦးမျိုးအောင်အပေါ် ရွေးကောက်ပွဲတွင်တရားမဲ့ပြုကျင့်ခြင်းဖြင့် အနိုင်ရရှိခဲ့သည်ဖြစ်သဖြင့် ရွေးချယ်ခံရခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် မိမိသည်သာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြကန့်ကွက်သည့် အမှုဖြစ်သည်။

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် မိုးမောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ၌ ကိုယ်စားလှယ်လောင်းများ အသီးသီးရရှိကြသည့် ဆန္ဒမဲများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| **ပြည်နယ်လွှတ်တော်** | **ဆန္ဒမဲ** | **ကြိုတင်မဲ** | **စုစုပေါင်း** |
|---|---|---|---|
| ဒေါ်ဝိုင်း | ၆၀၈၅ | ၁၀၇၅ | ၇၁၆၀ |
| ဦးမျိုးအောင် | ၉၂၈၁ | ၂၃၂ | ၉၅၁၃ |

သို့ဖြစ်၍ ဒေါ်ဝိုင်းနှင့် ဦးမျိုးအောင်တို့ ကွာခြားသော ဆန္ဒမဲမှာ ( ၂၃၅၃ ) ဖြစ်သည်။

လျှောက်ထားသူဒေါ်ဝိုင်းက ကန့်ကွက်ရာတွင် ရွေးကောက်ပွဲအတွင်း၌ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဝင်များ၊ ၎င်းပါတီနှင့်ဆက်စပ်၍ စည်းရုံးမဲဆွယ်မှုပြုခဲ့သည့် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ၎င်းတို့၏ဩဇာကို မလွန်ဆန်နိုင်ကြသည့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်အချို့နှင့် မဲရုံမှူးအပါအဝင် မဲရုံတာဝန်ရှိသူအချို့တို့သည် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်လောင်းဖြစ်သော လျှောက်ထားခံရသူဦးမျိုးအောင်အား ရွေးကောက်တင်မြှောက်ခံရစေရန်အတွက် မသမာသောနည်းများဖြင့် ဆန္ဒမဲရယူခဲ့ကြသည်ဖြစ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၃)နှင့် (ခ) တို့ကို ဖောက်ဖျက် ကျူးလွန်ခဲ့ကြောင်း၊ ၆-၁၁-၂၀၁၀ ရက်နေ့တွင် ၎င်းတို့သည်

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

မိုးလဲချောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် လူမျိုးရေးအရ မဲပေးရန်လှုံ့ဆော်ကြပြီး ရှမ်းအိုးစည်တီးရန်လှုံ့ဆော်ကြခြင်း၊ ၂၉-၁၀-၂၀၁၀ ရက်နေ့တွင် မန်နောင်ကျေးရွာ ဘုန်းကြီးကျောင်း ကထိန်ပွဲကျင်းပရာ၌ အစိုးရ အပေါ်ပုတ်ခတ်ပြောဆိုခြင်း၊ လူမျိုးရေးအရ သွေးခွဲဟောပြောခြင်း၊ ပြည်ခိုင်ဖြိုးပါတီအား ပုတ်ခတ်ဟောပြောခြင်းဖြင့် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ (ဈ) နှင့် (ဍ) ကို ကျူးလွန်ကြောင်း၊ မခွယ်ကျေးရွာနှင့် မိုင်းခတ်ကျေးရွာတို့တွင် မဲရုံမှ ကိုက် (၅၀၀)အတွင်း မဲဆန္ဒရှင်များအား ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီကို မဲထည့်ရန် အတင်းအကြပ်ပြုခြင်း၊ မဲဆွယ်ခြင်းဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၁ (က)၊ (ခ)၊ (ဂ) တို့ကို ကျူးလွန်ခဲ့ကြောင်း၊ တာဆိုင်ကျေးရွာ၊ မံမော်ကျေးရွာနှင့် တိန်းဘုရားကျေးရွာတို့တွင် မဲပေးခွင့်မရဘဲ မောင်းထုတ်ခံရသဖြင့် ဆန္ဒမဲမပေးရသူများက လက်မှတ်ရေးထိုး တိုင်ကြားကြခြင်းနှင့် မဲရုံ (၂၇) ရုံတွင် မိမိ၏ ထောက်ခံမဲများကို ပယ်မဲအဖြစ်သတ်မှတ်ခဲ့ခြင်း၊ အချို့မဲရုံများတွင် မဲရေတွက်ရာ၌ ညမှောင်လာသဖြင့် ဖယောင်းတိုင်မီးဖြင့်ရေတွက်ခဲ့၍ လွဲမှားခြင်း၊ စနစ်တကျမရှိခြင်း၊ ပေါ့ဆစွာရေတွက်ခဲ့ခြင်းများရှိခဲ့ကြောင်း။ သို့ဖြစ်၍ ဆန္ဒမဲများကို ပြန်လည်စစ်ဆေးရေတွက်ပေးရန် စသည်ဖြင့် ဖော်ပြကန့်ကွက်သည်။

ယင်းကန့်ကွက်ချက်များကို လျှောက်ထားခံရသူဦးမျိုးအောင်က ငြင်းဆိုပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာတွင်ဖော်ပြထားသည့် တရားမဲ့ပြုကျင့်မှုများကို လျှောက်ထားခံရသူကဖြစ်စေ၊ လျှောက်ထားခံရသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ၎င်းတို့မှစေခိုင်းသဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ ပြုမူခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြကန့်ကွက်ထားခြင်းမရှိကြောင်း၊ တစ်ဆင့်ကြားသိချက် ( Hear Say ) အရ ကန့်ကွက်ခြင်းဖြစ်၍ သက်သေခံမဝင်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ရွေးကောက်ပွဲတွင်ရရှိသည့် ဆန္ဒမဲရလဒ်များကို အတည်ပြုထားပြီးဖြစ်၍ ယင်းကဲ့သို့အတည်ပြုထားခြင်းသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ အပြီးအပြတ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှုများကို အမှန်တကယ်မြင်တွေ့ခဲ့သည်ဆိုပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ တိုင်ကြားနိုင်ပါလျက် တိုင်ကြားခဲ့ခြင်းမရှိကြောင်း စသည်ဖြင့်ချေပသည်။

သို့ဖြစ်၍ ရွေးကောက်ပွဲခုံအဖွဲ့က အောက်ပါငြင်းချက်များကို ထုတ်နုတ် စစ်ဆေးခဲ့သည် -

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

(၁) လျှောက်ထားခံရသူသည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကို ရရှိခဲ့ခြင်းဖြစ်သည်ဆိုသည်မှာ မှန်သလား။

(၂) လျှောက်ထားခံရသူ ရရှိသောမဲများတွင် တရားမဲ့ ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါရှိလျှင် လျှောက်ထားသူသည် ခိုင်လုံသောမဲအများဆုံးကို ရရှိနိုင်သည်ဆိုသည်မှာ မှန်သလား။

(၃) လျှောက်ထားသူသည် မည်သည့်သက်သာ ခွင့်ရထိုက် ပါသနည်း။

## ငြင်းချက် (၁)

လျှောက်ထားခံရသူ တရားမဲ့ပြုကျင့်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူဒေါ်ဝိုင်းက ၎င်း၏ကန့်ကွက်လွှာအပိုဒ် (၅)တွင် ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီဝင်များ၊ ၎င်းပါတီနှင့်ဆက်စပ်၍ စည်းရုံးမဲဆွယ်မှုပြုလုပ်ခဲ့ကြသည့် ရှမ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ဩဇာကို မလွန်ဆန်နိုင်ကြသည့် ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်အချို့နှင့် မဲရုံမှူးအပါအဝင် မဲရုံတာဝန်ရှိသူတို့သည် ၎င်းတို့လိုလားသော ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမျိုးအောင် အကျိုးရှိစေရန်၊ ရွေးကောက်တင်မြှောက်ခံရစေရန်အတွက် အောက်ပါမသမာသော နည်းလမ်းများဖြင့် တရားမဲ့ပြုကျင့်မှုများပြုခဲ့ကြောင်း စွပ်စွဲခဲ့သည် -

- မဲရုံအမှတ် (၅၂) မိုင်းခတ်ကျေးရွာမဲရုံတွင် ရ. ယ. က ဥက္ကဋ္ဌ ဦးမောင်မောင်၊ မိုင်းခတ်ရွာသား ဦးလောလိုင် အပါအဝင် ရွာသား(၅) ဦးတို့သည် ၆-၁၁-၂၀၁၀ ရက်နေ့ နံနက် ( ၀၈ း ၀၀ ) နာရီက ဦးမောင်မောင်၏ နေအိမ်၌ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ အတွက် ထောက်ခံဆန္ဒမဲများ မသမာမှုပြုလုပ်ခဲ့ကြ သည်ဟု သိရသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က)(၃) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊
- မဲရုံအမှတ် (၅၁) နောင်းကုန်ကျေးရွာတွင် မဲပုံးဖွင့်ရာ၌

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

ဆန္ဒမဲအများစုမှာ (၁၀)စောင်ထပ်၊ (၅)စောင်ထပ် အခေါက်လိုက်တွေ့ရှိရပြီး ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကို အမှန်ခြစ်ထားကြောင်း၊ မဲရုံမှူး နှင့်တာဝန်ရှိသူများက ခွင့်ပြုခဲ့ကြောင်း သိရသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က)(၃) ကို ဖောက်ဖျက် ကျူးလွန်ကြောင်း၊

- မဲရုံအမှတ် (၄၉) မခွယ်ကျေးရွာတွင်မဲပေးပြီးသူများက မိသားစုအလိုက် ကိုယ်စားထိုး ဆန္ဒမဲပေးခဲ့ကြောင်း သိရသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(က)(၃)နှင့် ပုဒ်မ ၆၆(ခ) ကိုကျူးလွန်ဖောက်ဖျက်ကြောင်း၊

- မဲရုံအမှတ် (၅၃) တာလီကျေးရွာမဲရုံတွင် သူတစ်ပါး အယောင်ဆောင် ဆန္ဒမဲပေးမှုများ၊ ပယ်မဲမများစေရန် အကြောင်းပြ၍ မဲရုံမှူး ဒေါ်အိအိခင် ကိုယ်တိုင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီကို အမှန်ခြစ် ပေးခဲ့ ကြောင်း သိရှိရပါသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(က)(၃)နှင့် ပုဒ်မ ၆၆(ခ) ကိုကျူးလွန်ဖောက်ဖျက် ကြောင်း၊

- မဲရုံအမှတ် (၅၁) နောင်းကုန်ကျေးရွာမဲရုံတွင် လာရောက် ဆန္ဒမဲပေးသူ နည်းသော်လည်း မဲစာရင်းတွင် မဲပေးသူ ၈၆ ရာခိုင်နှုန်းရှိနေသဖြင့် အစားထိုးအယောင်ဆောင်မဲ ပေးမှုရှိကြောင်း ပေါ်လွင်ပါသဖြင့် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(က)(၃)နှင့် ပုဒ်မ ၆၆(ခ) ကိုကျူးလွန်ဖောက် ဖျက်ကြောင်း၊

- မဲရုံအမှတ် (၄၀) ပန်ချိုးဟိုင်ကျေးရွာမဲရုံတွင် လာရောက် မဲပေးသူ (၃၀၀) ခန့်သာရှိပြီး နေ့လည် (၁၂ း ၀၀)နာရီမှ (၁၆ း ၀၀) နာရီအထိ မဲပေးသူ မရှိတော့ကြောင်း တွေ့ရသော်လည်း မဲပေးသူစာရင်းတွင် မဲပေးသူ (၇၉၁) ဦးရှိနေ၍ မဲရုံတာဝန်ရှိသူများသည် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(က)(၃)နှင့် ပုဒ်မ ၆၆(ခ)ကို ကျူးလွန် ဖောက်ဖျက်ကြောင်း။

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

အထက်ပါစွပ်စွဲချက်များနှင့်ပတ်သက်၍ လျှောက်ထားသူ ဒေါ်ဝိုင်းက အထောက် အထားအဖြစ် ဦးကျော်ဆွေနှင့် ၎င်းကရေးသည့် သက်သေခံ (င)စာနှင့် ဦးစိုင်းစိုးမောင်နှင့် ဦးဝင်းမောင်တို့ ရေးသားတင်ပြ သည်ဆိုသော သက်သေခံ(ည)နှင့် (ဍ) စာတို့ကို တင်ပြပြီး မဲရုံအမှတ် (၄၉) မခွယ်ကျေးရွာမဲရုံတွင် မဲပေးပြီးသူများက မိသားစုအလိုက် ဆန္ဒမဲ ပေးခဲ့ကြောင်းကို နောင်းကွမ်ရွာ ရ. ယ. က စာရေး၏ပြောပြချက်အရ သိရကြောင်း၊ မဲရုံအမှတ် (၅၃) တာလီကျေးရွာမဲရုံတွင် သူတစ်ပါး အယောင်ဆောင် ဆန္ဒမဲပေးခဲ့ကြောင်း၊ ပယ်မဲမများစေရန် အကြောင်းပြ ၍ မဲရုံမှူး ဒေါ်အိအိခင်ကိုယ်တိုင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ် ပါတီအား အမှန်ခြစ်ပေးခဲ့ကြောင်းကို တာလီကျေးရွာကော်မရှင်အဖွဲ့ခွဲဝင် ဦးညွန့်လွင်၏စာဖြင့် တင်ပြချက်အရသိရကြောင်း၊ မဲရုံအမှတ် (၄၈) ပန်ချိုးဟိုင်မဲရုံတွင် မဲလာပေးသူ (၃၀၀)ခန့်သာရှိသော်လည်း မဲစာရင်း တွင် (၇၉၁) ဦးလာရောက် မဲပေးကြောင်းကို ဦးပေါ်စိုးခို၏စာဖြင့် တင်ပြချက် အရသိရကြောင်း၊ မဲရုံအမှတ် (၄၉) မခွယ်ကျေးရွာမဲရုံတွင် ရွာလူကြီး တစ်ဦးက ရှမ်းပါတီကိုမဲထည့်ရန် စည်းရုံးပြောဆိုနေသည်ကို ပြည်ခိုင်ဖြိုးပါတီ မဲရုံကိုယ်စားလှယ် ဦးစိန်ဝင်းတင်က တားမြစ်ခဲ့ရ ကြောင်း၊ ၎င်းမဲရုံတွင် မဲရုံနှင့်ကိုက် (၅၀၀) အတွင်း မဲရုံရှေ့၌ နောင်မကောက်ကျေးရွာ ရ. ယ. က ဥက္ကဋ္ဌဦးမောင်အေးနှင့် ကုန်းကုတင် ကျေးရွာ ရ. ယ. က ဥက္ကဋ္ဌ ဦးမောင်အေးတို့က ရှမ်းပါတီအား မဲထည့်ရန် စည်းရုံးပြောဆိုနေသည်ကို ဦးစိန်ဝင်းတင်၏ စာဖြင့်တင်ပြချက်အရ သိရှိရကြောင်းဖြင့် ထွက်ဆိုခဲ့သည်။

လျှောက်ထားသူ ဒေါ်ဝိုင်းသည် ယင်းသို့ထွက်ဆိုခဲ့သော် လည်း သက်သေခံ (ည) နှင့် (ဍ) တို့ကို ရေးသားတင်ပြသည် ဆိုသည့် ဦးစိုင်းစိုးမောင်နှင့် ဦးဝင်းမောင်တို့ကိုလည်းကောင်း၊ နောင်းကွမ်ရွာ ရ. ယ. ကစာရေး ဆိုသူကိုလည်းကောင်း၊ တာလီကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင် ဦးညွန့်လွင်ကိုလည်းကောင်း၊ ဦးပေါ်စိုးခိုကိုလည်း ကောင်း၊ ဦးစိန်ဝင်းတင်ကို လည်းကောင်း၊ ၎င်းတို့စာဖြင့် တင်ပြသည့် စာကိုလည်းကောင်း ဤအမှုတွင် သက်သေတင်ပြခြင်းမရှိပေ။

သက်သေခံ(ဂ) ကို လွယ်စယ်ကျေးရွာ ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူး ဦးကျော်ဆွေ (လျှောက်ထားသူပြ သက်သေအမှတ် -၄) က ၈-၁၁-၂၀၁၀ ရက်စွဲဖြင့် မိုးမောက်မြို့နယ်ပြည်ခိုင်ဖြိုးပါတီ အတွင်း

ရေးမှူး ( လျှောက်ထားသူ ဒေါ်ဝိုင်း )ထံ တင်ပြခဲ့ရာထိုစာတွင် ၆-၁၁-၂၀၁၀ ရက်နေ့ ည (၇)နာရီအချိန် တိန်းဝိုက်ကျေးရွာနှင့် လွယ်စယ်ကျေးရွာတို့တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲအနိုင်ရရှိရေးအတွက် ရှမ်းအိုးစည်ဗုံမောင်းများတီးပြီး စည်းရုံးမှုပြုခဲ့ကြောင်းသာ ရေးသားဖော်ပြသည်။ သို့သော်ရုံးရှေ့ထွက်ဆိုရာတွင်မူ ၎င်းသက်သေ ဦးကျော်ဆွေက ထိုအကြောင်းအရာအပြင် နောင်းကုန်ကျေးရွာမဲရုံတွင် စာရင်းအရမဲပေးခွင့်ရှိသူ (၈၀၃) ဦးရှိပြီး အမှန်တကယ် မဲလာပေးရာ၌ (၄၅၀)ခန့်သာရှိခဲ့သော်လည်း မဲစာရင်းတွင်မဲလာပေးသူ (၆၉၁) ဦးရှိခဲ့ကြောင်း၊ မဲရေတွက်ရာတွင် ကျားဖြူပါတီကို အမှန်ခြစ်ထားသည့် ဆန္ဒမဲ (၅)စောင်ထပ်၊ (၁၀)စောင်ထပ်ကိုတွေ့ရသဖြင့် ကိုယ်စားပြုမဲပေးခဲ့ကြကြောင်းကိုလည်း ထွက်ဆိုခဲ့သည်။

၎င်းက ထိုမဲရုံတွင် (၅)စောင်ထပ်၊ (၁၀)စောင်ထပ် မဲထည့်သည်ကို မဲထည့်စဉ်က မတွေ့ရကြောင်းနှင့် မဲရေသည့်အခါမှ တွေ့ရကြောင်း ထွက်ဆိုခဲ့သဖြင့် (၅)စောင်ထပ်၊ (၁၀)စောင်ထပ်တွေ့၍ ကိုယ်စားပြုမဲထည့်သည်ဟု ထွက်ဆိုခြင်းသည် ဆန္ဒမဲ (၅)စောင်ထပ်၊ (၁၀)စောင်ထပ်တို့ကို တွေ့ရခြင်းကြောင့် ထွက်ဆိုသည်ဖြစ်၍ ထင်ကြေးဖြင့် ထွက်ဆိုခြင်းဖြစ်သည်ဟု ယူဆရန်ရှိသည်။

လူတစ်ဦးတစ်ယောက်၏ ရေးသားသော စာပါအကြောင်းအရာကို သက်သေထင်ရှားပြလိုလျှင် သက်သေခံဥပဒေပုဒ်မ ၃၂ ပါကိစ္စရပ်များမှလွဲ၍ ထိုစာရေးသားသူအား သက်သေဆင့်ခေါ်ပြီး စစ်ဆေးစေခြင်းဖြင့် သက်သေထင်ရှားပြရန်လိုသည်။ ထိုစာပါအကြောင်းအရာကို ရေးသားသူအား သက်သေအဖြစ်ဆင့်ခေါ် စစ်ဆေးခြင်း မရှိဘဲ စာချည်းသက်သက်မှာ စာရေးသားသူအားကတိသစ္စာပြု၍ စစ်ဆေးခြင်း မပြုနိုင်သည့်အပြင် တစ်ဖက်လျှောက်ထားခံရသူမှ ပြန်လှန်စစ်မေးခွင့်မရသောကြောင့် အမှန်အမှားကိုဝေဖန် သိရှိရန်ခဲယဉ်းသည်။

သက်သေခံ (ဂ)၊ (ည)နှင့် (ဍ)တို့ကို ခုံရုံးက သက်သေခံအဖြစ် လက်ခံခြင်းမှာ ထိုစာများကို မိုးမောက်မြို့နယ် ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူးထံ ပေးပို့ခဲ့၍ ပြည်ခိုင်ဖြိုး ပါတီက လက်ခံရရှိခဲ့ကြောင်း၊ မိုးမောက် မြို့နယ်ပြည်ခိုင်ဖြိုးပါတီ အချိန်ပြည့်ကော်မတီဝင် ဦးထွန်းကြည်

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

(လျှောက်ထားသူပြသက်သေအမှတ် - ၅) က ထွက်ဆိုတင်ပြခဲ့၍ လက်ခံခြင်းဖြစ်သည်။ စာပါအကြောင်းအရာကို သက်သေထင်ရှားပြခဲ့၍ သက်သေ ထင်ရှားသောကြောင့် လက်ခံခဲ့ခြင်းမဟုတ်ပေ။ ယင်းစာများကို လက်ခံရရှိကြောင်း သက်သေခံ တင်သွင်း၍ စာကိုသက်သေခံ လက်ခံခြင်း အကြောင်းကြောင့် စာပါအကြောင်းအရာ ထင်ရှားပြီဟုဆိုရန် အကြောင်းမရှိချေ။ စာပါအကြောင်းအရာကို သက်သေထင်ရှားရန် သက်သေခံ ဥပဒေပုဒ်မ ၁၃၆ အရ နောက်ထပ်သက်သေပြရန်လိုပေသည်။

သို့ဖြစ်၍ သက်သေခံ (ည)နှင့်(ဍ) စာများသည် ကာယကံရှင်များအားခေါ်ယူပြီး သက်သေထင်ရှားပြခဲ့သည့် စာများမဟုတ်၍ အမှုတွင်အဆုံးအဖြတ်ပြုရန် အကြောင်းမရှိချေ။

ထို့အပြင် လျှောက်ထားသူက သိရှိမြင်တွေ့သည်ဟုဆိုသူ နောင်းကွမ် ရ. ယ. က စာရေး၊ တာလီ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင် ဦးညွန့်လွင်၊ ဦးပေါ်စိုးခိုနှင့် ဦးစိန်ဝင်းတင်တို့ကို သက်သေပြခဲ့ခြင်းမရှိ၍ ဒေါ်ဝိုင်း၏ စွပ်စွဲချက်သည် ထောက်ခံသော သက်သေခံချက်မရှိဟု ဆိုရမည်ဖြစ်သည်။

ကန့်ကွက်လွှာ အပိုဒ် (၆)နှင့်စပ်လျဉ်း၍ လျှောက်ထားသူ ဒေါ်ဝိုင်းက ရွေးကောက်ပွဲအကြိုည ၆-၁၁-၂၀၁၀ ရက်နေ့ညတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ၎င်း၏ကိုယ်စားလှယ်လောင်းများ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် မိုးလဲချောင်းတစ်လျှောက် ကျေးရွာများသို့ လူမျိုးရေးအရမဲပေးရန်လှုံ့ဆော်ပြီး ရှမ်းအိုးစည် တီးကြရန် နှိုးဆော်ခဲ့သဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဈ)၊(ဌ) တို့ကို ဖောက်ဖျက်ကျူးလွန်ကြောင်းဖြင့် ကန့်ကွက်သည်။

ယင်းအကြောင်းအရာနှင့်စပ်လျဉ်း၍ လျှောက်ထားသူပြ သက်သေ ဦးကျော်ဆွေ (လျှောက်ထားသူပြ သက်သေအမှတ် -၄)က အောက်ပါအတိုင်းထွက်ဆိုခဲ့သည် -

> “ ××× ၆-၁၁-၂၀၁၀ ရက် ည ၇ နာရီခန့်က မိုးလဲချောင်း ပတ်ဝန်းကျင်ရွာများတွင် ရှမ်းအိုးစည်တီးသံများ ကြားရပါသည်။ လွယ်စယ်ကျေးရွာတွင်လည်း တီးပါသည်။ ရှမ်းအိုးစည်တီးသောလူငယ်များကို ကျွန်တော်က

ဘယ်သူတီးခိုင်းတာလဲ ဟုမေးရာ ၎င်းတို့က ရှမ်းစာပေ ယဉ်ကျေးမှု ဒု-ဥက္ကဋ္ဌ ဦးလောလိုင်တီးခိုင်း၍ တီးရကြောင်းပြောပါသည်။ ဦးလောလိုင်မှာ ဖာကေတိုက်နယ် ရှမ်းဒီပါတီမှ ဒု-ဥက္ကဋ္ဌ ဖြစ်ပါသည်။ ရှမ်းအိုးစည်တီးသူများက " ရှမ်း ဘုရင်လောင်းကိုကြိုဆိုကြ၊ ရှမ်းဒီပါတီသည် ရှမ်းပါတီ အစစ်ဖြစ်သည်၊ ပြည်ခိုင်ဖြိုးပါတီသည် ဗမာပါတီဖြစ်သည်၊ ကိုယ့်လူမျိုးကို ချစ်သူများ ရှမ်းဒီပါတီကို မဲပေးကြ " ဟုပြောဆိုသံကိုကြားသဖြင့် ထိုသတင်းကို မြို့နယ် ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူး ဒေါ်ဝိုင်းထံသို့ ဖုန်းဖြင့်ပြောပါသည်။ ×× "

ထိုသက်သေက စာဖြင့်လည်းတင်ပြသဖြင့် ယင်းစာကို သက်သေခံ(ဂ)အဖြစ် ဒေါ်ဝိုင်းကတင်ပြထားသည်။

ရှမ်းအိုးစည်တီးသောလူငယ်များကို ကျွန်တော်က ဘယ်သူတီးခိုင်းတာလဲဟု မေးရာ ၎င်းတို့က ရှမ်းစာပေနှင့်ယဉ်ကျေးမှု ဒု-ဥက္ကဋ္ဌ ဦးလောလိုင်တီးခိုင်း၍ တီးရကြောင်းပြောပါသည်ဟု သက်သေဦးကျော်ဆွေ ကထွက်ဆိုခြင်းမှာ တစ်ဆင့်ကြား သက်သေခံချက် ( Hear Say ) ဖြစ်သည်။ သက်သေခံဥပဒေအရ သက်သေခံမဝင်ပေ။

ရှမ်းအိုးစည်တီးခိုင်းသူများက " ရှမ်းဘုရင်လောင်းကို ကြိုဆိုကြ၊ ရှမ်းဒီပါတီသည် ရှမ်းပါတီအစစ်ဖြစ်သည်၊ ကိုယ့်လူမျိုးကို ချစ်သူများ ရှမ်းဒီပါတီကိုမဲပေးကြ " ဟုပြောဆိုသံကို ကြားရသည်ဟု ထွက်ဆိုခြင်းမှာလည်း မည်သူမည်ဝါကပြောဆိုကြောင်း တိတိကျကျ ထွက်ဆိုခြင်းမဟုတ်ပေ။ ပြောဆိုသံကိုကြားရသည်ဟုသာ ထွက်ဆိုသဖြင့် တိကျရေရာသော သက်သေခံချက်မဟုတ်ပေ။

ကန့်ကွက်လွှာအပိုဒ် (၆)၊ အပိုဒ်ခွဲ (၂)နှင့် (၃)တို့တွင် မဲရုံအမှတ် (၄၆)တည်ရာ မန်နောင်ကျေးရွာတွင် ၂၉-၁၀-၂၀၁၀ ရက်နေ့က လျှောက်ထားခံရသူ ဦးမျိုးအောင်နှင့် အပေါင်းပါ (၁၀) ဦးအဖွဲ့က အစိုးရအပေါ် ပုတ်ခတ်ပြောဆိုခြင်း၊ လူမျိုးရေးအရ သွေးခွဲ ဟောပြောခြင်း၊ ပြည်ခိုင်ဖြိုးပါတီအားပုတ်ခတ်ဟောပြောခြင်းဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဈ) (ဌ) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း နှင့် မဲဆန္ဒနယ်အတွင်းရှိ အခြားကျေးရွာများတွင်လည်း အလားတူ

ဟောပြောခဲ့ကြောင်းကို လျှောက်ထားသူ ဒေါ်ဝိုင်းက စွပ်စွဲခဲ့သည်။

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

ယင်းအကြောင်းကို လွယ်မောက်ရန်ကျေးရွာ ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူး ဦးစောနိုင်လေး ( လျှောက်ထားသူပြသက်သေအမှတ် - ၁ )၊ မန်နောင်ကျေးရွာ ပြည်ခိုင်ဖြိုးပါတီစည်းရုံးရေးမှူး ဦးဆန်းမြင့် (လျှောက်ထားသူပြသက်သေအမှတ် -၂)နှင့် မန်နောင်ကျေးရွာ ပြည်ခိုင်ဖြိုးပါတီ ကျေးရွာအမှုဆောင်ဦးအောင်မြင့်ထွန်း (လျှောက်ထားသူပြသက်သေ အမှတ် -၃)တို့က ထွက်ဆိုကြသည်။

သက်သေ ဦးဆန်းမြင့်က ၂၉-၁၀-၂၀၁၀ ရက်နေ့တွင် လျှောက်ထားခံရသူ ဦးမျိုးအောင်နှင့် (၁၀) ဦးတို့သည် မန်နောင်ကျေးရွာ ဘုန်းကြီးကျောင်း ကထိန်ပွဲသို့ ရောက်လာပြီး ရွာသား (၁၀၀) ခန့်ကို " ပြည်ခိုင်ဖြိုးပါတီကို မဲမထည့်နဲ့၊ မဲထည့်ရင် လက်ရှိအစိုးရကို ထောက်ခံသည့် သဘောဖြစ်မည်၊ ရှမ်းပါတီကိုမဲထည့်ရန်၊ ရှမ်းပါတီ အနိုင်ရလျှင် ရှမ်းစာပေလွတ်လပ်စွာသင်ယူခွင့်ရမည်၊ လက်ရှိအစိုးရ ကတိမတည် ဘူး၊ လုပ်ပေးမည်ပြောပြီး မလုပ်ပေးဘူး၊ ဦးရုံးမူနှင့်ဒေါ်ဝိုင်းမှာ ပြည်ခိုင်ဖြိုးပါတီမှ ရှမ်းလူမျိုးဖြစ်သည်" ဟုဟောပြောကြောင်း ထွက်ဆိုပြီး ဦးအောင်မြင့်ထွန်းကလည်း ၂၉-၁၀-၂၀၁၀ ရက်နေ့တွင် လျှောက်ထားခံရသူ ဦးမျိုးအောင်နှင့် (၁၀) ဦးတို့သည် မန်နောင်ကျေးရွာဘုန်းကြီးကျောင်းကထိန်ပွဲသို့ရောက်လာပြီး လူ (၁၀၀)ခန့်ကို ဦးဆန်းမြင့်ထွက်ဆိုသကဲ့သို့ ဟောပြောခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

သက်သေ ဦးစောနိုင်လေးက ထွက်ဆိုရာတွင် ၃၀-၁၀-၂၀၁၀ ရက်နေ့၌ လွယ်မောက်ကျေးရွာသို့ လျှောက်ထားခံရသူ ဦးမျိုးအောင်ပါ(၃)ဦးတို့ရောက်ရှိလာပြီး ရ. ယ. က ဥက္ကဋ္ဌ ဦးလစံရှုရွယ်နေအိမ်တွင် ရွာသားများအား လျှောက်ထားခံရသူ ဦးမျိုးအောင်ကဟောပြောခဲ့ကြောင်း၊ ထိုသို့ဟောပြောရာတွင် ဦးမျိုးအောင်မှ " ရှမ်းပါတီမှာ ဒေါက်တာတူးဂျာ၏ ကေအက်စ်ပီပီပါတီ နှင့်အတူတူဖြစ်ကြောင်း၊ ၎င်းတို့၏ ရှမ်းပါတီကို မဲထည့်ရန်ဖြစ်ကြောင်း၊ ရှမ်းနှင့်ကချင်အတူတူ ဖြစ်၍ ရှမ်းပါတီကိုမဲထည့်ရန်ဖြစ်ကြောင်း၊ ပြည်ခိုင်ဖြိုးပါတီကို မဲမထည့်ကြရန်ဖြစ်ကြောင်း" ဟောပြောသည်ဟု ထွက်ဆိုခဲ့သည်။

ထိုသို့ဟောပြောခဲ့ကြောင်းကို သက်သေဦးဆန်းမြင့်က သက်သေခံ (က) စာဖြင့် ၁-၁၁-၂၀၁၀ ရက်နေ့၌ လျှောက်ထားသူ

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

ဒေါ်ဝိုင်းထံ ပေးပို့ခဲ့ပြီး သက်သေဦးအောင်မြင့်ထွန်းက သက်သေခံ(ခ) စာဖြင့် ၃၀-၁၀-၂၀၁၀ ရက်နေ့တွင် လျှောက်ထားသူ ဒေါ်ဝိုင်းထံ တင်ပြခဲ့၍ သက်သေ ဦးစောနိုင်လေးကလည်း သက်သေခံ (ဃ)စာဖြင့် ၂-၁၁-၂၀၁၀ ရက်နေ့တွင် လျှောက်ထားသူဒေါ်ဝိုင်းထံ တင်ပြခဲ့ကြကြောင်း ဒေါ်ဝိုင်းကထွက်ဆိုခဲ့သည်။

သက်သေ ဦးဆန်းမြင့်၊ ဦးအောင်မြင့်ထွန်းနှင့် ဦးစောနိုင်လေးတို့သည် ပြည်ခိုင်ဖြိုးပါတီ၏ပါတီဝင်များ ဖြစ်ကြပြီး ၎င်းတို့ ပေးပို့သောစာများမှာလည်း လျှောက်ထားသူ ဒေါ်ဝိုင်းထံသာ တင်ပြပြီး အခြားမည်သည့်ဌာန၊ အဖွဲ့အစည်းများထံပေးပို့ထားခြင်းမရှိ၍ ၎င်းတို့၏ ထွက်ဆိုချက်များမှအပ အခြားသက်သေခံချက်များမရှိဟု ဆိုရမည်ဖြစ်သည်။

သို့ရာတွင် လျှောက်ထားသူ ဒေါ်ဝိုင်းက ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲထံ တင်ပြခဲ့သည့် ၈-၁၁-၂၀၁၀ ရက်စွဲပါ သက်သေခံ (င)စာတွင်လည်းကောင်း၊ ဥက္ကဋ္ဌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နေပြည်တော်သို့ တင်ပြသည့် ၁၈-၁၁-၂၀၁၀ ရက်စွဲပါ သက်သေခံ (ဆ) စာတွင်လည်းကောင်း၊ မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်ရဲတပ်ဖွဲ့စခန်းမှူးထံတိုင်ကြားသည့် ၂၀-၁၁-၂၀၁၀ရက်စွဲပါ သက်သေခံ (ဇ) တိုင်စာတွင်လည်းကောင်း၊ မိုးမောက်မြို့နယ် မြို့သစ်ရဲတပ်ဖွဲ့စခန်းမှူးထံတိုင်ကြားသည့် ၂၀-၁၁-၂၀၁၀ရက်စွဲပါ သက်သေခံ (ဈ) တိုင်စာတွင်လည်းကောင်း၊ လျှောက်ထားခံရသူ ဦးမျိုးအောင် လွယ်မောက်ကျေးရွာနှင့် မန်နောင်ကျေးရွာတို့တွင် တရားမဲ့ပောပြောခဲ့ကြောင်းနှင့် စပ်လျဉ်း၍ ဖော်ပြတိုင်ကြားခဲ့ခြင်းမရှိကြောင်းတွေ့ရသဖြင့် ဖော်ပြပါ တိုင်စာများကို တိုင်ကြားစဉ်အခါက လျှောက်ထားသူ ဒေါ်ဝိုင်းသည် ဦးဆန်းမြင့်၊ ဦးအောင်မြင့်ထွန်းနှင့် ဦးစောနိုင်လေးတို့၏ သက်သေခံ တင်ပြစာများကို လက်ခံရရှိခြင်းမရှိ၍သာ ဖြစ်သည်ဟုယူဆရန်ရှိသည်။

ကော်မရှင်အဆင့်ဆင့်နှင့် ရဲတပ်ဖွဲ့စခန်းများတွင် တိုင်ကြားစဉ်က တိုင်ကြားခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကန့်ကွက်လွှာကို တင်သွင်းသည့်အခါမှ ထိုအကြောင်းအရာကို ဖော်ပြကန့်ကွက်ခြင်းသည် နောက်မှ အကြံရ၍ ကန့်ကွက်ခြင်းဖြစ်သည်ဟု မှတ်ယူရန်ရှိသည်။

ထို့အပြင် ဤအမှုစစ်ဆေးနေစဉ်အတွင်း လျှောက်ထားသူ

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

ဒေါ်ဝိုင်းက ဆန္ဒမဲများကို ပြန်လည်မရေတွက်လိုတော့ကြောင်း လျှောက်ထားတင်ပြခဲ့သောကြောင့် ၎င်း၏ကန့်ကွက်လွှာ အပိုဒ် ၁၀ နှင့် အပိုဒ် ၁၄(က) အရ ဆန္ဒမဲများ၊ ပယ်မဲများကို ပြန်လည်ရေတွက်စစ်ဆေးရန် အကြောင်းမရှိတော့ပေ။

အထက်ပါသက်သေခံ အထောက်အထားများမှ အပ လျှောက်ထားသူဒေါ်ဝိုင်းက ဤအမှုတွင်တင်ပြထားသော အခြားသက်သေခံချက်များ မရှိခဲ့ပေ။

ဤအမှုတွင် လျှောက်ထားခံရသူ ဦးမျိုးအောင်က ၎င်း၏ချေပလွှာတွင် အခြားအကြောင်းအချက်များအပြင် ၎င်းအားကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကစိစစ်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခဲ့ပြီးဖြစ်၍ ယင်းသို့ကြေညာခဲ့ခြင်းသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ အပြီးအပြတ်ဖြစ်ကြောင်း၊ လျှောက်ထားသူဒေါ်ဝိုင်းက ကန့်ကွက်ခွင့်မရှိကြောင်းဖြင့် ခုခံချေပထားသည်။

ယင်းခုခံချေပချက်သည် ဥပဒေကြောင်းဆိုင်ရာ ချေပချက်ဖြစ်သည်။

ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈(က)တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သောကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

တဖန်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ တွင် အောက်ပါကဲ့သို့ ပြဋ္ဌာန်းသည် -

> ၅၃။ ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏ဆန္ဒအလျောက်

သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှု၍ လိုအပ်သလို အဆုံးအဖြတ် ချမှတ်နိုင်သည် ။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အထက်ပါဥပဒေ၏သဘောမှာ ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များကို ကော်မရှင်က မိမိ၏ဆန္ဒအလျောက် သက်ဆိုင်ရာ အမှုတွဲ၊ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှု၍ လိုအပ်သလို အဆုံးအဖြတ် ချမှတ်ခဲ့ပြီးဖြစ်လျှင် ထိုကဲ့သို့ကော်မရှင်က ဆုံးဖြတ်ခြင်းသည် အပြီးအပြတ်ဖြစ်၍ အယူခံမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ မပြုနိုင်ဟု ဆိုလိုခြင်းဖြစ်သည်။

ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်လွှာများကို စစ်ဆေးပြီး ဆုံးဖြတ်ချက် ချမှတ်ခြင်းသည်ပင်လျှင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က)၊ နည်းဥပဒေများ ၉၉နှင့် ၁၀၀ တို့အရ ငွေကျပ် ၁၀ သိန်းပေးသွင်း၍ ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ ပြင်ဆင်မှု တင်သွင်းနိုင်သည်ဖြစ်၍ အပြီးအပြတ် ဆုံးဖြတ်ချက် မဖြစ်ပေ။ ကော်မရှင်ကပြင်ဆင်မှုတွင် ဆုံးဖြတ်ချက် ချမှတ်ခြင်းသည်သာ ရွေးကောက်ပွဲဥပဒေ ၇၈(ခ) အရ အပြီးအပြတ်ဖြစ်သည်။

လျှောက်ထားခံရသူ ဦးမျိုးအောင်အား ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၂-၁၁-၂၀၁၀ရက်စွဲပါ ကြေညာချက်အမှတ်(၁၂၉/၂၀၁၀) အရ ကြေညာခဲ့ခြင်းမှာ သက်ဆိုင်ရာ ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ၄၉(ခ)နှင့်အညီ လျှောက်ထားခံရသူ ဦးမျိုးအောင်အား မိုးမောက်မြို့နယ်ပြည်နယ် လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်သည်ကို ထပ်ဆင့်ကြေညာပေးခြင်းသာဖြစ်သည်။

ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက လျှောက်ထားခံရသူ ဦးမျိုးအောင်အား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာ

သည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာအမှုတွဲ၊ စာရွက်စာတမ်းများကိုတောင်းယူကြည့်ရှုပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ခြင်း မဟုတ်၍ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ အပြီးအပြတ်ဆုံးဖြတ်ခြင်း မဟုတ်ပေ။

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

ထို့ကြောင့် လျှောက်ထားခံရသူ ဦးမျိုးအောင်က ၎င်းအား ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာခဲ့ပြီးဖြစ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ အပြီးအပြတ်ဖြစ်ကြောင်း နှင့် လျှောက်ထားသူ ဒေါ်ဝိုင်းက ကန့်ကွက်ခွင့်မရှိဟု ခုခံချေပခြင်းမှာ မှန်ကန်ခြင်းမရှိပေ။

နှစ်ဖက်အဆိုလွှာ၊ ချေလွှာနှင့် သက်သေထွက်ဆိုချက်များအပေါ်ခြုံငုံသုံးသပ်လျှင် မိုးမောက်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) တွင် လျှောက်ထားခံရသူ ဦးမျိုးအောင်ကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်ကဖြစ်စေ၊ ယင်း၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ တရားမဲ့ပြုကျင့်မှုများ ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ငြင်းချက်(၁)နှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူ ဦးမျိုးအောင်သည် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကို ရရှိခဲ့ခြင်းဖြစ်သည်ဆိုခြင်းမှာ မမှန်ဟု ဖြေဆိုသည်။

## ငြင်းချက် (၂)

အထက်ပါ ငြင်းချက် (၁) ဖြေဆိုချက်အရ ငြင်းချက် (၂)ကို မမှန်ဟု ဖြေဆိုသည်။

## ငြင်းချက် (၃)

အထက်ပါ ငြင်းချက် (၁)နှင့် (၂) ဖြေဆိုချက်အရ လျှောက်ထားသူသည် သက်သာခွင့် မရထိုက်ကြောင်းဖြေဆိုပြီး အောက်ပါအမိန့်ကိုချမှတ်သည် -

## အမိန့်

၂၀၁၁ ခုနှစ်
ဒေါ်ဝိုင်း
နှင့်
ဦးမျိုးအောင်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးမျိုးအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင် အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ ဒေါ်ဝိုင်း၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်သည်။

တရားစရိတ်ငွေကျပ် **(၅) သိန်း** ကို လျှောက်ထားသူ ဒေါ်ဝိုင်းက လျှောက်ထားခံရသူ ဦးမျိုးအောင်အား ပေးစေ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

+၂၀၁၁ ခုနှစ်
ဇူလိုင်လ
၂၉ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်

ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွန့် — လျှောက်ထားသူ

နှင့်

ဒေါက်တာမြတ်ဉာဏစိုး — လျှောက်ထားခံရသူ*

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃ ၊နည်း ၂ အရ စာမှတ်စာတမ်းများ တင်ပြခြင်း၊ သက်သေများစစ်ဆေးသည့်အခါမှ သက်သေနှင့်အတူပါလာ၍ နောက်ကျရခြင်းဖြစ်ကြောင်း အကြောင်းပြချက်သည် ခိုင်လုံသောအကြောင်းပြချက် ဟုတ် မဟုတ်။

မဲဆွယ်စည်းရုံးကြစဉ် စည်းရုံးသည့်အဖွဲ့ဝင်များ လမ်းတွင်ကြုံကြိုက်ခြင်းဖြစ်ကြောင်း လက်ခံနိုင်ဘွယ်ရှိ မရှိ။

လွှတ်တော် ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်သော တရားမဲ့ပြုကျင့်မှု။

**ဆုံးဖြတ်ချက် ။** တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ တွင် အမှုပထမကြားနာသည့်နေ့ရက်၌ အမှုသည်များ သို့မဟုတ် ၎င်းတို့

---

* ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်- ၁။

\+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၂၈) တွင်ချမှတ်သော ၁၀-၆-၂၀၁၁ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့ (၄)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု။

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

၏ ရှေ့နေများသည် အမှုတွင် အားကိုးအားထားပြုပြီး သက်သေခံအဖြစ် တင်သွင်းလိုသော မိမိတို့လက်ဝယ်ရှိ သို့မဟုတ် မိမိတို့၏စီမံခန့်ခွဲမှုအတွင်းရှိ စာမှတ်စာတမ်းအားလုံးကို တရားရုံးသို့တင်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့တင်ပြခဲ့ခြင်းမရှိဘဲ နောက်ပိုင်းတွင်တင်ပြလာလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၂ အရ တရားရုံးက ကျေနပ်လောက်အောင် ခိုင်လုံသော အကြောင်းမပြနိုင်က အမှု၏နောက်ပိုင်းတွင် တင်ပြလာခြင်းကို တရားရုံးက လက်ခံခြင်း မပြုရဟု တားမြစ်ထားသည်။ အကြောင်းမှာ အမှု၏နောက်ပိုင်းတွင် လိမ်လည်အတု ပြုလုပ်ပြီး တင်ပြလာမည်ကို ကာကွယ်လို၍ဖြစ်သည်။

တရားရုံးကကျေနပ်လောက်အောင် ခိုင်လုံသောအကြောင်း မပြနိုင်လျှင် တရားရုံး က လက်ခံခြင်းမပြုရဟု ဥပဒေက တားမြစ်ထားသည်ဖြစ်သောကြောင့် ခိုင်လုံသော အကြောင်းရှိကြောင်း တင်ပြရန်တာဝန်သည် လျှောက်ထားသူ၏တာဝန် ဖြစ်သည်။ သက်သေနှင့်အတူ ယခုမှပါလာ၍ နောက်ကျတင်ပြရခြင်းဖြစ်ကြောင်း အကြောင်းပြချက်သည် ခိုင်လုံသောအကြောင်းမဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ဦးအေးမြင့်သည် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် မဲဆွယ်စည်းရုံးပေးသူဖြစ်ကြောင်း အထက်တွင် သုံးသပ်ခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ၎င်း၏ဟောပြောချက်များသည် ဦးသိန်းတင်အောင်နှင့်သာ သက်ဆိုင်မည်ဖြစ်သည်။ ဒေါက်တာမြတ်ဉာဏစိုးက စေခိုင်းသဖြင့်လည်းကောင်း သို့မဟုတ် ၎င်း၏ သဘောတူညီချက်ဖြင့်လည်းကောင်း ဟောပြောခြင်းမဟုတ်၍ ဦးအေးမြင့်၏ ဟောပြောချက်များသည် ဒေါက်တာမြတ်ဉာဏစိုးနှင့် သက်ဆိုင်သည်ဟုဆိုရန် အကြောင်းမရှိနိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ဤအမှုတွင်ဦးအေးမြင့်သည် ဒေါက်တာမြတ်ဉာဏစိုး၏ ရွေးကောက်ပွဲကိုယ်စားလှယ်မဟုတ်ကြောင်းမှာ ထင်ရှားသည်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၃(က)တွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်မဟုတ်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှု တစ်ခုခုဖြစ်ပေါ်ခဲ့ပြီး ထိုတရားမဲ့

ပြုကျင့်မှုကို လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့၏ သဘော တူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့ခြင်းဖြစ်လျှင် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်ကြောင်းကို အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

<u>၂၀၁၁ ခုနှစ်</u>
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

ပုဒ်မ ၇၃။ ရွေးကောက်တင်မြှောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်သည် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှု တစ်ခုခုအတွက် အပြစ်ရှိသည် ဟု ရွေးကောက်ပွဲခုံအဖွဲ့က အစီရင်ခံရာတွင် အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း ထင်မြင်ယူဆပါက ထိုလွှတ်တော်ကိုယ်စားလှယ်အား ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်သည် –

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့သော တရားမဲ့ပြုကျင့်မှုဖြစ်ခြင်း၊

လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးနှင့် ဦးအေးမြင့်တို့သည် မဲဆွယ်စည်းရုံးကြစဉ်အတွင်း တိုက်ဆိုင်ပြီး ခဏတာ ကြုံကြိုက်ကြခြင်းသာဖြစ်ကြောင်းကို လက်ခံဖွယ်ရှိသည်။ ယင်းနောက်ပိုင်းတွင် ဆက်လက် တွေ့ဆုံမဲဆွယ်မှုပြုကြခြင်း မရှိခဲ့ပေ။

လျှောက်ထားသူအတွက် - ဦးလေးမြင့်
(တရားလွှတ်တော်ရှေ့နေ)
လျှောက်ထားခံရသူအတွက် - ဦးမြင့်သွင်
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၄)၌ ပြည်ထောင်စု ကြံ့ခိုင်ရေး

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

နှင့်ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားသူ ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွန့်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဦးတင့်နိုင်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသီဟမင်းအောင်တို့ (၄)ဦးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြရာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးက ဆန္ဒမဲအများဆုံးဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ယင်းသို့ လျှောက်ထားခံရသူက ရွေးကောက်တင်မြှောက်ခံရခြင်းသည် လျှောက်ထားခံရသူ၏ ဥပဒေချိုးဖောက်မှုနှင့် တရားမဲ့ပြုကျင့်မှုများကြောင့် ဆန္ဒမဲများရသင့်သည်ထက် ရရှိကာ အနိုင်ရရှိသွားခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူသည် ဥပဒေချိုးဖောက်မှုနှင့် တရားမဲ့ပြုကျင့်ခြင်း မပြုခဲ့သော် မိမိသာလျှင် ဆန္ဒမဲအများဆုံး ရရှိနိုင်သည်ဖြစ်၍ ရွေးကောက်ခြင်းခံရထိုက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း အဆိုပြုကာ လျှောက်ထားသူ ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွန့်က လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးအပေါ် ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် ၂၈/၂၀၁၀ ကို တင်သွင်းခဲ့သည်။

ယင်းကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၄)က စစ်ဆေးကြားနာပြီးနောက် ၁၀-၆-၂၀၁၁ ရက်နေ့တွင် လျှောက်ထားသူ၏ ကန့်ကွက်လွှာကိုပယ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

သို့ဖြစ်၍ ဦးမြတ်သူ(ခ)ဦးကျော်ဇင်ညွန့်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဤပြင်ဆင်မှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

မူလကန့်ကွက်လွှာတွင် လျှောက်ထားသူ ဦးမြတ်သူ (ခ) ဦးကျော်ဇင်ညွန့်က လျှောက်ထားခံရသူဒေါက်တာမြတ်ဉာဏစိုးသည် တရားမဲ့ပြုကျင့်မှုများဖြင့် ဆန္ဒမဲများကို ရသင့်သည်ထက်ရရှိကာ အနိုင်ယူသွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသည် NDF ပါတီ၏ တာဝန်ရှိသူ ရန်ကုန်တိုင်းအတွင်းရေးမှူးဖြစ်ပြီး ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် (၁) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (၂)ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ (၃)ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (၄)ချင်းအမျိုး

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွှန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

သားပါတီ (၅)ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (၆) ပြည်ထောင်စုဒီမိုကရေစီပါတီတို့ဖြင့် မဟာမိတ်ဖွဲ့ကာ ဒီမိုကရေစီ ပူးပေါင်းအဖွဲ့ဝင်များက တရားမဲ့ပြုကျင့်မှုများကို ပြုမူဆောင်ရွက်ခဲ့ကြကြောင်း၊ တာမွေမြို့နယ်အတွင်း၌ ဒေါက်တာမြတ်ဉာဏစိုးနှင့် အဆို ပါ ပူးပေါင်းအဖွဲ့သည် ခမောက်တံဆိပ်ပါ ကား(၃)စီးဖြင့် လမ်းဆုံလမ်းခွ အချက်အချာနေရာ လမ်းများပေါ်တွင် (၂၈-၁၀-၂၀၁၀)၊ (၂၉-၁၀-၂၀၁၀)၊ (၃၀-၁၀-၂၀၁၀)ရက်နေ့များ၌ ကားများပေါ်မှ နိုင်ငံတော်၊ တပ်မတော်အစိုးရနှင့် ပြည်ခိုင်ဖြိုးပါတီကို ဆန့်ကျင်ပုတ်ခတ်ဟောပြောခြင်း၊ စာစောင်စာတမ်းများဖြင့် ပုတ်ခတ်မဲဆွယ်ခြင်းများကို တရားမဲ့ပြုကျင့်ခဲ့ကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း၌ အဆိုပါ မော်တော်ယာဉ်များဖြင့် (၂၉-၁၀-၂၀၁၀)ရက်နေ့တွင် ယာဉ်များပေါ်မှ လမ်းပြကြယ်ဦးအေးမြင့်က နိုင်ငံတော်နှင့်မိမိပါတီအား ပုတ်ခတ်ထိခိုက်ဟောပြောမဲဆွယ်မှုပြုခဲ့ကြောင်း၊ သာကေတမြို့နယ်အတွင်း၌ (၅-၁၂-၂၀၁၀)ရက်နေ့တွင် အဆိုပါခမောက်တံဆိပ်ပါ မော်တော်ယာဉ်များပေါ်မှ ဒီမိုကရေစီပူးပေါင်းအဖွဲ့က လမ်းဆုံလမ်းခွ၊ လမ်မများပေါ်တွင် နိုင်ငံတော်နှင့် ပြည်ခိုင်ဖြိုးပါတီကို ထိခိုက်ဆန့်ကျင်ဟောပြောမဲဆွယ်မှုပြုလုပ်ခဲ့ကြောင်း၊ ဤကဲ့သို့ဖြင့် ၎င်းအနိုင်ရရေးအတွက် မဲဆန္ဒရှင်ပြည်သူများကိုအစိုးရအပေါ် ဆန့်ကျင်စိတ်ပေါ်လာအောင်၊ တပ်မတော်အပေါ် ပြည်သူအထင်လွဲအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပေါ် အထင်သေးအောင် ဥပဒေချိုးဖောက် မဲဆွယ်ခြင်းကြောင့် လျှောက်ထားသူ ရသင့်ရထိုက်သော ဆန္ဒမဲများမရဘဲ ဖြစ်ခဲ့ရကြောင်း စသည်ဖြင့် ဖော်ပြကန့်ကွက်ခဲ့သည်။

လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးက ကန့်ကွက်ချက်များကိုငြင်းဆိုပြီး ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ အရ တရားမဲ့ပြုကျင့်မှု မမြောက်ကြောင်းဖြင့် ထုချေခဲ့သည်။

ရွေးကောက်ပွဲခုံအဖွဲ့(၄)က အမှုကိုစစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူက လျှောက်ထားခံရသူနှင့် ဒီမိုကရေစီပူးပေါင်းအဖွဲ့ဝင်များ တာမွေမြို့နယ်တွင် (၂၈-၁၀-၂၀၁၀)၊ (၂၉-၁၀-၂၀၁၀)၊ (၃၀-၁၀-၂၀၁၀) ရက်နေ့များနှင့် သာကေတမြို့နယ်အတွင်း၌ ( ၅ -၁၂-၂၀၁၀ ) ရက်နေ့တွင် ပူးပေါင်းဟောပြော မဲဆွယ်ခဲ့သည်ဟု ဆိုသော်လည်း( ၂၈-၁၀-၂၀၁၀ )ရက်နေ့နှင့် (၂၉-၁၀-၂၀၁၀)ရက်နေ့

များကိုသာ သက်သေတင်ပြခဲ့ကြောင်း၊ ကျန်ရက်များအတွက် သက်သေတင်ပြခြင်းမရှိကြောင်း၊လျှောက်ထားသူက လျှောက်ထားခံရသူဒေါက်တာမြတ်ဉာဏစိုး၊ လမ်းပြကြယ်ဦးအေးမြင့်နှင့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များအဖွဲ့က ကားများဖြင့်လှည့်လည်ကြသည်ဟု ထွက်ဆိုသော်လည်း တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီမှ ကိုယ်စားလှယ်လောင်း ဦးကိုကိုနိုင် ဝင်ရောက်ယှဉ်ပြိုင်ပြီး၊ ယင်းမဲဆန္ဒနယ်တွင်ပင် ပြည်ထောင်စုဒီမိုကရေစီပါတီမှကိုယ်စားလှယ်လောင်းဦးသိန်းတင်အောင် ဝင်ရောက်ယှဉ်ပြိုင်သဖြင့် ၎င်းတို့သည် ပူးပေါင်းကြရန် အကြောင်းမရှိကြောင်း၊ သက်သေခံ(စ) လက်ကမ်းစာစောင်အရ လမ်းပြကြယ်ဦးအေးမြင့်က မဲဆွယ်စည်းရုံးဟောပြောခြင်းသည် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် ဟောပြောခဲ့ခြင်းဖြစ်ကြောင်းမှာ ထင်ရှားကြောင်း၊လမ်းပြကြယ်ဦးအေးမြင့်သည် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုး၏ကိုယ်စားလှယ် မဟုတ်ကြောင်း၊ ဒေါက်တာမြတ်ဉာဏစိုးက တားမြစ်ရန်အကြောင်းမရှိကြောင်း၊ လမ်းပြကြယ် ဦးအေးမြင့်က ဟောပြောခြင်းသည် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် ဟောပြောခြင်းဖြစ်သည်ဟု မှတ်ယူရန်ရှိပြီး၊ ခရီးစဉ်အတွင်း အတူတကွ သွားကြသည်ဆိုသောအကြောင်းကြောင့် ဒေါက်တာမြတ်ဉာဏစိုး၏ စေခိုင်းချက်အရသော်လည်းကောင်း၊ သဘောတူညီချက်အရသော်လည်းကောင်း ဟောပြောသည်ဟု မှတ်ယူနိုင်သည့် အထောက်အထားအခိုင်အမာ မရှိကြောင်း စသည်ဖြင့် သုံးသပ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပယ်ခဲ့ခြင်း ဖြစ်ပေသည်။

ဤပြင်ဆင်မှုတွင် လျှောက်ထားသူ ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွန့်က အကြောင်းပြရာ၌ မူလအမှုတွင် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုး ကိုယ်စားပြုသော အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)သည် အခြားပါတီများနှင့်ပူးပေါင်း၍ မဟာမိတ်ဖွဲ့ခဲ့ကြောင်း ပေါ်ပေါက်ပါလျက် ယင်းသို့ပူးပေါင်းကြရန် အကြောင်းမရှိဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ လမ်းပြကြယ်ဦးအေးမြင့်သည် NDFပါတီ အနိုင်ရရေးအတွက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ခံထွက်ဆိုထားပါလျက် ယင်းအချက်ကို အလေးအနက်ထား၍ သုံးသပ်ခြင်း မပြုခြင်းမှာ မှားယွင်းကြောင်း၊ တာမွေမြို့နယ်အတွင်း မဲဆွယ်စည်းရုံးစဉ်က ဒေါက်တာမြတ်ဉာဏစိုးအတွက် လမ်းပြ

ကြယ် ဦးအေးမြင့်က ဟောပြောခဲ့ကြောင်း၊ ထိုသို့ ဟောပြောစဉ်တွင် ဒေါက်တာမြတ်ဉာဏစိုးလည်းရှိနေကြောင်း ပေါ်ပေါက်ပါလျက် လမ်းပြကြယ်ဦးအေးမြင့်က ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် ဟောပြောခြင်းတွင် ဒေါက်တာမြတ်ဉာဏစိုးက တားမြစ်ရန်အကြောင်းမရှိသကဲ့သို့ ဒေါက်တာမြတ်ဉာဏစိုးအား ထိခိုက်စေသည့်စကားရပ်များမပါခဲ့လျှင် ဒေါက်တာမြတ်ဉာဏစိုးက တားမြစ်ရန်အကြောင်းမရှိဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ လျှောက်ထားသူက လမ်းပြကြယ်ဦးအေးမြင့်၏ ဟောပြောချက် CD ခွေကို တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ အရ သက်သေခံတင်သွင်းခွင့်ပြုရန် လျှောက်ထားရာ၌ မူလခုံရုံးတော်မှ လက်မခံဘဲ လျှောက်ထားချက်ကို ပယ်လိုက်ခြင်းသည် အမှုမှန်ပေါ်ပေါက်ရေးတွင် အရေးကြီးသောအချက်တစ်ခု လျော့နည်းခဲ့ရပြီး ဥပဒေနှင့် ညီညွတ်မှုမရှိ၍ မှားယွင်းကြောင်း၊ တာမွေမြို့နယ်အတွင်း ဒေါက်တာမြတ်ဉာဏစိုးအား မဲပေးရန် လမ်းပြကြယ်ဦးအေးမြင့်က ဟောပြောရာ၌ ဒေါက်တာမြတ်ဉာဏစိုးအနားတွင်ရှိကြောင်း၊ ၎င်းက တားမြစ်ခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်ပါလျက် ကိုယ်စားဆောင်ရွက်ခြင်းမဟုတ်ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ လျှောက်ထားသူကိုယ်တိုင်နှင့် သက်သေ (၁၀)ဦးကို သက်သေခံစာရွက်စာတမ်းများနှင့်အတူ တင်ပြခဲ့သော်လည်း၊ ယင်းသက်သေခံချက်များကို အလေးအနက်ထား သုံးသပ်ခြင်းမရှိဘဲ ကန့်ကွက်လွှာကို ပယ်လိုက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု မရှိပါကြောင်းနှင့် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးနှင့် လမ်းပြကြယ်ဦးအေးမြင့်တို့၏ ဆောင်ရွက်ချက်များသည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဌ)၊ ၇၃(ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈-၈-၂၀၁၀ ရက်စွဲပါကြေညာချက်အမှတ် (၉၁/၂၀၁၀)ပါ ပြဋ္ဌာန်းချက်များနှင့်ငြိစွန်းပါကြောင်း စသည်ဖြင့် အကြောင်းပြသည်။

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

ဤပြင်ဆင်မှုကို ကြားနာရာတွင် ပြည်ထောင်စုရှေ့နေချုပ်ကိုလည်း ရုံးတော်သဟာယအဖြစ် ဖိတ်ကြားခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ကို စေလွှတ်ဆောင်ရွက်စေခဲ့သည်။

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

လျှောက်ထားသူ၏ရှေ့နေက ပြင်ဆင်မှုအကြောင်းပြချက်များကို အကျယ်တဝင့် တင်ပြလျှောက်လဲပြီး လျှောက်ထားခံရသူ၏ ရှေ့နေကလည်း ခုံအဖွဲ့၏ဆုံးဖြတ်ချက် မှန်ကန်ကြောင်းကို တင်ပြလျှောက်လဲခဲ့သည်။

ရုံးတော်သဟာယအဖြစ် ဖိတ်ကြားခဲ့သော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဦးအေးမြင့်သည် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ကိုယ်စားလှယ်လောင်းဦးသိန်းတင်အောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်ကြောင်း၊ ဒေါက်တာမြတ်ဉာဏစိုး၏ တရားဝင်ရွေးကောက်ပွဲကိုယ်စားလှယ်လည်း မဟုတ်ကြောင်း၊ ဒေါက်တာမြတ်ဉာဏစိုး နှင့် ဦးအေးမြင့်တို့ကြားတွင် ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှု တစုံတစ်ရာ နှစ်ဖက်ဆက်နွယ်မှု (Privity) ရှိသည်ဟု မပေါ်ပေါက်ကြောင်း၊ "သံသယ၏အကျိုး"ကို တရားခံအားပေးရမည်ဟုဆိုမည့်အစား "ထင်ကြေး"ဖြင့်အပြစ်မပေးသင့်၊ခိုင်လုံသော အထောက်ထား ပြည့်စုံမှသာ အပြစ်ပေးသင့်ကြောင်းကို **ဗိုလ်မှူးဝင်းဖေ နှင့် နိုင်ငံတော်**[၁]အမှုတွင် စီရင်ထုံးဖွဲ့ခဲ့ပါကြောင်း၊ သို့ဖြစ်၍ အကြောင်းပြချက်(၃) နှင့် (၅) တို့နှင့်စပ်လျဉ်း၍ မူလခုံရုံးကခရီးစဉ်အတွင်း အတူသွားကြသည်ဆိုသော အကြောင်းကြောင့် ဒေါက်တာမြတ်ဉာဏစိုး၏ စေခိုင်းချက်အရသော်လည်းကောင်း၊ သဘောတူညီချက်အရသော်လည်းကောင်း ဟောပြောသည်ဟု မှတ်ယူနိုင်သည့် အထောက်အထားများ မရှိကြောင်း သုံးသပ်ချက်မှာ ဥပဒေအရ မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ အရ စီဒီခွေအား သက်သေခံတင်သွင်းခွင့်ပြုရန် လျှောက်ထားခြင်းမှာလည်း မူလတရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ အရ အမှုပထမအကြိမ်ကြားနာရန် ချိန်းဆိုသောနေ့တွင်တင်ပြခဲ့ခြင်း မရှိကြောင်းမှာ ပေါ်ပေါက်သောကြောင့် ခုံအဖွဲ့ကဆင်ခြင်သုံးသပ်ပြီး လက်မခံငြင်းပယ်ခဲ့ခြင်းသည် ဥပဒေအရ ညီညွတ်မှန်ကန်ပါကြောင်း၊ ဦးအေးမြင့်၏ တရားမဲ့ပြုကျင့်မှု နှင့် ဒေါက်တာမြတ်ဉာဏစိုးကို ပေါင်းစပ်စွပ်စွဲသည့် သဘောတွေ့ရသော်လည်း၊ ၎င်းတို့ကြားတွင် တစ်စုံတစ်ရာဆက်နွယ်ပတ်သက်မှုရှိသည်ကို မတွေ့ရပါကြောင်း၊ အကယ်၍ ဦးအေးမြင့်၏ ဟောပြောချက်များမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏

(၁) **၁၉၆၉ အထူးရာဇဝတ်ရုံးအယူခံစာ - ၂၉၉**

ကြေညာချက်( ၉၁/၂၀၁၀ ) နှင့် ငြိစွန်းမည်ဆိုပါက ဦးအေးမြင့်ကို သက်ဆိုင်ရာက အရေးယူရန်ရှိပါကြောင်း စသည်ဖြင့်တင်ပြသည်။

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

ယခုအမှုသည် ပြင်ဆင်မှုဖြစ်သည်။ မည်သည့်အခါ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်မှုတင်သွင်းနိုင်ကြောင်းကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(က)တွင် ပြဋ္ဌာန်းထားသည်။

၇၄(က)။ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် ဥပဒေကြောင်းအရ မှားယွင်းသဖြင့် ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း ကော်မရှင်သို့ လျှောက်ထားနိုင်သည်။ ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာဤပုဒ်မအရ လျှောက်ထားခွင့် ရှိသည်။

သို့ဖြစ်၍ ဥပဒေရေးရာပြဿနာ မဟုတ်လျှင် ပြင်ဆင်မှုလျှောက်ထားရန် ခွင့်ပြုထားခြင်းမရှိခဲ့ပေ။

မူလအမှုတွင် လျှောက်ထားသူက တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ အရ သက်သေခံအဖြစ် တင်သွင်းမည့် စာမှတ်စာတမ်းများကို (၂) ကြိမ် တင်ပြခဲ့သည်။ ၂၆ - ၁ - ၂၀၁၁ ရက်နေ့တွင် တစ်ကြိမ်နှင့် ၉-၅-၂၀၁၁ ရက်နေ့တွင် တစ်ကြိမ်တင်သွင်းခဲ့ရာ ထိုစဉ်ကအငြင်းပွားသည့် စီဒီခွေကို တင်ပြခဲ့ခြင်းမရှိပေ။ ထို့အပြင် လျှောက်ထားသူ ဦးမြတ်သူ (ခ) ဦးကျော်ဇင်ညွန့်အားစစ်ဆေးခဲ့သည့် ၁၀-၅-၂၀၁၁ ရက်နေ့တွင်လည်း တင်ပြခဲ့ခြင်း မရှိပေ။ ၁၁-၅-၂၀၁၁ ရက်နေ့တွင် လျှောက်ထားသူ၏သက်သေများအား စစ်ဆေးမည်ဟုဆိုသည့်အခါတွင်မှသာ စီဒီခွေကို သက်သေနှင့်အတူပါလာ၍ တင်ပြခွင့်ပြုရန် တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၂ အရ လျှောက်ထားလာသည်။

ယင်းလျှောက်ထားချက်ကို လျှောက်ထားခံရသူဘက်မှ ကန့်ကွက်သည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ တွင် အမှုပထမကြားနာသည့်နေ့ရက်၌ အမှုသည်များ သို့မဟုတ် ၎င်းတို့၏ရှေ့နေ

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

များသည် အမှုတွင်အားကိုးအားထားပြုပြီး သက်သေခံအဖြစ် တင်သွင်းလိုသော မိမိတို့လက်ဝယ်ရှိ သို့မဟုတ် မိမိတို့၏စီမံခန့်ခွဲမှုအတွင်းရှိ စာမှတ်စာတမ်းအားလုံးကို တရားရုံးသို့တင်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့တင်ပြခဲ့ခြင်းမရှိဘဲ နောက်ပိုင်းတွင်တင်ပြလာလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၂ အရ တရားရုံးက ကျေနပ်လောက်အောင် ခိုင်လုံသောအကြောင်းမပြနိုင်က အမှု၏နောက်ပိုင်းတွင် တင်ပြလာခြင်းကို တရားရုံးက လက်ခံခြင်းမပြုရဟု တားမြစ်ထားသည်။ အကြောင်းမှာ အမှု၏နောက်ပိုင်းတွင် လိမ်လည်အတုပြုလုပ်ပြီး တင်ပြလာမည်ကို ကာကွယ်လို၍ဖြစ်သည်။

တရားရုံးကကျေနပ်လောက်အောင် ခိုင်လုံသောအကြောင်း မပြနိုင်လျှင် တရားရုံး က လက်ခံခြင်းမပြုရဟု ဥပဒေက တားမြစ်ထားသည် ဖြစ်သောကြောင့် ခိုင်လုံသောအကြောင်းရှိကြောင်း တင်ပြရန် တာဝန်သည် လျှောက်ထားသူ၏ တာဝန်ဖြစ်သည်။ သက်သေနှင့်အတူ ယခုမှပါလာ၍ နောက်ကျတင်ပြရခြင်းဖြစ်ကြောင်း အကြောင်းပြချက်သည် ခိုင်လုံသောအကြောင်းမဟုတ်ချေ။

သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ အရ တင်ပြခွင့်ရရှိခဲ့ပါလျက် မတင်ပြခဲ့ဘဲ တင်ပြရန်ရှိပါသည်ဟုလည်း ကြိုတင်တင်ပြထားခြင်းမရှိဘဲ သက်သေအား စစ်ဆေးမည့်အခါတွင်မှ ထိုသက်သေနှင့်အတူပါလာ၍ဟု အကြောင်းပြချက်မှာ ဥပဒေအရ ခွင့်ပြုနိုင်သည့် အကြောင်းပြချက်မဟုတ်၍ မူလခုံရုံးကလက်မခံခဲ့ခြင်းသည် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးနှင့် လမ်းပြကြယ်ဦးအေးမြင့်တို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သည့် ကြေညာချက်အမှတ် (၉၁/၂၀၁၀) ကိုဖောက်ဖျက်ကြောင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတွင်သော်လည်းကောင်း၊ ကန့်ကွက်လွှာနှင့်ပူးတွဲပါ တရားမဲ့ပြုကျင့်သည့်စာရင်းတွင်သော်လည်းကောင်း၊ လျှောက်ထားသူက ဖော်ပြကန့်ကွက်ခဲ့ခြင်းမရှိပေ။ ထိုသို့ကန့်ကွက်လွှာတွင် ဖော်ပြကန့်ကွက်ခဲ့ခြင်းမရှိသဖြင့် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးကလည်း ၎င်း၏ချေပလွှာတွင် ချေပရန် အခွင့်အရေးမရရှိခဲ့ပေ။ ကန့်ကွက်လွှာတွင် မပါရှိသောကိစ္စကို တင်ပြလိုလျှင် မူလကန့်ကွက်လွှာကို ပြင်ဆင်ခွင့်ဖြင့် ပြင်ဆင်ရမည်ဖြစ်သော်လည်း ယင်းသို့

ပြင်ဆင်ဖော်ပြခဲ့ခြင်းလည်းမရှိချေ။ သို့ဖြစ်၍ ခုံအဖွဲ့က **ဦးဂဖူးနှင့် ဦးစိန်မောင်ပါ(၂)** [၂] အမှုစီရင်ထုံးကိုလိုက်နာပြီး အဆိုအချေတွင် မပါသောအချက်ကို အမှုတွင် ဆုံးဖြတ်နိုင်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်းတွေ့ရှိသည်။

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုး ကိုယ်စားပြုသော NDF ပါတီနှင့် အခြားပါတီများပူးပေါင်း၍ မဟာမိတ်ဖွဲ့ခဲ့ကြောင်း အမှုတွင်ပေါ်ပေါက်ပါလျက် " ပူးပေါင်းကြရန် အကြောင်းမရှိ " ဟုသုံးသပ်ကြောင်း၊ လမ်းပြကြယ်ဦးအေးမြင့်သည် NDF ပါတီအနိုင်ရရေးအတွက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့ခြင်းကို အမှုတွဲတွင်အထင်အရှားပေါ်ပေါက်နေပါလျက် ယင်းအချက်ကိုအလေးအနက်ထား၍ ထည့်သွင်းသုံးသပ်ခြင်း မရှိကြောင်းဖြင့် တင်ပြထားသည်။

မူလခုံအဖွဲ့၏ဆုံးဖြတ်ချက်ကိုလေ့လာရာတွင် တာမွေမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီမှ ကိုယ်စားလှယ်လောင်း ဦးကိုကိုနိုင် ဝင်ရောက်ယှဉ်ပြိုင်သကဲ့သို့ ယင်းမဲဆန္ဒနယ်တွင် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ကိုယ်စားလှယ်လောင်း ဦးသိန်းတင်အောင်သည်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ မဲဆန္ဒနယ် တစ်နယ်တည်းတွင် ဝင်ရောက် ယှဉ်ပြိုင်ကြသော ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) အဖွဲ့နှင့် ပြည်ထောင်စုဒီမိုကရေစီအဖွဲ့တို့သည် မိမိတို့ကိုယ်စားလှယ်လောင်းအတွက် မဲဆွယ်ကြမည်သာဖြစ်၍ "ပူးပေါင်းကြရန်အကြောင်းမရှိနိုင်ပေ" ဟုသုံးသပ်ထားခြင်းသာတွေ့ရှိသည်။ NDF ပါတီနှင့်အခြားပါတီများ ပူးပေါင်းကြရန် အကြောင်းမရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်ကို မတွေ့ရှိပေ။

လမ်းပြကြယ် ဦးအေးမြင့်က NDF ပါတီအနိုင်ရရေးအတွက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောဆိုသည်ဟု ဆိုခြင်းမှာလည်း ယခုအမှုဖြစ်အကြောင်းအရာနှင့်စပ်လျဉ်းပြီး ပြောဆိုခဲ့ခြင်းမဟုတ်ပေ။ ၂၇-၉-၂၀၁၀ ရက်နေ့ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၌ ကျင်းပသော အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၏ ရန်ကုန်တိုင်းရွေးကောက်ပွဲ

---

**(၂) ၁၉၉၁ မတစ (တရားရုံးချုပ်) စာ - ၄၆**

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

အောင်နိုင်ရေး ရုံးခန်းဖွင့်ပွဲကျင်းပစဉ်အခါက ဦးခင်မောင်ဆွေ ဖိတ်ကြား၍ ဦးအေးမြင့်က တက်ရောက်ခဲ့ရာ၌ ယင်းအခမ်းအနားတွင် နှုတ်ဆက်စကားပြောခွင့်ရ၍ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဤအမှုနှင့် တိုက်ရိုက်ဆက်စပ်နိုင်သည်ဟု မဆိုနိုင်ချေ။

နှစ်ဖက်သက်သေခံချက်များကိုစိစစ်ရာတွင် နိုင်ငံတော်ကိုထိပါးပြောဆိုကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ထိခိုက်ပြောဆိုပြီး ဟောပြောသည်ဟု လျှောက်ထားသူက စွပ်စွဲထားသောသူမှာ လမ်းပြကြယ် ဦးအေးမြင့် (လျှောက်ထားခံရသူပြ သက်သေအမှတ်- ၁) ဖြစ်ကြောင်း တွေ့ရှိသည်။ ဒေါက်တာမြတ်ဉာဏစိုးက ဟောပြောခဲ့ခြင်းမရှိကြောင်းကိုလည်း လျှောက်ထားသူ ဦးမြတ်သူ(ခ)ဦးကျော်ဇင်ညွန့်၏ ပြန်လှန်စစ်မေးချက်တွင် ဝန်ခံထားသည်။ ထို့ကြောင့် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးက ဟောပြောခဲ့ခြင်းမရှိကြောင်းပေါ်ပေါက်သည်။

လမ်းပြကြယ် ဦးအေးမြင့်သည် ပဲခူးမြို့မှဖြစ်ပြီး ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် မဲဆွယ်စည်းရုံးရန် ရန်ကုန်မြို့သို့တက်ရောက်လာသူဖြစ်ကြောင်း ထွက်ဆိုသည်။ သက်သေခံ(စ)ဖြစ်သည့် ပြည်ထောင်စုဒီမိုကရေစီပါတီနှင့် ဦးအေးမြင့် (လမ်းပြကြယ်)တို့ ပူးပေါင်းဆောင်ရွက်သည်ဆိုသော သက်သေခံလက်ကမ်းစာစောင် အထောက်အထားအရ ပေါ်ပေါက်သည်။

တစ်ဖန် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးနှင့် သက်သေလမ်းပြကြယ် ဦးအေးမြင့်တို့၏ ထွက်ဆိုချက်များကို စိစစ်ရာတွင် လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးက ၎င်းသည်တရားဝင်ခွင့်ပြုချက်များဖြင့်သာ စည်းရုံးရေးဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့စည်းရုံးရေးဆင်းရာတွင် ပါတီအဖွဲ့အစည်းစုံမှ စည်းရုံးရေးဆင်းနေသည်များနှင့် အမြဲမပြတ်တွေ့ဆုံကြောင်း၊ ယင်းသို့ဖြင့် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် ပဲခူးမြို့မှလမ်းပြကြယ် ဦးအေးမြင့်က ကူညီစည်းရုံးပေးနေသော အဖွဲ့နှင့် ဆုံမိခဲ့ကြောင်း၊ ၎င်းက ဦးအေးမြင့်ကို လူချင်းသိကျွမ်းခဲ့ခြင်းမရှိကြောင်း၊ ဦးအေးမြင့်အား ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ မဲဆွယ်စည်းရုံးပေးရန်လည်းကောင်း အကူအညီတောင်းခဲ့ဖူးခြင်း လုံးဝမရှိကြောင်း၊ ဦးအေးမြင့်အား ဟောပြောရန် သဘောတူခွင့်ပြုခဲ့ခြင်း မရှိသကဲ့သို့ ဟောပြောခွင့်လည်း မပြုခဲ့ကြောင်း၊ စည်းရုံးရေးသွားနေစဉ် ခရီးစဉ်အတွင်း၌

ဦးအေးမြင့်နှင့် ခဏတာတွေ့ဆုံခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အား လည်းကောင်း၊ ပြည်ခိုင်ဖြိုးပါတီနှင့် အခြားပါတီအားလည်းကောင်း၊ ပုတ်ခတ်ပြောဆိုခဲ့ခြင်း လုံးဝမရှိကြောင်း။ ရွေးကောက်ပွဲအကြိုကာလ တွင် စည်းရုံးဆောင်ရွက်ခဲ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ရွေးကောက်ပွဲနေ့၌ ပြုမူဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်း ကောင်း တစ်စုံတစ်ရာအရေးယူဆောင်ရွက်ခံရခြင်း လုံးဝမရှိပါကြောင်း၊ အများပြည်သူလမ်းဘေးတွင် အသံချဲ့စက်ဖြင့် ဟောပြောခြင်း၊ စင်ထိုး၍ ဟောပြောခြင်း လုံးဝမပြုလုပ်ခဲ့ကြောင်း၊ ဦးအေးမြင့် ပြောဆိုသော အသံချဲ့စက်သည် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်၏ ကားတွင်တပ်ဆင်ထားသော အသံချဲ့စက်ဖြစ်ပြီး၊ ၎င်း၏တိုယိုတာကိုရိုနာ (ပ/၁၀၂၇) ကိုယ်ပိုင်ယာဉ်နှင့် ခမောက်တံဆိပ်ဖြင့် ဗွီနိုင်းချိတ်ထား သည့် လိုက်ထရပ်ယာဉ်ပေါ်တွင် အသံချဲ့စက်မပါရှိကြောင်း၊ လိုက်ထရပ် ယာဉ်ပေါ်တွင် သီချင်းဖွင့်သည့်စက်သာပါရှိကြောင်း ပြန်လှန်မေးတွင် ၂၈-၁၀-၂၀၁၀၊ ၂၉-၁၀-၂၀၁၀ ရက်နေ့ နှင့် ၃၀-၁၀-၂၀၁၀ ရက်နေ့များ၌ တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်များတွင် NDF ပါတီအနေဖြင့် လှည့်လည်သည်မှာ မှန်သော်လည်း ၎င်းအနေဖြင့် နေ့တိုင်းမပါဘဲ ၂၉-၁၀-၂၀၁၀ ရက်နေ့တွင်သာပါရှိခဲ့ကြောင်း၊ တာမွေ မြို့နယ်အတွင်း လှည့်လည်ရာတွင် ၎င်း၏ NDF ပါတီနှင့် ဦးသိန်းတင်အောင်၏ ပြည်ထောင်စုဒီမိုကရေစီအဖွဲ့တို့ ပူးတွဲလှည့်လည် ခဲ့သည်ဆိုလျှင် မမှန်ကြောင်း၊ လမ်းတွင်ကြုံကြိုက်ခြင်းသာဖြစ်ကြောင်း၊ (၆)ပါတီ မဟာမိတ်ဖွဲ့ခဲ့ခြင်းမှာ မှန်သော်လည်း နောက်ပိုင်းတွင် မဲဆန္ဒ နယ်များထပ်ကုန်၍ ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည် မပေါ်တော့ကြောင်း စသည်ဖြင့်ထွက်ဆိုခဲ့ပြီး လမ်းပြကြယ် ဦးအေးမြင့်က ထွက်ဆိုရာတွင် ၎င်းသည် ပဲခူးမြို့မှဖြစ်ကြောင်း၊ ဒေါက်တာမြတ်ဉာဏစိုး ကို ရင်းနှီးမှုမရှိကြောင်း၊ (၃) ကြိမ်ခန့်တွေ့မြင်ဖူးပြီး စကား (၁၀) ခွန်းပြည့်အောင် မပြောဘူးကြောင်း၊ ၂၉-၁၀-၂၀၁၀ ရက်နေ့ ဦးသိန်းတင်အောင်အတွက် မဲဆွယ်စည်းရုံးနေစဉ် ထိုနေ့နံနက်ပိုင်း၌ ဒေါက်တာမြတ်ဉာဏစိုး မဲဆွယ်စည်းရုံးနေသည်နှင့် တိုက်ဆိုင်ပြီး တွေ့ဆုံခဲ့ကြောင်း၊ ဒေါက်တာမြတ်ဉာဏစိုးနှင့် ဦးသိန်းတင်အောင်တို့ ရင်းနှီးလျက်ရှိသောကြောင့် ၎င်းတို့နှစ်ဦးလုံး၏ လက်ကမ်းစာစောင် များကိုယူလျက် ဟောပြောစည်းရုံးခဲ့ကြောင်း၊ ၎င်းအနေဖြင့် ဒေါက်တာ မြတ်ဉာဏစိုး၏ လမ်းညွှန်သဘောတူညီချက်များဖြင့် ဟောပြောခြင်း

<u>၂၀၁၁ ခုနှစ်</u>
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

မဟုတ်ဘဲ ရွေးကောက်ပွဲအောင်မြင်နိုင်ရန်အတွက် ၎င်း၏ ယုံကြည်ရာကို ဟောပြောခြင်းဖြစ်ကြောင်း စသည်ဖြင့်ထွက်ဆိုသည်။

သို့ဖြစ်၍ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် မဲဆွယ်စည်းရုံးနေသည့် လမ်းပြကြယ် ဦးအေးမြင့်၏အဖွဲ့နှင့် ဒေါက်တာမြတ်ဉာဏစိုးတို့အဖွဲ့သည် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ကြစဉ်အတွင်း လမ်းတွင်ကြုံကြိုက်ပြီး တွေ့ဆုံကြခြင်းဖြစ်သည်ဟု မူလခုံအဖွဲ့က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် သက်သေခံချက်မရှိဘဲ သုံးသပ်ဆုံးဖြတ်သည်ဟုဆိုရန် မရှိပေ။

ယင်းအချက်ကိုထောက်ခံနေသော အခြားသက်သေခံချက်မှာ ဒေါက်တာမြတ်ဉာဏစိုးသည် မဲဆွယ်စည်းရုံးရန် လှည့်လည်ရာတွင် အသုံးပြုသောယာဉ်မှာ ၎င်း၏ကိုယ်ပိုင်ယာဉ် တိုယိုတာကိုရိုနာ (ပ/၁၀၂၇) ယာဉ်တစ်စီးနှင့် ခမောက်တံဆိပ်ဗွီနိုင်း များချိတ်ထားသည့် လိုက်ထရပ်ယာဉ်တစ်စီးတို့ဖြစ်ပြီး၊ ဦးသိန်းတင်အောင်အတွက် မဲဆွယ်စည်းရုံးသော လမ်းပြကြယ် ဦးအေးမြင့်တို့အဖွဲ့က အသုံးပြုသောယာဉ်မှာ အသံချဲ့စက်မိုက်ပါသော ယာဉ်တစ်စီး တို့ဖြစ်သဖြင့် သီးခြားယာဉ်များဖြင့် မဲဆွယ်ရန် ထွက်လာခဲ့ခြင်းဖြစ်ကြောင်းမှာ ထင်ရှားစေသည်။

ထို့အပြင် ဦးအေးမြင့်သည်သက်သေခံ (စ) ဖြစ်သည့် ပြည်ထောင်စုဒီမိုကရေစီပါတီနှင့် ဦးအေးမြင့် (လမ်းပြကြယ်)တို့ ပူးပေါင်းဆောင်ရွက်သည်ဆိုသော လက်ကမ်းစာစောင်ကို ဝေငှခဲ့ပြီး၊ ဒေါက်တာမြတ်ဉာဏစိုးသည် သက်သေခံ(ဇ) တွင်ပါရှိသော ဒေါက်တာမြတ်ဉာဏစိုး၏ ကိုယ်ရေးအကျဉ်းလက်ကမ်းစာစောင်နှင့် သက်သေခံ (ဈ)ဖြစ်သည့် ဒေါက်တာမြတ်ဉာဏစိုး၏မဲဆွယ်ဟောပြောချက် စာစောင်တို့ကို ဝေငှခဲ့ကြသည်။ ဦးအေးမြင့်ဝေငှခဲ့သည့် သက်သေခံ (စ)တွင် ထုတ်ဝေသူအမည်မှာ ဦးသိန်းတင်အောင် န/သ ၀၀၅ ဖြင့် ထုတ်ဝေသည်ဟု ဖော်ပြပါရှိသောကြောင့် ဦးအေးမြင့်က ဦးသိန်းတင်အောင် အတွက် မဲဆွယ်စည်းရုံးခဲ့သည်ဟုဆိုခြင်းမှာ ထင်ရှားမြင်သာစေသည့် သက်သေခံချက် ဖြစ်ပေသည်။

သို့ဖြစ်၍ ဒေါက်တာမြတ်ဉာဏစိုးနှင့် ဦးအေးမြင့်တို့၏ ထွက်ဆိုချက်များအရ ၂၉-၁၀-၂၀၁၀ ရက်နေ့တွင် ဦးအေးမြင့်က ဟောပြောခဲ့ခြင်းသည် ဒေါက်တာမြတ်ဉာဏစိုး၏ သဘောတူညီချက်၊

ခွင့်ပြုချက်ဖြင့် ဟောပြောခြင်း မဟုတ်ဘဲ ဦးအေးမြင့်က ၎င်း၏သဘော အလျောက် ၎င်း၏ယုံကြည်ရာကို ဟောပြောခဲ့ခြင်းဖြစ်သည်ဟု ကောက်ယူရန်ရှိပေသည်။

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

ဒေါက်တာမြတ်ဉာဏစိုး၏သဘောတူညီချက်ဖြင့် ဟောပြောခြင်းဖြစ်ကြောင်းကို ဦးမြတ်သူ(ခ)ဦးကျော်ဇင်ညွန့်က ထွက်ဆိုခဲ့ကြောင်းမရှိသည့်အပြင် ထိုသို့ထွက်ဆိုခဲ့ခြင်း မရှိဟုဆိုလျှင် မှန်ပါသည်ဟု ၎င်းကဝန်ခံထားသည်။

သို့ရာတွင် ဦးမြတ်သူ(ခ) ဦးကျော်ဇင်ညွန့်က ဒေါက်တာ မြတ်ဉာဏစိုးအား မဲပေးရန် ဦးအေးမြင့်မှ ဟောပြောရာတွင် ဒေါက်တာ မြတ်ဉာဏစိုးသည်အနီးတွင်ရှိသော်လည်း တားမြစ်ခြင်းမရှိ၍ ၎င်းသည် အလိုတူ အလိုပါဖြစ်သည်ဟု တင်ပြခဲ့သည်။

ဦးအေးမြင့်သည် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် မဲဆွယ်စည်းရုံးပေးသူဖြစ်ကြောင်း အထက်တွင် သုံးသပ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ၎င်း၏ ဟောပြောချက်များသည် ဦးသိန်းတင်အောင်နှင့်သာ သက်ဆိုင်မည်ဖြစ်သည်။ ဒေါက်တာ မြတ်ဉာဏစိုးက စေခိုင်းသဖြင့်လည်းကောင်း သို့မဟုတ် ၎င်း၏ သဘော တူညီချက်ဖြင့်လည်းကောင်း ဟောပြောခြင်းမဟုတ်၍ ဦးအေးမြင့်၏ ဟောပြောချက်များသည် ဒေါက်တာမြတ်ဉာဏစိုးနှင့် သက်ဆိုင်သည်ဟု ဆိုရန် အကြောင်းမရှိနိုင်ချေ။ ဒေါက်တာမြတ်ဉာဏစိုးအား မဲပေးကြ ပါဟု ထည့်သွင်းဟောပြောခဲ့သည်ဟုဆိုသည့်တိုင် ဦးအေးမြင့်၏ ဟော ပြောချက်တစ်ရပ်လုံးတွင် မည်သည့် ဟောပြောချက်သည် ဒေါက်တာ မြတ်ဉာဏစိုးနှင့် သက်ဆိုင်ပြီး မည်သည့်ဟောပြောချက်သည် ဦးသိန်းတင်အောင်နှင့် သက်ဆိုင်ကြောင်းကို ခွဲခြားနိုင်ရန်မှာ လွယ်ကူ သော ကိစ္စရပ်မဟုတ်ပေ။ သို့ဖြစ်၍ မူလခုံရုံးက ဦးအေးမြင့်သည် ပြည်ထောင်စုဒီမိုကရေစီပါတီမှ ဦးသိန်းတင်အောင်အတွက် ဟောပြော ခြင်းတွင် ဒေါက်တာမြတ်ဉာဏစိုးကတားမြစ်ရန် အကြောင်းမရှိသကဲ့သို့ ဒေါက်တာမြတ်ဉာဏစိုးအားထိခိုက်စေသည့် စကားရပ်များ မပါရှိခဲ့လျှင် တားမြစ်ရန် အကြောင်းရှိမည်မဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟုဆိုရန် အကြောင်းမရှိပေ။

ဤအမှုတွင် ဦးအေးမြင့်သည် ဒေါက်တာမြတ်ဉာဏစိုး၏

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်ကြောင်းမှာ ထင်ရှားသည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၃(က)တွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်၏ ရွေးကောက်ပွဲကိုယ်စားလှယ်မဟုတ်သော အခြားပုဂ္ဂိုလ် တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှု တစ်ခုခုဖြစ်ပေါ်ခဲ့ပြီး၊ ထိုတရားမဲ့ပြုကျင့်မှုကို လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့ခြင်းဖြစ်လျှင် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်ကြောင်းကို အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

၇၃။ ရွေးကောက်တင်မြှောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်သည် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ် မဟုတ်သော အခြားပုဂ္ဂိုလ် တစ်ဦးဦး၏ ပယောဂကြောင့် တရားမဲ့ပြုကျင့်မှု တစ်ခုခုအတွက် အပြစ်ရှိသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က အစီရင်ခံရာတွင် အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း ထင်မြင်ယူဆပါက ထိုလွှတ်တော်ကိုယ်စားလှယ်အား ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ကော်မရှင်က ဆုံးဖြတ်နိုင်သည် –

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ခဲ့သော တရားမဲ့ပြုကျင့်မှုဖြစ်ခြင်း၊

လျှောက်ထားခံရသူ ဒေါက်တာမြတ်ဉာဏစိုးနှင့် ဦးအေးမြင့်တို့သည် မဲဆွယ်စည်းရုံးကြစဉ်အတွင်း တိုက်ဆိုင်ပြီး ခဏတာကြုံကြိုက်ကြခြင်းသာဖြစ်ကြောင်းကို လက်ခံဖွယ်ရှိသည်။ ယင်းနောက်ပိုင်းတွင် ဆက်လက်တွေ့ဆုံ မဲဆွယ်မှုပြုကြခြင်း မရှိခဲ့ပေ။

တင်ပြသော မင်္ဂလာတောင်ညွန့်မြို့နယ်တွင် လျှောက်ထားသူဦးမြတ်သူ (ခ) ဦးကျော်ဇင်ညွန့်က ဆန္ဒမဲအများဆုံးရရှိပြီး တာမွေ

မြို့နယ်တွင် လျှောက်ထားခံရသူဒေါက်တာမြတ်ဉာဏစိုးက ဆန္ဒမဲအများဆုံး ရရှိကြောင်း၊ လျှောက်ထားသူ၏ကန့်ကွက်လွှာ အပိုဒ် (၂)တွင် ဖော်ပြထားသည်။ ယင်းအခြေအနေတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရှုံးနိမ့်ရသည်ဟု ကောက်ယူရန်ခဲယဉ်းသည်။ ဦးအေးမြင့်၏ဟောပြောမဲဆွယ်မှုကြောင့် လျှောက်ထားသူရသင့်သော ဆန္ဒမဲများ မရဟုဆိုခြင်းမှာ မျှော်မှန်း မှန်းဆချက်သာဖြစ်၍ သေချာရေရာသော သက်သေခံချက် မဟုတ်ပေ။

၂၀၁၁ ခုနှစ်
ဦးမြတ်သူ(ခ)
ဦးကျော်ဇင်ညွန့်
နှင့်
ဒေါက်တာ
မြတ်ဉာဏစိုး

ထို့ကြောင့် အထက်ပါအခြေအနေတွင် ဒေါက်တာမြတ်ဉာဏစိုးအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေ အမှတ် (၄) ၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ဆုံးဖြတ်ပြီး မူလရွေးကောက်ပွဲခုံအဖွဲ့ (၄)၏ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

လျှောက်ထားသူ၏ပြင်ဆင်မှုကို စရိတ်နှင့်တကွပယ်ကြောင်း အမိန့်ချမှတ်သည်။

အမှုစရိတ်ငွေ ကျပ် **တစ်သိန်း**ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေ။

+၂၀၁၁ ခုနှစ်
ဩဂုတ်လ
၉ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်**

**ဦးရုံးမူ** — **လျှောက်ထားသူ**

**နှင့်**

**ဦးဇော်ထွန်း** — **လျှောက်ထားခံရသူ***

**ရွေးကောက်ပွဲကျင်းပသည့် ၇-၁၁-၂၀၁၀ ရက်နေ့တွင် မဲရုံများ၌ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဝင်များ၊ ကျေးရွာလူကြီးများ၊ လုံခြုံရေးတာဝန်ကျသူများ ရှိကြသည်ဖြစ်၍ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တရားမဲ့ပြုကျင့် မှုများကို ထိုစဉ်ကတိုင်ကြားနိုင်သည်။ ထိုသို့တိုင်ကြားခြင်းမရှိဘဲ ရွေးကောက်ပွဲပြီးမှ တိုင်ကြားခြင်းသည် နောက်မှအကြံရ၍ တိုင်ကြား ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ခြင်း။**

**အသိသက်သေများ၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စား လှယ်များ၊ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ ရှေ့မှောက်တွင် နည်းလမ်းတကျရေတွက်ပြီး မှန်ကန်ကြောင်းလက်မှတ်ရေးထိုး ထားသော မဲစာရင်းပုံစံ (၁၆) သည် မှန်ကန်သောစာရင်း ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက် ။** မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဖြစ်သူ ဦးသောင်းရွှေက ရွေးကောက်ပွဲကျင်းပသည့်ကာလက မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ မဲရုံများကို ကြီးကြပ်

---

*** ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်- ၂။**

**+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် ( ၁ ) တွင်ချမှတ်သော ၁၄-၆-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့(၁)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု။**

စေရန်အတွက် တာဝန်ခွဲဝေ၍ စေလွှတ်ခဲ့ကြောင်းနှင့် ရွေးကောက်ပွဲကျင်းပပြီးသည့်အခါ ထိုတာဝန်ကျသော မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ ပြန်လည်ရောက်ရှိလာရာ၌ ဖာကေကျေးရွာဘက်တွင် ပြဿနာအချို့ရှိသည်ဟု ကြားသိရသော်လည်း တရားဝင်တိုင်ကြား ခြင်းများမရှိကြောင်း ထွက်ဆိုခဲ့သည်။ ထို့အပြင် ရွေးကောက်ပွဲကျင်းပ သည့်နေ့မတိုင်မီအထိ တိုင်စာများမရရှိခဲ့ကြောင်းနှင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက် နောက်ပိုင်းတွင်မှသာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ လိပ်မူတင်ပြသည့် တိုင်ကြားစာမိတ္တူနှစ်စောင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ လိပ်မူတင်ပြသည့် စာမိတ္တူတစ်စောင်တို့ကိုသာ လက်ခံရရှိခဲ့ကြောင်း ထွက်ဆိုထားရာ မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် မိတ္တူစာ (၃)စောင် ကိုသာလျှင် လက်ခံရရှိခဲ့ကြောင်းနှင့် ၎င်းထံသို့ တစ်ဦးတစ်ယောက်ကမျှ တရားဝင်တိုင်ကြားခဲ့ခြင်း မရှိကြောင်းကို တွေ့ရပေသည်။

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ရွေးကောက်ပွဲမကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ရပ်ရွာသို့ ရွေးကောက်ပွဲကိုကြီးကြပ်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၎င်း၏ အဖွဲ့ဝင်များကို တာဝန်ပေးစေလွှတ်ထားသကဲ့သို့ လုံခြုံရေးတာဝန်ရှိသူများသည်လည်း ကြိုတင် ရောက်ရှိကြသည်။ ရွေးကောက်ပွဲ ကျင်းပသည့် ၇-၁၁-၂၀၁၀ ရက်နေ့တွင်မဲရုံများ၌ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအပြင် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကျေးရွာလူကြီးများ၊ လုံခြုံရေးတာဝန်ကျသူများရှိကြသည်ဖြစ်၍ မည်သူ့ကိုမဆို ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တရားမဲ့မှုများကို တိုင်ကြားနိုင်သည်။ ထိုစဉ်က မတိုင်ကြားဘဲ ရွေးကောက်ပွဲပြီးမှတိုင်ကြားခြင်းသည် နောက်မှ အကြံရ၍ ဖြစ်သည်ဟု ယူဆရန်ရှိကြောင်း ခုံအဖွဲ့(၁)ကသုံးသပ်ခြင်းသည် မှားယွင်းသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ထိုသို့စစ်ဆေးသည့်မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များက ၎င်းတို့သည် မဲရုံပိတ်သည်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲလူကြီးများ၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ၊ သက်သေများရှေ့မှောက်တွင် ဆန္ဒမဲများ တစ်မဲချင်းကို ပြသရေတွက်ကြောင်း၊ ထိုသို့ရေတွက်ရာတွင် လူအများရှိနေပြီး ကြည့်ရှုကြကြောင်း၊ ဆန္ဒမဲ တစ်မဲချင်းကိုပြသပြီး ခိုင်လုံဆန္ဒမဲကို တစ်ဦးချင်းရရှိသည့် ဇလားခွက်ထဲသို့ ထည့်ကြောင်း၊ ပယ်မဲများကိုလည်း မည်သည့်အတွက် ပယ်ကြောင်း

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

မဲတစ်မဲချင်းပြသ၍ ပယ်မဲထည့်သည့် ဇလားခွက်ထဲသို့ ထည့်ကြောင်း၊ ထို့နောက်တစ်ဦးချင်းရရှိသည့် ခိုင်လုံဆန္ဒမဲ၊ ပယ်မဲများကို ရေတွက်၍ မဲစာရင်းပုံစံ (၁၆)တွင် စာရင်းရေးသွင်းပြီး မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြကြောင်း၊ ရေတွက်ထားသည့် ခိုင်လုံဆန္ဒမဲ၊ ပယ်မဲများကို အများရှေ့တွင်ပင် သီးခြားစာအိတ်ဖြင့် ထည့်၍ ချိတ်ပိတ်ကြောင်း၊ ထိုဆန္ဒမဲများနှင့် ပုံစံ (၁၆)မဲစာရင်းတို့ကို ထိုညတွင်ပင် ကျေးရွာလူကြီးများ၊ လုံခြုံရေးအဖွဲ့ဝင်များ လိုက်ပါလျက် မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ သွားရောက် အပ်နှံခဲ့ကြောင်း၊ မဲရေတွက်ရာတွင် မှားယွင်းမှု တစ်စုံတစ်ရာမရှိကြောင်းနှင့် မည်သူတစ်ဦးကမျှ ကန့်ကွက်ခြင်းမရှိကြောင်းဖြင့် ထွက်ဆိုကြသည်ကို တွေ့ရသည်။

ထို့ကြောင့် ရွေးကောက်ပွဲခုံအဖွဲ့(၁)က မူလစာရင်းဖြစ်သော မဲစာရင်းပုံစံ (၁၆)သည် ထိုစဉ်က အသိသက်သေများ၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ မဲရုံကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ ရှေ့မှောက်တွင် ရေတွက်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မဲစာရင်းဖြစ်သည့်အပြင် ထိုစဉ်ကမည်သူတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ခဲ့ခြင်း မရှိခဲ့၍ မှန်ကန်သောစာရင်းဖြစ်သည်ဟု ခုံအဖွဲ့မှ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည်လည်းကောင်း၊ ဖာကေကျေးရွာမဲရုံနှင့်တာလီကျေးရွာမဲရုံတို့တွင် တွေ့ရှိသော လျှောက်ထားခံရသူ ဦးဇော်ထွန်း၏ခိုင်လုံဆန္ဒမဲများအထဲမှ ပယ်မဲ (၁၁၇)မဲနှင့် (၂၄၉)မဲတို့သည် မှန်ကန်သည်ဟုလက်ခံနိုင်ဖွယ်မရှိ၍ ယင်းသို့တွေ့ရှိခြင်းကို ပယ်ဖျက်ပြီး မူလမဲရုံ၏ မဲစာရင်းပုံစံ (၁၆)တွင် ဖော်ပြထားသည့် ဖာကေကျေးရွာမဲရုံ၌ ဦးဇော်ထွန်းရရှိသော ခိုင်လုံဆန္ဒမဲ (၈၃၅) မဲနှင့် တာလီကျေးရွာမဲရုံတွင် ဦးဇော်ထွန်းရရှိသော ခိုင်လုံဆန္ဒမဲ (၇၅၆)မဲတို့ကို အတည်ပြုကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းတို့သည်လည်းကောင်း မှန်ကန်ကြောင်း တွေ့ရသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးဝင်းမောင် (တရားလွှတ်တော်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက် | - | ဒေါ်စဝ်မြဝတီ (တရားလွှတ်တော်ရှေ့နေ) |

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးဇော်ထွန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးဘိုးရင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးရုံးမူတို့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြရာ လျှောက်ထားခံရသူ ဦးဇော်ထွန်းက ဆန္ဒမဲအများဆုံးဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ယင်းသို့ လျှောက်ထားခံရသူက ရွေးကောက်တင်မြှောက်ခံရခြင်းသည် လျှောက်ထားခံရသူ၏ ဥပဒေချိုးဖောက်မှုနှင့် တရားမဲ့ပြုကျင့်မှုများကြောင့် ဆန္ဒမဲများ ရရှိသင့်သည်ထက် ရရှိကာ အနိုင်ရရှိသွားခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူသည် ဥပဒေချိုးဖောက်မှုနှင့်တရားမဲ့ပြုကျင့်ခြင်း မပြုခဲ့သော် မိမိသာလျှင် ဆန္ဒမဲအများဆုံး ရရှိနိုင်သည်ဖြစ်၍ ရွေးကောက်ခြင်းခံရထိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ကြောင်းအဆိုပြုကာ လျှောက်ထားသူ ဦးရုံးမူက လျှောက်ထားခံရသူဦးဇော်ထွန်းအပေါ် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် ၁/၂၀၁၀ ကို တင်သွင်းခဲ့သည်။

ယင်းကန့်ကွက်လွှာကို ရွေးကောက်ပွဲခုံအဖွဲ့ (၁) က စစ်ဆေးကြားနာပြီးနောက် ၁၄. ၆. ၂၀၁၁ ရက်နေ့တွင် လျှောက်ထားသူ၏ကန့်ကွက်လွှာကို ပယ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

သို့ဖြစ်၍ ဦးရုံးမူက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

မူလကန့်ကွက်လွှာတွင် လျှောက်ထားသူ ဦးရုံးမူက လျှောက်ထားခံရသူ ဦးဇော်ထွန်းသည် တရားမဲ့ပြုကျင့်မှုများဖြင့် ဆန္ဒမဲများကို ရသင့်ရထိုက်သည်ထက် ရရှိကာ အနိုင်ယူသွားခဲ့ခြင်းဖြစ်ကြောင်း၊ ဦးဇော်ထွန်းသည် ဆန္ဒမဲ ၁၀၄၁၀ နှင့် ကြိုတင်ဆန္ဒမဲ ၃၀၅ ရရှိ၍ စုစုပေါင်း ဆန္ဒမဲ ၁၀၇၁၅ ရရှိပြီး ဦးဘိုးရင်သည် ဆန္ဒမဲ ၆၈၅၃ နှင့် ကြိုတင်ဆန္ဒမဲ ၂၆၀ ရရှိ၍ စုစုပေါင်း ဆန္ဒမဲ ၇၁၁၃ ရရှိကြောင်း၊ မိမိဦးရုံးမူသည် ဆန္ဒမဲ ၈၃၇၅ နှင့် ကြိုတင်ဆန္ဒမဲ ၂၁၇၆ ရရှိ၍ စုစုပေါင်းဆန္ဒမဲ ၁၀၅၅၁ ရရှိကြောင်း ဦးဇော်ထွန်း ထက်လျော့နည်း

၂၀၁၁ ခုနှစ်
ဦးရှုံးမူ
နှင့်
ဦးဇော်ထွန်း

ကွာခြားသောမဲမှာ ၁၆၄ မဲသာဖြစ်ကြောင်း၊ ယင်းသို့ကွာခြားရခြင်းမှာ ယင်းမဲဆန္ဒနယ်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဝင်များ၊ ၎င်းပါတီနှင့် ဆက်စပ်၍ စည်းရုံးမဲဆွယ်မှုပြုခဲ့ကြသည့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ဩဇာကို မလွန်ဆန်နိုင်ကြသည့် ကျေးရွာကော်မရှင်အဖွဲ့ခွဲ အချို့နှင့် မဲရုံမှူး အပါအဝင် မဲရုံတာဝန်ရှိသူအချို့တို့က မသမာသောနည်းလမ်းများဖြင့် တရားမဲ့ပြုကျင့်မှုများကိုပြုလုပ်ခဲ့ခြင်း၊ ၁၇-၁၀-၂၀၁၀ ရက်နေ့နှင့် ၂၄-၁၀-၂၀၁၀ ရက်နေ့များတွင် ဂွယ်ကထောင်ကျေးရွာနှင့် ကျခန်းဒပ်ကျေးရွာများ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို မမှန်မကန်စွပ်စွဲဟောပြောခြင်း၊ လူမျိုးရေးကိုအကြောင်းပြု၍ ဆန္ဒမဲမပေးရန် ဟောပြောခြင်း၊ လက်ရှိအစိုးရနှင့် နိုင်ငံအကြီးအကဲများကို မမှန်မကန် ပုတ်ခတ်ပြောဆိုခြင်း၊ ၆- ၁၁ -၂၀၁၀ ရက်နေ့တွင် မိုးလဲချောင်း တစ်လျှောက် ရှမ်းလူမျိုးကျေးရွာများ၌ လူမျိုးရေးအရ လှုံ့ဆော်ပြီး ရှမ်းအိုးစည်တီးရန်နှိုးဆော်ခြင်း၊ တာဆိုင်ရွာနှင့် မံမော်ကျေးရွာတို့တွင် မဲပေးပိုင်ခွင့်ကိုဟန့်တားခဲ့ခြင်းဖြင့် လူများစွာမဲပေးခွင့်မရခဲ့ခြင်း၊ သိန်လုံ၊ ဖာကော၊ တိန်းဘုရား၊ တာဆိုင်၊ မန်နောင်၊ ပန်ချိုးဟိုင်၊ နောင်းကွမ်၊ နောင်းကုန်၊ မိုင်းခတ်နှင့် တာလီကျေးရွာ (၁၀)ရွာတွင် ဦးဇော်ထွန်း၏ ခိုင်လုံဆန္ဒမဲများတွင် ပယ်မဲများကိုထည့်သွင်း ရေတွက်ထားသကဲ့သို့ မိမိ၏ခိုင်လုံသော ဆန္ဒမဲများကို ပယ်မဲအဖြစ် သတ်မှတ်မှုများကြောင့် မိမိရှုံးနိမ့်ရခြင်းဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြကန့်ကွက်ခဲ့သည်။

ယင်းကန့်ကွက်ချက်ကို လျှောက်ထားခံရသူ ဦးဇော်ထွန်းက ငြင်းဆိုပြီး စွပ်စွဲချက်များမှာ မမှန်မကန် စွပ်စွဲချက်များသာဖြစ်ကြောင်း၊ မသမာသောနည်းလမ်း တစ်စုံတစ်ရာကို သုံးစွဲခဲ့ခြင်းမရှိကြောင်း၊ လျှောက်ထားသူအနေဖြင့် ထင်ကြေးဖြင့် စွပ်စွဲခြင်းဖြစ်ကြောင်း၊ မဲရုံပေါင်း(၅၄)ရုံတွင် တာဝန်ထမ်းဆောင်ကြသော ကော်မရှင်အဖွဲ့ခွဲ လူကြီးများနှင့်မဲရုံဝန်ထမ်းများသည် ရွေးကောက်ပွဲတွင်သမာသမတ်ကျကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူနှင့် လျှောက်ထားသူတို့သည် ရှမ်းလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ လူမျိုးရေးခွဲခြား ပြောဆိုရန်မရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့် ၇. ၁၁. ၂၀၁၀ ရက်နေ့က မဲရုံများအားလုံးတွင် ရွေးကောက်ပွဲကျင်းပရန် တာဝန်ရှိသူ ကော်မရှင်အဖွဲ့ခွဲများအဆင့်ဆင့်သာမက လုံခြုံရေးတာဝန်ယူရသော ရဲတပ်ဖွဲ့ဝင်များ၊ ပါတီအသီးသီး၏မဲရုံကိုယ်စားလှယ်များ ပြည်စုံစွာ

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ရှိနေကြကြောင်း၊ လျှောက်ထားခံရသူနှင့် ပတ်သက်၍ ကန့်ကွက်လွှာနှင့် ပူးတွဲပါတရားမဲ့ပြုကျင့်သည့် စာရင်းအရ အမှတ်စဉ်(၇) တစ်ခုတည်း တွင်သာ လျှောက်ထားခံရသူ၏ အမည်ကို ဖော်ပြစွပ်စွဲခြင်းဖြစ်ကြောင်း၊ အခြားအချက်များမှာ လျှောက်ထားသူ၏ လုပ်ဆောင်ချက် မဟုတ်၍ မိမိနှင့်သက်ဆိုင်ခြင်းမရှိကြောင်း၊ လျှောက်ထားသူသည် ၎င်းကိုယ်တိုင် တွေ့မြင်သိရှိခြင်း မရှိဘဲ တစ်ဆင့်ကြားသိချက် (Hear say) အရ ဖော်ပြခြင်းသာဖြစ်ကြောင်း၊ မည်သည့်တရားမဲ့ပြုကျင့်မှုကိုမျှ ကျူးလွန်ခဲ့ ခြင်းမရှိ၍ ကန့်ကွက်လွှာကိုပလပ်ပေးသင့်ကြောင်းဖြင့် ချေပသည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၁)က အမှုကို စစ်ဆေးကြားနာ ပြီးနောက် လျှောက်ထားသူဘက်မှ တင်ပြသော သက်သေခံအမှတ်(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)နှင့် (ဆ) တို့သည် မိုးမောက်ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူးဖြစ်သူ ဒေါ်ဝိုင်းထံ တိုင်ကြားခဲ့သည့် စာများဖြစ်ကြောင်း၊ သက်သေ (စ) စာမှာလည်း မိုးမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီရုံးသို့ တိုင်ကြားခဲ့သည့် စာဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပသည့် ၇. ၁၁. ၂၀၁၀ ရက်နေ့တွင် မဲရုံများ၌ မဲရုံမှူးနှင့် မဲရုံ အဖွဲ့ဝင်များအပြင် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ ၊ ကျေးရွာလူကြီး များ၊ လုံခြုံရေးတာဝန်ကျသူများ ရှိကြသည်ဖြစ်၍ မည်သူ့ကိုမဆို ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် တရားမဲ့မှုများကို တိုင်ကြားနိုင်ကြောင်း၊ ထိုစဉ်က မတိုင်ကြားဘဲ ရွေးကောက်ပွဲပြီးမှ တိုင်ကြားခြင်းသည် နောက်မှ အကြံရ၍ဖြစ်သည်ဟု ယူဆရန်ရှိကြောင်း၊ လျှောက်ထားခံရသူဦးဇော်ထွန်း သည် ပြည်ခိုင်ဖြိုးပါတီအပေါ် စွပ်စွဲ၍ ဟောပြောစည်းရုံးမှုများ ပြုလုပ်ခဲ့ ခြင်း၊ မဲရုံအမှတ် (၁) နောင်ကုန်းကျေးရွာတွင် မဲပုံးဖွင့်သည့်အခါ မဲအများစုမှာ (၁၀) စောင်ထပ် (၅) စောင်ထပ် အထပ်လိုက်တွေ့ရ၍ လူတစ်ဦးစီက မဲပေးခြင်းမဟုတ်ဘဲ တစ်ဦးတည်းက လူအများအတွက် သူတစ်ပါးအယောင်ဆောင်မဲထည့်ခဲ့ခြင်း၊ မဲစာရင်းတွင် အမည်ပါသူ များကို မဲပေးခွင့်မပြုခြင်း၊ မဲစာရင်းရှာမတွေ့၍ပြန်သွားရသူများ၊ မဲရုံ အတွင်းရောက်ရှိသော်လည်း မဲစာရင်းနံပါတ် မသိ၍ ပြန်သွားရသူများကို ကော်မရှင်မှကူညီမပေးခြင်း စသည့် စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ခိုင်မာသောသက်သေခံ အထောက်အထားများ တင်ပြနိုင်မှုမရှိကြောင်း၊ အငြင်းပွားသည့် ဖာကေကျေးရွာမဲရုံတွင် ခိုင်လုံမဲများအနက် ပယ်မဲ အဖြစ်တွေ့ရှိရသော (၁၁၇) မဲနှင့် တာလီကျေးရွာမဲရုံတွင် ခိုင်လုံမဲများ အနက် ပယ်မဲအဖြစ်တွေ့ရှိရသော (၂၄၉) မဲတို့ကို ကြည့်ရှုလျှင် လွန်စွာ

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

သိသာထင်ရှားသည့် ပယ်မဲများ ဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ အခြားမဲရုံ (၅၂) ရုံကိုရေတွက်ရာ၌ ယခုကဲ့သို့ ခိုင်လုံမဲမှပယ်မဲ ဖြစ်သွားသည့် မဲလက်မှတ်များ မတွေ့ရှိရ ကြောင်း၊ ဤမဲရုံ (၂) ရုံတွင်သာ လွန်စွာသိသာထင်ရှားသည့် ပယ်မဲများကို တွေ့ရှိရပြီး၊ ယင်းပယ်မဲများမှာလည်း လျှောက်ထားခံရသူ ဦးဇော်ထွန်း၏ ပယ်မဲများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မူလစာရင်းဖြစ်သော မဲစာရင်းပုံစံ (၁၆)သည် ထိုစဉ်က အသိသက်သေများ၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ မဲရုံကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ ရှေ့မှောက်တွင်ရေတွက်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မဲစာရင်းဖြစ်သည့်ပြင် ထိုစဉ်က မည်သူတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ခြင်းမရှိ၍ မှန်ကန်သောစာရင်းဖြစ်ကြောင်း စသည်ဖြင့် ခုံရုံးအဖွဲ့က သုံးသပ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပယ်ခဲ့ခြင်း ဖြစ်ပေသည်။

ဤပြင်ဆင်မှုလျှောက်လွှာတွင် လျှောက်ထားသူ ဦးရုံးမူက အကြောင်းပြရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရွေးကောက်ပွဲခုံအဖွဲ့ (၁)၏စီရင်ချက်သည် အရေးကြီးသော အမှုပေါ်ပေါက်ချက်များကို ထည့်သွင်းစဉ်းစား သုံးသပ်ဆုံးဖြတ်ထိုက်ပါလျက် ယင်းသို့ မဆောင်ရွက်ခဲ့သဖြင့် ဥပဒေအရ မှားယွင်းစွာလက်ခံ သုံးသပ်ဆုံးဖြတ်သည်ဟု ယူဆယုံကြည်မိပါကြောင်း၊ တိုက်ရိုက်မြင်တွေ့ကြားသိသော သက်သေ ဦးအောင်မိုးခိုင်ကို လက်မခံထိုက်သော ကြုံကြိုက်သက်သေဟု ပေါ့လျော့အောင် ရွေးကောက်ပွဲခုံအဖွဲ့ (၁) က သုံးသပ်ခဲ့ခြင်းသည် ဥပဒေအရ လွန်စွာလွဲချော်နေသည်ဟု ယူဆမိပါကြောင်း၊ ထို့ပြင် အမှုဖြစ်စဉ်ကို တိုက်ရိုက်သိရှိ၍ ထွက်ဆိုတင်ပြခဲ့ကြသော လျှောက်ထားသူပြသက်သေ အမှတ် ( ၄၊ ၆၊ ၉၊ ၁၀၊ ၁၂ ) ဦးအောင်မျိုးဆန်း၊ ဦးအောင်လီ၊ ဒေါ်သီတာမြင့်၊ ဦးမရန်တူးဂျာနှင့် ဦးမောင်မောင် (ခ) ဦးဝင်းနိုင်တို့၏ အရေးပါသော တိုက်ရိုက်ထွက်ဆို ချက်များကို ရွေးကောက်ပွဲခုံအဖွဲ့ (၁) က ထည့်သွင်းမစဉ်းစားခြင်းမှာ ဥပဒေအရ အရေးကြီးသည့် လိုအပ်ချက်ဖြစ်နေသည်ဟု ယုံကြည်မိ ပါကြောင်း၊ အထူးအားဖြင့် တင်ပြလိုသည်မှာ လျှောက်ထားခံရသူ ဦးဇော်ထွန်းအနေဖြင့် ထောက်ခံသက်သေ လုံးဝတင်ပြနိုင်ခြင်းမရှိသဖြင့် လျှောက်ထားသူဘက်မှ တင်ပြချက်များသည် ခိုင်လုံထင်ရှားနေပါ ကြောင်း၊ ယင်းအချက်များမှာ စီရင်ဆုံးဖြတ်ရာတွင် ဥပဒေအရ အရေးပါသဖြင့် ထည့်သွင်းသုံးသပ်ရန် လိုအပ်နေပါကြောင်း၊ ဦးဇော်ထွန်း၏ ဟောပြောချက်များနှင့်စပ်လျဉ်း၍ ရွာသားများ၏ တိုင်

ကြားချက်ကို ပြည်နယ်ပြည်ခိုင်ဖြိုးရုံးသို့ တင်ပြခဲ့ကြောင်း၊ တရားမဲ့ပြု ကျင့်မှုများကို ရွေးကောက်ပွဲအပြီး (၂၄) နာရီအတွင်း ပြည်နယ် ကော်မရှင်အဖွဲ့ခွဲသို့ ဦးရုံးမူမှ ၈. ၁၁. ၂၀၁၀ နှင့် ၁၀. ၁၁. ၂၀၁၀ ရက်စွဲများဖြင့် တိုင်စာပေးပို့ခဲ့ကြောင်း ၁၈. ၁၁. ၂၀၁၀ ရက်စွဲဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုင်စာပေးပို့ခဲ့ကြောင်း၊ ရဲစခန်း (၄) ခုတွင် တိုင်ကြားမှု (၉) ခုရှိခဲ့ကြောင်း၊ မဲများကို ပြန်လည် ရေတွက်သောအခါ အခြားမဲရုံပေါင်း(၅၂)ရုံတွင် မသင့်လျော်သော ထူး ခြားမှုမတွေ့ရသော်လည်း ဖာကေကျေးရွာမဲရုံတွင် ဦးဇော်ထွန်း ရရှိသည့်ခိုင်လုံမဲ ၇၅၆ မဲ တွင် ပယ်မဲပေါင်း (၂၄၉) မဲ ပါဝင်နေကြောင်း ရွေးကောက်ပွဲခုံရုံးတော်အဖွဲ့ (၁) အနေဖြင့် ကိုယ်တိုင် အမြင်အတွေ့ ဖြစ်သဖြင့် ပစ်ပယ်ရန် မသင့်ပါကြောင်း၊ မိမိအမြင်အတွေ့ကို မိမိလက်ခံ ခြင်းမရှိလျှင် ပြည်သူတို့က ခုံရုံးတော်အပေါ် မည်သို့ ထင်မြင်ယူဆနိုင် သည်ကိုလည်း အလေးထားစဉ်းစားသင့်ပါကြောင်း၊ အများရှေ့တွင် ထပ်မံရေတွက်၍ ပေါ်ပေါက်လျက်ရှိသော မဲအရှိကို အရှိအတိုင်း ဆုံးဖြတ်မှသာ ဥပဒေနှင့်ညီပြီး ပြည်သူတို့လည်း လေးစားကြည်ညိုဖွယ် ဖြစ်ပါကြောင်း စသည်ဖြင့် အကြောင်းပြသည်။

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ဤပြင်ဆင်မှုကို ကြားနာရာတွင် ပြည်ထောင်စု ရှေ့နေချုပ် ကိုလည်း ရုံးတော်သဟာယအဖြစ် ဖိတ်ကြားခဲ့သဖြင့် ပြည်ထောင်စု ရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ကို စေလွှတ်ဆောင်ရွက်စေခဲ့သည်။ လျှောက်ထားသူ၏ရှေ့နေက ပြင်ဆင် မှု အကြောင်းပြချက်များကို အကျယ်တဝင့် တင်ပြလျှောက်လဲပြီး၊ လျှောက်ထားခံရသူ၏ ရှေ့နေကလည်း ခုံအဖွဲ့၏ဆုံးဖြတ်ချက် မှန်ကန် ကြောင်းကို တင်ပြလျှောက်လဲခဲ့သည်။

ရုံးသဟာယအဖြစ် ဖိတ်ကြားခဲ့သော ပြည်ထောင်စု ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က အမှုစစ်ဆေးသော မူလခုံရုံးသည် သက်သေများကို ကိုယ်တိုင်မြင်တွေ့စစ်ဆေးခြင်း၊ ယင်းတို့၏ ထွက်ဆို ချက်များအပေါ် အကြောင်းခြင်းရာအရ စုစည်းသုံးသပ်ပြီးဖြစ်သည့် အတွက် ဤပြင်ဆင်မှုကြားနာမည့် ကော်မရှင်အနေဖြင့် အကြောင်းခြင်း ရာများအပေါ် ထပ်မံဖြည့်စွက် သုံးသပ်ရန် မသင့်တော့ဟု ယူဆပါ ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲရက်မတိုင်မီ မဲဆွယ်စည်းရုံးခြင်းများနှင့် စပ်လျဉ်း၍ လျှောက်ထားသူဘက်မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ လည်း ကောင်း၊ အထက်ကော်မရှင်အဖွဲ့သို့လည်းကောင်း ကန့်သတ်အရေးဆို

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ထားခြင်းလည်း မတွေ့ရပါကြောင်း၊ မဲများကို ပြန်လည်ရေတွက်ခြင်းနှင့် စပ်လျဉ်း၍ ရုံးခေါ်သက်သေမဲရုံမှူးများ၏ ထွက်ဆိုချက်မှာ ၎င်းတို့ အနေဖြင့် ဦးဇော်ထွန်း ရရှိသည့်ခိုင်လုံမဲများကို အမှန်အတိုင်း ရေးသွင်းခဲ့ကြောင်းနှင့် ယင်းခိုင်လုံမဲများမှ ယခုပယ်မဲ ဖြစ်နေရခြင်းနှင့် ပတ်သက်၍ မသိကြောင်းထွက်ဆိုထားကြသဖြင့် ယင်းထွက်ဆိုချက်များကို ထည့်သွင်းသုံးသပ်မည်ဆိုပါက ပိုမိုပြည့်စုံမည်ဟု ယူဆပါကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

ယခု အမှုသည် ပြင်ဆင်မှုဖြစ်သည်။ မည်သည့်အခါ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်မှုတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) တွင် ပြဋ္ဌာန်းထားသည်။

၇၄ (က)။ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် ဥပဒေကြောင်းအရ မှားယွင်းသဖြင့် ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ် ထားသည့်နည်းလမ်းအတိုင်း ကော်မရှင်သို့ လျှောက်ထားနိုင်သည်။ ဥပဒေရေးရာ ပြဿနာ ပေါ်ပေါက်မှသာ ဤပုဒ်မအရ လျှောက်ထားခွင့် ရှိသည်။

သို့ဖြစ်၍ ဥပဒေရေးရာပြဿနာ မဟုတ်လျှင် ပြင်ဆင်မှု လျှောက်ထားရန် ခွင့်ပြုထားခြင်းမရှိပေ။

အမှုတွဲကိုလေ့လာရာတွင် ရွေးကောက်ပွဲကာလနှင့် စည်းရုံးရေးကာလများအတွင်း လျှောက်ထားခံရသူဦးဇော်ထွန်းမှ လူမျိုးရေးကို အကြောင်းပြု၍ ယင်းအား မဲထည့်ကြရန် ဟောပြောမဲဆွယ်ခဲ့ကြောင်းနှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် တရားမဲပြုကျင့်မှုများပြုလုပ်ခဲ့ကြောင်းဖြင့် လျှောက်ထားသူ ဦးရုံးမူက စွပ်စွဲထွက်ဆိုပြီး အထောက်အထားအဖြစ် မင်းကြမ်းရွာမှ ဦးစိုးမောင် (ခ) ဦးစိုင်းစိုးမောင်နှင့် ၎င်းက ရေးသားတင်ပြသည့် သက်သေခံ(က)စာ၊ မိုင်းခတ်ရွာမှ ဦးဝင်းမောင်နှင့်

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

၎င်းက ရေးသားတင်ပြသည့် သက်သေခံ(ခ)စာ၊ မြို့သစ်ရပ်ကွက်မှ ဦးအောင်မိုးခိုင်နှင့် ၎င်းကရေးသားတင်ပြသည့် သက်သေခံ(ဂ)စာ၊ မြို့သစ်ကျေးရွာမှ ဦးအောင်မျိုးဆန်း၊ ရှန်ဒန်ကာရွာမှ ဦးသန်းထွန်းဦး(ခ) ဦးနေဝင်းနှင့် ၎င်းကရေးသားတင်ပြသည့် သက်သေခံ (ဃ)၊ (ဃ-၁ မှ ဃ-၁၂အထိ) မဲမပေးရသူများစာရင်း၊ နောင်ချိုကျေးရွာမှ ဦးဘရန်ဆန်နှင့် ၎င်း၏သက်သေခံ(င)စာ၊ ဖာကေရွာမှဒေါ်သီတာမြင့်၊ ဂွယ်ကတောင်ရွာမှ ဦးမရန်တူးဂျာနှင့် ၎င်းကရေးသား တင်ပြသည့် သက်သေခံ (စ)စာ၊ တိန်းမကြိုင်းရွာမှ ဦးကျော်ဆွေနှင့် ၎င်းက ရေးသားတင်ပြသည့် သက်သေခံ(ဆ)၊ (ဆ-၁ မှ ဆ-၂၇ အထိ) မဲပေးခွင့်မရသူများ၏စာရင်း၊ ဖာကေရွာမှ ဦးမောင်မောင် (ခ) ဦးဝင်းနိုင်၊ မိုးမောက်မြို့နယ် ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူး ဒေါ်ဝိုင်းနှင့် မိုးမောက်မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းရွှေတို့ကို တင်ပြသည်။

ဦးဇော်ထွန်းက ပြည်ခိုင်ဖြိုးပါတီသည် စစ်တပ်၏လက်ကိုင်တုတ် ဖြစ်ကြောင်း၊ ရှမ်းပါတီကို မဲထည့်လို့မဲရမည်ဆိုလျှင် ရှမ်းစာပေကိုလွတ်လပ်စွာသင်ကြားရမည် ဖြစ်ကြောင်း၊ ရှမ်းတိုင်းရင်းသားများ၏ အနာဂတ်ကံကြမ္မာလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း စသည်ဖြင့်ဟောပြောခဲ့သည်ကိုကြားရကြောင်း သက်သေဦးအောင်မိုးခိုင်က ထွက်ဆိုခဲ့ပေသည်။ သို့ရာတွင် ဦးအောင်မိုးခိုင်က ထိုကဲ့သို့ မင်းကြမ်းရွာတွင် ဦးဇော်ထွန်း ဟောပြောသည်ကိုကြားရခြင်းမှာ မင်းကြမ်းရွာသို့ အသိတစ်ယောက်သွားရှာရင်း ရွာလယ်ဇရပ်၌ ဟောပြောနေသည်ကို တွေ့၍ မိမိကဇရပ်အောက်မှနားထောင်ခဲ့သည်ဟု ထွက်ဆိုထားသည်။ သို့ဖြစ်ရာ ၎င်းသည်ကြုံကြိုက်သက်သေတစ်ဦးဖြစ်ကြောင်းနှင့် ထိုသို့ဟောပြောကြောင်းကို လျှောက်ထားသူဦးရုံးမူ၏ ကန့်ကွက်လွှာနှင့် ပူးတွဲပါ တရားမဲ့ပြုကျင့်သည့်စာရင်းတွင် ဖော်ပြခြင်းမရှိ၍ စဉ်းစား ရန်အကြောင်းမရှိကြောင်း ခုံရုံးကသုံးသပ်ခြင်းမှာ မှန်ကန်ကြောင်း တွေ့ရပေသည်။

သက်သေခံ(က) တွင် ရွေးကောက်ပွဲမကျင်းပမီ ၆-၁၁-၂၀၁၀ ရက်နေ့၌ မိုင်းခတ်ကျေးရွာ ရ. ယ. က ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဦးလောလိုင်ဆိုသူ အပါအဝင် ရွာသား (၅) ဦးတို့ကို ဦးမောင်မောင်၏ နေအိမ်၌ လျှောက်ထားခံရသူဦးဇော်ထွန်း၏ ပါတီဖြစ်သော ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၏ ကျားဖြူအမှတ်တံဆိပ်ကို

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

အမှန်ခြစ်ထားသည့် ဆန္ဒမဲ (၁၀၀) ကျော်နှင့်အတူတွေ့ရကြောင်း ဖော်ပြထားသည်။ယင်း သက်သေခံ(က) စာတွင်ဖော်ပြသော ၆- ၁၁ -၂၀၁၀ ရက်နေ့သည် ရွေးကောက်ပွဲကျင်းပသည့် ၇-၁၁-၂၀၁၀ ရက်နေ့ မတိုင်မီဖြစ်၍ ကျေးရွာများတွင် ကြိုတင်မဲပေးကြသည့် အချိန်ဖြစ်သည်ကို တွေ့ရှိရပေသည်။ ယင်းအခြေအနေတွင် ဆန္ဒမဲပေးခြင်းသည် လျှို့ဝှက်နည်းဖြင့် ဆန္ဒမဲပေးကြရသည်ဖြစ်၍ မည်သူအား မဲပေးနေကြောင်း မြင်တွေ့ရန်မှာ လက်ခံနိုင်ဖွယ် မရှိနိုင်ကြောင်းနှင့် ကျားဖြူပါတီအား ဆန္ဒပြုထားသည့် ဆန္ဒမဲ (၁၀၀)ကျော်ကို စားပွဲပေါ်တွင် တွေ့ရသည်ဆိုသော်လည်း မဲစာရင်းအရ ကြိုတင်မဲရရှိမှုမှာ လျှောက်ထားခံရသူ ဦးဇော်ထွန်းက ကြိုတင်ဆန္ဒမဲ (၄၁) မဲသာရရှိပြီး လျှောက်ထားသူ ဦးရုံးမူက ကြိုတင်ဆန္ဒမဲ (၂၄၉) မဲရရှိသည်ဖြစ်၍ ကျားဖြူအမှတ်တံဆိပ်ကို အမှန်ခြစ်ထားသည့် ဆန္ဒမဲ (၁၀၀) ကျော်တွေ့ရှိသည်ဆိုခြင်းမှာလည်း မှန်ကန်ခြင်းမရှိကြောင်း ခုံရုံးကသုံးသပ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိသည်ကို တွေ့ရပေသည်။

သက်သေခံ (ခ)စာ၌ ၇-၁၁-၂၀၁၀ ရက်နေ့၌ မဲရုံနှင့် ကိုက် ၅၀၀ အတွင်း ၎င်းပါတီမှလူများက မဲဆွယ်စည်းရုံးခြင်း၊ အိမ်ထောင်စု ဝင်တစ်ဦးက ကိုယ်စားပြုမဲထည့်ခြင်း၊ သေဆုံးပြီးသူများ အမည်ဖြင့် မဲထည့်ခွင့်ပြုခြင်း၊ မဲပေးမည့်သူများကျန်ရှိနေခြင်း စသည်တို့ကို ရွာသားများ ပြစ်တင်ပြောဆိုနေခြင်း၊ အမည်မဖော်လိုသူတစ်ဦးမှ တင်ပြသည်ဟု အစီရင်ခံထားသောကြောင့် ဦးဝင်းမောင်က မိမိကြားသိသည့် သတင်းကို တင်ပြခြင်းသာ ဖြစ်ကြောင်းတွေ့ရပြီး ကိုယ်တိုင်မြင်တွေ့သိရှိခြင်း မရှိခဲ့သဖြင့် ယင်းအချက်မှာ လက်ခံထိုက်သော အချက်မဟုတ်သည်ကို တွေ့ရပေသည်။

မဲရုံအမှတ် (၅၁) နောင်းကုန်ကျေးရွာတွင် မဲပုံးဖွင့်သည့်အခါ မဲအများစုမှာ (၁၀)စောင်ထပ်၊ (၅)စောင်ထပ် အထပ်လိုက်တွေ့ရ၍ လူတစ်ဦးစီက မဲပေးခြင်းမဟုတ်ဘဲ တစ်ဦးတည်းက လူအများအတွက် သူတစ်ပါးအယောင်ဆောင် မဲထည့်ခဲ့ခြင်းဖြစ်သည်ဟု ဦးအောင်မိုးခိုင်က ထွက်ဆိုပြီး သက်သေခံ(ဂ)စာကို မိုးမောက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးဖြစ်သူ ဒေါ်ဝိုင်းထံ ၈-၁၁-၂၀၁၀ ရက်နေ့၌ တင်ပြခဲ့သော်လည်း ဦးအောင်မိုးခိုင်သည် မဲရုံအတွင်းဝင်ရောက်ခြင်းမရှိဘဲ အဝေးကကြည့်ခဲ့ခြင်းသာဖြစ်ကြောင်း တွေ့ရသည်။ ထိုမဲရုံတွင် လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်ရှိပြီး

ထိုမဲရုံကိုယ်စားလှယ်များက ကန့်ကွက်ခြင်းမရှိပါဘဲလျက် မဲရုံအတွင်း ဝင်ရောက်ခြင်း မရှိသော ဦးအောင်မိုးခိုင်က ဆန္ဒမဲအထပ်လိုက်တွေ့ရ၍ လူတစ်ဦးက လူအများအတွက် ဆန္ဒမဲပေးခဲ့သည်ဟု ထွက်ဆိုခြင်းသည် ထင်မြင်ချက်သာ ဖြစ်ပေသည်။ တိကျမှန်ကန်သော သက်သေခံချက် မဟုတ်ကြောင်း ခုံရုံးကသုံးသပ်ခဲ့သည်မှာ လက်ခံထိုက်ပေသည်။

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

သက်သေခံ (ဃ)စာတွင် မံမော်ကျေးရွာ မဲရုံအမှတ် (၃၇) ၌ မဲရုံဖွင့်လှစ်သည်မှာ နောက်ကျပြီး မဲစာရင်းကို နံနက်(၀၉း ၀၀) နာရီတွင် ကပ်သောကြောင့် လူများပြီး မဲစာရင်းရှာမတွေ့၍ ပြန်သွားရ သူများ၊ မဲရုံအတွင်းရောက်ရှိသော်လည်း မဲစာရင်းနံပါတ် မသိ၍ ပြန်ကြ ရသူများရှိကြောင်း၊ ကော်မရှင်မှ ကူညီပေးခြင်းမရှိကြောင်း၊ညနေ (၁၅း၃၀)နာရီတွင် မှတ်ပုံတင်နှင့်ထောက်ခံစာပါလျှင် မဲပေးခွင့်ပြုသော် လည်း အချို့မှာခရီးဝေး၍ ပြန်မလာနိုင်ကြကြောင်း၊ အချို့မှာ မဲစာရင်းပါ ကြောင်း မသိ၍ မဲမပေးရကြောင်း၊ ထိုသူများက မကျေနပ်၍ လက်မှတ် ရေးထိုးတိုင်ကြားကြကြောင်း ဖော်ပြထားပြီး လက်မှတ်ရေးထိုးသူများ၏ စာရင်း သက်သေခံ ( ဃ-၁ မှ ဃ-၁၂ )ကို ပူးတွဲတင်ပြထားသည်ကို တွေ့ရသည်။

ယင်းစာကို ရှန်ဒန်ကာကျေးရွာနေ ဦးသက်ထွန်းဦး (ခ) ဦးနေဝင်းက မိုးမောက်မြို့နယ်ပြည်ခိုင်ဖြိုးပါတီအတွင်းရေးမှူးထံ တင်ပြ ခဲ့သည်။ ၎င်း၏ထွက်ဆိုချက်တွင် မဲပေးသည့် ၇-၁၁-၂၀၁၀ ရက်နေ့က မဲရုံဖွင့်လှစ်ရာတွင် နောက်ကျပြီး မဲစာရင်းကပ်သည်မှာလည်း နောက်ကျ ခဲ့ကြောင်း၊ ထိုအချိန်ကမဲရုံတွင် မဲပေးမည့်လူ (၁၅၀၀) ကျော်ခန့် ရောက်ရှိနေ၍ လူများ များပြားနေကြောင်း၊ မဲရုံမှူးက လူများ များပြား နေသဖြင့် မဲစာရင်းပါမှ မဲပေးရမည်ဆိုသောကြောင့် အချို့လည်း မဲစာရင်းမရှာနိုင်၍ ပြန်သွားကြပြီး အချို့မှာလည်း အမည်စာရင်းမပါဟု ထင်သောကြောင့် ပြန်သွားသူများရှိကြောင်း၊ ထိုအခါ ၎င်းကမဲရုံမှူးထံ သွားရောက်ပြီး မှတ်ပုံတင်ကတ်ပြားပါပြီး ရ. ယ. က ထောက်ခံလျှင် မဲပေးခွင့်ပြုသင့်ကြောင်းပြောရာ မဲရုံမှူးက လူများနေသဖြင့် စဉ်းစားဦး မည်ဟု ပြောကြောင်း၊ မဲပေးမည့်သူများက အချိန်ကြာမြင့်စွာစောင့် သော်လည်း မဲပေးခွင့် မရသောကြောင့် နေ့လည် (၁၂) နာရီခန့်တွင် ပြန်သွားကြကြောင်း၊ ညနေ(၃)နာရီကျော်တွင် မှတ်ပုံတင်ကတ်ပြားပါပြီး ရ. ယ. က ထောက်ခံလျှင် မဲပေးလို့ရပြီဟု မဲရုံမှူးကပြော၍ ၎င်းက မဲလာပေးကြရန် လိုက်လံပြောဆိုခဲ့သော်လည်း မဲရုံနှင့်မဲပေးသူများ

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

နေထိုင်ရာဝေးကွာသဖြင့် မဲလာပေးရန် အချိန်မမီတော့၍ အချို့တစ်ဝက်သာ လာရောက်မဲပေးကြကြောင်း၊ အချို့မှာမဲရုံသို့ လာရောက်ကြသော်လည်း မိဘအမည်များ လွဲမှားနေသဖြင့် ပြန်သွားကြသူများရှိသကဲ့သို့ မှတ်ပုံတင်နံပါတ် မှားယွင်းနေသဖြင့် ပြန်သွားကြသူများလည်းရှိကြကြောင်း၊ ၎င်းတို့က မဲမပေးရ၍ မကျေနပ်ကြောင်း ပြောဆိုပြီး လက်မှတ်ရေးထိုးတိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ယင်းသို့သောအခြေအနေတွင် တရားမဲ့ပြုကျင့်မှုကြောင့် ၎င်းတို့မဲမပေးရခြင်း မဟုတ်ဘဲ မိမိတို့၏မဲစာရင်းပါအမှတ်စဉ်ကို မရှာနိုင်၍လည်းကောင်း၊ မဲပေးရန် မစောင့်ဆိုင်းနိုင်၍လည်းကောင်း၊ မိဘအမည်များ၊ မှတ်ပုံတင်အမှတ်များ လွဲမှားနေ၍ လည်းကောင်း၊ မှတ်ပုံတင်ကတ်ပြားဖြင့် မဲပေးနိုင်ကြောင်း လိုက်လံပြောဆိုသည့်အခါ အချို့မှာ ခရီးဝေးသဖြင့် မလာရောက်ကြတော့၍ဖြစ်ကြောင်း၊ မဲရုံတွင် မဲပေးမည့်သူများ များပြားနေချိန်တွင် မဲစာရင်းအမှတ်စဉ်ကိုမသိရှိလျှင် မဲစာရင်း၌ ရှာဖွေနေရခြင်းဖြင့် အချိန်ကြန့်ကြာစေနိုင်သဖြင့် မဲရုံမှူးက မဲစာရင်းအမှတ်စဉ်ကိုရှာဖွေစေပြီး မဲပေးစေခြင်းသည် လျှင်မြန်လွယ်ကူစေသဖြင့် မဲစာရင်းအမှတ်စဉ်ကို ရှာဖွေစေပြီး မဲပေးစေခြင်းသည် တရားမဲ့ပြုကျင့်မှုဟူ၍ဆိုရန် အကြောင်းမရှိကြောင်း၊ မဲပေးသူများ များပြားနေချိန်တွင် စိတ်ရှည်စွာစောင့်ဆိုင်းကြခြင်းမရှိဘဲ ပြန်သွားကြခြင်းမှာလည်း မိမိတို့သဘောအလျောက် ဖြစ်၍ မဲရုံမှူးတွင် တာဝန်မရှိကြောင်း၊ ဤကဲ့သို့ပင် မိဘအမည်များလွဲမှားခြင်း၊ မှတ်ပုံတင်အမှတ်များလွဲမှားနေ၍ မဲပေးခွင့်မရရှိခြင်းသည် မဲရုံမှူးတွင်စိစစ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဖြစ်၍ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း ခုံအဖွဲ့(၁)၏သုံးသပ်ချက်မှာ လက်ခံထိုက်ကြောင်းတွေ့ရပေသည်။

သက်သေခံ (င)စာတွင် မဲရုံမှူး ဒေါ်ညိမ်းညိမ်းသည် လွှတ်တော်(၃)ရပ် အတွက် မဲစာရင်းတိုကင်လက်မှတ်(၁) ခုနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အတွက် မဲစာရင်းတိုကင်လက်မှတ်(၁)ခု၊ ထို(၂)ခုမပါလျှင် မဲပေးခွင့်မပြုဘဲ မောင်းထုတ်ကြောင်း၊ ပယ်မဲများကိုလည်း ၎င်းတစ်ဦးတည်း သဘောဖြင့်ဆုံးဖြတ်ကြောင်း၊ မဲစာရင်းတွင် အမည်မပါသူများကို မဲထည့်ခွင့်မပြုကြောင်း၊ မှတ်ပုံတင်ပါလျှင် နောက်တိုးမဲစာရင်းဖြင့်မဲထည့်ခွင့်ပြုရန်ပြောသော်လည်း လက်မခံပယ်ချကြောင်း၊ တိန်းဘုရားကျေးရွာဥက္ကဋ္ဌဦးသောင်းငွေသည်

ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုခန့်က ကချင်ရွာမှ ရွာသားများကို မခေါ်ဘဲ ရှမ်းရွာမှ ဥက္ကဌများကိုခေါ်ပြီး အစည်းအဝေး လုပ်ကြောင်း၊ ကျားဖြူပါတီကိုမဲထည့်ရန် အစည်းအဝေးပြုလုပ်သည်ဟု ကြားရကြောင်း နှင့် တိန်းဘုရားအုပ်စုဥက္ကဌ၏အိမ်တွင်လည်း ဥက္ကဌ ဦးသောင်းငွေ၏ ဇနီးက လူအများရှေ့တွင် ကချင်လူမျိုးများကို လူနည်းစုဖြစ်ကြောင်း၊ အစားပုတ်ကြောင်း၊ သွေးခွဲစကားပြောကြောင်း စသည်ဖြင့် တိန်းဘုရား ကျေးရွာအုပ်စုမဲရုံကိစ္စနှင့်စပ်လျဉ်း၍ ဦးရုံးမူ၏မဲရုံကိုယ်စားလှယ် ဦးဘရန်ဆန်က ရေးသားထားသည်။

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ယင်းအချက်နှင့်စပ်လျဉ်း၍ ခုံရုံးကမဲစာရင်းတိုကင် လက်မှတ်မပါ၍ မဲမပေးရဟုတွေ့မြင်လျှင် ဦးဘရန်ဆန်သည် လျှောက်ထားသူ ဦးရုံးမူ၏မဲရုံကိုယ်စားလှယ်ဖြစ်၍ ထိုသူများမဲပေးနိုင်ရန် အလို့ငှာ မဲစာရင်းအမှတ်စဉ်များကို ၎င်းကကူညီရှာဖွေပေးနိုင်ကြောင်း သို့မဟုတ် ထိုမဲရုံရှိတာဝန်ကျသော လူကြီးများကိုတင်ပြပေးနိုင်ကြောင်း၊ သို့သော် ဦးဘရန်ဆန်သည် ယင်းကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်ပါလျက် ထိုစဉ်က တင်ပြခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲပြီးသည့်အခါမှ တင်ပြခြင်းမှာ လက်ခံရန်မရှိကြောင်း၊ ကျန်သောအချက်ဖြစ်သည့် ပယ်မဲများကို မဲရုံမှူးက ဆုံးဖြတ်ခြင်း၊ မဲစာရင်းတွင်အမည်မပါသူကို မဲပေးခွင့်မပြုခြင်းသည် ဥပဒေနှင့်အညီဖြစ်၍ မဲရုံမှူးတွင်မှားယွင်းခြင်းမရှိကြောင်း ခုံအဖွဲ့(၁)က သုံးသပ်ခဲ့သည်မှာလည်း မှားယွင်းခြင်းမရှိပေ။

သက်သေခံ(စ)နှင့်စပ်လျဉ်းသောစာမှာ ၁၇-၁၀-၂၀၁၀ ရက်နေ့၌ ဂွယ်ကထောင်ကျေးရွာတွင် လျှောက်ထားခံရသူ ဦးဇော်ထွန်း၏ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီက လာရောက်ဟောပြောကြောင်း ဂွယ်ကထောင်ရွာသား ဦးမရန်တူးဂျာက မိုးမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးသို့ တင်ပြသည့်စာဖြစ်သည်။ ဦးမရန်တူးဂျာသည် ပြည်ခိုင်ဖြိုးပါတီဝင် တစ်ဦးမဟုတ်ကြောင်း ၎င်းက ထွက်ဆိုထားသည်ဖြစ်၍ မိမိရပ်ရွာရှိလူကြီးများနှင့် သက်ဆိုင်ရာ ရဲစခန်းသို့ မတိုင်ကြားဘဲ(၇)မိုင် ခန့်ဝေးသော မိုးမောက်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံးသို့ သွားရောက်တိုင်ကြားသည်ဆိုခြင်းမှာလည်း စဉ်းစားဖွယ်ဖြစ်ကြောင်း ခုံရုံးကသုံးသပ်ထားသည်။

သက်သေခံ(ဆ)စာနှင့် သက်သေခံ(ဆ-၁မှဆ-၂၇) စာရင်းတို့သည် တိန်းမကြိုင်းရွာနေ ဦးကျော်ဆွေက မိုးမောက်မြို့

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးဒေါ်ဝိုင်းထံ တင်ပြသည့်စာဖြစ်သည်။ ထိုစာတွင် မဲရုံအမှတ် (၃၉) တာဆိုင်မဲရုံတွင် မဲမပေးရသူ (၅၀၀)ကျော်ခန့်ရှိကြောင်း၊ ၎င်းတို့က မကျေနပ်၍ လက်မှတ်ရေးထိုးတိုင်ကြားကြောင်း ဖော်ပြပါရှိသော်လည်း သက်သေ ဦးကျော်ဆွေအား ခုံရုံးမှမေးမြန်းသည့်အခါ ထိုလူ (၅၀၀)ခန့်တွင် လူ (၂၈၉)ဦးမှာ မဲစာရင်းကောက်သည့်အခါက ၎င်းတို့၏အမည်စာရင်းကို ကောက်ခံသွားသော်လည်း မဲစာရင်းကပ်သည့်အခါတွင် ၎င်းတို့ အမည်စာရင်း မပါခဲ့ကြောင်းနှင့် ကျန်သူများမှာ မဲစာရင်းကောက်စဉ်အခါက ၎င်းတို့ ခရီးလွန်နေသဖြင့် မဲစာရင်းတွင်ပါဝင်ခဲ့ခြင်းမရှိကြောင်းဖြင့် ဝန်ခံထွက်ဆိုသည်။ ထိုသူများသည် လုရင့်ကုမ္ပဏီ၏ ငှက်ပျောခြံအလုပ်သမားများ ဖြစ်ကြကြောင်းနှင့် ရပ်ဝေးမှလာရောက်အလုပ်လုပ်ကိုင်ကြသူများ ဖြစ်ကြောင်းလည်းထွက်ဆိုထားသည်ကို တွေ့ရသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍မဲစာရင်းတွင်မိမိအမည်မပါရှိလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက မဲစာရင်းကို ကြေညာသည့်အခါတွင် မိမိ၏အမည်စာရင်းကိုထည့်သွင်းပေးရန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၉ အရ လျှောက်ထားခွင့်ရှိပြီး အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်းနေထိုင်သော မဲဆန္ဒနယ်ပြင်ပ ရောက်အခြားမဲဆန္ဒရှင်များသည် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဆန္ဒမဲပေးလိုပါက ရွေးကောက်ပွဲမကျင်းပမီ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားရန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၁၀ တွင်ပြဋ္ဌာန်းထားသည်။ မဲစာရင်းတွင် အမည်မပါသူသည် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိမည်မဟုတ်၍ ရွေးကောက်ပွဲကျင်းပသည့် ၇-၁၁-၂၀၁၀ ရက်နေ့တွင်မှ မဲစာရင်းတွင် မိမိအမည်မပါသဖြင့် အမည်ထည့်သွင်းပေးရန်လျှောက်ထားသည်ကို မဲရုံမှူးကမဲစာရင်းတွင် အမည်စာရင်း ထည့်သွင်းခွင့်မပြုခြင်းသည်လည်းကောင်း၊ မဲစာရင်းတွင်အမည်မပါသူများကို မဲထည့်ခွင့်မပြုခြင်းသည်လည်းကောင်း ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်သည်။ တရားမဲ့ပြုကျင့်မှုမဟုတ်ကြောင်း ခုံအဖွဲ့(၁)က သုံးသပ်ထားပြီး ဖြစ်သည်ကို တွေ့ရပေသည်။

မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဖြစ်သူ

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ဦးသောင်းရွှေက ရွေးကောက်ပွဲကျင်းပသည့်ကာလက မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ မဲရုံများကိုကြီးကြပ် စေရန်အတွက် တာဝန်ခွဲဝေ၍ စေလွှတ်ခဲ့ကြောင်းနှင့် ရွေးကောက်ပွဲ ကျင်းပပြီးသည့်အခါ ထိုတာဝန်ကျသော မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် များပြန်လည်ရောက်ရှိလာရာ၌ ဖာကေကျေးရွာဘက်တွင် ပြဿနာ အချို့ရှိသည်ဟု ကြားသိရသော်လည်း တရားဝင်တိုင်ကြားခြင်းများ မရှိကြောင်း ထွက်ဆိုခဲ့သည်။ ထို့အပြင် ရွေးကောက်ပွဲကျင်းပသည့်နေ့ မတိုင်မီအထိ တိုင်စာများမရရှိခဲ့ကြောင်းနှင့် ရွေးကောက်ပွဲကျင်းပ သည့်နေ့ရက်နောက်ပိုင်းတွင်မှသာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ လိပ်မူတင်ပြသည့် တိုင်ကြားစာမိတ္တူနှစ်စောင်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံသို့ လိပ်မူတင်ပြသည့် စာမိတ္တူတစ်စောင် တို့ကိုသာ လက်ခံရရှိခဲ့ကြောင်း ထွက်ဆိုထားရာ မိုးမောက်မြို့နယ် ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် မိတ္တူစာ (၃)စောင်ကိုသာလျှင် လက်ခံရရှိခဲ့ကြောင်းနှင့် ၎င်းထံသို့တစ်ဦး တစ်ယောက်ကမျှ တရားဝင်တိုင်ကြားခဲ့ခြင်း မရှိကြောင်းကို တွေ့ရပေ သည်။

ရွေးကောက်ပွဲမကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ရပ်ရွာ သို့ ရွေးကောက်ပွဲကိုကြီးကြပ်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၎င်း၏ အဖွဲ့ဝင်များကို တာဝန်ပေးစေလွှတ်ထားသကဲ့သို့ လုံခြုံရေးတာဝန်ရှိ သူများသည်လည်း ကြိုတင်ရောက်ရှိကြသည်။ ရွေးကောက်ပွဲကျင်းပ သည့် ၇-၁၁-၂၀၁၀ ရက်နေ့တွင်မဲရုံများ၌ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ အပြင် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကျေးရွာလူကြီးများ၊ လုံခြုံရေး တာဝန်ကျသူများရှိကြသည်ဖြစ်၍ မည်သူ့ကိုမဆို ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် တရားမဲ့မှုများကို တိုင်ကြားနိုင်သည်။ ထိုစဉ်က မတိုင် ကြားဘဲ ရွေးကောက်ပွဲပြီးမှ တိုင်ကြားခြင်းသည် နောက်မှအကြံရ၍ ဖြစ်သည်ဟု ယူဆရန်ရှိကြောင်း ခုံအဖွဲ့(၁)ကသုံးသပ်ခြင်းသည် မှားယွင်း သည်ဟုဆိုနိုင်မည် မဟုတ်ပေ။

ရွေးကောက်ပွဲခုံအဖွဲ့(၁)၏အထက်ဖော်ပြပါသုံးသပ် ဆုံးဖြတ်ထားချက်များကို စိစစ်ခြင်းအားဖြင့် ခုံအဖွဲ့(၁)သည် အမှုတွင် အရေးပါသောတိုက်ရိုက် သက်သေခံချက်များ အပေါ် ထည့်သွင်းစဉ်းစား မှုမရှိကြောင်းဖြင့် ပြင်ဆင်မှုလျှောက်ထားသူ၏ တင်ပြချက်များ မှန်ကန် မှုမရှိသည်ကို တွေ့ရပေသည်။

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

မဲရုံများမှ မဲများကိုပြန်လည်စစ်ဆေး ရေတွက်ပေးရန်နှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲခုံအဖွဲ့သည် မိုးမောက်မြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် လက်ခံရရှိသော ကြိုတင်မဲများနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု မဲရုံ(၅၄) ရုံတွင် ရရှိသော ဆန္ဒမဲများအားလုံးကို မိုးမောက်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ လျှောက်ထားသူ ဦးရုံးမူနှင့် ၎င်း၏ရှေ့နေ၊ လျှောက်ထားခံရသူ ဦးဇော်ထွန်း နှင့် ၎င်း၏ ရှေ့နေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး (ရွေးကောက်ပွဲခုံရုံး ဌာန)နှင့်ဝန်ထမ်းများ ရှေ့မှောက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ စစ်ဆေးရေတွက်ခဲ့သည်ကိုတွေ့ရသည်။ ယင်းသို့စစ်ဆေးရေတွက်ရာ၌ မဲရုံ (၅၂) ရုံတွင်ပယ်မဲအချို့သည် ခိုင်လုံဆန္ဒမဲဟု သတ်မှတ်သင့်ကြောင်းတွေ့ရသဖြင့် ခိုင်လုံဆန္ဒမဲအဖြစ် သတ်မှတ်ရေတွက်ခဲ့ပြီး ခိုင်လုံဆန္ဒမဲများတွင် တစ်ဦး၏ဆန္ဒမဲက အခြားတစ်ဦးတွင် ရောနှောပါဝင်နေသည့် ဆန္ဒမဲ ၁မဲ၊ ၂ မဲ ခန့်တွေ့ရသဖြင့် ယင်းဆန္ဒမဲများကို ပြန်လည်ရေတွက်ပေးခဲ့ကြောင်း ယင်းတွေ့ရှိချက်မှအပ မဲရုံ (၅၂) ရုံတွင် ထူးခြားချက်များ တစ်စုံတစ်ရာ မတွေ့ရှိခဲ့ကြောင်း သို့သော် ဖာကေကျေးရွာ မဲရုံနှင့်တာလီကျေးရွာမဲရုံ (၂)ရုံတွင်မူ လျှောက်ထားခံရသူ ဦးဇော်ထွန်း ရရှိသည့် ခိုင်လုံဆန္ဒမဲထုပ်များအထဲ၌ ဖာကေကျေးရွာမဲရုံတွင် ဦးဇော်ထွန်းရရှိသည့် ခိုင်လုံဆန္ဒမဲ (၈၃၅) မဲ၌ ပယ်မဲ (၁၁၇)မဲ ပါဝင်နေသည်ကိုတွေ့ရပြီး၊ အလားတူ တာလီကျေးရွာမဲရုံတွင်လည်း ဦးဇော်ထွန်းရရှိသည့် ခိုင်လုံဆန္ဒမဲ (၇၅၆) မဲတွင် ပယ်မဲ (၂၄၉)မဲ ပါဝင်နေကြောင်း ထူးခြားစွာတွေ့ရှိရသည်။ သို့ဖြစ်၍ ၎င်းမဲရုံ (၂)ရုံတွင် အငြင်းပွားမှုရှိခဲ့ကြောင်း၊ အငြင်းပွားသည့် ဖာကေကျေးရွာမဲရုံတွင် ခိုင်လုံမဲများအနက် ပယ်မဲအဖြစ်တွေ့ရှိရသော (၁၁၇) မဲနှင့် တာလီကျေးရွာမဲရုံတွင် ခိုင်လုံမဲများအနက် ပယ်မဲအဖြစ်တွေ့ရှိရသော (၂၄၉)မဲ တို့ကို ကြည့်ရှုလျှင် လွန်စွာသိသာထင်ရှားသည့် ပယ်မဲများဖြစ်ကြောင်းကို တွေ့မြင်ရကြောင်း၊ အခြားမဲရုံ (၅၂) ရုံကိုရေတွက်ရာ၌ ယခုကဲ့သို့ ခိုင်လုံမဲမှ ပယ်မဲဖြစ်သွားသည့် မဲလက်မှတ်များမတွေ့ရှိရဘဲ လွှတ်တော်ကိုယ်စားလှယ်အမည် မှားယွင်းပါလာသော မဲများသာတွေ့ရှိရကြောင်း၊ ဤမဲရုံ (၂)ရုံတွင်သာ လွန်စွာသိသာထင်ရှားသည့် ပယ်မဲများ ကိုတွေ့ရှိရပြီး ယင်းပယ်မဲများမှာလည်း လျှောက်ထားခံရသူဦးဇော်ထွန်း၏ ပယ်မဲများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ လျှောက်ထားသူ ဦးရုံးမူနှင့်

လျှောက်ထားခံရသူ ဦးဇော်ထွန်းတို့နှစ်ဦး ကွာခြားသောမဲမှာလည်း (၁၆၄)မဲသာဖြစ်၍ ယခုပယ်မဲများသည် ရွေးကောက်ပွဲအနိုင်အရှုံးကို အဆုံးအဖြတ်ပြုနိုင်သည့် မဲများဖြစ်ကြောင်းဖြင့် ခုံရုံးက သုံးသပ်ထားသည်။

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ အနေဖြင့်လည်း အငြင်းပွားသည့် ဖာကေကျေးရွာမဲရုံတွင် ခိုင်လုံမဲများအနက် ပယ်မဲအဖြစ် တွေ့ရှိရသော (၁၁၇) မဲနှင့် တာလီကျေးရွာမဲရုံတွင် ခိုင်လုံမဲများအနက် ပယ်မဲအဖြစ်တွေ့ရှိရသော (၂၄၉)မဲ တို့ကို ကြည့်ရှုစိစစ်ခဲ့ရာ လွန်စွာသိသာထင်ရှားသည့် ပယ်မဲများဖြစ်နေသည်ကို တွေ့မြင်ရသည်။ ထို့ပြင် ယင်းပယ်မဲများမှာလည်း လျှောက်ထားခံရသူ ဦးဇော်ထွန်း၏ ပယ်မဲများ ဖြစ်နေသည်ကိုလည်း တွေ့ရသည်။ထို့ပြင်လျှောက်ထားခံရသူ ဦးဇော်ထွန်းက ယင်းကိစ္စကို ကျေနပ်ခြင်းမရှိ၍ သက်ဆိုင်ရာမဲရုံမှူးများကိုခေါ်ယူ၍ စစ်ဆေးပေးရန် လျှောက်ထားခဲ့သဖြင့် အမှန်တရားပေါ်ပေါက်စေရန်အတွက် ဖာကေကျေးရွာမဲရုံမှ မဲရုံမှူး ဒေါ်ချိုချိုဝင်းနှင့် ယင်းမဲရုံမဲစာရင်းပုံစံ (၁၆) တွင် လက်မှတ်ရေးထိုးထားသော မဲရုံအဖွဲ့ဝင် ဒေါ်မြသောင်း၊ တာလီကျေးရွာမဲရုံမှ မဲရုံမှူး ဒေါ်အိအိခင်နှင့် ယင်းမဲရုံမဲစာရင်းပုံစံ (၁၆)တွင် လက်မှတ် ရေးထိုးထားကြသော မဲရုံအဖွဲ့ဝင် ဦးလောပေါင်၊ ဦးဇော်ထွန်း၏မဲရုံကိုယ်စားလှယ် ဒေါ်နန်းဖူးမြတ်ခိုင်တို့ကို ခုံအဖွဲ့မှ နောက်ထပ်ခေါ်ယူစစ်ဆေးခဲ့ကြောင်း တွေ့ရသည်။

ထိုသို့စစ်ဆေးသည့်မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များက ၎င်းတို့သည် မဲရုံပိတ်သည်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲလူကြီးများ၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များ၊ သက်သေများရှေ့မှောက်တွင် ဆန္ဒမဲများ တစ်မဲချင်းကို ပြသရေတွက်ကြောင်း၊ ထိုသို့ရေတွက်ရာတွင် လူအများရှိနေပြီး ကြည့်ရှုကြကြောင်း၊ ဆန္ဒမဲ တစ်မဲချင်းကို ပြသပြီး ခိုင်လုံဆန္ဒမဲကို တစ်ဦးချင်းရရှိသည့် ဇလားခွက်ထဲသို့ထည့်ကြောင်း၊ ပယ်မဲများကိုလည်း မည်သည့်အတွက် ပယ်ကြောင်း မဲတစ်မဲချင်းပြသ၍ ပယ်မဲထည့်သည့်ဇလားခွက်ထဲသို့ ထည့်ကြောင်း၊ ထို့နောက်တစ်ဦးချင်းရရှိသည့် ခိုင်လုံဆန္ဒမဲ၊ ပယ်မဲများကိုရေတွက်၍ မဲစာရင်းပုံစံ (၁၆)တွင် စာရင်းရေးသွင်းပြီး မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြကြောင်း၊ ရေတွက်ထားသည့် ခိုင်လုံဆန္ဒမဲ၊ ပယ်မဲများကို အများရှေ့တွင်ပင် သီးခြားစာအိတ်ဖြင့်ထည့်၍ ချိတ်ပိတ်

၂၀၁၁ ခုနှစ်
ဦးရုံးမူ
နှင့်
ဦးဇော်ထွန်း

ကြောင်း၊ ထိုဆန္ဒမဲများနှင့် ပုံစံ (၁၆)မဲစာရင်းတို့ကို ထိုညတွင်ပင် ကျေးရွာလူကြီးများ၊ လုံခြုံရေးအဖွဲ့ဝင်များလိုက်ပါလျက် မိုးမောက်မြို့နယ် ကော်မရှင်အဖွဲ့ခွဲထံသို့ သွားရောက်အပ်နှံခဲ့ကြောင်း၊ မဲရေတွက်ရာတွင် မှားယွင်းမှု တစ်စုံတစ်ရာမရှိကြောင်းနှင့် မည်သူတစ်ဦးကမျှ ကန့်ကွက်ခြင်းမရှိကြောင်းဖြင့် ထွက်ဆိုကြသည်ကို တွေ့ရသည်။

ထို့ကြောင့် ရွေးကောက်ပွဲခုံအဖွဲ့(၁)က မူလစာရင်းဖြစ်သော မဲစာရင်းပုံစံ(၁၆)သည် ထိုစဉ်က အသိသက်သေများ၊လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ မဲရုံကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ ရှေ့မှောက်တွင်ရေတွက်ပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခဲ့ကြသည့် မဲစာရင်းဖြစ်သည့်အပြင် ထိုစဉ်ကမည်သူ တစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ခဲ့ခြင်းမရှိခဲ့၍ မှန်ကန်သောစာရင်းဖြစ်သည်ဟု ခုံအဖွဲ့မှ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်း သည်လည်းကောင်း၊ ဖာကေကျေးရွာမဲရုံနှင့် တာလီကျေးရွာမဲရုံတို့တွင် တွေ့ရှိသော လျှောက်ထားခံရသူဦးဇော်ထွန်း၏ ခိုင်လုံဆန္ဒမဲများအထဲမှ ပယ်မဲ(၁၁၇)မဲနှင့် (၂၄၉)မဲ တို့သည် မှန်ကန်သည်ဟုလက်ခံနိုင်ဖွယ်မရှိ၍ ယင်းသို့တွေ့ရှိခြင်းကို ပယ်ဖျက်ပြီး မူလမဲရုံ၏ မဲစာရင်းပုံစံ (၁၆)တွင် ဖော်ပြထားသည့် ဖာကေကျေးရွာမဲရုံ၌ ဦးဇော်ထွန်းရရှိသော ခိုင်လုံဆန္ဒမဲ (၈၃၅) မဲနှင့် တာလီကျေးရွာမဲရုံတွင် ဦးဇော်ထွန်းရရှိသော ခိုင်လုံဆန္ဒမဲ (၇၅၆)မဲ တို့ကို အတည်ပြုကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းတို့သည်လည်းကောင်း မှန်ကန်ကြောင်း တွေ့ရသည်။

ထို့ကြောင့် အထက်ပါအခြေအနေတွင် ဦးဇော်ထွန်းအား ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ဆုံးဖြတ်ပြီး မူလရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

လျှောက်ထားသူ၏ပြင်ဆင်မှုကို တရားစရိတ်နှင့်တကွပယ်ကြောင်း အမိန့်ချမှတ်သည်။

အမှုစရိတ်ငွေကျပ် **တစ်သိန်း** ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

+၂၀၁၁ခုနှစ်
ဩဂုတ်လ
၂၄ ရက်

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာ ဒေါ်မြင့်ကြည် ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်

ဦးမြဝင်း လျှောက်ထားသူ

နှင့်

ဒေါ်တင်တင်မာ လျှောက်ထားခံရသူ*

**လက်ကမ်းစာစောင်များတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူ၏ အမည်၊ နေရပ်လိပ်စာ မပါရှိသည်ကို သိသော်လည်း စည်းရုံးရေးကာလ နီးကပ်နေပြီး ပြန်လည်ရိုက်နှိပ်ရန် အခက်အခဲရှိသောကြောင့် မူလရိုက်နှိပ်ပြီးသော လက်ကမ်းစာစောင်များအပေါ် နသ - ၀၀၃ ဟူ၍ ရာဘာတံဆိပ်ရိုက်နှိပ်ပြီး ဖြန့်ဝေခဲ့ခြင်းသည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ပြုကျင့်မှု များကို မပြုစေရန် တတ်အားသရွေ့ တားဆီးဆောင်ရွက်မှု ပြုလုပ်ခဲ့သည် ဖြစ်၍ တရားမဲ့ပြုကျင့်သည်ဟု မဆိုနိုင်ခြင်း ။**

**ဆုံးဖြတ်ချက်။** ပြင်ဆင်မှုလျှောက်ထားသူတင်ပြသော လျှောက်ထားခံရသူက ပုံနှိပ်သူ၊ ထုတ်ဝေသူ အမည်နေရပ် မပါရှိသော လက်ကမ်းစာစောင်များ ထုတ်ဝေ ဖြန့်ချိခဲ့သည် ဟူသော ပြင်ဆင်မှုအကြောင်း ပြချက်နှင့်စပ်လျဉ်း၍ လေ့လာစိစစ် ရာတွင် ဒေါ်တင်တင်မာသည် ပုံနှိပ်သူ၊ ထုတ်ဝေသူအမည်မပါရှိသော စာစောင်များ ရိုက်နှိပ်ခဲ့သည်ဆိုသည်မှာ အငြင်းမပွားကြောင်း

---

* ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် - ၃
\+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ်(၂)တွင် ချမှတ်သော ၁၇. ၆. ၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့ (၁)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့်ပြင်ဆင်မှု

တွေ့ရသည်။ သို့ရာတွင် ဤကိစ္စနှင့် ပတ်သက်၍ လျှောက်ထားခံရသူက စည်းရုံးရေး ကာလနီးကပ်ပြီး ပြန်လည် ရိုက်နှိပ်ရန် အခက်အခဲရှိ၍ မူလကရိုက်နှိပ်ပြီးစာစောင်များတွင် (နသ-၀၀၃) ဟူ၍ ရာဘာတံဆိပ်တုံး ရိုက်နှိပ်ဖြန့်ချိခြင်း ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါက်တာတင်မောင်ထွန်း၊ အတွင်းရေးမှူး ဦးသောင်းစိန်၊ ချမ်းအေးသာဇံမြို့နယ်စည်းရုံးရေးမှူး ဦးခင်မောင်ထွန်း တို့ကို သက်သေပြ၍ထုချေထားသည်။ထို့ပြင် ပုံနှိပ်သူနှင့်ထုတ်ဝေသူ အမည် နေရပ်လိပ်စာမပါရှိသော လက်ကမ်းစာစောင်များကို ဒေါ်တင်တင်မာက ဖြန့်ချိခဲ့ကြောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်က ပြုလုပ်ခဲ့ကြောင်း သို့မဟုတ် ယင်းတို့၏သဘောတူ စေခိုင်းချက်အရ အခြားသူ တစ်ဦးဦးက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကိုလည်း လျှောက်ထားသူဘက်မှ ခိုင်လုံသည့် သက်သေများတင်ပြ ထားနိုင်ခြင်း မရှိသည်ကိုတွေ့ရသည်။ယင်းအခြေအနေတွင် ဒေါ်တင်တင်မာသည် ၎င်း၏လက်ကမ်း စာစောင်များတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူ၏အမည်၊ နေရပ်လိပ်စာ မပါရှိသည်ကိုသိသော်လည်း စည်းရုံးရေးကာလ နီးကပ်နေပြီး ပြန်လည်ရိုက်နှိပ်ရန် အခက်အခဲ ရှိသောကြောင့် မူလ ရိုက်နှိပ်ပြီးသော လက်ကမ်းစာစောင်များအပေါ် နသ - ၀၀၃ ဟူ၍ ရာဘာ တံဆိပ်ရိုက်နှိပ်ပြီး ဖြန့်ဝေခဲ့ခြင်းသည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ ပြုကျင့်မှုများကိုမပြုစေရန် တတ်အားသရွေ့ တားဆီးဆောင်ရွက်မှု ပြုလုပ်ခဲ့သည်ဖြစ်၍ တရားမဲ့ပြုကျင့်သည်ဟု မဆိုနိုင်ကြောင်း မူလခုံရုံးက သုံးသပ် ဆုံးဖြတ်ခဲ့သည်မှာလည်း မှန်ကန်ကြောင်း တွေ့ရပေသည်။

လျှောက်ထားသူအတွက် - ဦးဝင်းမောင်(တရားလွှတ်တော်ရှေ့နေ)
ဦးရဲမြင့်(တရားလွှတ်တော်ရှေ့နေ)

လျှောက်ထားခံရသူအတွက်- ဦးမြင့်သွင်(တရားလွှတ်တော်ရှေ့နေ)
ဦးမင်းအောင်
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၁ ခုနှစ်
ဦးမြဝင်း
နှင့်
ဒေါ်တင်တင်မာ

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၌ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမြဝင်းသည် ယှဉ်ပြိုင်အရွေးခံခဲ့ရာ ယင်း မဲဆန္ဒနယ်၌ ဒီမိုကရက်တစ် ပါတီ(မြန်မာ)မှ ဒေါ်တင်တင်မာက တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ယင်းသို့ရွေးကောက် တင်မြှောက် ခံရခြင်းသည် ဒေါ်တင်တင်မာ၏ တရားမဲ့ပြုကျင့်မှုများကြောင့် ဆန္ဒမဲများ ရသင့်သည်ထက်ရရှိကာ အနိုင်ရရှိသွားခြင်းဖြစ်ကြောင်း ၊ဒေါ်တင်တင်မာ သည်တရားမဲ့ ပြုကျင့်ခြင်းမပြုခဲ့သော် မဲအများဆုံး ရရှိမည့်သူဖြစ်သည့် မိမိကိုသာလျှင် ရွေးကောက် တင်မြှောက်ခြင်းခံရသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ (က)(ခ) နှင့် နည်းဥပဒေ ၈၇အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၂/၂၀၁၀)ကို တင်သွင်းခဲ့သည်။

ယင်းကန့်ကွက်လွှာကို ရွေးကောက်ပွဲခုံအဖွဲ့ (၂)က စစ်ဆေးကြားနာပြီးနောက် ၁၇-၆-၂၀၁၁ ရက်နေ့တွင် လျှောက်ထား သူ၏ ကန့်ကွက်လွှာကို ပယ်ကြောင်းဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

သို့ဖြစ်၍ ဦးမြဝင်းက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၄ (က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဤပြင်ဆင်မှုကိုတင်သွင်းခြင်းဖြစ်သည်။မူလကန့်ကွက်လွှာတွင် ရွေးကောက်တင်မြှောက်ခြင်း ခံရသူဟု ကြေညာခြင်းခံရသော လျှောက်ထားခံရသူ ဒေါ်တင်တင်မာ နှင့် လျှောက်ထားသူ ဦးမြဝင်းတို့၏ ခိုင်လုံမဲကွာခြားချက်မှာ မဲပေါင်း (၄၇၁)မဲသာဖြစ်ကြောင်း၊ ယင်းသို့ကွာခြားမှုမှာ သက်ဆိုင်ရာ မဲရုံမှူးများ၊ ကော်မရှင်အဖွဲ့ခွဲများ၏ မှားယွင်းစွာဆောင်ရွက်မှု ကြောင့်ဖြစ်ကြောင်း၊ လျှောက်ထားသူ၏ မဲဆန္ဒနယ်မြေတွင်ပယ်မဲပေါင်း (၁၈၈၁)မဲဖြစ်၍ ပယ်မဲအလွန်များပြားကြောင်း၊ ပယ်မဲများ များပြားရခြင်းမှာ

၂၀၁၁ ခုနှစ်
ဦးမြဝင်း
နှင့်
ဒေါ်တင်တင်မာ

မဲရုံမှူးများနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိပုဂ္ဂိုလ် များ၏ ဥပဒေ၊ နည်းဥပဒေ၊ သတင်းစာများတွင်ဖော်ပြထားသော ကြေညာချက်များနှင့် ဆန့်ကျင်၍ ဆောင်ရွက်မှုကြောင့် ခိုင်လုံမဲကွာခြားခြင်း ဖြစ်ကြောင်း၊ လျှောက်ထားသူ၏ ပါတီအား ထောက်ခံမဲများကို ပယ်မဲများဟု မှားယွင်းသတ်မှတ်ခဲ့ကြောင်း၊ ဒေါ်တင်တင်မာ၏ ပယ်မဲများကို ထောက်ခံမဲများဟု မှားယွင်းသတ်မှတ်ခဲ့ကြောင်း၊ မဲပေးသည့်နေ့တွင် မဲရုံအမှတ်(၆)တွင် မသမာသူတစ်ဦးက လျှို့ဝှက်မဲပေးခန်းတွင် ထားရှိသော အပြာရောင် ဘောလ်ပင်ကို အနီရောင်ဘောလ်ပင်နှင့် လဲလှယ်ပြီးနောက် မှင်အနီနှင့်အမှန်ခြစ်သော ထောက်ခံမဲများကို လည်းပယ်မဲအဖြစ် သတ်မှတ်ခံရကြောင်း၊ ချမ်းအေးသာဇံ အရှေ့ မဲရုံ(၂)တွင် မဲပေါင်း(၆၀၀)ကျော်၊ချမ်းအေးသာဇံအလယ်မဲရုံ (၂)တွင် မဲပေါင်း(၄၀၀)ကျော်၊ အောင်နန်းရိပ်သာအနောက်မဲရုံ အမှတ်(၄)တွင် မဲပေါင်း (၅၀၀) ကျော်သည် ခိုင်လုံမဲများ ဖြစ်ပါလျက်ပယ်မဲများအဖြစ် ဆောင်ရွက်ခဲ့ ကြကြောင်း၊ ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ(၅) ရက်နေ့နှင့်(၆)ရက်နေ့များတွင် အောင်မြေသာဇံမြို့နယ် ဒီမိုကရက် တစ်ပါတီ(မြန်မာ)အတွင်းရေးမှူးဦးကျော်ဇေယျမှ ချမ်းအေးသာဇံမြို့နယ်၊ ပျော်ဘွယ်အနောက်ရပ်ကွက်နှင့် အခြား ရပ်ကွက်များသို့ သွားရောက်ပြီး ၎င်းတို့၏ကိုယ်စားလှယ် ဒေါ်တင်တင်မာအား မဲပေးကြရန်နှင့် ထောက်ခံမဲပေးမည့်သူအားလုံးကို ငွေကျပ် ၁၅၀၀ိ/-စီပေးမည်ဟု မဲဆွယ်၍ တရားမဲ့ပြုကျင့်ခဲ့ကြောင်း၊ ဒေါ်တင်တင်မာနှင့် မိသားစုဝင် များသည် အစ္စလာမ်ဘာသာဝင် အချို့အား မဲဆွယ်စည်းရုံးမှု ပြုရာတွင် ဒေါ်တင်တင်မာရွေးကောက်တင်မြှောက်ခံရပါက ချမ်းအေးသာဇံ မြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်အမှတ် (၅၆၀)၊ မြောက်ကြယ်ခတ် ရပ်ကွက်အတွင်းရှိ အစ္စလာမ်သာသနာပိုင် မြေကွက်တွင် အဆောက်အဦး ဆောက်လုပ်ခွင့်ရရှိအောင် ဒေါ်တင်တင်မာက ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဟောပြောခဲ့ပါကြောင်း၊ ဒေါ်တင်တင်မာသည် ၎င်းအား မဲပေးစေရန် ပြည်သူလူထုအားစည်းရုံးစဉ်က ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်၊ နေရပ်တို့ မပါရှိသော ၎င်း၏ရုပ်ပုံပါရှိသည့် ရွေးကောက်ပွဲ နှင့်သက်ဆိုင်သော ကြော်ငြာစာများကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် တရားမဲ့ပြုကျင့်မှုကိုကျူးလွန်ခဲ့ ပါကြောင်း၊ မဲရုံ(၃၂)ရုံမှမဲလက်မှတ်များနှင့်

ပယ်မဲများကို ပြန်လည်စိစစ်ပေးပါရန် ဒေါ်တင်တင်မာအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက် ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း၊ လျှောက်ထားသူသာလျှင် မဲအများဆုံး ရရှိ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာပေးရန် စသည်ဖြင့် ဖော်ပြကန့်ကွက်ခဲ့သည်။

၂၀၁၁ ခုနှစ်
ဦးမြဝင်း
နှင့်
ဒေါ်တင်တင်မာ

လျှောက်ထားခံရသူက ထုချေရာတွင် ကန့်ကွက်လွှာအပိုဒ် (၃)(၄)(၅)(၆)(၇) တို့အား ငြင်းဆိုပါကြောင်း၊ မဲကွာခြားမှုမှာ သက်ဆိုင်ရာ မဲရုံမှူးများ၊ ကော်မရှင်အဖွဲ့ခွဲများ၏ မှားယွင်းစွာ ဆောင်ရွက်မှုကြောင့်ဟု အကြောင်းပြချက်သည် ဥပဒေအရ မှားယွင်းနေပါကြောင်း၊ ဆန္ဒမဲလက်မှတ် (သို့မဟုတ်) ကြိုတင်မဲ တစ်မဲသည် ခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံတွင်မဲရုံမှူး ကလည်းကောင်း၊ မြို့နယ်ကော်မရှင်ခွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လည်းကောင်း ဆုံးဖြတ်ရမည်ဟုဖော်ပြထားကြောင်း၊ ပယ်မဲ များအားလွဲမှားစွာ သတ်မှတ်ကြောင်း အကြောင်းပြ ခြင်းသည် ဥပဒေအရမှားယွင်း ပါကြောင်း၊ အောင်မြေသာဇံ မြို့နယ် ဒီမိုကရက်တစ်ပါတီ(မြန်မာ) အတွင်းရေးမှူး ဦးကျော်ဇေယျသည် အရက်မူး၍ရန်ဖြစ်သောကြောင့် ပါတီ၏မြို့နယ်အတွင်းရေးမှူးတာဝန်မှ (၃၀-၁၀-၂၀၁၀)နေ့တွင် အစည်းအဝေး ဆုံးဖြတ်ချက်အရ ထုတ်ထားပြီးသူဖြစ်သောကြောင့် နိုဝင်ဘာလ (၅) ရက်နေ့နှင့်(၆)ရက် နေ့တွင် ဦးကျော်ဇေယျမှာ ပါတီတာဝန်မရှိကြောင်း၊ ဒေါ်တင်တင်မာနှင့် မိသားစု ဝင်များသည် ဘာသာရေးကိုအကြောင်းပြု၍ ဆန္ဒမဲပေးရန် ဟောပြောခဲ့ခြင်း လုံးဝမရှိကြောင်း၊ ရပ်မိရပ်ဖအများပြည်သူရဟန်းရှင်လူအားလုံး သိရှိပါကြောင်း၊ ကိုယ်စားလှယ်လောင်း ဒေါ်တင်တင်မာသည် ရွေးကောက်ပွဲဥပဒေပုဒ်မ-၆၆(ဇ) အားကျူးလွန်ခဲ့ခြင်း လုံးဝမရှိကြောင်း၊ လျှောက်ထားသူဘက်မှ ပူးတွဲတင်ပြထားသော စာရွက်များသည် ဒေါ်တင်တင်မာအတွက်နမူနာပုံနှိပ်ထားစဉ် စာရွက်များကိုသာယူ၍ တင်ပြထားခြင်းဖြစ်ကြောင်း၊ ဒေါ်တင်တင်မာအနေဖြင့် ကြော်ငြာစာများ ဖြန့်ချိရာတွင် နသ-၀၀၃အား သီးခြား ရိုက်နှိပ်၍ဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း၊ တရားမဲ့ပြုကျင့်မှုများ မမြောက်သောကြောင့် ကန့်ကွက်လွှာကို ပလပ်သင့်ကြောင်းဖြင့် ချေပသည်။

၂၀၁၁ ခုနှစ်
ဦးမြဝင်း
နှင့်
ဒေါ်တင်တင်မာ

ရွေးကောက်ပွဲခုံအဖွဲ့က အမှုကိုစစ်ဆေးကြားနာပြီးနောက် လျှောက်ထားခံရသူ ဒေါ်တင်တင်မာနှင့် မိသားစုဝင်များသည် အစ္စလာမ် ဘာသာဝင်အချို့အား မဲဆွယ်စည်းရုံးမှုပြုရာတွင် ဒေါ်တင်တင်မာ ရွေးကောက်ခံရပါက မြောက်ကြယ်ခတ်ရပ်ကွက်ရှိ အစ္စလာမ် သာသနာပိုင်မြေကွက်တွင် အဆောက်အဦး ဆောက်လုပ်ခွင့် ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကိုယ်ရံတော်ဗလီကိုလည်း ပြုပြင် ပေးမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်မရရှိသူများကိုလည်း ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လူငယ်လေးများက ရပ်ကွက်ထဲတွင် ဟောပြောစည်းရုံးကြောင်း လျှောက်ထားသူဘက်က ထွက်ဆိုသော်လည်း ယင်းလူငယ်လေးများသည် မည်သူတွေ ဖြစ်ကြောင်းကိုလည်းကောင်း ဒေါ်တင်တင်မာက စေခိုင်း၍ပြုလုပ်ခဲ့ကြောင်း သို့မဟုတ် ဒေါ်တင်တင်မာ၏ သဘောတူညီချက်အရ ဆောင်ရွက်ခဲ့ကြောင်းကို ခိုင်လုံစွာ တင်ပြနိုင်ခြင်းမရှိကြောင်း၊ လျှောက်ထားသူဘက်မှ တင်ပြထားသော အောင်မြေသာဇံမြို့နယ် ဒီမိုကရက်တစ်ပါတီ (မြန်မာ)အတွင်းရေးမှူး ဦးအောင်ဇေယျမှ ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက် ရပ်ကွက်နှင့် အခြားရပ်ကွက်များသို့ သွားရောက်ပြီး၊ ဒေါ်တင်တင်မာအား မဲပေးကြရန်နှင့်ထောက်ခံ မဲပေးမည့်သူများကို ငွေကျပ်၁၅၀၀/-စီပေးမည်ဟု မဲဆွယ်၍ တရားမဲ့ပြုကျင့်ခဲ့သည်ဆိုသော အချက်နှင့်စပ်လျဉ်း၍ ဆက်သွယ် ဆောင်ရွက်သူ ဦးဆယ်သန်းမှာ ပြည်ကြီးပျော်ဘွယ်ရပ် မဲရုံအမှတ်-၆တွင် လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်ဖြစ်ကြောင်း ဦးဆယ်သန်းက ထပ်မံ ဆက်သွယ်ပေးသူများမှာ၄င်း၏ဇနီးဒေါ်သီတာနှင့် ဦးမောင်မောင်စိုး တို့သာ ဖြစ်သဖြင့် လွတ်လပ်သောသက်သေ ထွက်ဆိုချက်များကို တင်ပြ ထားနိုင်ခြင်း မရှိကြောင်း၊ ဦးကျော်ဇေယျကိုလည်း ပါတီဝင်များနှင့် မကျေလည်မှုများ ရှိခြင်း၊ ပါတီစည်းလုံးမှုပျက်ပြားစေရန် ပြုလုပ် ခြင်းများကြောင့် ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ (၃၀. ၁၀. ၂၀၁၀) ရက်နေ့တွင် ပါတီမှအနားပေး လိုက်ကြောင်း၊ (၂၁. ၁၁. ၂၀၁၀) ရက်နေ့တွင် အစည်းအဝေး ဆုံးဖြတ်ချက်အရ ပါတီမှ ထုတ်ပယ် လိုက်ကြောင်း၊ လျှောက်ထားခံရသူ ဒေါ်တင်တင်မာက တင်ပြထားရာ ဦးကျော်ဇေယျ၏ထွက်ချက်ကို လွတ်လပ်သော သက်သေများက

၂၀၁၁ ခုနှစ်
ဦးမြဝင်း
နှင့်
ဒေါ်တင်တင်မာ

ထောက်ခံထွက်ဆိုထားနိုင်ခြင်းမရှိသဖြင့် ခိုင်မာမှုမရှိသည်ကို တွေ့ရကြောင်း၊ လက်ကမ်းကြော်ငြာများ ထုတ်ဝေခဲ့ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထား ခံရသူဒေါ်တင်တင်မာ သည် ပုံနှိပ်သူအမည်၊ ထုတ်ဝေသူ အမည် မပါရှိသော စာစောင်များကို ရိုပ်နှိပ်ခဲ့သည်ဆိုသည်မှာ အငြင်းမပွားကြောင်း၊ ဒေါ်တင်တင်မာသည် ၎င်း၏လက်ကမ်းစာစောင်များတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူ၏ အမည်နေရပ်မပါရှိသည်ကိုသိသော်လည်း၊ စည်းရုံးရေးကာလနီးကပ်နေပြီး ပြန်လည်ရိုက်နှိပ်ရန် အခက်အခဲရှိသောကြောင့် မူလရိုက်နှိပ်ပြီးသော လက်ကမ်းစာစောင်များပေါ်၌ နသ-၀၀၃ဟူ၍ ရာဘာတံဆိပ်ရိုက်နှိပ်ပြီးဖြန့်ဝေခဲ့ခြင်းသည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ပြုကျင့်မှုများကို မပြုစေရန် တတ်အားသရွေ့ တားဆီးဆောင်ရွက်မှု ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသဖြင့် တရားမဲ့ပြုကျင့်ခဲ့သည်ဟု မဆိုသာကြောင်း၊ စသည်ဖြင့် ခုံရုံးအဖွဲ့က သုံးသပ်ပြီး လျှောက်ထားသူ၏ကန့်ကွက်လွှာကို ပယ်ခဲ့ခြင်း ဖြစ်ပေသည်။

ဤပြင်ဆင်မှုလျှောက်လွှာတွင် လျှောက်ထားသူ ဦးမြဝင်းက အကြောင်းပြရာ၌ ဒေါ်တင်တင်မာရွေးကောက်ခံရခြင်းတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ အတွင်းရေးမှူး ဦးကျော်ဇေယျသည် ရပ်ကွက်များတွင် ဒေါ်တင်တင်မာအား ထောက်ခံပေးသူကို တစ်ဦးလျှင် ၁၅၀၀ိ/- ပေးမည်ပြောဆို စည်းရုံးခြင်းဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(က)(၁) အရ ငြိစွန်းသောလာဘ်ပေး လာဘ်ယူမှုဖြစ်သော တရားမဲ့ပြုကျင့်မှုများ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်ဟူ၍ လည်းကောင်း၊ ဒေါ်တင်တင်မာ နှင့် မိသားစုဝင်များသည် အစ္စလာမ်ဘာသာဝင် အချို့အား အစ္စလာမ် သာသနာပိုင်မြေပေါ်တွင် အဆောက်အဦဆောက်လုပ်ခွင့်၊ ကိုယ်ရုံတော်ဗလီ ပြုပြင်ခွင့် မှတ်ပုံတင်မရရှိသူများကို ရရှိအောင် ဆောင်ရွက် ပေးမည်ဟု ကိုးကွယ်ရာ ဘာသာကိုအကြောင်းပြု၍ မဲပေးကြရန်အစီအစဉ် ပြုလုပ်လျှက် လှုံ့ဆော်ခြင်းဖြင့် ပုဒ်မ ၆၆ (ဈ) ပါ စကားရပ်နှင့် ငြိစွန်းသဖြင့် တရားမဲ့ပြုကျင့်ခဲ့ခြင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ ဒေါ်တင်တင်မာသည် ၎င်းအားမဲပေးကြရန် စည်းရုံးစဉ် ပုံနှိပ်သူ၊ ထုတ်ဝေသူ၏အမည်၊ နေရပ်လိပ်စာ မပါသော ရွေးကောက်ပွဲ လက်ကမ်းကြော်ငြာများကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် တိုင်းဒေသကြီး

လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၆(ခ) ကို အတိအလင်းချိုးဖောက်ခြင်းဖြင့် တရားမဲ့ကျူးလွန်ခြင်းဖြစ်သည် ဟူ၍လည်းကောင်း ဖော်ပြထားသည်။

ဤပြင်ဆင်မှုကိုကြားနာရာတွင် ပြည်ထောင်စုရှေ့နေချုပ်ကိုလည်း ရုံးတော် သဟာယအဖြစ် ဖိတ်ကြားခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကို စေလွှတ် ဆောင်ရွက် စေခဲ့သည်။ လျှောက်ထားသူ၏ရှေ့နေက ပြင်ဆင်မှု အကြောင်းပြချက်များကို အကျယ်တဝင့် တင်ပြလျှောက်လဲပြီး လျှောက်ထားခံရသူ၏ ရှေ့နေကလည်း ခုံအဖွဲ့၏ဆုံးဖြတ်ချက် မှန်ကန်ကြောင်း ကို တင်ပြလျှောက်လဲခဲ့သည်။

ရုံးတော်သဟာယအဖြစ်ဖိတ်ကြားခဲ့သော ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က သက်သေများ၏ ထွက်ဆိုချက်များကို လက်ခံရန်သင့်မသင့်ဆိုသော ကိစ္စတွင် “ မူလခုံရုံးက ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ခဲ့ပါမူ ယင်းဆုံးဖြတ်ချက်ကို အယူခံရုံးက ဝင်ရောက်ဆုံးဖြတ်လေ့ မရှိပေ။ အဘယ်ကြောင့်ဆိုသော် သက်သေများကို စစ်ဆေးသည့် မူလရုံးသည် သက်သေများ၏အမူအယာကို ကိုယ်တိုင်တွေ့မြင်ရသဖြင့် ထိုသက်သေများသည် မှန်ကန်သောသက်သေ ဟုတ်သည် မဟုတ်သည်ဆိုခြင်းကို ကောင်းစွာ ခန့်မှန်းနိုင်သည့်အတွက်ဖြစ်ပေသည်။ ” ဟူ၍ လမ်းညွှန်စီရင်ထုံးမှာလည်း ရှိပြီးဖြစ်ကြောင်း၊လျှောက်ထားသူဦးမြဝင်း၏ပြင်ဆင်မှု အကြောင်းပြချက်များပါ ဒေါ်တင်တင်မာ၏ ဆောင်ရွက်ချက်များသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က)(၁)၊ ပုဒ်မ ၆၆ (ဋ) နှင့် ပုဒ်မ ၆၆ (ဇ) ပါ အချက်များနှင့် ငြိစွန်းခြင်းရှိ မရှိအပေါ် ခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်မှာဥပဒေအရ တိမ်းစောင်းမှုမရှိဟု ယူဆပါကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

ယခုအမှုသည် ပြင်ဆင်မှုဖြစ်သည်။ မည်သည့်အခါ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်မှုတင်သွင်းနိုင်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က) တွင်ပြဋ္ဌာန်းထားသည်။

၇၄(က)။ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို

၂၀၁၁ ခုနှစ်
ဦးမြဝင်း
နှင့်
ဒေါ်တင်တင်မာ

မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူအဖြစ် ပါဝင်ခဲ့သူသည် ဥပဒေကြောင်းအရ မှားယွင်းသဖြင့်ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် ကာလအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း ကော်မရှင် သို့လျှောက်ထားနိုင်သည်။ ဥပဒေရေးရာ ပြဿနာပေါ်ပေါက်မှသာ ဤပုဒ်မအရ လျှောက်ထားခွင့် ရှိသည်။

သို့ဖြစ်၍ ဥပဒေရေးရာပြဿနာမဟုတ်လျှင် ပြင်ဆင်မှု လျှောက်ထားရန် ခွင့်ပြုထားခြင်းမရှိပေ။

ပြင်ဆင်မှုလျှောက်ထားသူတင်ပြသော လျှောက်ထားခံရသူက လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခဲ့သည်ဟူသော ပြင်ဆင်မှု အကြောင်းပြချက်နှင့် စပ်လျဉ်း၍ လေ့လာ စိစစ်ရာတွင် ဒီမိုကရက်တစ်ပါတီ(မြန်မာ) အတွင်းရေးမှူး ဦးကျော်ဇေယျသည် ဒေါ်တင်တင်မာအား မဲပေးကြရန်ထောက်ခံပေးမည့် သူများကို ငွေကျပ် ၁၅၀၀ စီပေးမည်ဟု မဲဆွယ်၍ တရားမဲ့ပြုကျင့်ခဲ့သည် ဆိုသော ကိစ္စနှင့်စပ်လျဉ်း၍ ယင်းကိစ္စကို ဆက်သွယ်ဆောင်ရွက်သူ ဦးဆယ်သန်းမှာ မဲရုံအမှတ် (၆)တွင် လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်ဖြစ်ပြီး ဦးဆယ်သန်းက ထပ်မံဆက်သွယ်ပေးသူများမှာ ၎င်း၏ဇနီး ဒေါ်သီတာနှင့် ဦးမောင်မောင်တို့ သာ ဖြစ်နေပေသည်။ ဦးကျော်ဇေယျမှာ ပါတီဝင်များနှင့်မကျေလည်မှု ပါတီစည်းရုံးရေးပျက်ပြားအောင် ပြုလုပ်ခြင်းများကြောင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ၃၀-၁၀-၂၀၁၀ ရက်နေ့က အနားပေးပြီး ၂၁-၁၁-၂၀၁၀ ရက်နေ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ပါတီမှထုတ်ပယ်ခံရသူ ဖြစ်နေသည်ကို တွေ့ရသည်။ ယင်းအခြေအနေတွင် ဦးကျော်ဇေယျ၏ ထွက်ဆိုချက်ကို ထောက်ခံသည့် လွတ်လပ်သော သက်သေခံချက်များ မတွေ့ရှိရကြောင်းဖြင့် မူလခုံရုံးက သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်ကြောင်း တွေ့ရပေသည်။

ပြင်ဆင်မှုလျှောက်ထားသူတင်ပြသော လျှောက်ထားခံရသူက အစ္စလာမ်ဘာသာဝင်အချို့အား မဲဆွယ်စည်းရုံးခဲ့သည် ဟူသော

ပြင်ဆင်မှု အကြောင်းပြချက်နှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရာတွင် လျှောက်ထားသူဘက်မှ တင်ပြသော သက်သေအစ္စလာမ်ဘာသာဝင် ဦးဝင်းကို၊ ဦးတင်ကြည်နှင့်ဦးလှဝင်း သက်သေအမှတ် (၂)(၃)(၄) တို့၏ ထွက်ဆိုချက်တွင် ရွေးကောက်ပွဲမတိုင်မီ (၉) ရက်ခန့်က လာရောက် စည်းရုံးပြောဆိုကြသည့် လူငယ်(၄)ဦးက မြောက်ကြယ်ခတ်ဝိုင်းရှိ အစ္စလာမ်ဘာသာဝင်ပိုင်သာသနာ့မြေတွင် ဗလီဆောက်လုပ်ခွင့် ရအောင် လုပ်ပေးမည်၊ ကိုယ်ရံတော်ဗလီ ဆောက်လုပ်ခွင့် ရအောင်လုပ်ပေးမည်၊ ကိုယ်ရံတော်ဗလီဟောင်းကိုပြုပြင်ပေးမည်၊သို့ဖြစ်၍ ဒေါ်တင်တင်မာအား ထောက်ခံမဲထည့်ကြရန် ပြောဆိုစည်းရုံးမဲဆွယ် ကြသည်ဆိုသော်လည်း ထိုလူငယ်(၄)ဦးမှာ မည်သူမည်ဝါဖြစ်ကြောင်း ထွက်ဆိုတင်ပြနိုင်ခြင်း မရှိပေ။ ထို့ပြင်ထိုလူငယ် (၄) ဦးမှာ ဒေါ်တင်တင်မာကသော် လည်းကောင်း၊ ဒေါ်တင်တင်မာ၏ရွေးကောက်ပွဲ ကိုယ်စားလှယ်က သော်လည်းကောင်း စေခိုင်း၍ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း လွတ်လပ်သည့်သက်သေခံချက် အထောက်အထားများ တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

ပြင်ဆင်မှုလျှောက်ထားသူတင်ပြသော လျှောက်ထား ခံရသူက ပုံနှိပ်သူ၊ ထုတ်ဝေသူ အမည်နေရပ်မပါရှိသော လက်ကမ်း စာစောင်များ ထုတ်ဝေဖြန့်ချိခဲ့သည် ဟူသော ပြင်ဆင်မှုအကြောင်းပြချက် နှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရာတွင် ဒေါ်တင်တင်မာသည် ပုံနှိပ်သူ၊ ထုတ်ဝေသူအမည် မပါရှိသောစာစောင်များရိုက်နှိပ်ခဲ့သည် ဆိုသည်မှာ အငြင်းမပွားကြောင်း တွေ့ရသည်။ သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်၍ လျှောက်ထားခံရသူက စည်းရုံးရေးကာလနီးကပ်ပြီး ပြန်လည်ရိုက်နှိပ်ရန် အခက်အခဲရှိ၍ မူလကရိုက်နှိပ်ပြီး စာစောင်များတွင် (နသ-၀၀၃) ဟူ၍ ရာဘာတံဆိပ်တုံး ရိုက်နှိပ်ဖြန့်ချိခြင်းဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) မန္တလေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါက်တာတင်မောင်ထွန်း၊ အတွင်းရေးမှူး ဦးသောင်းစိန်၊ ချမ်းအေးသာဇံမြို့နယ်စည်းရုံးရေးမှူး ဦးခင်မောင်ထွန်းတို့ကို သက်သေပြ၍ ထုချေထားသည်။ ထို့ပြင် ပုံနှိပ်သူနှင့်ထုတ်ဝေသူ အမည်နေရပ်လိပ်စာ မပါရှိသော လက်ကမ်း စာစောင်များကို ဒေါ်တင်တင်မာကဖြန့်ချိခဲ့ကြောင်း သို့မဟုတ် ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်က ပြုလုပ်ခဲ့ကြောင်း သို့မဟုတ်

၂၀၁၁ ခုနှစ်
ဦးမြဝင်း
နှင့်
ဒေါ်တင်တင်မာ

ယင်းတို့၏ သဘောတူစေခိုင်းချက်အရ အခြားသူတစ်ဦးဦးက ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း လျှောက်ထားသူဘက်မှခိုင်လုံသည့် သက်သေများ တင်ပြထားနိုင်ခြင်း မရှိသည်ကိုတွေ့ရသည်။ယင်းအခြေ အနေတွင် ဒေါ်တင်တင်မာသည် ၎င်း၏လက်ကမ်းစာစောင် များတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူ၏အမည်၊ နေရပ်လိပ်စာ မပါရှိသည်ကို သိသော်လည်း စည်းရုံးရေးကာလနီးကပ်နေပြီး ပြန်လည်ရိုက်နှိပ်ရန် အခက်အခဲရှိသောကြောင့် မူလရိုက်နှိပ်ပြီးသော လက်ကမ်းစာစောင်များ အပေါ် နသ - ၀၀၃ ဟူ၍ ရာဘာတံဆိပ် ရိုက်နှိပ်ပြီးဖြန့်ဝေခဲ့ခြင်းသည် ရွေးကောက်ပွဲကျင်းပရာတွင် တရားမဲ့ပြုကျင့်မှုများကို မပြုစေရန် တတ်အားသရွေ့ တားဆီးဆောင်ရွက်မှု ပြုလုပ်ခဲ့သည်ဖြစ်၍ တရားမဲ့ပြုကျင့်သည်ဟု မဆိုနိုင်ကြောင်း မူလခုံရုံးက သုံးသပ်ဆုံးဖြတ်ခဲ့သည်မှာလည်း မှန်ကန်ကြောင်း တွေ့ရပေသည်။

ထို့ကြောင့် အထက်ပါအခြေအနေတွင် ဒေါ်တင်တင်မာအား မန္တလေးတိုင်း ဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ရွေးကောက်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ဆုံးဖြတ်ပြီး မူလရွေးကောက်ပွဲ ခုံအဖွဲ့ (၂)၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

လျှောက်ထားသူ၏ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပယ်ကြောင်း အမိန့်ချမှတ် သည်။

အမှုစရိတ်ငွေကျပ် **တစ်သိန်း**ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေ။

+၂၀၁၁ခုနှစ်
ဩဂုတ်လ
၂၄ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်

ဒေါ်ချိုချိုကျော်ငြိမ်း — လျှောက်ထားသူ

နှင့်

ဦးသန့်ဇင် — လျှောက်ထားခံရသူ *

ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်းဖြင့် စွပ်စွဲတင်ပြလျှင် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂ (ပ)တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် မည်သည့်အခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်းတိကျ ခိုင်မာစွာတင်ပြရန်လိုအပ်ခြင်း၊ ဥပဒေကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်အပေါ် အမှုသည်က ဝန်ခံထားသည့်အတိုင်း ဆုံးဖြတ်ရန် မဟုတ်ခြင်း၊ရုံးခေါ်သက်သေ ဦးတင်မောင်ဝင်း (ကျွဲသေ ကျေးရွာ မဲရုံမှူး)ထံမှ အစီရင်ခံစာကို သက်သေခံ(ဃ)အဖြစ် လက်ခံ ခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်မှုမရှိခြင်း၊ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကဖွဲ့စည်းပေးခဲ့သော ခုံရုံးအဖွဲ့သည် ရွေးကောက်ပွဲ ဥပဒေနှင့်သက်ဆိုင်သော အမှုများကိုသာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီး သီးခြားသက်သာခွင့် အက်ဥပဒေအရ တောင်းဆိုသော သက်သာ ခွင့်အမိန့်ချမှတ်ပေးရန် စီရင်ပိုင်ခွင့် အာဏာမရှိခြင်း။

---

* ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်-၄
+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ်(၁၁) တွင်ချမှတ်သော ၂၀. ၆. ၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲ( ၂ )၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့်ပြင်ဆင်မှု

**ဆုံးဖြတ်ချက်။** ဤပြင်ဆင်မှုတွင်ပြင်ဆင်မှု လျှောက်ထားသူဘက်မှ အဓိကအားကိုးအားထားပြု၍ တင်ပြသည့် အချက်မှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၁၄)၊ ပုဒ်မ ၆၆(က)(၂) တွင်ပြဋ္ဌာန်း ထားသည့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို အနှောင့်အယှက် ပြုခြင်းသည် တရားမဲ့ ပြုကျင့်မှုတွင်ပါဝင်သည်ဟူသော ပြဋ္ဌာန်းချက်ပင် ဖြစ်ပေသည်။ မူလအမှုတွဲကိုလေ့လာရာ၌ လျှောက်ထားသူဘက်မှအဆိုပါ ပုဒ်မ ၆၆(က)(၂) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများကို အနှောင့်အယှက်ပြုသည် ဆိုခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူ၏ ကန့်ကွက်လွှာတွင်လည်းကောင်း၊ မူလခုံရုံးတွင် စစ်ဆေးကြားနာစဉ်ကလည်းကောင်း လျှောက်ထားသူဘက်မှ တစ်စုံတစ်ရာတင်ပြခဲ့ခြင်း မရှိသည်ကိုတွေ့ရသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ ယခုပြင်ဆင်မှုတွင် တင်ပြ ထားသော်လည်း ရွေးကောက်မှု ဆိုင်ရာအခွင့်အရေးများမှ မည်သည့် အခွင့်အရေးကို အနှောင့်အယှက် ပြုလုပ်ကြောင်း တိကျခိုင်မာစွာတင်ပြ လျှောက်ထား နိုင်ခြင်းမရှိ သည်ကိုတွေ့ရသည်။

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ၂ (ပ)တွင် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးဆိုသည်မှာ ရွေးကောက်ပွဲတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင် နိုင်သော အခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲနေနိုင်သော အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ် လောင်းစာရင်းမှ နုတ်ထွက်နိုင်သော အခွင့်အရေး၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး သို့မဟုတ် မဲပေးခြင်းမပြုဘဲနေနိုင်သော အခွင့်အရေးကို ဆိုသည်ဟူ၍ အဓိပ္ပါယ် ဖွင့်ဆိုထားပေသည်။

ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက် ပြုကြောင်းဖြင့် စွပ်စွဲတင်ပြလာလျှင် ပုဒ်မ ၂ (ပ) တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသည့် မည်သည့် အခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်း တိကျခိုင်မာစွာ တင်ပြရန်လိုအပ်ပေသည်။ ပြင်ဆင်မှု လျှောက်ထားသူ၏ ပြင်ဆင်လွှာတွင် လည်းကောင်း၊ လျှောက်လဲတင်ပြချက်တွင်လည်းကောင်း တိကျခိုင်မာစွာ တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရပေသည်။

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

**ထပ်မံဆုံးဖြတ်ချက်။** လျှောက်ထားခံရသူ ဦးသန့်ဇင်ကိုယ်တိုင် မူလခုံအဖွဲ့တွင် ဝန်ခံထားသည်မှာ " ကွဲသေမဲရုံမှမဲများကို မဲရုံပြင်ပတွင် ရေတွက်ပြီး ရရှိသောမဲများဖြစ်ပါက မှန်ကန်သောနည်းဖြင့် ရရှိသောမဲများ မဟုတ်ဟုထွက်ဆိုထားသဖြင့် ကွဲသေမဲရုံတွင်ရရှိသော မဲများမှာပြင်ပတွင် ရေတွက်၍ရရှိသောမဲများ ဖြစ်သောကြောင့် တရားမဲ့ ပြုကျင့်သော မဲများဖြစ်သည်ဆိုလျှင် ပြင်ပတွင်ရေတွက် ရရှိသော မဲများဖြစ်ပါက တရားမဲ့ပြုကျင့်မှုဖြစ်ပြီး ပြင်ပတွင်ရေတွက်ခြင်း မဟုတ်ပါက တရားမဲ့ပြုကျင့်မှု မဟုတ်ပါ " ဟုဝန်ခံထားသည်ဟု လျှောက်ထားသူဘက်မှ တင်ပြချက်သည် ဥပဒေကြောင်းနှင့် သက်ဆိုင်နေသည့် အချက်ဖြစ်သည်။ ဥပဒေကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်အပေါ် အမှုသည်က ဝန်ခံထားသည့်အတိုင်း ဆုံးဖြတ်ရန် မဟုတ်ပေ။ အမှန်တကယ် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဟုတ် မဟုတ် ခုံရုံးကသာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ပေရာ လျှောက်ထားသူ၏ တင်ပြချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** တရားမကျင့်ထုံးဥပဒေ အမိန့် ၁၆၊ နည်း ၁၄ ပါပြဋ္ဌာန်းချက်အရ တရားရုံးသည် အမှုတွင် အမှုသည်တစ်ဦး မဟုတ်သော ထို့ပြင်အမှုသည်တစ်ဦးက သက်သေအဖြစ်ခေါ် ယူခြင်းလည်း မပြုသောသူ တစ်ဦးဦးကို စစ်ဆေးရန် လိုအပ်သည်ဟု မည်သည့်အခါ မဆိုထင်မြင်လျှင် ရုံးတော်တွင် သက်သေခံရန်ဖြစ်စေ၊ ထိုသူ၏ လက်ဝယ်တွင်ရှိသော စာချုပ်စာတမ်း တစ်ခုခုကို တင်ပြစေရန်ဖြစ်စေ ပြုလုပ်နိုင်ကြောင်း တွေ့ရသည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၇ တွင်လည်း ရွေးကောက်ပွဲခုံအဖွဲ့သည် အမှုစစ်ဆေးခြင်း ကိစ္စနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော အာဏာများကို ကျင့်သုံးခွင့်ရှိကြောင်း၊ ထို့ပြင် အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယူဆရသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို မိမိတို့၏ သဘောအတိုင်း ဆင့်ဆို၍ စစ်ဆေးနိုင်ကြောင်းပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ မူလခုံရုံးက ရုံးခေါ်သက်သေ ဦးတင်မောင်ဝင်း (ကွဲသေကျေးရွာ မဲရုံမှူး)ထံမှ အစီရင်ခံစာကို သက်သေခံ (ယ)အဖြစ်

လက်ခံခဲ့ခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၆၊ နည်း ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

ပြင်ဆင်မှုလျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားခံရသူ၏ ထုချေလွှာတွင် လည်းကောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၁ အရလည်းကောင်း တင်ပြခြင်းမရှိသည့် စာရွက်စာတမ်းအား သက်သေခံယူမှုများသည် ဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း တင်ပြခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များအပေါ် လွဲမှားသုံးသပ်၍ တင်ပြခြင်းသာဖြစ်ကြောင်း တွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်။** ခုံရုံးက သီးခြားသက်သာခွင့်အက်ဥပဒေ အရ မြွက်ဟကြေညာပေးရန် တောင်းဆိုသော သက်သာခွင့်သည် သီးခြားသက်သာခွင့် ဥပဒေနှင့်အညီစွဲဆိုသော အမှုများနှင့်သာ သက်ဆိုင်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်း ပေးခဲ့သော ခုံရုံးအဖွဲ့သည် ရွေးကောက်ပွဲ ဥပဒေနှင့်သက်ဆိုင်သော အမှုများကိုသာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိပြီး သီးခြား သက်သာခွင့် အက်ဥပဒေအရ တောင်းဆိုသောသက်သာခွင့်အမိန့် ချမှတ်ပေးရန် စီရင်ပိုင်ခွင့် အာဏာမရှိပေဟု သုံးသပ်ဆုံးဖြတ်ခဲ့သည်ကိုလည်း တွေ့ရသည်။ ယင်းသို့မူလခုံရုံးကသုံးသပ် ဆုံးဖြတ်ခဲ့သည့်အပေါ် မှန်ကန်မှု မရှိကြောင်းကို ပြင်ဆင်မှုတွင် လျှောက်ထားသူဘက်မှတင်ပြနိုင်ခြင်း မရှိပေ။ လျှောက်ထားသူသည် မူလခုံရုံးတွင် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ တောင်းဆိုမှု ပြုခဲ့ခြင်းသည် မှန်ကန်မှု မရှိသော တောင်းဆိုမှုသာဖြစ်ကြောင်း မြင်သာပေသည်။

လျှောက်ထားသူအတွက် - ဒေါ်မြင့်မြင့်သန်း (တရားလွှတ်တော်ရှေ့နေ)
လျှောက်ထားခံရသူအတွက် - ဦးလှဟန် (တရားလွှတ်တော်ရှေ့နေ)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ လျှောက်ထားသူ ဒေါ်ချိုချိုကျော်ငြိမ်း သည် ကြို့ပင်ကောက်

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းမဲဆန္ဒနယ်တွင်ဝင်ရောက်ယှဉ်ပြိုင် အရွေးခံသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားခံရသူ ဦးသန့်ဇင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

ယင်းကဲ့သို့ ရွေးကောက်တင်မြှောက်ခံရခြင်းသည် လျှောက်ထားခံရသူ ဦးသန့်ဇင်နှင့်၎င်း၏ပါတီ ကိုယ်စားလှယ်များ၊ မဲရုံတွင်တာဝန်ရှိသူတို့က တရားမဲ့ပြုကျင့်မှုများ ကိုဆောင်ရွက်ခဲ့သောကြောင့် ခိုင်လုံမဲကွာခြားရခြင်းဖြစ်သည်ဟု ယုံကြည်၍ မိမိသည်သာလျှင် ခိုင်လုံမဲအများဆုံး ရရှိပြီး ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာပေးရန် လျှောက်ထားသူ ဒေါ်ချိုချိုကျော်ငြိမ်းက လျှောက်ထားခံရသူ ဦးသန့်ဇင်အပေါ် ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် ၁၁/၂၀၁၀ကို တင်သွင်းခဲ့သည်။ယင်းကန့်ကွက်လွှာကို ရွေးကောက်ပွဲခုံအဖွဲ့ (၂)က စစ်ဆေးကြားနာပြီးနောက် ၂၀-၆-၂၀၁၁ ရက်နေ့တွင် လျှောက်ထားသူ၏ ကန့်ကွက်လွှာကိုပယ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

သို့ဖြစ်၍ ဒေါ်ချိုချိုကျော်ငြိမ်းက ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

မူလကန့်ကွက်လွှာတွင် လျှောက်ထားသူသည် ကြို့ပင်ကောက် မြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၌ ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၎င်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကြို့ပင်ကောက်မြို့နယ်တွင် ဦးသန့်ဇင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးမြင့်စိုး (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ) တို့နှင့်ယှဉ်ပြိုင်ခဲ့ကြောင်း၊ လျှောက်ထားခံရသူ ဦးသန့်ဇင်သည် တစ်အိမ်ထဲအတူနေယောက္ခမတော်စပ်သူဦးကျော်အုန်းအား ကြို့ပင်ကောက်မြို့နယ်၊ ဥက္ကံအုပ်စုမဲရုံတွင် ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေခဲ့ကြောင်း၊ လျှောက်ထားခံရသူ၏ဇနီးဖြစ်သူ ကျောင်းဆရာမ ဒေါ်သန္တာထွန်း

မှလည်း မဲရုံအတွင်း၌မဲပေးရန်လာသော ပြည်သူများအား ၎င်း၏ ခင်ပွန်းပါတီ ဖြစ်သော( ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) ကိုသာမဲထည့်ရန် တိုက်တွန်းသွေးဆောင်ခြင်း ပြုလုပ်ခဲ့ကြောင်း၊ လျှောက်ထားခံရသူ၏ ဦးလေးတော်စပ်သူ ဦးတင်ရွှေမှလည်း ဥက္ကံအုပ်စုတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသောကြောင့် ရွာသူ၊ ရွာသားများ ဆန္ဒမဲပေးရန်မှာ လွတ်လပ်မှုမရှိပါကြောင်း၊ ကြို့ပင်ကောက် မြို့နယ်၊ ဇင်ပြွန်းကုန်းအုပ်စု တမံကြီးရွာမဲရုံအမှတ် (၂)တွင် မဲရုံအတွင်းရှိ မဲလက်မှတ်ထုတ်ပေးသည့် နေရာတွင် ကျောင်းဆရာမတစ်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးမော်ကြီးတို့အတူ ထိုင်လျက် မဲလက်မှတ်များ ထုတ်ပေးခဲ့ပါကြောင်း၊ ယင်းမဲရုံတွင်ပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီမှ စည်းရုံးရေးမှူး ဦးအေးစန်းသည် ၎င်း၏အဖွဲ့ဝင် ဦးဇော်ဦးနှင့် အပေါင်းအပါ (၃) ဦးအား ကော်မရှင်၏လုပ်ငန်းများကို အတင်းဝင်ရောက် လုပ်ကိုင်ရန် ခိုင်းစေခဲ့ကြောင်း၊ ဇင်ပြွန်းကုန်းအုပ်စု ညောင်ပင်သာမဲရုံအမှတ် (၁)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးတင်မောင်ဦး၊ ဦးအေးမျိုး၊ ဦးနိုင်လင်းထွန်းတို့ (၃) ဦးသည် တစ်ဦးလျှင် မဲ (၃) စောင်ထက် မနည်းထည့်ခဲ့ ပါကြောင်း၊ မှန်ပင်တူအုပ်စု၊ မှန်ပင်တူရွာနေ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီမှ ဦးကျော်ဇင်သည် ကော်မရှင်အဖွဲ့ဝင် ဦးသိန်းဇော်နှင့် ပေါင်းပြီး ရွာထဲ၌ ရွာသူရွာသားများအားမဲထည့်ရန်အတွက် မဲစာရင်းနံပါတ်များကို လိုက်ပေးပြီး ၎င်း၏ပါတီဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေး ပါတီကိုသာ မဲထည့်ရန် လိမ်လည်လှည့်ဖြား သွေးဆောင်ခဲ့ကြောင်း၊ ကြို့ပင်ကောက်မြို့နယ်၊ ကွဲသေအုပ်စု ကွဲသေ မဲရုံတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ စည်းရုံးရေးမှူး ဦးစံလှိုင်သည် မဲရုံအတွင်း ဝင်ရောက်၍ မဲရုံမှူး ဦးတင်မောင်ဝင်းနှင့် ပေါင်းပြီး မဲရုံတွင်မီးမလင်းဟု အကြောင်းပြ၍ မဲပုံးကိုစတင်မယူကာ မဲရုံနှင့်အလွန်ဝေးကွာသော ဦးတင်မောင်ဝင်းအိမ်သို့မသယ်ပြီး မဲရေတွက်သည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ထို့အပြင် လျှောက်ထားသူက ၎င်း၏ကန့်ကွက်လွှာနှင့်အတူ

ပူးတွဲတင်ပြသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၈၈ (ဂ) အရ တရားမဲ့ ပြုကျင့်မှုများနှင့် တရားမဲ့ ပြုကျင့်သူများ၏ အမည်စာရင်း၌ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၃) ပါ ပုဒ်မအချို့နှင့် တရားမဲ့ ပြုကျင့်သည့် နေ့ရက်နှင့် ပြုကျင့်ကျူးလွန်သူများ၏အမည်များ ဖော်ပြထား သည်ကို တွေ့ရသည်။

လျှောက်ထားခံရသူကခုခံချေပရာ၌ လျှောက်ထားသူ၏ ကန့်ကွက်လွှာ အပိုဒ် ၃ တွင် ဖော်ပြထားသည်မှာ ပဲခူးတိုင်းဒေသကြီး ကော်မရှင် အဖွဲ့ခွဲမှ ၁၁-၁၁-၂၀၁၀ ရက်နေ့တွင် ရွေးကောက်ပွဲ ကြေညာချက်အမှတ် (၁၂၅/၂၀၁၀)ဖြင့် ကြေညာခြင်းအပေါ်ဟူ၍ ဖော်ပြထားခြင်းမှာ မှန်ကန်မှု မရှိပါကြောင်း၊ လျှောက်ထားသူ၏ ကန့်ကွက်လွှာသည် ပဲခူးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ၏ ၁၁-၁၁-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၂၈/၂၀၁၀) အပေါ် ကန့်ကွက် ခြင်းမဟုတ်ပါကြောင်း၊ ကန့်ကွက်လွှာအပိုဒ် (၅) အကြောင်းပြချက် (၁) တွင် ဖော်ပြထားသည့် ဦးသန့်ဇင်သည် တစ်အိမ်တည်း အတူနေ ယောက္ခမတော်စပ်သူ ဦးကျော်အုန်းအားဟူ၍ ဖော်ပြထားသည်မှာ မမှန်ကန်ပါကြောင်း၊ အမှန်မှာ ဦးအုန်းကျော် သာဖြစ်ပါကြောင်း၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတာဝန်ပေးအပ်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် တို့၏ လုပ်ငန်းတာဝန်များသာ ဖြစ်ကြောင်း၊ လျှောက်ထားခံရသူနှင့် မည်သို့မျှ သက်ဆိုင်မှုမရှိပါကြောင်း၊ အကြောင်းပြချက်(၂) တွင် ဦးသန့်ဇင်၏ ဇနီးဖြစ်သူ ကျောင်းဆရာမ ဒေါ်သန္တာထွန်းမှုလည်း ဟူ၍ ဖော်ပြထားသည်မှာ မှန်ကန်မှုမရှိပါကြောင်း၊ လျှောက်ထားခံရသူ ဦးသန့်ဇင်၏ဇနီးဖြစ်သူသည် ဒေါ်သန္တာမွန် ဖြစ်ပါကြောင်း၊ ဒေါ်သန္တာမွန် သည် ကျောင်းဆရာမတစ်ဦးဖြစ်ပြီး မဲရုံအတွင်း၌ မဲပေးရန် လာသောပြည်သူများအား ၎င်း၏ခင်ပွန်း ပါတီဖြစ်သော (ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေး ပါတီ) ကိုသာ မဲထည့်ရန် တိုက်တွန်း သွေးဆောင်ခြင်း ပြုလုပ်ခဲ့ပါသည် ဟုဖော်ပြ ထားခြင်းမှာလည်း မှန်ကန်မှုမရှိပါကြောင်း၊ အကြောင်းပြချက် (၃)တွင် ဖော်ပြထားသည့် ဦးသန့်ဇင်၏ ဦးလေး တော်စပ်သူ ဦးတင်ရွှေမှာလည်း ဥက္ကဋ္ဌ အုပ်စုတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ

<u>၂၀၁၁ခုနှစ်</u>
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

အဖြစ် ဆောင်ရွက်နေသောကြောင့် ရွာသူရွာသားများ ဆန္ဒမဲပေးရန်မှာ လွတ်လပ်မှု မရှိပါဟူ၍ ဖော်ပြထားသည်မှာလည်း ခိုင်လုံမှု မရှိပါကြောင်း၊ အကြောင်းပြချက် (၄)တွင် ဖော်ပြထားသည့် ကြို့ပင်ကောက် မြို့နယ်၊ ဇင်ပြွန်းကုန်းအုပ်စု တမံကြီးရွာမဲရုံအမှတ် (၂)တွင် မဲရုံအတွင်းရှိ မဲလက်မှတ်ထုတ်ပေးသည့် နေရာ၌ ကျောင်းဆရာမတစ်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမော်ကြီးနှင့်အတူထိုင်လျက် မဲလက်မှတ်များကို ထုတ်ပေးခဲ့သည်ဟု ဖော်ပြထားချက်မှာ တိကျခိုင်လုံမှုမရှိသောအကြောင်း ပြချက်ဖြစ်၍ မှန်ကန်မှုမရှိပါကြောင်း၊ အကြောင်းပြချက်(၅)တွင် ဖော်ပြထားသည့် ကြို့ပင်ကောက်မြို့နယ်၊ ဇင်ပြွန်းကုန်းအုပ်စု တမံကြီးရွာ မဲရုံအမှတ်(၂) တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ စည်းရုံးရေးမှူး ဦးအေးစန်းသည် ၎င်း၏အဖွဲ့ဝင် ဦးဇော်ဦးနှင့် အပေါင်းပါ ၃ ဦးတို့အား ကော်မရှင်၏ လုပ်ငန်းများကို အတင်းဝင်ရောက်လုပ်ကိုင်ရန် စေခိုင်းခဲ့ပါသည်ဟု ဖော်ပြထားချက်မှာ မမှန်ကန်ပါကြောင်း၊ ဦးအေးစန်းသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ စည်းရုံးရေးမှူး မဟုတ်ပါကြောင်း၊ လွန်ခဲ့သည့် ၄ နှစ်ခန့်ကပင် ဇင်ပြွန်းကုန်းအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေပါကြောင်း၊ ဦးဇော်ဦးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်မဟုတ်ပါကြောင်း၊ အပေါင်းအပါ (၃) ဦးဟု ဖော်ပြထားခြင်း၊ ကော်မရှင်၏လုပ်ငန်းများဟု ဖော်ပြထားခြင်းသည် တိကျခိုင်လုံမှု မရှိပါကြောင်း၊ အကြောင်းပြချက် (၆) တွင် ဖော်ပြထားသည့် ဇင်ပြွန်းကုန်းအုပ်စု ညောင်ပင်သာ မဲရုံအမှတ်(၁)တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးတင်မောင်ဦး၊ ဦးအေးမျိုး၊ ဦးနိုင်လင်းထွန်းတို့ ၃ ဦးသည် တစ်ဦးလျှင် မဲ ၃ စောင် ထက်မနည်း ထည့်ခဲ့ပါသည်ဟူ၍ ဖော်ပြချက်နှင့်စပ်လျဉ်း၍ ယင်းတို့ ၃ ဦးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များမဟုတ်သဖြင့် ခိုင်လုံမှုမရှိသောစွပ်စွဲချက်သာ ဖြစ်ပါကြောင်း ၊ အကြောင်းပြချက် (၇) တွင် ဖော်ပြထားသည့် မှန်ပင်တူရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးကျော်ဇင်သည် ကော်မရှင် အဖွဲ့ဝင် ဦးသိန်းဇော်နှင့်ပေါင်းပြီး ရွာသူရွာသားများအား မဲထည့်ရန်အတွက် မဲစာရင်းနံပါတ်များကို လိုက်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

ပါတီကိုသာ မဲထည့်ရန် လိမ်လည်လှည့်ဖျား သွေးဆောင်ခဲ့ပါသည်ဟု ဖော်ပြချက်နှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူသည် လုံးဝသိရှိခြင်း မရှိပါကြောင်း၊ အကြောင်းပြချက် (၈) တွင်ဖော်ပြထားသည့် ကျွဲသေမဲရုံတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ စည်းရုံးရေးမှူး ဦးစံလှိုင်သည် မဲရုံအတွင်းဝင်၍မဲရုံမှူး ဦးတင်မောင်ဝင်းနှင့် ပေါင်းပြီး မဲရုံတွင်မီးမလင်းဟုအကြောင်းပြ၍ မဲပုံးကိုစတင်မယူကာ မဲရုံနှင့်အလွန်ဝေးကွာသော ဦးတင်မောင်ဝင်းအိမ်သို့ မသယ်ပြီး မဲရေတွက်သည့်လုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်ဟု ဖော်ပြချက်နှင့် စပ်လျဉ်း၍ မဲရေတွက်ခြင်း လုပ်ငန်းသည် မဲရုံမှူးနှင့် အဖွဲ့ဝင်များ၏ တာဝန်သာဖြစ်ပါကြောင်း စသည်ဖြင့်ဖော်ပြထုချေသည်။

ရွေးကောက်ပွဲခုံအဖွဲ့ ( ၂ )က အမှုကိုစစ်ဆေးကြားနာပြီးနောက် ဥက္ကံကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအုန်းကျော်မှာ လျှောက်ထားခံရသူ ဦးသန့်ဇင်၏ ယောက္ခမ မှန်သော်လည်း ၎င်းသည် နိုင်ငံရေးပါတီဝင် မဟုတ်သူ၊ ဒေသခံအများပြည်သူတို့၏ ယုံကြည် လေးစားခြင်းခံရသူဖြစ်၍ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် ခန့်ထားခြင်း ခံရသူ ဖြစ်ကြောင်း၊ ဦးသန့်ဇင်၏ ဇနီးနှင့် ဦးလေး တော်စပ်သူ ဦးတင်ရွှေမှာ ရ. ယ. က ဥက္ကဋ္ဌဖြစ်၍ မဲရုံတွင် လုံခြုံရေး တာဝန်ရှိသူအဖြစ် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ရွာသူရွာသားများ ယုံကြည်လေးစားသူဖြစ်ပြီး ရွာသားများဆန္ဒမဲပေးရန် လွတ်လပ်မှု မရှိကြောင်း တင်ပြချက်မှာ ခိုင်လုံမှုမရှိကြောင်း၊ ဖလန်ကုန်းမဲရုံအတွင်း ဦးသန့်ဇင်၏ ဆွေမျိုးများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ ၂၀/၂၅ ဦးခန့် ထိုင်ခုံအရှည်ပေါ်ထိုင်၍ စကားပြော ဆူညံနေကြောင်း၊ ထိုင်ခုံကျိုးသွားကြောင်း ထွက်ဆို ထားသော်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် မည်သူများဖြစ်သည်ကို တင်ပြမထားနိုင်၍ ယင်းစွပ်စွဲချက် များမှာ ခိုင်မာမှုမရှိကြောင်း၊ လျှောက်ထားသူ၏ ကန့်ကွက်လွှာနှင့်အတူ ပူးတွဲတင်သွင်းသော တရားမဲ့ပြုကျင့်မှုများ၌ ပြစ်ဒဏ်များဖြစ်သည့် ပုဒ်မ များကိုသာ ဖော်ပြထားကြောင်း၊ တရားမမှုများတွင် အမှုသည်တို့၏ အဆိုအချေတို့ အပေါ်တွင်သာ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အဆိုလွှာတွင် မပါသည့် အချက်ပေါ်မူတည်၍ အဆုံးအဖြတ်မပေး

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

နိုင်ကြောင်း၊ ဆန္ဒမဲတစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပိုထည့်ခြင်းသည် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ် လောင်းအား အကျိုးရှိစေရန် ပြုလုပ်ခြင်းဖြစ်မှသာ ပုဒ်မ ၆၆(ခ)ပါ ပြဋ္ဌာန်းချက်အရ တရားမဲ့ပြုကျင့်မှု ဖြစ်ကြောင်း၊ လျှောက်ထားသူဘက်မှ တင်ပြချက်အရ မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အကျိုးအတွက် ထည့်ခြင်းဖြစ်သည်ကို ပေါ်ပေါက်မှုမရှိကြောင်း၊ ကျွဲသေမဲရုံတွင် ပြည်သူ့လွှတ်တော်မဲပုံး ရေတွက်ပြီးစီးသောအခါ မှောင်လာပြီး အလင်းရောင် မရှိသောကြောင့် ဝင်ရောက်အရွေးခံကြသည့် ၃ ပါတီမဲရုံ ကိုယ်စားလှယ်များ၊ မဲရုံမှူး နှင့်မဲရုံအဖွဲ့ဝင်များ၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ၏ စီစဉ် ဆောင်ရွက်မှုဖြင့် အများသဘောတူမဲပုံးများကို မီးစက်ရှိရာ မဲရုံမှူး ဦးတင်မောင်ဝင်း၏ နေအိမ်သို့ ပြောင်းရွှေ့ ရေတွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူ ဦးသန့်ဇင်အား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရရေးအတွက် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကို လျှောက်ထားခံရသူ ဦးသန့်ဇင်ကလည်းကောင်း၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်က လည်းကောင်း ပြုလုပ်ခဲ့ကြောင်း သို့မဟုတ် ယင်းတို့၏ သဘောတူညီချက်အရ ပြုလုပ်ကြောင်းကို လျှောက်ထားသူဘက်မှ ထွက်ဆိုနိုင်ခြင်း မရှိကြောင်း၊ လျှောက်ထားသူ ဘက်မှတင်ပြ ထွက်ဆိုထားသည့် စွပ်စွဲချက်များသည် တရားမဲ့ပြုကျင့်မှု ဖြစ်သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁၄) ပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုများအနက် မည်သည့် တရားမဲ့ပြုကျင့်မှုတွင်မျှ အကျုံးဝင်မှုမရှိကြောင်း၊ လျှောက်ထားသူက ၎င်းစွဲဆိုသည့်အတိုင်း ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အောင်နိုင်မဲ အများဆုံးရရှိပြီး အခိုင်မာဆုံးသော မဲများရရှိခဲ့သူ ဒေါ်ချိုချိုကျော်ငြိမ်း၊ ဒီမိုကရက်တစ် ပါတီ( မြန်မာ )သာ ရွေးကောက်တင်မြှောက်ခံရကြောင်း သီးခြား သက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးသည့် အမိန့်နှင့်ဒီဂရီကို ချမှတ်ပေးပါရန် တင်ပြလျှောက်လဲခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဖွဲ့စည်းပေးသောခုံရုံးသည် ရွေးကောက်ပွဲဥပဒေနှင့် သက်ဆိုင်သော အမှုများကိုသာ စစ်ဆေးစီရင် ပိုင်ခွင့်ရှိပြီး သီးခြား သက်သာခွင့်အက်ဥပဒေအရ တောင်းဆိုသော သက်သာခွင့်ကို အမိန့်ချမှတ်ပေးရန် စီရင်ပိုင်ခွင့်အာဏာ မရှိကြောင်း

စသည်ဖြင့် အကြောင်းခြင်းရာ အချက်အလက်များ၊ ဥပဒေကြောင်းဆိုင်ရာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ကာ ခုံအဖွဲ့က လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပယ်ခဲ့ခြင်း ဖြစ်ပေသည်။

ဤပြင်ဆင်မှုလျှောက်လွှာတွင် လျှောက်ထားသူ ဒေါ်ချိုချိုကျော်ငြိမ်းက အကြောင်းပြရာ၌ ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်းသည် တရားမဲ့ပြုကျင့်မှုအဖြစ်ပါဝင်ကြောင်း၊ ဆန္ဒမဲရေတွက်ခြင်းကို မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အများပြည်သူတို့ရှေ့မှောက်၌ ဥပဒေအရ ရေတွက်ရမည်ဖြစ်ပါလျက်မှောင်လာပြီဟူသောအကြောင်းပြချက်ဖြင့် မဲရုံမှူးအိမ်သို့မဲပုံးများသယ်ပြီးရေတွက်ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက် ပြုခြင်းမဟုတ်ဟု သုံးသပ်သည့် စီရင်ချက်သည် ဥပဒေနှင့် မညီကြောင်း၊ ကွဲသေမဲရုံတွင် ထမင်းစားရန်နေ့ခင်းတွင် (၂၅) မိနစ် ခန့်နားခြင်းသည် မဲရုံကို နံနက် (၆)နာရီမှ (၄)နာရီအထိ ဖွင့်လှစ်ထားရမည်ဟူသောပြဌာန်းချက်ကို ချိုးဖောက်၍ ရယူခဲ့သောဆန္ဒမဲများကို ရေတွက်ခြင်းသည် ရွေးကောက်ပွဲဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုခြင်းဖြစ်ပါကြောင်း၊ ဥက္ကံအုပ်စုဖလန်ကုန်းမဲရုံတွင်ဦးထွန်းရွှေဆိုသူကလည်းကောင်း၊ ညောင်ပင်သာမဲရုံတွင်ဦးအေးမျိုး၊ ဦးနိုင်လင်းထွန်း၊ ဦးတင်မောင်ဦးတို့ကလည်းကောင်း မဲတစ်ကြိမ်ထက်ပို၍ ထည့်ခဲ့ကြခြင်း၊ ဥက္ကံအုပ်စု ကုန်းမြင့်မဲရုံတွင် မဲရုံဖွင့်ပြီး နံနက် (၈)နာရီခန့် လူအများ မဲထည့်ချိန်တွင် ဦးသန့်ဇင်၏ယောက္ခမက ၎င်း၏အိတ်ကပ်ထဲမှ ကြိုတင်မဲ(၂၀)စောင်ဟု ပြော၍ပေးခြင်း၊ ဇင်ပြွန်းကုန်းရွာမဲရုံ(၁)နှင့် ညောင်ပင်သာမဲရုံတို့တွင် ပြည်ခိုင်ဖြိုးပါတီမှ ဦးဇော်ကြီး (ခ)ဦးတင်ဦး၊ ဦးဇော်မျိုးနှင့် အမည်မသိသူတို့က တာဝန်ကျကျောင်းဆရာမ(၃) ဦးတို့နား တွင်ထိုင်၍ မဲလက်မှတ်ဖြတ်ပေးခြင်း၊ ဆန္ဒမဲပေးသူများကို ထောက်ပြခြစ်ခိုင်းပြီး ၎င်းတို့ ကိုယ်တိုင်မဲလက်မှတ်များကို မဲပုံး အတွင်းသို့ ခေါက်၍ထည့်ပေးခြင်းတို့နှင့် စပ်လျဉ်း၍မူလခုံရုံးမှ ဆုံးဖြတ်ချက်သည် စီရင်ပိုင်ခွင့်အာဏာကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ ရုံးခေါ်သက်သေ ဦးတင်မောင်ဝင်းက မှောင်နေ သဖြင့်၎င်း၏ နေအိမ်သို့ရွှေ့၍ မဲရေတွက်ခဲ့ကြောင်း၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲထံ အစီရင်ခံစာ မိတ္တူအားသက်သေနှင့် တစ်ပါတည်းပါမလာဘဲ ပြန်ယူခိုင်းပြီးမှတင်ပြသည်ကို ရုံးမှခွင့်ပြုခြင်းနှင့် မည်သည့်စာရွက်မှမရှိဘဲ

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်မြိမ်း
နှင့်
ဦးသန့်ဇင်

သက်သေခံအဖြစ်လက်ခံခြင်းမှာ သက်သေခံ အက်ဥပဒေနှင့်မညီခြင်း၊ ထုချေလွှာအရ လည်းကောင်း၊ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၁ အရ လည်းကောင်း မပါရှိသည့်သက်သေခံကိုရယူခြင်းမှာ ဥပဒေနှင့် မညီညွတ်ကြောင်း၊ လျှောက်ထားခံရသူ၏ ယောက္ခမသည် ဥက္ကံကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဖြစ်ပြီး တစ်အိမ်တည်း အတူနေဖြစ်သည့်အပြင် ကျေးရွာအပေါ်သြဇာညောင်းကာ မဲထည့်ချိန်တွင်မဲရုံ၌ အချိန်ကြာမြင့်စွာရှိနေခြင်း၊ ဖလန်ကုန်းမဲရုံတွင် လျှောက်ထားခံရသူ၏ ဇနီးသည် မဲလက်မှတ်ဖြတ်ပေးသည့် နေရာတွင် နေသည် ဆိုသော်လည်း အခြားမဲပုံးများ အနားတွင် မနေဘဲ ၎င်း၏ခင်ပွန်း ဝင်ရောက်အရွေးခံမည့် ပြည်သူ့လွှတ်တော် မဲပုံးနားတွင်နေ၍ မဲလက်မှတ် ဖြတ်ပေးခြင်းတို့အရ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲ မဟုတ်ကြောင်း ပေါ်ပေါက်နေပါကြောင်း၊ ဇင်ပြွန်းကုန်းအုပ်စု တမံကြီးရွာ မဲရုံ(၁)တွင် ပြည်ခိုင်ဖြိုးပါတီဝင် ၃ ဦး နှင့် ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူး ဦးအေးစန်းထိုင်၍ မဲလက်မှတ်ဖြတ်ပေးခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း ၊ စွပ်စွဲချက်အား ထုချေလွှာ၌မငြင်းသည့်အပြင် ဦးအေးစန်းက သက်သေ အဖြစ် အစစ်မခံခြင်းသည် ငြင်းဆိုမှုမမှန်ကန်၍သာ မပြသခြင်းဟု ဆန့်ကျင်ကောက်ယူရမည် ဖြစ်ပါလျက် ယင်းအချက်နှင့် စပ်လျဉ်း၍ မူလရုံးက ချန်လှပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း စသည်ဖြင့်ဖော်ပြထားသည်။

လျှောက်ထားခံရသူဦးသန့်ဇင်၏ တရားလွှတ်တော် ရှေ့နေကတင်ပြ လျှောက်ထားသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂ (ပ)အရ ရွေးကောက်မှု ဆိုင်ရာအခွင့်အရေးဆိုသည်မှာ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲနေနိုင်သော အခွင့်အရေး၊ လွှတ်တော် ကိုယ်စားလှယ်လောင်းစာရင်းမှ နုတ်ထွက်နိုင်သော အခွင့်အရေး၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်သော အခွင့်အရေး သို့မဟုတ် မဲပေးခြင်း မပြုဘဲ နေနိုင်သော အခွင့်အရေးကို နှောင့်ယှက်မှုသာလျှင် အဆိုပါ ဥပဒေပုဒ်မ ၆၆(က)(၂)အရ တရားမဲ့ပြုကျင့်မှုကိုပြုသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူ၏ မူလရုံးကန့်ကွက်လျှောက်ထားလွှာတွင် လျှောက်ထား ခံရသူကလည်းကောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်က လည်းကောင်း

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂ (ပ) ကို ကျူးလွန်ခဲ့သည်ဟု လျှောက်ထားခြင်း၊ သက်သေ တင်ပြခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁ အရ အဆိုပါ ကိစ္စရပ်များအမှန်တကယ် တည်ရှိကြောင်း သက်သေအထင်အရှားပြရန် လျှောက်ထားသူတွင် တာဝန်ကျရောက်ပါကြောင်း၊ လျှောက်ထားသူ၏ ငြင်ဆင်မှုအကြောင်းပြချက်(၂)သည်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ၏ ပြဋ္ဌာန်းချက် များကိုဖောက်ဖျက်ပါက၊ မလိုက်နာပါက ပြစ်မှုအတွက် ပြစ်ဒဏ်သာမကဘဲ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို နှောင့်ယှက်ခြင်းပင်ဖြစ်ကြောင်း တင်ပြခဲ့ရာ ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂ (ပ) တွင် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး၏ အဓိပ္ပါယ်ကို လည်းကောင်း၊ အဆိုပါဥပဒေ ပုဒ်မ ၆၆ (က)မှ (ဌ) အထိ တရားမဲ့ ပြုကျင့်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များတွင် လျှောက်ထားသူ၏ ငြင်ဆင်မှုအကြောင်းပြချက် (၂)တွင် ဖော်ပြထားသကဲ့သို့ ပြဋ္ဌာန်း ထားခြင်း မရှိသည်ကို မြင်တွေ့ နိုင်ပါကြောင်း၊ လျှောက်ထားသူ၏ စိတ်ကူးဖြင့် တင်ပြနေခြင်းဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းချက် ကို မိမိလိုသလိုအဓိပ္ပါယ်ဖွင့်ဆိုခွင့်မရှိပါကြောင်း၊ ကျွဲသေမဲရုံနှင့်စပ်လျဉ်း၍ မဲရုံပြင်ပတွင် မဲရေတွက်ခြင်းသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂ (ပ)အရ ရွေးကောက်မှု ဆိုင်ရာအခွင့်အရေး နှောင့်ယှက်မှု ပြုကြောင်းနှင့် ပုဒ်မ ၆၆(က)(၂) တရားမဲ့ ပြုကျင့်မှုဖြစ်သည်ဟု ဖော်ပြထားခြင်းမရှိပါကြောင်း၊ အဆိုပါကျွဲသေမဲရုံပြင်ပတွင် မဲရေတွက် ခဲ့ခြင်းသည် လျှောက်ထားသူ ဦးသန့်ဇင်ကဖြစ်စေ၊ ဦးသန့်ဇင်၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်အရ အခြားသူတစ်ဦးဦးကဖြစ်စေ ပြုလုပ်ခဲ့ခြင်း မဟုတ်ဘဲ ကျွဲသေမဲရုံ မဲရုံမှူး၊ မဲရုံကိုယ်စားလှယ်များနှင့်အဆိုပါ မဲရုံတာဝန်ကျပုဂ္ဂိုလ်တို့၏ ဆောင်ရွက်ချက်များသာဖြစ်သည့်အတွက် အဆိုပါပြုလုပ်မှုသည် ဦးသန့်ဇင်နှင့်သက်ဆိုင်ခြင်း မရှိပါကြောင်း၊ မူလခုံရုံး၏ဆုံးဖြတ်ချက်သည် မှားယွင်းမှုမရှိသည့်အတွက် ငြင်ဆင် ပယ်ဖျက်ရန်မသင့်ပါကြောင်း၊ မဲရုံပြင်ပတွင်ရေတွက်ရရှိသော မဲများ ဖြစ်ပါက တရားမဲ့ပြုကျင့်မှု ဖြစ်ပြီး ပြင်ပတွင်ရေတွက်ခြင်း မဟုတ်ပါက တရားမဲ့ပြုကျင့်မှုမဟုတ်ပါဟု လျှောက်ထားခံရသူ ဦးသန့်ဇင်ကိုယ်တိုင်

ဝန်ခံထွက်ဆိုထားပါလျက် ယင်းအချက်ကို ခုံရုံးကမစဉ်းစားခဲ့သည်မှာ ဥပဒေကပေးအပ်ထားသောစီရင်ပိုင်ခွင့်ကို ဥပဒေနှင့်မညီ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း လျှောက်ထားသူဘက်မှ တင်ပြထားရာ ဝန်ခံချက်များနှင့် စပ်လျဉ်း၍ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၇ မှ ၃၁ အထိ ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များတွင် ဥပဒေရေးရာနှင့် စပ်လျဉ်း၍ ဝန်ခံချက်ပြုလုပ်နိုင်သည်ဟု တစ်စုံတစ်ရာပြဋ္ဌာန်းထားချက်မရှိပါကြောင်း၊ ဦးသန့်ဇင်၏ ဝန်ခံချက်သည် ဥပဒေနှင့်မညီသော ဝန်ခံချက်ဖြစ်၍ မူလခုံရုံးတော်က ကောက်ယူသုံးသပ်မှုမပြုခြင်းသည် သက်သေခံဥပဒေနှင့် ညီညွတ် ပါကြောင်း၊ တစ်ဦးတစ်ယောက်တည်းက မဲတစ်ကြိမ်ထက်ပို၍ မဲထည့်ခဲ့ခြင်း၊ ကြိုတင်မဲလက်မှတ်ဖြင့် ဆန္ဒပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို မဲရုံဖွင့်ပြီးမှ မဲရုံမှူးလက်ထဲသို့အရောက်ပေးပို့ခဲ့ခြင်း၊ မဲရုံအတွင်းသို့ဝင်ရောက်ခွင့် မရှိဘဲ ဝင်ရောက်၍လက်မှတ်ဖြတ်ပေးခြင်း၊ ဆန္ဒမဲ ပေးသူများကို ထောက်ပြခြစ်ခိုင်းပြီး မဲထည့်ခဲ့ခြင်း၊ ဦးသန့်ဇင်၏ ဆွေမျိုးများနှင့် ၎င်း၏ပါတီမှ ပုဂ္ဂိုလ်များသစ်သား ထိုင်ခုံပေါ်ထိုင်၍ ခုံကျိုးသွားသည်အထိဆူညံခြင်း စသည့် စွပ်စွဲချက်များသည် ခိုင်မာမှုမရှိပါကြောင်း၊ ပုဒ်မ ၂(ပ)တွင် ဖော်ပြထားသည့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေး မဟုတ်ပါကြောင်း၊ ရုံးခေါ်သက်သေ ဦးတင်မောင်ဝင်း တင်ပြသောစာကို ခုံရုံးကသက်သေခံအဖြစ် လက်ခံခဲ့ခြင်းနှင့်စပ်လျဉ်း၍ ထိုစဉ်က လျှောက်ထားသူဘက်မှ ကန့်ကွက်တင်ပြခြင်း မရှိပါကြောင်း၊ လျှောက်ထားခံရသူက ဦးအေးစန်းအား သက်သေအဖြစ် မတင်ပြရုံဖြင့် လျှောက်ထားခံရသူသည် ပုဒ်မ ၆၆ တွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များကို ကျူးလွန်ခဲ့သည်ဟု ကောက်ယူနိုင်မည်မဟုတ်ပါကြောင်း၊ မူလခုံရုံး၏ သုံးသပ်ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်အညီ ဖြစ်ပါကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

ဤပြင်ဆင်မှုကိုကြားနာရာတွင် ပြည်ထောင်စုရှေ့နေချုပ်ကိုလည်းရုံးတော်သဟာယအဖြစ် ဖိတ်ကြားခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကို စေလွှတ်ဆောင်ရွက်စေခဲ့သည်။

ရုံးတော်သဟာယအဖြစ် ဖိတ်ကြားခဲ့သော ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က လျှောက်ထားသူ၏ကန့်ကွက်လွှာနှင့်

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်မြင့်
နှင့်
ဦးသန့်ဇင်

အတူ ပူးတွဲတင်သွင်းသော တရားမဲ့ပြုကျင့်မှုစာရင်းတွင် တရားမဲ့ပြုကျင့်သူ၏ အမည်နှင့်တရားမဲ့ပြုကျင့်မှုကို ဇယားဖြင့်ယှဉ်တွဲဖော်ပြထားရာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုအသီးသီးကိုဖော်ပြထားခြင်းမရှိဘဲ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ အခန်း (၁၃) တွင်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များဖြစ်သည့် ပုဒ်မများကိုသာ ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ တရားမဲ့ပြုကျင့်မှုနှင့် ပြစ်မှုမတူညီပါကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၃)၊ ပုဒ်မ ၆၅(က) တွင် ဤအခန်းပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟုပါရှိရာ ယင်းပြစ်မှုများ ပေါ်ပေါက်လျှင် ပုဒ်မ ၆၅ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာသို့ တင်ပြတိုင်ကြားရန် ဖြစ်ကြောင်း၊ သို့ဖြစ်ရာ လျှောက်ထားသူသည် မူလကပင်တရားမဲ့ပြုကျင့်မှုကို အဓိပ္ပါယ်လွဲမှားစွာကောက်ယူ၍ ရွေးကောက်ပွဲ ပြစ်မှုများကိုသာ ဖော်ပြစွပ်စွဲခဲ့ခြင်းဖြစ်နေပါ ကြောင်း၊ ပုဒ်မ ၂ (ဃ) ၌ ပြဋ္ဌာန်းထားသော ရွေးကောက်မှုဆိုင်ရာအခွင့်အရေး တစ်ရပ်ရပ်ကို အနှောင့်အယှက် ပြုခြင်းခံရကြောင်း လျှောက်ထား သူ၏ ကန့်ကွက်လွှာ၌ လည်းကောင်း၊ အမှုတွင်လည်းကောင်း ပေါ်ပေါက်ခြင်း မရှိပါကြောင်း၊ အဓိပ္ပါယ်လွဲမှားကောက်ယူခြင်း ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ (ခ) တွင် " မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့မှောက်၌ ဆန္ဒမဲများကို ရေတွက်ရမည် "ဟု ပြဋ္ဌာန်းထားသော်လည်း ပုဒ်မ ၅၁ တွင် " မဲရုံများကို လုံခြုံမှုရှိသောနေရာ များသို့ ပြောင်းရွှေ့ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲ အသီးသီးသို့ သင့်လျော်သလို လွှဲအပ်နိုင်သည် " ဟု ပြဋ္ဌာန်းထားရာ ယခုကိစ္စတွင် ကျေးရွာ ကော်မရှင် အဖွဲ့ခွဲ၏စီစဉ်မှုဖြင့် အားလုံးသဘောတူ ရွှေ့ပြောင်းကြောင်း ပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ ဖြစ်ကြောင်း၊ သူတစ်ပါးကိုယ်စား မဲထည့်ခြင်း (အယောင်ဆောင် မဲထည့်ခြင်း) ဖြစ်ပါက မဲရုံမှူးထံချက်ချင်း ကန့်ကွက်ရမည်ဖြစ်ပြီး ဆက်လက် လုပ်ဆောင်ရမည့် နည်းလမ်း များလည်း ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ လျှောက်ထားသူသည် အထက်ပါ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားခြင်း မရှိဘဲ နှုတ်ဖြင့်ခုံရုံးတွင် စွပ်စွဲချက်အဖြစ်သာတွေ့ရပါကြောင်း၊ တရားမကျင့်ထုံး

<u>၂၀၁၁ခုနှစ်</u>
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

ဥပဒေ အမိန့် ၁၆၊ နည်း ၁၄ တွင် တရားရုံးသို့လာရောက်ခြင်း၊ ရောက်ရှိခြင်း တို့နှင့်စပ်လျဉ်းသည့် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ် နှင့်လည်းကောင်း မဆန့်ကျင်စေဘဲ တရားရုံးသည် အမှုတွင်အမှုသည်တစ်ဦး မဟုတ်သော၊ ထို့ပြင်အမှုသည် တစ်ဦးကသက်သေအဖြစ် ခေါ်ယူခြင်းလည်း မပြုသောသူ တစ်ဦးဦးကို စစ်ဆေးရန် လိုအပ်သည်ဟု မည်သည့်ခါမဆို ထင်မြင်လျှင် ရုံးချိန်းဆိုသောရက်တွင် သက်သေခံရန်ဖြစ်စေ၊ ထိုသူ၏ လက်ဝယ်တွင်ရှိသော စာချုပ်စာတမ်း တစ်ခုခုကို တင်ပြရန် ဖြစ်စေ၊ မိမိသဘောအလျောက် ထိုသူကိုသက်သေအဖြစ် ဆင့်ခေါ်စေနိုင်သည့်အပြင် ထိုသူကိုသက်သေအဖြစ်စစ်မေးခြင်းသော်လည်းကောင်း၊ အဆိုပါစာချုပ်စာတမ်းကို တင်ပြစေခြင်းသော်လည်းကောင်း ပြုနိုင်ပါကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်သည် အမှုသည်များ သို့မဟုတ် ၎င်းတို့၏ရှေ့နေများက စာချုပ်စာတမ်းများ တင်ပြခြင်းနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်ဖြစ်ပြီး တရားရုံးကခေါ်ယူ စစ်ဆေးသော သက်သေနှင့်သက်ဆိုင်ခြင်း မရှိပါကြောင်း၊ ခုံရုံးသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၆၊ နည်း ၁၄ နှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဦးအေးစန်းသည် လွန်ခဲ့သည့် ၄ နှစ်ကပင် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူး မဟုတ်တော့ကြောင်း၊ ဇင်ပြွန်းကုန်းအုပ်စုအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေကြောင်း၊ ကော်မရှင် တာဝန်များကို မည်သူမျှ အတင်းဝင်ရောက်လုပ်ကိုင်၍ မရကြောင်း၊ လျှောက်ထားခံရသူက ၎င်း၏ချေလွှာအပိုဒ် ၂၂ နှင့် ၂၃ တို့တွင် ထုချေထားရာ ဦးအေးစန်းနှင့် ပတ်သက်သည့် စွပ်စွဲချက်ကို ထင်ရှားအောင်သက်သေပြရမည့် တာဝန်မှာ လျှောက်ထားသူ၏ တာဝန်သာ ဖြစ်ပါကြောင်း၊ သို့ပါလျက် ဦးအေးစန်းအား လျှောက်ထားခံရသူဘက်မှသက်သေအဖြစ် မပြခြင်းသည် ငြင်းဆိုမှုမမှန်၍သာမပြသခြင်းဟု ကောက်ယူရမည်ဖြစ်ကြောင်း လျှောက်ထားသူ၏တင်ပြချက်မှာဥပဒေနှင့်မညီပါကြောင်း စသည်ဖြင့် တင်ပြလျှောက်ထားသည်။

ယခုအမှုသည် ပြင်ဆင်မှုဖြစ်သည်။ မည်သည့်အခါ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်မှုတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က)တွင်

ပြဋ္ဌာန်းထားသည်။

၇၄(က)။ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ အဖြစ် ပါဝင်ခဲ့ သူသည် ဥပဒေကြောင်းအရ မှားယွင်းသဖြင့် ပြင်ဆင်ပေးရန် သတ်မှတ်ထား သည့် ကာလအတွင်း သတ်မှတ်သည့် နည်းလမ်း အတိုင်း ကော်မရှင်သို့ လျှောက်ထားနိုင်သည်။ ဥပဒေရေးရာ ပြဿနာ ပေါ်ပေါက်မှသာ ဤပုဒ်မအရ လျှောက်ထားခွင့်ရှိသည်။

သို့ဖြစ်၍ ဥပဒေရေးရာပြဿနာမဟုတ်လျှင် ပြင်ဆင်မှု လျှောက်ထားရန် ခွင့်ပြုထားခြင်းမရှိပေ။

ဤပြင်ဆင်မှုတွင် ပြင်ဆင်မှုလျှောက်ထားသူဘက်မှ အဓိက အားကိုးအားထား ပြု၍တင်ပြသည့် အချက်မှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၄)၊ ပုဒ်မ ၆၆(က)(၂) တွင်ပြဋ္ဌာန်းထားသည့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို အနှောင့်အယှက်ပြုခြင်းသည် တရားမဲ့ပြုကျင့်မှုတွင်ပါဝင်သည်ဟူသော ပြဋ္ဌာန်းချက်ပင် ဖြစ်ပေသည်။ မူလအမှုတွဲကို လေ့လာရာ၌ လျှောက်ထားသူဘက်မှအဆိုပါ ပုဒ်မ ၆၆(က)(၂) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို အနှောင့်အယှက် ပြုသည် ဆိုခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူ၏ ကန့်ကွက်လွှာတွင် လည်းကောင်း၊ မူလခုံရုံးတွင်စစ်ဆေးကြားနာစဉ် ကလည်းကောင်း လျှောက်ထားသူဘက်မှ တစ်စုံတစ်ရာ တင်ပြခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ ယင်းအချက်နှင့်စပ်လျဉ်း၍ ယခုပြင်ဆင်မှုတွင် တင်ပြထားသော်လည်း ရွေးကောက်မှု ဆိုင်ရာအခွင့်အရေးများမှ မည်သည့်အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ကြောင်း တိကျခိုင်မာစွာ တင်ပြလျှောက်ထားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂ (ပ)တွင်

ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးဆိုသည်မှာ ရွေးကောက်ပွဲတွင် လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင် ခြင်းမပြုဘဲ နေနိုင်သောအခွင့်အရေး၊ လွှတ်တော်ကိုယ်စား လှယ်လောင်းစာရင်းမှနုတ်ထွက်နိုင်သော အခွင့်အရေး၊ ရွေးကောက်ပွဲ တွင်မဲပေး နိုင်သောအခွင့်အရေး သို့မဟုတ် မဲပေးခြင်းမပြုဘဲ နေနိုင်သောအခွင့်အရေးကို ဆိုသည် ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပေသည်။

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက် ပြုကြောင်းဖြင့် စွပ်စွဲ တင်ပြလာလျှင် ပုဒ်မ ၂(ဎ) တွင်အဓိပ္ပါယ် ဖွင့်ဆိုထားသည့် မည်သည့်အခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်း တိကျခိုင်မာစွာ တင်ပြရန်လိုအပ်ပေသည်။ ပြင်ဆင်မှု လျှောက်ထားသူ၏ ပြင်ဆင်လွှာတွင် လည်းကောင်း၊ လျှောက်လဲတင်ပြချက်တွင်လည်းကောင်း တိကျခိုင်မာစွာ တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရပေသည်။

ထို့ပြင်လျှောက်ထားသူဘက်မှ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး အနှောင့် အယှက်ပြုခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၆၆(က)(၂) ကို တင်ပြသော်လည်း အပြည့်အစုံ တင်ပြခြင်းမရှိသည်ကို တွေ့ရသည်။ ပုဒ်မ ၆၆ ၏ ပြဋ္ဌာန်းချက်တွင် -

> ၆၆။ အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများ ဖြစ်သည် -
>
> (က) လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးက ဖြစ်စေ –
>
> (၁) ××××××××××××
>
> (၂) ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက် ပြုလုပ်ခြင်း၊
>
> (၃) ××××××××××××
>
> (၄) ×××××××××××
>
> (၅) ×××××××××××။

ဟူ၍ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ ဆိုပါက လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူ တစ်ဦးဦးက ဖြစ်စေ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုခြင်း ပြုလုပ်မှသာလျှင် တရားမဲ့ပြုကျင့်မှု ဖြစ်ကြောင်း မြင်သာပေသည်။ ယခုပြင်ဆင်မှု လျှောက်ထားသူဘက်မှ တင်ပြချက်များကို လေ့လာကြည့်လျှင် လျှောက်ထားခံရသူ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသန့်ဇင်ကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်က ဖြစ်စေ၊ ယင်းတို့ တစ်ဦးဦး၏သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးက ဖြစ်စေ၊ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများ အနက် မည်သည့်အခွင့် အရေးကို အနှောင့်အယှက်ပြုလုပ်ခဲ့ကြောင်း တိကျခိုင်မာစွာ စွပ်စွဲတင်ပြ နိုင်ခြင်း မရှိသည်ကို တွေ့ရပေသည်။ ထို့ကြောင့် လျှောက်ထားသူဘက်မှ ရွေးကောက်ပွဲအတွက် အခန်းအလိုက် ပြဋ္ဌာန်းထားချက်ကို ဖောက်ဖျက်ပါက၊ မလိုက်နာပါက ထိုသူသည် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုခြင်းသာ ဖြစ်သည်ဟူ၍ တင်ပြချက်မှာလက်မခံထိုက်ပေ။

ထို့ပြင် လျှောက်ထားသူဘက်မှတင်ပြသော " ပုဒ်မ ၄၈ (ခ)တွင် မဲရုံအလိုက် ဆန္ဒမဲပေးခြင်းပြီးပြတ်လျှင် ပြီးပြတ်ခြင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းကတာဝန်ပေးအပ်ထားသော မဲရုံအဖွဲ့ဝင်က ဖြစ်စေ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့ရှေ့မှောက်တွင် ဆန္ဒမဲရေတွက်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက် ဥပဒေကိုရွေးကောက်ပွဲ၏ မဲရေတွက်ခြင်းအတွက် မည်သူမဆိုလိုက်နာရမည် ဖြစ်သည်။ မလိုက်နာလျှင် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုခြင်းပင် ဖြစ်သည်" ဟူသောတင်ပြချက်နှင့် စပ်လျဉ်း၍ စိစစ်ရာတွင် အထက်တွင် ဖော်ပြထားပြီး ဖြစ်သည့်အတိုင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၂ (ပ)တွင် ရွေးကောက်မှုဆိုင်ရာအခွင့်အရေး ဆိုသည်မှာ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သောအခွင့်အရေး၊ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ နေနိုင်သောအခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်း စာရင်းမှ နုတ်ထွက်နိုင်သောအခွင့်အရေး၊ ရွေးကောက်ပွဲတွင်မဲပေးနိုင်သော အခွင့်အရေး သို့မဟုတ်

မဲပေးခြင်း မပြုဘဲနေနိုင်သောအခွင့်အရေးကို ဆိုသည်ဟု ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ လျှောက်ထားသူ ဘက်မှ တင်ပြချက်သည် ပုဒ်မ ၂ (ဝ) ပါ ပြဋ္ဌာန်းချက်နှင့်ကွဲလွဲစွာ အဓိပ္ပါယ်ဖွင့်ဆိုတင်ပြထားခြင်းဖြစ်၍ လက်ခံထိုက်သောအချက် မဟုတ်ကြောင်း ပေါ်လွင်နေပေသည်။

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်မြိမ်း
နှင့်
ဦးသန့်ဇင်

လျှောက်ထားခံရသူ ဦးသန့်ဇင်ကိုယ်တိုင် မူလခုံအဖွဲ့တွင် ဝန်ခံထားသည်မှာ " ကွဲသေမဲရုံမှမဲများကို မဲရုံပြင်ပတွင်ရေတွက်ပြီး ရရှိသောမဲများဖြစ်ပါက မှန်ကန်သောနည်း ဖြင့်ရရှိသောမဲများမဟုတ်ဟု ထွက်ဆိုထား သဖြင့် ကွဲသေမဲရုံတွင်ရရှိသော မဲများမှာပြင်ပတွင် ရေတွက်၍ရရှိသောမဲများဖြစ်သောကြောင့် တရားမဲ့ပြုကျင့်သော မဲများဖြစ်သည်ဆိုလျှင် ပြင်ပတွင်ရေတွက်ရရှိသောမဲများဖြစ်ပါက တရားမဲ့ပြုကျင့်မှုဖြစ်ပြီး ပြင်ပတွင်ရေတွက်ခြင်း မဟုတ်ပါက တရားမဲ့ပြုကျင့်မှုမဟုတ်ပါ " ဟုဝန်ခံထားသည်ဟု လျှောက်ထားသူဘက်မှ တင်ပြချက်သည် ဥပဒေကြောင်းနှင့်သက်ဆိုင်နေသည့် အချက်ဖြစ်သည်။ ဥပဒေကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်အပေါ် အမှုသည်က ဝန်ခံထားသည့် အတိုင်းဆုံးဖြတ်ရန်မဟုတ်ပေ။ အမှန်တကယ် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဟုတ် မဟုတ် ခုံရုံးကသာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ပေရာ လျှောက်ထားသူ၏ တင်ပြချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။

ဖွင့်ထားသောမဲရုံကို (၁၂)နာရီမှ (၁) နာရီ သို့မဟုတ် (၁၂ း ၄၅) မှ (၁ း ၁၀) ထိ လည်းကောင်း ပိတ်ခဲ့ခြင်းသည် ပုဒ်မ ၆၆(က) (၂) တွင်ပါဝင်သော တရားမဲ့ပြုကျင့်ခြင်းဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးသည် ရွေးကောက်ပွဲတစ်ခုတွင် မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒမဲ (၁)မဲသာ ပေးခွင့်ရှိပြီး (၁) မဲထက်ပို၍ဆန္ဒမဲပေးခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသော ပုဒ်မ ၄၄ ကို မလိုက်နာသဖြင့် တရားမဲ့ပြုကျင့်မှုဖြစ်ကြောင်း၊ ဖလံကုန်းမဲရုံတွင် ဦးသန့်ဇင်၏ဇနီးကမဲထည့်ရန် မဲကတ်ပြားထုတ်ပေးသဖြင့် ဆန္ဒမဲ (၁)ကြိမ် ထက်ပို၍ (၃)ကြိမ် ထပ်မံထည့်သဖြင့် ရွေးကောက်မှုဆိုင်ရာအနှောင့်အယှက်ပြုသည့် တရားမဲ့ပြုကျင့်မှုဖြစ်ကြောင်း၊ ကြိုတင်မဲ (၂၀) ကိုမဲရုံဖွင့်ပြီး နံနက် (၈)နာရီကျမှ မဲရုံမှူးသို့လာပေးခြင်း၊ ရွေးကောက်ပွဲကျင်းပနေစဉ်

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်မရှိဘဲဝင်ရောက်၍ မဲလက်မှတ်ဖြတ်ပေးခြင်း၊ မဲရုံမှုကိုက် ၅၀၀ အတွင်း စည်းကမ်းမဲ့သည့်အပြုအမူကို ပြုလုပ်ပါက ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားခြင်း၊ ဦးသန့်ဇင်၏ဆွေမျိုးများနှင့် ၎င်း၏ပါတီမှလူ ၂၀/၂၅ ဦးတို့သည် မဲရုံအတွင်း ထိုင်ခုံအရှည်ပေါ်ထိုင်၍ စည်းကမ်းမဲ့ပြုလုပ်မှုကြောင့် ထိုင်ခုံကျိုးရသည်အထိဖြစ်ခြင်း၊ ထိုသို့ပြုလုပ်ဆောင်ရွက်ချက်များသည် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက်ပြုကြောင်းဖြင့် စွပ်စွဲတင်ပြ ထားသော်လည်း ယင်းပြုလုပ်ခြင်းတို့ကို လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ကပြုလုပ်ကြောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် ကပြုလုပ်ကြောင်း လျှောက်ထားသူဘက်မှ ခိုင်မာစွာ ထွက်ဆိုတင်ပြနိုင်ခြင်းမရှိပေ။ ထို့ပြင် ထိုသို့ပြုလုပ်ခဲ့သည် ဆိုခြင်းများနှင့်စပ်လျဉ်း၍ ထိုစဉ်အခါက အဆိုပါ မဲရုံများတွင် တာဝန်ရှိ မဲရုံမှူးများ၊ ကော်မရှင်အဖွဲ့ခွဲဝင်များတို့ထံ တင်ပြတောင်းဆိုအရေးယူမှုများ လည်းမရှိခဲ့သည်ကို တွေ့ရသည်။ အဆိုပါ စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ မူလခုံရုံးက ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် လျှောက်ထားသူဘက်မှ တင်ပြချက်များကို လက်မခံထိုက်ကြောင်းတွေ့ရပေသည်။

ဇင်ပွဲန်းကုန်းအုပ်စုမဲရုံ (၁) တမံကြီးမဲရုံတွင် မဲပုံးဘေးရှိ မဲလက်မှတ်ဖြတ်သူ ဆရာမ၏ဘေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပါတီဝင်(၃)ဦးက တစ်ဦး၏ ဘေးတွင်ထိုင်ပြီး မဲလက်မှတ်ဖြတ်ပေးခြင်းမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ စည်းရုံးရေးမှူး ဦးအေးစန်းကခိုင်း၍ လုပ်ရကြောင်းဖြင့် လျှောက်ထားသူဘက်က စွပ်စွဲထားသော်လည်း ဦးအေးစန်းသည် လွန်ခဲ့သော (၄)နှစ်ကပင် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူး မဟုတ်တော့ကြောင်း၊ ဇင်ပွဲန်းကုန်းအုပ်စု အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေကြောင်း၊ လျှောက်ထားခံရသူဘက်မှ ထုချေထားခဲ့ပြီးဖြစ်သည်။ ဦးအေးစန်းနှင့်ပတ်သက်၍ စွပ်စွဲတင်ပြလာလျှင် ယင်းစွပ်စွဲချက်ကို ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ လျှောက်ထားသူ၏ တာဝန်သာ ဖြစ်ပေသည်။ သို့ဖြစ်ရာ ဦးအေးစန်းအား လျှောက်ထားခံရသူဘက်မှ သက်သေအဖြစ် မပြခြင်းသည် ၎င်းဆိုမှု မမှန်၍သာ မပြသခြင်းဟု ကောက်ယူရမည်ဖြစ်ကြောင်း လျှောက်ထားသူ၏ တင်ပြချက် မှာလက်ခံထိုက်သော အချက်မဟုတ်ပေ။

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

မူလခုံရုံးက ရုံးခေါ်သက်သေအဖြစ်အစစ်ခံသော သက်သေ ဦးတင်မောင်ဝင်း (ကွဲသေကျေးရွာမဲရုံမှူး) ထံမှ အစီရင်ခံစာကို သက်သေခံ အဖြစ်လက်ခံရယူခဲ့ခြင်းနှင့် စပ်လျဉ်း၍ စိစစ်ရာတွင် မူလခုံရုံးသည် အမှုတွင်ပြည့်စုံစွာ နှင့်မှန်ကန်စွာ အဆုံးအဖြတ်ပြုနိုင်ရန် အလို့ငှာ ကွဲသေကျေးရွာ မဲရုံမှူး ဦးတင်မောင်ဝင်းကို ရုံးခေါ်သက်သေ အဖြစ် ခေါ်ယူစစ်ဆေးခဲ့ခြင်း ဖြစ်သည်။ ရုံးခေါ်သက်သေအား ခုံရုံးကစစ်ဆေးနေစဉ် သက်သေက ၎င်း၏လုပ်ဆောင်ချက်နှင့် စပ်လျဉ်း၍အစီရင်ခံစာကို မြို့နယ်ကော်မရှင်အဖွဲ့သို့ ပေးပို့ခဲ့ကြောင်း၊ ယင်းအစီရင်ခံစာ ကွန်တော်နှင့်အတူ ပါလာကြောင်း၊ ယခုကွန်တော် တည်းခိုသော စည်ပင်ရိပ်သာတွင် ကျန်နေခဲ့သည်ဟု တင်ပြချက်အရ ၎င်းနှင့်အတူပါလာသူ တစ်ဦးအားပြန်လည်အယူခိုင်း၍ စစ်ဆေးနေစဉ် တစ်ထိုင်တည်းမှာပင် ရုံးတော်သို့ တင်ပြခဲ့ခြင်းဖြစ်သည်။ ရုံးတော်က သက်သေခံအဖြစ်လက်ခံပြီးနောက် လျှောက်ထားသူ၏ ရှေ့နေကြီး ကလည်း ယင်းအစီရင်ခံစာအပေါ် ပြန်လှန်မေးခွန်းများကို စိတ်ကြိုက် မေးမြန်းခွင့်ရခဲ့သည်ကိုလည်း တွေ့ရပေသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၆၊ နည်း ၁၄ ပါပြဋ္ဌာန်း ချက်အရ တရားရုံးသည် အမှုတွင် အမှုသည်တစ်ဦး မဟုတ်သော ထို့ပြင်အမှုသည်တစ်ဦးကသက်သေအဖြစ် ခေါ်ယူခြင်းလည်း မပြုသောသူတစ်ဦးဦးကို စစ်ဆေးရန်လိုအပ်သည်ဟု မည်သည့်အခါမဆို ထင်မြင်လျှင်ရုံးတော်တွင် သက်သေခံရန်ဖြစ်စေ၊ ထိုသူ၏ လက်ဝယ်တွင် ရှိသော စာချုပ်စာတမ်း တစ်ခုခုကိုတင်ပြစေရန် ဖြစ်စေပြုလုပ် နိုင်ကြောင်း တွေ့ရသည်။ ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၇ တွင်လည်း ရွေးကောက်ပွဲခုံအဖွဲ့သည် အမှုစစ်ဆေးခြင်း ကိစ္စနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော အာဏာများကို ကျင့်သုံးခွင့်ရှိကြောင်း၊ ထို့ပြင် အရေးပါသော သက်သေခံချက်များကို ထွက်ဆိုနိုင်မည်ဟု ယူဆရသော မည်သည့်ပုဂ္ဂိုလ်ကိုမဆို မိမိတို့၏ သဘောအတိုင်း ဆင့်ဆို၍ စစ်ဆေးနိုင်ကြောင်းပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ မူလခုံရုံးက ရုံးခေါ်သက်သေ ဦးတင်မောင်ဝင်း (ကွဲသေကျေးရွာ မဲရုံမှူး)ထံမှ အစီရင်ခံစာကို သက်သေခံ (ဃ)အဖြစ် လက်ခံခဲ့ခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၆၊ နည်း ၁၄ ပါ

ပြဋ္ဌာန်းချက်များနှင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားခံရသူ၏ထုချေလွှာတွင် လည်းကောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၁ အရလည်းကောင်း တင်ပြခြင်းမရှိသည့် စာရွက်စာတမ်းအား သက်သေခံယူမှုများသည် ဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း တင်ပြခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များအပေါ် လွဲမှားသုံးသပ်၍ တင်ပြခြင်းသာ ဖြစ်ကြောင်း တွေ့ရသည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေတင်ပြသော တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၁ ပါ ပြဋ္ဌာန်းချက်သည် အမှုသည်များ သို့မဟုတ် ၎င်းတို့၏ရှေ့နေများက စာချုပ်စာတမ်းများ တင်ပြခြင်းနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်ဖြစ်ပြီး တရားရုံးက ခေါ်ယူစစ်ဆေးသော ရုံးခေါ် သက်သေများနှင့် သက်ဆိုင်ခြင်း မရှိကြောင်း တွေ့ရပေသည်။ ယခုကိစ္စသည်ရုံးခေါ်သက်သေအား စစ်ဆေးခြင်း၊ ရုံးခေါ်သက်သေ၏ လက်ဝယ်တွင်ရှိနေသော စာရွက်စာတမ်းကို သက်သေခံအဖြစ် လက်ခံရယူခဲ့ခြင်းဖြစ်သည်။ လျှောက်ထားသူ ဘက်မှ တင်ပြသကဲ့သို့ စာရွက်စာတမ်းကို လက်ခံရယူခဲ့ခြင်း မဟုတ်ပေ။ မူလခုံရုံးသည် ရုံးခေါ်သက်သေ ဦးတင်မောင်ဝင်း (ကျွဲသေကျေးရွာမဲရုံမှူး) ထံမှအစီရင်ခံစာကို သက်သေခံ (ဃ)အဖြစ် လက်ခံရယူခဲ့ခြင်းသည် လျှောက်ထားသူဘက်မှ တင်ပြသကဲ့သို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၁ အရ ရယူခဲ့ခြင်း မျိုးမဟုတ်ဘဲ တရားမကျင့်ထုံးဥပဒေအမိန့် ၁၆၊ နည်း ၁၄ နှင့်ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ လက်ခံရယူခဲ့ခြင်းဖြစ်သောကြောင့် မူလခုံရုံးသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားမြင်သာ လျက်ရှိပေသည်။ သက်သေခံ (ဃ)သည် အစီရင်ခံစာ ဖြစ်သည် သို့မဟုတ် ဆောင်ရွက်ချက်မှတ်တမ်းဖြစ်သည် ဆိုခြင်းမှာ အခေါ်အဝေါ်သုံးစွဲမှု ကွဲလွဲခြင်းသာဖြစ်သည်။ အမှုတွင် အဆုံးအဖြတ် ပြုရမည့်အချက်မဟုတ်ပေ။

ထို့ပြင်မူလခုံရုံးတော်တွင် လျှောက်ထားသူက ၎င်းစွဲဆိုသည့် အတိုင်း ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် အောင်နိုင်မဲအများဆုံးရရှိပြီး အခိုင်မာ

ဆုံးသောမဲများ ရရှိခဲ့သူ ဒေါ်ချိုချိုကျော်ငြိမ်း၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)သာ ရွေးကောက် တင်မြှောက်ခံရကြောင်း သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးသည့်အမိန့်နှင့် ဒီကရီကိုချမှတ် ပေးရန် အပြီးသတ် လျှောက်လဲချက်၌ လျှောက်လဲ တင်ပြခဲ့ကြောင်းနှင့် လျှောက်ထားခံရသူဘက်မှ သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးရန် ရွေးကောက်ပွဲ ခုံအဖွဲ့တွင်ဆုံးဖြတ်ပိုင်ခွင့်မရှိဟု တင်ပြလိုကြောင်း ခုံရုံးက စိစစ် ပေးလိုကြောင်း တင်ပြလျှောက်လဲခဲ့ကြသည်ကို တွေ့ရသည်။

၂၀၁၁ခုနှစ်
ဒေါ်ချိုချိုကျော်ငြိမ်း
နှင့်
ဦးသန့်ဇင်

ခုံရုံးက သီးခြားသက်သာခွင့်အက်ဥပဒေအရ မြွက်ဟ ကြေညာပေးရန် တောင်းဆိုသော သက်သာခွင့်သည် သီးခြားသက်သာ ခွင့်ဥပဒေနှင့်အညီ စွဲဆိုသော အမှုများနှင့်သာသက်ဆိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဖွဲ့စည်းပေးခဲ့သော ခုံရုံးအဖွဲ့ သည် ရွေးကောက်ပွဲဥပဒေနှင့် သက်ဆိုင်သော အမှုများကိုသာ စစ်ဆေး စီရင်ပိုင်ခွင့်ရှိပြီး သီးခြားသက်သာခွင့်အက်ဥပဒေအရ တောင်းဆိုသော သက်သာခွင့် အမိန့်ချမှတ်ပေးရန် စီရင်ပိုင်ခွင့် အာဏာမရှိပေဟု သုံးသပ်ဆုံးဖြတ်ခဲ့သည်ကိုလည်းတွေ့ရသည်။ ယင်းသို့မူလခုံရုံးကသုံးသပ် ဆုံးဖြတ်ခဲ့သည့်အပေါ် မှန်ကန်မှု မရှိကြောင်းကို ပြင်ဆင်မှုတွင် လျှောက်ထားသူဘက်မှ တင်ပြနိုင်ခြင်း မရှိပေ။ လျှောက်ထားသူ သည် မူလခုံရုံးတွင် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ တောင်းဆို မှုပြုခဲ့ခြင်းသည် မှန်ကန်မှုမရှိသော တောင်းဆိုမှုသာ ဖြစ်ကြောင်း မြင်သာပေသည်။

ထို့ကြောင့် အထက်ပါအခြေအနေတွင် ဦးသန့်ဇင်အား ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟုဆုံးဖြတ်ခဲ့သော မူလရွေးကောက်ပွဲ ခုံအဖွဲ့ (၂)၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

လျှောက်ထားသူ၏ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပယ်ကြောင်း အမိန့်ချမှတ်သည်။

အမှုစရိတ်ငွေကျပ် **တစ်သိန်း**ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေ။

+ ၂၀၁၁ ခုနှစ်
ဩဂုတ်လ
၂၄ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်

ဦးဦးသိန်းမောင် လျှောက်ထားသူ

နှင့်

ဦးလှမောင်သိန်း လျှောက်ထားခံရသူ ✱

မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် သက်သာခွင့်ကိုတောင်းဆိုပါက အခြေခံရမည့်အချက် နှစ်ရပ်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃ ၊နည်း ၁ အရ အမှုပထမကြားနာသည့် နေ့တွင် မတင်ပြသည့်စာမှတ်စာတမ်းကို နောက်ပိုင်းတွင် တင်ပြလာခြင်း၊ ခုံရုံးက တင်ပြလိုသော စာမှတ်စာတမ်းများ ရှိကတင်ပြရန်သတိပေးခဲ့ခြင်း၊ လျှောက်ထားသူ၏ ပေါ့လျော့မှု။

လျှောက်ထားသူက သက်သေများတင်ပြရာ၌ ၎င်း၏ ပါတီဝင်များနှင့် ၎င်း၏အကျိုးလိုလားသူများကို သက်သေတင်ပြသည်။ထို အကြောင်းကြောင့် ယင်းသက်သေများ၏

---

✱ ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်- ၅။

+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ်(၁၃)တွင်ချမှတ်သော ၂၈-၆-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲ ခုံအဖွဲ့(၆)၏ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု။

**ထွက်ဆိုချက်ကို မယုံကြည်ရဟုမဆိုနိုင်သော်လည်း သတိထားပြီး ချင့်ချိန်ရမည့်သက်သေများဖြစ်ခြင်း ။**

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

**ဆုံးဖြတ်ချက် ။** လျှောက်ထားသူက လျှောက်ထားခံရသူအား လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်သည်ဟု ကန့်ကွက်ရာ၌ မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟုကြေညာစေရန် သက်သာခွင့်ကိုတောင်းဆိုခြင်း မရှိလျှင် အထက်ပါတင်ပြချက်သည် မှန်ကန်သည်ဟု ဆိုနိုင်မည်ဖြစ်သော်လည်း ဤအမှုတွင် လျှောက်ထားသူက လျှောက်ထားခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟုကြေညာစေရန်သက်သာခွင့်ကို တောင်းဆိုထားသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၈(ခ) တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

၆၈။(က) ×××××××××××××

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် မိမိ၏ ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူ ဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါ အကြောင်းပြချက် တစ်ရပ်ရပ်ကို အခြေခံရမည် -

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသောမဲအများဆုံး ရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိ

သောမဲများ မပါရှိခဲ့သော် လျှောက်ထား
သူသည်သာ ခိုင်လုံသောမဲအများဆုံး
ရရှိနိုင်သည်ဟူသော အကြောင်းပြချက်။

သို့ဖြစ်၍ လျှောက်ထားသူက မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက် တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာစေရန် တောင်းဆိုထားသည့် မူလကန့်ကွက်မှု၌ အထက်ပါအချက် (၂)ရပ်ကို ရွေးကောက်ပွဲခုံအဖွဲ့က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် လျှောက်ထားသူ၏ တောင်းဆိုသည့်အတိုင်း သုံးသပ် ဆုံးဖြတ်ခြင်းဖြစ်၍ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

**ထပ်မံဆုံးဖြတ်ချက်**။ အမှုသည်များက မိမိရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကိုတင်ပြရန်လိုသည် ဆိုသော ဥပဒေသကို အငြင်းပွားရန်မရှိသော်လည်း ယခုအမှုတွင် လျှောက်ထားသူသည် ငြင်းချက်များမထုတ်မီ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ အရ မိမိတို့တင်ပြလိုသော စာမှတ်စာတမ်းများကို တင်ပြရန် အခွင့်အရေးရရှိခဲ့သည်။ ထိုသို့တင်ပြလိုသော စာမှတ် စာတမ်းများရှိက တင်ပြရန်လည်းခုံရုံးတော်က ၁၇-၁-၂၀၁၁ ရက်နေ့တွင် သတိပေးခဲ့သည်။ သို့ရာတွင် လျှောက်ထားသူက တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၃၊ နည်း ၁ အရ တင်ပြလိုသောစာမှတ်စာတမ်းများ တင်ပြသည့်အခါတွင် အငြင်းပွားသည့် စီဒီ (CD ) ခွေကို တင်ပြခဲ့ခြင်းမရှိပေ။ ထို့နောက် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၂ အရ တင်ပြလာခြင်းဖြစ်သောကြောင့် ယင်းနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ခိုင်လုံသောအကြောင်း မပြနိုင်၍ ခုံရုံးတော်ကလက်မခံခြင်းသည် ခုံရုံး၏ မှားယွင်းချက် မဟုတ်ပေ။ လျှောက်ထားသူ၏ ပေါ့လျော့မှုသာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ လျှောက်ထားသူကတင်ပြသော သက်သေ (၇) ဦးနှင့် စပ်လျဉ်း၍ စိစစ်ရာတွင် လျှောက်ထားသူ၏ သက်သေအမှတ် ( ၁ ) အဒူစလင်သည် ရွေးကောက်ပွဲ၌ ပြည်ခိုင်ဖြိုး ပါတီ၏ စည်းရုံးရေးမှူးဖြစ်ပြီး အာကာတောင် ကျေးရွာမဲရုံအမှတ် (၂) ပြည်ခိုင်ဖြိုးပါတီမှကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ်လည်း ဖြစ်သည်။ လျှောက်ထားသူပြ သက်သေအမှတ် (၂) ဦးမာမောက်နူရ်သည်

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

ပြည်ခိုင်ဖြိုးပါတီ၏ စည်းရုံးရေးမှူးဖြစ်၍ လျှောက်ထားသူပြ သက်သေ အမှတ် (၄) ဦးသန်းကျော်နှင့် လျှောက်ထားသူပြသက်သေအမှတ် (၅) ဦးအေးထွန်းလှိုင်တို့မှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ၏ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသည်။ လျှောက်ထားသူပြသက်သေ အမှတ် (၆) ဦးဝေကျော်အောင်မှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူးဖြစ်ပြီး လျှောက်ထားသူပြသက်သေ အမှတ် (၇) ဦးသိန်းထွန်းမှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ မြို့နယ် အတွင်းရေးမှူးဖြစ်သည်။

သက်သေ (၇) ဦးအနက် ပြည်ခိုင်ဖြိုးပါတီဝင်မဟုတ်သူ သက်သေမှာ လျှောက်ထားသူပြသက်သေအမှတ် (၃) ဒေါ်နီနီဝင်း အရှေ့တောင်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးတစ်ဦး သာလျှင် ကျန်ရှိသည်။ သို့ရာတွင် ၎င်း ဒေါ်နီနီဝင်းသည်လည်း လျှောက်ထားသူပြ သက်သေအမှတ် (၄) ဦးသန်းကျော် (ရသေ့တောင် မြို့နယ် ပြည်ခိုင်ဖြိုး ပါတီ၏မြို့နယ်အလုပ်အမှုဆောင်)၏ဇနီး ဖြစ်သည်။

သို့ဖြစ်၍ မူလခုံရုံးကလျှောက်ထားသူ၏သက်သေများသည် ပြည်ခိုင်ဖြိုး ပါတီဝင်များ၊ တစ်နည်းအားဖြင့် လျှောက်ထားသူ၏အကျိုးကို လိုလားသူများ ဖြစ်ကြောင်း သုံးသပ်ခြင်းသည်မှားယွင်းခြင်းမရှိကြောင်း တွေ့ရှိရသည်။

သက်သေတစ်ဦးတစ်ယောက်သည် ဆွေမျိုးတော်သော အကြောင်းကြောင့် မယုံကြည်ထိုက်ဟု သုံးသပ်နိုင်ခြင်းမရှိသည်မှာ မှန်သော်လည်း ထိုကဲ့သို့သော သက်သေများကိုသတိထားပြီး ချင့်ချိန်ရ မည်သာ ဖြစ်ပေသည်။ အကြောင်းမှာ ဆွေမျိုးတော်စပ်သော အကြောင်း သည် သက်သေတစ်ဦးတစ်ယောက်အား ဘက်လိုက်ထွက်ဆို နိုင်စေသည့် အကြောင်းဖြစ်ပေသည်။

လျှောက်ထားသူအတွက် - ဦးထွန်းရွှေ
(တရားလွှတ်တော်ရှေ့နေ)
လျှောက်ထားခံရသူအတွက် - ဦးအောင်ကျော်စိန်
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၊ ရခိုင်ပြည်နယ်၊

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)၌ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဦးလှမောင်သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဦးသိန်းမောင်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးမောင်သိန်းလှိုင်တို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြရာ ဦးလှမောင်သိန်းကခိုင်လုံဆန္ဒမဲ (၁၂၆၇၅)မဲ၊ ဦးဦးသိန်းမောင်က ခိုင်လုံဆန္ဒမဲ (၁၀၆၁၇)မဲနှင့် ဦးမောင်သိန်းလှိုင်က ခိုင်လုံဆန္ဒမဲ (၄၇၄၃)မဲ ရရှိသဖြင့် ဦးလှမောင်သိန်းက ခိုင်လုံဆန္ဒမဲအများဆုံးဖြင့် ယင်းမဲဆန္ဒနယ်၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

ယင်းသို့ ရွေးကောက်တင်မြှောက်ခံရခြင်းကို လျှောက်ထားသူ ဦးဦးသိန်းမောင်က ကျေနပ်ခြင်းမရှိ၍ လျှောက်ထားခံရသူ ဦးလှမောင်သိန်းအပေါ် လျှောက်ထားခံရသူသည် ဥပဒေ ချိုးဖောက်မှုများစွာကို ဖောက်ဖျက်ကျူးလွန်ပြီး တရားမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့သောကြောင့် ဆန္ဒမဲများရရှိသင့်သည်ထက်ရရှိကာ အနိုင်ရရှိ သွားခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူသည် ဥပဒေချိုးဖောက်မှုနှင့် တရားမဲ့ပြုကျင့်မှုများကို မပြုခဲ့သော် မိမိသာလျှင် ဆန္ဒမဲအများဆုံး ရရှိနိုင်သည်ဖြစ်၍ ရွေးကောက်ခြင်းခံရထိုက်သည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးရန် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် ၁၃/၂၀၁၀ ကို တင်သွင်းခဲ့သည်။

ယင်းရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၆) က စစ်ဆေးကြားနာပြီးနောက် ၂၈-၆-၂၀၁၁ ရက်နေ့တွင် လျှောက်ထားသူ ဦးဦးသိန်းမောင်၏ကန့်ကွက်လွှာကိုပယ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

သို့ဖြစ်၍ လျှောက်ထားသူဦးဦးသိန်းမောင်က ရွေးကောက်ပွဲခုံအဖွဲ့ (၆)၏ဆုံးဖြတ်ချက်ကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် လျှောက်ထားသူ ဦးဦးသိန်းမောင်က အကြောင်းပြရာ၌ ရွေးကောက်ပွဲခုံအဖွဲ့သည် လျှောက်ထားသူ တင်ပြခဲ့သည့် သက်သေ (၇)ဦးကို လျှောက်ထားသူ၏ ပြည်ထောင်စု

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီဝင်များ၊ တစ်နည်းအားဖြင့် လျှောက်ထားသူ၏ အကျိုးကိုလိုလားသောပုဂ္ဂိုလ်များဖြစ်ကြောင်း သုံးသပ်ပြီး ယင်းသက်သေများ၏နှုတ်သက်သေခံချက်များကို လစ်လျူရှုကာ လျှောက်ထားသူ၏ အမှုကိုပယ်ခဲ့ခြင်းသည် သက်သေခံ ဥပဒေနှင့် ညီညွတ်ခြင်းမရှိ၍မှားယွင်းကြောင်း၊ လျှောက်ထားသူက လျှောက်ထားခံရသူ ဦးလှမောင်သိန်းနှင့် ၎င်း၏ ရ.တ.ပ ပါတီဝင်များက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိခိုက်ဟောပြောခြင်း၊ အစိုးရကို ထိခိုက်ဟောပြောခြင်း၊ လူမျိုးရေးကိုခွဲခြား ဟောပြောခြင်း၊ ပြိုင်ဘက်ပါတီကို တိုက်ခိုက် မဲဆွယ်ဟောပြောခဲ့ခြင်းနှင့် ပတ်သက်သော ဘာသာပြန်ဆိုချက်နှင့် CD ခွေတို့ကို သက်သေခံအဖြစ် တင်ပြခဲ့သော်လည်း မူလခုံအဖွဲ့က တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၂ အရ ပယ်ခဲ့ခြင်းသည် သက်သေခံဥပဒေနှင့် တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၃၊ နည်း ၁ နှင့် ၂ တို့နှင့် မညီညွတ်၍မှားယွင်းကြောင်း၊ ယင်း CD ခွေနှင့်ဟောပြောချက်ကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၇ အရ သက်သေခံအဖြစ် လက်ခံပေးသင့်ပါကြောင်း၊ လျှောက်ထားသူပြသက်သေအမှတ် (၃) ဒေါ်နီနီဝင်းက လျှောက်ထားခံရသူ ဦးလှမောင်သိန်းသည် ရသေ့တောင်မြို့နယ်၊ အရှေ့တောင် ရပ်ကွက်၊ မဲရုံအမှတ်(၁)တွင် တရားမဲ့ခြိမ်းခြောက်ကြောင်း ထွက်ဆိုထားပြီး လျှောက်ထားသူပြသက်သေအမှတ် (၁) ဦးအဒူစလင်ကလည်း ဦးလှမောင်သိန်းသည် မဲမပေးမီ (၅)ရက်ခန့်က အာကာတောင် ကျေးရွာသို့ရောက်ရှိလာပြီး ၎င်းအားမဲမပေးလျှင် မင်းတို့ရခိုင်ရွာသို့ လာပါက တစ်ခုခုလုပ်မည်ဟု ခြိမ်းခြောက်ကြောင်း ထွက်ဆိုထား၍ လျှောက်ထားခံရသူ ဦးလှမောင်သိန်းသည်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၆ နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(မ)(၄) တို့ကို ချိုးဖောက်ကျူးလွန်ကြောင်း၊ ရခိုင်လူမျိုးကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံအဖွဲ့ဝင်များ၊ ၎င်းတို့အားလိုလားသူတို့က လျှောက်ထားသူ ဦးဦးသိန်းမောင်အား မဲပေးမည်ဟုကတိပြုထားသော မွတ်စလင်ရွာ (၂၃)ရွာမှ မဲဆန္ဒရှင် (၂၀၀၀၀) ကျော်တို့က ဆန္ဒမဲမပေးနိုင်စေရန် ၎င်းမွတ်စလင်တို့၏အမည်များအား မဲစာရင်းတွင်မပါအောင် ပြုလုပ်ခြင်း၊ သက်ကြီးရွယ်အိုများအား ကြိုတင်မဲပေးခွင့်မပြုခြင်း၊

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

စာမတတ်သူများအား စာတတ်သည့်ဆွေမျိုးများဖြင့် အမှန်အမှတ်အသား ခြစ်ခွင့်မပြုခြင်း၊ မဲရုံအတွင်း ရောက်ရှိနေပါလျက် မဲပေးခွင့်မပြုခြင်းစသည့် သက်သေခံချက် အထောက်အထားများ ပေါ်လွင်ထင်ရှားပါလျက် ယင်းကိစ္စများကိုထည့်သွင်းမစဉ်းစားဘဲ ရွေးကောက်ပွဲ မပျက်ပြယ်ဟု ခုံအဖွဲ့ကဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့က မဲစာရင်းများ ပြန်လည်စိစစ် သည့်အခါ ပယ်မဲစုစုပေါင်း (၄၇၃၉) ပျောက်ဆုံးနေကြောင်း ပေါ်ပေါက်ပါလျက် ယင်းအချက်ကိုလုံးဝထည့်သွင်းစဉ်းစားခြင်း မပြုခြင်းမှာ မှားယွင်းကြောင်း ၊ ရွေးကောက်ပွဲဥပဒေအခန်း (၁၅)၊ ပုဒ်မ ၆၈(က) အရ ကန့်ကွက်လွှာ တင်သွင်းရာ၌ ပုဒ်မ ၅၃ အရ ကော်မရှင်ကဆုံးဖြတ်ပြီး သည့်ကိစ္စမှအပ ယင်းရွေးကောက်ပွဲ နှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့် အတိုင်း တင်ပြနိုင်ကြောင်း ပြဋ္ဌာန်းထားသောကြောင့် မူလခုံအဖွဲ့အနေဖြင့် ပုဒ်မ ၆၆ ပါ တရားမဲ့ ပြုကျင့်မှုများကိုသာမက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဖောက်ဖျက်ကျူးလွန်ခြင်းများကိုပါ ထည့်သွင်းစဉ်းစားသင့်ပါလျက် မစဉ်းစားဘဲ ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်းဖြင့် ဖော်ပြလျှောက်ထားသည်။

ပြင်ဆင်မှုကိုကြားနာရာတွင် လျှောက်ထားသူ၏ရှေ့နေက လျှောက်ထားသူ တင်ပြသောသက်သေ (၇) ဦးနှင့်စပ်လျဉ်း၍ သက်သေခံဥပဒေအရ သက်သေခံနိုင်သည့် အရည်အချင်းရှိသူများဖြစ်သော်လည်း မူလခုံအဖွဲ့မှ ထိုသူများသည် ပြည်ခိုင်ဖြိုး ပါတီဝင်များ၊ တစ်နည်းအားဖြင့်လျှောက်ထားသူ၏အကျိုးကို လိုလားသောသူများဖြစ်ကြောင်း၊ အခြားလွတ်လပ်သောသက်သေခံချက်မရှိကြောင်းသုံးသပ်ပြီး ထိုသူများ၏ နှုတ်သက်သေ ခံချက်များကို လစ်လျူရှုခဲ့ခြင်းသည် မှားယွင်းကြောင်း၊ သက်သေတို့သည် တရားလို၏ အကျိုးကိုလိုလားသူများ ဖြစ်လျှင် လွတ်လပ်သော နှောင်ကြိုးမဲ့သက်သေများ၏ ထွက်ဆိုချက်တို့က ထောက်ခံထွက်ဆိုမှသာ လက်ခံသင့်သည်ဆိုသော ဥပဒေသကို ပုံသေကားချပ် ကျင့်သုံးရန်မဟုတ်ကြောင်း၊ စွပ်စွဲသူနှင့်ဆွေမျိုးတော်စပ်သည့် အကြောင်းကြောင့် သက်သေတို့၏ထွက်ချက်ကို လက်မခံရဟုဆိုသော တားမြစ်သည့် ဥပဒေမရှိကြောင်း၊ သက်သေ တစ်ဦးအားယုံကြည်

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

သင့် မသင့်ဆိုသောပြဿနာနှင့်ပတ်သက်၍ ထိုသက်သေသည် အမှု ဖြစ်ပွားပုံကို တွေ့မြင်ရန်အကြောင်းရှိ ၊ မရှိ ၎င်း၏ထွက်ချက်သည် အမှုဖြစ်အကြောင်းအရာနှင့် ဆီလျော်အပ်စပ်ခြင်းရှိ မရှိဆိုသည့် အချက်များ အပေါ်မူတည်၍ဆုံးဖြတ်ရကြောင်း၊ သက်သေခံချက်ကို ချိန်ဆရာ၌ ဆန်မှဆန်ကွဲကို ရွေးချယ်ခွဲခြားသကဲ့သို့ အမှန်ဖြစ်တန် ရာသောစကားနှင့် အမှန်မဖြစ်တန်ရာသော စကားကိုခွဲခြားကာ မမှန်ရာ ကိုပယ်၍ မှန်ရာကိုယူနိုင်သည်။ အားလုံးကိုယူလိုကယူ မယူလိုကအားလုံး ကို ပယ်ရမည်မဟုတ်ဟု စီရင်ထုံးဖွဲ့မှုများရှိပါကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူ၏သက်သေ (၇)ဦးကို ပြည်ခိုင်ဖြိုး ပါတီဝင်များဖြစ်၍ လည်းကောင်း၊ လျှောက်ထားသူအကျိုးကို လိုလားသူများ ဖြစ်သော ကြောင့် လည်းကောင်း အကြောင်းပြချက်ဖြင့် ပယ်ခြင်းသည် မှားယွင်း ကြောင်း၊ ထို့အပြင် လျှောက်ထားသူ၏ သက်သေအမှတ်(၃)ဖြစ်သော ဒေါ်နီနီဝင်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရ. ယ. က စာရေး ဖြစ်ပြီး ရပ်ကွက်ကျေးရွာအုပ်စု၏ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဖြစ်ပါလျက် ပြည်ခိုင်ဖြိုးပါတီဝင် ဖြစ်သည်ဟု သိမ်းကျုံးရောနှော သုံးသပ် ခြင်းသည် မှားယွင်းကြောင်း၊ လျှောက်ထား ခံရသူနှင့်၎င်း၏ပါတီဝင် များက တရားမဲ့ဟောပြောသည့် စီဒီ( CD ) ခွေနှင့် ဘာသာပြန်ဆိုချက် ကို အမှန်တရားပေါ်ပေါက် စေရန်အတွက် အမှုတွင်သက်သေခံအဖြစ် တင်ပြခဲ့သော်လည်း ခုံအဖွဲ့က လက်မခံဘဲ ပယ်ခဲ့ခြင်းသည် မှားယွင်း ကြောင်း၊ **ဦးချစ်ရာနှင့် ဦးစိုးဟန် [၁၉၇၁၊ မတစ၊ တရားရုံးချုပ် (တရားမ)၁၄၂]** အမှုအရ သက်သေခံဥပဒေအခြေခံမူ တစ်ရပ်မှာ အမှုသည်တို့သည် မိမိရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန် လိုသည်ဆိုသောမူဖြစ်ကြောင်း ဆုံးဖြတ်ခဲ့၍ လျှောက်ထားသူ တို့က မိမိ၏သက်သေ ခံချက်ကိုတင်ပြရာ၌ ခုံရုံးကလက်မခံ ငြင်းပယ်ခြင်းသည် မှားယွင်းကြောင်း၊ ယင်းသက်သေခံ ချက်များကို ၂၀-၁-၂၀၁၁ ရက်နေ့ လျှောက်ထားသူ ဦးဦးသိန်းမောင် အား စစ်ဆေးစဉ်က သက်သေခံတင်ပြခဲ့သော်လည်း မူလခုံအဖွဲ့က သက်ဆိုင်သူအား စစ်ဆေးသည့်အခါ တင်ပြရန် ညွှန်ကြားခဲ့သောကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ အရထပ်မံတင်ပြခဲ့ရခြင်း ဖြစ်၍ သက်သေခံ အဖြစ်လက်ခံသင့်ကြောင်း၊ တရားမဲ့ဟောပြောခဲ့ခြင်း နှင့်ပတ်သက်၍ လျှောက်ထားသူ ပြသက်သေ အမှတ် (၃) ဒေါ်နီနီဝင်း၊

သက်သေအမှတ် (၄) ဦးသန်းကျော်၊ သက်သေအမှတ် (၅) ဦးအေးထွန်းလှိုင်၊ သက်သေအမှတ်(၆) ဦးဝေကျော်အောင်နှင့် သက်သေအမှတ် (၇) ဦးသိန်းထွန်းတို့၏ သက်သေခံချက်များရှိ သော်လည်း ယင်းသက်သေ ထွက်ဆိုချက်များကို မသုံးသပ်ခြင်းသည် မှားယွင်းကြောင်း၊ ပယ်မဲများကိုပြန်လည် ရေတွက်ရာ၌ ပယ်မဲစုစုပေါင်း (၄၇၃၉) မဲ ပျောက်ဆုံးနေသော်လည်း ယင်းအချက်ကိုလုံးဝထည့်သွင်း စဉ်းစားခြင်းမရှိခဲ့သဖြင့် မှားယွင်းကြောင်းနှင့် မူလကန့်ကွက်လွှာကို လျှောက်ထားသူက ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈(က) အရ ကန့်ကွက်ခြင်းဖြစ်၍ ယင်းကန့်ကွက်လွှာတွင် ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကန့်ကွက်ထားပါလျက် ရွေးကောက်ပွဲခုံအဖွဲ့က ရွေးကောက်ပွဲဥပဒေ အခန်း(၁၄)၊ တရားမဲ့ပြုကျင့်မှုများ ပါ ပုဒ်မ ၆၆ တစ်ခုတည်းကိုသာ သုံးသပ်ဆုံးဖြတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို လည်းကောင်း ဖောက်ဖျက်ကျူးလွန်ခြင်းရှိ မရှိ မသုံးသပ်ခဲ့ခြင်းသည် မှားယွင်းကြောင်း စသည်ဖြင့်လျှောက်လဲသည်။

လျှောက်ထားခံရသူ၏ရှေ့နေက လျှောက်လဲရာတွင် လျှောက်ထားသူကတရားမဲ့ ပြုကျင့်သည်ဟု စွပ်စွဲသောစာရင်း အမှတ်စဉ် (၁)မှ(၁၅)အထိတွင် လျှောက်ထားခံရသူကဖြစ်စေ၊ လျှောက်ထားခံရသူ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့ တစ်ဦးဦး၏ သဘောတူညီချက်ဖြင့်ဖြစ်စေ ကျူးလွန်သည်ဟု ဖော်ပြစွပ်စွဲထားခြင်း မရှိကြောင်း၊ လျှောက်ထားသူကတင်ပြသော သက်သေများမှာ ပြည်ခိုင်ဖြိုးပါတီဝင်များနှင့် ၎င်း၏ အကျိုးကို လိုလားသူများဖြစ်ပြီး လွတ်လပ်သည့်သက်သေများမဟုတ်၍ မယုံကြည်သင့်ကြောင်း၊ သက်သေခံ စာရွက်စာတမ်းများမှာလည်း နောက်မှအကြံရပြီး လုပ်ကြံဖန်တီး ထားသည့်စာရွက်စာတမ်းများ ဖြစ်ကြောင်း၊ ခိုင်မာသော အထောက်အထားလည်း မရှိကြောင်း၊ ပယ်မဲများ ပြန်လည်ရေတွက်ရာတွင် မဲရုံ (၃) ရုံမှ ပယ်မဲ (၁၂၂) မဲကိုသာ မတွေ့ခြင်းဖြစ်ကြောင်း၊ ပယ်မဲ (၄၇၃၉) မဲ ပျောက်ဆုံးနေသည်ဟု ဆိုခြင်းမှာ မမှန်ကန်ကြောင်း၊ မတွေ့ရှိသည့်ပယ်မဲ (၁၂၂) မဲကို လျှောက်ထားသူရရှိသည့် ခိုင်လုံဆန္ဒမဲတွင် ထည့်သွင်းရေတွက်လျှင်ပင် လျှောက်ထားခံရသူအား

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

အနိုင်မရရှိကြောင်း၊ သက်သေခံတင်သွင်းသည့် စီဒီ (CD) ခွေနှင့် ဘာသာပြန်ဆိုချက်တို့မှာ အမှုပထမ ကြားနာစဉ်က တင်ပြထားသည့် စာမှတ်စာတမ်းမဟုတ်ကြောင်း၊ ထိုစာမှတ်စာတမ်းများကို ခုံရုံးတော်က သက်သေခံအဖြစ်လက်မခံဘဲ ပယ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ပယ်ခဲ့ပြီး ဖြစ်သော သက်သေခံစာမှတ် စာတမ်းကိုပင် သက်သေခံအဖြစ်ထပ်မံ တင်သွင်းခြင်းဖြစ်ကြောင်း၊ လုံလောက်သောအကြောင်းမပြနိုင်၍ တရားမ ကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၂ အရ ခုံအဖွဲ့က သက်သေခံ အဖြစ်လက်မခံဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းခြင်း မရှိကြောင်း တင်ပြသည်။

ရုံးတော်သဟာယဖြစ်သော ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က လျှောက်ထားသူ၏ သက်သေ (၇) ဦးသည် လျှောက်ထားသူ၏ပြည်ခိုင်ဖြိုးပါတီဝင်များ တစ်နည်းအားဖြင့် လျှောက်ထားသူ၏အကျိုးကို လိုလားသောသူများဖြစ်သည်ဟု ရွေးကောက်ပွဲခုံအဖွဲ့ကသုံးသပ်ခြင်းသည် သက်သေများကို ကောင်းစွာ စစ်ဆေး၍ ယုံကြည်ထိုက် မယုံကြည်ထိုက် ချိန်ဆသုံးသပ်ရသည့် ခုံအဖွဲ့၏တာဝန်ဖြစ်၍ မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း၊ လျှောက်ထား သူက တင်ပြလိုသော စီဒီ (CD) ခွေမှာ စစ်မှန် မှန်ကန်သည်ဟု ဥပဒေအရမှတ်ယူရသော စာမှတ် စာတမ်း မဟုတ်ကြောင်း၊ ယင်း စီဒီ (CD) ခွေကို အမှုပထမကြားနာစဉ်က တင်ပြခဲ့ခြင်းမရှိကြောင်းမှာ ပေါ်ပေါက်ကြောင်း၊ အမှု၏နောက်ပိုင်းတွင် တင်ပြခြင်းသည် အခွင့် အရေးတစ်ရပ်အနေဖြင့် တောင်းဆိုခွင့်မရှိ၍ ခုံရုံးက ဆင်ခြင်တုံတရား ဖြင့်သုံးသပ်ပြီး လက်မခံငြင်းပယ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင် ကြောင်း၊ မဲဆွယ်သည့်ကာလ အတွင်း စည်းရုံးဟောပြောရာ၌ အစိုးရကို ပုတ်ခတ် ပြောဆိုခြင်း၊ ဘာသာရေးနှင့် လူမျိုးရေးကိုခုတုံးလုပ်၍စည်းရုံး ဟောပြောခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ဟော ပြောခြင်း တို့နှင့်ပတ်သက်၍ လျှောက်ထားသူ၏ ပြည်ခိုင်ဖြိုးပါတီဝင်များ ကသာ ထွက်ဆိုထားကြကြောင်း၊ ခိုင်မာသောသက်သေခံချက်များ မတွေ့ရှိကြောင်း၊ ထိုအချိန်ကသက်ဆိုင်ရာသို့တိုင်ကြားခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲ ပြီးစီးသည့် အချိန်မှစွပ်စွဲတင်ပြလာခြင်းသည် ခိုင်မာမှုမရှိဟု သုံးသပ်ပါကြောင်း၊ မူလရွေးကောက်ပွဲခုံအဖွဲ့သည် အမှုကို မျှတစွာဆုံးဖြတ်ထားသည်ကိုလည်း မြင်သာပါကြောင်းဖြင့် တင်ပြသည်။

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က)တွင် ရွေးကောက်တင်မြှောက် ခံရခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးရာ၌ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် ဥပဒေကြောင်းအရ မှားယွင်း ကြောင်း ပေါ်ပေါက်မှသာ ပြင်ဆင်မှုဝင်နိုင်ကြောင်းကို ပြဋ္ဌာန်းထား သဖြင့် ဤပြင်ဆင်မှုတွင် ဥပဒေရေးရာပြဿနာကိုသာ တင်ပြနိုင်မည် ဖြစ်သည်။ အကြောင်းခြင်းရာ ပြဿနာကို တင်ပြခွင့်မရှိပေ။

ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ လျှောက်ထားသူက ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ (က) အရ လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာ ၌ ပုဒ်မ ၅၃ အရ ကော်မရှင်ကဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြကန့်ကွက်နိုင်သည်ဟု ပြဋ္ဌာန်းထားသောကြောင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ ပါ တရားမဲ့ပြုကျင့်မှုများ သာမက အခြားဥပဒေ ချိုးဖောက်မှုများ ကိုပါ တင်ပြကန့်ကွက်နိုင်သဖြင့် ယင်းအချက်ကို မစဉ်းစားခြင်းမှာ ဥပဒေအရမှားယွင်းကြောင်းဖြင့် တင်ပြခဲ့သည်။

လျှောက်ထားသူက လျှောက်ထားခံရသူအား လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ် သည်ဟု ကန့်ကွက်ရာ၌ မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင် မြှောက်ခံရသူ ဖြစ်သည်ဟု ကြေညာစေရန် သက်သာခွင့်ကိုတောင်းဆို ခြင်း မရှိလျှင် အထက်ပါတင်ပြချက်သည် မှန်ကန်သည်ဟု ဆိုနိုင် မည်ဖြစ်သော်လည်း ဤအမှုတွင် လျှောက်ထားသူက လျှောက်ထားခံရသူ အား ကန့်ကွက်ရာ၌ မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင် မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် သက်သာခွင့်ကို တောင်းဆို ထားသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈(ခ) တွင် အောက်ပါအတိုင်းပြဋ္ဌာန်း ထားသည် -

၆၈။(က) ×××××××××××××

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည်

မိမိ၏ ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက် တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါ အကြောင်းပြချက် တစ်ရပ်ရပ်ကို အခြေခံရမည် -

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသောမဲအများဆုံး ရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊
(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရသူရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများ မပါရှိခဲ့သော် လျှောက်ထားသူ သည်သာ ခိုင်လုံသော မဲအများဆုံး ရရှိနိုင်သည်ဟူသော အကြောင်းပြချက်။

သို့ဖြစ်၍ လျှောက်ထားသူက မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက် တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာစေရန်တောင်းဆိုထားသည့် မူလကန့်ကွက်မှု၌ အထက်ပါအချက် (၂)ရပ်ကို ရွေးကောက်ပွဲခုံအဖွဲ့က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် လျှောက်ထားသူ၏ တောင်းဆိုသည့်အတိုင်း သုံးသပ်ဆုံးဖြတ်ခြင်း ဖြစ်၍ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

တဖန် လျှောက်ထားခံရသူက ဟောပြောသည့် စီဒီ (CD) ခွေနှင့် ဘာသာပြန်ဆိုချက်ကို သက်သေခံတင်ပြရာ၌ ရွေးကောက်ပွဲခုံအဖွဲ့က တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်း ၂ အရ ပယ်လိုက်ခြင်းသည် မှားယွင်းကြောင်းနှင့် အမှန်တရား ပေါ်ပေါက်ရန်အတွက် ယင်း စီဒီ (CD) ခွေနှင့် ဘာသာပြန်ဆိုချက်ကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၇ အရ ဤပြင်ဆင်မှုရုံးက သက်သေခံအဖြစ်လက်ခံ ပေးသင့်ကြောင်းဖြင့် တင်ပြသည်။

တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၇ မှာ

အယူခံမှုတွင် အယူခံတရားရုံးသည် နောက်ထပ် သက်သေခံချက်ရယူနိုင်ကြောင်းပြဋ္ဌာန်းချက်ဖြစ်ရာ ဤပြင်ဆင်မှုနှင့်သက်ဆိုင်ခြင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ တွင် အမှုပထမကြားနာသည့် နေ့ရက်၌ အမှုသည်များ သို့မဟုတ် ၎င်းတို့၏ရှေ့နေများသည် အမှုတွင် အားကိုးအားထားပြုပြီး သက်သေခံ အဖြစ်တင်သွင်းလိုသော မိမိတို့လက်ဝယ်ရှိ သို့မဟုတ် မိမိတို့၏စီမံခန့်ခွဲမှုအတွင်းရှိ စာမှတ်စာတမ်းအားလုံးကို တရားရုံးသို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့တင်ပြခဲ့ခြင်းမရှိဘဲ နောက်ပိုင်းတွင် တင်ပြလာလျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၂ အရ တရားရုံးအားကျေနပ်လောက်အောင် ခိုင်လုံသောအကြောင်း မပြနိုင်က အမှု၏နောက်ပိုင်းတွင် တင်ပြလာခြင်းကို တရားရုံးက လက်ခံခြင်းမပြုရဟု တားမြစ်ထားသည်။ အကြောင်းမှာ အမှု၏ နောက်ပိုင်းတွင် လိမ်လည်အတုပြုလုပ်ပြီး တင်ပြလာမည်ကို ကာကွယ်လို၍ဖြစ်သည်။

တရားရုံးအားကျေနပ်လောက်အောင် ခိုင်လုံသောအကြောင်းမပြနိုင်လျှင် တရားရုံးကလက်ခံခြင်းမပြုရဟု ဥပဒေက တားမြစ်ထားသည်ဖြစ်သောကြောင့် ခိုင်လုံသော အကြောင်းရှိကြောင်း တင်ပြရန် တာဝန်သည် လျှောက်ထားသူ၏ တာဝန်သာဖြစ်သည်။

ခိုင်လုံသောအကြောင်းမပြနိုင်လျှင် တရားရုံးက လက်ခံခြင်းမပြုရဟု ဥပဒေတွင် အတိအလင်း တားမြစ်ပိတ်ပင်ထားသည် ဖြစ်သောကြောင့် တရားရုံးက ခိုင်လုံသော အကြောင်းမရှိဘဲ မိမိ၏သဘောအလျောက် လက်ခံခြင်းမပြုနိုင်ကြောင်းမှာလည်း ထင်ရှားသည်။

ထို့အပြင် လျှောက်ထားသူက ခုံရုံးတော်မှသက်ဆိုင်သူအားစစ်ဆေးသည့်အခါ တင်ပြရန် ညွှန်ကြားခဲ့ကြောင်း အကြောင်းပြသော်လည်း မူလခုံအဖွဲ့က ထိုကဲ့သို့ ညွှန်ကြားထားခြင်းမရှိဟု သုံးသပ်ထားသည်။

အမှုသည်များကမိမိရရှိနိုင်စွမ်းရှိသော အကောင်းဆုံးသော သက်သေခံချက်များကို တင်ပြရန်လိုသည်ဆိုသော ဥပဒေသကို အငြင်းပွားရန်မရှိသော်လည်း ယခုအမှုတွင်လျှောက်ထားသူသည် ငြင်းချက်များမထုတ်မီ တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊နည်း ၁ အရ မိမိတို့တင်ပြလိုသော စာမှတ်စာတမ်းများကို တင်ပြရန်အခွင့်အရေး

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

ရရှိခဲ့သည်။ ထိုသို့တင်ပြလိုသောစာမှတ်စာတမ်းများရှိက တင်ပြရန် လည်းခုံရုံးတော်က ၁၇-၁-၂၀၁၁ ရက်နေ့တွင် သတိပေးခဲ့သည်။ သို့ရာတွင် လျှောက်ထားသူက တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၁ အရ တင်ပြလိုသောစာမှတ်စာတမ်းများ တင်ပြသည့်အခါတွင် အငြင်းပွားသည့် စီဒီ (CD ) ခွေကို တင်ပြခဲ့ခြင်း မရှိပေ။ ထို့နောက် တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၂ အရ တင်ပြလာခြင်းဖြစ် သောကြောင့် ယင်းနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်းခိုင်လုံ သောအကြောင်းမပြနိုင်၍ ခုံရုံးတော်က လက်မခံခြင်းသည် ခုံရုံး၏ မှားယွင်းချက်မဟုတ်ပေ။ လျှောက်ထားသူ၏ ပေါ့လျော့မှုသာဖြစ်သည်။

သို့ဖြစ်၍ လျှောက်ထားသူက ရုံးတော်မှသက်ဆိုင်သူအား စစ်ဆေးသည့်အခါ တင်ပြပါဟု ညွှန်ကြားခဲ့သောကြောင့် နောက်ကျ၍ တင်ပြရခြင်းဖြစ်ကြောင်း အကြောင်းပြချက်ကိုမူလခုံရုံးက ထိုကဲ့သို့ ညွှန်ကြားထားခြင်းရှိသည်ကိုမတွေ့ရှိရဟု သုံးသပ်ပြီး လျှောက်ထား ချက်ကို တရားမကျင့်ထုံးဥပဒေ အမိန့် ၁၃၊ နည်း ၂ အရ ပယ်ရန် ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်အညီဆောင်ရွက်ကြောင်းတွေ့ရသည်။

လျှောက်ထားသူကတင်ပြသော သက်သေ (၇) ဦးနှင့် စပ်လျဉ်း၍ စိစစ်ရာတွင် လျှောက်ထားသူ၏ သက်သေအမှတ် (၁) အဒူစလင် သည် ရွေးကောက်ပွဲ၌ ပြည်ခိုင်ဖြိုး ပါတီ၏ စည်းရုံး ရေးမှူးဖြစ်ပြီး အာကာတောင် ကျေးရွာမဲရုံအမှတ် (၂) ပြည်ခိုင်ဖြိုး ပါတီမှကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ်လည်းဖြစ်သည်။ လျှောက်ထားသူပြ သက်သေအမှတ် (၂) ဦးမာမောက်နူရ်သည် ပြည်ခိုင်ဖြိုးပါတီ၏ စည်းရုံးရေးမှူးဖြစ်၍ လျှောက်ထားသူပြသက်သေ အမှတ် (၄) ဦးသဉ်ကျော်နှင့် လျှောက်ထားသူပြသက်သေ အမှတ် (၅) ဦးအေးထွန်းလှိုင်တို့မှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ၏ မြို့နယ်အလုပ်အမှုဆောင်များဖြစ်ကြသည်။ လျှောက်ထားသူပြသက်သေ အမှတ် (၆) ဦးဝေကျော်အောင်မှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူးဖြစ်ပြီး လျှောက်ထားသူပြသက်သေအမှတ် (၇) ဦးသိန်းထွန်းမှာ ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီမြို့နယ် အတွင်းရေးမှူးဖြစ်သည်။

သက်သေ ( ၇ ) ဦးအနက် ပြည်ခိုင်ဖြိုးပါတီဝင်မဟုတ်သူ သက်သေမှာ လျှောက်ထားသူပြသက်သေအမှတ် (၃) ဒေါ်နီနီဝင်း

အရှေ့တောင်ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးတစ်ဦး သာလျှင် ကျန်ရှိသည်။ သို့ရာတွင် ၎င်းဒေါ်နီနီဝင်းသည်လည်း လျှောက်ထားသူပြ သက်သေအမှတ် (၄) ဦးသန်းကျော် (ရသေ့တောင်မြို့နယ် ပြည်ခိုင်ဖြိုး ပါတီ၏မြို့နယ် အလုပ်အမှုဆောင်) ၏ဇနီးဖြစ်သည်။

သို့ဖြစ်၍ မူလခုံရုံးကလျှောက်ထားသူ၏ သက်သေများ သည် ပြည်ခိုင်ဖြိုးပါတီဝင်များ၊ တစ်နည်းအားဖြင့် လျှောက်ထားသူ၏ အကျိုးကို လိုလားသူများဖြစ်ကြောင်း သုံးသပ်ခြင်းသည်မှားယွင်းခြင်း မရှိကြောင်း တွေ့ရှိရသည်။

သက်သေတစ်ဦးတစ်ယောက်သည် ဆွေမျိုးတော်သော အကြောင်းကြောင့် မယုံကြည်ထိုက်ဟု သုံးသပ်နိုင်ခြင်းမရှိသည်မှာ မှန်သော်လည်း ထိုကဲ့သို့သော သက်သေများကို သတိထားပြီး ချင့်ချိန်ရမည်သာ ဖြစ်ပေသည်။ အကြောင်းမှာ ဆွေမျိုးတော်စပ်သော အကြောင်းသည် သက်သေတစ်ဦးတစ်ယောက်အား ဘက်လိုက်ထွက်ဆို နိုင်စေသည့် အကြောင်းဖြစ်ပေသည်။

လျှောက်ထားသူ၏သက်သေအမှတ် (၁) ဦးအဒူစလင်၏ ထွက်ချက်ကို စိစစ်လျှင် ၎င်းသည်အာကာတောင် ကျေးရွာအမှတ် (၂) ပြည်ခိုင်ဖြိုးပါတီ၏မဲရုံကိုယ်စားလှယ် ဖြစ်ကြောင်း၊ မဲမပေးမီ (၁၅) ရက်ခန့်က ၎င်းတို့၏ရွာသို့ ဦးလှမောင်သိန်း (လျှောက်ထားခံရသူ) လာရောက်ကြောင်း၊ ဦးလှမောင်သိန်းက မင်းတို့က ငါတို့ဆီမှာနေတာ ငါတို့ဆီက အစားအစာ စားသည့်အတွက် ငါတို့ကိုမဲပေးရမည်ဟု ပြောကြောင်း၊ ရွာသားများက ပြည်ခိုင်ဖြိုးပါတီကို မဲပေးရန် စည်းရုံး ထားပြီး ဖြစ်ကြောင်း ပြောသည့်အခါ ဦးလှမောင်သိန်းက ငါတို့ကိုမဲ မပေးလျှင် မင်းတို့ရခိုင်ရွာတွေကို လာပါက တစ်ခုခုလုပ်မည်ဟု ခြိမ်းခြောက်ပြောဆိုကြောင်းနှင့် ၎င်းတို့ရွာတွင်မဲပေးခွင့်ရှိသူ (၉၆၄) ဦးရှိကြောင်း၊ မဲပေးသည့်နေ့က မွတ်စလင်လူမျိုးများသည် မဲပေးရန် အတွက် ညနေ (၃ း ၃၀) နာရီ အချိန်ကတည်းက မဲရုံသို့ ရောက်ရှိနေ ကြောင်း၊ မဲရုံပိတ်သည့်အချိန်၌ မဲရုံတွင်မဲပေးမည့်သူ (၄၀၀)ကျော်ခန့်ရှိ နေကြောင်း၊ ထိုသူများမှာ ပြည်ခိုင်ဖြိုးပါတီကို မဲပေးမည့် မွတ်စလင်များ ဖြစ်ကြောင်း၊ အဆိုပါလူများက မဲရုံမှူး ဦးနိုင်နိုင်ဝင်းကို မဲပေးလိုကြောင်း အကြိမ်ကြိမ်ပြောသော်လည်း မဲရုံမှူးက မဲရုံပိတ်ရမည့်တာဝန်မှာ ၎င်း၏ တာဝန်ဖြစ်ကြောင်း ပြောပြီး ပြန်လွှတ်ကြောင်း၊ မွတ်စလင်မော်လဝီ

ဆရာနှစ်ဦးက မဲပေးခွင့်ပြုရန် ဦးနိုင်နိုင်ဝင်းအား ပြောဆိုရာ ဦးနိုင်နိုင်ဝင်းက ဝါးလုံးတစ်လုံးဖြင့် ထိုသို့လာပြောသူ မော်လဝီဆရာနှစ်ဦးနှင့်လူရှစ်ဦးကို ရိုက်ထုတ်ကြောင်းဖြင့် ထွက်ဆိုခဲ့သည်။

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

ဦးလှမောင်သိန်းက ခြိမ်းခြောက်သည်ဆိုခြင်းနှင့် ပတ်သက်၍ ၎င်းအား မဲမပေးဟု ရွာသားများက ပြောဆိုရုံဖြင့် ခြိမ်းခြောက်ရန်အကြောင်းမရှိဟု ယူဆရန်ရှိသကဲ့သို့ ရခိုင်ရွာတွေကို လာပါက တစ်ခုခုလုပ်မည်ဟု ဆိုခြင်းမှာလည်း မည်သို့သောတစ်ခုခု လုပ်မည်ဟု ဆိုသည့်အကြောင်းကို ထွက်ဆိုနိုင်ခြင်းမရှိ၍ လက်ခံရန်ခဲယဉ်းသည်။

ထို့အတူ မဲဆန္ဒရှင် (၉၆၇) ဦးရှိသည့်မဲရုံတွင် နံနက် (၆) နာရီမှ ညနေ (၄) နာရီအထိ မဲပေးရန်မဲရုံကိုဖွင့်လှစ် ထားသောကြောင့် ထိုမျှသောမဲဆန္ဒရှင်များသည် ထိုအချိန်ကာလအတွင်း အချိန်မီ မဲပေးနိုင်ကြမည်သာဖြစ်သည်။ မည်သည့်အတွက်ကြောင့် အချိန်မီမဲမပေးနိုင်ကြောင်းမှာလည်း လုံလောက်သည့် အကြောင်းမတွေ့ရှိရပေ။ ညနေ (၄)နာရီ မဲရုံပိတ်သည့်အချိန်၌ မဲရုံတွင်မဲပေးမည့်သူ (၄၀၀)ကျော်ခန့်ကျန်ရှိနေကြောင်း ဆိုသည်မှာလည်း ၎င်းတို့သည် မဲစာရင်းတွင်အမည်ပါဝင်သူများ ဟုတ် မဟုတ်၊ မဲစာရင်းတွင်အမည်မပါဝင်ဘဲ ထိုမဲပေးသည့်နေ့တွင်မှ မဲပေးခွင့်ပြုရန် လာရောက် တောင်းဆိုသဖြင့် မဲရုံမှူးက မဲပေးခွင့်မပြုသည့်သူများ ဟုတ် မဟုတ်မှာလည်း သက်သေခံတစ်စုံတစ်ရာမရှိပေ။

ထိုနေ့ကမဲရုံတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသာမက ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ ကျေးရွာ ရ. ယ. က လူကြီးများ၊ လုံခြုံရေးအဖွဲ့ဝင်များ ရှိကြပါလျက် ထိုသူများကိုတစ်စုံတစ်ရာ တိုင်ကြားကြောင်း၊ ထိုနေ့က လူ (၄၀၀)ခန့် မဲမပေးရကြောင်း၊ ပြဿနာဖြစ်ခဲ့ကြောင်း မည်သည့်သက်သေမှမရှိဘဲ အဒူစလင် တစ်ဦးတည်းကသာ ထွက်ဆိုခြင်းသည် မှန်ကန်သည်ဟု ယူဆရန်ခဲယဉ်းသည်။

အလားတူ လျှောက်ထားသူ၏သက်သေ ဦးမာမက်နူရ်ကလည်း မဲပေးသည့် နေ့က မဲရုံဧရိယာအတွင်း၌ လူ (၁၃၀)ခန့် မဲပေးရန်ကျန်နေကြောင်း၊ ထိုသူတို့က မဲပေးခွင့် ပြုရန်တောင်းကြောင်း၊ ၎င်းတို့အားမောင်းထုတ်လိုက်သဖြင့် မဲပေးခွင့်မရကြကြောင်း ထွက်ဆိုထားသည်။

သာမန်အားဖြင့် မဲလာပေးသည့် မဲဆန္ဒရှင်များကို

မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များက မဲပေးခွင့်မပြုဘဲ မောင်းထုတ်သည်ဟု ဆိုခြင်းမှာ လက်ခံနိုင်ဖွယ်ရာမရှိပေ။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးဦးအား ဆန္ဒမဲပေးခြင်းမပြုနိုင်စေရန် နှောင့်ယှက်ခြင်း သို့မဟုတ် နှောင့်ယှက်ရန်အားပေး ကူညီခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုဖြစ်သည်။

မဲရုံမှူးသည် မဲရုံကိုညနေ လေးနာရီတွင် ပိတ်ရမည်ဖြစ်သော်လည်း ထိုသို့မဲရုံပိတ်ရာတွင် မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲပေးရန် ရောက်ရှိနေသော ဆန္ဒမဲမပေးရသည့်သူများ ကျန်ရှိနေသေးလျှင် ၎င်းတို့၏စာရင်းကို ကောက်ယူပြီး ထိုသူများအား ဆန္ဒမဲပေးချိန် ကျော်လွန်ပြီးစေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်ဟု တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၃၉(စ) တွင် ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်ကို မသိရှိသော မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ မရှိဟုယူဆသည်။

သို့ဖြစ်၍ မဲရုံမှူးက မဲရုံပိတ်၍ဆန္ဒမဲပေးခွင့်မပြုဘဲ ပြန်သွားရခြင်းမှာ ယုတ္တိမတန်ပေ။

အမှုတွင် လျှောက်ထားသူ၏ သက်သေများသည် လျှောက်ထားသူ၏ အကျိုးကို လိုလားစွာထွက်ဆိုကြကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူ၏သက်သေ ဒေါ်နီနီဝင်း၊ ဦးသန်းကျော်၊ ဦးအေးထွန်းလှိုင်၊ ဦးဝေကျော်အောင်နှင့် ဦးသိန်းထွန်းတို့က လျှောက်ထားခံရသူနှင့်၎င်း၏ပါတီဝင်များသည် နိုင်ငံတော်နှင့် ပြည်ခိုင်ဖြိုးပါတီကို ထိခိုက်ဟောပြောခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေများကို ချိုးဖောက်ပြီး ဟောပြောခြင်း၊ လူမျိုးရေးအကြောင်းပြုပြီး ဟောပြောခြင်း ပြုလုပ်ခဲ့သည်ဟု ထွက်ဆိုသော်လည်း အထက်တွင်ဖော်ပြသကဲ့သို့ ၎င်းတို့သည် ပြည်ခိုင်ဖြိုးပါတီဝင်များဖြစ်ကြပြီး လျှောက်ထားသူ၏ အကျိုးကို လိုလားသူများဖြစ်ကြသည်။

ဆိတ်ကွယ်ရာတွင်ကျူးလွန်သော ပြစ်မှုများတွင်မျက်မြင်သက်သေ အများရှိရန် ခဲယဉ်းသော်လည်း ယခုရွေးကောက်ပွဲဆိုင်ရာ

၂၀၁၁ ခုနှစ်
ဦးဦးသိန်းမောင်
နှင့်
ဦးလှမောင်သိန်း

ကန့်ကွက်မှုများသည် အများပြည်သူ၏ ရှေ့မှောက်၌ ကျူးလွန်ကြခြင်းဖြစ်သည်။

သို့ဖြစ်၍ ထိုသို့မြင်တွေ့ကြားသိသူအများရှိနိုင်ပါလျက် ထိုသက်သေတစ်ဦး တစ်ယောက်မျှမပါဘဲ လျှောက်ထားသူနှင့် ၎င်း၏ အကျိုးကိုလိုလားသူများက စွပ်စွဲထွက်ဆိုခြင်းတွင် ခိုင်မာသော သက်သေခံချက်မရှိဟု မူလခုံအဖွဲ့က ဆုံးဖြတ်ခြင်းသည်လည်း မှားယွင်းသည်ဟု ဆိုရန်အကြောင်းမရှိချေ။

ပယ်မဲများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် နှစ်ဖက်အမှုသည်များ၊ ရှေ့နေများနှင့် ရသေ့တောင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးထွန်းသာလှတို့ရှေ့မှောက်တွင် ပြန်လည် ရေတွက်ရာ၌ ပုံစံ (၁၆) မဲစာရင်းအရ ရှာဖွေမတွေ့ရှိသည့် ပယ်မဲမှာ (၁၂၂) မဲသာဖြစ်သည်။ လျှောက်ထားသူ တင်ပြသကဲ့သို့ ရှာဖွေမတွေ့ရှိ၍ ပျောက်ဆုံးသောမဲ (၄၇၃၉) မဲ ဖြစ်သည်ဟုဆိုခြင်းမှာ မှန်ကန်ခြင်းမရှိပေ။

သို့ဖြစ်၍ လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့၏ ကွာခြားသောမဲသည် (၂၀၅၈) မဲ ဖြစ်၍ ရှာဖွေ မတွေ့ရှိသည့် ပယ်မဲ (၁၂၂) မဲကို လျှောက်ထားသူရရှိသည့် မဲဖြစ်သည့်တိုင် လျှောက်ထားသူသည် ခိုင်လုံသည့် ဆန္ဒမဲအများဆုံးရနိုင်မည်မဟုတ်၍ လျှောက်ထားခံရသူသည်သာ ခိုင်လုံသည့်ဆန္ဒမဲအများဆုံး ရရှိမည် ဖြစ်ကြောင်း ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် အထက်ပါအခြေအနေတွင် ဦးလှမောင်သိန်းအား ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)၌ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခဲ့ခြင်းသည် မပျက်ပြယ်ဟု ဆုံးဖြတ်ပြီး မူလရွေးကောက်ပွဲခုံအဖွဲ့ (၆)၏ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

လျှောက်ထားသူ၏ပြင်ဆင်မှုကို စရိတ်နှင့်တကွပယ်ကြောင်း အမိန့်ချမှတ်သည်။

အမှုစရိတ်ငွေကျပ် **တစ်သိန်း**ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေ။

+၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၈ ရက်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်**

**ဦးနီကုန်း လျှောက်ထားသူ**

**နှင့်**

**ဦးရှိန်ကျော်ဝင်း လျှောက်ထားခံရသူ***

**ပြန်လှန်မေးခွန်းဖော်ထုတ်ခွင့်ရှိပါလျက် ပြန်လှန်မေးမြန်းခြင်း မရှိခဲ့ခြင်းမှာ လျှောက်ထားသူ၏ ပျက်ကွက်မှု သက်သက်သာဖြစ်ခြင်း။**

**ကန့်ကွက်လွှာတွင်မပါရှိသောကိစ္စကို တင်ပြလိုလျှင် မူလကန့်ကွက်လွှာကို ပြင်ဆင်ခွင့်ဖြင့် ပြင်ဆင်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** လျှောက်ထားခံရသူပြသက်သေများဖြစ်သော ဦးသန်းမြင့်၊ ဦးစောမြင့်တို့က ဦးရှိန်ကျော်ဝင်းသည် လူမျိုး၊ ဘာသာ၊ ဒေသတို့ အကြောင်းပြု၍ စည်းရုံးလှုံ့ဆော်မှု မပြုကြောင်း တစ်လုံးတစ်ပါဒမျှ ထွက်ဆိုခဲ့ခြင်း မရှိသည်ကို တွေ့ရှိရသည်။ ဤသို့မထွက်ဆိုရုံမျှဖြင့် ဦးရှိန်ကျော်ဝင်းက လူမျိုး၊ ဘာသာ၊ ဒေသကို အကြောင်းပြု၍ မဲဆွယ်စည်းရုံးခဲ့သည်ဟု ကောက်ချက်ချ သုံးသပ်ရန်အကြောင်းမရှိချေ။ လျှောက်ထားသူ ဦးနီကုန်းအနေဖြင့် ဦးရှိန်ကျော်ဝင်း သည် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ မဲဆွယ်စည်းရုံးကြောင်းကို ပြန်လှန်မေးခွန်း

---

*** ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် - ၆**

**+ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၁၂) တွင် ချမှတ်သော ၂၈. ၆. ၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့(၅)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု**

ဖော်ထုတ်ခွင့်ရှိပါလျက် ပြန်လှန် မေးမြန်းခြင်းမရှိခဲ့ခြင်းမှာ လျှောက်ထားသူ၏ ပျက်ကွက်မှု သက်သက်သာ ဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

**ထပ်မံဆုံးဖြတ်ချက်။** ထို့အပြင် လျှောက်ထားသူပြ သက်သေ ဒေါ်မာမာခိုင်နှင့် ဦးရဲသူရတို့ထွက်ဆိုချက်တွင် ဦးရှိန်ကျော်ဝင်း က "ရယက ဥက္ကဋ္ဌပါသလား၊ တို့တစည ပါတီအနိုင်ရခဲ့လျှင် မင်းတို့ ဆက်ပြီးလုပ်ရမည်"ဟုပြောဆိုမှုသည် ရာထူးလာဘ်လာဘကို မက်လုံးပေး၍ စည်းရုံးပြောဆိုကြောင်း၊ ယင်းအချက်သည် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၆ (က) (၁) နှင့် ငြိစွန်းနေပါကြောင်း၊ သက်သေ ဦးခင်မောင်ဌေးက "ပခုက္ကူနှင့် ဆိပ်ဖြူကူးတဲ့တံတားကို ကျွန်တော် ကိုယ်တိုင်လုပ်လို့အောင်မြင်ခဲ့တာ၊ အစိုးရလုပ်လို့ မဟုတ်ဘူး" ဟု ဦးရှိန်ကျော်ဝင်းက စည်းရုံးပြောဆိုခဲ့ကြောင်း ထွက်ဆိုထားရာ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆ (က) (၄) နှင့် ငြိစွန်းကြောင်း - လျှောက်ထားသူ၏ရှေ့နေက လျှောက်လဲ ခဲ့သည်။ ရာထူး လာဘ်လာဘကို မက်လုံးပေး၍စည်းရုံးကြောင်း၊ မဟုတ်မမှန်ပြောဆိုစည်းရုံး ကြောင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာတွင်သော်လည်းကောင်း၊ ကန့်ကွက်လွှာနှင့် ပူးတွဲပါ တရားမဲ့ပြုကျင့်သည့် စာရင်းတွင်လည်းကောင်း လျှောက်ထားသူ က ဖော်ပြကန့်ကွက်ခြင်း မရှိပေ။ ကန့်ကွက်လွှာတွင် မပါရှိသော ကိစ္စကို တင်ပြလိုလျှင် မူလကန့်ကွက်လွှာကို ပြင်ဆင်ခွင့်ဖြင့် ပြင်ဆင်ရမည် ဖြစ်သော်လည်း ယင်းသို့ ပြင်ဆင်ဖော်ပြခဲ့ခြင်းလည်း မရှိချေ။ သို့ဖြစ်၍ မူလခုံအဖွဲ့က ဦးဂဖူးနှင့် ဦးစိန်မောင်ပါ (၂) အမှုစီရင်ထုံးကို လိုက်နာပြီး အဆိုအချေတွင် မပါသောအချက်ကို အမှုတွင် ထည့်သွင်းသုံးသပ်မှု မပြုခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်ကြောင်း တွေ့ရသည်။

လျှောက်ထားသူအတွက် - ဦးပြုံးချို၊
(တရားလွှတ်တော်ရှေ့နေ)
လျှောက်ထားခံရသူအတွက်- ဦးသောင်းစံ၊
( တရားလွှတ်တော်ရှေ့နေ)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေး

<u>၂၀၁၁ခုနှစ်</u>
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

နှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးနီကုန်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးရှိန်ကျော်ဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြရာ ဦးနီကုန်းက ခိုင်လုံမဲ (၂၄၅၃၄) မဲနှင့် ဦးရှိန်ကျော်ဝင်းက ခိုင်လုံမဲ (၂၉၇၇၇)မဲ ရရှိသဖြင့် ဦးရှိန်ကျော်ဝင်းက ခိုင်လုံဆန္ဒမဲအများဆုံးဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ယင်းသို့ရွေးကောက်တင်မြှောက်ခံရခြင်းကို လျှောက်ထားသူ ဦးနီကုန်းက ကျေနပ်ခြင်းမရှိ၍ လျှောက်ထားခံရသူ ဦးရှိန်ကျော်ဝင်းအပေါ် လျှောက်ထားခံရသူသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုပေါင်းများစွာကို ကျူးလွန်ပြီးမှ မသမာသောမဲများဖြင့် အသာရရှိ ခြင်းသာဖြစ်ပြီး မိမိသာလျှင် ခိုင်လုံမဲအများဆုံးရရှိ၍ ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးရန် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် ၁၂/၂၀၁၀ ကိုတင်သွင်းခဲ့သည်။

ယင်းရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၅)က စစ်ဆေးကြားနာပြီးနောက် ၂၈-၆-၂၀၁၁ရက်နေ့တွင် လျှောက်ထားသူ ဦးနီကုန်း၏ ကန့်ကွက်လွှာကိုပယ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

သို့ဖြစ်၍ လျှောက်ထားသူ ဦးနီကုန်းက ရွေးကောက်ပွဲခုံအဖွဲ့ (၅)၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ဤပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

ဤပြင်ဆင်မှုတွင် လျှောက်ထားသူ ဦးနီကုန်းက အကြောင်းပြရာ၌ ရွေးကောက်ပွဲ ခုံအဖွဲ့သည် -

**အကြောင်းပြချက် (၁) -** လျှောက်ထားခံရသူပြသက်သေ ဦးသန်းမြင့်နှင့် ဦးစောမြင့်တို့က ဦးရှိန်ကျော်ဝင်းသည် လူမျိုး၊ ဘာသာ၊ ဒေသကို အကြောင်းပြု၍ စည်းရုံးလှုံ့ဆော်မှုမပြုကြောင်း တစ်လုံးတစ်ပါဒမျှ ထွက်ဆိုခဲ့ခြင်း မရှိသည်ကို သုံးသပ်ခဲ့ခြင်းမရှိဘဲ လျှောက်ထားသူ၏ ကန့်ကွက်လွှာအား ပလပ်ခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း၊

**အကြောင်းပြချက်(၂)** - လျှောက်ထားခံရသူဦးရှိန်ကျော်ဝင်း သည် လူမျိုး၊ ဘာသာ၊ ဒေသကိုအကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း၊ ဟောပြောခဲ့ ခြင်းများ ပြုလုပ်ခဲ့ကြောင်း လျှောက်ထားသူပြ သက်သေများ၏ ထွက်ဆို ချက်များကို ယုံကြည်ရန်ခဲယဉ်းသည်ဟု သုံးသပ်ပြီး ကန့်ကွက်လွှာအား ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

**အကြောင်းပြချက်(၃)** - ဆိပ်ဖြူမြို့အလယ်ပိုင်းရပ်ကွက် မဲရုံတွင် တစည်ပါတီ စည်းရုံးရေးမှူး ဦးထွေးမောင်သည် မဲရုံထဲသို့ (၃) ကြိမ်ဝင်ရောက်လာပြီး မဲလက်မှတ်ထုတ်ပေးသည့်စာရင်းကို ကြည့်ရှု၍ မဲမပေး ရသေးသူများအား မဲရုံသို့လာရောက် ပို့ဆောင်သည်မှာ လူတိုင်းမဲပေးရေးအတွက် ပါဝင်ကူညီဆောင်ရွက်သည့် ကိစ္စဖြစ်သည်ဟု သုံးသပ်ခဲ့ခြင်းသည် ဥပဒေအရမှားယွင်းနေကြောင်း၊

**အကြောင်းပြချက် (၄)** - အနောက်ပိုင်းရပ်ကွက်မဲရုံအမှတ် (၁)၊ ကင်မွန်းထောင့် ကျေးရွာအုပ်စုမဲရုံအမှတ် (၁)၊ ပင်းတလဲကျေးရွာမဲရုံ၊ ဘဲကျကျေးရွာမဲရုံအမှတ်(၂)၊ ကဇွန်းမ မဲရုံအမှတ်(၁)တို့တွင် မဲ(၁) ပြားထက်ပို၍ မဲထည့်သူများသည် လျှောက်ထားခံရသူ၏ စည်းရုံးလမ်း ညွှန်မှု သို့မဟုတ် လျှောက်ထားခံရသူ၏ အကျိုးငှာ ဆောင်ရွက်ခဲ့ကြောင်း မူလခုံရုံးစစ်ဆေးပေါ်ပေါက်ချက်များကို မျက်ကွယ်ပြု၍ လျှောက်ထားသူ ၏ ကန့်ကွက်လွှာ အားပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊

**အကြောင်းပြချက် (၅)** - လျှောက်ထားသူပြသက်သေ(၂)ဦး တို့က ပင်းတလဲကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်မောင်သည် မဲပုံးထဲတွင် မဲများကိုကိုယ်တိုင်ထည့်ပေးကြောင်း၊ မဲရုံကြီးကြပ်သူ ဦးကျော်မင်းထွန်းမှ တားခဲ့ရကြောင်း လျှောက်ထားသူပြသက်သေ ဦးမြင့်နိုင်မှ တိကျစွာထွက်ဆိုထားရာ ပင်းတလဲကျေးရွာသား ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်မောင်က လျှောက်ထားခံရသူ ပင်းတလဲကျေးရွာသား ဦးရှိန်ကျော်ဝင်း၏ စည်းရုံးလမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပါလျက် "ပေါ်လွင်ထင်ရှားခြင်း မရှိ"ဟူ၍ သုံးသပ်ပြီး လျှောက်ထားသူ၏ကန့်ကွက်လွှာအား ပယ်ခဲ့ခြင်း သည် ဥပဒေအရ လွဲမှားနေကြောင်း၊

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

**အကြောင်းပြချက် (၆)** - ကူရှည်ရွာမ မဲရုံအမှတ် (၁) တွင် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးတင်စွမ်းက ပြည်ခိုင်ဖြိုးပါတီ၏ မဲရုံကိုယ်စားလှယ်များ မဲရုံအတွင်းမဝင်မီ ပါတီရင်ထိုးတံဆိပ်များ ဖြုတ်ခိုင်းကြောင်း လျှောက်ထားသူပြသက်သေ (၃) ဦးက တညီတညွတ် တည်းထွက်ဆိုခဲ့၍ ဦးတင်စွမ်းသည် ပြည်ခိုင်ဖြိုးပါတီ အပေါ် ကျေနပ်မှုမရှိသည်မှာ ထင်ရှားကြောင်း၊ မဲပုံး၏ ရှေ့ (၁) တောင်ခန့် အကွာတွင် လုံခြုံရေးဟုဆိုကာ လူတစ်ယောက်စီ ထိုင်ခိုင်းကြောင်း၊ လုံခြုံရေးတာဝန်ကျ ဆိုသည့် ဦးကြည်အောင်မှ ပြည်သူ့လွှတ်တော် ဆန္ဒပေးခန်းတွင် မဲပေးသည်ကို လိုက်လံကြည့်ရှုကြောင်း၊ ထကြည့်ကြောင်း၊ ဆန္ဒမဲထည့်သည့်နေရာသို့ သွားကြည့်သည်ကို မြင်ကြောင်း၊ သက်သေများ၏ ထွက်ဆိုချက်များ ပေါ်ပေါက်လျက် လျှို့ဝှက်ဆန္ဒပြုခြင်းကို အနှောက်အယှက်ပြုရန် အားထုတ်ခြင်း မဟုတ်ကြောင်း သုံးသပ်ပြီး ကန့်ကွက်လွှာအား ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း၊

**အကြောင်းပြချက် (၇)** - မဲရုံမှူး ဦးသန်းအောင်က မဲရေတွက်ခြင်း၊ ချိတ်ပိတ်ခြင်းပြုလုပ်ရာ၌ မဲရုံတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သုံးသပ်ထားသော်လည်း ဦးထွေးမောင်မဲရုံထဲသို့ (၃) ကြိမ်ဝင်လာပြီး မဲလက်မှတ်ထုတ်ပေးသည့် စာရင်းကိုကြည့်၍ဟု ထပ်မံသုံးသပ်ချက်အရ မူလခုံရုံးစီရင်ချက်သည် ရှေ့နောက်မညီကွဲပြားပြီး ဥပဒေအရ မှားယွင်းကြောင်း၊

**အကြောင်းပြချက် (၈)** - လျှောက်ထားသူပြသက်သေ ဦးကျော်ကျော်က ပြည်ခိုင်ဖြိုးပါတီမှ မဲရုံ ကိုယ်စားလှယ်များဖြစ်သည့် ဦးလှမြင့်သောင်း၊ ဦးစိန်မောင်၊ ဦးချိန်တို့မှာ မဲရုံအတွင်း ဝင်ခွင့်မရဘဲ မဲရုံအပြင်မှာ နေကြရပါသည်ဟု ထွက်ဆိုပြီး လျှောက်ထားသူပြ သက်သေ ဦးလှမြင့်သောင်းက ကျွန်တော် ဦးစိန်မောင်နှင့် ဦးချိန်တို့အား မဲရုံမှူး ဒေါ်ဝါဝါလွင်က မဲရုံအပြင်ဘက်ဝရန်တာတွင် မဲရုံကို ကျောပေးလျက် ထိုင်ခိုင်းပါသည်ဟု ထွက်ဆိုထားရာ အမှု၌အဓိကအရေးပါသည့် အချက်များတွင် ဦးကျော်ကျော်နှင့် ဦးလှမြင့်သောင်း၏ ထွက်ချက်များ မှာတူညီနေပါလျက် ဦးကျော်ကျော်၏ ထွက်ဆိုချက်ကို ယုံကြည်ရန် ခဲယဉ်းသည်ဟုသုံးသပ်၍ ကန့်ကွက်လွှာအား ပလပ်ခဲ့ခြင်းသည် ဥပဒေအရမှားယွင်းကြောင်း၊

**အကြောင်းပြချက် (၉)** - လျှောက်ထားသူပြသက်သေ ဦးစန်းမောင်၊ ဦးကိုလေး၊ ဦးသန်းဌေး၊ ဦးချစ်မှီ တို့သည် ဥပဒေနှင့်အညီ လျှောက်ထားသူ၏ ကိုယ်စားလှယ်အဖြစ် ခန့်ထားခြင်းဖြစ်ပါလျက် အခြားလွတ်လပ်သော သက်သေပြနိုင်ခြင်း မရှိသည့်အတွက် ၎င်းတို့၏ ထွက်ဆိုချက်များကို ယုံကြည်ရန်ခဲယဉ်းသည်ဟု သုံးသပ်၍ လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပလပ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိပါကြောင်းဖြင့် ဖော်ပြလျှောက်ထားသည်။

<u>၂၀၁၁ခုနှစ်</u>
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

ပြင်ဆင်မှုကြားနာရာတွင် လျှောက်ထားသူ၏ရှေ့နေက ပြင်ဆင်မှုအကြောင်းပြချက်များကို အကျယ်တဝင့် တင်ပြလျှောက်လဲခဲ့သည့်အပြင် လျှောက်ထားခံရသူသည် ရာထူး၊ လာဘ်လာဘတို့ဖြင့်လည်းကောင်း၊ မဟုတ်မမှန် ပြောဆို၍လည်းကောင်း ပြောဆိုမဲဆွယ်စည်းရုံးခဲ့သဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၁) နှင့် (၄) တို့နှင့်လည်း ငြိစွန်းပါကြောင်း လျှောက်လဲခဲ့သည်။

လျှောက်ထားခံရသူ၏ ရှေ့နေက - ပြင်ဆင်မှုအကြောင်းပြချက် (၉) ချက်ကို လျှောက်ထားသူက တင်ပြထားသော်လည်း ယင်း (၉) ချက်သည် အကြောင်းခြင်းရာ အချက်များသာဖြစ်ကြောင်း၊ အချို့ အချက်များသည် အကြောင်းခြင်းရာများကို အခြေခံလျက်ဥပဒေ ရေးရာပြဿနာများ ဖြစ်ပေါ်လာနိုင်သော်လည်း ပြင်ဆင်မှု အကြောင်းပြချက်(၉) ချက်လုံးသည် ဥပဒေရေးရာပြဿနာများ မဟုတ်သည်ကို တွေ့ရှိရပါကြောင်းနှင့်ပြင်ဆင်မှု အကြောင်းပြချက် တစ်ခုချင်းအတွက် အကျယ်တဝင့် သုံးသပ်တင်ပြပြီး မူလခုံအဖွဲ့ ဆုံးဖြတ်ချက်မှန်ကန်ကြောင်း တင်ပြလျှောက်လဲသည်။

ဤပြင်ဆင်မှုကို ကြားနာရာတွင် ပြည်ထောင်စုရှေ့နေချုပ်ကို လည်းရုံးတော်သဟာယအဖြစ် ဖိတ်ကြားခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကို စေလွှတ်ဆောင်ရွက်စေခဲ့သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က **ပြင်ဆင်မှုအကြောင်းပြချက် (၁)** နှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူပြသက်သေ ဦးသန်းမြင့်နှင့် ဦးစောမြင့်တို့ အဓိကစစ်ဆေးချက်တွင် ဦးရှိန်ကျော်ဝင်းက ကိုယ်နှစ်သက်ရာကို မှန်မှန်ကန်ကန် မဲထည့်ရန်၊ ဘယ်ပါတီကိုဘဲ မဲပေးပေး၊ မဲတော့မပေးဘဲ မနေရန်ပြောကြောင်းထွက်ဆိုထားသည့်အပေါ် လျှောက်ထားသူ ဦးနီကုန်းအနေဖြင့်

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

ဦးရှိန်ကျော်ဝင်းသည် လူမျိုး၊ ဘာသာကို အကြောင်းပြု၍ စည်းရုံးလှုံ့ဆော်ကြောင်း ပြန်လှန်မေးခွန်းဖြင့် ဖော်ထုတ်ခွင့်ရှိပါလျက် မဖော်ထုတ်ခဲ့ပါကြောင်း၊ လျှောက်ထားသူ ဦးနီကုန်းဘက်မှ ဦးရှိန်ကျော်ဝင်းသည် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ မဲဆွယ်ကြောင်းကို ပြန်လှန်မေးမြန်းထားခြင်း မရှိခဲ့ခြင်းမှာ လျှောက်ထားသူ၏ ပျက်ကွက်မှုသက်သက်သာဖြစ်ပါကြောင်း၊

**ပြင်ဆင်မှု အကြောင်းပြချက် (၂)** နှင့်စပ်လျဉ်း၍ မာမာခိုင်၊ ဦးမြသိန်း၊ ရဲသူရ၊ ခင်မောင်ဌေး၊ ကျော်ဆန်းညွှန့် (လျှောက်ထားသူပြသက်သေ - ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၂၄) တို့ ထွက်ချက်များကွဲလွဲနေပြီး ခင်မောင်ဌေးထွက်ချက်၌ ဦးရှိန်ကျော်ဝင်းက မည်သူ့ကိုမဲပေး၊ မည်သူ့ကိုမဲမပေးရဟု မပြောကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရကြောင်း၊ သက်သေထွက်ဆိုချက်များ ကွဲလွဲခြင်းအပေါ် ယုံကြည်ထိုက်၊ မထိုက်မှာ အကြောင်းခြင်းရာ ပြဿနာဖြစ်ပါ၍ အမှုစစ် မူလရုံးများ၏ သုံးသပ်ချက်အပေါ် အထက်အယူခံ/ ပြင်ဆင်ရုံးများ အနေဖြင့် ဝင်ရောက်စွက်ဖက်လေ့မရှိကြပါကြောင်း၊

**ပြင်ဆင်မှုအကြောင်းပြချက် (၃) (၇)** တို့နှင့်စပ်လျဉ်း၍ လျှောက်ထားသူ တင်ပြသည့်အတိုင်း တစည ပါတီ စည်းရုံးရေးမှူး ဦးထွေးမောင်၏ ဆောင်ရွက်ချက်ရှိခဲ့လျှင် ယင်းအပြုအမူများအပေါ် မဲရုံမှူး၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံ ချက်ချင်းတင်ပြကြောင်း၊ ကော်မရှင်အဖွဲ့ခွဲက မည်သို့အရေးယူကြောင်း၊ ယင်းကြောင့် ဆိုင်ရာ မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးရကြောင်း သက်သေထင်ရှားပြရန် လိုအပ်ပါကြောင်း၊

**ပြင်ဆင်မှု အကြောင်းပြချက်(၅)**နှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲနေ့၌ မဲရုံတွင် ဆောင်ရွက်ချက်သည် ဥပဒေနှင့်မညီကြောင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအားတင်ပြမှုမရှိခြင်း၊ လျှောက်ထားခံရသူ ဦးရှိန်ကျော်ဝင်း၏ သဘောတူလမ်းညွှန်မှုဖြင့် ဦးမျိုးမြင့်မောင် ဆောင်ရွက်ကြောင်း ပေါ်လွင်ထင်ရှားမှုမရှိဟု သုံးသပ်ရပါကြောင်း၊

**ပြင်ဆင်မှုအကြောင်းပြချက် (၆) (၈)** တို့နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များ၏ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးကို အနှောင့်အယှက် ပြုလုပ်ကြောင်း မပေါ်ပေါက်ဟု သုံးသပ်ရပါကြောင်း၊

**ပြင်ဆင်မှုအကြောင်းပြချက် (၉)** နှင့်စပ်လျဉ်း၍ လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်များဖြစ်ကြသော ဦးချစ်မို၊ ဦးကိုလေး၊ ဦးစန်းမောင်၊ ဦးသန်းဌေး (လျှောက်ထားသူပြ သက်သေ- ၇၊ ၁၄၊ ၁၇၊ ၂၁) တို့က မဲလက်မှတ် ထုတ်ပေးသူ ဦးသောင်းညွန့်၊ ရယက ဥက္ကဋ္ဌ ဦးညိမ်းအောင်၊ လုံခြုံရေးတာဝန်ကျ ဦးအောင်ကိုဝင်း၊ ဦးအောင်ဌေး ၊ တစည စည်းရုံးရေးမှူး ဦးအောင်သာ၊ မဲရုံကိုယ်စားလှယ် ဦးကျော်ကြည် တို့အား စွပ်စွဲထွက်ဆိုချက် မှန်ပါလျှင် မဲရုံမှူးထံ ချက်ခြင်းတင်ပြခြင်း၊ ပုံစံ-၁၆ ရေးသွင်းသည့်အခါ ကျိုးကြောင်းဖော်ပြခြင်းတို့ ဆောင်ရွက်ရန် ရှိပါကြောင်း၊ မဲရုံတွင်ဖြစ်ပွားသော ကိစ္စရပ်များအတွက် မဲရုံမှူးသည် အခြေခံအကျဆုံး ဆုံးဖြတ်ပိုင်ခွင့်ရှိသူဖြစ်ရာ ယင်းထံတင်ပြ၍ ထိန်းသိမ်း ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဖော်ပြပါသက်သေ (၄) ဦးသည် ထိုစဉ်က မိမိဆောင်ရွက် ကန့်ကွက်ခွင့်ရှိသည်တို့ကို မဆောင်ရွက်ခဲ့ဘဲ ယခုရုံးတွင်မှ ထွက်ဆိုနေသည့် သဘောတွေ့ရပါကြောင်း၊ ပုံစံ-၁၆ ကိုလည်းသဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ရာ ယခုမှ တင်ပြ ထွက်ဆိုချက်သည် ခိုင်မာမှုမရှိတော့ပါကြောင်းလျှောက်လဲ၍ မူလ ရွေးကောက်ပွဲခုံအဖွဲ့ (၅) ၏ ဆုံးဖြတ်ချက်မှာ မှားယွင်းမှုမရှိဟု ယူဆပါကြောင်း တင်ပြသည်။

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ၇၄ (က) တွင် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးရာ၌ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေကြောင်းအရ မှားယွင်းကြောင်းပေါ်ပေါက်မှသာ ပြင်ဆင်မှု လျှောက်ထားနိုင်ကြောင်းကို ပြဋ္ဌာန်းထားသဖြင့် ဤပြင်ဆင်မှုတွင် ဥပဒေရေးရာ ပြဿနာကိုသာတင်ပြနိုင်မည်ဖြစ်ပြီး အကြောင်းခြင်းရာ ပြဿနာကိုတင်ပြခွင့်မရှိပေ။

လျှောက်ထားခံရသူပြသက်သေများဖြစ်သော ဦးသန်းမြင့်၊ ဦးစောမြင့်တို့က ဦးရှိန်ကျော်ဝင်းသည် လူမျိုး၊ ဘာသာ၊ ဒေသတို့ အကြောင်းပြု၍ စည်းရုံးလှုံ့ဆော်မှုမပြုကြောင်း တစ်လုံးတစ်ပါဒမှ ထွက်ဆိုခဲ့ခြင်းမရှိသည်ကို တွေ့ရှိရသည်။ ဤသို့မထွက်ဆိုရုံမျှဖြင့် ဦးရှိန်ကျော်ဝင်းက လူမျိုး၊ ဘာသာ၊ ဒေသကို အကြောင်းပြု၍ မဲဆွယ် စည်းရုံးခဲ့သည်ဟု ကောက်ချက်ချ သုံးသပ်ရန် အကြောင်းမရှိချေ။ လျှောက်ထားသူ ဦးနီကုန်းအနေဖြင့် ဦးရှိန်ကျော်ဝင်းသည် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြု၍ မဲဆွယ်စည်းရုံးကြောင်းကို ပြန်လှန်မေးခွန်း

ဖော်ထုတ်ခွင့်ရှိပါလျက် ပြန်လှန်မေးမြန်းခြင်းမရှိခဲ့ခြင်းမှာ လျှောက်ထားသူ၏ပျက်ကွက်မှု သက်သက်သာဖြစ်ကြောင်းတွေ့ရှိ ရသည်။

လျှောက်ထားသူပြသက်သေများဖြစ်သည့် ကျားဘေရွာမှ ဒေါ်မာမာခိုင်၊ဦးမြသိန်းနှင့် ဦးရဲသူရတို့က အစည်းအဝေးသို့ နောက်ကျ၍ အစည်းအဝေးပြီးခါနီးအချိန်တွင်သာရောက်ရှိခဲ့ကြကြောင်း ၊ လူမျိုး၊ ဘာသာနှင့်ပတ်သက်ပြီး ပြောဆိုသည်ကိုသာ ကြားခဲ့ကြကြောင်း ထွက်ဆိုခဲ့ကြသည်ကိုတွေ့ရသည်။ ဦးမြသိန်းက ဦးရှိန်ကျော်ဝင်းသည် အခြားသူများအား ပုတ်ခတ်ပြောဆိုခြင်း မရှိသည်မှာ မှန်ကန်ပါကြောင်း ထွက်ဆိုခဲ့သည်။ ဦးရဲသူရသည် ပြည်ခိုင်ဖြိုးပါတီမှ စည်းရုံးရေးမှူး ဖြစ်သော်လည်း မိမိရွာမှ အစည်းအဝေး တက်ရောက်သူ ၁၀/၁၂ ယောက်အနက် မည်သူ့ကိုမျှ မမှတ်မိကြောင်း ထွက်ဆိုခဲ့သည်။ လျှောက်ထားသူပြသက်သေ ဘဲကျေးရွာမှ ဦးခင်မောင်ဌွေး၏ ထွက်ချက်တွင် - ဟောပြောပွဲကို ထိုနေ့ နံနက် ၁၁ နာရီအချိန်တွင် စတင်ပြုလုပ်ကြောင်း၊ မိမိတောထဲမှ ဆိတ်ကျောင်းပြီး နေ့ ၁၂ နာရီ ခန့်အချိန် ရွာသို့ပြန်ရောက်ပြီး ဟောပြောပွဲသို့ ရောက်သွားကြောင်း၊ ဦးရှိန်ကျော်ဝင်းက "ပခုက္ကူသားလိုလို၊ ပွင့်ဖြူသားလိုလို၊ ပေါက်သားလိုလို၊ ရခိုင်လိုလို၊ ချင်းလိုလို" ဟုပြောကြောင်း၊ "ကျွန်တော်ကတော့ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာ၊ ဆိပ်ဖြူနယ်သား" ဟု ပြောကြောင်း ထွက်ဆိုခဲ့ပြီး ပြန်လှန်မေးရာတွင် ဦးရှိန်ကျော်ဝင်းက မည်သူ့ကိုမဲပေးရမည်၊ မည်သူ့ကို မဲမပေးရဘူးဟု မပြောကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။ လျှောက်ထားသူ ပြသက်သေ ကိုးထောင့်ကျေးရွာမှ ဦးကျော်ဆန်းညွန့်၏ ထွက်ဆိုချက်တွင် - ကိုးထောင့်ကျေးရွာ ဦးစောကြည်၊ ဒေါ်ကျင်အေးတို့ အိမ်တွင် ပြုလုပ်သည့် ဟောပြောပွဲတွင် တစည ပါတီမှ ဦးရှိန်ကျော်ဝင်း၊ ဦးမြင့်စိုးနှင့် ဦးတင်ဝမ်းတို့ တက်ရောက်ကြောင်း၊ ဦးမြင့်စိုးက လူမျိုး၊ ဘာသာ၊ ဒေသကိုအကြောင်းပြု၍ တစညပါတီ ကိုယ်စားလှယ်များကို မဲပေးရန် ဟောပြောကြောင်း၊ ဦးရှိန်ကျော်ဝင်းနှင့် ဦးတင်ဝမ်းတို့က ကိုယ်တိုင် ဟောပြောခြင်း မရှိသော်လည်း မကြာမကြာဝင်၍ ထောက်ခံပြောဆို ကြကြောင်း ထွက်ဆိုခဲ့သည်။ တစညပါတီမှဦးမြင့်စိုးသည် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပြီး ဦးရှိန်ကျော်ဝင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်လည်း မဟုတ်၍ ဦးမြင့်စိုး၏ ဟောပြောချက်သည် တစညပါတီမှ ပြည်သူ့

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးရှိန်ကျော်ဝင်း အပေါ်တွင် တာဝန်ရှိသည်ဟု မကောက်ယူနိုင်ပေ။

သို့ဖြစ်၍ လျှောက်ထားခံရသူ၏ထွက်ဆိုချက်နှင့် နှစ်ဖက်သက်သေများ၏ ထွက်ဆိုချက်များအရ ဦးရှိန်ကျော်ဝင်းသည် လူမျိုး၊ ဘာသာ၊ ဒေသကို အကြောင်းပြု ခုတုံးလုပ်၍ လှုံ့ဆော်စည်းရုံးခဲ့သည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ လျှောက်ထားသူပြ သက်သေများ၏ ထွက်ဆိုချက်များကို ယုံကြည်ရန် ခဲယဉ်းကြောင်းနှင့် ဦးရှိန်ကျော်ဝင်းသည် လူမျိုး၊ ဘာသာ၊ ဒေသကိုအကြောင်းပြု ခုတုံးလုပ်၍ လှုံ့ဆော် စည်းရုံးခဲ့ခြင်းမရှိဟု မူလခုံရုံးက သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်း မရှိကြောင်း တွေ့ရှိရသည်။

(၁) ထို့အပြင် လျှောက်ထားသူပြသက်သေ ဒေါ်မာမာခိုင်နှင့် ဦးရဲသူရတို့ ထွက်ဆိုချက်တွင် ဦးရှိန်ကျော်ဝင်းက "ရယက ဥက္ကဋ္ဌပါသလား၊ တို့တစညပါတီ အနိုင်ရခဲ့လျှင် မင်းတို့ဆက်ပြီး လုပ်ရမည်" ဟု ပြောဆိုမှုသည် ရာထူးလာဘ်လာဘကို မက်လုံးပေး၍ စည်းရုံးပြောဆိုကြောင်း၊ ယင်းအချက်သည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၁) နှင့် ငြိစွန်းနေပါကြောင်း၊ သက်သေဦးခင်မောင်ဌေးက "ပခုက္ကူနှင့်ဆိပ်ဖြူကူးတဲ့တံတားကို ကျွန်တော်ကိုယ်တိုင်လုပ်လို့အောင်မြင်ခဲ့တာ၊ အစိုးရလုပ်လို့မဟုတ်ဘူး" ဟု ဦးရှိန်ကျော်ဝင်းက စည်းရုံးပြောဆိုခဲ့ကြောင်း ထွက်ဆိုထားရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (က) (၄) နှင့် ငြိစွန်းကြောင်း - လျှောက်ထားသူ၏ ရှေ့နေက လျှောက်လဲခဲ့သည်။ ရာထူး၊ လာဘ်လာဘကိုမက်လုံးပေး၍စည်းရုံးကြောင်း၊ မဟုတ်မမှန်ပြောဆိုစည်းရုံးကြောင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာတွင်သော်လည်းကောင်း၊ ကန့်ကွက်လွှာနှင့်ပူးတွဲပါ တရားမဲ့ပြုကျင့်သည့် စာရင်းတွင်လည်းကောင်း လျှောက်ထားသူက ဖော်ပြကန့်ကွက်ခြင်း မရှိပေ။ ကန့်ကွက်လွှာတွင် မပါရှိသော ကိစ္စကို တင်ပြလိုလျှင် မူလကန့်ကွက်လွှာကို ပြင်ဆင်ခွင့်ဖြင့် ပြင်ဆင်ရမည်ဖြစ်သော်လည်း ယင်းသို့ ပြင်ဆင်ဖော်ပြခဲ့ခြင်း လည်း မရှိချေ။ သို့ဖြစ်၍ မူလခုံအဖွဲ့က **ဦးဂဖူးနှင့် ဦးစိန်မောင်ပါ (၂)**[၁] အမှုစီရင်ထုံးကိုလိုက်နာပြီး အဆိုအချေတွင် မပါသော အချက်ကို အမှုတွင် ထည့်သွင်းသုံးသပ်မှု မပြုခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်ကြောင်း

---

**(၁) ၁၉၉၁ ၊ မတစ (တရားရုံးချုပ် )စာ - ၄၆**

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

တွေ့ရသည်။

အလယ်ပိုင်းရပ်ကွက်မဲရုံနှင့်စပ်လျဉ်း၍ - လျှောက်ထားသူ၏ ကန့်ကွက်လွှာတွင် တစည စည်းရုံးရေးမှူး ဦးထွေးမောင်သည် မဲရုံထဲသို့ (၃) ကြိမ်ဝင်ရောက်လာပြီး မဲလာပေးသူများနှင့် စကားပြောခြင်း၊ နှုတ်ဆက်ခြင်း အရိပ်အယောင်ပြခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဇနီးဖြစ်သူ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ရဲမြင့်ထံမှ မဲစာရင်း တောင်းကြည့်ကြောင်း၊ မဲပေးရန်လာသူများကို မဲရုံနှင့် ကိုက် (၅၀၀) အတွင်း (၆) ကြိမ်တိတိ ပို့ဆောင်ခဲ့ကြောင်း၊ မဲပေးမည့်သူများကို လက်ဟန်ခြေဟန်ပြ၍ စကားပြော စည်းရုံးကြောင်း၊ လျှောက်ထားခံရသူ ဦးရှိန်ကျော်ဝင်း၏ စည်းရုံးလမ်းညွှန်မှုဖြင့် အလယ်ပိုင်း ရပ်ကွက်မဲရုံတွင် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့်အဖွဲ့၊ တစည စည်းရုံးရေးမှူး ဦးထွေးမောင်တို့သည် ဦးရှိန်ကျော်ဝင်း အကျိုးရှိရေး အတွက် တရားမဲ့ ပြုကျင့်မှုများစွာကို ကျူးလွန်ခဲ့ကြောင်း ဖော်ပြကန့်ကွက်ထားသည်ကို တွေ့ရှိရသည်။ လျှောက်ထားသူပြ သက်သေများဖြစ်သည့် ဦးဝင်းထွေး (အလယ်ပိုင်းရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်)၊ ဦးခင်မောင်ကြည် (ပြည်ခိုင်ဖြိုးပါတီမှတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးတင်စိုး၏ မဲရုံကိုယ်စားလှယ်) နှင့် ဦးကြည်သန်း (ပြည်ခိုင်ဖြိုးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသော်ဇင်ဦး၏ မဲရုံကိုယ်စားလှယ်)တို့ (၃) ဦး စလုံးက ဦးထွေးမောင် မဲရုံထဲသို့ (၃)ကြိမ်ဝင်ရောက်ခဲ့ကြောင်း၊ မဲစာရင်းများကို ကြည့်ရှု၍ ပြန်ထွက်သွားကြောင်း ထွက်ဆိုခဲ့ကြသည်ကိုတွေ့ရသည်။ သို့သော်မဲရုံအတွင်း မဲဆွယ်စည်းရုံးခဲ့ကြောင်း၊ မဲပေးရန်ကျန်နေသူများကို မဲဆွယ် စည်းရုံးပြီး မဲရုံသို့ပို့ဆောင်ခဲ့ကြောင်း သက်သေထွက်ချက်များတွင် လုံးဝမတွေ့ရပေ။ ထို့ပြင်သက်သေ (၃)ဦး က မဲရုံပိတ်ပြီး မဲရေတွက်သည့် နေရာတွင် ဦးထွေးမောင်က မဲစာရင်းများထုပ်သိမ်းခြင်း၊ချည်နှောင် ချိတ်ပိတ်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည် ဟူ၍လည်းကောင်း၊ မဲပုံးတွေ၊ မဲစာရင်းတွေကြည့်ကြောင်း ချိတ်ပိတ်ပြီးမှ ပြန်သွားခဲ့သည် ဟူ၍ လည်းကောင်း၊ ဦးထွေးမောင်ကိုယ်တိုင်မဲများကို စစ်ဆေးရေတွက်ပြီး ချိတ်ပိတ်ခဲ့သည်ဟူ၍လည်းကောင်း အမျိုးမျိုးကွဲလွဲစွာထွက်ဆိုခဲ့ကြသည်ကို တွေ့ရှိရသည်။ ရုံးခေါ်သက်သေ အလယ်ပိုင်းရပ်ကွက်မဲရုံမှူး ဦးသန်းအောင်က -မဲရုံတွင် မဲများအားလုံးရေတွက်၊ ထုပ်ပိုး၊ ချိတ်ပိတ်သည့် ကိစ္စများကို မဲရုံအဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်

အတွင်းရေးမှူးတို့က ဆောင်ရွက်ခဲ့ကြောင်း၊ တာဝန်မရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် မဲရုံတာဝန်ရှိအဖွဲ့ဝင်များအပြင် မဲရုံကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ ရှိနေပါကြောင်း၊ မဲရုံတွင် မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

အောက်ခြေတွင် ရယကများ၊ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်မိရပ်ဖများကို လူတိုင်းမဲပေးရေးအတွက် ပါဝင်ကူညီကြရန် မယကနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ပူးပေါင်းပြီး ရပ်ကွက်တိုင်းနှင့်ကျေးရွာအုပ်စုတိုင်းသို့ ဆင်းကာ ရှင်းလင်းဆွေးနွေးခဲ့သည်ဆိုခြင်းမှာ မှန်ပါသည်။ ထို့ကြောင့် ရပ်မိရပ်ဖဖြစ်သည့် ဦးထွေးမောင်သည် ထိုကိစ္စများအတွက် ကူညီခဲ့ရသည်ကိုသိပါသလားဆိုလျှင် မသိပါဟု လျှောက်ထားသူပြသက်သေ ဦးဝင်းထွေးက ဦးရှိန်ကျော်ဝင်း ပြန်လှန်မေးရာတွင် ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်၍ မူလခုံရုံးက "ဦးထွေးမောင်သည် မဲရုံသို့လာရောက်ပို့ဆောင်သည်မှာ လူတိုင်း မဲပေးရေးအတွက် ပါဝင်ကူညီဆောင်ရွက်သည့်ကိစ္စဖြစ်သည်" ဟု သုံးသပ်ခဲ့ခြင်းသည် မှားယွင်းမှုမရှိကြောင်း တွေ့ရှိရပေသည်။

လျှောက်ထားသူ၏ **ပြင်ဆင်မှုအကြောင်းပြချက် (၄)**နှင့်စပ်လျဉ်း၍ ကိုယ်စား ဆန္ဒမဲပေးခြင်းဖြင့် ဆန္ဒမဲ (၁) ကြိမ်ထက်ပို၍ ပေးခြင်းသည် မိမိလိုလားသော လွှတ်တော်ကိုယ်စားလှယ်လောင်းအား အကျိုးရှိစေခြင်းဖြစ်မှသာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ခ) ပါ ပြဋ္ဌာန်းချက်အရ တရားမဲ့ပြုကျင့်မှုဖြစ်ပေသည်။ လျှောက်ထားသူပြသက်သေများ ဖြစ်သည့် ဦးလေးမောင်၊ ဦးမြင့်ဟန်နှင့် ဦးမြင့်နိုင်တို့က အနောက်ပိုင်းရပ်ကွက်မဲရုံ၊ ကင်မွန်းထောင့်ကျေးရွာအုပ်စုမဲရုံအမှတ် (၁)၊ ပင်းတလဲကျေးရွာမဲရုံတို့နှင့်ပတ်သက်၍ ကိုယ်စားမဲပေးခဲ့ခြင်းများ ထွက်ဆိုခဲ့ကြသော်လည်း မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အကျိုးအတွက် မဲထည့်ခြင်းဖြစ်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁ အရ သက်သေတင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ "မဲတစ်ပြားထက်ပို၍ ကိုယ်စားမဲထည့်သူများသည် လျှောက်ထားခံရသူ၏ စည်းရုံးလမ်းညွှန်မှုအရ ထိုသို့ဆောင်ရွက်ခဲ့ကြောင်း သို့မဟုတ် လျှောက်ထားခံရသူ ဦးရှိန်ကျော်ဝင်း၏ အကျိုးငှာ ဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင်အောင် သက်သေထင်ရှားပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်" ဟူ၍ မူလခုံရုံး၏ သုံးသပ်ချက်သည် ဥပဒေနှင့်အညီဖြစ်ကြောင်း တွေ့ရ

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

ပေးသည်။

**ပြင်ဆင်မှု အကြောင်းပြချက် (၅)** နှင့်စပ်လျဉ်း၍- လျှောက်ထားခံရသူ ဦးရှိန်ကျော်ဝင်းသည် ပင်းတလဲရွာဇာတိဖြစ်သဖြင့် ပင်းတလဲ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးမြင့်မောင်နှင့် တစ်ရွာတည်းသားများ ဖြစ်ကြသည်။ ဆွေမျိုးတော်စပ်ခြင်း မရှိကြောင်းလည်း ပေါ်ပေါက်သည်။ ပင်းတလဲကျေးရွာမဲရုံတွင် ဦးမျိုးမြင့်မောင်၏ ဆောင်ရွက်ချက်သည် ဥပဒေနှင့်မညီကြောင်း သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအား တင်ပြခဲ့မှုမရှိခြင်း၊ လျှောက်ထားသူပြ သက်သေ ဦးထွားနှင့် ဦးမြင့်နိုင်တို့၏ ထွက်ဆိုချက်များတွင် ဦးမျိုးမြင့်မောင်၏ ဆောင်ရွက်ချက်သည် လျှောက်ထားခံရသူ ဦးရှိန်ကျော်ဝင်း၏ စည်းရုံးလမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပေါ်လွင် ထင်ရှားခြင်းမရှိခြင်းတို့ကို တွေ့ရှိရသည်။ သို့ဖြစ်၍ မူလခုံရုံး၏ သုံးသပ်ချက်သည် ဥပဒေနှင့်အညီဖြစ်ကြောင်း တွေ့ရှိရသည်။

**ပြင်ဆင်မှုအကြောင်းပြချက် (၆)** နှင့်စပ်လျဉ်း၍ - ကူရှည်ရွာမဲရုံအမှတ်(၁)တွင် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် ဦးတင်စွမ်းက ပြည်ခိုင်ဖြိုးပါတီ၏ မဲရုံကိုယ်စားလှယ်များ မဲရုံတွင်းမဝင်မီ ပါတီရင်ထိုး တံဆိပ်များကို ဖြုတ်ခိုင်းခြင်းသည် မဲဆန္ဒရှင်များ၏ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုနိုင်သည့် လုပ်ရပ်မဟုတ်ပေ။ ကူရှည်ရွာမဲရုံ အမှတ်(၁) မဲရုံတွင် လွှတ်တော်ခန်းများအလိုက် မဲပုံး (၃) ခု ထားခဲ့ရာ မဲပုံး၏ ရှေ့တစ်တောင်ကွာခန့်၌ လုံခြုံရေးဟုဆိုကာ လူတစ်ယောက်စီထိုင်ခိုင်းထားကြောင်း၊ လျှောက်ထားသူပြသက်သေ ဦးစန်းဝင်းနိုင် (ပြည်ခိုင်ဖြိုးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ်)က ပြည်သူ့လွှတ်တော်မဲပုံးရှေ့တွင် လုံခြုံရေးတာဝန်ကျသူ ဦးအောင်ကြည် သည် နံနက် (၈) နာရီမှ (၁၀) နာရီကြားတွင် လူအများမဲလာထည့်နေချိန် မဲပေးသူများမှ ဆန္ဒမဲပြား ခြစ်သည်ကို ၎င်းထိုင်သည့်နေရာမှ ထကြည့် ကြောင်း၊ ရုံးမေးတွင် လျှို့ဝှက်ဆန္ဒပြုရာ၌ အသုံးပြုသည့် ဆန္ဒပြုခန်းမှာ ရုံးရှေ့တွင်ပြသ ထားသည့် အရွယ်အစား၊ အမျိုးအစားအတိုင်း ဖြစ်ကြောင်း၊ လျှို့ဝှက် ဆန္ဒပြုခန်းနှင့် ဦးကြည်အောင် ထကြည့်သည့် နေရာအကွာအဝေးမှာ (၂) တောင်ခန့် ကွာဝေးကြောင်း၊ မည်သူ့ကို မဲပေးသည်ကို ထကြည့်လျှင် မြင်နိုင်ကြောင်း၊ မဲပေးသည်ကို ထကြည့်ရုံ

သက်သက်ဘဲလား၊ နှုတ်အားဖြင့် ပြောဆိုခြင်းများ ရှိခဲ့သေးသလားဆိုလျှင် - ထကြည့်ရုံ သက်သက်သာ ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ မဲဆန္ဒရှင်တစ်ဦး လျှို့ဝှက်ဆန္ဒပြုခန်းတွင် မဲပုံးကိုကျောပေးပြီး ဆန္ဒမဲပြားခြစ်သည်ကို နောက်ဘက်တွင်ရှိနေသည့် မဲပုံးနှင့် တစ်တောင်အကွာမှနေ၍ မည်သူ့ကိုမဲပေးသည်ကို မြင်နိုင်ရန် ခဲယဉ်းမည် ဖြစ်သည်ကိုတွေ့ရှိရသည်။ သက်သေ ဦးသိန်းလင်း (ပြည်ခိုင်ဖြိုးပါတီမှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း၏ မဲရုံကိုယ်စားလှယ်) က နံနက် (၈) နာရီနှင့် (၁၀) နာရီကြားတွင် ဦးကြည်အောင်က ပြည်သူ့လွှတ်တော်မဲခန်းရှိ ဆန္ဒမဲပြားခြစ်သည့် နေရာသို့ သွားကြည့်သည်ကိုမြင်ကြောင်း၊ မိမိထိုင်သည့်နေရာနှင့် ပြည်သူ့လွှတ်တော် မဲခန်းမှာ ပေ (၄၀)ခန့် ဝေးကြောင်း ၊ ပြည်သူ့ လွှတ်တော်မဲခန်းတွင် ဆန္ဒပြုခန်း (၃) ခန်းရှိကြောင်း ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။ သက်သေ ဦးတေက ပြည်သူ့လွှတ်တော်ဆန္ဒပြုခန်းတွင် မိမိမဲပေးသည်ကို ဦးကြည်အောင် လိုက်လံကြည့်ရှုခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်မဲပုံးအနီး တာဝန်ကျသူ ဦးနန်းဝင်းက မိမိဆန္ဒပြုစဉ် လိုက်မကြည့်ကြောင်း၊ တိုင်းဒေသကြီး လွှတ်တော် မဲပုံးတွင် တာဝန်ကျသူ ဦးစန်းညွန့်သည် မိမိဆန္ဒပြုနေစဉ် လိုက်လံကြည့်ရှု ခဲ့ကြောင်း ထွက်ဆိုခဲ့သည်ကို တွေ့ရသည်။

မဲရုံများတွင် မသမာသူတစ်ဦးဦးက မဲပုံးထဲရှိ မဲများကို ပယ်မဲများဖြစ်စေရန် ကြိုးပမ်းအားထုတ်နိုင်သည်ကိုမျှော်မှန်း၍ ရွေးကောက်ပွဲကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မဲရုံ အချို့တို့တွင် မဲရုံရှိ မဲပုံးတစ်ပုံးလျှင်တစ်ဦးကျ စောင့်ကြပ်ကြည့်ရှုရန် လုံခြုံရေးတာဝန်ပေးအပ်ခဲ့သည်များရှိခဲ့သည်။ ဆန္ဒပြုခန်းတွင် ချထားပေးသည့် ဘောလ်ပင် အပြာ/အနက် အစားအနီရောင်နှင့် မသမာသူများက လဲလှယ်ခဲ့သည့် သာဓက များလည်း ရှိခဲ့သည်။ သို့ဖြစ်၍ “ကူရှည်ရွာမ မဲရုံအမှတ် (၁)တွင်လည်း အလားတူ မသမာမှုကိစ္စမျိုး မဖြစ်စေရန် မဲပုံးတစ်ပုံးလျှင် တစ်ဦးကိုလုံခြုံရေးတာဝန်ချထားပေးခြင်းဖြစ်ပြီး ဆန္ဒပြုခန်းများကိုလည်း မကြာခဏ ကြည့်ရှု စစ်ဆေးခြင်းဖြစ်သည်ဟု ကောက်ယူနိုင်ပေသည်။ လျှို့ဝှက်ဆန္ဒပြုခြင်းကို အနှောင့်အယှက်ပြုရန် အားထုတ်ခြင်း မဟုတ်ကြောင်း သုံးသပ်ရရှိသည်” ဟူ၍ မူလခုံရုံးက ဆုံးဖြတ်ခဲ့သည်မှာ မှားယွင်းခြင်း မရှိကြောင်းတွေ့ရှိရသည်။

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

ပြင်ဆင်မှုအကြောင်းပြချက်(၈) နှင့်စပ်လျဉ်း၍ လျှောက်ထားသူ၏ကန့်ကွက်လွှာတွင် ရှားလှကျေးရွာ အုပ်စုမဲရုံအမှတ် (၂) တွင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်လင်းမှ ပြည်ခိုင်ဖြိုးပါတီ မဲရုံကိုယ်စားလှယ် (၃) ဦးအား မဲရုံဖွင့်ချိန်မှ နံနက် (၀၈း၃၀) နာရီအထိ မဲရုံပြင်ပတွင် ထိုင်ခိုင်းပြီး ခွဲခြားဆက်ဆံခြင်း၊ မဲရုံမှူးက မဲလာပေးသူတစ်ဦးကို စပါးနှံကိုခြစ်၍ မဲပေးရန်ပြောခြင်း၊ မဲရေတွက်ရာတွင်လည်း ပေ (၇၀) ခန့်ဝေးကာ မဲရေတွက်သည်ကို သဲကွဲအောင် မမြင်နိုင်သော နေရာတွင် ထိုင်ခိုင်းခြင်း စသည်ဖြင့် တရားဥပဒေနှင့် ဆန့်ကျင်၍ ကျေးရွာကော်မရှင်အဖွဲ့ခွဲနှင့်မဲရုံအဖွဲ့တို့မှ တရားမဲ့ပြုကျင့်ကျူးလွန်ခဲ့ကြကြောင်း ဖော်ပြကန့်ကွက်ခဲ့သည်။ အထက်ပါအကြောင်းခြင်းရာ စကားရပ်များကို မိမိ၏မဲရုံကိုယ်စားလှယ်မှ တစ်ဆင့်ကြားသိရသည် ဟုလည်း လျှောက်ထားသူကဝန်ခံချက်လက်မှတ်ရေးထိုး ထားသည်ကို တွေ့ရသည်။ လျှောက်ထားသူ၏ သက်သေ ဦးကျော်ကျော်၏ ရုံးမေးထွက်ချက်၌ “ပြည်ခိုင်ဖြိုးပါတီမဲရုံ ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးလှမြင့်သောင်း၊ ဦးစိန်မောင်၊ ဦးချိန်တို့မှာ မဲရုံသို့ဝင်ခွင့် မရဘဲ မဲရုံအပြင်မှာနေကြရပါသည်။” ဟူ၍ထွက်ဆိုထားပြီး သက်သေ ဦးလှမြင့်သောင်း၏ အဓိကထွက်ချက်မှာ “ကျွန်တော်နှင့်အတူ ဦးစိန်မောင်၊ ဦးချိန်တို့အား မဲရုံမှူး ဒေါ်ဝါဝါလွင်ကမဲရုံအပြင်ဘက် ဝရန်တာတွင် မဲရုံကို ကျောပေးလျက် ထိုင်ခိုင်းပါသည်” ဟုမူလခုံရုံးတွင် တညီတညွတ်တည်းထွက်ဆိုရုံမျှဖြင့် သက်သေများ၏ ထွက်ဆိုချက်အားလုံးသည် မှန်ကန်သည်ယူဆရန် အကြောင်းမရှိပေ။ လျှောက်ထားသူပြသက်သေဖြစ်သည့် ဦးလှမြင့်သောင်း (လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်) က ရုံးမေးတွင် “ပုံစံ-၁၆ တွင် ကျွန်တော်လက်မှတ် မထိုးခဲ့ရပါ၊ ကျွန်တော် ၄ နာရီခွဲ အချိန် ပြန်လာရာတွင် မဲရုံ၌ မဲရေတွက်မှု မပြီးသေးပါ၊ မဲစာရင်းတောင်းရာ မရသဖြင့် ပြန်လာခဲ့ခြင်း ဖြစ်ပါသည်” ဟုထွက်ဆိုခဲ့ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ မဲရေတွက်ရာတွင် ပေ (၇၀) ခန့် ဝေးကာ မဲရေတွက် သည်ကို သဲကွဲအောင် မမြင်နိုင်သောနေရာတွင် ထိုင်ခိုင်းသည်ဟူသော စွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။ ထို့အပြင် ဦးကျော်ကျော်က မိမိအားမဲရုံကိုယ်စားလှယ်ခန့်ထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကံကောင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သည်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဖြစ်သည် သို့မဟုတ်

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်သည်ကို မိမိ တိတိကျကျ မသိပါကြောင်း။ ထို့အပြင် အဓိက စစ်မေးချက်တွင် မိမိနှင့်မဲရုံ တစ်ရုံထဲ အတူတာဝန်ကျသည့် မိမိတို့ပါတီမှ ဦးလှမြင့်သောင်း (လျှောက်ထားသူ ဦးနီကုန်း၏ မဲရုံကိုယ်စားလှယ်) ကို ပြည်ခိုင်ဖြိုး ပါတီမှပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဟူ၍လည်းကောင်း၊ ရုံးမေးတွင် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင်စိုး၏မဲရုံကိုယ်စားလှယ် ဟူ၍လည်းကောင်း ထွက်ဆိုခဲ့သည်။ သို့ဖြစ်၍ မူလခုံရုံး၏ " လျှောက်ထားသူသည် ပြည်ခိုင်ဖြိုးပါတီမှ စည်းရုံးရေးမှူးတစ်ဦး နှင့် မိမိတို့ပါတီမှ မဲရုံကိုယ်စားလှယ် တစ်ဦးတို့ကို သက်သေအဖြစ်တင်ပြခဲ့ခြင်းဖြစ်ပြီး အခြားလွတ်လပ်သော သက်သေ၊ အထောက်အထားများ တင်ပြနိုင်ခြင်းမရှိသဖြင့် လျှောက်ထားသူ၏ သက်သေများ ထွက်ဆိုချက်ကို ယုံကြည်ရန် ခဲယဉ်းသည်" ဟုသုံးသပ် ဆုံးဖြတ်ချက်သည် မှန်ကန်ကြောင်း တွေ့ရှိရပေသည်။

ပြင်ဆင်မှုအကြောင်းပြချက်(၉)နှင့်စပ်လျဉ်း၍ လျှောက်ထား သူပြ သက်သေများ ဖြစ်သည့်ပြည်ခိုင်ဖြိုး ပါတီမှ မဲရုံကိုယ်စားလှယ်များ ဖြစ်ကြသော ဦးချစ်မှီ၊ ဦးကိုလေး၊ ဦးစန်းမောင်၊ ဦးသန်းဌေးတို့က ကျောင်းရွာမဲရုံ၊ အနောက်ကမ်းဖြူကျေးရွာအုပ်စု ဘဲကျကျေးရွာမဲရုံအမှတ် (၂)၊ ကုန်းရွာ မဲရုံအမှတ် (၁) နှင့် ကဇွန်းမမဲရုံအမှတ် (၁) တို့တွင် မဲရုံအတွင်း/ မဲရုံနှင့် ကိုက် (၅၀၀)အတွင်း မဲဆွယ်စည်းရုံးမှုနှင့် ပတ်သက်၍ မဲရုံဝန်ထမ်းများ၊ ရယက ဥက္ကဋ္ဌတို့အား အဓိကထား စွပ်စွဲထွက်ဆိုထားကြောင်းတွေ့ရသည်။ ကုန်းရွာမဲရုံအမှတ်(၁) တွင် ဦးအောင်သာသည် တစညပါတီမှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် မဲရုံတွင်းသို့ ဥပဒေနှင့်အညီ ဝင်ရောက်ခွင့်ရှိသူ ဖြစ်သည်ကို တွေ့ရသည်။ လျှောက်ထားသူပြသက်သေများ ထွက်ဆို စွပ်စွဲချက်များ မှန်ကန်ပါလျှင် မဲရုံမှူးထံ ချက်ခြင်းတင်ပြခြင်း၊ ပုံစံ - ၁၆ ရေးသွင်းသည့်အခါ ကျိုးကြောင်း ဖော်ပြခြင်းတို့ ဆောင်ရွက်ရသည်။ မဲရုံတွင် ဖြစ်ပွားသောကိစ္စရပ်များအတွက် မဲရုံမှူးသည် အခြေခံအကျဆုံး ဆုံးဖြတ်ပိုင်ခွင့်ရှိသူဖြစ်ရာ မဲရုံမှူးထံ တင်ပြဆောင်ရွက်ခဲ့ခြင်းလည်း မရှိသည်ကိုတွေ့ရသည်။ လျှောက်ထားသူပြသက်သေ (၄) ဦးတို့သည် ထိုစဉ်က မိမိဆောင်ရွက်၊ ကန့်ကွက်ခွင့်ရှိသည်တို့ကို မဆောင်ရွက်ခဲ့ဘဲ ခုံရုံးရောက်မှ တင်ပြထွက်ဆိုခြင်းသည် ခိုင်မာမှုမရှိကြောင်းတွေ့ရသည်။

၂၀၁၁ခုနှစ်
ဦးနီကုန်း
နှင့်
ဦးရှိန်ကျော်ဝင်း

သို့ဖြစ်၍မူလခုံရုံး၏ "လျှောက်ထားသူမှတင်ပြသည့် သက်သေ (၄) ဦး စလုံးသည် သက်ဆိုင်ရာ မဲရုံများတွင် လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်များသာ ဖြစ်သည်ကိုတွေ့ရှိရသည်။ အခြားလွတ်လပ်သော သက်သေအထောက် အထားများကို တင်ပြနိုင်ခြင်းမရှိသည့် အတွက် ၎င်းတို့၏ ထွက်ဆိုချက်များကို ယုံကြည်ရန် ခဲယဉ်းသည်" ဟုသုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်ကြောင်း တွေ့ရှိရပေသည်။

သက်သေများ၏ ထွက်ဆိုချက်များကို လက်ခံရန် သင့်၊ မသင့်ဆိုသောကိစ္စတွင် "မူလရုံးက ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ခဲ့ပါမူ ယင်းဆုံးဖြတ်ချက်ကိုအယူခံရုံးက ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ အဘယ်ကြောင့်ဆိုသော် သက်သေများကို စစ်ဆေးသည့် မူလရုံးသည် သက်သေများ၏ အမူအရာကို ကိုယ်တိုင်တွေ့မြင်ရသဖြင့် ထိုသက်သေများသည် မှန်ကန်သောသက်သေ ဟုတ်သည် မဟုတ်သည် ဆိုခြင်းကို ကောင်းစွာခန့်မှန်းနိုင်သည့်အတွက် ဖြစ်ပေသည်" ဟူ၍ **ဒေါ်တင်မေနှင့် ရဟိနာဘီဘီ**[၂] အမှုတွင် လမ်းညွှန်စီရင်ထုံး ရှိပြီး ဖြစ်ပါသည်။ လျှောက်ထားသူပြသက်သေများ၏ ထွက်ဆိုချက်များနှင့် ပတ်သက်၍ အမှုစစ်ဆေးသော မူလခုံရုံးသည်သက်သေများကို ကိုယ်တိုင်မြင်တွေ့ စစ်ဆေးထားခြင်း၊ ယင်းတို့၏ထွက်ဆိုချက်များအပေါ် အကြောင်းခြင်းရာ အရ အကျယ်တဝင့် ရှင်းလင်းသုံးသပ်ထားပြီး ဖြစ်သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အကြောင်း ခြင်းရာများ အပေါ် ထပ်မံ ဖြည့်စွက်သုံးသပ်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် အထက်ပါ အခြေအနေတွင် မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဖြစ် ဦးရှိန်ကျော်ဝင်း အား ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ်ဟု ဆုံးဖြတ်ပြီး မူလရွေးကောက်ပွဲခုံအဖွဲ့ (၅) ၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်

လျှောက်ထားသူ၏ ပြင်ဆင်မှုကို စရိတ်နှင့် တကွပယ်ကြောင်း အမိန့်ချမှတ်သည်။

အမှုစရိတ်ငွေကျပ် **တစ်သိန်း**ကို လျှောက်ထားသူက လျှောက်ထားခံရသူ အားပေးစေ။

---

(၂) ၁၉၉၁ ၊ မတစ (တရားရုံးချုပ် )စာ - ၈၆

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

+၂၀၁၁ခုနှစ်
စက်တင်ဘာလ
၈ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာ ဒေါ်မြင့်ကြည် ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်

**ဦးတင်စိုး** **လျှောက်ထားသူ**

**နှင့်**

**ဦးမြင့်စိုး** **လျှောက်ထားခံရသူ***

**နိုင်ငံပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ၏ ခွင့်ပြုချက် ဖြင့်သာ နေထိုင်ခြင်းဖြစ်လျှင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (ဌ) နှင့် ငြိစွန်းမှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (ဌ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

၁၀။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရ -

(ဌ) နိုင်ငံတော်ပိုင်ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ရယူ သုံးစွဲသည့် အဖွဲ့အစည်းဝင် ဖြစ်သူ၊

---

*** ၂၀၁၁ ခုနှစ်ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် - ၇**
**+၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၁၀) တွင် ချမှတ်သော ၂၈. ၆. ၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့ ( ၅)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့်ပြင်ဆင်မှု**

၂၀၁၁ ခုနှစ်
ဦးတင်စိုး
နှင့်
ဦးမြင့်စိုး

ခြွင်းချက်။ (၁) ......

(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း ဟူသောစကားရပ်တွင် ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော် လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်မှ အခကြေး ငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင်မြေ၊အိမ်၊ အဆောက် အအုံနှင့် အခန်းများ၊ အခြား အဆောက်အအုံနှင့်အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်တို့မပါဝင်

သို့ဖြစ်ပါ၍ မူလခုံရုံးက နိုင်ငံပိုင်မြေပေါ်တွင်ကျူးကျော် နေထိုင်ခြင်း မဟုတ်၊ သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့်သာ နေထိုင်ခြင်း ဖြစ်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (၄) နှင့် ငြိစွန်းခြင်းမရှိဟု သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် အညီ မှန်ကန်ကြောင်းတွေ့ရသည်။

လျှောက်ထားသူအတွက် - ဦးပြုံးချို
(တရားလွှတ်တော်ရှေ့နေ)
လျှောက်ထားခံရသူအတွက် - ဦးသောင်းစံ
(တရားလွှတ်တော်ရှေ့နေ )

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားသူ ဦးတင်စိုး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ လျှောက်ထားခံရသူ ဦးမြင့်စိုးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးကံကောင်းတို့

၂၀၁၁ခုနှစ်
ဦးတင်စိုး
နှင့်
ဦးမြင့်စိုး

ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဦးမြင့်စိုးသည် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ယင်းသို့ရွေးကောက် တင်မြှောက်ခံရခြင်းသည် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ကျင့်သုံးခဲ့ခြင်း မရှိသည့်အတွက် လျှောက်ထားခံရသူ ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် မိမိသာလျှင် ခိုင်လုံမဲအများဆုံး ရရှိနိုင်သည်ဖြစ်၍ ရွေးကောက်ခြင်းခံရထိုက်သည့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးရန် ရွေးကောက်ပွဲ ကန့်ကွက်လွှာ အမှုအမှတ် ၁၀/၂၀၁၀ ကို တင်သွင်းခဲ့သည်။

ယင်းရွေးကောက်ပွဲကန့်ကွက်လွှာ အမှုကို ရွေးကောက်ပွဲ ခုံအဖွဲ့ (၅)က စစ်ဆေးကြားနာပြီးနောက် ၂၈-၆-၂၀၁၁ ရက်နေ့တွင် လျှောက်ထားသူ ဦးတင်စိုး၏ ကန့်ကွက်လွှာကို ပယ်ကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

သို့ဖြစ်၍ လျှောက်ထားသူ ဦးတင်စိုးက ရွေးကောက်ပွဲခုံအဖွဲ့ (၅) ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဤပြင်ဆင်မှုကို တင်သွင်း ခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် လျှောက်ထားသူ ဦးတင်စိုးက အကြောင်းပြ ရာ၌ -

**အကြောင်းပြချက် (၁)-** လျှောက်ထားခံရသူသည် နိုင်ငံတော်ပိုင်ဝိုင်းမြေတွင် ရွေးကောက်ပွဲဝင်စဉ်နှင့် ယခင် (၁၀) နှစ်ကျော်ကတည်းက နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်ပါလျက် လျှောက်ထားသူ၏ ကန့်ကွက်လွှာအား ပလပ်ခဲ့ခြင်းသည် ရွေးကောက်ပွဲ ဥပဒေအရ မှားယွင်းနေကြောင်း၊

**အကြောင်းပြချက် (၂)-** လျှောက်ထားခံရသူဦးမြင့်စိုး၏ ညီအရင်းဖြစ်သူ ဦးအောင်ကျော်ဆန်းက အခြားသူများ၏ မဲပြားပေါ်တွင်ခြစ်၍ မဲပုံးထဲထည့်ခဲ့သည် ဆိုရာတွင်လည်း ဦးမြင့်စိုး၏ သဘောတူ လမ်းညွှန်မှုအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်ဟူသော သုံးသပ်ချက်သည် ရွေးကောက်ပွဲ ဥပဒေနှင့် ညီညွတ်မှုမရှိပါကြောင်း၊

၂၀၁၁ခုနှစ်
ဦးတင်စိုး
နှင့်
ဦးမြင့်စိုး

**အကြောင်းပြချက် (၃)-** ဦးထွေးမောင်သည် မဲရုံထဲသို့ (၃) ကြိမ်ဝင်လာပြီး မဲလက်မှတ်ထုတ်ပေးသည့် စာရင်းအားကြည့်၍ မဲမပေးရသေးသူများအား မဲရုံသို့ လာရောက်ပို့ဆောင်သည်မှာ လူတိုင်းမဲပေးရေးအတွက် ပါဝင်ကူညီဆောင်ရွက်သည့် ကိစ္စဖြစ်သည်ဟု မူလခုံရုံးက သုံးသပ်ခဲ့ခြင်းသည် မူလခုံရုံးစစ်ဆေးပေါ်ပေါက်ချက် အထောက်အထားများကို မျက်ကွယ်ပြုဆုံးဖြတ်ရာ ရောက်ပြီး ဥပဒေအရ မှားယွင်းနေကြောင်း၊

**အကြောင်းပြချက် (၄)-** ဥပဒေနှင့်အညီ လွှဲအပ်ထားသော ပါတီမဲရုံ ကိုယ်စားလှယ်များနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်တို့ကို သက်သေအဖြစ်တင်ပြ၍ အစစ်ဆေးခံခဲ့ခြင်းဖြစ်ကြောင်း၊ မူလခုံရုံးမှ လျှောက်ထားသူက မိမိတို့ပါတီ မဲရုံကိုယ်စားလှယ် ကိုသာ သက်သေတင်ပြခဲ့ခြင်းသည် သက်သေလုံလောက်သည်ဟု မဆိုနိုင်ပေ . . . အခြား လွတ်လပ်သော သက်သေတင်ပြနိုင်မှုမရှိခြင်းဟူ၍ သုံးသပ်ထားခြင်းသည် ဥပဒေအရ မှားယွင်းကြောင်း တင်သွင်းခြင်းဖြစ်သည်။

**အကြောင်းပြချက် (၅)-** လျှောက်ထားသူပြသက်သေ ဦးနိုင်ဝင်းစိန်က တစည‌ပါတီ မဲရုံကိုယ်စားလှယ် ဦးငြိမ်းမောင်မှ ပြည်သူ့လွှတ်တော်မဲပုံးအနီးမှာနေပြီး မဲပြားပေါ်တွင် လက်ဖြင့်ထောက်ပြခဲ့သည်ကိုတွေ့ကြောင်း၊ သက်သေ ဦးကြည်ငွေက ဦးငြိမ်းမောင်သည် မဲလာပေးသူများကို မဲလက်မှတ်ပေါ်လက်ညှိုးဖြင့် ထောက်ပြပြီး " ဒါ၊ ဒါထည့်" ဟု မဲလာပေးသူများကို ပြောနေကြောင်း မူလခုံရုံးစစ်ဆေးချက်၌ ပေါ်ပေါက်ပါကြောင်း။ သို့ရာတွင် မူလခုံရုံးက မဲပြားကို လက်ဖြင့် ထောက်ပြသည်ဟု ဆိုရာတွင် မဲပေးပုံနည်းစနစ် ပြသသည်လည်း ဖြစ်နိုင်ပေသည်ဟု သုံးသပ်ဆုံးဖြတ်၍ လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပလပ်လိုက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိပါကြောင်း၊

**အကြောင်းပြချက် (၆)-** ကဖွန်းမကျေးရွာ မဲရုံအမှတ် (၁) နှင့်စပ်လျဉ်း၍ လျှောက်ထားသူပြသက်သေဦးချစ်မှီက ထွက်ဆိုခဲ့ပါကြောင်း၊ သို့ရာတွင် " လျှောက်ထားသူက မိမိတို့ပါတီ၏ မဲရုံကိုယ်စားလှယ်ကိုသာ သက်သေတင်ပြခြင်းသည် သက်သေ လုံလောက်

သည်ဟု မဆိုနိုင်ပေ ” ဟူ၍ မူလခုံရုံးက သုံးသပ်ဆုံးဖြတ်၍ လျှောက်ထားသူ၏ ကန့်ကွက် လွှာကို ပလပ်လိုက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိပါကြောင်း၊

**အကြောင်းပြချက် (၇)-** ရှားလှကျေးရွာအုပ်စု မဲရုံအမှတ် (၂) တွင် လျှောက်ထားသူပြသက်သေက “ပြည်ခိုင်ဖြိုး ပါတီ မဲရုံကိုယ်စားလှယ်များဖြစ်ကြသည့် ဦးလှမြင့်သောင်း၊ ဦးစိန်မောင်၊ ဦးချိန်တို့မှာ မဲရုံသို့ ဝင်ခွင့်မရဘဲ မဲရုံအပြင်၌သာနေကြရပါသည်” ဟူ၍ ထွက်ဆိုထားပြီး သက်သေ ဦးလှမြင့်သောင်းက ထွက်ဆိုရာတွင် “ကျွန်တော်နှင့်အတူ ဦးစိန်မောင်၊ ဦးချိန်တို့အား မဲရုံမှူး ဒေါ်ဝါဝါလွင်က မဲရုံအပြင်ဘက် ဝရန်တာတွင် မဲရုံကို ကျောပေးလျက်ထိုင်ခိုင်းပါသည်” ဟုမူလခုံရုံးစစ်ဆေးချက်၌ ပေါ်ပေါက်သော်လည်း “လျှောက်ထားသူသည် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူးတစ်ဦးနှင့် မိမိတို့ပါတီမှ မဲရုံ ကိုယ်စားလှယ်တစ်ဦးတို့ကို သက်သေအဖြစ် တင်ပြခဲ့ခြင်းဖြစ်ပြီး အခြားလွတ်လပ်သော သက်သေအထောက်အထားများ တင်ပြနိုင်ခြင်း မရှိသဖြင့် လျှောက်ထားသူ၏ သက်သေခံထွက်ဆိုချက်ကို ယုံကြည်ရန် ခဲယဉ်းသည်” ဟုသုံးသပ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပလပ်လိုက်သည့် မူလခုံရုံး၏ အမိန့်သည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်းဖြင့် ဖော်ပြလျှောက်ထားသည်။

ပြင်ဆင်မှုကို ကြားနာရာတွင် လျှောက်ထားသူ၏ ရှေ့နေက ပြင်ဆင်မှုအကြောင်း ပြချက် များကို အကျယ်တဝင့် တင်ပြလျှောက်လဲပြီး လျှောက်ထားခံရသူ ၏ ရှေ့နေကလည်း ခုံအဖွဲ့၏ ဆုံးဖြတ်ချက် မှန်ကန်ကြောင်းကို တင်ပြလျှောက်လဲခဲ့သည်။

ဤပြင်ဆင်မှုကို ကြားနာရာတွင် ပြည်ထောင်စုရှေ့နေချုပ်ကိုလည်း ရုံးတော် သဟာယအဖြစ် ဖိတ်ကြားခဲ့သဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကို စေလွှတ်ဆောင်ရွက်စေခဲ့သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က - လျှောက်ထားသူ၏ အကြောင်းပြချက် (၁) နှင့် စပ်လျဉ်း၍ (၁၀-၁၁-၂၀၁၀) ရက်နေ့စွဲဖြင့် ဆိပ်ဖြူ ပြည်ခိုင်ဖြိုး ပါတီအနေဖြင့် လျှောက်ထားသူက ဆိပ်ဖြူမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံသို့ လိပ်မူ၍ စတင်ကန့်ကွက်ခဲ့ပြီး ယင်းနေ့မှာပင် ဆိပ်ဖြူ

စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံသို့လည်း ကျူးကျော်နေထိုင်သူအဖြစ် ကန့်ကွက်အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း လျှောက်ထားသူဘက်မှ တင်ပြသော စာရွက်စာတမ်းများအဖြစ် မူလအမှုတွဲတွင် တွေ့ရှိရပါကြောင်း၊ ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေး အဖွဲ့က လျှောက်ထားသူထံလိပ်မူ၍ (၁၃-၁၂-၂၀၁၀) နေ့စွဲဖြင့် ပြန်ကြားစာ ပေးပို့ခဲ့သည်ကိုတွေ့ရကြောင်း၊ မူလခုံရုံးက ဆိပ်ဖြူစည်ပင်သာယာရေး အဖွဲ့၏ (၁၃-၁၂-၂၀၁၀) ရက်စွဲပါပြန်ကြားစာကို ရည်ညွှန်း၍ နိုင်ငံတော်ပိုင်မြေပေါ် ကျူးကျော်ခြင်း မဟုတ်၊ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းသာ ဖြစ်ကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ၁၀ (ဌ) နှင့် ငြိစွန်းခြင်းမရှိဟု သုံးသပ်ခဲ့ခြင်းမှာ ဥပဒေနှင့်အညီ ဖြစ်ပါကြောင်း၊ ပြင်ဆင်မှု အကြောင်းပြချက် ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှာ သက်သေထွက်ဆိုချက် အကြောင်းခြင်းရာများအား အမှုစစ်ဆေးသည့်ခုံရုံးက သုံးသပ်ထားသည့် အချက်များအပေါ် ချေပတင်ပြချက်များသာ ဖြစ်ပါကြောင်း၊ ယင်းအချက်များ နှင့် စပ်လျဉ်း၍ မူလခုံရုံးက အကျယ်တဝင့် သုံးသပ်ထားပြီးဖြစ်ပါကြောင်း၊ အကြောင်းခြင်းရာ သက်သက်အပေါ် ယုံထိုက် မထိုက် တင်ပြခြင်းသာဖြစ်၍ မူလခုံရုံး၏ သုံးသပ်ချက်ကိုသာ အခိုင်အမာယူရန် သင့်ပါကြောင်း၊ လျှောက်ထားသူ၏ အကြောင်းပြချက် (၇) နှင့်စပ်လျဉ်း၍ မူလခုံရုံးက "လျှောက်ထားသူသည် ပြည်ခိုင်ဖြိုးပါတီ စည်းရုံးရေးမှူး တစ်ဦးနှင့် မိမိတို့ပါတီမှ မဲရုံကိုယ်စားလှယ် တစ်ဦးတို့ကို သက်သေအဖြစ် တင်ပြခဲ့ခြင်းဖြစ်ပြီး အခြားလွတ်လပ်သော သက်သေ အထောက်အထားများကို တင်ပြနိုင်ခြင်း မရှိ" ဟုသုံးသပ်ထားခြင်းမှာ သက်သေထွက်ဆိုချက်များအရ မှားယွင်းခြင်း မရှိပါကြောင်းနှင့် လျှောက်ထားသူ၏ ပြင်ဆင်ရန် အကြောင်းပြချက်များတွင် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်ခြင်းမရှိဟု ယူဆပါကြောင်း တင်ပြလျှောက်ထားသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က) တွင် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များကို အဆုံးအဖြတ်ပေးရာ၌ ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေကြောင်းအရ မှားယွင်းကြောင်းပေါ်ပေါက်မှသာ ပြင်ဆင်မှု လျှောက်ထားနိုင်ကြောင်း

၂၀၁၁ခုနှစ်
ဦးတင်စိုး
နှင့်
ဦးမြင့်စိုး

ကို ပြဋ္ဌာန်းထားသဖြင့် ဤပြင်ဆင်မှုတွင် ဥပဒေရေးရာပြဿနာကိုသာ တင်ပြနိုင်မည်ဖြစ်ပြီး အကြောင်းခြင်းရာ ပြဿနာကို တင်ပြခွင့်မရှိပေ။

ပြင်ဆင်မှုလျှောက်ထားသူတင်ပြသည့် လျှောက်ထား ခံရသူသည် နိုင်ငံတော်ပိုင်ဝိုင်းမြေတွင် ရွေးကောက်ပွဲဝင်စဉ်နှင့် ယခင် (၁၀)နှစ်ကျော်ကတည်းက နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်ပါလျက် ရွေးကောက်ပွဲကန့်ကွက်လွှာအားပလပ်ခဲ့ခြင်းသည် ရွေးကောက်ပွဲ ဥပဒေအရ မှားယွင်းနေသည်ဟူသော အကြောင်းပြချက် (၁) နှင့်စပ်လျဉ်း၍- လျှောက်ထားသူက ဆိပ်ဖြူမြို့ ပြည်ခိုင်ဖြိုးပါတီ အတွင်းရေးမှူးအနေဖြင့် (၁၀-၁၁-၂၀၁၀) ရက်နေ့စွဲပါစာဖြင့် ဆိပ်ဖြူမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌထံလိပ်မူ၍ လျှောက်ထားခံရသူ ဦးမြင့်စိုးနေထိုင်လျက် ရှိသည့် နေအိမ်ဝိုင်းတွင် လွန်ခဲ့သော (၁၀) နှစ်ကျော်ကတည်းက ဦးမြင့်စိုးသည် နေအိမ်ဆောက်လုပ်၍ ဌာနပိုင် (နိုင်ငံတော်အစိုးရပိုင်) မြေတွင် ကျူးကျော်နေထိုင်လျက်ရှိပါ၍ ရွေးကောက်ပွဲဥပဒေနှင့် ငြိစွန်းလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၅) ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိသူများ ပုဒ်မ (၁၀) အရငြိစွန်းလျက်ရှိ သည့်အတွက် ရွေးကောက်ပွဲဥပဒေများနှင့်အညီ အရေးယူပေးပါရန် တင်ပြလျှောက်ထားခဲ့သည်။ယင်းနေ့မှာပင် ဆိပ်ဖြူမြို့စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိထံသို့လည်း ဦးမြင့်စိုးသည် လွန်ခဲ့သည့်(၁၀) နှစ်ကျော်ကတည်းက ကျူးကျော်နေထိုင်သူဖြစ်ကြောင်း ဖော်ပြလျက် အကြောင်းကြားစာပေးပို့ခဲ့သည်ကိုတွေ့ရှိရသည်။ဆိပ်ဖြူ မြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိက ဆိပ်ဖြူမြို့နယ် ပြည်ခိုင်ဖြိုးပါတီ၏ (၁၃-၁၂-၂၀၁၀) ရက်စွဲပါစာကို ရည်ညွှန်း၍ လျှောက်ထားသူထံ လိပ်မူ ပေးပို့သော (၁၃-၁၂-၂၀၁၀) ရက်စွဲပါ ပြန်ကြားစာတွင် အချင်းဖြစ်မြေနေရာအား ၁၉၉၆-၁၉၉၇ ခုနှစ်ခန့်က ထိုစဉ်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနီကုန်း (ယခုပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ဆိပ်ဖြူ မြို့နယ် မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း)က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဆိပ်ဖြူမြို့နယ် ဦးစီးမှူး ဦးမြင့်စိုး နေအိမ်မီးဘေးသင့်သဖြင့် နေထိုင်ရန် စီစဉ်ဆောင်ရွက် ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ (၁၁-၁၁-၂၀၁၀)

၂၀၁၁ခုနှစ်
ဦးတင်စိုး
နှင့်
ဦးမြင့်စိုး

ရက်နေ့ နံနက်ပိုင်းတွင် ဦးမြင့်စိုးသည် အဆိုပါမြေနေရာမှ ၎င်းပိုင်ပစ္စည်းများအားလုံးကို ဖယ်ရှားရှင်းလင်းပြောင်းရွှေ့သွားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရ သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (ဌ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

၁၀။ အောက်ပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိစေရ -

(ဌ) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်း ဖြင့်ဖြစ်စေ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ရယူ သုံးစွဲသည့် အဖွဲ့အစည်းဝင် ဖြစ်သူ၊

ခြွင်းချက်။ (၁) . . . . . .

(၂) နိုင်ငံတော်ပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း ဟူသောစကားရပ်တွင် ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်မှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့်အခန်းများ အခြားအဆောက်အအုံ နှင့်အခန်းများ၊ နိုင်ငံတော်ပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်တို့မပါဝင်။

သို့ဖြစ်၍ မူလခုံရုံးက နိုင်ငံတော်ပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်ခြင်း မဟုတ်၊ သက်ဆိုင်ရာ၏ ခွင့်ပြုချက် ဖြင့်သာ နေထိုင်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀ (ဌ) နှင့် ငြိစွန်းခြင်းမရှိဟု သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် အညီမှန်ကန်ကြောင်းတွေ့ရသည်။

လျှောက်ထားသူ၏ **အကြောင်းပြချက် (၂)** နှင့်စပ်လျဉ်း၍ လျှောက်ထားသူ ဦးတင်စိုး၏ မူလခုံရုံးရှေ့ ထွက်ချက်တွင် လျှောက်ထားခံရသူ၏ ညီအရင်းဖြစ်သူ ဦးအောင်ကျော်ဆန်းသည် မဲပြား (၅) ပြားထုတ်ယူ၍ ထိုမဲပြား (၅) ပြားလုံးကို ဆန္ဒပြုခန်းထဲတွင် ခြစ်လျက်၎င်းကိုယ်တိုင်ပင် ပြည်သူ့လွှတ်တော်မဲပုံးထဲသို့ ထည့်ခဲ့ကြောင်း၊ မဲလာပေးသူများအား စပါးနှံကိုခြစ်ရန်ပြောဆိုခဲ့ကြောင်း၊ ဒေါ်ညိုမထံမှ မဲ (၂) ပြား၊ အခြားအမည် မသိသူ သုံးလေးဦးထံမှလည်း မဲပြားများယူပြီး ကိုယ်တိုင်ခြစ်၍ ပြည်သူ့လွှတ်တော် မဲပုံးထဲထည့်ခဲ့ကြောင်း ၊ ပြည်ခိုင်ဖြိုးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး၏ မဲရုံကိုယ်စားလှယ် ဦးလေးမောင် ပြောပြ၍ သိရသည်ဟု ထွက်ဆိုထားသော်လည်း မဲရုံအတွင်း မဲဆွယ်စည်းရုံးသည်ဆိုသည့် အချက်ကို လျှောက်ထားသူပြသက်သေ ဦးလေးမောင်ကိုယ်တိုင်က လုံးဝထွက်ဆိုထားသည်ကို မတွေ့ရပေ။ ဦးအောင်ကျော်ဆန်းသည် လျှောက်ထားခံရသူ ဦးမြင့်စိုး၏ သဘောတူလမ်းညွှန်မှုအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သက်သေ ဦးလေးမောင်၏ ထွက်ဆို ချက်တွင် ပေါ်လွင်ထင်ရှားမှုမရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မူလခုံရုံး၏ သုံးသပ်ချက်သည် ဥပဒေအရမှားယွင်းမှု မရှိကြောင်း တွေ့ရပေသည်။

လျှောက်ထားသူ၏ **အကြောင်းပြချက် (၃)** နှင့် စပ်လျဉ်း၍ လျှောက်ထားသူ၏ ကန့်ကွက်လွှာတွင် အလယ်ပိုင်းရပ်ကွက်မဲရုံ၌ လျှောက်ထားခံရသူ၏ သဘောတူလမ်းညွှန်မှုဖြင့် တစည၊စည်းရုံးရေးမှူး ဦးထွေးမောင် မဲရုံတွင်း (၃) ကြိမ် ဝင်ရောက်၍ မဲလာပေးသူများအား လူလုံးပြ ဟန်ရေးပြကာ မဲဆွယ်စည်းရုံးခဲ့ကြောင်း၊ ရယကစာရေး ဒေါ်ရဲမြင့်ထံမှ မဲစာရင်းများကြည့်၍လည်း မဲထည့်လာမည့်သူများကို ဆိုင်ကယ်ဖြင့် မဲရုံနှင့် ကိုက် (၅၀၀) အတွင်း (၆) ကြိမ်တိတိပို့ဆောင်

ပေးခဲ့ကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။ မူလခုံရုံးရှေ့တွင်လည်း ဦးထွေးမောင်သည် မဲရုံအတွင်းသို့ (၃) ကြိမ် ဝင်ရောက်ခဲ့သည်ဟု သိရကြောင်း၊ ဇနီးဖြစ်သူ ဒေါ်ရဲမြင့်ထံမှ မဲစာရင်းများ တောင်းယူကြည့်ပြီး မဲပေးရန် ကျန်နေသော လူများအား ၎င်းတို့ပါတီကို မဲပေးရန်အတွက် ပြောဆိုစည်းရုံးပြီး ဆိုင်ကယ်ဖြင့် (၆) ကြိမ် လာရောက်ပို့ဆောင်သည်ဟု သိရကြောင်း၊ မဲရုံပိတ်ပြီး မဲရေတွက် ရာတွင်လည်း ဦးထွေးမောင်သည် မဲပြားများကို စုစည်းခြင်း၊ ချိတ်ပိတ်ခြင်း ပြုလုပ်ပေးသည်ဟုသိရကြောင်း ထွက်ဆိုထားသည်ကိုတွေ့ရသည်။ ရွေးကောက်ပွဲကန့်ကွက်လွှာပါ အချက် (၈) ချက်လုံးနှင့် စပ်လျဉ်းသည့် အကြောင်းခြင်းရာ စကားရပ်များကို မိမိ၏ မဲရုံကိုယ်စားလှယ်များမှတစ်ဆင့် ကြားသိရခြင်းဖြစ်ကြောင်း လျှောက်ထားသူ က ယင်း၏ကန့်ကွက်လွှာတွင် ဝန်ခံချက်လက်မှတ် ရေးထိုးထားသည်ကို လည်း တွေ့ရပေသည်။ လျှောက်ထားသူက အလယ်ပိုင်းရပ်ကွက်မဲရုံကိစ္စ နှင့်စပ်လျဉ်း၍ ဦးဝင်းထွေး (အလယ်ပိုင်းရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဝင်)၊ ဦးခင်မောင်ကြည် (လျှောက်ထားသူ ဦးတင်စိုး၏ အလယ်ပိုင်းရပ်ကွက် မဲရုံကိုယ်စားလှယ်) နှင့် ဦးကြည်သန်း (ပြည်ခိုင်ဖြိုးပါတီမှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးသော်ဇင်ဦး၏ အလယ်ပိုင်းရပ်ကွက် မဲရုံကိုယ်စားလှယ်) တို့ကို သက်သေတင်ပြခဲ့သည်။ သက်သေ (၃) ဦးလုံးက ထွက်ဆိုရာတွင် ဦးထွေးမောင် မဲရုံထဲသို့ (၃) ကြိမ် ဝင်ရောက်ခဲ့ကြောင်း၊ မဲစာရင်းများကို ကြည့်ရှု၍ ပြန်ထွက်သွားကြောင်း ပေါ်လွင်ခဲ့သည်ကို တွေ့ရသည်။ သို့သော် မဲရုံတွင်း မဲဆွယ် စည်းရုံးခဲ့ကြောင်း၊ မဲပေးရန် ကျန်နေသူများကို မဲဆွယ်စည်းရုံးပြီး မဲရုံသို့ခေါ်လာကြောင်း သက်သေများ ထွက်ချက်တွင် လုံးဝမတွေ့ ရှိရပေ။ ထို့ပြင်သက်သေ (၃) ဦးက မဲရုံပိတ်ပြီး မဲရေတွက်သည့် နေရာတွင် ဦးထွေးမောင်က မဲစာရင်းများ ထုပ်သိမ်းခြင်း၊ ချည်နှောင်ချိတ်ပိတ်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်ဟူ၍ လည်းကောင်း၊ မဲပုံးတွေ၊ မဲစာရင်းတွေ ကြည့်ကြောင်း၊ ချိတ်ပိတ်ပြီးမှ ပြန်သွားခဲ့သည် ဟူ၍လည်းကောင်း၊ ဦးထွေးမောင်ကိုယ်တိုင် မဲများကို စစ်ဆေးရေတွက်ပြီး ချိတ်ပိတ်ခဲ့သည် ဟူ၍လည်းကောင်း အမျိုးမျိုးကွဲလွဲစွာ ထွက်ဆိုခဲ့ကြ သည်ကို တွေ့ရသည်။ ရုံးခေါ်သက်သေ အလယ်ပိုင်းရပ်ကွက် မဲရုံမှူး ဦးသန်းအောင်က မဲရုံတွင် မဲများအားလုံး ရေတွက်၊ ထုပ်ပိုး၊ ချိတ်ပိတ်သည့် ကိစ္စများကို မဲရုံအဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲဉက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဆောင်ရွက်ခဲ့ကြောင်း၊ တာဝန်မရှိသူများ

ပါဝင်ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း၊ ဤသို့ ဆောင်ရွက်ရာတွင် မဲရုံတာဝန်ရှိ အဖွဲ့ဝင်များအပြင် မဲရုံ ကိုယ်စားလှယ် များနှင့် ကော်မရှင် အဖွဲ့ခွဲဝင်များ ရှိနေပါကြောင်း၊ မဲရုံတွင် မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသည်။

အောက်ခြေတွင် ရယကများ၊ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်မိရပ်ဖများကို လူတိုင်းမဲပေးရေးအတွက်ပါဝင် ကူညီကြရန် မယကနှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ပူးပေါင်းပြီး ရပ်ကွက်တိုင်းနှင့် ကျေးရွာအုပ်စု တိုင်းသို့ဆင်းကာ ရှင်းလင်းဆွေးနွေးခဲ့သည်ဆိုခြင်းမှာ မှန်ပါသည်၊ ထို့ကြောင့် ရပ်မိရပ်ဖဖြစ်သည့် ဦးထွေးမောင်သည် ထိုကိစ္စများ အတွက် ကူညီခဲ့ရသည်ကိုသိပါသလားဆိုလျှင် မသိပါဟု လျှောက်ထားသူပြ သက်သေဦးဝင်းထွေးက ဦးရှိန်ကျော်ဝင်း ပြန်လှန်မေးရာတွင် ထွက်ဆိုခဲ့ သည်ကို တွေ့ရသည်။ သို့ဖြစ်၍ မူလခုံရုံးက "ဦးထွေးမောင်သည် မဲရုံသို့လာရောက်ပို့ဆောင်သည်မှာ လူတိုင်းမဲပေးရေး အတွက် ပါဝင်ကူညီဆောင်ရွက်သည့် ကိစ္စဖြစ်သည်" ဟု သုံးသပ် ခဲ့ခြင်းသည် မှားယွင်းမှုမရှိကြောင်း တွေ့ရှိရပေသည်။

တမာချောင်မဲရုံနှင့်စပ်လျဉ်း၍ လျှောက်ထားသူပြသက်သေ ဦးကြည်ငွေ (လျှောက်ထားသူ ဦးတင်စိုး၏ တမာချောင်မဲရုံ ကိုယ်စား လှယ်)က အဓိကစစ်မေးချက်တွင် တစည၀ါတီမှ မဲရုံကိုယ်စားလှယ် ဦးငြိမ်းမောင်က မဲလာပေးသူများကို မဲလက်မှတ်ပေါ် ထောက်ပြပြီး "ဒါ၊ ဒါထည့်ပါ" ဟုပြောကြောင်း ထွက်ပြီး ပြန်လှန်စစ်မေးရာတွင် "ဦးငြိမ်းမောင်က ဒါကိုထည့်ပါဟု ပြောဆိုပြသရာတွင် ဘယ်လိုမြင်ပါ သလဲဆိုလျှင် မဲရုံတွင်း မဲထည့်သူများ နှင့် ဦးငြိမ်းမောင်ရောထွေးနေတာ တွေ့ပါသည်" ဟုထွက်ဆိုခဲ့သည်။ လျှောက်ထားသူပြသက်သေ ဦးနိုင်ဝင်းစိန် (ထိန်ကန်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်) က မဲရုံမှူး ဒေါ်ငွေးက မိမိအားခေါ်ပြီး ဦးငြိမ်းမောင်လုပ်ဆောင် နေသည်များနှင့် ပတ်သက်၍ ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်များအထင်လွဲမည်စိုး၍ ဦးငြိမ်းမောင် သတိမှတ်နေရာတွင် ပြန်ထိုင်ခိုင်းကြောင်း ထွက်ဆိုခဲ့သည်။ သက်သေထွက်ဆိုချက်များအရ ဦးငြိမ်းမောင်သည် မဲရုံတွင်း မဲဆွယ်စည်းရုံးကြောင်း ထင်ရှား ပေါ်ပေါက်ခြင်း မရှိပေ။ သို့ဖြစ်၍ မူလခုံရုံး၏ "မဲပြားကို လက်ဖြင့် ထောက်ပြသည် ဆိုရာတွင်

မဲပေးပုံနည်းစနစ်ကို ပြသည်လည်း ဖြစ်နိုင်ပေသည်။ မဲရုံမှူးက ပြည်ခိုင်ဖြိုးပါတီမှ အထင်လွဲမည်စိုး၍ ပြန်ထိုင်ခိုင်းသည်ဖြစ်ရာ ဦးငြိမ်းမောင်သည် မဲဆွယ်စည်းရုံးမှု ပြုလုပ်ခြင်းမဟုတ်ကြောင်း” သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းမှု မရှိကြောင်း တွေ့ရပေသည်။

ကဗွန်းမကျေးရွာမဲရုံအမှတ် (၁) နှင့်စပ်လျဉ်း၍ လျှောက်ထားသူပြသက်သေ ဦးချစ်မြို့က ဦးအောင်တိုးဝင်း အပေါ် စွပ်စွဲချက်များသည် ပြည်သူ့လွှတ်တော် မဲပေးခန်းနှင့်သာ သက်ဆိုင်နေသည်ကို တွေ့ရပေသည်။ တိုင်းဒေသကြီးလွှတ်တော် ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ် (၁) နှင့်သက်ဆိုင်သည့် ဤအမှုနှင့်သက်ဆိုင်ခြင်းမရှိပေ။ လုံခြုံရေး တာဝန်ကျ ဦးအောင်တိုးဝင်း နှင့် ပတ်သက်၍ လျှောက်ထားသူပြသက်သေ ဦးချစ်မြို့၏ ထွက်ဆိုစွပ်စွဲချက်များ၊ ရုံးခေါ် သက်သေ မဲရုံမှူး ဦးလှတိုး၏ ထွက်ဆိုချက်များအပေါ် “လျှောက်ထားသူက မိမိတို့ပါတီ မဲရုံကိုယ်စားလှယ်ကိုသာ သက်သေတင်ပြခြင်းသည် သက်သေလုံလောက်သည်ဟု မဆိုနိုင်ပေ။ လျှောက်ထားသူက အခြားလွတ်လပ်သော သက်သေတင်ပြနိုင်မှု မရှိခြင်းနှင့် မဲရုံမှူး ဦးလှတိုး၏ ထွက်ဆိုချက်အရ ဦးအောင်တိုးဝင်းသည် တရားမဲ့ပြုကျင့်မှုများ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း” မူလခုံရုံး၏ သုံးသပ်ချက်သည် မှားယွင်းမှုမရှိကြောင်းတွေ့ရသည်။

ရှားလှကျေးရွာအုပ်စုမဲရုံအမှတ် (၂) နှင့်စပ်လျဉ်း၍ - လျှောက်ထားသူ၏ ကန့်ကွက်လွှာတွင် မဲရုံမှူးက မဲလာပေးသူတစ်ဦးအား “ဒီစပါးနှံအကွက်ကိုခြစ်” ဟု နှုတ်မှလည်းပြော၊ လက်ဖြင့်ထောက်ပြခြင်း ပြုလုပ်ခဲ့ကြောင်း၊ လျှောက်ထားသူ၏ မဲရုံကိုယ်စားလှယ်များကို အသိမပေးဘဲ ကြိုတင်မဲရေတွက်ကြောင်း၊ မဲရုံပိတ်၍ မဲစာရင်း ရေတွက်ရာတွင်လည်း ကျေးရွာကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ရယကစာရေးက ပေ (၇၀) ခန့် ကွာဝေးလောက် သည့်နေရာမှ စောင့်ကြည့် ခိုင်းကြောင်း ဖော်ပြကန့်ကွက်ခဲ့သည်။ အထက်ပါအကြောင်း ခြင်းရာစကားရပ်များကို မိမိ၏ မဲရုံကိုယ်စားလှယ်မှတစ်ဆင့် ကြားသိရသည်ဟုလည်း လျှောက်ထားသူက ဝန်ခံချက်လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။ လျှောက်ထားသူ၏ သက်သေ ဦးကျော်ကျော်၏ ရုံးမေးထွက်ချက်၌ “ပြည်ခိုင်ဖြိုးပါတီမဲရုံ ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးလှမြင့်သောင်း၊ ဦးစိန်မောင်၊ ဦးချိန်တို့မှာ မဲရုံသို့ ဝင်ခွင့်မရဘဲ မဲရုံအပြင်မှာ နေကြရပါသည် ” ဟူ၍ ထွက်ဆိုထားပြီး သက်သေ ဦးလှမြင့်သောင်း ၏ အဓိကထွက်ချက်မှာ

"ကျွန်တော်နှင့်အတူ ဦးစိန်မောင်၊ ဦးချိန် တို့အား မဲရုံမှူး ဒေါ်ဝါဝါလွင်က မဲရုံအပြင်ဘက် ဝရန်တာတွင် မဲရုံကိုကျောပေးလျက် ထိုင်ခိုင်းပါသည်" ဟု မူလခုံရုံးတွင် တညီတညွတ်တည်းထွက်ဆိုရုံမျှဖြင့် သက်သေများ၏ ထွက်ဆိုချက် အားလုံးသည် မှန်ကန် သည် ယူဆရန် အကြောင်းမရှိပေ။ လျှောက်ထား သူပြသက်သေဖြစ်သည့် ဦးလှမြင့်သောင်း (ပြည်ခိုင်ဖြိုးပါတီမှ ဦးနီကုန်း၏ မဲရုံကိုယ်စားလှယ်) က ရုံးမေးတွင် "ပုံစံ-၁၆ တွင် ကျွန်တော် လက်မှတ် မထိုးခဲ့ရပါ၊ ကျွန်တော် ၄ နာရီခွဲ အချိန် ပြန်လာရာတွင် မဲရုံ၌မဲရေတွက်မှု မပြီးသေးပါ၊ မဲစာရင်းတောင်းရာ မရသဖြင့် ပြန်လာခဲ့ခြင်း ဖြစ်ပါသည်" ဟုထွက်ဆိုခဲ့ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ မဲရေတွက်ရာတွင် ပေ (၇၀) ခန့် ကွာဝေးသည့်နေရာမှ စောင့်ကြည့်ခိုင်းသည်ဟူသော စွပ်စွဲချက်သည် မှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။ ထို့အပြင် ဦးကျော်ကျော်က လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးကံကောင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်သည်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သည် သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်သည်ကို မိမိတိတိကျကျ မသိပါကြောင်း၊ ထို့အပြင် အဓိက စစ်မေးချက်တွင် မိမိနှင့်မဲရုံတစ်ရုံထဲ အတူတာဝန်ကျသည့် မိမိတို့ပါတီမှ ဦးလှမြင့်သောင်း (ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနီကုန်း၏ မဲရုံကိုယ်စားလှယ်) ကို ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းဟူ၍လည်းကောင်း၊ ရုံးမေးတွင် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင်စိုး၏ မဲရုံကိုယ်စားလှယ်ဟူ၍လည်းကောင်းထွက်ဆိုခဲ့သည်။သို့ဖြစ်၍မူလခုံရုံး၏ "လျှောက်ထားသူသည် ပြည်ခိုင်ဖြိုးပါတီမှ စည်းရုံးရေးမှူးတစ်ဦးနှင့် မိမိတို့ပါတီမှ မဲရုံကိုယ်စားလှယ် တစ်ဦးတို့ကို သက်သေအဖြစ် တင်ပြခဲ့ခြင်းဖြစ်ပြီး အခြားလွတ်လပ်သော သက်သေအထောက်အထားများတင်ပြနိုင်ခြင်း မရှိသဖြင့် လျှောက်ထားသူ၏ သက်သေများထွက်ဆိုချက်ကို ယုံကြည်ရန် ခဲယဉ်းသည်" ဟုသုံးသပ်ဆုံးဖြတ်ချက်သည် မှန်ကန်ကြောင်း တွေ့ရှိရပေသည်။

သက်သေများ၏ ထွက်ဆိုချက်များကို လက်ခံရန် သင့် မသင့် ဆိုသော ကိစ္စတွင် "မူလရုံးက ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ခဲ့ပါမူ

၂၀၁၁ခုနှစ်
ဦးတင်စိုး
နှင့်
ဦးမြင့်စိုး

ယင်းဆုံးဖြတ်ချက်ကို အယူခံရုံးက ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ အဘယ်ကြောင့်ဆိုသော် သက်သေများကို စစ်ဆေးသည့် မူလရုံးသည် သက်သေများ၏အမူအရာကိုကိုယ်တိုင်တွေ့မြင်ရသဖြင့် ထိုသက်သေများသည် မှန်ကန်သောသက်သေ ဟုတ်သည် မဟုတ်သည် ဆိုခြင်းကို ကောင်းစွာခန့်မှန်း နိုင်သည့်အတွက် ဖြစ်ပေသည်" ဟူ၍ **ဒေါ်တင်မေနှင့် ရဟိနာဘီဘီ** [၁] အမှုတွင် လမ်းညွှန်စီရင်ထုံးရှိပြီးဖြစ်သည်။လျှောက်ထားသူပြသက်သေများ၏ ထွက်ဆိုချက်များနှင့် ပတ်သက်၍ အမှုစစ်ဆေးသော မူလခုံရုံးသည်သက်သေများကိုကိုယ်တိုင်မြင်တွေ့စစ်ဆေးထားခြင်း၊ ယင်းတို့၏ ထွက်ဆိုချက်များအပေါ် အကြောင်းခြင်းရာအရ အကျယ်တဝင့် ရှင်းလင်းသုံးသပ်ထားပြီးဖြစ်သည့်အတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အကြောင်းခြင်းရာများအပေါ် ထပ်မံဖြည့်စွက်သုံးသပ်ရန် အကြောင်း မရှိပေ။

ထို့ကြောင့် အထက်ပါအခြေအနေတွင် ဦးမြင့်စိုးအား မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် မပျက်ပြယ် ဟုဆုံးဖြတ်ပြီး မူလရွေးကောက်ပွဲခုံအဖွဲ့ (၅) ၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

လျှောက်ထားသူ၏ ပြင်ဆင်မှုကို စရိတ်နှင့် တကွပယ်ကြောင်း အမိန့်ချမှတ်သည်။

အမှုစရိတ်ငွေကျပ် **တစ်သိန်း**ကို လျှောက်ထားသူက လျှောက်ထားခံရသူအားပေးစေ။

---

**(၁) ၁၉၆၆ ၊ မတစ ၈၆**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

+၂၀၁၁ခုနှစ်
စက်တင်ဘာလ
၉ ရက်

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်

ဦးအောင်ကျော်ဇံ လျှောက်ထားသူ

နှင့်

ဦးထွန်းအောင်ခိုင် လျှောက်ထားခံရသူ*

**ကြိုတင်ဆန္ဒမဲပေးနေသည့် မဲပုံးကိုဖွင့်လှစ်ခြင်း၊ ကြိုတင်ဆန္ဒမဲလက်မှတ် ထည့်ထားသည့် စာအိတ်ကို ဖွင့်ဖောက်ခြင်း။**

**ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၃) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များပြဋ္ဌာန်းချက်နှင့် ယင်းဥပဒေ အခန်း (၁၄) တရားမဲ့ပြုကျင့်မှုများ ပြဋ္ဌာန်းချက်တို့သည် သီးခြားဖြစ်၍ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်မဲပေးနေခြင်းကို ဟန့်တားခြင်းသည် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်း ၊ သေးနုပ်အရာ မရောက်သည့် ပြုကျင့်မှု မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက် ။** အသုံးပြုဆဲဖြစ်သော မဲပုံးကိုအခွင့်အာဏာ မရရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို ဖျက်ဆီးခြင်းသည် ရွေးကောက်ပွဲဆိုင်ရာပြစ်မှု ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၉(င) တွင်

---

*** ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် - ၈**

**+ ၂၀၁၀ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၁၈) တွင်ချမှတ်သော၆-၇-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့ (၆)၏ ဆုံးဖြတ်ချက် အပေါ်လျှောက်ထားသည့် ပြင်ဆင်မှု။**

၂၀၁၁ ခုနှစ်
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

ပြဋ္ဌာန်းထားသည်ဖြစ်၍ လျှောက်ထားသူ ဦးအောင်ကျော်ဇံ၏ ပြုလုပ်မှုသည် ယင်းရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၉(င) ပြစ်မှုကို ဖောက်ဖျက်ကျူးလွန်ရာရောက်ကြောင်းမှာ ထင်ရှားမြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်ပြစ်ဒဏ်များပြဋ္ဌာန်း ချက်နှင့် ယင်းဥပဒေ အခန်း (၁၄) တရားမဲ့ပြုကျင့်မှုများ ပြဋ္ဌာန်းချက်တို့သည် သီးခြားစီဖြစ်၍ အခန်း (၁၃)အရ ရွေးကောက်ပွဲ ဆိုင်ရာပြစ်မှုကို ရဲစခန်းတွင်တိုင်ကြားခဲ့ခြင်းမရှိသော အကြောင်းကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းမရှိကြောင်း တင်ပြချက်မှာလည်း လက်ခံရန်အကြောင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက် ။** သာဓေကျေးရွာအုပ်စုတွင် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ကြိုတင်မဲရယူခြင်းသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၅ (ခ)နှင့် (ဂ)အရ ရယူခြင်းဖြစ်သည်။ ယင်းသို့ ဥပဒေနှင့်အညီ ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲက ကြိုတင်မဲ ရယူနေခြင်းကို မည်သည့်အကြောင်းကြောင့် ကြိုတင်မဲ ရယူနေသည်၊ မည်သူက ပေးခိုင်း သည်၊ မပေးနဲ့ ပြန်ကြဟု ဟန့်တား ပြောဆိုခြင်းသည် ပြည်ခိုင်ဖြိုးပါတီအား ဟန့်တားပြောဆိုခြင်းမဟုတ်ဘဲ ကြိုတင်မဲ ရယူနေသည့် သာဓေကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲကို ဟန့်တားခြင်း ဖြစ်ကြောင်းမှာ ပေါ်ပေါက်သည်။ ယင်းသို့ ဟန့်တားခြင်းသည် ကြိုတင်မဲ ပေးနေကြသော မဲဆန္ဒရှင်များအား ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး ကို အနှောင့်အယှက် ပြုလုပ်ခြင်း ဖြစ်စေသည့်အပြင် ကြိုတင်မဲရယူ နေခြင်းကို ပျက်ပြားစေသည်ဖြစ်၍ သေးနုပ်အရာ မရောက်သည့် ပြုကျင့်မှု မဟုတ်ကြောင်းမှာ ပေါ်ပေါက်ပေသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးဘိုမင်းဖြူ<br>(တရားလွှတ်တော်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက် | - | ဦးမောင်မောင်ချို<br>(တရားလွှတ်တော်ရှေ့နေ) |

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၊

၂၀၁၁ ခုနှစ်
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးထွန်းအောင်ခိုင်နှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးအောင်ကျော်ဇံ တို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဦးထွန်းမြင့်က ခိုင်လုံဆန္ဒမဲ (၅၈၈၃)မဲ၊ ဦးထွန်းအောင်ခိုင်က ခိုင်လုံဆန္ဒမဲ (၁၁၅၅၁)မဲနှင့် ဦးအောင်ကျော်ဇံက ခိုင်လုံဆန္ဒမဲ (၃၀၅၅၀)မဲရရှိသဖြင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးအောင်ကျော်ဇံက ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ယင်းသို့ရွေးကောက်တင်မြှောက်ခံရခြင်းကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးထွန်းအောင်ခိုင်က ကျေနပ်ခြင်းမရှိ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁၈/၂၀၁၀)ကိုတင်သွင်းခဲ့ရာ ယင်းကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲ ခုံအဖွဲ့ (၆)က စစ်ဆေးကြားနာပြီးနောက် ၆. ၇. ၂၀၁၁ ရက်နေ့တွင် ဦးအောင်ကျော်ဇံအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ဦးထွန်းအောင်ခိုင်သည်သာ ရွေးကောက်တင်မြှောက် ခံထိုက်သူဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ ဦးအောင်ကျော်ဇံက ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်ခြင်းမရှိ၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၄ (က) အရ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းခြင်းဖြစ်သည်။

၎င်းပြင်ဆင်မှုတွင် လျှောက်ထားသူက အကြောင်းပြရာ၌ မူလကန့်ကွက်လွှာတွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၉၀ ပြဋ္ဌာန်းချက်အရ ဦးထွန်းအောင်ခိုင်က ကန့်ကွက်လွှာအတွက် ငွေကျပ်(၁၀)သိန်းသာပေးသွင်းခြင်းသည် မှားယွင်းကြောင်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီကို အမှုသည်အဖြစ် ထည့်သွင်း ရန်လိုကြောင်း အမှုသည်အဖြစ်မထည့်သွင်းဘဲ ဆုံးဖြတ်ခြင်းသည်မှားယွင်း ကြောင်း၊ ဦးထွန်းအောင်ခိုင်က ကန့်ကွက်လွှာအပိုဒ် (၁)မှ(၁၅)အထိ စွပ်စွဲချက်များနှင့် ပတ်သက်၍ ရုံးရှေ့အစစ်ခံရာတွင် တစ်ဆင့်ကြားသိချက်

များကိုသာ ထွက်ဆိုသည်ဖြစ်၍ သက်သေခံဥပဒေပုဒ်မ ၆၀ အရ သက်သေခံမဝင်ပါလျက် ယင်းအချက်ကို မစဉ်းစားခြင်းသည် မှားယွင်းကြောင်း၊ ကန့်ကွက်လွှာ အပိုဒ် ၁၆ ၌ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ မည်သူတို့က မည်သည့်နေရာတွင် မည်သို့မည်ပုံဟောပြောခဲ့ကြောင်း ဖော်ပြခြင်းလုံးဝ မရှိပါဘဲလျက် အဆိုအချေတွင်မပါသော အချက်အလက်များကို ကန့်ကွက်သူက ဖန်တီးတင်ပြသည်ကို ခုံရုံးက ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ကန့်ကွက်လွှာအပိုဒ် ၁၆ ပါ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ မဲဆွယ်စည်းရုံးသည့်သူများအပေါ် စွပ်စွဲချက် များသည် နိုင်ငံတော်အား အကြည်ညိုပျက်အောင်ပြုခြင်း (ပြင်ဆင်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က) ကို ကျူးလွန်ခြင်းဖြစ်၍ အမှန်တကယ်ဟောပြောခဲ့လျှင် ထိုပြစ်မှုအရ အရေးယူခံရမည်ဖြစ်ကြောင်း၊ ယင်းသို့ အရေးယူခံရကြောင်း သက်သေထင်ရှားပြရန်တာဝန်သည် သက်သေခံဥပဒေပုဒ်မ ၁၀၁ အရ ကန့်ကွက်သူအပေါ်ကျရောက်ပါလျက် ထိုသို့ဟောပြောခဲ့ခြင်းမရှိဆိုလျှင် လျှောက်ထားခံရသူဘက်မှ သက်သေတင်ပြရန်ဖြစ်သည်ဟု ခုံအဖွဲ့မှဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ၆-၁၁-၂၀၁၀ ရက်နေ့က သာဇေကျေးရွာအုပ်စုတွင် ကြိုတင်မဲပေးခြင်းသည် ပြည်ခိုင်ဖြိုးစည်းရုံးရေးမှူးများက ပေးခိုင်းကြောင်းသိရသဖြင့် တရားမဲ့ပြုကျင့်မှုများမပြုစေရန် တားဆီးဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုနေ့က ကြိုတင်ဆန္ဒမဲဆက်လက်ပေးခဲ့ကြောင်း ပေါ်ပေါက်ပါလျက် ထိုအချက်ကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ ထိုနေ့ကဆန္ဒမဲပေးခြင်း ဆက်လက်မပြုလုပ်နိုင်တော့ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည်မှားယွင်းကြောင်း၊ မူလအမှုတွင် ပြင်ဆင်မှု လျှောက်ထားသူအား ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ (င) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သုံးသပ်ထားသော်လည်း ယင်းပြစ်မှုဖြင့် အရေးယူရန် တိုင်တန်းထားခြင်းမရှိ၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် မှားယွင်းကြောင်း၊ လျှောက်ထားခံရသူ၏ သက်သေဦးသာစိန်သည် အမှတ်(၅) ရပ်ကွက်မဲရုံသို့ ဦးမောင်ထွန်းမြနှင့်အတူဝင်ရောက်ခဲ့သဖြင့် ၎င်းသည်ရွေးကောက်ပွဲဆိုင်ရာဥပဒေ ပုဒ်မ ၅၉(ဈ) ကိုကျူးလွန်ရာရောက်ပါလျက် ထိုအချက်ကိုခုံအဖွဲ့က ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့သည်မှာ မှားယွင်းကြောင်း၊ ပြင်ဆင်မှု လျှောက်ထားသူ

က ရရှိသည့် ခိုင်လုံမဲမှာ (၃၀၅၅၀) ဖြစ်ပြီး ပြင်ဆင်မှုလျှောက်ထားခံရသူရရှိသည့် ခိုင်လုံမဲမှာ (၁၁၅၅၁)မဲဖြစ်သဖြင့် ရွေးကောက်ပွဲခုံအဖွဲ့က တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသည်ဟု သတ်မှတ်ခဲ့သော မဲအရေအတွက်အားလုံးကို နုတ်ပယ်လိုက်လျှင်ပင် ပြင်ဆင်မှုလျှောက်ထားသူထက် ပြင်ဆင်မှုလျှောက်ထားခံရသူက သာလွန်ခြင်းမရှိ၍ ပြင်ဆင်မှုလျှောက်ထားခံရသူက မဲအများဆုံးဖြင့် အနိုင်ရသည်ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ ပြင်ဆင်မှု လျှောက်ထားသူနှင့် ပြင်ဆင်မှုလျှောက်ထားခံရသူတို့သည် လူမျိုးတူ၊ ဘာသာတူဖြစ်သဖြင့် လူမျိုးကို အကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ရန်အကြောင်း မရှိသောကြောင့် လျှောက်ထားသူအပေါ် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (ဈ) အရ ဆုံးဖြတ်ခြင်းသည် မှားယွင်းပါကြောင်းဖြင့် အကြောင်းပြသည်။

၂၀၁၁ ခုနှစ်
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

ပြင်ဆင်မှုကိုကြားနာရာတွင် လျှောက်ထားသူ၏ရှေ့နေက ပြင်ဆင်မှု အကြောင်းပြချက်များကို လျှောက်လဲတင်ပြပြီး ပြင်ဆင်မှုလျှောက်ထားခံရသူ၏ရှေ့နေက မူလခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် မှန်ကန်ကြောင်းကို တင်ပြသည်။

ရုံးတော်သဟာယအဖြစ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ဥပဒေ အချက်အလက်များကို တင်ပြပြီး မူလခုံအဖွဲ့၏ဆုံးဖြတ်ချက်တွင် အရေးယူလောက်သော ဥပဒေရေးရာ ပြဿနာပေါ်ပေါက်ခြင်းမရှိကြောင်းဖြင့် တင်ပြသည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေက ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးထွန်းအောင်ခိုင်၏ ကန့်ကွက်လွှာအပိုဒ် (၁၆)၌ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ စည်းရုံးဟောပြောကြောင်းနှင့်ပတ်သက်၍ မည်သူတို့က မည်သည့်နေရာတွင် မည်သို့မည်ပုံ ဟောပြောခဲ့သည်ဟု ဖော်ပြချက်လုံးဝမရှိဘဲ အမှုစစ်ဆေးသည့် အခါမှ သက်သေ ဦးမောင်အေးစိန် (ရပ်ကွက်-၄၊ ကုလားရွာ)၊ ဦးသာစိန် (ပြည်ခိုင်ဖြိုး စည်းရုံးရေးကော်မတီဝင်)နှင့် ဦးဟူဆောင်းအာမောက် (အနောက်ရဲကျေးရွာ) တို့ကို ရုံးရှေ့တွင် ဖန်တီးတင်ပြခဲ့ခြင်းသည် အဆိုအချေနှင့် ဆန့်ကျင်ကွဲလွဲသော ဇာတ်လမ်းသစ်ကိုဖန်တီးခြင်း ဖြစ်၍

မှားယွင်းကြောင်း၊ အဆိုလွှာတွင်မပါသည့် သက်သေများကို ဖန်တီး တင်ပြချက်အပေါ် သုံးသပ်ဆုံးဖြတ်ခြင်းသည်လည်း မှားယွင်းကြောင်း ဖြင့် တင်ပြသည်။

အဆိုအချေနှင့်ကွဲလွဲသော ဇာတ်လမ်းသစ်ဆိုသည်မှာ အဆိုအချေပါ အမှုအကြောင်းအရာနှင့် မတူကွဲပြားခြားနားသော နောက်ထပ်အမှုအကြောင်းအရာသစ် တင်ပြခြင်းကို ဆိုလိုသည်။

ယခုအမှုမှာ ထိုကဲ့သို့အမှုအကြောင်းအရာသစ်ကို ဖော်ထုတ်တင်ပြခြင်း မဟုတ်ဘဲ အဆိုလွှာအပိုဒ် (၁၆) တွင် ဖော်ပြ စွပ်စွဲထားသည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ မည်သည့် နေ့ရက်၊ မည်သည့်ကျေးရွာတွင် မည်သူတို့က မည်သို့ ဟောပြောခဲ့ ကြောင်းကို သက်သေတင်ပြခြင်းဖြစ်သည်။အကြောင်းအရာသစ်ကို သက်သေတင်ပြနေခြင်းမဟုတ်ပေ။

ကန့်ကွက်သူ ဦးထွန်းအောင်ခိုင်က ကန့်ကွက်လွှာကို တင်သွင်းစဉ်က ယင်းကန့်ကွက်လွှာနှင့် အတူ တရားမဲ့ပြုကျင့်မှုများ နှင့်ပတ်သက်သည့်စာရင်းကို ပူးတွဲတင်ပြရသည်။ ထိုစာရင်းတွင် တရားမဲ့ပြုကျင့်မှု ကျူးလွန်သူများ၏အမည်ကို ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဟူ၍လည်းကောင်း၊ ကျူးလွန်သော နေ့ရက်ကို မဲဆွယ်စည်းရုံးသည့်ကာလဟူ၍လည်းကောင်း၊ ကျူးလွန်သည့်နေရာကို ပေါက်တောမြို့နယ် ဟူ၍လည်းကောင်း ဖော်ပြထားသည်ကို ကန့်ကွက်ခံ ရသူ ဦးအောင်ကျော်ဇံက ၎င်း၏ချေလွှာအပိုဒ် (၁၆)တွင် ထိုအချက် အလက် မမှန်ကန်ကြောင်းချေပထားသည်။ အကယ်၍ အဆိုလွှာတွင် ဖော်ပြရမည့် အချက်အလက်များ မပြည့်မစုံဖော်ပြထား၍ ကောင်းစွာ မချေပနိုင်ဟုဆိုလျှင် ချေလွှာမတင်မီ တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၅ အရ သာ၍ကောင်းမွန်သော အချက်အလက်များကို ဖော်ပြပေးရန် ဦးအောင်ကျော်ဇံက တောင်းဆိုခွင့်ရှိသည်။ ယခုမူ ထိုသို့သာ၍ကောင်းမွန်သော အချက်အလက်များ တောင်းဆိုခဲ့ခြင်း မရှိဘဲ ချေလွှာတင်သွင်း၍ အမှုဆုံးဖြတ်ပြီးသည့်အခါမှ မူလက အချက် အလက်များ မပြည့်စုံ၍ သာလွန်ကောင်းမွန်သော အချက်အလက်များ ဖော်ပြသင့်သောကိစ္စကို ပြန်လည်တင်ပြခြင်းမှာ လက်ခံရန်အကြောင်း

၂၀၁၁ ခုနှစ်
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

မရှိချေ။

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီကို အမှုသည်အဖြစ်ထည့်သွင်းရန်နှင့်ပတ်သက်၍ ဦးထွန်းအောင်ခိုင်က ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ အရ တင်သွင်းသော ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုမှာ ရွေးကောက်ပွဲနှင့်စပ်လျဉ်းပြီး ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဦးအောင်ကျော်ဇံအား ရွေးကောက်တင်မြှောက်ခြင်း ပျက်ပြယ်ကြောင်း နှင့် မိမိသာလျှင်ရွေးကောက် ခံရထိုက်သူဖြစ်ကြောင်း ကြေညာစေရန် စွဲဆိုမှုဖြစ်၍ သက်ဆိုင်သော အမှုသည်များမှာ ဦးထွန်းအောင်ခိုင်နှင့် ဦးအောင်ကျော်ဇံတို့သာ ဖြစ်ကြောင်းမှာ ထင်ရှားမြင်သာ ပေသည်။

ဦးထွန်းအောင်ခိုင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၈(ဂ) အရ မိမိစွပ်စွဲလိုသော တရားမဲ့ပြုကျင့်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ တရားမဲ့ ပြုကျင့်မှုကျူးလွန်သူများ၏အမည်များ၊ တရားမဲ့ ပြုကျင့်မှုအသီးသီးကို ကျူးလွန်သော နေ့ရက်နှင့်နေရာများကိုဖော်ပြသောစာရင်း တစ်စောင်ကိုကန့်ကွက်လွှာနှင့် အတူပူးတွဲတင်သွင်းရမည်ဟု ပြဋ္ဌာန်းထားသောကြောင့် ယင်းသို့တရားမဲ့ပြုကျင့်မှု ကျူးလွန်သူ၏အမည်ကို ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဟု ကန့်ကွက်လွှာနှင့် ပူးတွဲပါစာရင်းတွင်အမည်ဖော်ပြခြင်းဖြစ်သည်။ ယင်းသို့ကန့်ကွက်လွှာနှင့် ပူးတွဲပါစာရင်းတွင် တရားမဲ့ပြုကျင့်မှုကျူးလွန်သူအမည်နှင့်ကျူးလွန်သည့် အချက်အလက်၊ နေရာတို့ကို ဖော်ပြသည့်အကြောင်းကြောင့် ထိုသို့ဖော်ပြထားသော တရားမဲ့ပြုကျင့်သူမှန်သမျှကို အမှုသည်အဖြစ်ထည့်သွင်းရမည်ဆိုခြင်းမှာ လက်ခံဖွယ်မရှိပေ။

အမှုစရိတ်ငွေများပေးသွင်းခြင်းသည် ကန့်ကွက်သူက ပေးသွင်းရခြင်း ဖြစ်သည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၉၀ တွင် ကန့်ကွက်လွှာ တင်သွင်းသူ တိုင်းသည် အမှုစရိတ်အတွက် ငွေကျပ် (၁၀) သိန်းကို ပေးသွင်းရမည်ဖြစ်ကြောင်း နှင့် ကန့်ကွက်သူတစ်ဦးထက်ပို၍ ပါရှိလျှင် ကန့်ကွက်သူတစ်ဦးချင်း အလိုက် ငွေကျပ် (၁၀) သိန်းစီပေးသွင်းရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ကန့်ကွက်သူက အမှုစရိတ်ငွေတင်သွင်းရကြောင်းမှာ ထင်ရှားသည်။ သို့ဖြစ်၍

ကန့်ကွက်သူ ဦးထွန်းအောင်ခိုင်က ငွေကျပ် (၁၀) သိန်း ပေးသွင်းခြင်းသည် မှားယွင်းခြင်း မရှိပေ။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအခန်း (၁၃) ပါ ရွေးကောက်ပွဲ ဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များ ပြဋ္ဌာန်းချက်နှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအခန်း (၁၄) တရားမဲ့ ပြုကျင့်မှုများပြဋ္ဌာန်းချက်များသည် မတူညီ ကွဲပြားခြားနားသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုကိုရဲစခန်းနှင့် တရားရုံးများ တွင်တိုင်ကြားထားခြင်း မရှိသောကြောင့် ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်လွှာကို အရေးမယူနိုင်ဟုဆိုခြင်းသည် လက်ခံရန်အကြောင်း မရှိပေ။

မူလအမှုကိုလေ့လာရာတွင် ရွေးကောက်ပွဲခုံအဖွဲ့က ဦးအောင်ကျော်ဇံသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၆(က)(၂) အရ တရားမဲ့ပြုကျင့်မှုနှင့် ပုဒ်မ ၆၆ (ဈ) အရ တရားမဲ့ ပြုကျင့်မှုများကို ကျူးလွန်ခဲ့ကြောင်းဖြင့် ဆုံးဖြတ်ထားသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(က)(၂) အရ တရားမဲ့ ပြုကျင့်မှုနှင့်စပ်လျဉ်း၍ ပေါက်တောမြို့နယ်၊ သာဇေ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဦးလှစောက ရွေးကောက်ပွဲနေ့က သာဇေကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ၅-၁၁-၂၀၁၀ ရက်နေ့ နံနက် (၁၁) နာရီ အချိန်တွင် မိမိ၏နေအိမ်အား ရုံးအဖြစ်သတ်မှတ်ပြီး ကြိုတင်မဲများကို လက်ခံခဲ့ကြောင်း၊ ထိုနေ့ကကြိုတင်မဲလာရောက်ပေးသူ (၅၀)ခန့် ရှိကြောင်း၊ ညနေ (၅) နာရီခွဲ အချိန်ခန့်တွင် ရ.တ.ပ ပါတီဝင် ဦးလှမောင်၊ ဦးမောင်သိန်းထွန်း၊ ဦးမောင်သန်း၊ ဦးရွှေလုံးကြီး၊ ဦးမောင်သိန်းတင်၊ ဦးမောင်ရွှေသန်းတို့ ရောက်လာကြပြီး ဘာဖြစ်လို့ကြိုတင်မဲပေးသလဲ၊ ဘယ်သူပေးခိုင်းသလဲ ဟုအော်ငေါက်ပြီး မေးကြောင်း၊ မဲပေးရန် လာသူများကိုလည်း မပေးနဲ့ပြန်ကြဟု အော်ငေါက်ပြောကြောင်း၊ ဦးဆောင်လာသူ ဦးလှမောင်နှင့် အရက်မူးနေသူ ဦးမောင်သန်းတို့ကအော်ငေါက်ပြောခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ကြိုတင်မဲမပေးဘဲ ကြောက်ပြီး ပြန်သွားခြင်းဖြစ်ကြောင်း၊ ထိုအကြောင်းကို ၆-၁၁-၂၀၁၀ ရက်နေ့တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့

၂၀၁၁ ခုနှစ်
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

မိမိကတင်ပြတိုင်ကြားကြောင်း၊ ၆. ၁၁. ၂၀၁၀ ရက်နေ့ နံနက် (၁၀)နာရီခွဲ အချိန်ခန့်တွင်လည်း လျှောက်ထားခံရသူ ဦးအောင်ကျော်ဇံ၊ ဦးမောင်လှ၊ ဦးစိုးနိုင်၊ ဦးကျော်သာအောင်တို့နှင့်အတူ ကံချောင်းရွာမှ ဦးခင်မောင်နု၊ ဦးအောင်ထွေးလင်း၊ ဦးမောင်သိန်းထွန်း၊ ဦးမောင်သိန်းအောင်၊ ဦးအေးမောင်၊ ဦးအောင်ကျော်ဦး၊ ဦးဦးသိန်းမောင်တို့ မိမိ၏အိမ်သို့ရောက်လာပြီး မဲပုံးကိုကြည့်ခွင့် တောင်းကြောင်း၊ မြို့နယ်မှ ခွင့်ပြုချက်မပါလျှင် မကြည့်ရဟုပြောကြောင်း၊ ဦးအောင်ကျော်ဇံက လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ယောက် အနေဖြင့် ကြည့်ခွင့်ရှိကြောင်းပြောပြီး မဲပုံးကို ဖွင့်ကြည့်ကြောင်း ၊ မဲပုံးထဲရှိ ကြိုတင်မဲပေးထားသော စာအိတ်ကို ဦးအောင်ကျော်ဇံကိုယ်တိုင် ယူပြီး ဖွင့်ဖောက်ကြည့်ကြောင်း၊ စာအိတ် (၃) အိတ်ဖောက်ကြည့်ပြီး ကြံ့ခိုင်ရေးမဲတွေချည်းပဲဟုပြောပြီး ကြိုတင်မဲလက်မှတ်များကို ဓာတ်ပုံရိုက်ယူကြောင်း၊ ထိုစဉ်က မိမိ၏နေအိမ်တွင် ကြိုတင်မဲလာပေးသူ (၉/၁၀)ယောက်ရှိကြောင်း၊ ယင်းနောက် ၎င်းတို့ပြန်သွားကြောင်း၊ ထိုကိစ္စကို ပေါက်တောမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ တိုင်ကြားခဲ့ကြောင်း ထွက်ဆိုပြီး ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် ဦးဦးခင်မောင်ကလည်း ၆-၁၁-၂၀၁၀ ရက်နေ့နံနက် (၁၂) နာရီအချိန်တွင် ဦးအောင်ကျော်ဇံ နှင့်အဖွဲ့သည် ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်လာကြောင်း၊ ဦးအောင်ကျော်ဇံနှင့်အတူ ဦးကျော်သာအောင်၊ ဦးမောင်လှ၊ ဦးစိုးနိုင်၊ မောင်ခင်နု ၊ ဦးအောင်ဌေးလင်း၊ ဦးသိန်းမောင်၊ မောင်သိန်းထွန်း၊ ဦးမောင်သိန်းတင်၊ ဦးအေးမောင်၊ ဦးစံကျော်ဦးတို့ပါလာကြောင်း၊ ၎င်းတို့က ကြိုတင်မဲများကို ကြည့်ခွင့်တောင်းကြောင်း၊ မိမိက ခွင့်မပြု ကြောင်း၊ ဦးအောင်ကျော်ဇံက ငါလိုလွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ကြည့်လို့ရကြောင်းပြောရာ မိမိက မြို့နယ်ကော်မရှင် အဖွဲ့ခွဲမပါလျှင် ကြည့်လို့မရဟုပြောကြောင်း၊ ကံချောင်းရွာတွင် အကုန်လုံးစစ်ပြီးပြီ ဘာဖြစ်လို့ခွင့်မပြုတာလဲဟု ဆဲဆို၍ပြောကြောင်း၊ မိမိကပြဿနာ ဖြစ်မည်စိုး၍ ထွက်လာခဲ့ကြောင်းဖြင့် ထွက်ဆိုသည်။

ယင်းကိစ္စများနှင့်စပ်လျဉ်း၍ ပေါက်တောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဖြစ်သူ ဦးဦးချစ်စိန်က ထိုအကြောင်းများကို သာဇေကျေးရွာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဦးလှစောနှင့်အဖွဲ့ဝင်

ဦးဦးခင်မောင်တို့မှ ၆-၁၁-၂၀၁၀ ရက်စွဲပါစာဖြင့် မိမိထံ တင်ပြတိုင်ကြားခဲ့ကြောင်းဖြင့် ထောက်ခံထွက်ဆိုသည်။

ဤသက်သေခံချက်များသည် တစ်ဆင့်ကြား သက်သေခံချက်များ မဟုတ်ချေ။

သာဇေကျေးရွာအုပ်စု၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဦးစောလှ၏ ထွက်ဆိုချက်တွင် ၅-၁၁-၂၀၁၀ ရက်နေ့တွင် ကြိုတင်မဲလာပေးသူ (၅၀) ခန့်ရှိကြောင်း၊ ညနေ (၅)နာရီခွဲတွင် ရ. တ. ပ ပါတီဝင် ဦးလှမောင်တို့ရောက်လာပြီး ဘာဖြစ်လို့ ကြိုတင်မဲပေးသလဲ၊ ဘယ်သူပေးခိုင်းသလဲ၊ မပေးနဲ့ပြန်ကြဟု အော်ငေါက်ပြောကြောင်း၊ ထို့ကြောင့်ကြိုတင်မဲမပေးဘဲ ကြောက်ပြီးပြန်သွားကြောင်းနှင့် ၆-၁၁-၂၀၁၀ ရက်နေ့တွင် ကြိုတင်မဲ ပေးသူ (၉/၁၀) ယောက်ရှိကြောင်း၊ ယင်းနောက် ၎င်းတို့ပြန် သွားကြောင်း ထွက်ဆိုထားသည်ကိုတွေ့ရသည်။ ထိုရက်နေ့များက ကြိုတင်မဲ ပေးခြင်းမပျက်ပြယ်ဘဲ ဆက်လက်၍ ကြိုတင်မဲပေးခဲ့သည်ဟု ဦးအောင်ကျော်ဇံက မည်သည့်သက်သေ တစ်ဦးတစ်ယောက်ကိုမျှ တင်ပြထားခြင်းမရှိပေ။ သို့ဖြစ်၍ ကြိုတင်မဲပေးခြင်း မပျက်ပြယ်ဘဲ ကြိုတင်မဲ (၅၀)ပေးခဲ့သည်ဟု တင်ပြခြင်းမှာ လက်ခံရန်အကြောင်း မရှိပေ။

အသုံးပြုဆဲဖြစ်သော မဲပုံးကိုအခွင့်အာဏာမရရှိဘဲ ဖွင့်လှစ်ခြင်း သို့မဟုတ် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲ လက်မှတ်ကို ဖျက်ဆီးခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉(င)တွင် ပြဋ္ဌာန်းထားသည် ဖြစ်၍ လျှောက်ထားသူ ဦးအောင်ကျော်ဇံ၏ပြုလုပ်မှုသည် ယင်းရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၉(င) ပြစ်မှုကို ဖောက်ဖျက် ကျူးလွန်ရာ ရောက်ကြောင်းမှာ ထင်ရှားမြင်သာသည်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် ပြစ်ဒဏ်များပြဋ္ဌာန်းချက်နှင့် ယင်းဥပဒေ အခန်း (၁၄) တရားမဲ့ ပြုကျင့်မှုများ ပြဋ္ဌာန်းချက်တို့သည် သီးခြားစီဖြစ်၍ အခန်း (၁၃)အရ ရွေးကောက်ပွဲ ဆိုင်ရာပြစ်မှုကို ရဲစခန်းတွင်တိုင်ကြားခဲ့ခြင်းမရှိသော အကြောင်းကြောင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့်

<u>၂၀၁၁ ခုနှစ်</u>
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

တရားမဲ့ပြုကျင့်မှုကျူးလွန်ခြင်းမရှိကြောင်း တင်ပြချက်မှာလည်း လက်ခံရန်အကြောင်းမရှိချေ။

သို့ဖြစ်၍ ကြိုတင်မဲပေးနေသည်ကို အနှောင့်အယှက်ပြုခြင်းသည် ရွေးကောက်ပွဲတွင်မဲပေးနိုင်သော အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်းဖြစ်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၆(က)(၂) အရ တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (ဃ)အရ တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ကြောင်း ကန့်ကွက်သူ ဦးထွန်းအောင်ခိုင်က သက်သေအဖြစ် ပေါက်တောမြို့နယ်၊ ကံချောင်းကျေးရွာနေ ဦးဦးလှစော (လျှောက်ထားသူပြ-၁)၊ သာဇေကျေးရွာနေ ဦးဦးခင်မောင် (လျှောက်ထားသူပြ -၂)၊ ဒါးကိုင်ကျေးရွာနေ ဦးမောင်သိန်းမြ (လျှောက်ထားသူပြ -၃)၊ ပေါက်တောမြို့၊ အနောက်ပိုင်းရပ်ကွက်နေ ဦးသာစိန် (လျှောက်ထားသူပြ -၄)တို့ကို သက်သေတင်ပြခဲ့ရာ ရွေးကောက်ပွဲခုံအဖွဲ့က ယင်းသက်သေများ၏ ထွက်ဆိုချက် အရ ဦးအောင်ကျော်ဇံ ရွေးကောက်ခံရရေးအတွက် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက လူမျိုးကိုအကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် ဟောပြောလှုံ့ဆော်ခြင်းပြုသောကြောင့် ရွေးကောက်ပွဲဥပဒေ ပုဒ်မ၆၆(ဃ) ကိုကျူးလွန်သည်ဟု ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရသည်။

ပြင်ဆင်မှုလျှောက်ထားသူ ဦးအောင်ကျော်ဇံ၏ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ပေါက်တောမြို့နယ်တွင် ဦးတက်ထွန်းအောင်၊ ဦးမောင်ကျော်သိန်း၊ ဦးယဉ်မောင်နှင့် ဦးဦးစောလှတို့သည် ၂၇-၁၀-၂၀၁၀ ရက်နေ့ မွန်းလွဲ (၁) နာရီအချိန်ခန့်၌ ပေါက်တောမြို့နယ်၊ ကံချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမောင်ကျော်သိန်း၊ ဦးတက်ထွန်းအောင်၊ မြို့နယ်စည်းရုံးရေးမှူး ဦးဝေဇံဖြူ၊ ဦးသာထွန်းအေး၊ ဦးထွန်းတင်နှင့် အမည်မသိသူ တစ်ဦးတို့သည် ရွေးကောက်ပွဲမတိုင်မီ (၅) ရက်ခန့်အလို၌ ပေါက်တောမြို့နယ်၊ သာဇေကျေးရွာ ရွာလယ်ဇရပ်တွင် လည်းကောင်း၊ ဦးအောင်ကျော်ဇံ၊

၂၀၁၁ ခုနှစ်
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

ဦးမောင်မြ၊ ဦးမောင်ကျော်သိန်းနှင့် ဦးဝေဇံဖြူတို့သည် ၁၄-၈-၂၀၁၀ ရက်နေ့၌ ပေါက်တောမြို့နယ်၊ ဒါးကိုင်ကျေးရွာ ရွာလယ်ဇရပ်တွင်လည်းကောင်း၊ ဦးမောင်ကျော်သိန်း၊ ဦးကျော်ထွန်းအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးမောင်မြ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဝင် ဦးကျော်သာအောင်နှင့် ဦးစောလှတို့သည် ပေါက်တောမြို့ အမှတ်(၃) ရပ်ကွက် လမ်းခွဆုံ တစ်ခုတွင် အောက်တိုဘာလ (၃၀) ရက်နေ့ ည (၈) နာရီအချိန်ခန့်၌ လည်းကောင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက် ခံရရေးအတွက် လူမျိုးရေးကို အကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ဟောပြောခဲ့ကြကြောင်းကို အထက်ဖော်ပြပါ သက်သေများ၏ ထွက်ဆိုချက်များရှိကြောင်း တွေ့ရှိရသည်။

ယင်းသက်သေထွက်ဆိုချက်များသည် တစ်ဆင့်ကြားသက်သေခံချက်များ မဟုတ်သည့်အပြင် ရွေးကောက်ပွဲခုံအဖွဲ့က သက်သေထွက်ဆိုချက်မရှိဘဲ သုံးသပ်ဆုံးဖြတ်ခဲ့သည်ဟုလည်း မတွေ့ရှိရပေ။

ယင်းသက်သေများ၏ထွက်ဆိုချက်များကို ဦးအောင်ကျော်ဇံက ပြန်လည် ချေဖျက်ထားနိုင်ခြင်း မရှိသည့်အပြင် ထိုသက်သေများကို မယုံကြည်ထိုက်ဟုလည်း တင်ပြထားခြင်းမရှိပေ။

မူလရွေးကောက်ပွဲခုံအဖွဲ့က ယင်းသက်သေများအနက် သက်သေဦးသာစိန်မှာ ပြည်ခိုင်ဖြိုးပါတီ၏ စည်းရုံးရေးကော်မတီဖြစ်၍ ၎င်း၏ထွက်ဆိုချက်ကို မယုံကြည်ထိုက်ဟု ဆိုသည့်တိုင် ဦးဦးလှစော၊ ဦးဦးခင်မောင်နှင့် ဦးအောင်သိန်းမြတို့မှာ လွတ်လပ်သည့် သက်သေများဖြစ်ကြကြောင်း စိစစ်သုံးသပ်ထားသည်ဖြစ်၍ သက်သေများ၏ ထွက်ချက်ကို ချင့်ချိန်ပြီး သုံးသပ်ဆုံးဖြတ်ခဲ့သည်မှာ ပေါ်လွင်ထင်ရှားသည်။

သက်သေများ၏ထွက်ဆိုချက်ကို ယုံကြည်ထိုက် မယုံကြည်ထိုက် စိစစ်သုံးသပ်ခြင်းသည် ရွေးကောက်ပွဲခုံအဖွဲ့က မိမိတို့ ဆင်ခြင်တုံတရားအရ သုံးသပ်ဆုံးဖြတ်ခြင်းဖြစ်၍ အကြောင်းခြင်းရာ ပြဿနာ သာဖြစ်သည်။ ယင်းသို့ ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ခဲ့ပါမူ ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်မှုတွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

၂၀၁၁ ခုနှစ်
ဦးအောင်ကျော်ဇံ
နှင့်
ဦးထွန်းအောင်ခိုင်

ဤပြင်ဆင်မှုတွင် ပြင်ဆင်မှုလျှောက်ထားသူ ဦးအောင်ကျော်ဇံက ၎င်းအားပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၃ (ခ) နှင့် (ဂ) အရ သက်သာခွင့်ကို ပေးထိုက်ကြောင်း တင်ပြခဲ့ပေသည်။

သာဇေကျေးရွာအုပ်စုတွင် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲက ကြိုတင်မဲရယူခြင်းသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၅ (ခ)နှင့် (ဂ)အရ ရယူခြင်းဖြစ်သည်။ ယင်းသို့ ဥပဒေနှင့်အညီ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ကြိုတင်မဲ ရယူနေခြင်းကို မည်သည့်အကြောင်းကြောင့် ကြိုတင်မဲရယူနေသည်၊ မည်သူက ပေးခိုင်းသည်၊ မပေးနဲ့ပြန်ကြဟု ဟန့်တားပြောဆိုခြင်းသည် ပြည်ခိုင်ဖြိုး ပါတီအား ဟန့်တားပြောဆိုခြင်းမဟုတ်ဘဲ ကြိုတင်မဲ ရယူနေသည့် သာဇေကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲကို ဟန့်တားခြင်း ဖြစ်ကြောင်းမှာ ပေါ်ပေါက်သည်။ ယင်းသို့ဟန့်တားခြင်းသည် ကြိုတင်မဲပေးနေကြသော မဲဆန္ဒရှင်များအား ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးကို အနှောင့်အယှက်ပြုလုပ်ခြင်းဖြစ်စေသည့်အပြင် ကြိုတင်မဲရယူနေခြင်းကို ပျက်ပြားစေသည်ဖြစ်၍ သေးနုပ်အရာ မရောက်သည့် ပြုကျင့်မှု မဟုတ်ကြောင်းမှာ ပေါ်ပေါက်ပေသည်။

ထို့ကြောင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် ( ၁၈/၂၀၁၀ )တွင် ၆-၇-၂၀၁၁ ရက်နေ့၌ ရွေးကောက်ပွဲခုံအဖွဲ့က ပြင်ဆင်မှုလျှောက်ထားသူ ဦးအောင်ကျော်ဇံအား ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက် တင်မြှောက်ခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ပြင်ဆင်မှု လျှောက်ထားခံရသူ ဦးထွန်းအောင်ခိုင်အား ရွေးကောက်တင်မြှောက်ခြင်းခံရသူဖြစ်ကြောင်း ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်းမရှိ၍ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

လျှောက်ထားသူ၏ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပယ်ကြောင်း အမိန့်ချမှတ် သည်။

တရားစရိတ်ငွေ ကျပ် **တစ်သိန်း**ကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေ။

+၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၉ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်**

**ဦးကျော်ထွန်းအောင် လျှောက်ထားသူ**
**နှင့်**
**ဦးဦးစောလှ လျှောက်ထားခံရသူ ⁕**

**ရွေးကောက်ပွဲဥပဒေ အခန်း(၁၃) ပြစ်မှုများ (Offences) များနှင့် အခန်း (၁၄) တရားမဲ့ပြုကျင့်မှုများ ( Malpractices ) များမတူညီကွဲပြားခြင်း၊ တရားမဲ့ပြုကျင့်မှုများ ( Malpractices )ကို ရွေးကောက်ပွဲခုံအဖွဲ့က အဆုံးအဖြတ် ပြုရခြင်း။**

**လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် ကန့်ကွက်သူသည်သာ ခိုင်လုံသော မဲအများဆုံး ရရှိနိုင်သည်ဆိုခြင်းမှာ မှန် မမှန်။**

**ဆုံးဖြတ်ချက်။** ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) တရားမဲ့ပြုကျင့်မှုများမှာ ယင်းဥပဒေပုဒ်မ ၆၆ တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုများ ( Malpractices ) ဖြစ်၍ ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော တရားမဲ့ပြုကျင့်မှုများ ဖြစ်သည်။ ယင်းတရားမဲ့ပြုကျင့်မှုများကို ဖောက်ဖျက်လျှင် ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော် လည်းကောင်း ချမှတ်ရန်ပြစ်ဒဏ် ပြဋ္ဌာန်းထားခြင်း မရှိ၍ ပြစ်မှုများ ( Offences ) မဟုတ်ကြောင်းမှာ ထင်ရှားမြင်သာပေသည်။

---

⁕ ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် - ၉။

\+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ်-(၁၉) တွင် ချမှတ်သော ၆-၇-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့(၆)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု။

သို့ဖြစ်၍ ရွေးကောက်ပွဲဥပဒေအခန်း (၁၃) အရ ပြစ်မှုများကို ရဲစခန်းတွင်တိုင်ကြားပြီး တရားရုံးကပြစ်ဒဏ်ချမှတ်သော်လည်း ရွေးကောက်ပွဲဥပဒေအခန်း (၁၄) ပုဒ်မ ၆၆ အရ တရားမဲ့ပြုကျင့်မှုများကို ရဲစခန်းကလည်းကောင်း၊ တရားရုံးကလည်းကောင်း တရားမဲ့ပြုကျင့်မှုများ ကျူးလွန်ကြောင်းကို ဆုံးဖြတ်နိုင်မည်မဟုတ်၍ ရွေးကောက်ပွဲခုံအဖွဲ့က ပြိုင်ဆိုင်မှုလျှောက်ထားသူအား ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(ဈ) အရ တရားမဲ့ပြုကျင့်မှုကို ကျူးလွန်သည်ဟု ဆုံးဖြတ်ခြင်းသည် ဥပဒေအရမှားယွင်းခြင်းမရှိပေ။

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

**ထပ်မံဆုံးဖြတ်ချက်။** ငြင်းချက် (၂)နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၅) တွင် မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ် နှစ်မြို့နယ် ပါဝင်သည်ဖြစ်ရာ ယင်းမဲဆန္ဒနယ်တွင် ပြိုင်ဆိုင်မှုလျှောက်ထားသူ ဦးကျော်ထွန်းအောင်က ခိုင်လုံဆန္ဒမဲ (၄၄၇၃၆) မဲ ရရှိခဲ့သည်။ ထိုသို့ ဦးကျော်ထွန်းအောင် ရရှိခဲ့သော ဆန္ဒမဲ (၄၄၇၃၆) မဲသည် ယှဉ်ပြိုင်အရွေးခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်း ဦးစောလှဖြူ ရရှိသည့် ဆန္ဒမဲ (၁၀၄၅၈) ထက် ဆန္ဒမဲ (၃၄၃၇၈) ပိုသည့်အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားခံရသူ ဦးဦးစောလှ ရရှိသည့် ဆန္ဒမဲ (၂၂၂၈၂) ထက် ဆန္ဒမဲ (၂၂၄၅၄)မဲ ပိုမိုသည်။ တစ်နည်းအားဖြင့် ဦးကျော်ထွန်းအောင်က ရရှိသော ဆန္ဒမဲ (၄၄၇၃၆) တွင် ဆန္ဒမဲ (၂၂၄၅၅) မဲသည် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော ဆန္ဒမဲဖြစ်မှသာလျှင် ဦးဦးစောလှသည် ခိုင်လုံသောဆန္ဒမဲအများဆုံး ရရှိနိုင်မည် ဖြစ်သည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (က) တွင် ရွေးကောက် တင်မြှောက်ခံရသော လွှတ်တော် ကိုယ်စားလှယ်သည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကိုရယူခဲ့သည် ဟုလည်းကောင်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ရယူခဲ့သည်ဟု လည်းကောင်း၊ ရွေးကောက်ပွဲအနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာ ဖြစ်ရသည်ဟု လည်းကောင်း ပေါ်လွင်ထင်ရှားသည့်အခါ ရွေးကောက်တင်မြှောက်ခဲ့ခြင်း ပျက်ပြယ်ကြောင်းကို ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

**ထပ်မံဆုံးဖြတ်ချက်။** ဦးဦးစောလှကတင်ပြသော ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဝင်များက မြေပုံမြို့နယ်၊ ရေခေါင်းချိန်ကျေးရွာနှင့် ပေါက်တောမြို့နယ်၊ ကန်ချောင်းကျေးရွာ၊ သာဇေကျေးရွာ၊ ဒါးကိုင်ကျေးရွာနှင့် ပေါက်တောမြို့ပေါ် အမှတ်(၃) ရပ်ကွက် (အနောက်ပိုင်းရပ်ကွက်) စသည် တို့တွင် လူမျိုးရေးကိုအကြောင်းပြုပြီး မဲပေးရန် သို့မဟုတ် မဲမပေးဘဲနေကြရန် လှုံ့ဆော်ဟောပြောခဲ့ကြရာ၌ ယင်းရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ရရှိခဲ့ကြသည့် မဲစာရင်းများကို စိစစ်လျှင် ဦးကျော်ထွန်းအောင်သည် ဆန္ဒမဲစုစုပေါင်း (၁၇၇၀) ကိုရရှိပြီး ဦးဦးစောလှသည် ဆန္ဒမဲစုစုပေါင်း (၁၀၃၇) မဲကိုရရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် မဲစာရင်းအရ ပေါက်တောမြို့နယ်၊ သဲချောင်း ဒါးကိုင်ကျေးရွာအုပ်စုမဲရုံနှင့် မြေပုံမြို့နယ်၊ ရေခေါင်းချိန် ကျေးရွာအုပ်စုရှိ မဲရုံများတွင် ဦးဦးစောလှက အနိုင်ရရှိကြောင်းလည်းစိစစ် တွေ့ရှိရသည်။

သို့ဖြစ်၍ ဦးကျော်ထွန်းအောင်နှင့် ဦးဦးစောလှတို့၏ ရွေးကောက်ပွဲအနိုင်အရှုံးသည် အထက်တွင်ဖော်ပြခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ လူမျိုးရေးကိုအကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲ နေကြရန် အစီအစဉ်ပြုလျက် ဟောပြော လှုံ့ဆော် ခြင်းကြောင့် ရွေးကောက်ပွဲ၏အနိုင်အရှုံး ဖြစ်ပေါ်ခြင်း မဟုတ်ကြောင်းမှာ ပေါ်လွင်ထင်ရှားပေသည်။

လျှောက်ထားသူအတွက် - ဦးအောင်ခိုင်
(တရားလွှတ်တော်ရှေ့နေ)
လျှောက်ထားခံရသူအတွက် - ဦးမောင်မောင်ချို
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၅) ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးစောလှဖြူ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဦးစောလှနှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဦးကျော်ထွန်းအောင်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

ဦးစောလှဖြူက ဆန္ဒမဲ(၁၀၄၅၈) မဲ၊ ဦးဦးစောလှက ဆန္ဒမဲ (၂၂၂၈၂) မဲနှင့် ဦးကျော်ထွန်းအောင်က ဆန္ဒမဲ (၄၄၇၃၆)မဲ ရရှိသဖြင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဦးကျော်ထွန်းအောင်က ရခိုင်ပြည်နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ယင်းသို့ရွေးကောက်တင်မြှောက်ခံရခြင်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဦးစောလှကကျေနပ်ခြင်းမရှိ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ်၊ ၁၉/၂၀၁၀ ကို တင်သွင်းခဲ့ရာ ယင်းကန့်ကွက်လွှာအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၆) က စစ်ဆေးကြားနာပြီးနောက် ၆-၇-၂၀၁၁ ရက်နေ့တွင် ဦးကျော်ထွန်းအောင်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်းနှင့် ဦးဦးစောလှသည် ယင်းမဲဆန္ဒနယ်တွင် ခိုင်လုံဆန္ဒမဲအများဆုံးရရှိသဖြင့် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ ဦးကျော်ထွန်းအောင်က ရွေးကောက်ပွဲခုံအဖွဲ့ (၆) ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄(က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်သည်။

ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်လွှာကို ဆုံးဖြတ်ရာ၌ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီက လူမျိုးကိုအကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် ဟောပြော လှုံ့ဆော်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူ ဦးဦးစောလှက တင်ပြသောသက်သေ ဦးသာစိန်၊ ဦးဦးလှစော၊ ဦးဦးခင်မောင်နှင့် ဦးအောင်သိန်းမြတို့၏ ထွက်ဆိုချက်ရှိကြောင်း၊ ယင်းသက်သေများ၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ လျှောက်ထားခံရသူ ဦးကျော်ထွန်းအောင်က ထိုသို့ဟောပြောခြင်းမရှိဟုဆိုလျှင် သက်သေပြရန်ဖြစ်သော်လည်း မည်သည့်သက်သေကိုမျှမပြခဲ့ကြောင်း၊ လျှောက်ထားခံရသူ ဦးကျော်ထွန်းအောင်က ယင်းသို့ဟောပြောကြောင်း စွပ်စွဲခြင်းသည် မိမိအပေါ် လူပုဂ္ဂိုလ်အရ စွပ်စွဲခြင်းမဟုတ်ဘဲ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီကိုစွပ်စွဲခြင်းဖြစ်၍ အကယ်၍ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီက ဟောပြောခြင်းဖြစ်လျှင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီကိုသာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရ

အရေးယူရန်ဖြစ်သည်ဟု ထုချေထားကြောင်း၊ တစ်နည်းအားဖြင့် ယင်းသို့ဟောပြောကြောင်းကို ငြင်းဆိုခြင်းမရှိဘဲ မိမိဟောပြောခြင်း မဟုတ်၍ အပြစ်မရှိဟုထုချေခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူ ဦးကျော်ထွန်းအောင်သည် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဝင် ဖြစ်ပြီး ထိုပါတီမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သောကြောင့် ၎င်းကိုယ်တိုင် ဟောပြောခဲ့ခြင်းမရှိသည့်တိုင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ၎င်း၏ မဲဆန္ဒနယ်အတွင်း ဟောပြောခြင်းသည် လျှောက်ထားခံရသူ ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဟောပြော ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လျှောက်ထားခံရသူ ဦးကျော်ထွန်းအောင်သည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဈ) အရ တရားမဲ့ပြုကျင့်မှုကို ကျူးလွန်သည် ဟူ၍ သုံးသပ်ဆုံးဖြတ်ခဲ့ပေသည်။

ဤပြင်ဆင်မှုတွင် ပြင်ဆင်မှုလျှောက်ထားသူ ဦးကျော်ထွန်းအောင်က ဦးဦးစောလှ တင်သွင်းသည့် ကန့်ကွက်လွှာတွင် မပါဝင်သော အချက်အလက်များကို ခုံအဖွဲ့မှစီရင်ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ပြင်ဆင်မှုလျှောက်ထားသူသည် တရားမဲ့ပြုကျင့်မှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဈ) အရ တရားမဲ့ပြုကျင့်မှု ပြုသည်ဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ငြင်းချက် (၂) ကို ဆုံးဖြတ်ရာ၌ လျှောက်ထားသူရရှိသည့် ခိုင်လုံသော ဆန္ဒမဲနှင့် လျှောက်ထားခံရသူ ဦးဦးစောလှရရှိခဲ့သည့် ခိုင်လုံဆန္ဒမဲများကို ရေတွက်နိုင်းယှဉ်ခြင်းမပြုဘဲ ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ကဆုံးဖြတ်ရာ၌ ပေါက်တောမြို့နယ်အတွင်း ဖြစ်ပေါ်သည့် စွပ်စွဲချက်များကိုသာ သုံးသပ်ထားကြောင်း၊ သို့ဖြစ်၍ မြေပုံမြို့နယ်တွင် ရရှိသောဆန္ဒမဲများသည် တရားမဲ့ပြုကျင့်မှုလုံးဝမပါ ရှိဘဲ ရရှိသောဆန္ဒမဲဖြစ်သည်ဟု မှတ်ယူရန်သာရှိကြောင်း၊ ဦးဦးစောလှ၏ စွပ်စွဲချက်မှာ ပေါက်တောမြို့နယ်တစ်ခုလုံးမဟုတ်ဘဲ ရပ်ကွက်၊ ကျေးရွာ အချို့၊ မဲရုံအချို့နှင့် ပတ်သက်၍ စွပ်စွဲခြင်းသာဖြစ်ကြောင်း၊ အကယ်၍ ဖော်ပြပါ ရပ်ကွက်အချို့နှင့် မဲရုံအချို့တွင် တရားမဲ့ပြုကျင့်မှု ကျူးလွန် ခဲ့သည်ဆိုလျှင်လည်း ကျန်ရပ်ကွက်၊ ကျေးရွာများရှိ မဲရုံများတွင် လျှောက်ထားသူရရှိသော ဆန္ဒမဲများမှာ တရားမဲ့ပြုကျင့်မှု ကင်းရှင်းသော ဆန္ဒမဲဖြစ်သည်ဟု သတ်မှတ်ရန်ဖြစ်ကြောင်း၊ ဦးဦးစောလှ၏ ကန့်ကွက်လွှာအပိုဒ် (၁၆) နှင့် (၂၇) တို့တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ စည်းရုံးရေးမှူးများသည် ကျေးရွာများ၌ စည်းရုံး

ဟောပြောစဉ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ကို ချိုးဖေါက်ကျူးလွန်ကြောင်းဖော်ပြပြီး၊ ကန့်ကွက်လွှာနှင့် ပူးတွဲပါ ဇယားတွင် ပြစ်မှုကျူးလွန်သူများ၏ အမည်တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဟု ဖေါ်ပြထားကြောင်း၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီသည် ဖော်ပြပါပြစ်မှုကို ကျူးလွန်လျှင် နိုင်ငံရေးပါတီ အဖြစ်မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်းခံရမည် ဖြစ်သဖြင့် ယင်းရခိုင် တိုင်းရင်းသားများတိုးတက်ရေးပါတီကို အမှုသည်အဖြစ် မထည့်သွင်းဘဲ ယင်းအချက်ကိုအသုံးချကာ ဦးဦးစောလှအား အနိုင်ပေးခြင်းသည် မှားယွင်းကြောင်း၊ ဦးဦးစောလှ၏ကန့်ကွက်လွှာတွင် လျှောက်ထားသူက ဖြစ်စေ၊ လျှောက်ထားသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ တရားမဲ့ ပြုကျင့်ရန်အတွက် တစ်စုံတစ်ယောက်အားစေခိုင်းခဲ့သည်ဟု ရေးသား ဖော်ပြထားခြင်းမရှိသည့်အပြင် ထိုသို့ရေးသားဖော်ပြစွပ်စွဲထားခြင်း မရှိပါဟု ဦးဦးစောလှက ဝန်ခံထားပါကြောင်း၊ တရားမဲ့ပြုကျင့်မှုများသည် ရဲအရေးယူပိုင်ခွင့်ရှိသော အမှုများဖြစ်ပြီး ထောင်ဒဏ်၊ ငွေဒဏ်ချမှတ် နိုင်သည့် ပြစ်မှုဖြစ်ကြောင်း၊ ပေါက်တောမြို့နယ်နှင့် မြေပုံမြို့နယ်တို့တွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ မည်သူတစ်ဦးတစ်ယောက် ကိုမျှ တရားမဲ့ပြုကျင့်ကြောင်းကို ရဲစခန်းတွင် တိုင်ကြားခြင်း၊ တရားရုံးက အပြစ်ပေးခြင်းမရှိဘဲ လျှောက်ထားသူအား ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဠ) အရ တရားမဲ့ပြုကျင့်သည်ဟု ခုံအဖွဲ့ကဆုံးဖြတ်ခြင်းသည် ဥပဒေအရမှားယွင်းကြောင်း၊ လျှောက်ထားသူကဖြစ်စေ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ တစ်စုံတစ်ယောက်အား ခိုင်းစေ ခြင်း သို့မဟုတ် မိမိတို့ကိုယ်တိုင် တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ခဲ့ခြင်း မရှိ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၃ အရ သုံးသပ်ဆုံးဖြတ်ပေးပါရန် တင်ပြ သည်။

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

ပြင်ဆင်မှုကိုကြားနာရာတွင် ပြင်ဆင်မှုလျှောက်ထားသူ၏ ရှေ့နေက ပြင်ဆင်မှုအကြောင်းပြချက်များကို အကျယ်တဝင့်တင်ပြ လျှောက်လဲသည်။

ပြင်ဆင်မှု လျှောက်ထားခံရသူ၏ ရှေ့နေက ဦးကျော်ထွန်းအောင် မဲအသာရရှိရေးအတွက် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက ပြည်ခိုင်ဖြိုးပါတီကို မမှန်မကန်စွပ်စွဲပုတ်ခတ် ဟောပြောစည်းရုံးကြောင်းနှင့် ပြည်ထောင်စုပြိုကွဲစေလောက်သည့်

လူမျိုးရေးသွေးခွဲဟောပြောမှုများ ပြုလုပ်ကြောင်းတို့ကို ကန့်ကွက်လျှောက်ထားလွှာ၌ အတိအလင်းထည့်သွင်း ဖော်ပြထားကြောင်း၊ ကန့်ကွက်လွှာတွင်မပါရှိသော စွပ်စွဲချက်များကို ရွေးကောက်ပွဲ ခုံရုံးက သုံးသပ်ဆုံးဖြတ်ထားခြင်းမဟုတ်ကြောင်း၊ ဦးကျော်ထွန်းအောင်အား ပြန်လှန်မေးစဉ်က ၎င်းကိုယ်တိုင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေး ပါတီဝင်အဖြစ် ယှဉ်ပြိုင်အရွေးခံသူဖြစ်၍ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၏ ဆောင်ရွက်ချက်များသည် ၎င်းနှင့်သက်ဆိုင်သည်ဟု ဆိုလျှင်မှန်ကြောင်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၏ စည်းရုံးဟောပြောမှုများသည် ရွေးကောက်ပွဲဝင်သည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၏ ကိုယ်စားလှယ်လောင်းများ မဲအသာရရှိရေး အတွက် ဦးတည်၍စည်းရုံးဟောပြောသည်ဆိုလျှင် မှန်ကြောင်း ဝန်ခံထားသဖြင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဝင်များက ဟောပြောခြင်းသည် ၎င်းနှင့်သက်ဆိုင်ခြင်းမရှိဟု ငြင်းဆိုခွင့်မရှိကြောင်း၊ လျှောက်ထားသူဦးကျော်ထွန်းအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးမောင်မြကိုယ်တိုင် ဟောပြောကြောင်းကို လျှောက်ထားသူ၏သက်သေ ဦးအောင်သိန်းမြနှင့် ဦးသာစိန်တို့၏ ထွက်ဆိုချက်ရှိကြောင်း၊ မြေပုံမြို့နယ်၊ ရေခေါင်းချိန်ကျေးရွာတွင် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား မမှန်မကန် စွပ်စွဲပုတ်ခတ်၍ ဟောပြောကြောင်းကို သက်သေဦးစံထွန်းအောင်၏ ထွက်ချက်ရှိကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့က တရားမဲ့ပြုကျင့်သော မဲများကို ကိန်းဂဏန်းဖြင့် ဖော်ပြဆုံးဖြတ်ထားခြင်းမဟုတ်ကြောင်း၊ တရားမဲ့ပြုကျင့်မှုကြောင့် မဲအသာရရှိကြောင်းပေါ်ပေါက်လျှင် ရွေးကောက်ခြင်းသည် တရားမဝင်ပျက်ပြယ် သည်ဟု ဆုံးဖြတ်နိုင်ကြောင်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီကို အမှုသည်အဖြစ်ထည့်သွင်းရန်မလိုပါကြောင်းနှင့် ရဲစခန်းနှင့်တရားရုံးတို့တွင် ပြစ်မှုကျူးလွန်ကြောင်း အရေးယူအပြစ်ပေးထားခြင်းမရှိသောကြောင့် တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ခြင်းမရှိဟု ပြဋ္ဌာန်းထားခြင်းမရှိကြောင်း စသည်ဖြင့် လျှောက်လဲသည်။

ရုံးတော်သဟာယအဖြစ် လျှောက်လဲသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ပြင်ဆင်မှုလျှောက်ထားသူ ဦးကျော်ထွန်းအောင်၏ အကြောင်းပြချက်ဖြစ်သော ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ စည်းရုံးရေးမှူးများသည် ကျေးရွာများ၌ စည်းရုံး

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

ဟောပြော၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ကို ဖောက်ဖျက်ကျူးလွန်ခဲ့ပါက ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီကို အမှုသည်အဖြစ်မထည့်သွင်းဘဲ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၆ အရကျူးလွန်ကြောင်း ဦးဦးစောလှဘက်မှ တင်ပြသည်ကို အသုံးချကာ ဦးဦးစောလှအား အနိုင်ပေးဆုံးဖြတ်ခဲ့ခြင်း မှန်မမှန်နှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲခုံအဖွဲ့က လျှောက်ထားသူ ဦးကျော်ထွန်းအောင် သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ကို ကျူးလွန် သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမရှိ၍ စဉ်းစားရန်အကြောင်းမရှိကြောင်း၊ ပေါက်တောမြို့နယ်နှင့် မြေပုံမြို့နယ်ရှိ ရခိုင်တိုင်းရင်းသားများတိုးတက် ရေးပါတီမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားမဲ့ပြုကျင့်သည်ဟု ရဲစခန်းတွင်တိုင်ကြားခြင်း၊ တရားမဲ့ပြုကျင့်မှုကြောင့် တရားရုံးက အပြစ်ပေးခြင်းမရှိဘဲ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဍ) အရ ဦးကျော်ထွန်းအောင်အပေါ် တရားမဲ့ပြုကျင့်မှု ကျူးလွန်သည်ဟု ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်းရှိမရှိနှင့် စပ်လျဉ်း၍ တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ကျူးလွန်ပါကြောင်းထွက်ဆိုကြသည့် သက်သေဦးဦးလှစော၊ ဦးဦးခင်မောင်၊ ဦးအောင်သိန်းမြ၊ ဦးလှစောမောင် နှင့် ကျန်သည့် သက်သေများက ထောက်ခံထွက်ဆိုထားကြောင်း၊ သက်သေများ၏ ထွက်ဆိုချက်များကို မူလရုံးကချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ခဲ့ပါမူ ယင်းဆုံးဖြတ် ချက်ကို အယူခံရုံးကဝင်ရောက် စွက်ဖက်လေ့မရှိ ကြောင်း စီရင်ထုံးများ ရှိကြောင်း အမှုတွင်မဲအများဆုံးရရှိထားသော ပါတီ၏ အပြုအမူများမှာ တရားမဲ့ပြုကျင့်မှုများရှိနေသည်ကို ခုံအဖွဲ့က ဆုံးဖြတ်ထားသည်ဟု ယူဆရ ပါကြောင်းဖြင့်တင်ပြသည်။

ဤပြင်ဆင်မှုတွင် ပြင်ဆင်မှုလျှောက်ထားသူနှင့် ၎င်း၏ ရှေ့နေတို့က တရားမဲ့ပြုကျင့်မှုများသည် ရဲအရေးပိုင်ခွင့်ရှိသော အမှုများ ဖြစ်၍ ပေါက်တောမြို့နယ်နှင့်မြေပုံမြို့နယ်တို့တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားမဲ့ ပြုကျင့်မှု ကြောင့် ရဲစခန်းတွင်တိုင်ကြားခြင်း၊ တရားရုံးကအပြစ်ပေးခြင်းမရှိဘဲ လျှောက်ထားသူအား ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဍ) အရ တရားမဲ့ ပြုကျင့်မှုကိုကျူးလွန်သည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေအရမှားယွင်းကြောင်း တင်ပြခဲ့သည်။

ယင်းတင်ပြချက်မှာ ပြင်ဆင်မှုလျှောက်ထားသူနှင့် ၎င်း၏ ရှေ့နေတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေအခန်း(၁၄) တွင်

ဖော်ပြထားသော တရားမဲ့ပြုကျင့်မှုများကို ရွေးကောက်ပွဲဆိုင်ရာပြစ်မှုဟု ယူဆပြီး တင်ပြဟန်တူပေသည်။ အမှန်အားဖြင့် ရဲအရေးယူပိုင်ခွင့်ရှိသော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများမှာ ယင်းရွေးကောက်ပွဲဥပဒေ အခန်း (၁၃) တွင်ဖော်ပြထားသည့် ပြစ်မှုများ ( Offences ) ဖြစ်ပြီး ယင်းပြစ်မှုများကိုသာ အခန်း (၁၃) ပုဒ်မ ၆၅ (က)အရ ရဲအရေးပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်ထားခြင်း ဖြစ်သည်။

ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) တရားမဲ့ပြုကျင့်မှုများမှာ ယင်းဥပဒေပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုများ ( Malpractices ) ဖြစ်၍ ရွေးကောက်ပွဲများနှင့် သက်ဆိုင်သော တရားမဲ့ပြုကျင့်မှုများဖြစ်သည်။ ယင်းတရားမဲ့ပြုကျင့်မှုများကို ဖောက်ဖျက်လျှင် ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း ချမှတ်ရန် ပြစ်ဒဏ်ပြဋ္ဌာန်းထားခြင်းမရှိ၍ ပြစ်မှုများ(Offences) မဟုတ်ကြောင်းမှာ ထင်ရှားမြင်သာပေသည်။

သို့ဖြစ်၍ ရွေးကောက်ပွဲဥပဒေ အခန်း (၁၃) အရ ပြစ်မှုများကို ရဲစခန်းတွင်တိုင်ကြားပြီး တရားရုံးက ပြစ်ဒဏ်ချမှတ်သော်လည်း ရွေးကောက်ပွဲဥပဒေအခန်း (၁၄) ပုဒ်မ ၆၆ အရ တရားမဲ့ပြုကျင့်မှုများကို ရဲစခန်းကလည်းကောင်း၊ တရားရုံးကလည်းကောင်း တရားမဲ့ပြုကျင့်မှုများ ကျူးလွန်ကြောင်းကို ဆုံးဖြတ်နိုင်မည်မဟုတ်၍ ရွေးကောက်ပွဲခုံအဖွဲ့က ပြင်ဆင်မှုလျှောက်ထားသူအား ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(ဠ) အရ တရားမဲ့ပြုကျင့်မှုကိုကျူးလွန်သည်ဟု ဆုံးဖြတ်ခြင်းသည် ဥပဒေအရမှားယွင်းခြင်းမရှိပေ။

မူလကန့်ကွက်လွှာအမှုတွင် ကန့်ကွက်သူ ဦးဦးစောလှက သက်သေအဖြစ် မြေပုံမြို့နယ်၊ ရေခေါင်းချိန်ကျေးရွာနေ ဦးအောင်စံထွန်း (လျှောက်ထားသူပြ -၁)၊ ပေါက်တောမြို့နယ်၊ ကံချောင်းကျေးရွာနေ ဦးဦးလှစော (လျှောက်ထားသူပြ-၂)၊ သာဇေကျေးရွာနေ ဦးဦးခင်မောင် (လျှောက်ထားသူပြ -၃)၊ ဒါးကိုင်ကျေးရွာနေ ဦးမောင်သိန်းမြ (လျှောက်ထားသူပြ -၄)၊ ပေါက်တောမြို့ အနောက်ပိုင်းရပ်ကွက်နေ ဦးသာစိန် (လျှောက်ထားသူပြ-၅) တို့ကို သက်သေတင်ပြခဲ့ရာ ရွေးကောက်ပွဲခုံအဖွဲ့က ယင်းသက်သေများ၏ထွက်ဆိုချက်အရ ဦးကျော်ထွန်းအောင် ရွေးကောက်ခံရရေးအတွက် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီက လူမျိုးကို အကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် ဟောပြောလှုံ့ဆော်ခြင်းပြုသောကြောင့် ရွေးကောက်ပွဲဥပဒေ

ပုဒ်မ ၆၆(ဃ) အရ ကျူးလွန်သည်ဟု ဆုံးဖြတ်ခဲ့ကြောင်းတွေ့ရသည်။ ပြင်ဆင်မှုလျှောက်ထားသူ ဦးကျော်ထွန်းအောင်၏ ရခိုင်တိုင်းရင်းသား များတိုးတက်ရေးပါတီမှ ဦးဖေမောင်သန်းသည် ၆-၁၁-၂၀၁၀ ရက်နေ့ည (၈) နာရီအချိန်ခန့်၌ မြေပုံမြို့နယ်၊ ရေခေါင်းချိန် ကျေးရွာရှိ ဦးရွှေသိန်း၏ ဗွီဒီယိုရုံတွင်လည်းကောင်း၊ ပေါက်တော မြို့နယ်တွင် ဦးတက်ထွန်းအောင်၊ ဦးမောင်ကျော်သိန်း၊ ဦးယဉ်မောင်နှင့် ဦးဦးစောလှတို့သည် ၂၇-၁၀-၂၀၁၀ ရက်နေ့ မွန်းလွဲ (၁) နာရီအချိန်ခန့်၌ ပေါက်တောမြို့နယ်၊ ကံချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း တွင်လည်းကောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမောင်ကျော်သိန်း၊ ဦးတက်ထွန်းအောင်၊ မြို့နယ်စည်းရုံးရေးမှူး ဦးဝေဇံဖြူ ဦးသာထွန်းအေး၊ ဦးထွန်းတင်နှင့် အမည်မသိသူတစ်ဦးတို့သည် ရွေးကောက်ပွဲမတိုင်မီ (၅) ရက်ခန့်အလို၌ ပေါက်တောမြို့နယ်၊ သာဇေကျေးရွာ ရွာလယ်ဇရပ်တွင် လည်းကောင်း၊ ဦးအောင်ကျော်ဇံ၊ ဦးမောင်မြ၊ ဦးမောင်ကျော်သိန်းနှင့် ဦးဝေဇံဖြူတို့သည် ၁၄-၈-၂၀၁၀ ရက်နေ့၌ ပေါက်တောမြို့နယ်၊ ဒါးကိုင်ကျေးရွာ ရွာလယ်ဇရပ်တွင် လည်းကောင်း၊ ဦးမောင်ကျော်သိန်း၊ ဦးကျော်ထွန်းအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးမောင်မြ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဝင် ဦးကျော်သာအောင်နှင့်ဦးစောလှတို့သည် ပေါက်တောမြို့အမှတ် (၃) ရပ်ကွက် လမ်းခွဆုံတစ်ခုတွင် အောက်တိုဘာလ (၃၀) ရက်နေ့ ည (၈) နာရီ အချိန်ခန့်၌လည်းကောင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် လူမျိုးရေးကိုအကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ဟောပြောခဲ့ကြကြောင်းကို အထက်ဖော်ပြပါ သက်သေများ၏ ထွက်ဆိုချက်များရှိကြောင်း တွေ့ရှိရသည်။

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

ယင်းသက်သေထွက်ဆိုချက်များကိုကြည့်ရှုလျှင် ရခိုင် တိုင်းရင်းသားများတိုးတက်ရေးပါတီမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၅) ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကျော်ထွန်းအောင်၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးမောင်မြသည်လည်းကောင်း၊ ပေါက်တော မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်ကျော်ဇံသည် လည်းကောင်း၊ ပေါက်တောမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)၏လွှတ်တော် ကိုယ်စားလှယ်လောင်းဦးမောင်ကျော်သိန်း သည်လည်းကောင်း ထိုသို့ဟောပြောရာတွင် ပါဝင်ဟောပြောခဲ့ကြောင်း

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

မှာ ယင်းသက်သေထွက်ဆိုချက်များအရ တွေ့ရှိရသည်။

လျှောက်ထားသူ ဦးကျော်ထွန်းအောင်က လျှောက်ထားခံရသူ ဦးဦးစောလှသည် ၎င်း၏ကန့်ကွက်လွှာနှင့် ပူးတွဲတင်သွင်းသည့် တရားမဲ့ပြုကျင့်သူများ၏အမည်တွင် မိမိလျှောက်ထားသူ ဦးကျော်ထွန်းအောင်၏အမည်နှင့် မိမိ၏ရွေးကောက်ပွဲကိုယ်စားလှယ် ဦးမောင်မြတို့၏အမည်ကို ဖော်ပြစွပ်စွဲခြင်းမရှိဘဲ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီကိုသာ တရားမဲ့ပြုကျင့်သူများအမည်စာရင်း၌ ဖော်ပြစွပ်စွဲထားသောကြောင့် အဆိုအချေတွင် စွပ်စွဲဖော်ပြထားခြင်းမရှိသော အချက်အလက်ကို ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခြင်းမပြုနိုင်ကြောင်းကိုလည်း ဤပြင်ဆင်မှုတွင်တင်ပြသည်။

ကန့်ကွက်လွှာတင်သွင်းသူ ဦးဦးစောလှ၏ ကန့်ကွက်လွှာ အပိုဒ် ၁၆ ၊ အပိုဒ် ၂၄နှင့်ပူးတွဲပါ တရားမဲ့ပြုကျင့်သူများ၏စာရင်းတွင် တရားမဲ့ပြုကျင့်သည့် အချက်အလက်များကိုဖော်ပြထားပြီး တရားမဲ့ပြုကျင့်မှုကျူးလွန်သူများ၏အမည်ကို ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဟု ဖော်ပြစွပ်စွဲထားခြင်းမှာ အငြင်းပွားရန်မရှိပေ။

သက်သေများထွက်ဆိုသည့်အခါ တရားမဲ့ပြုကျင့်သူများ၏ အမည်ကို ဦးအောင်ကျော်ဇံ၊ ဦးမောင်ကျော်သိန်း၊ ဦးဝေဇံဖြူ၊ ဦးတက်ထွန်းအောင်နှင့် ဦးမောင်မြဟူ၍ထွက်ဆိုခဲ့ကြသည်။ ၎င်းတို့သည် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ပါတီဝင်များဖြစ်ကြ၍ ဦးဦးစောလှက ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီဟု စွပ်စွဲခြင်းနှင့် သက်သေများက တရားမဲ့ပြုကျင့်သူများသည် ဦးအောင်ကျော်ဇံ၊ ဦးမောင်ကျော်သိန်းနှင့် ဦးမောင်မြတို့ဖြစ်ကြောင်း အမည်ဖော်ထုတ်စွပ်စွဲခြင်းတို့သည် ခြားနားခြင်းမရှိ၍ အဆိုအချေတွင် စွပ်စွဲခြင်းမရှိသော အချက်အလက်ကို ဆုံးဖြတ်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ယင်းသက်သေများ၏ ထွက်ဆိုချက်များကို ဦးကျော်ထွန်းအောင်က ပြန်လည်ချေဖျက်ထားနိုင်ခြင်း မတွေ့ရှိရသည့်အပြင် ထိုသက်သေများကို မယုံကြည်ထိုက်ဟုလည်း တင်ပြထားခြင်းမရှိပေ။

မူလရွေးကောက်ပွဲခုံအဖွဲ့က ထိုသက်သေများ၏ ထွက်ဆိုချက်များကို စိစစ်ထားသည့်အပြင် ယင်းသက်သေများအနက် သက်သေ ဦးသာစိန်မှာ ပြည်ခိုင်ဖြိုးပါတီ၏ စည်းရုံးရေးကော်မတီဖြစ်၍ ၎င်း၏ ထွက်ဆိုချက်ကို မယုံကြည်ထိုက်ဟုဆိုသည့်တိုင် ဦးဦးလှစော၊

ဦးဦးခင်မောင်နှင့် ဦးအောင်သိန်းမြတို့မှာ လွတ်လပ်သည့်သက်သေများ ဖြစ်ကြကြောင်း စိစစ်သုံးသပ်ထားသည်ဖြစ်၍ ယင်းသက်သေများ၏ ထွက်ချက်ကို ချင့်ချိန်ပြီး သုံးသပ်ဆုံးဖြတ်ခဲ့သည်မှာ ပေါ်လွင်ထင်ရှားသည်။

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

သက်သေများ၏ထွက်ဆိုချက်ကို ယုံကြည်ထိုက် မယုံကြည်ထိုက် စိစစ်သုံးသပ်ခြင်းသည် ရွေးကောက်ပွဲခုံအဖွဲ့က မိမိ၏ ဆင်ခြင်တုံတရားအရ သုံးသပ်ဆုံးဖြတ်ခြင်းဖြစ်၍ အကြောင်းခြင်းရာ ပြဿနာသာဖြစ်သည်။ ယင်းသို့ ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ခဲ့ပါမူ ယင်းဆုံးဖြတ်ချက်ကိုပြင်ဆင်မှုတွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိပေ။

သို့ဖြစ်၍ ငြင်းချက် (၁)၌ မူလရွေးကောက်ပွဲခုံအဖွဲ့က ဦးကျော်ထွန်းအောင် ရွေးကောက်ခံရရေးအတွက် လူမျိုးကို အကြောင်းပြု၍ မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် ဟောပြောလှုံ့ဆော်ခြင်းပြုခဲ့သဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဋ) အရ တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ကြောင်းဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်း ကြောင်းမတွေ့ရှိပေ။

ငြင်းချက် (၂)နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ အမျိုးသား လွှတ်တော် မဲဆန္ဒနယ်အမှတ် (၅) တွင် မြေပုံမြို့နယ်နှင့် ပေါက်တော မြို့နယ် နှစ်မြို့နယ်ပါဝင်သည်ဖြစ်ရာ ယင်းမဲဆန္ဒနယ်တွင် ပြင်ဆင်မှု လျှောက်ထားသူ ဦးကျော်ထွန်းအောင်က ခိုင်လုံဆန္ဒမဲ (၄၄၇၃၆) မဲ ရရှိခဲ့သည်။ ထိုသို့ ဦးကျော်ထွန်းအောင်ရရှိခဲ့သော ဆန္ဒမဲ (၄၄၇၃၆) မဲသည် ယှဉ်ပြိုင်အရွေးခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်လောင်း ဦးစောလှဖြူ ရရှိသည့် ဆန္ဒမဲ (၁၀၄၅၈) ထက် ဆန္ဒမဲ (၃၄၃၇၈) ပိုသည့်အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီမှ လျှောက်ထားခံရသူ ဦးဦးစောလှ ရရှိသည့်ဆန္ဒမဲ (၂၂၂၈၂) ထက် ဆန္ဒမဲ (၂၂၄၅၄)မဲ ပိုမိုသည်။ တစ်နည်းအားဖြင့် ဦးကျော်ထွန်းအောင်က ရရှိသောဆန္ဒမဲ (၄၄၇၃၆) တွင် ဆန္ဒမဲ (၂၂၄၅၅) မဲသည် တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသော ဆန္ဒမဲဖြစ်မှ သာလျှင် ဦးဦးစောလှသည် ခိုင်လုံသောဆန္ဒမဲ အများဆုံး ရရှိနိုင်မည် ဖြစ်သည်။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (က)တွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် သည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကိုရယူခဲ့သည်ဟု

လည်းကောင်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ ရယူခဲ့သည်ဟု လည်းကောင်း၊ ရွေးကောက်ပွဲအနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှု များကြောင့်သာဖြစ်ရသည်ဟုလည်းကောင်း ပေါ်လွင် ထင်ရှားသည့်အခါ ရွေးကောက်တင်မြှောက်ခဲ့ခြင်း ပျက်ပြယ်ကြောင်းကို ရွေးကောက်ပွဲ ခုံအဖွဲ့က ဆုံးဖြတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ (ခ)အရ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ကန့်ကွက်လွှာတွင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန်တောင်းဆိုလိုပါက လျှောက်ထားသူသာလျှင် ခိုင်လုံသော မဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊ လွှတ်တော် ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံသောမဲအများဆုံးကို ရရှိနိုင်သည် ဟူသော အကြောင်းပြချက်တစ်ရပ်ရပ်ကို အခြေခံရမည်ဟု ပြဋ္ဌာန်းသည်။

သို့ဖြစ်၍ ဤအမှုတွင် ပြင်ဆင်မှုလျှောက်ထားသူက တရားမဲ့ ပြုကျင့်မှုများဖြင့် မဲအများဆုံးကိုရယူခဲ့သည်ဟုလည်းကောင်း၊ ထိုနည်း ဖြင့်ပင် သွေးဆောင်၍ရယူခဲ့သည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲ အနိုင် အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာဖြစ်ရသည်ဟုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရသူ ရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် လျှောက်ထားခံရသူသည်သာ ခိုင်လုံသောမဲအများဆုံးကို ရရှိနိုင်သည် ဟူသည့်အချက်များပေါ်လွင် ထင်ရှားခြင်း ရှိ မရှိကို စိစစ်သုံးသပ်ရန် လိုပေသည်။

ဦးဦးစောလှကတင်ပြသော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဝင်များက မြေပုံမြို့နယ်၊ ရေခေါင်းချိန်ကျေးရွာနှင့် ပေါက်တောမြို့နယ်၊ ကန်ချောင်းကျေးရွာ၊ သာဇေကျေးရွာ၊ ဒါးကိုင် ကျေးရွာနှင့် ပေါက်တောမြို့ပေါ် အမှတ်(၃) ရပ်ကွက် (အနောက်ပိုင်းရပ်ကွက်) စသည်တို့တွင် လူမျိုးရေးကို အကြောင်းပြုပြီး မဲပေးရန် သို့မဟုတ် မဲမပေးဘဲနေကြရန် လှုံ့ဆော် ဟောပြောခဲ့ကြရာ၌ ယင်းရပ်ကွက်နှင့်ကျေးရွာ အုပ်စုများတွင်ရရှိခဲ့ကြသည့် မဲစာရင်းများကို စိစစ်လျှင် ဦးကျော်ထွန်းအောင်သည် ဆန္ဒမဲစုစုပေါင်း (၁၇၇၀) ကိုရရှိပြီး

၂၀၁၁ ခုနှစ်
ဦးကျော်ထွန်းအောင်
နှင့်
ဦးဦးစောလှ

ဦးဦးစောလှသည် ဆန္ဒမဲစုစုပေါင်း (၁၀၃၇) မဲကိုရရှိခဲ့ကြောင်း တွေ့ရသည်။ ထို့အပြင် မဲစာရင်းအရ ပေါက်တောမြို့နယ်၊ သဲချောင်း ဒါးကိုင်ကျေးရွာအုပ်စု မဲရုံနှင့် မြေပုံမြို့နယ်၊ ရေခေါင်းချိန် ကျေးရွာအုပ်စုရှိ မဲရုံများတွင် ဦးဦးစောလှက အနိုင်ရရှိကြောင်းလည်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ ဦးကျော်ထွန်းအောင်နှင့် ဦးဦးစောလှတို့၏ ရွေးကောက်ပွဲအနိုင်အရှုံးသည် အထက်တွင်ဖော်ပြခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ လူမျိုးရေးကိုအကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် ဟောပြောလှုံ့ဆော် ခြင်းကြောင့် ရွေးကောက်ပွဲ၏ အနိုင်အရှုံးဖြစ်ပေါ်ခြင်း မဟုတ်ကြောင်းမှာ ပေါ်လွင် ထင်ရှားပေသည်။

ထို့ကြောင့် ရွေးကောက်ပွဲခုံအဖွဲ့က ငြင်းချက်(၂)တွင် လျှောက်ထားခံရသူ ဦးကျော်ထွန်းအောင်(ပြင်ဆင်မှုလျှောက်ထားသူ) ရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့်ရရှိသော မဲများမပါရှိခဲ့သော် လျှောက်ထားသူ ဦးဦးစောလှ (ပြင်ဆင်မှုလျှောက်ထားခံရသူ) သည်သာ ခိုင်လုံသောမဲအများဆုံးရရှိနိုင်သည်ဆိုခြင်းမှာ မှန်သည်ဟု ဖြေဆိုခြင်း သည် အကျိုးအကြောင်းဆီလျော်မှုမရှိ၍ လက်ခံရန်အကြောင်း မရှိပေ။ ပေါက်တောမြို့နယ်နှင့် မြေပုံမြို့နယ် အချို့ကျေးရွာနှင့်ရပ်ကွက်တို့တွင် တရားမဲ့ဟောပြောခြင်းသည် မှန်သော်လည်း ဦးကျော်ထွန်းအောင် ရရှိသည့် ဆန္ဒမဲနှင့် ဦးဦးစောလှရရှိသည့်ဆန္ဒမဲသည် ဆန္ဒမဲပေါင်း (၂၂၄၅၄) ကွာခြားသည်ဖြစ်၍ ရွေးကောက်ပွဲ၏ အနိုင်အရှုံးသည် ထိုသို့တရားမဲ့ ဟောပြောသည့်အကြောင်း တစ်ရပ်တည်းကြောင့် မဟုတ်၍ ရွေးကောက်ပွဲပျက်ပြယ်ခြင်းမရှိဟု ဤပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆုံးဖြတ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ရွေးကောက်ပွဲ ကန့်ကွက်လွှာ အမှုအမှတ် ၁၉/၂၀၁၀ တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၆) က ချမှတ်ခဲ့သည့် ၆-၇-၂၀၁၁ ရက်စွဲပါ ဆုံးဖြတ်ချက်ကိုပယ်ဖျက်ပြီး ဦးဦးစောလှ၏ ကန့်ကွက်လွှာကို အမှုစရိတ်နှင့်တကွပယ်ရန် ဆုံးဖြတ်သည်။

ဤအမှုအတွက် အမှုစရိတ် ငွေကျပ် **(၁၅) သိန်း**ကို ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးဦးစောလှက ပြင်ဆင်မှုလျှောက်ထားသူ ဦးကျော်ထွန်းအောင်သို့ ပေးစေ။

+၂၀၁၁ ခုနှစ်
အောက်တိုဘာလ
၂၈ ရက်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်**

**ဦးအဘူလ်တာဟေရ် လျှောက်ထားသူ**

**နှင့်**

**ဦးရွှေမောင်(ခ) လျှောက်ထားခံရသူ***
**ဦးအဒူရော်ဇက်**

**ရွေးကောက်ပွဲကန့်ကွက်လွှာအမှုတွင် တရားဝင်စာရင်းဇယား အထောက်အထားများဖြင့် တင်ပြကန့်ကွက်ရန်လိုခြင်း။**

**ခိုင်မာသော သက်သေတင်ပြရန် တာဝန်။**

**ဆုံးဖြတ်ချက်။** မူလအမှုကိုလေ့လာရာတွင် ဦးအဘူလ်တာဟေရ်က မိမိသည်သာ ခိုင်လုံဆန္ဒမဲအများဆုံးရရှိသည်မှာ အမှန်ဖြစ် ကြောင်းနှင့် စပ်လျဉ်း၍ ၎င်းက ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အတွင်း မဲရုံပေါင်း (၂၂၂)ရုံ ရှိသည့်အနက် မဲရုံ (၁၆၄) ရုံမှ မဲစာရင်းများကိုသာ သက်သေခံ (ဃ-၁) မှ (ဃ-၁၅၇) အထိ တင်ပြထားပြီး ယင်းမဲစာရင်းများမှာလည်း မိမိတို့ဘာသာ ပြုစုထားသည့် မဲစာရင်းများဖြစ်၍ အချို့မဲစာရင်းများမှာမှန်ကန်သော စာရင်းများ မဟုတ်ကြောင်း တွေ့ရသည်။

---

***  ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်- ၁၁။**

**+  ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၁၄) တွင်ချမှတ်သော ၃၀-၈-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု။**

၂၀၁၁ ခုနှစ်
ဦးအဘုလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
ဦးအဒူရော်ဇက်

သို့ဖြစ်၍ ဦးအဘုလ်တာဟေရ်က သက်သေခံတင်ပြသော သက်သေခံ (ဃ-၁) မှ (ဃ-၁၅၇) အထိ မဲရုံ (၁၆၄) ရုံ၏ မဲစာရင်းကို အခြေခံလျက်မိမိသာလျှင် ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိ၍ ရွေးကောက်တင်မြှောက်ခံထိုက်သူဖြစ်ကြောင်း ကန့်ကွက်ခြင်းမှာ မှန်ကန်ပြည့်စုံသည့် မဲစာရင်းများကိုအခြေခံပြီး ကန့်ကွက်ခြင်း မဟုတ်သောကြောင့် လက်ခံရန်အကြောင်းမရှိပေ။ ၎င်းကမဲစာရင်းမရဘဲ ကျန်ရှိနေသော ရပ်ကွက်နှင့်ကျေးရွာအုပ်စု ( ၃၇ ) အုပ်စုမှ မဲရုံပေါင်း ( ၅၈ )ရုံ ၏ မဲစာရင်းများကိုသိရှိရပါက လျှောက်ထားခံရသူ ဦးရွှေမောင်(ခ) အဒူရော်ဇက်ထက် ခိုင်လုံဆန္ဒမဲများ ရရှိနိုင်မည်ဟု ဆိုခြင်းသည် မျှော်မှန်းချက်ဖြင့်ကန့်ကွက်ခြင်းဖြစ်၍ လက်ခံရန် အကြောင်းမရှိကြောင်းလည်း တွေ့ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ဦးအဘုတော်ယုပ် (ခ) ဦးဝင်းနိုင်က သက်သေခံ(ဇ) နှင့် (ဈ) ဖြစ်သည့် မော်လနာဆရာကြီး ၊ ဟာဒိဒ်ပါမောက္ခချုပ် (၇၅) ဦးက ပြည်ခိုင်ဖြိုးပါတီအား ထောက်ခံမဲပေးကြရန် စည်းဝေးဆုံးဖြတ်သည့် စာ (၂)စောင်ကို ၃. ၁၁. ၂၀၁၀ ရက်နေ့ ဘူးသီးတောင်မြို့ ဗလီကြီး၌ ဝတ်ပြုရန်သွားစဉ် ဗလီထဲ၌ ဦးရွှေမောင် (ခ) အဒူရော်ဇက်နှင့် အပေါင်းပါတို့က ဝေငှနေသည်ကိုတွေ့ရှိ၍ တောင်းယူခဲ့ပြီး ထိုစာ (၂) စောင်ကို ဘူးသီးတောင်မြို့ ( NDPD ) ပါတီရုံးသို့ ပေးခဲ့ကြောင်း ထွက်ဆိုသော်လည်း ၎င်းသည် ဗလီကြီးရှိသည့် အမှတ် (၃) ရပ်ကွက်တွင် နေထိုင်သူမဟုတ်ဘဲ အမှတ် (၆) ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး လျှောက်ထားသူဦးအဘုလ်တာဟေရ်နှင့် ဦးအောင်မြင့်တို့ စည်းရုံးမဲဆွယ်သည့် အခါတိုင်းလိုက်ပါရသူဖြစ်သဖြင့် ၎င်း၏နှုတ်သက်သေခံထွက်ဆိုရုံမျှဖြင့် ခိုင်မာပြီဟုယူဆရန် ခဲယဉ်းသည်။ ထိုကဲ့သို့ပင်အခြားတစ်ဖက်တွင် ဦးရွှေမောင် (ခ) အဒူရော်ဇက်ကလည်း ယင်းအချက်နှင့်ပတ်သက်၍ငြင်းဆိုပြီး ၃. ၁၁. ၂၀၁၀ ရက်နေ့နှင့် ၄. ၁၁. ၂၀၁၀ ရက်နေ့များတွင် ဘူးသီးတောင်မြို့တွင် မရှိကြောင်း၊ ဖုံညိုလိပ်ကျေးရွာနှင့် သပိတ်တောင်ကျေးရွာအုပ်စုသို့ မဲဆွယ်ရန် ရောက်နေကြောင်းထွက်ဆို၍ သက်သေအဖြစ် ဘူးသီးတောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ အလုပ်အမှုဆောင်ဖြစ်သူ ဦးမူဟာမတ်ရော်ဖိတ် (လျှောက်ထားခံရသူပြ သက်သေ -၁) ကိုတင်ပြသည်။ ဦးမူဟာမတ်ရော်ဖိတ်ကလည်း ဦးရွှေမောင် (ခ) အဒူရော်ဇက်၏ ထွက်ဆို

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

ချက်ကိုထောက်ခံ ထွက်ဆိုခဲ့သည်။

သို့ဖြစ်ရာ နှစ်ဖက်သက်သေခံချက်များ အပြိုင်ဖြစ်နေပြီး မည်သည့် သက်သေခံချက်က မှန်ကန်ခိုင်မာကြောင်း ဆုံးဖြတ်ရန်ရှိလျှင် ထိုသို့ မှန်ကန်ခိုင်မာကြောင်းကို သက်သေပြရန် တာဝန်သည် လျှောက်ထားသူအပေါ်တွင် ကျရောက်မည်ဖြစ်ပေသည်။ ဤအမှုတွင် သက်သေခံ (ဇ)နှင့် (ဈ)တို့ကို ဘူးသီးတောင်မြို့ ဗလီကြီး၌ ဦးရွှေမောင် (ခ) အဒူရော်ဇက် နှင့်အပေါင်းအပါများက ဝေငှခဲ့သည်ဆိုလျှင် ထိုဗလီထဲတွင် လူအများရှိ၍ ၎င်းတို့အား သက်သေပြရန် ဖြစ်သော်လည်း လျှောက်ထားသူ ဦးအဘူလ်တာဟေရ်က ထိုလူများကို သက်သေ မပြဘဲ မိမိနှင့်အတူစည်းရုံးမဲဆွယ်တိုင်းတွင် လိုက်ပါရသူ ဦးအဘူလ်တော်ယုပ် (ခ) ဦးဝင်းနိုင်အား သက်သေပြခြင်းသည် ခိုင်မာလုံလောက်သော သက်သေဖြစ်သည်ဟု လက်ခံရန်ခဲယဉ်းသည်။

လျှောက်ထားသူအတွက် - ဦးမောင်ဖေတင်
(တရားလွှတ်တော်ရှေ့နေ)

လျှောက်ထားခံရသူအတွက် - ဦးထွန်းရွှေ
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ် ခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဦးဘသိန်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးရွှေမောင် (ခ) အဒူရော်ဇက်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ဦးအဘူလ်တာဟေရ် နှင့် တစ်သီးပုဂ္ဂလ ဦးအောင်လှတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဦးဘသိန်းက ခိုင်လုံဆန္ဒမဲ (၁၅၅၆၄)၊ ဦးရွှေမောင် (ခ) အဒူရော်ဇက်က ခိုင်လုံဆန္ဒမဲ (၅၁၉၈၅)၊ ဦးအဘူလ်တာဟေရ်က ခိုင်လုံဆန္ဒမဲ (၄၇၈၀၂)နှင့် ဦးအောင်လှက ခိုင်လုံဆန္ဒမဲ (၁၄၅၅၈)ရရှိခဲ့၍ ဦးရွှေမောင်(ခ) အဒူရော်ဇက်က ခိုင်လုံဆန္ဒမဲအများဆုံးဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

ယင်းသို့ရွေးကောက်တင်မြှောက်ခံရခြင်းကို အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ဦးအဘူလ်တာဟေရ်က ကျေနပ်ခြင်းမရှိ၍ ရွေးကောက်ခံရသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးရွှေမောင် (ခ) အဒူရော်ဇက်အပေါ် ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှု အမှတ် (၁၄/၂၀၁၀) ကိုတင်သွင်းခဲ့ရာ ယင်း ကန့်ကွက်လွှာကို ရွေးကောက်ပွဲခုံအဖွဲ့ (၄) က စစ်ဆေးကြားနာပြီးနောက် ၃၀. ၈. ၂၀၁၁ရက်နေ့တွင် လျှောက်ထားသူ၏ကန့်ကွက်လွှာကို ပယ်ကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။

သို့ဖြစ်၍ လျှောက်ထားသူ ဦးအဘူလ်တာဟေရ်က ရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ဆုံးဖြတ်ချက်ကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က) အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင်ပြင်ဆင်မှုလျှောက်ထားသူ ဦးအဘူလ်တာဟေရ် က ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်သည် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ နာယက အစ္စလာမ် ဘာသာရေးဆရာကြီး (၇၅) ပါးကို မောင်တောမြို့ တွင် စည်းဝေးစေပြီး ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်များအား မဲပေးကြစေရန် ဆုံးဖြတ်စေ ခဲ့၍ ယင်းဆုံးဖြတ်ချက်ကို ဘူးသီးတောင်မြို့ တွင် ဖြန့်ဝေခြင်းဖြင့် ဘာသာရေးကိုအကြောင်းပြု မဲဆွယ်ခဲ့ကြောင်း ပေါ်ပေါက်ပါလျက် ယင်းအချက်ကို သုံးသပ်ဆုံးဖြတ်ခြင်းမရှိခြင်းမှာ မှားယွင်းကြောင်း၊ ပြည်ခိုင်ဖြိုးပါတီဝင် မဲရုံအဖွဲ့ဝင်များက မဲဆန္ဒရှင်များ၏ သဘောဆန္ဒနှင့် ဆန့်ကျင်ကာမဲထည့်ခဲ့ခြင်း၊ ကြိုတင်မဲပေးခဲ့ခြင်း၊ ကိုယ်စားပြု မဲပေးခဲ့ခြင်းတွင် ရွေးကောက်ပွဲဥပဒေအရ ပြစ်မှုမြောက် ကြောင်း သုံးသပ်ပါလျက် တရားမဲ့ပြုကျင့်ရာမရောက်ဟု သုံးသပ် ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ပယ်မဲများမှခိုင်လုံဆန္ဒမဲများ ရေတွက်တွေ့ရှိခဲ့ခြင်းနှင့် စပ်လျဉ်း၍ လုံလောက်သော သက်သေခံချက် များမရှိဘဲ သံသယဖြစ်ဖွယ် ရာရှိသည်ဟု သုံးသပ်ပြီး ယင်းသို့ရေတွက် စစ်ဆေးထားခြင်းကို အတည်မပြုခြင်းမှာ မှားယွင်းကြောင်း၊ ဘူးသီးတောင်မြို့ မယက ဥက္ကဋ္ဌက ၁၂. ၁၁. ၂၀၁၀၊ ၁၅. ၁၁. ၂၀၁၀၊ ၁၆. ၁၁. ၂၀၁၀ ရက်နေ့များတွင် သက်ဆိုင်ရာ မဲရုံမှူးများအားခေါ်ယူပြီး မဲထုပ်များနှင့် မဲစာရင်းများကို ဖွင့်ဖောက်စစ်ဆေးစေခဲ့သည် ဆိုသော်လည်း သက်ဆိုင်ရာမဲရုံမှူးများက ထိုကဲ့သို့ မဲထုပ်များကို

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

ဖွင့်ဖောက်စစ်ဆေးခဲ့ကြောင်း ထွက်ဆိုခဲ့သည့် မဲရုံမှူးများ မရှိသည့်အပြင် မဲထုပ်များတွင် ချိတ်ပိတ်ထားခြင်းမရှိခြင်းမှာ မူလကပင်ချိတ်တံဆိပ်များ ပိတ်ထားခြင်းမရှိကြောင်း ယူဆရမည် ဖြစ်ပါလျက် မဲရုံမှူးများက မဲထုပ်များကို ဖွင့်ဖောက်စစ်ဆေးခဲ့ပြီး ချိတ်တံဆိပ်များ ပျက်ခြင်းကြောင့် ပယ်မဲမှ ရေတွက်ထားသည့် ခိုင်လုံဆန္ဒမဲများကို အတည်ပြုရန်မဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ ပြင်ဆင်မှုလျှောက်ထားသူက ပယ်မဲများ အဆမတန်များပြားနေ၍ ပြန်လည်စိစစ်ပေးရန် လျှောက်ထားချက်ကို လည်းကောင်း၊ သက်သေခံအဖြစ်တင်ပြသော သက်သေခံ(ယ-၁)မှ (ယ-၁၅၇) အထိ မဲစာရင်းများကို လည်းကောင်း၊ ပယ်မဲများကို ပြန်လည် ရေတွက် စစ်ဆေးထားသည်ကို လည်းကောင်း ထည့်သွင်းစဉ်းစားခြင်း မပြုခြင်းမှာ မှားယွင်းကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့၏စီရင်ချက်တွင် ပယ်မဲများကိုပြန်လည် ရေတွက်ပြီးနောက် နှစ်ဦးနှစ်ဖက်ကရရှိသော ခိုင်လုံဆန္ဒမဲမှာ ကန့်ကွက်သူ ဦးအဘူလ်တာဟေရ်က ဆန္ဒမဲ (၅၆၈၈၄)၊ ကန့်ကွက်ခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်က ဆန္ဒမဲ (၅၃၇၀၅) မဲ ရရှိကြောင်း အတိအလင်း အတည်ပြုဖော်ပြထားပြီးဖြစ်ပါလျက် ယင်းသို့ရေတွက် ရရှိသောဆန္ဒမဲများကို အတည်မပြုခြင်းမှာ မှားယွင်းကြောင်း၊ မဲစာရင်းပြုစုရာတွင် ပုံစံ(၁၆) ပါ မဲစာရင်းနှင့် ပုံစံ (၁၉) ပါမဲစာရင်းများ မှားယွင်းပြုစုထားကြောင်း တွေ့ရှိရပြီး ယင်းကဲ့သို့ မှားယွင်းပြုစုခြင်းသည် လျှောက်ထားသူအား လွန်စွာနစ်နာစေခဲ့ကြောင်း ပေါ်ပေါက်ပါလျက် ယင်းအချက်ကို ထည့်သွင်းသုံးသပ်ခြင်းမရှိခြင်းမှာ မှားယွင်းကြောင်းစသည်ဖြင့် အကြောင်းပြချက်များစွာကို ဖော်ပြအကြောင်းပြခဲ့သည်။

ပြင်ဆင်မှုလျှောက်ထားခံရသူ၏ရှေ့နေက ပြင်ဆင်မှုလျှောက်ထားသူက သက်သေခံအဖြစ်တင်ပြသော သက်သေခံ (ဇ)နှင့် (ဈ) တို့မှာ ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်၏ သဘောတူစေခိုင်းချက်အရ ဝေငှကြောင်းအထောက်အထားမတွေ့ရှိရဟု ခုံအဖွဲ့ကသုံးသပ်ဆုံးဖြတ်ထားကြောင်း၊ ယင်းသက်သေခံချက်များသည် ပြင်ဆင်မှုလျှောက်ထားခံရသူနှင့် သက်ဆိုင်သည်ဟု အခိုင်အမာ သက်သေခံချက်လည်းမရှိကြောင်း၊ သက်သေခံ (ဇ)နှင့် (ဈ) တို့သည် မူရင်းများမဟုတ်ဘဲ မိတ္တူများသာဖြစ်ပြီး ဒုတိယတစ်ဆင့် သက်သေခံချက်မဟုတ်၍ သက်သေခံဥပဒေအရ သက်သေခံမဝင်ကြောင်း၊ ထိုသက်သေခံ (ဇ)နှင့် (ဈ) ကို မည်သို့ရရှိခဲ့ကြောင်းနှင့်ပတ်သက်၍

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

သက်သေထွက်ဆို ချက်များကွဲလွဲနေသည့်အပြင် ဘူးသီးတောင်မြို့၊ မြို့မဗလီတွင် ဝေငှခဲ့သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ထိုစဉ်က ပြင်ဆင်မှု လျှောက်ထားခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်သည် ဖုံညိုလိပ် ကျေးရွာနှင့် သပိတ်တောင်ကျေးရွာများသို့ ရောက်ရှိနေကြောင်း၊ ပြင်ဆင်မှုလျှောက်ထားသူသည် ၂၈. ၁၀. ၂၀၁၀ ရက်နေ့ ဘူးသီးတောင်မြို့ မြို့မအားကစားကွင်းတွင် ဘူးသီးတောင်မောင်တော ဒေသရှိ ပြည်သူလူထု (၇၃၀၁၄၃)ဦးကို နိုင်ငံမဲ့ဖြစ်အောင် ပြုလုပ်နေ သူများမှာ ဒေသဖွံ့ဖြိုးရေးကလူများဖြစ်ကြောင်း ထိုသူများသည် မိမိတို့ ပါတီမှမဟုတ်ကြောင်း၊ နိုင်ငံမဲ့ဖြစ်အောင်ပြုလုပ်နေသည့်ပါတီမှ လူများ ဖြစ်ကြောင်း၊ ယခုမဲထည့်ရမည်ဖြစ်ကြောင်း၊ မဲထည့်လျှင် မိမိတို့နှင့် ရည်ရွယ်ချက်တူသည့်ပါတီကို မဲထည့်မလား၊ ဒါမှမဟုတ် ရည်ရွယ်ချက် ခြင်းမတူတဲ့ မိမိလူမျိုးစုကိုနိုင်ငံမဲ့ဖြစ်အောင်လုပ်နေတဲ့သူများကို မဲထည့် မလားစသည်ဖြင့် လူမျိုးကိုအကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက်လှုံ့ဆော်ခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီ တစ်ခုခုကို မမှန်မကန်စွပ်စွဲခဲ့ကြောင်း၊ ရွေးကောက်ပွဲစုံစမ်းစစ်ဆေးမှု အမှတ် (၁၆/၂၀၁၀) နှင့် (၁၇/၂၀၁၀) တို့တွင် ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ထားသဖြင့် ၎င်းသည်ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုကို ဖောက်ဖျက်ကျူးလွန်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများကို ကျူးလွန်ခြင်းသည် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၅(က)(ခ) တို့တွင် ဖော်ပြထားသည့်အတိုင်း ရဲစခန်းတွင် (၁၅) ရက်အတွင်း တိုင်ကြားနိုင်သော်လည်း ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ ပါ တရားမဲ့ ပြုကျင့်မှုများမှာ အကျုံးဝင်ခြင်းမရှိကြောင်း၊ အခြားစွပ်စွဲချက်များ မှာလည်း ထင်ရှားခြင်းမရှိကြောင်း၊ ပယ်မဲများမှထွက်ရှိသော ခိုင်လုံ ဆန္ဒမဲများနှင့်စပ်လျဉ်း၍ သံသယဖြစ်စေသော အထောက်အထားများ ရှိကြောင်း၊ မဲစာရင်းပုံစံ (၁၆)နှင့် ပုံစံ (၁၉) ပါ စာရင်းများ မှားယွင်းခြင်း၊ ၁၂. ၁၁. ၂၀၁၀ ရက်နေ့တွင် မယက ဥက္ကဋ္ဌက မဲရုံမှူးများအားခေါ်၍ မဲထုပ်များပေးကာ ဖွင့်ဖောက်စစ်ဆေးစေခဲ့ခြင်း၊ မဲထုပ်များတွင် ချိတ်တံဆိပ်များမရှိကြောင်း တွေ့ရှိရခြင်းတို့က ထိုမဲထုပ်များသည် လုံခြုံ စိတ်ချရသည့် မဲထုပ်များမဟုတ်တော့ကြောင်းမှာ ထင်ရှားကြောင်း၊ လျှောက်ထားသူတင်ပြသော သက်သေခံ (ဃ-၁) မှ (ဃ-၁၅၇) အထိ မဲစာရင်းများမှာ တရားဝင်မဲစာရင်းများမဟုတ်ဘဲ လျှောက်ထားသူက

| | |
|---|---|
| ၂၀၁၁ ခုနှစ် ဦးအဘူလ်တာဟေရ် နှင့် ဦးရွှေမောင်(ခ) အဒူရော်ဇက် | ၎င်းဘာသာ ပြုစု တင်ပြသည့်စာရင်းဖြစ်၍ မှားယွင်းသော စာရင်းဖြစ်ကြောင်း စသည်ဖြင့်တင်ပြသည်။ |

ရုံးတော်သဟာယအဖြစ် လျှောက်လဲသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်က ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် လျော်ကန်သင့်မြတ်ပြီး ဥပဒေနှင့်ညီပါကြောင်း၊ အရေးယူလောက်သော ဥပဒေပြဿနာမရှိပါကြောင်းဖြင့် တင်ပြသည်။

မူလကန့်ကွက်လွှာအမှုတွင် လျှောက်ထားသူ ဦးအဘူလ်တာဟေရ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်အပေါ် ကန့်ကွက်ရာ၌ မိမိသာလျှင်မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန်တောင်းဆိုထားသဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၈ (ခ) အရ ကန့်ကွက်မှုဖြစ်ကြောင်းတွေ့ရသည်။ ယင်းသို့ကန့်ကွက်လျှင် အောက်ပါ အကြောင်းပြချက် တစ်ရပ်ရပ်ကိုအခြေခံကန့်ကွက်ရမည်ဟု ယင်းဥပဒေပုဒ်မ ၆၈ (ခ) တွင် ပြဋ္ဌာန်းထားသည် -

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသော ဆန္ဒမဲ အများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများမပါရှိခဲ့သော် လျှောက်ထားသူသည်သာ ခိုင်လုံသောမဲအများဆုံးရရှိနိုင်သည်ဟူသော အကြောင်းပြချက်။

မူလအမှုကိုလေ့လာရာတွင် ဦးအဘူလ်တာဟေရ် က မိမိသည်သာ ခိုင်လုံဆန္ဒမဲ အများဆုံးရရှိသည်မှာ အမှန်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ ၎င်းက ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွင်း မဲရုံပေါင်း (၂၂၂)ရုံ ရှိသည့်အနက် မဲရုံ (၁၆၄) ရုံမှ မဲစာရင်းများကိုသာသက်သေခံ(ဃ-၁)မှ(ဃ-၁၅၇)အထိ တင်ပြထားပြီး ယင်းမဲစာရင်းများမှာလည်း မိမိတို့ဘာသာပြုစုထားသည့်မဲစာရင်းများဖြစ်၍ အချို့မဲစာရင်း များမှာမှန်ကန်သော စာရင်းများ မဟုတ်ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ဦးအဘူလ်တာဟေရ်က သက်သေခံတင်ပြသော သက်သေခံ (ဃ-၁)မှ (ဃ - ၁၅၇) အထိ မဲရုံ (၁၆၄) ရုံ၏ မဲစာရင်းကို အခြေခံလျက် မိမိသာလျှင် ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိ၍

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

ရွေးကောက်တင်မြှောက်ခံထိုက်သူဖြစ်ကြောင်း ကန့်ကွက်ခြင်းမှာ မှန်ကန်ပြည့်စုံသည့် မဲစာရင်းများကိုအခြေခံပြီး ကန့်ကွက်ခြင်းမဟုတ်သောကြောင့် လက်ခံရန်အကြောင်းမရှိပေ။ ၎င်းကမဲစာရင်းမရဘဲ ကျန်ရှိနေသော ရပ်ကွက်နှင့်ကျေးရွာအုပ်စု (၃၇) အုပ်စုမှ မဲရုံပေါင်း (၅၈)ရုံ၏ မဲစာရင်းများကိုသိရှိရပါက လျှောက်ထားခံရသူ ဦးရွှေမောင်(ခ) အဒူရော်ဇက်ထက် ခိုင်လုံဆန္ဒမဲများရရှိနိုင်မည်ဟု ဆိုခြင်းသည် မျှော်မှန်းချက်ဖြင့်ကန့်ကွက်ခြင်းဖြစ်၍ လက်ခံရန်အကြောင်းမရှိကြောင်းလည်း တွေ့ရှိသည်။

ကန့်ကွက်လွှာ အပိုဒ် (၄) တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ရေတွက်သည့် ကြိုတင်မဲတွင် မိမိကြိုတင်မဲ (၃၈) မဲရရှိပြီး ဦးရွှေမောင် (ခ) အဒူရော်ဇက်က ကြိုတင်မဲ(၁၅၉၃)မဲရရှိခဲ့သော်လည်း ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ ကြေညာချက်တွင် မိမိကကြိုတင်မဲ (၄၀၉)မဲနှင့် ဦးရွှေမောင်(ခ)အဒူရော်ဇက်က ကြိုတင်မဲ (၅၅၇၇) မဲရရှိသဖြင့် ပုံနှိပ်ခြင်းမှားယွင်းခြင်းဟု ယူဆကြောင်း တင်ပြချက် မှာလည်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ မဲစာရင်းပုံစံ (၁၉) ဖြစ်သည့် သက်သေခံ (ဍ) အရ ရပ်ကွက်နှင့်ကျေးရွာအုပ်စုမဲရုံများမှရရှိသည့် ကြိုတင်မဲများကိုထည့်သွင်း စာရင်းပေါင်းရမည့်အစား ယင်းကဲ့သို့ စာရင်းမပေါင်းဘဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံတွင် ပုံစံ (၁၈) အရ ရရှိသည့် ကြိုတင်မဲတစ်မျိုးတည်းကိုသာ ဖော်ပြထား၍ မှားယွင်းကြောင်း တွေ့ရသည်။

တရားမဲ့ပြုကျင့်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ခံရသူက ကျေးရွာရယကဥက္ကဋ္ဌများကို အသုံးပြု၍ မဲဆန္ဒရှင်များအား လက်မှတ်ထိုးစေပြီးမဲထည့်ခိုင်းစေခြင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီကို မဲလာပေးသူများအား မဲရုံမှူးလက်မှတ်မထိုးထားသော မဲလက်မှတ်များထုတ်ပေးခြင်းဖြင့် ပယ်မဲများဖြစ်စေခြင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ မဲရုံကိုယ်စားလှယ်နှင့်အကူကိုယ်စားလှယ်များကို မဲရုံအတွင်းသို့ ဝင်ခွင့်မရအောင်ဟန့်တားခြင်း၊ ၁. ၁၀ . ၂၀၁၀ ရက်နေ့တွင် မောင်တောမြို့ အမှတ်(၂)ရပ်ကွက်၌ မော်လဝီဆရာကြီးဟာဒိဒ်ပါမောက္ခချုပ်(၇၅)ဦးအား စည်းဝေးစေပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ထောက်ခံမဲပေးရန်ဆုံးဖြတ်စေကာ ယင်းဆုံးဖြတ်ချက်ကို ဘူးသီးတောင်မြို့နယ်တွင် ဖြန့်ဝေစေခြင်းဖြင့် ဘာသာရေးကို အကြောင်းပြုမဲဆွယ်စည်းရုံးခြင်း၊ ဦးရွှေမောင် (ခ) အဒူရော်ဇက်၏ မဲရုံကိုယ်စားလှယ်များ၊အကူကိုယ်စားလှယ်များက

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

မဲဆန္ဒရှင်၏ဆန္ဒမပါဘဲ မဲဆန္ဒရှင်ကိုဆန့်ကျင်ကာ ကိုယ်စားပြုမဲထည့်ခြင်း၊ ဆန္ဒမဲများရေတွက်ရာတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ၏ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ ရှေ့မှောက်တွင် ရေတွက်မှုမပြုခြင်း၊ ပယ်မဲများကို ကြည့်ခွင့်တောင်းသော်လည်း ခွင့်မပြုခြင်းစသည်ဖြင့် ကန့်ကွက်သော်လည်း သက်သေတင်ပြရာတွင်မူ ဘူးသီးတောင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးဖြစ်သူ ဦးပြည်သိမ်း (လျှောက်ထားသူပြသက်သေ -၆) တစ်ဦးမှအပ အခြားပြင်ပလွတ်လပ်သည့် သက်သေတစ်ဦးတစ်ယောက်မျှ မပါဘဲ ဦးအဘူလ်တာဟေရ်နှင့် ဦးအောင်မြင့်တို့ စည်းရုံးမဲဆွယ်တိုင်းလိုက်ပါသူ ဦးအဘူလ်တော်ယုပ်(ခ)ဦးဝင်းနိုင် (လျှောက်ထားသူပြ သက်သေ -၁) တောင်ဒဂုံမြို့နယ်၊ရန်ကုန်မြို့နေ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ ( NDPD ) မှ စည်းရုံးရေးမှူးဖြစ်သူ ဦးမော်လဝီ၊ ဦးဝင်းနိုင်(ခ) ဖာရွတ် (လျှောက်ထားသူပြသက်သေ -၂) ၊ (NDPD ) ပါတီ၏ ဒုတိယဥက္ကဋ္ဌ(၃)နှင့် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၉)တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်အရွေးခံသော ဦးမူစ်တော်ဖာခါမာလ် (လျှောက်ထားသူပြသက်သေ -၃) ၊ရွှေထားကျေးရွာမဲရုံ အမှတ် (၂)တွင် (NDPD) ပါတီမှ ကိုယ်စားလှယ်များ၏ မဲရုံကိုယ်စားလှယ်ဖြစ်သူဦးအဘူမာလက် (လျှောက်ထားသူပြသက်သေ-၄)၊ ဘူးသီးတောင်မြို့နယ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)တွင် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၁၆/၂၀၁၀)တွင် ကန့်ကွက်ခံရသူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် (လျှောက်ထားသူပြ သက်သေ -၅)နှင့် ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရပြီး ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၁၇/၂၀၁၀)တွင် ကန့်ကွက်ခံရသူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရှီးအာမတ်(လျှောက်ထားသူပြ သက်သေ -၇)တို့ကို သက်သေပြခဲ့ကြောင်းတွေ့ရသည်။ယင်းသက်သေများမှာ လျှောက်ထားသူ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မိမိနှင့်အတူ မဲဆွယ်စည်းရုံး

ရာတွင် အမြဲလိုက်ပါသူတို့ ဖြစ်ခြင်းကြောင့် လွတ်လပ်သောသက်သေများ မဟုတ်ကြပေ။ ထိုသက်သေများ၏ ထွက်ချက်များကို မယုံကြည်ရဟု မဆိုနိုင်သော်လည်းသတိထားပြီး စဉ်းစားချင့်ချိန်ရမည်ဖြစ်ပေသည်။

ဦးအဘူတော်ယုပ် (ခ) ဦးဝင်းနိုင်က သက်သေခံ(ဇ)နှင့် (ဈ) ဖြစ်သည့် မော်လနာဆရာကြီး ၊ ဟာဒိဒ်ပါမောက္ခချုပ် (၇၅) ဦးက ပြည်ခိုင်ဖြိုးပါတီအား ထောက်ခံမဲပေးကြရန် စည်းဝေးဆုံးဖြတ် သည့် စာ (၂)စောင်ကို ၃. ၁၁. ၂၀၁၀ ရက်နေ့ ဘူးသီးတောင်မြို့ ဗလီကြီး၌ ဝတ်ပြုရန်သွားစဉ် ဗလီထဲ၌ ဦးရွှေမောင် (ခ) အဒူရော်ဇက်နှင့် အပေါင်းပါတို့က ဝေငှနေသည်ကိုတွေ့ရှိ၍ တောင်းယူခဲ့ပြီး ထိုစာ (၂) စောင်ကို ဘူးသီးတောင်မြို့(NDPD)ပါတီရုံးသို့ ပေးခဲ့ကြောင်း ထွက်ဆို သော်လည်း ၎င်းသည်ဗလီကြီးရှိသည့်အမှတ်(၃)ရပ်ကွက်တွင် နေထိုင်သူ မဟုတ်ဘဲ အမှတ် (၆) ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး လျှောက်ထားသူ ဦးအဘူလ်တာဟေရ်နှင့် ဦးအောင်မြင့်တို့ စည်းရုံးမဲဆွယ်သည့် အခါတိုင်း လိုက်ပါရသူဖြစ်သဖြင့် ၎င်း၏နှုတ်သက်သေခံ ထွက်ဆိုရုံမျှဖြင့် ခိုင်မာပြီဟု ယူဆရန်ခဲယဉ်းသည်။ ထိုကဲ့သို့ပင်အခြားတစ်ဖက်တွင် ဦးရွှေမောင် (ခ) အဒူရော်ဇက်ကလည်း ယင်းအချက်နှင့်ပတ်သက်၍ငြင်းဆိုပြီး ၃. ၁၁. ၂၀၁၀ ရက်နေ့နှင့် ၄. ၁၁. ၂၀၁၀ ရက်နေ့များတွင် ဘူးသီးတောင်မြို့တွင် မရှိကြောင်း၊ ဖုံညိုလိပ်ကျေးရွာနှင့် သပိတ်တောင် ကျေးရွာအုပ်စုသို့ မဲဆွယ်ရန် ရောက်နေကြောင်း ထွက်ဆို၍ သက်သေ အဖြစ် ဘူးသီးတောင်မြို့နယ် ပြည်ခိုင်ဖြိုးပါတီ အလုပ်အမှုဆောင်ဖြစ်သူ ဦးမူဟာမတ်ရော်ဖိတ် (လျှောက်ထားခံရသူပြသက်သေ -၁) ကို တင်ပြ သည်။ ဦးမူဟာမတ်ရော်ဖိတ်ကလည်း ဦးရွှေမောင် (ခ) အဒူရော်ဇက်၏ ထွက်ဆိုချက်ကို ထောက်ခံထွက်ဆိုခဲ့သည်။

သို့ဖြစ်ရာ နှစ်ဖက်သက်သေခံချက်များ အပြိုင်ဖြစ်နေပြီး မည်သည့် သက်သေခံချက်က မှန်ကန်ခိုင်မာကြောင်း ဆုံးဖြတ်ရန်ရှိလျှင် ထိုသို့မှန်ကန်ခိုင်မာကြောင်းကို သက်သေပြရန် တာဝန်သည် လျှောက်ထားသူအပေါ်တွင် ကျရောက်မည်ဖြစ်ပေသည်။ ဤအမှုတွင် သက်သေခံ (ဇ)နှင့် (ဈ)တို့ကို ဘူးသီးတောင်မြို့ ဗလီကြီး၌ ဦးရွှေမောင် (ခ) အဒူရော်ဇက်နှင့်အပေါင်းအပါများက ဝေငှခဲ့သည်ဆိုလျှင် ထိုဗလီ ထဲတွင် လူအများရှိ၍ ၎င်းတို့အား သက်သေပြရန်ဖြစ်သော်လည်း လျှောက်ထားသူ ဦးအဘူလ်တာဟေရ်က ထိုလူများကို သက်သေမပြဘဲ မိမိနှင့်အတူစည်းရုံးမဲဆွယ်တိုင်းတွင် လိုက်ပါရသူ ဦးအဘူလ်တော်ယုပ်

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

(ခ) ဦးဝင်းနိုင်အား သက်သေပြခြင်းသည် ခိုင်မာလုံလောက်သော သက်သေဖြစ်သည်ဟု လက်ခံရန်ခဲယဉ်းသည်။

ထို့အတူ ဒုံးပိုက်ရွာမဲရုံတွင် ပြည်ခိုင်ဖြိုးပါတီဝင် မဲရုံအဖွဲ့ဝင်တို့က ကွယ်လွန်သူ(၂)ဦးနှင့် ခရီးလွန်သူမော်ရီယမ်ခါတူပါ (၆) ဦးတို့၏ မဲများကိုထုတ်ယူခဲ့ကြောင်း ဦးမူစ်တော်ဖာခါမာလ် (လျှောက်ထားသူပြသက်သေ - ၃ ) ကထွက်ဆိုသော်လည်း သက်သေအဖြစ် မော်ရီယမ်ခါတူတို့ကို သက်သေပြခြင်းမရှိ၍ ယုံကြည်လက်ခံရန်ခဲယဉ်းသည်။

ဦးအာဒူမာလက် (လျှောက်ထားသူပြသက်သေ -၄)က ရွှေထားကျေးရွာမဲရုံအမှတ် (၂) တွင် ဟူဆောင်းဘာနုတို့မိသားစု (၆)ဦးက မဲထည့်ရန်လာရောက်သည်ကို ပြည်ခိုင်ဖြိုးပါတီဝင် ဦးအီစွပ်က မဲစာရင်းတွင်ကြည့်ပြီး ကြိုတင်မဲထည့်ထားပြီးဖြစ်၍ နောက်ထပ်ထည့်ရန်မလိုဟုပြောဆိုကာ ဟူဆောင်းဘာနုတို့၏ တိုကင်ပြားများကိုရယူပြီး ဆုတ်ဖြဲလိုက်ကြောင်း၊ မဲမပေးရကြောင်းထွက်ဆိုသော်လည်း ဟူဆောင်းဘာနုတို့ကို သက်သေမပြခဲ့ပေ။ ရွှေထားကျေးရွာကော်မရှင်အဖွဲ့ခွဲက ရေးသားတင်ပြသည်ဆိုသော သက်သေခံ(ခ)စာမှာလည်း ထိုရေးသားသူများကို သက်သေတင်ပြခြင်းမရှိဘဲ ထိုသူများရေးသားသည့်စာဟုဆိုကာ သက်သေတင်ပြခြင်းမှာလည်း ထင်ရှားခြင်းမရှိ၍ ခိုင်မာသောသက်သေခံများဟု မဆိုနိုင်ပေ။

ထို့အပြင် မူလဘူးသီးတောင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ မဲစာရင်းပုံစံ (၁၉)စာရင်းနှင့် မဲရုံများ၏မဲစာရင်း ပုံစံ (၁၆) တို့ကို တိုက်ဆိုင်စစ်ဆေးရာတွင် မဲရုံ (၈)ရုံ၏ မဲစာရင်းများတွင် စာရင်းများမှားယွင်းနေကြောင်းတွေ့ရှိရသည်။ ယင်းမှားယွင်းသည့် ပုံစံ (၁၆)နှင့် ပုံစံ (၁၉) စာရင်းများအရ လျှောက်ထားသူဦးအဘူလ်တာဟေရ် ရရှိသည့် ခိုင်လုံဆန္ဒမဲစာရင်းမှာ ပိုမိုလာပြီး လျှောက်ထားခံရသူ ဦးရွှေမောင်(ခ) အဒူရော်ဇက် ရရှိသည့် ခိုင်လုံဆန္ဒမဲစာရင်းမှာ လျော့နည်းသွားမည်ဖြစ်သော်လည်း ရွေးကောက်ပွဲအနိုင်အရှုံးကို ပြောင်းလဲစေခြင်းမရှိပေ။ ထို့ကြောင့် ရွေးကောက်ပွဲ အနိုင်အရှုံးကို ပြောင်းလဲစေရန် ရည်ရွယ်သည့် စာရင်းမှားယွင်းခြင်းမျိုး မဟုတ်သဖြင့် သဘောရိုးဖြင့်စာရင်းမှားခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ ခြုံငုံကြည့်ရှုလျှင် သက်သေခံ (ဇ)နှင့် (ဈ) ဖြစ်သည့် ဘာသာရေးဆရာကြီး(၇၅)ပါးက မောင်တောမြို့တွင် စည်းဝေးပြီး ပြည်ခိုင်ဖြိုးပါတီအားထောက်ခံမဲပေးရန် ဆုံးဖြတ်ချက်ကို

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

ဘူးသီးတောင်မြို့နယ်တွင် ဖြန့်ချိသည်ဆိုခြင်းသည်လည်းကောင်း၊ မဲရုံများတွင် တရားမဲ့ပြုကျင့်မှုများပြုလုပ်သည် ဆိုခြင်းသည် လည်းကောင်း၊ ခိုင်မာသောသက်သေခံ အထောက်အထားများကို ပြင်ဆင်မှုလျှောက်ထားသူကပြသနိုင်ခြင်းမရှိဟု တွေ့ရှိသောကြောင့် ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟုဆိုရန် မရှိပေ။

ဘူးသီးတောင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးပြည်သိမ်း ( လျှောက်ထားသူ ပြသက်သေအမှတ် - ၆)က တင်ပြသော ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲစာရင်း ပုံစံ(၁၉)၊ သက်သေခံ(ဠ)နှင့် ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာသည့် သက်သေခံ(ည) သတင်းစာပါကြေညာချက်မဲစာရင်းတွင် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ လျှောက်ထားသူဦးအဘူလ်တာဟေရ် ရရှိသောခိုင်လုံဆန္ဒမဲမှာ မဲလက်မှတ်(၄၇၃၉၃)၊ ကြိုတင်မဲ (၄၀၉)၊ ပေါင်း (၄၇၈၀၂)မဲဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးရွှေမောင် (ခ) အဒူရော်ဇက်ရရှိသည့် ခိုင်လုံဆန္ဒမဲမှာ မဲလက်မှတ် (၄၆၄၀၈)၊ ကြိုတင်မဲ (၅၅၇၇)၊ ပေါင်း (၅၁၉၈၅) မဲဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားသည့် စာရင်းအရတွေ့ရှိရသည်။

သို့ဖြစ်၍ မဲရုံ (၂၂၂)ရုံ၏ မဲစာရင်းအပြည့်အစုံအရမှာ လျှောက်ထားသူသည် ခိုင်လုံဆန္ဒမဲ (၄၇၈၀၂)ရရှိပြီး လျှောက်ထား ခံရသူသည် ခိုင်လုံဆန္ဒမဲ (၅၁၉၈၅) ရရှိကြောင်း ပေါ်ပေါက်သည်ဖြစ်၍ လျှောက်ထားခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်က ခိုင်လုံဆန္ဒမဲ ပိုမိုရရှိကြောင်းမှာ ထင်ရှားသည်။

ဤအမှုတွင်လျှောက်ထားသူ၏ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် တစ်ရပ်လုံးတွင် ပယ်မဲပေါင်း (၁၇၃၂၈)မဲ ရှိခဲ့သည့်အနက် မဲရုံ (၁၆၄) ရုံရှိစာရင်းအရ လျှောက်ထားသူ၏ ပယ်မဲသည် (၁၂၀၂၉) ဖြစ်၍ ပယ်မဲသတ်မှတ်ခြင်းသည် တာဝန်ရှိ ပုဂ္ဂိုလ်များ သဘောရိုးဖြင့် အယူအဆလွဲမှားခြင်းဖြစ်သည်ဟု ရိုးသားစွာ ယုံကြည်ကြောင်း တင်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၆၉ တွင် ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်တစ်ခုသည် ခိုင်လုံသည် မခိုင်လုံသည်ကို မဲရုံတွင်ရေတွက်သော ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်လျှင် မဲရုံမှူး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သော ကြိုတင်ဆန္ဒမဲလက်မှတ်ဖြစ်လျှင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

က ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ မဲလက်မှတ်ရေတွက်သော မဲရုံမှူး သို့မဟုတ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပယ်မဲများကိုသတ်မှတ်ရာ၌ မတရားမှုမရှိလျှင် ထိုပယ်မဲများကို ဥပဒေနှင့်အညီရေတွက်ခဲ့သည်ဟုသာ ဆိုရန်ရှိသဖြင့် အကြောင်းမဲ့ပြန်လည်ရေတွက်ရန်အကြောင်းမရှိပေ။

လျှောက်ထားသူကတင်ပြသောပယ်မဲများကို ရွေးကောက်ပွဲခုံအဖွဲ့က တရားမဲ့ပယ်ခဲ့ခြင်း ရှိ မရှိ ပြန်လည်စိစစ်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် ရေတွက်ပေးခဲ့သော်လည်း မဲရုံပေါင်း (၂၂၂) ရုံရှိသည့်အနက် မဲရုံ (၁၀၀) ကျော်ခန့်ကို ရေတွက်ပြီးသည့်အချိန်၌ လျှောက်ထားခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်က ၁၂. ၁၁. ၂၀၁၀ ရက်နေ့၌ ဘူးသီးတောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများနှင့်မဲရုံမှူးများတို့ကိုခေါ်ယူပြီး မဲထုပ်များကို ပြန်ပေး၍ မဲစာရင်းများနှင့်မှန်ကန်မှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးစေခဲ့ကြောင်း၊ ထို့ကြောင့်မဲထုပ်များမှာ မူလအတိုင်းရှိသည့် မဲထုပ်များမဟုတ်တော့ကြောင်း၊ မဲထုပ်အများအပြားတွင် ချိတ်တံဆိပ်လည်း မရှိတော့ကြောင်းနှင့် အမှန်တရားပေါ်ပေါက်စေရန်အတွက် စစ်ဆေးပေးရန်တင်ပြခဲ့သည်။

သို့ဖြစ်၍ ရွေးကောက်ပွဲခုံအဖွဲ့က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၁. ၈. ၂၀၁၁ရက်နေ့နှင့် ၂. ၈. ၂၀၁၁ ရက်နေ့များတွင် သွားရောက်ရုံးထိုင်ပြီး ဘူးသီးတောင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးပြည်သိမ်းအပါအဝင် ရုံးခေါ်သက်သေ (၂၃) ဦးတို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် မိကျောင်းဈေးကျေးရွာအုပ်စု၊ မဲရုံအမှတ် (၁)၏ မဲရုံမှူး ဦးမူဟာမတ် (ရုံးခေါ် သက်သေ -၆)၊ ဆေးအိုးကျကျေးရွာအုပ်စု မဲရုံအမှတ်(၃)၏ မဲရုံမှူး ဦးဖိုးလပြည့် (ရုံးခေါ် သက်သေ -၇)၊ မိကျောင်းခေါင်းဆွဲကျေးရွာအုပ်စု မဲရုံအမှတ် (၁)၏ မဲရုံမှူး ဦးမျိုးလင်းအောင် (ရုံးခေါ်သက်သေ-၈)၊ ဘူးသီးတောင်မြို့၊ အနောက်ရပ်ကွက် မဲရုံအမှတ် (၁)၏ မဲရုံမှူးဒေါ်ဦးစိန်လှ (ရုံးခေါ် သက်သေ -၁၀)၊ မြို့မရပ်ကွက်မဲရုံအမှတ် (၂)၏ မဲရုံမှူးဦးဂျာဟံဂိရ် (ရုံးခေါ်သက်သေ - ၁၁)၊ ဘဒကားကျေးရွာအုပ်စု မဲရုံအမှတ်(၁)၏ မဲရုံမှူး ဦးဖွေယာဇက်အိစ္စလာမ် (ရုံးခေါ်သက်သေ -၁၂)၊ ဖိုးခေါင် ကျေးရွာ မဲရုံအမှတ်(၁)၏မဲရုံမှူး ဦးမောက်ဘူလ်ဟူစိန် (ရုံးခေါ် သက်သေ-၁၉)နှင့် သင်္ဂနက်ကျေးရွာအုပ်စု မဲရုံအမှတ် (၂)၏ မဲရုံမှူး ဦးဟာမိဒ်ဘောချ်

၂၀၁၁ ခုနှစ်
ဦးအဘူလ်တာဟေရ်
နှင့်
ဦးရွှေမောင်(ခ)
အဒူရော်ဇက်

(ရှုံးခေါ်သက်သေ -၂၃)တို့၏ ထွက်ဆိုချက်များ အရ ၁၂. ၁၁. ၂၀၁၀ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ် မယကဥက္ကဋ္ဌက မဲထုပ်များနှင့် ပုံစံ (၁၆) စာရင်းတို့ ကိုက် မကိုက် တိုက်ဆိုင်စစ်ဆေးရန် မဲရုံမှူးများအား ခေါ်ယူစစ်ဆေးစေခဲ့ကြောင်းမှာ အမှန်ပင်ဖြစ်ကြောင်း ပေါ်ပေါက်လာပေသည်။

ဧင်းတို့အနက်အချို့က မယကဥက္ကဋ္ဌက ကိုယ့်မဲထုပ်ကိုယ်ယူ၊ ပုံစံ (၁၆)နှင့် ကိုက် မကိုက် တိုက်ဆိုင်ကြည့်ရှုရန်ပြောပြီး မဲထုပ်များကို ထုတ်ပေး၍ မယကရုံးဝင်းထဲရှိ သစ်ပင်၊ ကုက္ကိုလ်ပင်များအောက်သို့ယူသွားကြောင်း၊ မိမိတို့ကမဲထုပ်ဖွင့်မကြည့်သော်လည်း အချို့ကဖွင့်ကြည့် သည်ဟု သိရှိရကြောင်းထွက်ဆိုကြသည်ကို တွေ့ရသည်။

မယက ဥက္ကဋ္ဌက မဲထုပ်များကိုထုတ်ပေးပြီး မဲစာရင်းပုံစံ (၁၆)နှင့် ကိုက်ညီမှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးရန် ပြောဆို၍ မဲထုပ်များကို သစ်ပင်ရိပ်ရှိရာသို့ ယူဆောင်သွားကြခြင်းမှာ မှန်ကန်ကြောင်းပေါ်ပေါက်သဖြင့် ဧင်းတို့ကမဲထုပ်များကိုဖွင့်သည်ဟု ထွက်ဆိုသည်ဖြစ်စေ၊ မဖွင့်ဟု ထွက်ဆိုသည်ဖြစ်စေ ယင်းမဲထုပ်များရှိမဲများမှာ မူလချိတ်ပိတ်ထား သည့် မဲများအတိုင်းရှိသည်ဟု ယူဆရန်မှာခဲယဉ်းမည် ဖြစ်သဖြင့် ယင်းအခြေအနေတွင် မဲထုပ်များကိုပြန်လည်စစ်ဆေး အတည်ပြုရန်မှာ ဖြစ်နိုင်ဖွယ်မရှိပေ။

ထို့ကြောင့် ရွေးကောက်ပွဲခုံအဖွဲ့က ပယ်မဲများစိစစ်ရေတွက်ထားခြင်းကို အတည်ပြုရန်မဖြစ်နိုင်ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းခြင်းမရှိကြောင်းတွေ့ရသည်။

အထက်ပါအကြောင်းအချက်များအရ ရွေးကောက်ပွဲခုံအဖွဲ့ (၄)၏ လျှောက်ထားခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်သည် တရားမဲ့ပြုကျင့်မှုမရှိကြောင်းနှင့် ဧင်းအား ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည့် ၃၀. ၈. ၂၀၁၁ ရက်စွဲပါ ဆုံးဖြတ်ချက်ကို အတည်ပြုပြီး လျှောက်ထားသူဦးအဘူလ်တာဟေရ်၏ ပြင်ဆင်မှုလျှောက်ထားချက်ကို ပယ်ကြောင်း ဆုံးဖြတ်သည်။

အမှုစရိတ် ငွေကျပ် **တစ်သိန်း** ကို ပြင်ဆင်မှုလျှောက်ထားသူ ဦးအဘူလ်တာဟေရ်က ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးရွှေမောင် (ခ) အဒူရော်ဇက်အား ပေးစေ။

+၂၀၁၁ ခုနှစ်
အောက်တိုဘာလ
၂၈ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ဦးအောင်မြင့်၊ဦးသာဦး၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်**

**ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာ — လျှောက်ထားသူ**

**နှင့်**

**ဦးမောင်စန်ရွှေ — လျှောက်ထားခံရသူ***

**ကန့်ကွက်ခံရသူက ကန့်ကွက်သူသည်လည်း ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်ခဲ့သည်ဖြစ်၍ ရွေးကောက်တင်မြှောက်ခံရထိုက်သူ မဟုတ်ကြောင်းပြန်လှန် ကန့်ကွက်လိုလျှင် နိုင်ငံတော်အတွက် အမှုစရိတ်ငွေကျပ် ၁၀ သိန်းကို ပေးသွင်းပြီး ကန့်ကွက်ရန်လို မလို။**

**လူမျိုးကိုအကြောင်းပြုပြီး မဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ပြောဟောခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီတစ်ခုခုကို မမှန်မကန်စွပ်စွဲပြောဆိုခြင်း။**

**ဆုံးဖြတ်ချက်။** တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၉၃ တွင် အောက်ပါကဲ့သို့ ပြဋ္ဌာန်းထားသည်-

"၉၃။ ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်လွှာ

---

* ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်- ၁၂။

\+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၁၆) တွင်ချမှတ်သော ၃၀-၈-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု။

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်ရွှေ

မိတ္တူတစ်စောင်စီကို ကန့်ကွက်ခံရသူ အသီးသီးထံသို့ ဆောလျင်စွာ ပေးပို့စေ၍ ယင်းကန့်ကွက်လွှာမိတ္တူကို နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန်ကြေညာစေရမည်။ ထို့ပြင် ယင်းကန့်ကွက်လွှာ မိတ္တူတစ်စောင်ကို ခုံရုံးရှိ အများမြင်သာသော ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။ ထိုသို့ ကြော်ငြာစာကပ်ထားပြီးနောက် ၁၅ ရက်အတွင်း ကန့်ကွက်ခံရသူ တစ်ဦးဦးကဖြစ်စေ၊ ကန့်ကွက်ပိုင်ခွင့်ရှိသော မဲဆန္ဒရှင်တစ်ဦးဦးက ကန့်ကွက်ခံရသူအဖြစ်ပါဝင်၍ဖြစ်စေ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို တင်ပြတောင်းခံ လိုပါက နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ်အတွက် ငွေကျပ် ၁၀ သိန်းကို ကော်မရှင်ကသတ်မှတ်ပေးသည့် ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းပြီး ယင်းအခွင့်အရေးကို တောင်းခံခွင့် ရရှိစေရမည့်အပြင် ယင်းအခွင့်အရေးနှင့် စပ်လျဉ်း၍ သက်သေအထောက်အထားလည်း တင်ပြခွင့်ရှိသည်။ ”

ယင်းနည်းဥပဒေ၏သဘောမှာ အကယ်၍ ကန့်ကွက်သူ ဦးမောင်စန်ရွှေသည် ဘူးသီးတောင် မောင်တောမြို့ ဘာသာရေးဆရာကြီးများဖြစ်ကြသော ဟာဒိဒ်ပါမောက္ခချုပ်များနှင့် မော်လဝီ ဆရာကြီး (၇၅) ပါးတို့၏ ပြည်ခိုင်ဖြိုးပါတီကို မဲပေးကြရန် အစည်းအဝေးဆုံးဖြတ်ချက်ကို ဘူးသီးတောင်မြို့နယ်တွင် ဖြန့်ချိခြင်းဖြင့် မိမိအား ရွေးကောက်တင်မြှောက်ခံရစေရေးအတွက် ဘာသာရေးကို အကြောင်းပြု၍ လှုံ့ဆော်ခြင်း ပြုခဲ့လျှင် ကန့်ကွက်သူ ဦးမောင်စန်ရွှေသည်လည်း တရားမဲ့ပြုကျင့်သူဖြစ်၍ အရွေးခံရသူ ဖြစ်ကြောင်း ကြေညာနိုင်မည်မဟုတ်သဖြင့် ထိုသို့ ကြေညာခြင်းမပြုနိုင်စေရန် ကန့်ကွက်ခံရသူအား ပြန်လှန်တောင်းဆို ကန့်ကွက်နိုင်သည့် အခွင့်အရေး ပေးခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပြန်လှန်ကန့်ကွက်လာလျှင် ပြန်လှန်ကန့်ကွက်ခံရသူ ဦးမောင်စန်ရွှေသည် ယင်းပြန်လှန် ကန့်ကွက်သည့် အပေါ် ချေပလွှာတင်သွင်း ရမည်ဖြစ်ပြီး ယင်းကန့်ကွက်ချက်ကိုလည်း ငြင်းချက်ထုတ်၍ စစ်ဆေးဆုံးဖြတ်ရမည် ဖြစ်ပေသည်။

သို့ရာတွင် ယင်းကဲ့သို့ပြန်လှန်တောင်းဆိုကန့်ကွက်ရာတွင် ကန့်ကွက်ခံရသူက မိမိပြန်လှန်တောင်းဆိုမှု အတွက် နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ် ငွေကျပ် ၁၀ သိန်းကိုပေးသွင်းပြီး တောင်းဆိုမှသာလျှင် ၎င်းသည် ယင်းသို့ပြန်လှန်တောင်းဆိုသည့် အခွင့်အရေးနှင့် စပ်လျဉ်း၍ တောင်းဆိုခွင့် ရရှိမည့်အပြင် သက်သေအထောက်

<u>၂၀၁၁ ခုနှစ်</u>
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်းရွှေ

အထားလည်း တင်ပြခွင့်ရှိမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** သက်သေခံ (င) ဗွီဒီယိုခွေ၏ဘာသာပြန်ဆိုချက်တွင် အောက်ပါဟောပြောချက်များပါဝင်သည် -

× × × အဲဒီထဲမှာရှိတဲ့လူတွေက ဒေသဖွံ့ဖြိုးရေးထဲက လူတွေဖြစ်တယ်၊ နောက်တစ်ယောက် ဖောင်တော်ပြင်က လက်နှစ်ချောင်းခွတင်ပြီး Peace Peace ဆိုပြီး ပြေးနေတဲ့လူတွေကလည်း ဒေသဖွံ့ဖြိုးရေးက လူတွေဖြစ်တယ်၊ ဒီလူတွေအားလုံးပူးပေါင်းပြီး ၁၂-၅-၂၀၁၀ ရက်နေ့တွင် မောင်တော ဘူးသီးတောင်မှာရှိတဲ့ (၇၃၀၁၄၃) ယောက်သော ပြည်သူလူထုကို အမည်နာမ မရှိ နိုင်ငံမဲ့လူထုအဖြစ်တင်ပြခဲ့တယ်။ × × ×× × ×

× × × အဲဒီလူတွေ နဂိုကတည်းက အဲဒီပါတီက လူတွေဖြစ်တဲ့အတွက် ကျွန်တော်တို့စာအုပ်ပါတီ ကလောင်ပါတီက လူတွေမဟုတ်ပါ။ အရင်ကတည်းက ဒီလူမျိုးစုကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေတဲ့ပါတီက လူတွေဖြစ်တဲ့အတွက်ကြောင့် အချိန်တန်ရင် ဒီလူတွေအားလုံး ပူးပေါင်းပြီး ကျွန်တော်တို့ပါတီရဲ့ ခြေဖနောက် သွေးကြောမကြီးကို ခုတ်ပစ်ပါလိမ့်မယ်။ ဒီနေ့မင်းက အဲဒီပါတီနောက်ကလိုက်လာပြီး ကျွန်တော်တို့ဟိုဟာ လုပ်ပေးတယ်၊ ဒီဟာလုပ်ပေးတယ်ဆိုပြီး မျက်ရည်ပေါက်ပေါက်ကျနေပြီး၊ ပညာတွေဘယ်လောက်တတ်ပါတယ်ဆိုပြီး၊ ဘွဲ့တံဆိပ်တွေ ဒီဟာကနေ ဟိုဘက်အထိရှည်တယ်ဆိုပြီးတော့ ဒီကနေ့အရောင်တင်ပေးထားတဲ့ ကြေးတစ်ခုကို ရွှေပါဆိုပြီးပြနေတဲ့ လူတွေကို မှန်ကန်တဲ့လူတွေလို့ ပြောရမှာလား၊ ဒီနေ့မိမိလူမျိုး၏ အခွင့်အရေးကို ရှာဖွေပေးနေတဲ့ ပါတီရဲ့နောက်ကနေ မင်းကိုယ်တိုင်မလိုက်နာဘဲနဲ့ ဘယ်လူမျိုးက ဒီလိုလူမျိုးကို နိုင်ငံမဲ့ဖြစ်အောင် လုပ်နေတဲ့လူတွေရဲ့နောက်ကလိုက်လာတာက မင်းဒီလူမျိုးစုရဲ့တာဝန်ကို ကျေပွန်နေတာလား × × × ×× × ×

× × × အခု ခင်ဗျားတို့မဲထည့်ရလိမ့်မယ်၊ ဒါဆိုရင် ခင်ဗျားတို့နဲ့ ရည်ရွယ်ချက်ခြင်း တူတဲ့ပါတီကို မဲထည့်မလား၊ ဒါမှမဟုတ် ရည်ရွယ်ချက်ခြင်း မတူတဲ့ မိမိလူမျိုးစု

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်ရွှေ

ကိုနိုင်ငံမဲ့ဖြစ်အောင် လုပ်နေတဲ့သူများကို မဲထည့်မလား။

× × × ×

ဦးမောင်စန်ရွှေ( ကန့်ကွက်လွှာအမှု ၁၆/၂၀၁၀ တွင် ကန့်ကွက်သူ)၊ ဦးရွှေမောင် (ကန့်ကွက်လွှာအမှု အမှတ် ၁၄/၂၀၁၀ တွင်ကန့်ကွက်ခံရသူ)နှင့် ဒေါက်တာဘော်ရှီရ်အာမတ် (၏ကန့်ကွက်လွှာ တွင်ကန့်ကွက်သူ ) တို့သည် ရွေးကောက်ပွဲမတိုင်မီကတည်းက ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းကို တည်ထောင်ထား သူများဖြစ်ကြသည်ဟု ကန့်ကွက်လွှာ အမှုအမှတ် (၁၆/၂၀၁၀)မှ ကန့်ကွက်ခံရသူ ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာက ထွက်ဆိုထားသည်။ ၎င်း ဦးမောင်စန်ရွှေ တို့သည် ပြည်ခိုင်ဖြိုးပါတီမှ ဝင်ရောက်အရွေးခံ ကြသည့် ကိုယ်စားလှယ်လောင်းများဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီဝင်များလည်း ဖြစ်ကြသည်။

သို့ဖြစ်၍ ပြည်သူလူထု (၇၃၀၁၄၃) ဦးကို နိုင်ငံမဲ့ ဖြစ်အောင် လုပ်နေသူများမှာ ဒေသဖွံ့ဖြိုးရေးအသင်းမှ လူများဖြစ် ကြောင်း၊ ထိုလူများသည် မိမိတို့ပါတီမှလူများ မဟုတ်ကြောင်း၊ အရင်ကတည်းက ဒီလူမျိုးစုကို နိုင်ငံမဲ့ ဖြစ်အောင်လုပ်နေတဲ့ပါတီက လူတွေဖြစ်ကြောင်း၊ အခုခင်ဗျားတို့ မဲထည့်ရလိမ့်မယ်၊ ဒါဆိုရင် ခင်ဗျားတို့နဲ့ ရည်ရွယ်ချက်ခြင်းတူတဲ့ ပါတီကို မဲထည့်မလား၊ ဒါမှမဟုတ် ရည်ရွယ်ချက်ခြင်း မတူတဲ့ မိမိလူမျိုးစုကို နိုင်ငံမဲ့ဖြစ်အောင် လုပ်နေတဲ့ သူများကို မဲထည့်မလားစသည်ဖြင့် ပြောဆိုခြင်းသည် ဘူးသီးတောင်၊ မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသည့် ဦးမောင်စန်ရွှေ၊ ဦးရွှေမောင်၊ ဒေါက်တာဘော်ရှီရ်အာမတ်တို့ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပြီး ထိုပါတီ၏လူများဖြစ်ကြောင်း ပြောဆိုခြင်းမှာလည်း ဦးမောင်စန်ရွှေတို့၏ပြည်ခိုင်ဖြိုးပါတီကို ပြောဆိုခြင်းဖြစ်သည်ဟု ကောက်ယူရန်ရှိပေသည်။ ပါတီဆိုရာ၌ ပြည်ခိုင်ဖြိုးပါတီကို ရည်ညွှန်း ပြောဆိုခြင်း မဟုတ်ဟု ဆိုခြင်းသည် လက်ခံရန်မရှိပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးချစ်လွင်<br>(တရားလွှတ်တော်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက် | - | ဦးထွန်းရွှေ<br>(တရားလွှတ်တော်ရှေ့နေ) |

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့်

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်ရွှေ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) ၌ မြို့ (ခ) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးကေပေါက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးမောင်စန်ရွှေနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့ကြရာ၊ ဦးကေပေါက်က ခိုင်လုံဆန္ဒမဲ (၄၅၁၀)မဲ၊ ဦးမောင်စန်ရွှေက ခိုင်လုံဆန္ဒမဲ (၁၁၆၇၈) မဲ နှင့် ဦးအောင်မြင့် (ခ)ဇာဟီဒုလ္လာက ခိုင်လုံဆန္ဒမဲ (၁၄၁၅၈) မဲ ရရှိကြသဖြင့် ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာက ခိုင်လုံဆန္ဒမဲအများဆုံးဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

ယင်းသို့ရွေးကောက်တင်မြှောက်ခံရခြင်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမောင်စန်ရွှေက ကျေနပ်ခြင်းမရှိ၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာအပေါ် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၆/၂၀၁၀) ကို တင်သွင်းခဲ့ရာ၊ ယင်းအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၄)က စစ်ဆေးကြားနာပြီးနောက် ၃၀. ၈. ၂၀၁၁ ရက်နေ့တွင် လျှောက်ထားခံရသူ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာသည် ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏ အမည်နေရပ်မပါရှိသော ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် သက်သေခံ ( က )၊ ( ခ )နှင့် (ခ-၁) ပိုစတာ၊ လက်ကမ်းစာစောင်များကို ဖြန့်ချိထုတ်ဝေခြင်းဖြင့် မိမိအား လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရရေးအတွက် အကျိုးရှိစေခဲ့သည်ဖြစ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဇ) ပါ တရားမဲ့ပြုကျင့်မှုကိုကျူးလွန်ခဲ့ကြောင်းနှင့် သက်သေခံ (င) ဗွီဒီယိုခွေအရ ဘင်္ဂါလီလူမျိုး အစ္စလာမ်ဘာသာ ကိုးကွယ်သူများအား နိုင်ငံမဲ့ဖြစ်စေရန် ပြုလုပ်သည့် ပြည်ခိုင်ဖြိုးပါတီအား မဲမပေးရန် ဟောပြောခဲ့ခြင်းကြောင့် လူမျိုးကို အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီတစ်ခုကို မမှန်မကန် စွပ်စွဲပြောဆိုခြင်း ပြုသည်ဖြစ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ (ဈ) နှင့် ၆၆ (ဉ) တို့ကို ဖောက်ဖျက်ကျူးလွန်သည်ဟု သုံးသပ်ပြီး ကန့်ကွက်ခံရသူ ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာအား ရွေးကောက်တင်မြှောက်ခြင်းသည်

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်းရွှေ

တရားမဝင် ပျက်ပြယ်ကြောင်းနှင့် ကန့်ကွက်သူဦးမောင်စန်းရွှေသည်သာ ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းရွေးကောက်ပွဲခုံအဖွဲ့ (၄)၏ ဆုံးဖြတ်ချက်ကို ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာက မကျေနပ်၍ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် လျှောက်ထားသူ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာက ပြင်ဆင်မှုလျှောက်ထားသူ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီသည် သက်သေခံ (၁) ဖြစ်သည့် နိုင်ငံရေးစာပေထုတ်ဝေခွင့်အမှတ် (နသ-၀၁၁/၂၀၁၀)အရ ထုတ်ဝေခွင့်ရရှိထားပြီး ယင်းထုတ်ဝေခွင့်အရ သက်သေခံ (၃) ကို ထုတ်ဝေခဲ့ကြောင်း ပေါ်ပေါက်ပါလျက် ပြင်ဆင်မှုလျှောက်ထားခံရသူက တင်ပြသော ပုံနှိပ်ထုတ်ဝေသူအမည်၊ နေရပ်မပါသော သက်သေခံ (က)၊(ခ) နှင့် (ခ-၁) ပိုစတာ၊ လက်ကမ်းစာစောင်များကို လက်ခံခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ယင်းသက်သေခံချက်များကို ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးမောင်စန်းရွှေနှင့် အပေါင်းပါများက ရွေးကောက်ပွဲပြီးနောက်ပိုင်း Peace ကွန်ပျူတာဆိုင်တွင် လျှောက်ထားသူ၏ ဓာတ်ပုံများကို ကွန်ပျူတာထဲတွင် လုပ်ကြံထည့်သွင်းနေကြောင်းကို ဦးမောင်ကျော်မြင့်က တွေ့မြင်သကဲ့သို့ ဆက်စပ်နေသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၇/၂၀၁၀) တွင် သက်သေဖြစ်သူ ဦးမာမတ်အာရောပ်ကလည်း မြင်တွေ့ကြောင်း ထွက်ဆိုပါလျက် ယင်းမျက်မြင်သက်သေများ၏ ထွက်ဆိုချက်ကို ထင်ကြေးဖြင့် လူတကာမြင်တွေ့စေရန် လုပ်မည်မဟုတ်ဟု သုံးသပ်ခြင်းမှာ မှားယွင်းကြောင်း၊ သက်သေခံ (က) ကဲ့သို့ ဗီနိုင်း၊ ပိုစတာများသည် မည်သူမဆို ရေးဆွဲ၍ရပြီး အထူးသဖြင့် ကွန်ပျူတာ စာစီစာရိုက်လုပ်ငန်းကို လုပ်ကိုင်နေသော ဦးမောင်စန်းရွှေက ဖန်တီးကြောင်းပြန်လှန်မေးမြန်းထားသည့်အပြင် ဦးမောင်စန်းရွှေကိုယ်တိုင်ကလည်း သက်သေခံများကို မည်သည့်ဆိုင်၊ မည်သည့်ပုံနှိပ်တိုက်တွင်မဆို အခြားသူတစ်ဦးတစ်ယောက်က အလွယ်တကူ ရိုက်နှိပ်နိုင်သည်ဆိုလျှင် ရနိုင်ကြောင်း ဖြေဆိုထားသည်ကို မျက်ကွယ်ပြုခြင်းမှာ မှားယွင်းကြောင်း၊ သက်သေခံ (င) ဗွီဒီယိုခွေပါ အကြောင်း

အရာများသည် အဆိုလွှာတွင် ဖော်ပြပါရှိခြင်းမရှိကြောင်း၊ လျှောက်ထားခံရသူ ဦးမောင်စန်းရွှေ၏ ကန့်ကွက်လွှာတွင် အစ္စလာမ်ဘာသာဝင် ၈၆% ကျော် နေထိုင်သည့် ဘူးသီးတောင် မြို့နယ်အတွင်း၌ ပြည်ခိုင်ဖြိုးပါတီသည် ဗုဒ္ဓဘာသာဝင်များပါဝင်သဖြင့် ဒိဋ္ဌိပါတီဖြစ်ကြောင်း၊ ဘင်္ဂါလီလူမျိုးများက ပြည်ခိုင်ဖြိုးပါတီကို ထောက်ခံမဲထည့်လျှင် ဘင်္ဂါလီ မိန်းမပျိုများ ဘုရ်ခါ (အမျိုးသမီး ကိုယ်ရုံဝတ်စုံ)ကို ချွတ်ရတော့မည် ဖြစ်ပြီး၊ ဘုန်းကြီးကို ကန်တော့ဦးချရတော့မည် ဖြစ်ကြောင်း၊ ဆွမ်းပို့ ဆွမ်းလောင်းရမည်ဖြစ်ကြောင်း၊ ဗလီကျောင်း ဆက်တက်လိုလျှင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ် (NDPD) ပါတီကို မဲပေးကြရန် ဟောပြောခဲ့ကြောင်း၊ အရက်ကို ရွေးလိုလျှင် ပြည်ခိုင်ဖြိုး ပါတီကို မဲထည့်ကြပါ၊ အချိုရည် ပုလင်းကို ရွေးလိုလျှင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ် (NDPD) ပါတီကို ရွေးကြပါ၊ ပြည်ခိုင်ဖြိုးပါတီသည် လက်ရှိအစိုးရ ဦးဆောင်သော ပါတီဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြစွပ်စွဲချက်များသာ ပါရှိပြီး သက်သေခံ (င) ဗွီဒီယိုခွေတွင်ပါရှိသော စွပ်စွဲချက်များကို တစ်လုံးတစ်ပါဒမျှ အဆိုလွှာတွင် ဖော်ပြထားခြင်းမရှိကြောင်း၊ ယင်းသို့ အဆိုလွှာတွင် ဖော်ပြထားခြင်း မရှိသော သက်သေခံ (င) ဗွီဒီယိုခွေ ဘာသာပြန်ဆိုချက်မှ ကောက်ယူ၍ ဆုံးဖြတ်ခြင်းသည် အဆိုအချေတွင် မပါရှိသော ဇာတ်လမ်းအသစ်ကို ဖန်တီးဆုံးဖြတ်ခြင်းဖြစ်၍ မှားယွင်းကြောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်တွင် ဘူးသီးတောင်၊ မောင်တောဒေသဖွံ့ဖြိုးရေးအသင်း နှင့်ပတ်သက်၍ ထိုအသင်းသည် ပြည်ခိုင်ဖြိုးပါတီက တည်ထောင်ထားသောအသင်း ဖြစ်သည်ဟု လျှောက်ထားသူ၏ ထွက်ဆိုချက်တွင် လုံးဝတင်ပြထားခြင်း မရှိသောအချက်ကို ထည့်သွင်းသုံးသပ်ထားသဖြင့် သက်သေခံချက်တွင် မပါရှိသည်ကို သုံးသပ်ဆုံးဖြတ်ခြင်းသည် မှားယွင်းကြောင်း၊ သက်သေခံ (င) တစ်ပိုင်းတစ်စ ဗွီဒီယိုခွေတွင် လျှောက်ထားသူနှင့် ဦးဘော်ရှီးအာမတ်တို့ (၂) ဦး၏ ဟောပြောနေသည့် ရုပ်သံလုံးဝမပါရှိဘဲ ၎င်းတို့ကိုယ်တိုင် ဟောပြောကြောင်းတွေ့ရသည်ဟု သုံးသပ်ခြင်း မှာလည်း လွန်စွာမှားယွင်းကြောင်း၊ လျှောက်ထားခံရသူ ဦးမောင်စန်းရွှေ နှင့် ဘူးသီးတောင်၊ မောင်တောဒေသဖွံ့ဖြိုးရေး အသင်းသည် မွတ်စလင် ဘာသာရေးဆရာကြီးများဖြစ်ကြသည့် မော်လနာဟာဒိဒ် ပါမောက္ခချုပ်များနှင့် မော်လဝီဆရာကြီး (၇၅) ပါးတို့၏ ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများအား မဲပေးရန် ဆုံးဖြတ်ချက်ကို ဘူးသီးတောင် မြို့နယ်၌ ဖြန့်ဝေခြင်းဖြင့် ဦးမောင်စန်းရွှေ

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်းရွှေ

သည်လည်း ရွေးကောက်ပွဲဥပဒေအရ တရားမဲ့ပြုကျင့်ကြောင်း ခုခံတင်ပြသော်လည်း ရွေးကောက်ပွဲခုံအဖွဲ့က ရွေးကောက်ပွဲနည်းဥပဒေ ၉၃ အရ ကန့်ကွက်လိုလျှင် ကြော်ငြာသင်ပုန်းတွင်ကပ်ပြီး (၁၅)ရက်အတွင်း အမှုစရိတ်ငွေကျပ် (၁၀) သိန်းကို ပေးသွင်းပြီးပြန်လည်ကန့်ကွက် ရမည်ဖြစ်ကြောင်း၊ သို့မှသာ ယင်းအခွင့်အရေးနှင့်ပတ်သက်၍ သက်သေခံအထောက်အထား တင်ပြခွင့်ရှိသည်ဟု သုံးသပ်ခြင်းသည် မှားယွင်းကြောင်း၊ တရားရုံးသို့လာသောသူသည် သန့်ရှင်းသောလက်ဖြင့် လာရမည်ဟု ဥပဒေဆိုရိုးစကားရှိ၍ ယင်းဆိုရိုးစကားနှင့် ဆန့်ကျင်ပြီး လျှောက်ထားခံရသူအား အနိုင်ပေးဆုံးဖြတ်ခြင်းသည် မှားယွင်းပါ ကြောင်း စသည်ဖြင့်အကြောင်းပြသည်။

ပြင်ဆင်မှု လျှောက်ထားခံရသူ၏ ရှေ့နေက လျှောက်ထားသူ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာသည် ရွေးကောက်ပွဲ အတွင်း သက်သေခံ (၁) ဖြစ်သည့် ပုံနှိပ်ထုတ်ဝေခွင့်ကိုရရှိထားသည်မှာ မှန်သော်လည်း သက်သေခံ(က)၊ (ခ)နှင့် (ခ-၁) ပိုစတာနှင့် လက်ကမ်းစာစောင်များကိုဖြန့်ချိရာတွင်မူ ယင်းပိုစတာနှင့်လက်ကမ်း စာစောင်များ၌ ပုံနှိပ်သူ၊ ထုတ်ဝေသူတို့၏အမည်မပါရှိဘဲ ၎င်းရွေးကောက်တင်မြှောက်ခံရရေးအတွက် အကျိုးရှိစေရန် ဖြန့်ချိ ထုတ်ဝေခဲ့သည်ဖြစ်၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဇ) ပါ တရားမဲ့ ပြုကျင့်မှုကို ကျူးလွန်ခဲ့ကြောင်း၊ ပြင်ဆင်မှုလျှောက်ထားသူ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာအပါအဝင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမို ကရက်တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ၂၈-၁၀-၂၀၁၀ ရက်နေ့တွင် ဘူးသီးတောင်မြို့အားကစားကွင်း၌ ဟောပြော ခဲ့ကြရာ ဦးအဘူတာဟေရ်၏ဟောပြောချက်ကို သက်သေခံ (င) ဗွီဒီယို ခွေဖြင့် ရိုက်ကူးထားပြီး၊ ထိုသို့ဗွီဒီယိုခွေဖြင့် ရိုက်ကူးထားကြောင်းကို အဆိုလွှာတွင်ဖော်ပြထားပါကြောင်း၊ အဆိုလွှာတွင် ဖော်ပြခြင်းမရှိဟု ဆိုခြင်းမှာ မမှန်ကန်ကြောင်း၊ ယင်းသို့ မမှန်မကန် စည်းရုံးပြောဆိုခဲ့ကြောင်းမှာ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ရွေးကောက်ပွဲခုံအဖွဲ့က ပြန်ဆိုထားသည့် ဘာသာပြန်ဆိုချက်တွင် ထင်ရှားပါကြောင်း၊ ပြင်ဆင်မှုလျှောက်ထားသူ ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာကဟောပြောခဲ့ခြင်းမရှိဟု ဆိုခြင်းမှာလည်း မမှန်ကန်ကြောင်း၊ သက်သေခံ (င) ဗွီဒီယိုခွေနှင့် ယင်းဗွီဒီယိုခွေ၏ ဘာသာပြန်ဆိုချက် သက်သေခံ (ဃ)ကို မူလကပင် အဆိုလွှာတွင် ထည့်သွင်းဖော်ပြထားသည်ဖြစ်၍ အဆိုလွှာတွင် မပါသော အကြောင်းအရာသစ်ဟုဆိုခြင်းမှာ မမှန်ကန်ကြောင်း၊ သို့ဖြစ်၍ ခုံအဖွဲ့၏

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်ရွှေ

ဆုံးဖြတ်ချက်သည် မှားယွင်းခြင်းမရှိ၍ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်းဖြင့် လျှောက်ထားသည်။

ရုံးသဟာယအဖြစ် လျှောက်လဲသော ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကလည်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ်ပါကြောင်း၊ အရေးယူလောက်သော ဥပဒေပြဿနာမရှိပါကြောင်းဖြင့် တင်ပြသည်။

မူလကန့်ကွက်လွှာတွင် ဦးမောင်စန်ရွှေက ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာအပေါ် ရွေးကောက်တင်မြှောက်ခံရာတွင် တရားမဲ့ပြုကျင့်မှုပေါင်းများစွာ ချိုးဖောက်ကျူးလွန်ပြီး အရွေးခံရခြင်းဖြစ်၍ တရားမဝင်ပျက်ပြယ်ကြောင်း ကန့်ကွက်ရာ၌ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာက မမှန်ကန်ကြောင်းချေပခဲ့သည်။ ထို့အပြင် ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာက ကန့်ကွက်သူ ဦးမောင်စန်ရွှေသည်လည်း ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ ဟာဒိဒ် ပါမောက္ခချုပ်များနှင့်မောလဝီဆရာကြီး (၇၅) ပါးက အစည်းအဝေး ပြုလုပ်၍ ပြည်ခိုင်ဖြိုးပါတီအား မဲပေးရန်ဆုံးဖြတ်ကြသည့် ဆုံးဖြတ်ချက်ကို ဘူးသီးတောင်မြို့နယ်အတွင်း ဖြန့်ဝေခြင်းဖြင့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ခဲ့သဖြင့် ၎င်းသည်လည်း ပြည်နယ်ကိုယ်စားလှယ်အဖြစ် တင်မြှောက်ရန်အကြောင်း မရှိကြောင်းဖြင့် ပြန်လှန်ကန့်ကွက်ခဲ့သည်။ သို့ရာတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၉၃ အရ နိုင်ငံတော်က ကုန်ကျမည့်အမှုစရိတ်အတွက် ငွေကျပ် ၁၀ သိန်းကို ပေးသွင်းခဲ့ခြင်း မရှိသဖြင့် ရွေးကောက်ပွဲခုံအဖွဲ့က ယင်းသို့ ကန့်ကွက်သော ပြန်လှန်ကန့်ကွက်ချက်ကို သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

မူလကန့်ကွက်လွှာအမှုတွင် ကန့်ကွက်ခံရသူ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာက ကန့်ကွက်သူ ဦးမောင်စန်ရွှေ သည်လည်း ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ ဟာဒိဒ် ပါမောက္ခချုပ်များနှင့် မော်လဝီဆရာကြီးများက မောင်တောမြို့တွင် အစည်းအဝေးပြုလုပ်ပြီး ပြည်ခိုင်ဖြိုးပါတီအား တခဲနက်ထောက်ခံမဲပေးကြရန် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို သက်သေခံ (၁၄)နှင့် (၁၄-က) တို့အရ ဘူးသီးတောင်မြို့နယ်တွင် ဖြန့်ဝေခဲ့ခြင်းသည် တရားမဲ့ပြုကျင့်သည်ဖြစ်၍ ၎င်းသည်လည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် တင်မြှောက်ရန်အကြောင်းမရှိကြောင်း စွပ်စွဲခြင်းသည်

ကန့်ကွက်သူ ဦးမောင်စန်ရွှေ၏ကန့်ကွက်စွပ်စွဲချက်များကို ခုခံချေပခြင်း မဟုတ်ဘဲ ဦးမောင်စန်ရွှေအပေါ် သီးခြားပြန်လှန် ကန့်ကွက်စွပ်စွဲခြင်း ဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၉၃ တွင် အောက်ပါကဲ့သို့ပြဋ္ဌာန်းထားသည်-

" ၉၃။ ရွေးကောက်ပွဲခုံအဖွဲ့သည် ကန့်ကွက်လွှာ မိတ္တူ တစ်စောင်စီကို ကန့်ကွက်ခံရသူ အသီးသီးထံသို့ ဆောလျင်စွာ ပေးပို့စေ၍ ယင်းကန့်ကွက်လွှာ မိတ္တူကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန် ကြေညာစေရမည်။ ထို့ပြင် ယင်းကန့်ကွက်လွှာ မိတ္တူတစ်စောင်ကို ခုံရုံးရှိအများမြင်သာသော ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။ ထိုသို့ ကြော်ငြာစာ ကပ်ထားပြီးနောက် ၁၅ ရက် အတွင်း ကန့်ကွက်ခံရသူ တစ်ဦးဦးကဖြစ်စေ၊ ကန့်ကွက်ပိုင်ခွင့်ရှိသော မဲဆန္ဒရှင်တစ်ဦးဦးက ကန့်ကွက်ခံရသူ အဖြစ်ပါဝင်၍ ဖြစ်စေ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး တစ်ရပ်ရပ် ကိုတင်ပြ တောင်းခံလိုပါက နိုင်ငံတော်က ကုန်ကျမည့်အမှုစရိတ်အတွက် ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်ပေးသည့် ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းပြီး ယင်း အခွင့်အရေးကို တောင်းခံခွင့် ရရှိစေရမည့် အပြင် ယင်းအခွင့်အရေးနှင့်စပ်လျဉ်း၍ သက်သေအထောက်အထားလည်း တင်ပြခွင့် ရှိသည်။ "

ယင်းနည်းဥပဒေ၏သဘောမှာ အကယ်၍ကန့်ကွက်သူ ဦးမောင်စန်ရွှေသည် ဘူးသီးတောင် မောင်တောမြို့ဘာသာရေး ဆရာကြီးများဖြစ်ကြသော ဟာဒိဒ်ပါမောက္ခချုပ်များနှင့် မော်လဝီ ဆရာကြီး (၇၅) ပါးတို့၏ ပြည်ခိုင်ဖြိုးပါတီကိုမဲပေးကြရန် အစည်းအဝေး ဆုံးဖြတ်ချက်ကို ဘူးသီးတောင်မြို့နယ်တွင် ဖြန့်ချိခြင်းဖြင့် မိမိအား ရွေးကောက်တင်မြှောက်ခံရစေရေးအတွက် ဘာသာရေးကိုအကြောင်းပြု၍ လှုံ့ဆော်ခြင်းပြုခဲ့လျှင် ကန့်ကွက်သူ ဦးမောင်စန်ရွှေသည်လည်း တရားမဲ့ ပြုကျင့်သူဖြစ်၍ အရွေးခံရသူဖြစ်ကြောင်း ကြေညာနိုင်မည်မဟုတ်သဖြင့်

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်းရွှေ

ထိုသို့ ကြေညာခြင်းမပြုနိုင်စေရန် ကန့်ကွက်ခံရသူအား ပြန်လှန်တောင်းဆိုကန့်ကွက်နိုင်သည့် အခွင့်အရေးပေးခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပြန်လှန်ကန့်ကွက်လာလျှင် ပြန်လှန်ကန့်ကွက်ခံရသူ ဦးမောင်စန်းရွှေသည် ယင်းပြန်လှန် ကန့်ကွက်သည့်အပေါ် ချေပလွှာတင်သွင်းရမည်ဖြစ်ပြီး ယင်းကန့်ကွက်ချက်ကိုလည်း ငြင်းချက်ထုတ်၍ စစ်ဆေးဆုံးဖြတ်ရမည် ဖြစ်ပေသည်။

သို့ရာတွင် ယင်းကဲ့သို့ပြန်လှန်တောင်းဆိုကန့်ကွက်ရာတွင် ကန့်ကွက်ခံရသူက မိမိပြန်လှန်တောင်းဆိုမှုအတွက် နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ် ငွေကျပ် ၁၀ သိန်းကိုပေးသွင်းပြီး တောင်းဆိုမှသာလျှင် ၎င်းသည် ယင်းသို့ပြန်လှန်တောင်းဆိုသည့် အခွင့်အရေးနှင့် စပ်လျဉ်း၍ တောင်းဆိုခွင့်ရရှိမည့်အပြင် သက်သေအထောက်အထားလည်း တင်ပြခွင့်ရှိမည်ဖြစ်သည်။ ယခင်ပါလီမန်ရွေးကောက်ပွဲ ကန့်ကွက်လွှာမှုအမှတ် ၈/၅၆၊ **သခင်သန်းနှင့် (၁) ဦးတင်ရီ (၂) ရွေးကောက်ပွဲတာဝန်ခံအရာရှိ၊ မြောင်းမြမြို့အမှုတွင်** သခင်သန်းက မြောင်းမြခရိုင် ဝါးခယ်မမြောက်ပိုင်းမဲဆန္ဒနယ်အတွက် ပြည်သူ့လွှတ်တော် ပါလီမန်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ဦးတင်ရီအပေါ် ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းခဲ့ရာ ကန့်ကွက်ခံရသူဦးတင်ရီကလည်း သခင်သန်းသည် ပုံနှိပ်ထုတ်ဝေသူ အမည်နေရပ်လိပ်စာမပါရှိသော ပိုစတာများ၊ ကြေညာစာတမ်းများကို ထုတ်ဝေခြင်း၊ ပိုစတာများတွင်ကိုးကွယ်သည့်ဘာသာကို အကြောင်းပြုပြီး လှုံ့ဆော်ထားခြင်းတို့ ပြုလုပ်သောကြောင့် အကယ်၍ သခင်သန်းသာလျှင် အရွေးခံရသူဖြစ်သဖြင့် ကန့်ကွက်လွှာတင်သွင်းပါက သခင်သန်းသည် အရွေးခံရသူမဟုတ်နိုင်ကြောင်း ရွေးကောက်ပွဲကန့်ကွက်လွှာနည်းဥပဒေ အပိုဒ် ၁၅ အရ ပြန်လှန်ကန့်ကွက်လျှောက်ထားခဲ့ရာ ထိုအမှုတွင် ဦးတင်ရီအားရွေးကောက် တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်း ခုံအဖွဲ့ကဆုံးဖြတ်ခဲ့သော်လည်း ကန့်ကွက်သူ သခင်သန်းသည်လည်း တရားမဲ့ပြုကျင့်ကြောင်း ပေါ်ပေါက်သဖြင့် ပါလီမန်အမတ်အဖြစ် အရွေးခံရသူဟု မကြေညာသင့်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဤအမှုတွင် ကန့်ကွက်သူ ဦးမောင်စန်းရွှေသည်လည်း တရားမဲ့ပြုကျင့်မှုကိုပြုလုပ်သဖြင့် ပြည်နယ်ကိုယ်စားလှယ်အဖြစ်တင်မြှောက်ရန် အကြောင်းမရှိကြောင်း ပြန်လှန်ကန့်ကွက်ခဲ့ရာ၌

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်းရွှေ

သက်သေထင်ရှားခဲ့လျှင် ကန့်ကွက်ခံရသူ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာအား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်သည်ဟု ဆုံးဖြတ်ခြင်းခံရသည့်တိုင် ဦးမောင်စန်းရွှေသည်လည်း တရားမဲ့ ပြုကျင့်မှုပြုခဲ့သည်ဖြစ်၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာနိုင်မည်မဟုတ်သဖြင့် အမှုစရိတ် ငွေကျပ် ၁၀ သိန်းကို ပေးသွင်းပြီး ကန့်ကွက်ရန်လိုမည်ဖြစ်ကြောင်းမှာ ထင်ရှားပေါ်ပေါက်သည်။ နည်းဥပဒေ အပိုဒ် ၉၃ အရ အမှုစရိတ်ငွေကျပ် ၁၀ သိန်းကိုပေးသွင်းခြင်းမရှိဘဲ ကန့်ကွက်ခဲ့သဖြင့် ၎င်း၏ပြန်လှန်ကန့်ကွက်ချက်ကို အရေးယူဆောင်ရွက်ခွင့် မရှိဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခြင်းသည် ဥပဒေအရ မှားယွင်းခြင်းမရှိပေ။

ပုံနှိပ်သူ ထုတ်ဝေသူတို့၏အမည် နေရပ်မပါရှိသော သက်သေခံ (က)၊(ခ)နှင့် (ခ-၁) ပိုစတာ၊ လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိခြင်းကိစ္စနှင့်ပတ်သက်၍ လျှောက်ထားသူ ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီသည် ပြန်ကြားရေးဝန်ကြီးဌာနထံမှ ထုတ်ဝေခွင့် နသ (၀၁၁/၂၀၁၀)ကို ရရှိထားကြောင်းမှာ သက်သေခံ(၁) အရ ထင်ရှားသည်။သို့ဖြစ်၍ သာမန်အားဖြင့်ဆိုလျှင် ၎င်းတို့ကဖြန့်ချိ ထုတ်ဝေသောပိုစတာနှင့် လက်ကမ်းစာစောင်များတွင် ထုတ်ဝေသူ၏ အမည်နေရပ် လိပ်စာမပါဘဲ ထုတ်ဝေမည်မဟုတ်ဟု ဆိုခြင်းမှာ လက်ခံနိုင်ဖွယ်ရာ ရှိပေသည်။

တင်ပြထားသည့် သက်သေခံ(က)၊ (ခ)၊(ခ-၁) ပိုစတာနှင့် လက်ကမ်းစာစောင်များတွင် ပုံနှိပ်သူ၊ ထုတ်ဝေသူ အမည်နေရပ်မပါရှိသည်မှာ မှန်သော်လည်း ယင်းသက်သေခံပိုစတာနှင့် လက်ကမ်းစာစောင်များသည် ပြင်ဆင်မှုလျှောက်ထားသူ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီမှ ဖြန့်ချိထုတ်ဝေခဲ့သည့် ပိုစတာနှင့် လက်ကမ်း စာစောင်များ ဟုတ် မဟုတ်မှာ အငြင်းပွားဖွယ်ရှိပေသည်။ ယင်းပိုစတာနှင့်လက်ကမ်းစာစောင်များကို မည်သည့်နေရာမှမည်သူတို့က ပေးအပ်သဖြင့်ရရှိကြောင်းကို ကန့်ကွက်သူ ဦးမောင်စန်းရွှေက တင်ပြနိုင်ခြင်းမရှိသည့်အပြင် ယင်းပိုစတာနှင့် လက်ကမ်းစာစောင်များကို မည်သည့်နေရာမှ မည်သူတို့က မည်သို့ရရှိခဲ့သည်ဆိုကြောင်းကိုလည်း သက်သေတစ်ဦး တစ်ယောက်ကမျှ ထွက်ဆိုခဲ့ခြင်း မရှိသည်ကို တွေ့ရှိသည်။

သို့ဖြစ်၍ ယင်းသက်သေခံ (က)၊(ခ)နှင့် (ခ-၁)

ပိုစတာနှင့်လက်ကမ်း စာစောင်များကို သက်သေခံအဖြစ် တင်ပြရုံဖြင့် ထိုပိုစတာနှင့် လက်ကမ်းစာစောင်များသည် လျှောက်ထားခံရသူ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ(NDPD)မှ ဖြန့်ချိထုတ်ဝေခဲ့သည့် ပိုစတာနှင့်လက်ကမ်းစာစောင်များ ဖြစ်သည်ဟု ကောက်ယူနိုင်မည် မဟုတ်သောကြောင့် ရွေးကောက်ပွဲခုံအဖွဲ့က လျှောက်ထားခံရသူအား ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ (ဇ)အရ တရားမဲ့ပြုကျင့်မှု ပြုလုပ်သည်ဟု ဆုံးဖြတ်ခြင်းသည် ခိုင်မာသည်ဟု ဆိုရန်ခဲယဉ်းသည်။ ထို့ကြောင့် ယင်းဆုံးဖြတ်ချက်ကို အတည်ပြုနိုင်မည် မဟုတ်ပေ။

သက်သေခံ(င) ဗွီဒီယိုခွေနှင့်စပ်လျဉ်း၍ ပြင်ဆင်မှု လျှောက်ထားသူက သက်သေခံ(င)ဗွီဒီယိုခွေပါ အကြောင်းအရာများ သည် မူလကန့်ကွက်လွှာ (အဆိုလွှာ)တွင် ဖော်ပြထားခြင်းမရှိသော အကြောင်းအရာများဖြစ်ကြောင်း၊ အဆိုအချေတွင်မပါရှိသော အကြောင်းအရာသစ်ကို ရွေးကောက်ပွဲခုံအဖွဲ့က ဖော်ထုတ်ဆုံးဖြတ်ခြင်း သည် မှားယွင်းကြောင်းဖြင့် တင်ပြထားသည်။

သို့သော် မူလအမှုကို လေ့လာရာတွင် ကန့်ကွက်သူ ဦးမောင်စန်ရွှေက ၎င်း၏ကန့်ကွက်လွှာအပိုဒ် (၃) တွင် ၂၄-၁၀-၂၀၁၀ ရက်နေ့ မြို့မအားကစားကွင်း၌ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၏ လူမျိုးရေး၊ ဘာသာရေးအကြောင်းပြပြီး ပြည်ခိုင်ဖြိုးပါတီကို ပုတ်ခတ်မဲဆွယ်ဟောပြောမှုကို ဘူးသီးတောင်မြို့ သပြေကုန်းရပ်ကွက်မှ ကျော်စိုးထိုက် (ဘ) ဦးကျော်သိန်းက ဗွီဒီယိုရိုက်ကူးပြီး တစ်ရပ်ကွက်တည်းနေ ဦးမူဟာမတ်ရော်ဖိတ်(ဘ) ဦးအဘူတော်ယုတ်က မြန်မာဘာသာပြန်ဆိုထားကြောင်း ဖော်ပြထားပြီး အမှုစစ်ဆေးသည့်အခါ ၎င်းဗွီဒီယိုခွေကို သက်သေခံ(င) အဖြစ် လည်းကောင်း၊ မြန်မာဘာသာပြန်ဆိုချက်ကို သက်သေခံ (ဃ) အဖြစ်လည်းကောင်း သက်သေခံတင်သွင်းခဲ့ကြောင်းတွေ့ရသည်။

သို့ဖြစ်၍ သက်သေခံ(င) ဗွီဒီယိုခွေနှင့် သက်သေခံ(ဃ) ဘာသာပြန်ဆိုချက် တို့သည် ကန့်ကွက်လွှာတွင် ဖော်ပြကန့်ကွက်ခြင်း မရှိသည့် အကြောင်းအရာအသစ်များဖြစ်သည်ဟု ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိပေ။

အဆိုအချေများတွင် အဓိကလိုရင်းအချက်များကို ဖော်ပြ ရေးသားရပြီး အသေးစိတ်အချက်အလက်များ ဖော်ပြရေးသားရန်

လိုအပ်ခြင်းမရှိပေ။ ကန့်ကွက်သူက ၎င်း၏ကန့်ကွက်လွှာအပိုဒ် (၃) တွင် ၂၄-၁၀-၂၀၁၀ ရက်နေ့ မြို့မအားကစားကွင်း၌ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ၏ လူမျိုးရေး၊ ဘာသာရေးအကြောင်းပြပြီး ပြည်ခိုင်ဖြိုးပါတီကို ပုတ်ခတ်မဲဆွယ်ဟောပြောမှုကို ဗွီဒီယိုခွေရိုက်ကူးထားကြောင်း၊ ယင်းဗွီဒီယိုခွေကို မြန်မာဘာသာသို့ပြန်ဆိုထားကြောင်း ကန့်ကွက်လွှာတွင် ကန့်ကွက်ဖော်ပြခဲ့သည်ဖြစ်ရာ ထိုဗွီဒီယိုခွေပါအကြောင်းအရာကို မသိရှိ၍ ချေလွှာမတင်နိုင်ဟုဆိုလျှင် တရားမကျင့်ထုံးဥပဒေအရ သာ၍ကောင်းမွန်သော အချက်အလက်ကို ဖော်ပြရန် တောင်းဆိုခြင်းဖြင့်လည်းကောင်း၊ ယင်းဗွီဒီယိုခွေနှင့် ဘာသာပြန်ဆိုချက်တို့ကို တောင်းဆိုကြည့်ရှုခြင်းဖြင့် လည်းကောင်း ဆောင်ရွက်နိုင်ခွင့် ရှိသော်လည်း မူလရုံးကန့်ကွက်ခံရသူ ဦးအောင်မြင့် (ခ) ဇာဟီဒုလ္လာက ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမရှိဘဲ ကန့်ကွက်လွှာအပိုဒ် (၃) နှင့်ပတ်သက်၍ မမှန်ကန်ကြောင်း ချေပခဲ့ပေသည်။

သို့ဖြစ်၍ ယခုမှသက်သေခံ(င) ဗွီဒီယိုခွေနှင့် သက်သေခံ(ဃ) ဘာသာပြန်ဆိုချက်အကြောင်းအရာတို့သည် အဆိုလွှာတွင်ဖော်ပြခြင်းမရှိသည့် အကြောင်းအရာသစ်ဖြစ်သည်ဟု တင်ပြကန့်ကွက်ခြင်းမှာ လက်ခံနိုင်ရန် အကြောင်းမရှိပေ။

ယင်းသက်သေခံ (င) ဗွီဒီယိုခွေနှင့်ပတ်သက်၍ ကန့်ကွက်ခံရသူ ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာအား စစ်ဆေးစဉ် ၎င်းက ကန့်ကွက်သူ ဦးမောင်စန်းရွှေကတင်ပြသော ဘာသာပြန်ဆိုချက်မှာ ၎င်းတို့ဘာသာပြန်ချင်သလို ပြန်ထားသောကြောင့် သက်သေခံ (CD) ခွေကို လွတ်လပ်သောဘာသာပြန်ဖြင့် ဘာသာပြန်ကြည့်ပါက အမှန်ကိုလုံးဝ သိရှိနိုင်မည်ဖြစ်ကြောင်း ထွက်ဆိုတင်ပြခဲ့သဖြင့် ရွေးကောက်ပွဲခုံအဖွဲ့က အမှုမှန်ပေါ်ပေါက်စေရန်အတွက် ရွေးကောက်ပွဲခုံအဖွဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် သွားရောက်ရုံးထိုင်စဉ် နှစ်ဦးနှစ်ဖက်သောအမှုသည်များမှ ရွေးချယ်တင်ပြသည့် ဘာသာပြန်ဆိုသူတစ်ဦးစီဖြင့် သက်သေခံ(င) ဗွီဒီယိုခွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးစိုးကျော်ဦးရှေ့မှောက်၌ ဘာသာပြန်ဆိုစေခဲ့သည်။ ယင်းဘာသာ ပြန်ဆိုချက်ကို ၃-၈-၂၀၁၁ ရက်နေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့သို့ တင်ပြခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့က နှစ်ဖက်အမှုသည်များအား ကန့်ကွက်ရန် ရှိ မရှိ မေးမြန်းခဲ့ရာ ၎င်းတို့က ကန့်ကွက်ရန်မရှိကြောင်း တင်ပြခဲ့ကြသည်။

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်းရွှေ

သက်သေခံ (င) ဗွီဒီယိုခွေ၏ဘာသာပြန်ဆိုချက်တွင် အောက်ပါ ဟောပြောချက်များပါဝင်သည် -

× × × အဲဒီထဲမှာရှိတဲ့လူတွေက ဒေသဖွံ့ဖြိုးရေးထဲက လူတွေဖြစ်တယ်၊ နောက်တစ်ယောက် ဖောင်တော်ပြင်က လက်နှစ်ချောင်းခွတင်ပြီး Peace Peace ဆိုပြီး ပြေးနေတဲ့လူတွေကလည်း ဒေသဖွံ့ဖြိုးရေးကလူတွေ ဖြစ်တယ်၊ ဒီလူတွေအားလုံးပူးပေါင်းပြီး ၁၂-၅-၂၀၁၀ ရက်နေ့တွင် မောင်တော ဘူးသီးတောင်မှာရှိတဲ့ (၇၃၀၁၄၃) ယောက်သော ပြည်သူလူထုကို အမည်နာမ မရှိ နိုင်ငံမဲ့လူထုအဖြစ် တင်ပြခဲ့တယ်။ × × ×× × ×

× × × အဲဒီလူတွေ နဂိုကတည်းက အဲဒီပါတီကလူတွေ ဖြစ်တဲ့အတွက် ကျွန်တော်တို့စာအုပ်ပါတီ ကလောင်ပါတီက လူတွေမဟုတ်ပါ။ အရင်ကတည်းက ဒီလူမျိုးစုကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေတဲ့ပါတီက လူတွေဖြစ်တဲ့ အတွက်ကြောင့် အချိန်တန်ရင် ဒီလူတွေအားလုံး ပူးပေါင်းပြီး ကျွန်တော်တို့ပါတီရဲ့ ခြေဖနောက် သွေးကြောမကြီးကို ခုတ်ပစ်ပါလိမ့်မယ်။ ဒီနေ့မင်းက အဲဒီပါတီနောက်ကလိုက်လာပြီး ကျွန်တော်တို့ဟိုဟာလုပ်ပေးတယ်၊ ဒီဟာလုပ်ပေးတယ်ဆိုပြီး မျက်ရည်ပေါက်ပေါက်ကျနေပြီး၊ ပညာတွေဘယ်လောက်တတ်ပါတယ်ဆိုပြီး၊ ဘွဲ့တံဆိပ်တွေ ဒီဟာကနေ ဟိုဘက်အထိရှည်တယ်ဆိုပြီးတော့ ဒီကနေ့အရောင်တင်ပေးထားတဲ့ ကြေးတစ်ခုကို ရွှေပါဆိုပြီးပြနေတဲ့လူတွေကို မှန်ကန်တဲ့ လူတွေလို့ ပြောရမှာလား၊ ဒီနေ့မိမိလူမျိုး၏ အခွင့်အရေးကို ရှာဖွေပေးနေတဲ့ ပါတီရဲ့နောက်ကနေ မင်းကိုယ်တိုင်မလိုက်နာဘဲနဲ့ ဘယ်လူမျိုးက ဒီလိုလူမျိုးကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေတဲ့လူတွေရဲ့ နောက်ကလိုက်လာတာက မင်းဒီလူမျိုးစုရဲ့တာဝန်ကို ကျေပွန်နေတာလား × × × × × ×

× × × အခု ခင်ဗျားတို့မဲထည့်ရလိမ့်မယ်၊ ဒါဆိုရင် ခင်ဗျားတို့နဲ့ ရည်ရွယ်ချက်ခြင်းတူတဲ့ပါတီကို မဲထည့်မလား၊ ဒါမှမဟုတ် ရည်ရွယ်ချက်ခြင်း မတူတဲ့ မိမိလူမျိုးစုကိုနိုင်ငံမဲ့ဖြစ်အောင် လုပ်နေတဲ့သူများကို

မဲထည့်မလား။ × × × ×

ဦးမောင်စန်းရွှေ( ဤအမှုတွင် ကန့်ကွက်သူ)၊ ဦးရွှေမောင် (ကန့်ကွက်လွှာအမှု အမှတ် ၁၄/၂၀၁၀ တွင် ကန့်ကွက်ခံရသူ )တွင် ဒေါက်တာဘော်ရှီးအာမတ် (ကန့်ကွက်လွှာအမှု ၁၇/၂၀၁၀ တို့တွင် ကန့်ကွက်သူ) တို့သည် ဘူးသီးတောင်မြို့နယ်တွင် ရွေးကောက်ပွဲမတိုင်မီ ကတည်းက ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းကို တည်ထောင်ထားသူများဖြစ်ကြသည်ဟု ဦးအောင်မြင့်(ခ)ဇာဟီဒုလ္လာက ထွက်ဆိုထားသည်။ ၎င်းဦးမောင်စန်းရွှေတို့သည် ပြည်ခိုင်ဖြိုးပါတီမှ ဝင်ရောက်အရွေးခံကြသည့် ကိုယ်စားလှယ်လောင်းများလည်းဖြစ်ပြီး ပြည်ခိုင်ဖြိုးပါတီဝင်များလည်း ဖြစ်ကြသည်။

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်းရွှေ

သို့ဖြစ်၍ ဘူးသီးတောင် မောင်တောရှိ ပြည်သူလူထု ( ၇၃၀၁၄၃) ဦးကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေသူများမှာ ဒေသဖွံ့ဖြိုးရေး အသင်းမှ လူများဖြစ်ကြောင်း၊ ထိုလူများသည် မိမိတို့ ပါတီမှလူများ မဟုတ်ကြောင်း၊ အရင်ကတည်းက ဒီလူမျိုးစုကို နိုင်ငံမဲ့ဖြစ်အောင် လုပ်နေတဲ့ပါတီက လူတွေဖြစ်ကြောင်း၊ အခုခင်ဗျားတို့မဲထည့်ရလိမ့်မယ်၊ ဒါဆိုရင် ခင်ဗျားတို့နဲ့ ရည်ရွယ်ချက်ခြင်းတူတဲ့ ပါတီကို မဲထည့်မလား၊ ဒါမှမဟုတ် ရည်ရွယ်ချက်ခြင်းမတူတဲ့ မိမိလူမျိုးစုကို နိုင်ငံမဲ့ဖြစ်အောင် လုပ်နေတဲ့သူများကို မဲထည့်မလားစသည်ဖြင့် ပြောဆိုခြင်းသည် ဘူးသီးတောင် မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းဝင်များ ဖြစ်ကြသည့် ဦးမောင်စန်းရွှေ၊ ဦးရွှေမောင်၊ ဒေါက်တာဘော်ရှီရ်အာမတ်နှင့် ၎င်းတို့၏ ပါတီဖြစ်သော ပြည်ခိုင်ဖြိုးပါတီကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်ဟု ကောက်ယူရန်ရှိပေသည်။ (၇၃၀၁၄၃) ဦးသော ဒေသနေ လူများကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေသူများမှာ ဒေသဖွံ့ဖြိုးရေးအသင်းမှ လူများဖြစ်ကြောင်း၊ ထိုလူများသည်မိမိတို့ပါတီမှ လူများမဟုတ်ကြောင်း၊ အရင်ကတည်းက ဒီလူမျိုးစုကို နိုင်ငံမဲ့ဖြစ်အောင်လုပ်နေတဲ့ပါတီက လူတွေဖြစ်ကြောင်း ပြောဆိုခြင်းသည် ပါတီကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။ သို့ဖြစ်၍ ပါတီကိုရည်ညွှန်းပြောဆိုခြင်းမရှိဟု ဆိုခြင်းသည် မှန်ကန်ခြင်းမရှိပေ။

သက်သေခံ(င)ဗွီဒီယိုခွေပါ ဟောပြောချက်မှာ ၂၈-၁၀-၂၀၁၀ ရက်နေ့ ဘူးသီးတောင်မြို့ မြို့မအားကစားကွင်း၌ ကန့်ကွက်လွှာအမှုအမှတ် (၁၄/၂၀၁၀) တွင် ကန့်ကွက်လွှာတင်သွင်းသူ ဦးအဘူလ်တာဟေရ် ဟောပြောခြင်းဖြစ်ပြီး ယင်းဟောပြောပွဲကို

၂၀၁၁ ခုနှစ်
ဦးအောင်မြင့် (ခ)
ဇာဟီဒုလ္လာ
နှင့်
ဦးမောင်စန်ရွှေ

(NDPD)ပါတီမှ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအဘူလ်တာဟေရ်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာ (ပြင်ဆင်မှုလျှောက်ထားသူ) နှင့် ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဘော်ရှီးအာမတ်တို့က ကျင်းပကြခြင်းဖြစ်သည်။ ယင်းဟောပြောပွဲသို့ လူဦးရေ (၅) သောင်းခန့်တက်ရောက်ကြပြီး ဦးအဘူလ်တာဟောရ်၊ ဦးမုစ်တော်ဖာကာမာလ်၊ ကျွန်တော်နှင့် ဦးအောင်မြင့် (ပြင်ဆင်မှုလျှောက်ထားသူ) တို့ကဟောပြောခဲ့ကြသည်ဟုလည်း ဦးဘော်ရှီးအာမတ်က ၎င်း၏ကန့်ကွက်လွှာအမှုအမှတ် (၁၇/ ၂၀၁၀) တွင် ထွက်ဆိုခဲ့သည်။

သို့ဖြစ်၍ ရွေးကောက်ပွဲခုံအဖွဲ့က ကန့်ကွက်ခံရသူသည် ဘူးသီးတောင်မောင်တောရှိ ပြည်သူလူထုအား နိုင်ငံမဲ့ဖြစ်စေရန် ပြုလုပ်သည့် ပြည်ခိုင်ဖြိုးပါတီအား မဲမပေးရန် ရည်ရွယ်ဟောပြောခြင်းသည် လူမျိုးကို အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲ နေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီ တစ်ခုခုကို မမှန်မကန်စွပ်စွဲပြောဆိုခြင်းဖြစ် သဖြင့် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၆(ဍ) နှင့် ၆၆ (ဎ) တို့အရ တရားမဲ့ပြုကျင့်မှု ကျူးလွန်ကြောင်း ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ရွေးကောက်ပွဲခုံအဖွဲ့က ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာအား ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဇ) အရ တရားမဲ့ပြုကျင့်ကြောင်း ဆုံးဖြတ်ချက်ကိုပယ်ဖျက်ပြီး ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဍ)၊၆၆(ဎ) တို့အရ တရားမဲ့ပြုကျင့်ကြောင်း ဆုံးဖြတ်ချက်နှင့် ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာအား ရခိုင်ပြည်နယ်၊ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁) တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်း၊ ဦးမောင်စန်ရွှေသည်သာ ယင်းမဲဆန္ဒနယ်၏ ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ဆုံးဖြတ်ချက်တို့ကို အတည်ပြုလိုက်သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၃ ရက်

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်

ဒေါ်ခင်နွဲ့ လျှောက်ထားသူ
နှင့်
ဦးမျိုးမြင့် လျှောက်ထားခံရသူ *

ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်း၏ပြုလုပ်ဆောင်ရွက်ချက်သည် ၎င်းတို့ တစည်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရရေးအတွက် ၎င်းတို့နှင့်ယှဉ်ပြိုင်အရွေးခံသည့် ပြည်ခိုင်ဖြိုး ပါတီအပေါ်သိက္ခာချ၍ မမှန်မကန်စွပ်စွဲခြင်း၊ တပ်မတော်အရာရှိကြီးများအပေါ် မမှန်မကန်စွပ်စွဲခြင်း၊ ဦးတင်ရွှေကို သိက္ခာချပြောကြားခြင်းများဖြစ်သဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(ဌ) တွင် ပြဋ္ဌာန်းထားသည့်တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ခဲ့ကြောင်း တွေ့ရခြင်း။

ဦးကျော်ဝင်းသည် မဲဆွယ်သည့်ပြစ်မှုကိုကျူးလွန်သဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၁(က) အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး ငွေဒဏ်ကျပ် (၅) သောင်းပေးဆောင်စေ၊ ငွေဒဏ်မဆောင်ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ်(၃) လကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းတွေ့ရခြင်း၊ ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေက ဦးကျော်ဝင်းသည် ရွှေကျင်မြို့နယ်တရားရုံး၏ အမိန့်အပေါ် အယူခံမှု၊ ပြင်ဆင်မှုများတွင် ဆုံးဖြတ်ချက်ချမှတ်ပြီးသည်အထိ ဤပြင်ဆင်မှုကို အမိန့်ချမှတ်ခြင်းမပြုဘဲ စောင့်ဆိုင်း

* ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် -၁၄။

\+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၅)တွင် ချမှတ်သော၁၉-၉-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့(၂)၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့် ပြင်ဆင်မှု။

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

**ပေးသင့်ပါကြောင်းဖြင့် တင်ပြလျှောက်ထားခြင်းကို လက်မခံထိုက်ခြင်း။**

**ဆုံးဖြတ်ချက်။** အထက်တွင်ဖော်ပြခဲ့သည့်မူလအမှုတွင် လျှောက်ထားသူ ဦးတင်ရွှေ၊ သက်သေ ဦးအောင်မြင့်၊ ရုံးခေါ်သက်သေ ဦးဝင်းရီတို့၏ ထွက်ချက်များနှင့် မူလမှုလျှောက်ထားသူများက တင်ပြသည့် သက်သေခံ (ဠ)တွင် ဖော်ပြပါရှိချက်များအရ လျှောက်ထားခံရသူဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲ ကိုယ်စားလှယ် ဦးကျော်ဝင်းသည် အဆိုပါမဲဆန္ဒနယ်၌ ၎င်းတို့ပါတီနှင့်ယှဉ်ပြိုင် အရွေးခံသော ပြည်ခိုင်ဖြိုးပါတီအပေါ် မမှန်မကန်စွပ်စွဲခြင်း၊ တပ်မတော် အရာရှိကြီး များအပေါ် မမှန်မကန်စွပ်စွဲခြင်း၊ လျှောက်ထားသူ ဦးတင်ရွှေကို ပုဂ္ဂိုလ်ရေးသိက္ခာချ ပြောကြားခဲ့ကြောင်းတွေ့ရပေသည်။ ယင်းအချက် မမှန်ကန်ကြောင်း လျှောက်ထားခံရသူများဘက်က ချေဖျက်နိုင်ခြင်းမရှိသည့်အပြင် ဦးကျော်ဝင်းကိုယ်တိုင်လည်း ခုံရုံးသို့လာရောက်၍ သက်သေအဖြစ် အစစ်ခံထွက်ဆိုခြင်း မရှိသဖြင့် မူလမှုလျှောက်ထားသူများဘက်က စွပ်စွဲချက်မှာခိုင်မာမှုရှိသည်ကို တွေ့ရပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** မြို့နယ်တရားရုံးတွင် စစ်ဆေးခြင်းသည် တရားလိုဖြစ်သူ ဦးတင်ရွှေ၏တိုင်ကြားချက်မှန်ကန်ခြင်းရှိ မရှိ တရားလိုဦးတင်ရွှေနှင့် ယင်း၏သက်သေထွက်ဆိုချက်များ၊ တရားခံ ဦးကျော်ဝင်းနှင့် ယင်းကပြသသော သက်သေများ၏ ထွက်ဆိုချက်များ အပေါ်စိစစ်သုံးသပ်လျက် တရားခံ ဦးကျော်ဝင်းသည် ၎င်းအပေါ် စွဲချက်တင်ထားသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၁(က) အရ မဲရုံနှင့်ကိုက် (၅၀၀) အတွင်းမဲဆွယ်ခဲ့ခြင်း ရှိ မရှိကို သုံးသပ်၍ အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၂)က မူလရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်း ခဲ့ကြသည့် ဦးတင်ရွှေ၊ ဦးမျိုးမြင့်နှင့် ဦးဇော်ဝင်းတို့၏ထွက်ဆိုချက်များ၊ ယင်းတို့ကတင်ပြသည့် စာရွက်စာတမ်းများနှင့် သက်သေများ၏ ထွက်ဆိုချက်များ၊ ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းခြင်းခံကြရသည့် ဦးတင်ထွန်း၊ ဒေါ်ခင်နွဲ့နှင့် ဦးအောင်မြင့် တို့၏ထွက်ဆိုချက်များ၊ ယင်းတို့ကတင်ပြသည့် စာရွက်စာတမ်းများနှင့် သက်သေများ၏ ထွက်ဆိုချက်များအပေါ် စိစစ်သုံးသပ်လျက်

သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲ၌ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုများပြုလုပ်ခဲ့ခြင်း ရှိ မရှိ ကို သုံးသပ်၍ အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ ရွေးကောက်ပွဲဥပဒေအရ ပြစ်မှုကျူးလွန်ခြင်းရှိ မရှိနှင့် တရားမဲ့ပြုကျင့်မှုကိုပြုလုပ်ခဲ့ခြင်းရှိ မရှိတို့မှာ မတူညီကွဲပြားခြားနားသည်။ ရွေးကောက်ပွဲ ခုံအဖွဲ့ (၂) က ဆုံးဖြတ်သည့်ရက်မှာ ၁၉-၉-၂၀၁၁ ဖြစ်ပြီး ရွှေကျင်မြို့နယ်တရားရုံးက စီရင်ချက်ချမှတ်သည့်ရက်မှာ ၁၀-၁၀-၂၀၁၁ ဖြစ်သည်ကိုတွေ့ရသည်။ ယင်းအခြေအနေတွင် ဒေါ်ခင်နွဲ့၏ရှေ့နေ တင်ပြသကဲ့သို့ ဦးကျော်ဝင်း တင်သွင်းမည့် အယူခံမှု၊ ပြင်ဆင်မှုများတွင် အဆုံးအဖြတ်ပြုပြီးသည်အထိ စောင့်ဆိုင်းရန် လိုအပ်မည်မဟုတ်ပေ။

<u>၂၀၁၁ ခုနှစ်</u>
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးလှရွှေ<br>(တရားလွှတ်တော်ရှေ့နေ) |
| လျှောက်ထားခံရသူအတွက် | - | ကိုယ်တိုင် |

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးမျိုးမြင့်သည် ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၎င်းနှင့်ယှဉ်ပြိုင် အရွေးခံသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဒေါ်ခင်နွဲ့ကလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ယင်းကဲ့သို့ရွေးကောက်တင်မြှောက်ခံရခြင်းသည် လွှတ်တော်ကိုယ်စားလှယ်နှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တရားမဲ့ပြုကျင့်ဆောင်ရွက်မှုများကြောင့် ခိုင်လုံမဲ ကွာခြားရခြင်းဖြစ်သည်ဟု ယုံကြည်၍ မိမိသည်သာလျှင် ခိုင်လုံမဲအများဆုံးရရှိပြီး ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်းကြေညာပေးပါရန် ဦးမျိုးမြင့်က ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၅/၂၀၁၀) ကို တင်သွင်းခဲ့ရာ၊ ယင်းအမှုကိုရွေးကောက်ပွဲခုံအဖွဲ့ (၂)က စစ်ဆေးကြားနာပြီးနောက် ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲကိုယ်စားလှယ်

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

ဦးကျော်ဝင်းသည် ၎င်းတို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံရရေးအတွက် ၎င်းတို့နှင့်ယှဉ်ပြိုင်အရွေးခံသည့် ပြည်ခိုင်ဖြိုးပါတီအပေါ် သိက္ခာချ၍ မမှန်မကန်စွပ်စွဲခြင်း၊ တပ်မတော်အရာရှိကြီးများအပေါ် မမှန်မကန် စွပ်စွဲခြင်း၊ ဦးတင်ရွှေကိုသိက္ခာချ ပြောကြားခြင်းတို့ပြုလုပ်ခဲ့သဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၆(ဃ) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ် ခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲရုံများတွင် ပုံစံအမျိုးမျိုးနှင့် မဲဆွယ်ခြင်းမပြုလုပ်နိုင်စေရန် သက်ဆိုင်ရာပါတီ၏ ရင်ထိုးတံဆိပ် တပ်ဆင်ခြင်းမှလွဲ၍ မဲရုံတွင်တာဝန်ကျမဲရုံကိုယ်စား လှယ်များအနေဖြင့် မည်သည့်ဝတ်စားဆင်ယင်မှုကိုမျှ ခွင့်မပြုကြောင်း ပါတီအားလုံးကို ညွှန်ကြားခဲ့ပြီးဖြစ်သော်လည်း ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းက ၎င်းတို့ တစည ပါတီ၏ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များကို မဲရုံအတွင်း၌ တစည ပါတီတံဆိပ်ပါ ဦးထုပ်များကိုဆောင်းစေပြီး မိမိကိုယ်တိုင်လည်း ဆောင်းကြောင်း၊ မည်သူ့ကိုမျှလည်း ဂရုစိုက်စရာမလိုကြောင်း၊ ကြောက်စရာမလိုကြောင်းဖြင့် ပြောဆို၍ မဲဆွယ်မှုများပြုလုပ်ခဲ့ကြောင်း စသည်ဖြင့် သုံးသပ်မှုပြုလျက် ကန့်ကွက်ခံရသူ ဒေါ်ခင်နွဲ့အား ရွေးကောက်တင်မြှောက်ခံရခြင်းသည် တရားမဝင် ပျက်ပြယ်ကြောင်းနှင့် ကန့်ကွက်သူ ဦးမျိုးမြင့်သည်သာ ရွေးကောက်တင်မြှောက်ခံရသူ ဖြစ်ကြောင်း ၁၉ - ၉ - ၂၀၁၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၂)၏ ဆုံးဖြတ်ချက်ကို ဒေါ်ခင်နွဲ့က မကျေနပ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၄(က) အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုလျှောက်ထားသူ ဒေါ်ခင်နွဲ့က ပြင်ဆင်မှု အကြောင်းပြချက်များ အနေဖြင့် အချက် (၄)ချက်ကို ဖော်ပြထားရာ အနှစ်ချုပ်အားဖြင့် အောက်ပါအတိုင်း တွေ့ရသည် -

(၁) ပြည်ထောင်စုရွေးကောက်ပွဲခုံအဖွဲ့မှ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်း၏ပြုမူ ဆောင်ရွက်ချက်သည် ၎င်းတို့ တစည ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

တင်မြှောက်ခံရရေးအတွက် ၎င်းတို့နှင့်ယှဉ်ပြိုင် အရွေးခံသည့် ပြည်ခိုင်ဖြိုးပါတီအပေါ် သိက္ခာချ၍ မမှန်မကန်စွပ်စွဲခြင်း၊ တပ်မတော် အရာရှိကြီးများ အပေါ် မမှန်မကန်စွပ်စွဲခြင်း၊ လျှောက်ထားသူ ဦးတင်ရွှေကိုသိက္ခာချ ပြောကြားခြင်း များဖြစ်သဖြင့် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(၅) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ခဲ့ ကြောင်း တွေ့ရပေသည်ဟု သုံးသပ်ခဲ့ပါကြောင်း၊ ဦးကျော်ဝင်း၏ပြုမူဆောင်ရွက်ချက် အပေါ် အလေးထားသုံးသပ်ရာ၌ ရွေးကောက်ပွဲခုံအဖွဲ့သည် ဦးတင်ရွှေ၏ တရားရုံးတိုင်လျှောက်လွှာအပေါ် အဓိကထားသုံးသပ်ခဲ့သည်ကို တွေ့ရကြောင်း၊ ယင်းအချက်အပေါ် သုံးသပ်မည်ဆိုပါက ဦးမျိုးမြင့်၏ ကန့်ကွက်လျှောက်ထားလွှာအပါအဝင် လျှောက်ထား သူဘက်မှ တင်ပြသောသက်သေခံချက်များ၊ လျှောက်ထားခံရသူတို့ဘက်မှ ပြန်လှန်မေးမြန်း ချက်များနှင့် ဖြစ်တန်ချေရှိ မရှိများ၊ ပတ်ဝန်းကျင် ကြောင်းခြင်းရာများ၊ ရွှေကျင်မြို့နယ် တရားရုံး၏ အမိန့်စီရင်ချက်တို့ကိုပါ သုံးသပ်မှသာ အမှန်တရား ပေါ်ပေါက်နိုင်မည်ဖြစ်ပါကြောင်း၊ ၇-၁၁-၂၀၁၀ ရက်နေ့ ရွေးကောက်ပွဲကျင်းပသည့် ကျွဲတဲမဲရုံနှင့် ကရင်စုမဲရုံအမှတ် (၂)တို့တွင် မဲရုံနှင့်ကိုက် ၅၀၀ အတွင်း၌ တရားခံ ဦးကျော်ဝင်း မဲဆွယ်မှု ပြုလုပ်ခဲ့ ကြောင်း ထင်ရှားသဖြင့် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၁(က) အရ ရွှေကျင်မြို့နယ်တရားရုံးက အပြစ်ပေး ခဲ့ကြောင်း၊ ယခုအခါ ဦးကျော်ဝင်းမှ အဆင့်မြင့် ရုံးများသို့ ဆက်လက်အယူခံဝင်ခြင်း၊ ပြင်ဆင်မှု လျှောက်ထားခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိ ပါကြောင်း၊ ဦးကျော်ဝင်း၏ အယူခံမှု၊ ပြင်ဆင်မှုများ ပြီးပြတ်ချိန်အထိ ဤပြင်ဆင်မှုကို စောင့်ဆိုင်းသင့် ပါကြောင်း၊

(၂) ဦးထုပ်ဆောင်းထားခြင်းကိစ္စတွင် တစည ပါတီဝင်

<u>၂၀၁၁ ခုနှစ်</u>
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

များ ဦးထုပ်ဆောင်းထားခြင်းမရှိဘဲ သက်သေခံ ဓာတ်ပုံများကို မမှန်မကန်ဖန်တီးထားကြောင်းလည်း လျှောက်ထားခံရသူဘက်မှ ပြန်လှန် မေးခွန်းထုတ်၍ မေးမြန်းခဲ့ပါကြောင်း၊ ဦးထုပ်ဆောင်းခြင်းဓာတ်ပုံကို ရိုက်ကူးသူသည် မိမိတို့ကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ် ကျင့်သုံးနေသည့် မဲရုံအတွင်းသို့ ဓာတ်ပုံဝင်ရိုက်ခြင်းမှာ အပြစ်ကင်းပါသလား ဆိုသည့်အချက်များ ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ မဲရုံအတွင်း ဦးထုပ်များဆောင်းခဲ့သည်မှာ မှန်စေဦး ထိုကိစ္စမျိုးသည် ရွေးကောက်ပွဲကို ထိခိုက်ခြင်းမရှိသော သေးနုပ်အရာမရောက်သည့် ပြုကျင့်မှု တစ်ရပ်သာဖြစ်သည်ဟု သဘောရိုးဖြင့် ယုံကြည်ပါကြောင်း၊ ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၃(ဂ) အရသာ အပြစ်ရှိပါကြောင်း၊

(၃) ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်သည် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ ၏ မည်သည့်အပိုဒ်ခွဲအရ ငြိစွန်းကြောင်း တိတိကျကျသုံးသပ်ဖော်ပြမှု မရှိသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ သုံးသပ်ရခြင်းမှာလည်း အဓိကအားဖြင့် ဦးတင်ရွှေ၏တိုင်စာ သက်သေခံ(ဠ)အပေါ် အခြေခံသည်ကို မြင်သာပါကြောင်း၊ ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်ကိုကြည့်လျှင် အပိုဒ်ခွဲ(က) ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်သည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးရယူခဲ့ သည်ဟုလည်းကောင်း၊ ထိုနည်းဖြင့်ပင် သွေးဆောင်၍ ရယူခဲ့သည်ဟုလည်းကောင်း ပေါ်လွင်ထင်ရှားလျှင် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်နိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါကြောင်း၊ ရွှေကျင်မြို့နယ် တရားရုံး၌ ဦးကျော်ဝင်း စွပ်စွဲခဲ့သောအမှုတွင် မြို့နယ်တရားသူကြီး စီရင်ချက် အမိန့်၌ ဦးကျော်ဝင်းသည် မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို ဆန္ဒမဲပေးရန် တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း ၊ ပြစ်မှုကျူး

လွန်ကြောင်း ကောက်ယူနိုင်သည့် သက်သေခံချက် အထင်အရှားမရှိဟု ယူဆကြောင်း သုံးသပ်ချက်ကို ကြည့်လျှင် ဦးကျော်ဝင်းသည် တရားမဲ့ပြုကျင့် ကြောင်း ၊ သွေးဆောင်ကြောင်းမှာ အထင်အရှား ပေါ်ပေါက်မှု မရှိ၍ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၁ ပါပြဋ္ဌာန်းချက် နှင့် ငြိစွန်းခြင်းမရှိဟု သုံးသပ်ရန်သာ ရှိပါကြောင်း ၊

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

(၄) ရွေးကောက်ပွဲကန့်ကွက်လျှောက်ထားသူနှင့် ကန့်ကွက်လျှောက်ထားခံရသူတို့သည် ရွှေကျင် မြို့နယ် အခြေခံချင်းတူပါလျက် ရွေးကောက်ပွဲ ကုန်ကျ စရိတ် (တရားစရိတ်ငွေ)များ သတ်မှတ် ရာတွင် တူညီခြင်း မရှိသည်ကိုတွေ့ရပါကြောင်း ၊ မြန်မာနိုင်ငံတရား ဥပဒေများ အက်ဥပဒေ ( The Myanmar Law Act )ပုဒ်မ ၁၃(၃) တွင် တရားမျှတမှု၊ သာနာညီမျှမှု၊ ကောင်းမြတ်သော အသိစိတ်တို့အပေါ် အခြေခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရာ ဦးတင်ရွှေက ဦးတင်ထွန်းအား တရားစရိတ်ငွေကျပ် ၅ သိန်းပေးစေရန်၊ ဦးဇော်ဝင်းမှ ဦးအောင်မြင့်အား တရားစရိတ် ငွေကျပ် ၅ သိန်းပေးစေရန် ချမှတ်ခဲ့သော်လည်း ဒေါ်ခင်နွဲ့မှ ဦးမျိုးမြင့်အား တရားစရိတ် ငွေကျပ် ၁၅ သိန်းပေးစေရန် ချမှတ်ခဲ့သော တရားစရိတ် အမိန့်မှာ ကွာခြားနေသဖြင့် ရန်ပုံငွေမရှိသူ ဒေါ်ခင်နွဲ့အတွက် ငွေကြေးအခက် အခဲဖြင့် ရင်ဆိုင် နေရပါကြောင်း၊ တရားမကျင့်ထုံး ဥပဒေသဘော အရ တရားစရိတ် ငွေကိုထည့်သွင်း တောင်းခံခြင်းလားဟု ယူဆ မိပါကြောင်း အမိန့်တွင် ရှင်းလင်းစွာ ဖော်ပြခြင်းဖြင့် ပြည်သူအများနားလည် သဘောပေါက်စေသင့် ပါကြောင်း စသည်ဖြင့် အကြောင်းပြထားသည်။

ပြင်ဆင်မှုလျှောက်ထားခံရသူ၏ရှေ့နေက လျှောက်ထား သူ၏ ပြင်ဆင်မှု အကြောင်းပြချက် (၁)နှင့်စပ်လျဉ်း၍ ဦးကျော်ဝင်းသည် ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးဖြစ်ပါလျက် ၎င်းကိုယ်တိုင်က တရားမဲ့ပြုကျင့်မှုကိုကျူးလွန်ခြင်း ဖြစ်ကြောင်း၊

ဒေါ်ခင်နွဲ့အနေဖြင့် ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ် ဦးကျော်ဝင်းကို သက်သေအဖြစ်ပြသထုချေရှင်းလင်း နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ ဦးကျော်ဝင်းသည် ကန့်ကွက်လွှာတင်သွင်းသူစွပ်စွဲသည့် အတိုင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(ဥ) ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် တရားမဲ့ပြုကျင့်မှုကို ကျူးလွန်သည်မှာ ထင်ရှားပါကြောင်း၊ ရွှေကျင်မြို့နယ် တရားရုံးက ၁၀-၁၀-၂၀၁၁ ရက်နေ့ကချမှတ်ခဲ့သော အမိန့်တွင် ဦးကျော်ဝင်းအပေါ် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၁(က) အရ ငွေဒဏ်ကျပ် (၅) သောင်းပေးဆောင်စေ၊ မဆောင်ပျက်ကွက်ပါက အလုပ်နှင့်ထောင်ဒဏ် ၃ လကျခံစေဟု အမိန့်ချမှတ်ခဲ့ပါကြောင်း၊ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်း၏တရားမဲ့ ပြုကျင့်မှုသည် ဒေါ်ခင်နွဲ့ကိုယ်တိုင်တရားမဲ့ပြုကျင့်ဘိသကဲ့သို့ ဖြစ်ပါကြောင်း၊ ဦးကျော်ဝင်း၏ တရားမဲ့ပြုကျင့်မှုသည် ရွေးကောက်ပွဲကို ထိခိုက်ခြင်း မရှိသော သေးနုပ်အရာမရောက်သည့် ပြုကျင့်မှုမဟုတ်ဘဲ ရာဇဝတ်ပြစ်ဒဏ်ထိုက်သည်အထိ ပြုကျင့်ခဲ့သော တရားမဲ့ပြုကျင့်မှု ဖြစ်ကြောင်း၊ ပြင်ဆင်မှုအကြောင်းပြချက် (၂)နှင့် စပ်လျဉ်း၍ မူလ ရွေးကောက်ပွဲခုံအဖွဲ့(၂)က ဦးတင်ရွှေနှင့် သက်သေ ဦးအောင်မြင့်တို့၏ ထွက်ချက်များအရ (တစည ပါတီ) မဲရုံကိုယ်စားလှယ်များနှင့် အကူ ကိုယ်စားလှယ်များသည် (တစည ပါတီ) တံဆိပ်ပါ ဦးထုပ်များကို ဆောင်းခဲ့ကြကြောင်းနှင့် ထိုသို့ဆောင်းခြင်းမှာ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းနှင့် ဦးကျော်စိုးတို့က ဆောင်းခိုင်းသဖြင့် ဆောင်းခဲ့ကြောင်း ပေါ်လွင်သည်ဟု သုံးသပ်ဆုံးဖြတ် ခဲ့ခြင်းသည် မှန်ကန်ပါသဖြင့် ပြင်ဆင်မှုကိုစရိတ်နှင့်တကွ ပလပ်ပေးသင့် ပါကြောင်း၊ အကြောင်းပြချက် (၃)နှင့်စပ်လျဉ်း၍ မူလရွေးကောက်ပွဲ ခုံအဖွဲ့ (၂) က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(ဥ) အရ လည်းကောင်း၊ နည်းဥပဒေ ၂၃၊ ၂၄အရ လည်းကောင်း၊ သက်သေခံဥပဒေပုဒ်မ ၆၀ အရ လည်းကောင်း ညီညွတ်သည့်ထွက်ဆိုချက်များအပေါ် သုံးသပ်မှုပြု၍ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ အရ ဆုံးဖြတ်ခဲ့သော အမိန့်ဖြစ် ပါကြောင်း၊ လျှောက်ထားသူဒေါ်ခင်နွဲ့က မူလခုံအဖွဲ့၏အမိန့်မှာ ယေဘုယျဆန်ဆန် သုံးသပ်ဆုံးဖြတ် ထားသည်ဟု တင်ပြလျှောက်ထား လာခြင်းမှာ လက်မခံထိုက်ပါကြောင်း၊ ပြင်ဆင်မှုအကြောင်းပြချက်

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

(၄)နှင့်စပ်လျဉ်း၍ မူလခုံအဖွဲ့(၂)က ချမှတ်ထားသော တရားစရိတ်များမှာ မူလရုံးတော်၏ရှေ့မှောက်သို့ ရောက်ရှိခဲ့သော အမှုအပေါ် မူလခုံအဖွဲ့၏ ဆင်ခြင်တုံတရားများအရ ထင်ရှားပြီးသော အဆင့်အခြေအနေ၌ ကုန်ကျစရိတ်အလိုက် ဥပဒေနှင့် အညီချမှတ်ထားသော အမိန့်ဖြစ်ပါကြောင်း၊ လျှောက်ထားသူက ပြန်လည်သုံးသပ်ပေးပါဟု တောင်းဆိုထားခြင်းမှာ ဥပဒေအရလွဲမှားနေသဖြင့် ပြန်လည်သုံးသပ်ပေးရန် အကြောင်းမရှိတော့ပါကြောင်း စသည်ဖြင့် လျှောက်ထားသည်။

ရုံးသဟာယအဖြစ် လျှောက်လဲသော ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကလည်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်ပါကြောင်း အရေးယူလောက်သော ဥပဒေပြဿနာ မရှိပါကြောင်းဖြင့် တင်ပြသည်။

လျှောက်ထားသူတင်ပြသော ပြင်ဆင်မှုအကြောင်းပြချက်များနှင့်စပ်လျဉ်း၍ မူလအမှုတွင် ကန့်ကွက်လွှာတင်ခဲ့သူ တစ်ဦးဖြစ်သည့် ဦးတင်ရွှေက ၎င်းသည် တပ်မတော်တွင် ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြောင်း (တစည)ပါတီမှ ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းသည် တံခွန်တိုင်ကျေးရွာအုပ်စု၊ ကရင်စုမဲရုံတွင် တပ်မတော်အကြီးအကဲများကို ပြည်သူများအကြည်အညို ပျက်စေမည့်စကားများ ပြောဆိုခြင်းများကြောင့် ရွှေကျင်မြို့နယ် ရဲစခန်းသို့တိုင်ကြားခဲ့ရာ ရဲစခန်းမှ တရားရုံးသို့ ပုံစံ (က)(ခ)ဖြင့်လွှဲပြောင်းပေးသဖြင့် တရားရုံးတွင် တရားစွဲဆိုခဲ့ကြောင်း၊ အမှုမှာဆက်လက်စစ်ဆေးဆဲဖြစ်ကြောင်း၊ တရားရုံးတွင် တရားစွဲဆိုထားသည့် အထောက်အထားအဖြစ် အဆိုပါ တရားရုံး၏ နေ့စဉ်မှတ်တမ်းနှင့် ၎င်း၏လျှောက်ထားစာကို သက်သေခံ(၁)အဖြစ် ခုံရုံးသို့တင်ပြ၍ အစစ်ခံထွက်ဆိုခဲ့သည်ကို တွေ့ရပေသည်။

သက်သေခံ(၁)ဖြစ်သည့် လျှောက်ထားစာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင်ထွန်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ဖြစ်သူ ဦးကျော်ဝင်း (အမှန်မှာ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဖြစ်သည်) သည် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ပြုလုပ်သည့် (၇-၁၁-၂၀၁၀) ရက်နေ့ ၁၀း၁၅ နာရီအချိန်ခန့်တွင် တံခွန်တိုင်ကျေးရွာအုပ်စု ကရင်စုမဲရုံအတွင်း ၁၅ပေ

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

ခန့်အကွာ အလံတိုင်အနီးတွင် ၎င်းတို့ (တစည) ပါတီဝင် မဲရုံကိုယ်စားလှယ်များအား ၎င်းတို့ပါတီ ဦးထုပ်များ အား ဦးခေါင်းတွင်ဆောင်းထား ဘယ်သူမှဂရုစိုက်စရာမလိုဘူး၊ ဘယ်သူ့စကားမှ နားထောင်စရာမလိုဘူး ဟူ၍ လည်းကောင်း၊ ခြင်္သေ့ဟာ သတ္တဝါတိုင်းကို ဟိန်းဟောက်လိုက်ရင် အကုန်လုံးနားမခံနိုင်ဘူး၊ ဒါပေမဲ့ ရေထဲကဖားကိုဟိန်းဟောက်လိုက်ပါက ဟိန်းတဲ့အကောင်သာ မောသွားမယ်၊ ဖားကလေးကဘာမှ မသိရှာဘူး၊ ဦးတင်ရွှေကို ခလုတ် သွားမတိုက်နဲ့ဒုက္ခရောက်မယ် ဦးတင်ထွန်းကို ခလုတ်သွားတိုက်မိရင် ဘာမှမဖြစ်ဘူး၊ ဦးတင်ရွှေဟာ ဘုရားပစ္စည်း၊ ကျောင်းပစ္စည်းတွေကို အကုန်လုံးစားထားတဲ့သူပါဟုလည်းကောင်း၊ (၁၁း၁၇) နာရီ အချိန်ခန့်တွင် ကျွဲတဲရပ်ကွက်မဲရုံအနီး ပေ ၁၀၀ ခန့်အကွာ လမ်းမပေါ်၌ မဲဆန္ဒရှင်ပြည်သူများရှေ့တွင် မိမိတို့ပြည်ခိုင်ဖြိုးပါတီ၏ ပါတီဝင်ဖြစ်သူ ဦးအောင်ဆန်းအား ဟေ့ကောင်အောင်ဆန်း မင်းအစ်ကိုနဲ့ ငါတို့က ၁၉၉၀ခုနှစ်တုန်းက (တစည)မှာ အတူတူ လုပ်လာပြီး ဘာဖြစ်လို့အခုမှ ခြင်္သေ့ဖြစ်သွားရတာလဲ၊ ရပါတယ်ကွ၊ ဒါပေမဲ့ မြဲမြဲမှတ်ထားရမှာက ငါတို့နိုင်ငံမှာ ဗိုလ်ချုပ်တွေများတယ်၊ ဗိုလ်ချုပ်ဗိုက်ပူတွေ အလိုမရှိဘူးကွ၊ ငါတို့လိုချင်တာ ဗိုလ်ချုပ်အောင်ဆန်းကွဟု လည်းကောင်း ပြောဆို၍ ၎င်းတို့ပါတီ ကိုယ်စားလှယ်အောင်နိုင်ရေးအတွက် ပုဂ္ဂိုလ်ရေးသိက္ခာချပုတ်ခတ် ပြောဆိုပါသည်ဟူ၍ ဖော်ပြတိုင်ကြားထားသည်ကို တွေ့ရသည်။

လျှောက်ထားသူပြသက်သေအမှတ် (၅) ဦးအောင်မြင့်က ၎င်းသည်တံခွန်တိုင် ကျေးရွာရယကဥက္ကဋ္ဌအဖြစ် ၁၄ နှစ်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ယခုအခါ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင် တစ်ဦးဖြစ်ပြီး တံခွန်တိုင်ကျေးရွာ မဲရုံအမှတ်(၂)သို့ သွားရောက်ခဲ့ရာ မဲရုံတွင် တစည‌တံဆိပ်ပါ ဝတ်စုံများဝတ်ဆင်ထားသည်ကိုတွေ့သဖြင့် ထိုသို့ဝတ်ဆင်ခြင်းမပြုရန် ဟန့်တားပြီးပြန်ထွက်လာရာ တစည ကိုယ်စားလှယ် ဦးကျော်ဝင်းနှင့်တွေ့ပြီး မဲရုံသို့ ပြန်ဝင်လာကြောင်း၊ ဦးကျော်ဝင်းက ကောင်လေး လေးငါးယောက်ကို မင်းတို့ဦးတင်ထွန်းကို ထိလို့ဘာမှမဖြစ်ဘူး ဦးတင်ရွှေကိုထိရင် ၎င်းမှာ ဘုရားငွေ၊ ကျောင်းငွေများအားစားထားသဖြင့် မင်းတို့နာလိမ့်မည်ဟု ပြောကြောင်း၊ ထိုစကားကို ဦးတင်ရွှေ ကြားသဖြင့် ၎င်းမှာ ပြန်ထွက်လာခဲ့ကြောင်း၊ ထိုကိစ္စနှင့်စပ်လျဉ်း၍ ဦးတင်ရွှေက ဦးကျော်ဝင်းကို ရွှေကျင်မြို့နယ်တရားရုံး၌ တရားစွဲဆိုထားပါကြောင်း အစစ်ခံထွက်ဆိုသည်။

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

မူလကန့်ကွက်လွှာအမှုတွင် လျှောက်ထားခံရသူများဖြစ်သော ဦးတင်ထွန်း၊ ဒေါ်ခင်နွဲ့နှင့် ဦးအောင်မြင့်တို့အား စစ်ဆေးရာတွင် လျှောက်ထားသူများဘက်က စွပ်စွဲကန့်ကွက်ထားသည့်အချက်နှင့် စပ်လျဉ်း၍ မှန်ကန်မှုမရှိကြောင်း ထွက်ဆိုတင်ပြခြင်းမရှိခဲ့သည်ကို တွေ့ရပေသည်။ ၎င်းတို့အား မူလမှုလျှောက်ထားသူများဘက်မှ ပြန်လှန်မေးမြန်းရာတွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီး (၁)လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ်မှာ ဦးကျော်ဝင်းဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ဦးကျော်ဝင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင်ရွှေနှင့် တပ်မတော်အကြီးအကဲများအပေါ် ပုတ်ခတ်ပြောဆို မဲဆွယ်ခဲ့သည့်ကိစ္စကို ဦးတင်ရွှေက ဦးဝင်းရီကိုတိုင်ကြားခဲ့သော်လည်း အရေးယူဆောင်ရွက်ပေးခြင်းမရှိသည်ကို သိပါသလားဆိုလျှင် မသိကြောင်း၊ ထိုသို့အရေးယူဆောင်ရွက်ပေးခြင်းမရှိသဖြင့် ဦးတင်ရွှေက ဦးကျော်ဝင်းကို ရွှေကျင်မြို့နယ်တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၆၆/၂၀၁၀ဖြင့် တရားစွဲဆိုထားသည်ကို သိပါသလားဆိုလျှင် သိကြောင်းဖြင့်ထွက်ဆိုသည်ကို တွေ့ရသည်။

ရုံးခေါ်သက်သေ ဦးဝင်းရီသည် ရွှေကျင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဖြစ်သည်။ ၎င်းအား မူလအမှု လျှောက်ထားသူများဘက်မှ ပြန်လှန်မေးမြန်းရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲကိုယ်စားလှယ်မှာ ဦးကျော်ဝင်းဖြစ်သည်ကို သိပါသလားဆိုလျှင်သိကြောင်း၊ ဦးကျော်ဝင်းသည် မဲရုံအနီးကိုက် ၅၀၀ အတွင်း ပြည်ခိုင်ဖြိုးပါတီဝင်များနှင့် နိုင်ငံတော်အကြီးအကဲများကို စွပ်စွဲပြောဆိုခဲ့၍ တိုင်ကြားခဲ့သည်ကို သိပါသလားဆိုလျှင် ဦးတင်ရွှေကတော့တိုင်ပါကြောင်း၊ ကျွန်တော်က ရဲစခန်းတိုင်ရန်ညွှန်ကြားခဲ့ပါကြောင်း၊ ဦးတင်ရွှေက ရွှေကျင်မြို့နယ်တရားရုံးတွင် အမှုတိုင်ကြားပြီး ယခုအမှုဖွင့် အရေးယူခဲ့သည်ကို သိပါသလားဆိုလျှင် သိပါကြောင်းဖြင့် အစစ်ခံထွက်ဆိုသည်။

အထက်တွင်ဖော်ပြခဲ့သည့် မူလအမှုတွင်လျှောက်ထားသူ ဦးတင်ရွှေ၊ သက်သေ ဦးအောင်မြင့်၊ ရုံးခေါ်သက်သေ ဦးဝင်းရီတို့၏ ထွက်ချက်များနှင့် မူလအမှုလျှောက်ထားသူများက တင်ပြသည့် သက်သေခံ (ဠ)တွင် ဖော်ပြပါရှိချက်များအရ လျှောက်ထားခံရသူ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းသည် အဆိုပါ

မဲဆန္ဒနယ်၌ ၎င်းတို့ပါတီနှင့် ယှဉ်ပြိုင်အရွေးခံသော ပြည်ခိုင်ဖြိုးပါတီအပေါ် မမှန်မကန်စွပ်စွဲခြင်း၊ တပ်မတော်အရာရှိကြီးများ အပေါ် မမှန်မကန်စွပ်စွဲခြင်း၊ လျှောက်ထားသူ ဦးတင်ရွှေကို ပုဂ္ဂိုလ်ရေးသိက္ခာချပြောကြားခဲ့ကြောင်း တွေ့ရပေသည်။ ယင်းအချက်မမှန်ကန်ကြောင်း လျှောက်ထားခံရသူများဘက်က ချေဖျက်နိုင်ခြင်း မရှိသည့်အပြင် ဦးကျော်ဝင်းကိုယ်တိုင်လည်း ခုံရုံးသို့လာရောက်၍ သက်သေအဖြစ် အစစ်ခံ ထွက်ဆိုခြင်းမရှိသဖြင့် မူလအမှုလျှောက်ထားသူများဘက်က စွပ်စွဲချက်မှာခိုင်မာမှုရှိသည်ကို တွေ့ရပေသည်။

ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်း၏ ပြုလုပ်ဆောင်ရွက်ချက်သည် ၎င်းတို့တစညပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်တင်မြှောက်ခံရရေးအတွက် ၎င်းတို့နှင့် ယှဉ်ပြိုင်အရွေးခံသည့် ပြည်ခိုင်ဖြိုးပါတီအပေါ်သိက္ခာချ၍ မမှန်မကန်စွပ်စွဲခြင်း၊ တပ်မတော်အရာရှိကြီးများအပေါ် မမှန်မကန် စွပ်စွဲခြင်း၊ ဦးတင်ရွှေကို သိက္ခာချပြောကြားခြင်းများဖြစ်သဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆(၄) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကို ပြုလုပ်ခဲ့ကြောင်းတွေ့ရပေသည်။

> " တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆ တွင် အောက်ပါတို့သည် တရားမဲ့ပြုကျင့်မှုများဖြစ်သည် -
>
> (၄) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် ပါတီတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ ရေးသားခြင်း၊အများပြည်သူ ဆူပူမှုဖြစ်အောင်ဖန်တီးခြင်း "

ဟူ၍ပြဋ္ဌာန်းထားသည်။

ဦးတင်ရွှေက ဦးကျော်ဝင်းကိုတိုင်ကြားခဲ့သည့် သက်သေခံ (၁) လျှောက်ထားစာတွင် " တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတင်ထွန်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်ဖြစ်သူ ဦးကျော်ဝင်း (အမှန်မှာ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ်ဖြစ်သည်) သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြုလုပ်သည့် ၇-၁၁-၂၀၁၀ ရက်နေ့ ၁၀း၁၅ နာရီအချိန်ခန့်တွင် တံခွန်တိုင်ကျေးရွာအုပ်စု၊ ကရင်စုမဲရုံအတွင်း ၁၅

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

ပေခန့်အကွာတွင် ၎င်းတို့ တစည ပါတီဝင်မဲရုံကိုယ်စားလှယ်များအား ၎င်းတို့၏ပါတီ ဦးထုပ်များကို ဦးခေါင်းတွင်ဆောင်းထား၍ ဘယ်သူမှ ဂရုစိုက်စရာမလိုဘူး၊ ဘယ်သူ့စကားမှနားထောင်စရာမလိုဘူး” ဟူ၍ ပြောဆိုခဲ့ကြောင်းတွေ့ရသည်။

ထို့ပြင် တစည ပါတီမဲရုံကိုယ်စားလှယ်များ တစည ပါတီ တံဆိပ်ပါ ဦးထုပ်များကိုဆောင်း၍ မဲဆွယ်ခဲ့သည်ကို စိစစ်ရာတွင် ဦးတင်ရွှေက တံခွန်တိုင်ကျေးရွာ ရယကဥက္ကဌ ဦးအေးသိန်းနှင့် အပေါင်းပါ ၁၅ဦးခန့်သည် တစည ပါတီ အောင်နိုင်ရေးအတွက် မသမာမှုများပြုလုပ်ခဲ့ကြောင်း၊ ရာအိမ်မှူးဦးကျော်စိုးမှာ (တစည)ပါတီ၏ အမာခံတစ်ဦး ဖြစ်ကြောင်း၊ ၎င်းက မဲရုံကိုယ်စားလှယ် နှင့် အကူကိုယ်စားလှယ်များကို (တစည)ပါတီ စပါးနှံတံဆိပ်ပါသော ဦးထုပ်များကို ဆောင်းခိုင်းစေသဖြင့် ကျွန်တော်က ထိုသို့မပြုလုပ်ရန် တားမြစ်ကြောင်း၊ ထိုသို့ပြောသဖြင့် ၎င်းတို့က ဦးထုပ်များကိုချွတ်ပြီး မဆောင်းကြသော်လည်း မဲရုံအတွင်းသို့ရောက်ရှိလာသော လျှောက်ထား ခံရသူ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းနှင့် ဦးကျော်စိုးတို့က ဦးထုပ်များကိုဆောင်းကြရန်နှင့် မိမိတို့ကိုယ်တိုင်လည်း ဦးထုပ်များကို ဆောင်းကြကြောင်း၊ မည်သူ့ကိုမှုလည်း ဂရုစိုက်စရာ မလိုကြောင်း ပြောပါသည်ဟု ထွက်ဆိုသည်။

လျှောက်ထားသူများပြသက်သေအမှတ် (၅) ဦးအောင်မြင့်က ၎င်းသည် တံခွန်တိုင် ကျေးရွာရယကဥက္ကဌအဖြစ် ၁၄ နှစ်တာဝန် ထမ်းဆောင်ခဲ့ကြောင်း၊ ယခုအခါ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင် အဖြစ် တာဝန်ပေးခံရကြောင်း၊ တံခွန်တိုင်ကျေးရွာမဲရုံ အမှတ်-၂ တွင်တာဝန် ကျ ကြောင်း၊ မဲရုံသို့ ရာအိမ်မှူးဦးကျော်စိုး အရက်သောက် ရောက်ရှိ လာပြီး ၎င်းမှ(တစည)တံဆိပ်ပါ ဦးထုပ်နှင့် ရင်ထိုးတံဆိပ်ကို ဝတ်ဆင် ထားသည့်ကိစ္စ ဘယ်သူ့မှုတားလို့မရဘူး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ဦးသန်းရွှေက ယခုပဲလာပြောသွားသည်ဟု ပြောကြောင်း၊ ဝတ်စရာရှိ တာဝတ်၊ ဆောင်းစရာရှိတာဆောင်း၊ မည်သူ့မှုမကြောက်နှင့်ဟု ပြောဆို ကြောင်း၊ ထိုအဝတ်အစားများကို ဝတ်ဆင်ပြီး မဲရုံ၌တစ်နေကုန်နေသွား ပါကြောင်း၊ ကျွန်တော်ကိုယ်တိုင် တားဆီးသော်လည်း မရကြောင်း၊ (တစည)ပါတီ တရားမဲ့ပြုကျင့်မှုများ ကို ကျွန်တော့်အနေဖြင့် မြင်တွေ့ရ သဖြင့် မခံနိုင်သောကြောင့် ယခုကဲ့သို့ ရုံးတော်သို့ ထွက်ဆိုရခြင်း ဖြစ် ကြောင်း အစစ်ခံထွက်ဆိုသည်။

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

ဦးတင်ရွှေနှင့် သက်သေဦးအောင်မြင့်တို့၏ ထွက်ချက်များအရ (တစည)ပါတီ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ၊ တစညတံဆိပ်ပါ ဦးထုပ်များဆောင်းခြင်းကို ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းနှင့် ဦးကျော်စိုးတို့က အဆောင်းခိုင်းသဖြင့် ဆောင်းခဲ့ကြကြောင်းပေါ်လွင်ပေသည်။ ယင်းအချက်ကို လျှောက်ထားခံရသူများက ချေဖျက်ထားနိုင်ခြင်းမရှိပေ။ ထို့ပြင် ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းက တစည တံဆိပ်ပါ ဦးထုပ်များကို ဆောင်းကြရန်နှင့် မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုကြောင်း ပြောဆိုခဲ့သည် ဟုလျှောက်ထားသူများဘက်မှ စွပ်စွဲချက်မှာခိုင်မာလျက်ရှိပေသည်။ မဲရုံများတွင် ပုံစံအမျိုးမျိုးနှင့် မဲဆွယ်ခြင်းမပြုလုပ်နိုင်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်၍ သက်ဆိုင်ရာပါတီ၏ ရင်ထိုးတံဆိပ် တပ်ဆင်ခြင်းမှလွဲ၍ မဲရုံတွင် တာဝန်ကျ မဲရုံကိုယ်စားလှယ်များအနေဖြင့် မည်သည့် ဝတ်စားဆင်ယင်မှုကိုမျှ ခွင့်မပြုကြောင်း ပါတီအားလုံးကိုညွှန်ကြားခဲ့ပြီး ဖြစ်သည်။ ယင်းအခြေအနေတွင် ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းက ၎င်းတို့တစညပါတီ၏ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များကို မဲရုံအတွင်း၌ တစညပါတီတံဆိပ်ပါ ဦးထုပ်များကိုဆောင်းစေပြီး မိမိကိုယ်တိုင်လည်းဆောင်းကြောင်း၊ မည်သူ့ကိုမျှလည်းဂရုစိုက်စရာမလိုကြောင်း၊ ကြောက်စရာမလိုကြောင်းဖြင့်ပြောဆို၍ မဲဆွယ်မှုပြုလုပ်စေသည့် လုပ်ဆောင်မှုမျိုး ပြုလုပ်ခဲ့ကြောင်း တွေ့ရပေသည်။ယင်းလုပ်ဆောင်ချက်သည် ရွေးကောက်ပွဲကို ထိခိုက်ခြင်းမရှိသော သေးနုပ်အရာ မရောက်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်းဖြင့် ပြင်ဆင်မှုလျှောက်ထား သူ၏ရှေ့နေကတင်ပြသည်မှာ လက်ခံထိုက်သော အချက်မဟုတ်သည်မှာ မြင်သာလျက်ရှိပေသည်။

ပြင်ဆင်မှုလျှောက်ထားသူနှင့် ပြင်ဆင်မှုလျှောက်ထားခံရသူများက လျှောက်လဲချက်နှင့်အတူ ပူးတွဲတင်ပြထားသော ရွှေကျင်မြို့နယ်တရားရုံး၏ စီရင်ချက်မိတ္တူအရ ဦးတင်ရွှေက တရားလိုပြုလုပ်၍ ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲ ကိုယ်စားလှယ် ဦးကျော်ဝင်းအပေါ် စွပ်စွဲခဲ့သောအမှုတွင် မြို့နယ်တရားရုံးက ရွေးကောက်ပွဲကျင်းပသည့် ကျွဲတဲမဲရုံနှင့်ကရင်စုမဲရုံအမှတ် (၂) တို့တွင် မဲရုံနှင့်ကိုက် (၅၀၀) အတွင်း၌ တရားခံ ဦးကျော်ဝင်းသည် မဲဆွယ်သည့်ပြစ်မှုကို ကျူးလွန်သဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၁

(က)အရ ပြစ်မှုထင်ရှားတွေ့ရှိပြီး ငွေဒဏ်ကျပ် (၅)သောင်းပေး ဆောင်စေ၊ ငွေဒဏ်မဆောင်ပျက်ကွက်က အလုပ်နှင့် ထောင်ဒဏ် (၃) လကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းတွေ့ရသည်။ ပြင်ဆင်မှု လျှောက်ထားသူ၏ရှေ့နေက ဦးကျော်ဝင်းသည် ရွှေကျင်မြို့နယ် တရားရုံး၏ အမိန့်အပေါ် အယူခံမှု၊ ပြင်ဆင်မှုများတွင် ဆုံးဖြတ်ချက် ချပြီး သည်အထိ ဤပြင်ဆင်မှုကို အမိန့်ချမှတ်ခြင်းမပြုဘဲ စောင့်ဆိုင်း ပေးသင့်ပါကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

မြို့နယ်တရားရုံးတွင်စစ်ဆေးခြင်းသည် တရားလိုဖြစ်သူ ဦးတင်ရွှေ၏ တိုင်ကြားချက်မှန်ကန်ခြင်းရှိ မရှိ တရားလိုဦးတင်ရွှေနှင့် ယင်း၏သက်သေထွက်ဆိုချက်များ၊ တရားခံဦးကျော်ဝင်းနှင့် ယင်းက ပြသသော သက်သေများ၏ထွက်ဆိုချက်များအပေါ် စိစစ်သုံးသပ်လျက် တရားခံဦးကျော်ဝင်းသည် ၎င်းအပေါ် စွဲချက်တင်ထားသည့် ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၁(က) အရ မဲရုံနှင့်ကိုက် (၅၀၀) အတွင်းမဲဆွယ်ခဲ့ခြင်း ရှိ မရှိကို သုံးသပ်၍ အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၂)က မူလရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းခဲ့ကြသည့် ဦးတင်ရွှေ၊ ဦးမျိုးမြင့်နှင့် ဦးဇော်ဝင်းတို့၏ထွက်ဆိုချက်များ၊ ယင်းတို့ကတင်ပြသည့် စာရွက် စာတမ်းများနှင့်သက်သေများ၏ ထွက်ဆိုချက်များ၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာ တင်သွင်းခြင်းခံကြရသည့် ဦးတင်ထွန်း၊ ဒေါ်ခင်နွဲ့နှင့် ဦးအောင်မြင့်တို့၏ထွက်ဆိုချက်များ၊ ယင်းတို့ကတင်ပြသည့် စာရွက်စာတမ်းများနှင့် သက်သေများ၏ ထွက်ဆိုချက်များအပေါ် စိစစ်သုံးသပ်လျက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၆ တွင်ပြဋ္ဌာန်းထားသည့် တရားမဲ့ ပြုကျင့်မှုများပြုလုပ်ခဲ့ခြင်း ရှိ မရှိ ကို သုံးသပ်၍ အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။ ရွေးကောက်ပွဲဥပဒေအရ ပြစ်မှုကျူးလွန်ခြင်းရှိ မရှိနှင့် တရားမဲ့ပြုကျင့်မှုကိုပြုလုပ်ခဲ့ခြင်း ရှိ မရှိတို့မှာ မတူညီကွဲပြား ခြားနားသည်။ ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ဆုံးဖြတ်သည့်ရက်မှာ ၁၉-၉-၂၀၁၁ ဖြစ်ပြီး ရွှေကျင်မြို့နယ်တရားရုံးက စီရင်ချက် ချမှတ်သည့်ရက်မှာ ၁၀-၁၀-၂၀၁၁ ဖြစ်သည်ကိုတွေ့ရသည်။ ယင်းအခြေအနေတွင် ဒေါ်ခင်နွဲ့၏ရှေ့နေ တင်ပြသကဲ့သို့ ဦးကျော်ဝင်း

၂၀၁၁ ခုနှစ်
ဒေါ်ခင်နွဲ့
နှင့်
ဦးမျိုးမြင့်

တင်သွင်းမည့် အယူခံမှု၊ ပြင်ဆင်မှုများတွင် အဆုံးအဖြတ်ပြုပြီးသည်အထိ စောင့်ဆိုင်းရန် လိုအပ်မည်မဟုတ်ပေ။

လျှောက်ထားသူ၏ရှေ့နေက ရွေးကောက်ပွဲခုံအဖွဲ့(၂) ၏ ဆုံးဖြတ်ချက်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်းမရှိဟု တင်ပြထားသော်လည်း ပုဒ်မ ၇၁ ၏ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တစ်ခုတည်းကိုသာ ကိုးကား၍တင်ပြထားသည်ကို တွေ့ရသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ တွင် -

" ၇၁။ ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် ယင်းအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်နိုင်သည် -

(က) ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် တရားမဲ့ပြုကျင့်မှုများဖြင့် မဲအများဆုံးကို ရယူခဲ့သည်ဟုလည်းကောင်း၊ ထိုနည်းဖြင့် ပင်သွေးဆောင်၍ရယူခဲ့သည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲအနိုင်အရှုံးသည် တရားမဲ့ပြုကျင့်မှုများကြောင့်သာ ဖြစ်ရသည်ဟု လည်းကောင်း ပေါ်လွင်ထင်ရှားခြင်း၊

(ခ) ရွေးကောက် တင်မြှောက်ခံရသော လွှတ်တော် ကိုယ်စားလှယ်၏ အကျိုးငှာ တရားမဲ့ ပြုကျင့်မှု တစ်ခုခုကို ပြုကြောင်း ပေါ်လွင် ထင်ရှားခြင်း၊ "

ဟူ၍ ပြဋ္ဌာန်းထားသည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၂)က အထက်ပါ ပုဒ်မ ၇၁၏ ပုဒ်မခွဲ (က)နှင့် (ခ)ပါ ပြဋ္ဌာန်းချက်များကိုကိုးကား၍ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ်ဖြစ်သူ ဦးကျော်ဝင်းသည် တိုင်းဒေသကြီး

လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၆၆(ဥ) ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် တရားမဲ့ပြုကျင့်မှုကိုကျူးလွန်ခဲ့ကြောင်း အထင်အရှားပေါ်ပေါက်နေခြင်းကြောင့် ဒေါ်ခင်နွဲ့အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ကြောင်းဖြင့် အဆုံးအဖြတ်ပြုခဲ့သည်မှာ ဥပဒေနှင့်အညီ မှန်ကန်မှုရှိကြောင်းတွေ့ရပေသည်။ | ၂၀၁၁ ခုနှစ် ဒေါ်ခင်နွဲ့ နှင့် ဦးမျိုးမြင့်

တရားစရိတ်ငွေများပေးဆောင်စေရန် ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲ ခုံအဖွဲ့ (၂)တွင် ကန့်ကွက်လွှာ တင်သွင်းခဲ့သူများဖြစ်ကြသော ဦးတင်ရွှေ၊ ဦးမျိုးမြင့်နှင့် ဦးဇော်ဝင်းတို့သည် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီပေးသွင်း၍ ကန့်ကွက်လွှာများ တင်သွင်းခဲ့ကြခြင်းဖြစ်သည်။ ခုံအဖွဲ့က ကန့်ကွက်လွှာများကို စစ်ဆေးပြီးနောက် ဦးတင်ရွှေနှင့် ဦးဇော်ဝင်းတို့၏ ကန့်ကွက်လွှာများ နှင့်စပ်လျဉ်း၍ ပယ်ကြောင်း အမိန့်ချမှတ်သဖြင့် ၎င်းတို့သည်အမှုတွင် ရှုံးနိမ့်ခဲ့ကြသည်။ထို့ကြောင့် ၎င်းတို့ နှစ်ဦးအနေဖြင့် ကန့်ကွက်ခံရသူများ ဖြစ်သော ဦးတင်ထွန်းနှင့် ဦးအောင်မြင့်တို့ တစ်ဦးစီ ကုန်ကျရန်ရှိသော တရားစရိတ်ငွေများအနက် သင့်လျော်မည်ဖြစ်သော တရားစရိတ် ငွေကျပ် ၅ သိန်းစီကို ဦးတင်ထွန်းနှင့် ဦးအောင်မြင့်တို့အားပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးမျိုးမြင့်တင်သွင်းသော ကန့်ကွက်လွှာ နှင့်စပ်လျဉ်း၍ ဦးမျိုးမြင့်ကအနိုင်ရရှိသွားသဖြင့် မူလကပေးသွင်းခဲ့သော ငွေကျပ် ၁၀ သိန်း အပြင်နောက်ထပ် တရားစရိတ်ငွေကျပ် ၅ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၅ သိန်းကို ဒေါ်ခင်နွဲ့က ဦးမျိုးမြင့်သို့ပေးစေရန် ချမှတ်ခဲ့သော ခုံအဖွဲ့ (၂)၏ ဆုံးဖြတ်ချက်များသည်လည်း မှန်ကန်မျှတမှုရှိသည့်အတွက် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်ပြင်ဆင်ပေးရန် အကြောင်းမရှိကြောင်း တွေ့ရပေသည်။

ထို့ကြောင့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ဒေါ်ခင်နွဲ့အား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)တွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းသည် တရားမဝင် ပျက်ပြယ်ကြောင်းနှင့် ဦးမျိုးမြင့်သည်သာ ယင်းမဲဆန္ဒနယ်၏ရွေးကောက်တင်မြှောက်ခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

+၂၀၁၁ခုနှစ်
နိုဝင်ဘာလ
၃ ရက်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင် တို့ရှေ့တွင်**

**ဦးဇော်ဝင်း လျှောက်ထားသူ**

**နှင့်**

**ဦးအောင်မြင့် လျှောက်ထားခံရသူ ✻**

**တောင်ပိုင်းဘုန်းကြီးကျောင်းဂေါပကဝင်အဖြစ် တာဝန်ထမ်းဆောင်ပါသည်ဟု လက်ကမ်းကြော်ငြာတွင် ဖော်ပြသည့် အချက်မှာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေအခန်း (၁၄)ပုဒ်မ ၆၆ ( ၄ )တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုကိုပြုကျင့်ရာ ရောက် မရောက်။**

**ဆုံးဖြတ်ချက်။** ဘာသာရေးကိုအကြောင်းပြခဲ့သည်ဆိုသော ပြင်ဆင်မှု အကြောင်းပြချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူက မူလရုံးတော်သို့သက်သေခံ(ခ) အဖြစ် တင်သွင်းသော လျှောက်ထားခံ ရသူ ဓါတ်ပုံများပါလက်ကမ်း ကြော်ငြာတွင် “ ယခုအခါ ××××× တောင်ပိုင်းဘုန်းကြီးကျောင်း ဂေါပကဝင်အဖြစ် တာဝန်ထမ်းဆောင် ပါသည်” ဟု ဖော်ပြထားသည်ကိုတွေ့ရသည်၊ အဆိုပါလက်ကမ်း ကြော်ငြာတွင်ဖော်ပြသည့်အချက်မှာ ဦးအောင်မြင့် ပါဝင်ဆောင်ရွက် သော လူမှုရေးလုပ်ငန်းများထဲမှ တစ်ခုသာဖြစ်သည်။ သို့ဖြစ်၍

---

✻ ၂၀၁၁ ခုနှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် - ၁၅ ။

\+ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ်(၆)တွင် ချမှတ်သော ၁၉. ၉. ၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲခုံအဖွဲ့( ၂ )၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားသည့်ပြင်ဆင်မှု။

ထိုအချက်မှာ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေအခန်း (၁၄)၊ ပုဒ်မ ၆၆ (ဠ)ပါ “ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အကြောင်းပြု၍မဲပေးရန် သို့မဟုတ် မဲမပေးရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း” ဆိုသည့် တရားမဲ့ပြုကျင့်မှု၏ သတ်မှတ်ထားသောဘောင် အတွင်း အကျုံးဝင်သော ကောက်ယူရန် ခိုင်မာသည့် သက်သေခံချက် မဟုတ်သဖြင့် မူလခုံအဖွဲ့က ထည့်သွင်းသုံးသပ်မှု မပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၂၀၁၁ခုနှစ်
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

လျှောက်ထားသူအတွက် - ကိုယ်တိုင်
လျှောက်ထားခံရသူအတွက် - ဦးလှရွှေ
(တရားလွှတ်တော်ရှေ့နေ)

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လျှောက်ထားသူ ဦးဇော်ဝင်းသည် ရွှေကျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂)တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၎င်းနှင့် ယှဉ်ပြိုင်အရွေးခံသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ လျှောက်ထားခံရသူ ဦးအောင်မြင့်က လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ယင်းကဲ့သို့ရွေးကောက်တင်မြှောက်ခံရခြင်းသည် လွှတ်တော်ကိုယ်စားလှယ်နှင့် ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့က တရားမဲ့ဆောင်ရွက်မှုများကြောင့် ခိုင်လုံမဲကွာခြားရခြင်းဖြစ်သည်ဟု ယုံကြည်၍ မိမိသည်သာလျှင် ခိုင်လုံမဲအများဆုံးရရှိပြီး ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ကြေညာပေးပါရန် လျှောက်ထားသူက ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၆/၂၀၁၀) ကို တင်သွင်းခဲ့သည်။

ယင်းအမှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၂)က စစ်ဆေးကြားနာပြီးနောက် ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုကျူးလွန်ကြောင်း

၂၀၁၁ခုနှစ်
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

အထင်အရှားပေါ်ပေါက်နေသူမှာ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းသာဖြစ်ကြောင်း၊ ဦးကျော်ဝင်းက ထိုကဲ့သို့ တရားမဲ့ပြုကျင့်မှုကို ကျူးလွန်စေရန်အလို့ငှာ လျှောက်ထားခံရသူ ဦးအောင်မြင့်က လည်းကောင်း၊ ဦးအောင်မြင့်၏ရွေးကောက်ပွဲကိုယ်စားလှယ်က လည်းကောင်း စေခိုင်းမှု ပြုလုပ်ခဲ့ကြောင်းလည်း ပေါ်လွင်ထင်ရှားမှုမရှိကြောင်း၊ ထို့အပြင် တစည ပါတီဝင် မဲရုံကိုယ်စားလှယ်များ အချို့မဲရုံအတွင်း တစည ပါတီတံဆိပ်ပါ ဦးထုပ်များ ဆောင်း၍ မဲဆွယ်သည့်ကိစ္စတွင်လည်း ဦးအောင်မြင့်ကိုယ်တိုင်က လည်းကောင်း၊ ဦးအောင်မြင့်၏ ရွေးကောက်ပွဲကိုယ်စားလှယ်က လည်းကောင်း ဆောင်းခိုင်းစေပြီး မဲဆွယ်မှုပြုလုပ်စေခဲ့ ကြောင်းလည်း လျှောက်ထားသူဘက်မှခိုင်မာစွာ တင်ပြထွက်ဆိုထားနိုင်ခြင်း မရှိကြောင်း သုံးသပ်လျက် ၁၉ - ၉ - ၂၀၁၁ ရက်နေ့တွင် လျှောက်ထားသူ၏ ကန့်ကွက်လွှာကို ပလပ်ကြောင်း ဆုံးဖြတ်ချက်ချ ခဲ့သည်။

သို့ဖြစ်၍ လျှောက်ထားသူ ဦးဇော်ဝင်းက ရွေးကောက်ပွဲခုံအဖွဲ့ (၂)၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

ဤပြင်ဆင်မှုတွင် ပြင်ဆင်မှုလျှောက်ထားသူ ဦးဇော်ဝင်းက ပြင်ဆင်မှုအကြောင်းပြချက်များအနေဖြင့် သက်သေခံချက်များအရ ဆန္ဒမဲစာရင်းပုံစံ ( ၁၉ ) တွင် တစည ပါတီမှ လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးအောင်မြင့် တစ်ဦးတည်းကသာ လက်မှတ်ရေးထိုးပြီး ကျန်ကိုယ်စားလှယ်လောင်းများက လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်း အထင်အရှားပေါ်ပေါက်ပါလျက် ရွှေကျင်မြို့နယ် တွင်ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတသော ရွေးကောက်ပွဲ မဟုတ်ကြောင်း မူလခုံအဖွဲ့က ထည့်သွင်းသုံးသပ်မှုမရှိခြင်း၊ ရွေးကောက်ပွဲ အကြိုကာလတွင် တစညပါတီမှ ဖြန့်ဝေခဲ့သော လက်ကမ်းကြော်ငြာများ၌ ဘာသာရေးကို အကြောင်းပြသော မဲဆွယ်စည်းရုံးမှုများရှိကြောင်း အငြင်းမထွက်ခြင်း မြင်သာပါလျက်နှင့် မူလခုံအဖွဲ့ကထည့်သွင်းစဉ်းစား ဆုံးဖြတ်ခြင်းမပြုဘဲ လျှောက်ထားခံရသူဘက်သို့ အသာပေးဆုံးဖြတ်ခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအချို့၌ လျှောက်ထားခံရသူ၏ မဲရုံကိုယ်စားလှယ်များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်

၂၀၁၁ခုနှစ်
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

ကို မလိုက်နာဘဲ တစည ပါတီ တံဆိပ်ပါဦးထုပ်များဆောင်းပြီး မဲဆွယ် စည်းရုံးကြောင်းတွေ့ရသည်ဟု မူလခုံအဖွဲ့က သတ်မှတ်ပြီးမှ ထိုအချက်မှာ ဦးအောင်မြင့်ကသော်လည်းကောင်း၊ ဦးအောင်မြင့်၏ရွေးကောက်ပွဲ ကိုယ်စားလှယ်ကသော်လည်းကောင်း အတင်းအကြပ်မဲဆွယ်ပြု စေကြောင်း လျှောက်ထားသူဘက်မှခိုင်မာစွာ တင်ပြနိုင်ခြင်းမရှိဟု သုံးသပ်ကာ လျှောက်ထားခံရသူဘက်သို့ အသာပေးဆုံးဖြတ်ခြင်း၊ မဲဆန္ဒရှင် တစ်ဦးက သူတစ်ပါးအယောင်ဆောင်၍ အခြားမဲဆန္ဒရှင်များ ကိုယ်စားလွှတ်တော်တစ်ရပ်စီတွင် တစ်မဲထက် ပိုသော ဆန္ဒမဲများ ထည့်သွားသည် ဆိုသောအချက်မှာ သက်သေခံချက်များအရ ပေါ်ပေါက် ပါလျက် ထိုအချက်မှာ ခိုင်မာမှုမရှိဟု မူလခုံအဖွဲ့က ဆုံးဖြတ်၍ လျှောက်ထားခံရသူဘက်သို့ အသာပေးဆုံးဖြတ်ခြင်း၊ ပြည်ခိုင်ဖြိုးပါတီကို သာ မဲပေးသည့် မဲဆန္ဒရှင်များမှာ ကြိုတင်ဆန္ဒမဲ ပေးခွင့်မရခြင်း၊ မဲရုံမှူးများက မှတ်ပုံတင်ဖြင့် တိုက်ဆိုင်စစ်ဆေးမဲပေး ခွင့်မပြုဘဲ တိုကင်ပြားဖြင့် မဲပေးခွင့်ပြုသည်ဆိုသောအချက်မှာ ခိုင်မာမှု မရှိဟု မူလခုံရုံးအဖွဲ့က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်း၊ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် ဦးကျော်ဝင်းသည် တရားမဲ့ပြုကျင့်ကြောင်း သက်သေ အထောက်အထားများအရ ထင်ရှားပေါ်ပေါက်သော်လည်း လျှောက်ထား ခံရသူ ဦးအောင်မြင့်ကလည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စား လှယ်က လည်းကောင်း စေခိုင်းမှုပြုစေခဲ့ကြောင်း ပေါ်လွင်ထင်ရှားမှု မရှိဟုဆိုကာ လျှောက်ထားခံရသူကို အသာပေး ဆုံးဖြတ်ခြင်း၊ရပ်ကွက် နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲအသီးသီး၏ မဲရုံဖွဲ့စည်း ပုံလွဲမှားခြင်းကြောင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို လက်လွတ်ဆုံးရှုံးရပါသည်ဆိုသော အချက်မှာ ခိုင်မာမှုမရှိကြောင်း တွေ့ရသည်ဟု မူလခုံအဖွဲ့က သုံးသပ် ဆုံးဖြတ်ခဲ့ခြင်း၊ တစည ပါတီ အင်အားစုက လာဘ်ပေးလာဘ်ယူပြုခဲ့ သည်ဟု လျှောက်ထားသူဘက်က တင်ပြသော အထောက်အထားများ အရ ပေါ်ပေါက်သောအချက်ကို ထောက်ခံသော လွတ်လပ်သည့် သက်သေခံချက်မရှိဟုဆိုကာ မူလခုံအဖွဲ့က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်း၊ ရွေးကောက်ပွဲအကြိုကာလတွင် ရွှေကျင်မြို့နယ်အခြေစိုက်သော ကေအင်(န်)ယူ တပ်မဟာ(၄) တပ်ရင်း(၉) အင်အားစု (၄၀)ခန့်က ပြည်ခိုင်ဖြိုးပါတီကို မဲမပေးရန် ခြိမ်းခြောက်ဟန့်တားနှောင့်ယှက်ခဲ့ ကြောင်း သက်သေခံအထောက် အထားများအရ ပေါ်ပေါက်ပါလျက် ထောက်ခံသော လွတ်လပ် သက်သေမရှိဟုလည်းကောင်း၊ လျှောက်ထား

သူဘက်မှ တိကျစွာ ထွက်ဆိုနိုင်ခြင်းမရှိဟုလည်းကောင်း ခုံအဖွဲ့က သုံးသပ်ပြီး လျှောက်ထားခံရသူဘက်သို့အသာပေးဆုံးဖြတ်ခြင်း စသည်ဖြင့် အကြောင်းပြချက်များစွာကိုဖော်ပြ၍ အကြောင်းပြခဲ့သည်။

ပြင်ဆင်မှုလျှောက်ထားခံရသူ၏ရှေ့နေက လွှတ်တော် အရပ်ရပ်၏ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲစာရင်းပုံစံ(၁၉) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဖြစ်မနေလက်မှတ်ရေးထိုး ရမည်ဟု ပြဋ္ဌာန်းထားချက်မရှိကြောင်း၊ လျှောက်ထားခံရသူ ဦးအောင်မြင့် သည် ဘာသာရေးကိုအကြောင်းပြ၍ မဲဆွယ် စည်းရုံးမှုကြောင့် အနိုင်ရကြောင်းကို မူလကန့်ကွက်လွှာတွင်မပါရှိသကဲ့သို့ သက်သေများ တင်ပြ အစစ်ခံနိုင်ခြင်းလည်းမရှိပါကြောင်း ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် ဦးကျော်ဝင်းက တရားမဲ့ပြုကျင့်မှု ကျူးလွန်ရာတွင် လျှောက်ထားခံရသူ ဦးအောင်မြင့်ကလည်းကောင်း၊ ဦးအောင်မြင့်၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်ကလည်းကောင်း စေခိုင်းမှု ပြုခဲ့သည်ဟု ပေါ်လွင်မှုမရှိပါကြောင်း ထို့အပြင် တစည ပါတီဝင် မဲရုံကိုယ်စားလှယ် အချို့မဲရုံအတွင်း တစည တံဆိပ်ပါ ဦးထုပ်များ ဆောင်း၍ မဲဆွယ်သည့် ကိစ္စတွင်လည်း ဦးအောင်မြင့်ကိုယ်တိုင်က လည်းကောင်း၊ ဦးအောင်မြင့်၏ ရွေးကောက်ပွဲကိုယ်စားလှယ်က လည်းကောင်း အတင်းအကြပ်ခိုင်းစေပြီး မဲဆွယ်မှုပြုလုပ်စေခဲ့ကြောင်းလည်း မူလခုံအဖွဲ့တွင် လျှောက်ထားသူများ က ခိုင်မာစွာ တင်ပြနိုင်ခြင်းလည်း မရှိပါကြောင်းဖြင့် မူလခုံအဖွဲ့က ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆုံးဖြတ်ထားခြင်း ဖြစ်ပါကြောင်း လျှောက်ထား ခံရသူ ဦးအောင်မြင့်က ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌထံ အကူအညီတောင်းခံခဲ့သည်ဆိုသော စွပ်စွဲချက်နှင့် စပ်လျဉ်း၍လည်း ဦးအောင်မြင့်ပြောဆိုသည့်အတိုင်း ဦးပျော့က ဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း မတွေ့ရသဖြင့် ရွေးကောက်ပွဲ အနိုင်အရှုံးကို ထိခိုက်ခြင်းမရှိပေဟု ခုံအဖွဲ့၏သုံးသပ်ချက်သည် အဘက်ဘက်မှလေ့လာ သုံးသပ်ခဲ့ကြောင်း မြင်သာပါသဖြင့် လျှောက်ထားသူ၏တင်ပြချက်ကို လက်မခံသင့်ပါကြောင်း ဦးကျော်ဝင်းသည် ရွှေကျင်မြို့နယ် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နွဲ့၏ ရွေးကောက် ပွဲကိုယ်စားလှယ်ဖြစ်၍ မဲဆန္ဒနယ်မြေ(၁) ၌သာ မတရားမှုကျူးလွန် သည်ဟုသုံးသပ်ခဲ့ခြင်းအပေါ် လျှောက်ထားသူက မဲဆန္ဒနယ် အမှတ် (၂) ရှိ ကျွဲတဲမဲရုံ တွင်လည်း ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲ ကိုယ်စားလှယ် က တရားမဲ့စည်းရုံးမဲဆွယ်ကြောင်း တင်ပြနေမှုသည် သဘာဝကျန

ခြင်းမရှိသည်မှာ မြင်သာနေပါကြောင်း၊ သို့ဖြစ်၍ ရွှေကျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)တွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးအောင်မြင့်အား ရွေးကောက် တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်ကြောင်းဖြင့် ခုံအဖွဲ့(၂) ကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ဆက်လက်အတည်ပြု ပေးသင့်ပါ ကြောင်း တင်ပြလျှောက်ထားသည်။

၂၀၁၁ ခုနှစ်
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

ရုံးသဟာယအဖြစ် လျှောက်လဲသော ပြည်ထောင်စု ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ကလည်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် လျော်ကန်သင့်မြတ်ပြီး ဥပဒေနှင့်ညီပါကြောင်း အရေးယူလောက်သော ဥပဒေပြဿနာမရှိပါကြောင်းဖြင့် တင်ပြသည်။

ရွေးကောက်ပွဲခုံအဖွဲ့ (၂)က စစ်ဆေးခဲ့သော အမှုတွဲပါ သက်သေခံချက် အထောက်အထားများနှင့် စီရင်ချက်တို့ကို လေ့လာ စိစစ်ရာတွင် လျှောက်ထားသူ၏ ပြင်ဆင်ရန်အကြောင်းပြချက်ဖြစ်သော ပုံစံ (၁၉)တွင် ကိုယ်စားလှယ်လောင်းများ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ မူလခုံအဖွဲ့၏ စီရင်ချက်၌ " လျှောက်ထားသူတို့၏ မဲရုံကိုယ်စားလှယ်များက ၎င်းတို့တာဝန်ကျမဲရုံများတွင် တရားမဲ့ ပြုကျင့်မှုများပြုလုပ်ခဲ့ကြောင်းတွေ့ရ၍ မဲရေတွက်သည့် ပုံစံ (၁၆)တွင် လက်မှတ်ရေးထိုးခြင်းမရှိကြောင်း ထွက်ဆို တင်ပြချက်အရ နှစ်ဖက် ရှေ့မှောက်တွင် ပုံစံ (၁၆) များကိုကြည့်ရှုခဲ့သည်။ အချို့သောမဲရုံများ တွင် ပြည်ခိုင်ဖြိုးပါတီမှ မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခြင်း မရှိဟု တင်ပြသော်လည်း လက်တွေ့ကြည့်ရှုရာတွင် လက်မှတ်ရေးထိုး ထားသည်ကို တွေ့ရပေသည် " ဟုတိကျစွာ သုံးသပ်ထားသည်။ ထို့အပြင်လျှောက်ထားသူပြသက်သေ ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးခင်ရွှေဦးနှင့် ဒေါ်စုစုနွယ်တို့က ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ် တစ်ချို့ကလက်မှတ်ထိုးပြီး တစ်ချို့ကလက်မှတ်မထိုး ကြောင်း ထွက်ဆို ကြသည်။ ထို့ပြင်လျှောက်ထားသူက ပုံစံ (၁၉)တွင် လက်မှတ်ရေးထိုးခြင်း မရှိလျှင် ထိုကဲ့သို့လက်မှတ်ရေးထိုးခြင်းမပြုခဲ့သည့် အကြောင်းကို ထင်ရှားခိုင်မာသည့် သက်သေခံချက်များ တင်ပြရန်လိုပေသည်။ ယေဘုယျသဘောသာ တင်ပြထားသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ လျှောက်ထားသူ၏ပြင်ဆင်မှုအကြောင်းပြချက်ကို လက်ခံနိုင်ရန် အကြောင်းမရှိကြောင်းတွေ့ရသည်။

ဘာသာရေးကိုအကြောင်းပြခဲ့သည်ဆိုသော ပြင်ဆင်မှု

၂၀၁၁ခုနှစ်
ဦးဖော်ဝင်း
နှင့်
ဦးအောင်မြင့်

အကြောင်းပြချက်နှင့် စပ်လျဉ်း၍ လျှောက်ထားသူက မူလရုံးတော်သို့ သက်သေခံ(ခ)အဖြစ် တင်သွင်းသော လျှောက်ထားခံရသူ ဓါတ်ပုံများပါလက်ကမ်းကြော်ငြာတွင် " ယခုအခါ ×××× တောင်ပိုင်းဘုန်းကြီးကျောင်း ဂေါပကဝင်အဖြစ် တာဝန်ထမ်းဆောင်ပါသည်" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ အဆိုပါလက်ကမ်းကြော်ငြာတွင် ဖော်ပြသည့်အချက်မှာ ဦးအောင်မြင့် ပါဝင်ဆောင်ရွက်သော လူမှုရေးလုပ်ငန်းများထဲမှ တစ်ခုသာဖြစ်သည်။ သို့ဖြစ်၍ ထိုအချက်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၁၄)၊ ပုဒ်မ ၆၆ (ဠ )ပါ " လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်တင်မြှောက်ခံရရေးအတွက် ဘာသာရေးအထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း သို့မဟုတ် လူမျိုးကိုဖြစ်စေ၊ ဘာသာကိုဖြစ်စေ၊ အကြောင်းပြု မဲပေးရန် သို့မဟုတ် မဲမပေးရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်း" ဆိုသည့် တရားမဲ့ပြုကျင့်မှု၏ သတ်မှတ်ထားသော ဘောင်အတွင်း အကျုံးဝင်သော ကောက်ယူရန်ခိုင်မာသည့် သက်သေခံချက် မဟုတ်သဖြင့် မူလခုံအဖွဲ့က ထည့်သွင်းသုံးသပ်မှုမပြုခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

တစည ပါတီမဲရုံကိုယ်စားလှယ်များက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၇. ၁၀. ၂၀၁၀ ရက်စွဲပါစာအမှတ် ၁၃/ရကပ - ၁/ကမရ ဖြင့် ညွှန်ကြားချက်ကို ဆန့်ကျင်ကာ ပါတီတံဆိပ်ပါ ဦးထုပ်များဆောင်း၍ မဲဆွယ်မှုပြုခဲ့သည်ဆိုသော ပြင်ဆင်မှုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လည်းကောင်း ၊ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် ဦးကျော်ဝင်းက တရားမဲ့ပြုကျင့်ခဲ့ပါသည် ဆိုသော ပြင်ဆင်မှုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ လည်းကောင်း စိစစ်ပါကရွေးကောက်ပွဲကျင်းပသောနေ့၌ မဲရုံအချို့တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်ကိုမလိုက်နာဘဲ တစည ပါတီမှ မဲရုံကိုယ်စားလှယ်များက ပါတီတံဆိပ်ပါ ဦးထုပ်များကို ဆောင်းကာ မဲဆွယ်မှုပြုခဲ့ကြောင်း ၊ ထိုသို့ပြုမူခဲ့ ခြင်းမှာ လွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ်ခင်နွဲ့၏ရွေးကောက်ပွဲ ကိုယ်စားလှယ် ဦးကျော်ဝင်းက ဆောင်းခိုင်း၍ ဆောင်းခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေ ထွက်ချက်များအရ ပေါ်ပေါက်သည်။ ထို့အတူ ရွေးကောက်ပွဲ ကျင်းပသည့် ကျွဲတဲမဲရုံနှင့် ကရင်စုမဲရုံအမှတ် (၂) တို့တွင် မဲရုံနှင့်ကိုက် (၅၀၀)အတွင်း၌ တရားခံ

၂၀၁၁ခုနှစ်
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

ဦးကျော်ဝင်းသည် ပြစ်မှုကိုကျူးလွန်သဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၁(က) အရ အပြစ်ရှိသည်ဟု ရွှေကျင် မြို့နယ်တရားရုံးက ပြစ်မှုထင်ရှားခဲ့ပြီး ဖြစ်ကြောင်းကို လျှောက်ထားသူ နှင့်လျှောက်ထားခံရသူတို့က လျှောက်လဲချက်နှင့်အတူ ပူးတွဲတင်ပြသော တရားရုံးစီရင်ချက် မိတ္တူမှန်အရ တွေ့ရသည်။ သို့သော် ဦးကျော်ဝင်းမှာ ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ်သာဖြစ်ပြီး ဦးအောင်မြင့်၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်မဟုတ်သည့်အပြင် ထိုကိစ္စအတွက် ဦးအောင်မြင့်က လည်းကောင်း၊ ဦးအောင်မြင့်၏ ရွေးကောက်ပွဲကိုယ်စား လှယ်က လည်းကောင်း စေခိုင်းသည်ဆိုသော အချက်မှာထင်ရှား ပေါ်ပေါက်ခြင်း မရှိပေ။ သို့ဖြစ်၍ ဦးကျော်ဝင်းကလည်းကောင်း၊ ဦးကျော်ဝင်း၏ စေခိုင်းချက်အရ တစည‌ပါတီဝင်များက လည်းကောင်း တရားမဲ့ ပြုကျင့်ခဲ့သော လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ လျှောက်ထား ခံရသော ဦးအောင်မြင့်အပေါ်ထည့်သွင်း သုံးသပ်မှုပြုနိုင်မည်မဟုတ်ပေ၊ ယင်းအချက်များနှင့်စပ်လျဉ်း၍ မူလခုံအဖွဲ့က ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်၍ အဆုံးအဖြတ်ပြုထားခြင်းဖြစ်ရာ ဥပဒေနှင့်အညီဖြစ်သည်ကို တွေ့ရပေသည်။

သူတစ်ပါးအယောင်ဆောင်၍ မဲထည့်သည်ဆိုသော ပြင်ဆင်ရန် အကြောင်းပြချက်နှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကျင်းပသည့် နေ့တွင် ခြေတော်ရာမဲရုံ ၊ အနောက်ဘက်မဲရုံ ၊ မန်ကျည်းတန်းမဲရုံနှင့် ကျွဲတဲမဲရုံ အသီးသီးတွင် မဲဆန္ဒရှင်တစ်ဦးတည်းက သူတစ်ပါးအယောင် ဆောင်၍တစ်မဲထက်ပိုပြီး မဲအများအပြားထည့်သွားသည်ဆိုသော ကိစ္စမှာ လျှောက်ထားခံရသူဦးအောင်မြင့်ကသောလည်းကောင်း ၊ ဦးအောင်မြင့်၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကသော်လည်းကောင်း စေခိုင်းမှုမရှိပေ။ ထို့အပြင် ယင်းကဲ့သို့ ဆန္ဒပြုသွားပါသည်ဆိုသော တရားမဝင်မဲပြားများသည် တစည‌ပါတီကို ထောက်ခံသောမဲများသာ ဖြစ်ကြောင်း ခိုင်လုံသောသက်သေခံ အထောက်အထားလည်း မရှိသည် ကို တွေ့ရသည်။ ယင်းပြင်ဆင်မှုအကြောင်းပြချက်နှင့် စပ်လျဉ်း၍ ခိုင်မာမှုမရှိဟု မူလခုံအဖွဲ့က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှုရှိကြောင်း သုံးသပ်ရရှိသည်။

ကြိုတင်ဆန္ဒမဲပေးခွင့်မရခြင်း၊ မဲရုံမှူးများကမှတ်ပုံတင်နှင့် တိုက်ဆိုင်စစ်ဆေး မဲပေးခွင့်မပြုဘဲ တိုကင်ပြားဖြင့် မဲပေးခွင့်ပြုခြင်း စသည့် ပြင်ဆင်မှုအကြောင်းပြချက်နှင့်စပ်လျဉ်း၍ စိစစ်ရာတွင် ယင်းသို့

<u>၂၀၁၁ခုနှစ်</u>
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

ပြုမူဆောင်ရွက်ချက်များသည် လျှောက်ထားခံရသူနှင့်လည်းကောင်း ယင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်နှင့်လည်းကောင်း မည်သို့ သက်ဆိုင်မှုရှိနေသည်ကို ခိုင်မာစွာစွပ်စွဲတင်ပြထားနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ထို့အတူ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲ အသီးသီး၏ မဲရုံများ လွဲမှားစွာတည်ဆောက်ခြင်းကြောင့် ရွေးကောက်ပွဲ ဆိုင်ရာအခွင့်အရေးဆုံးရှုံးရပါသည်ဆိုသောအချက်နှင့် မဲပေးခွင့်မရ သူများက ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲပေးကြမည့်သူများ ဖြစ်သည်ဆိုသောအချက်မှာ မှန်းဆချက်သာဖြစ်ပြီး ယေဘုယျဆန်သော တင်ပြချက်သာ ဖြစ်သည်။ သို့ဖြစ်၍ ယင်းပြင်ဆင်မှု အကြောင်းပြချက်နှင့်စပ်လျဉ်းပြီး ခိုင်မာမှုမရှိဟု မူလခုံအဖွဲ့က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

လာဘ်ပေးလာဘ်ယူပြုခဲ့သည်ဆိုသော ပြင်ဆင်မှု အကြောင်းပြချက်နှင့် စပ်လျဉ်း၍ လျှောက်ထားသူပြ သက်သေများ၏ ထွက်ဆိုချက်အရ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များသည် ရောင်နီဦး စားသောက်ဆိုင်တွင် သွားရောက်စားသောက်ခြင်း ၊ တစည ပါတီမဲရုံကိုယ်စားလှယ်က ဆိုက္ကား(၁၀)စီး၊ဆိုင်ကယ် (၅)စီးဖြင့် မဲဆန္ဒရှင်များအား အကြိုအပို့ လုပ်ခြင်း ၊ တောင်ဘက်နှင့် တံခွန်တိုင်ဘက်တွင်လည်း တစညပါတီဝင် များက မဏ္ဍပ်ထိုးကာအသံချဲ့စက်ဖွင့်၍ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း စသည့် ထွက်ဆိုချက်များ ရှိသော်လည်း ၊ ယင်းသို့ပြုလုပ်ခြင်းဖြင့် တရားမဲ့ ပြုကျင့်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ လွတ်လပ်သော သက်သေများ၏ ထောက်ခံထွက်ဆိုချက်မရှိသည်ကို တွေ့ရသည်။ ထို့ပြင်ထိုသို့ လာဘ်ပေးလာဘ်ယူပြုကြောင်းဖြင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (က)အရ ရဲစခန်းတွင်လည်းကောင်း ၊ တရားရုံးတွင်လည်းကောင်း တိုင်ကြားခဲ့ ကြောင်းလည်း ပေါ်ပေါက်မှုမရှိပေ။ သို့ဖြစ်၍ မူလခုံအဖွဲ့က ထိုအချက် များအပေါ် ထည့်သွင်းသုံးသပ်မှုမပြုခြင်းမှာ ဥပဒေနှင့် မညီဟု မဆိုနိုင်ပေ။

ပြည်ခိုင်ဖြိုးပါတီကို မဲမထည့်ရန် ကေအင်န်ယူအဖွဲ့က ခြိမ်းခြောက်မှု ရှိခဲ့သည်ဆိုသော ပြင်ဆင်မှုအကြောင်းပြချက်နှင့် စပ်လျဉ်း၍ လျှောက်ထားသူပြသက်သေများ၏ ထွက်ဆိုချက်များအရ ရွေးကောက်ပွဲအကြိုကာလတွင် ရွှေကျင်မြို့နယ် အခြေစိုက်သော

၂၀၁၁ခုနှစ်
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

ကေအင်(န်)ယူ တပ်မဟာ (၄)၊ တပ်ရင်း(၉)မှ အင်အားစု (၄၀)ခန့်က ပြည်ခိုင်ဖြိုးပါတီကို မဲမထည့်ရန်ခြိမ်းခြောက်ကာ တရားမဲ့ပြုကျင့်ခဲ့ကြောင်း တင်ပြသော်လည်း၊ ထိုကိစ္စမှာ တစညပါတီနှင့် ဆက်နွယ်ကြောင်း၊ ကေအင်(န်)ယူ အဖွဲ့နှင့်တစညပါတီတို့အကြား တစ်စုံတစ်ရာ နှစ်ဘက်ဆက်နွယ်မှု ( Privity )ရှိကြောင်း သက်သေခံချက် အထောက်အထားများ ပေါ်ပေါက်ခြင်းမရှိပေ။ ထို့အပြင်ရွှေကျင်မြို့နယ် ၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်(၂)သည် လုံခြုံမှုအခြေအနေမရှိ၍ ရွေးကောက်ပွဲရွှေ့ဆိုင်းရသည့် အခြေအနေလည်းမပေါ်ပေါက်ပေ၊ သို့ဖြစ်၍ထိုအချက်ကို မူလခုံအဖွဲ့က ထည့်သွင်းသုံးသပ်ခဲ့မှု မရှိခြင်းမှာ ဥပဒေနှင့်မညီဟု မဆိုသာကြောင်း တွေ့ရပေသည်။

ခြုံ၍ သုံးသပ်ပါက ရွေးကောက်ပွဲတွင် ရွှေကျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပြည်ခိုင်ဖြိုးပါတီမှ ဦးမျိုးမြင့်နှင့် တစညပါတီမှ ဒေါ်ခင်နွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြရာ ဒေါ်ခင်နွဲ့က အနိုင်ရရှိသည် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပြည်ခိုင်ဖြိုးပါတီမှ ဦးဇော်ဝင်းနှင့် တစညပါတီမှ ဦးအောင်မြင့်တို့ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြရာ ဦးအောင်မြင့်က အနိုင်ရရှိသည်။

ဦးမျိုးမြင့်နှင့် ဦးဇော်ဝင်းတို့တင်သွင်းသော ကန့်ကွက်လွှာအမှုများကို စစ်ဆေးရာ ဦးမျိုးမြင့်နှင့် ယှဉ်ပြိုင်အရွေးခံသော ဒေါ်ခင်နွဲ့၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးကျော်ဝင်းကသာ တရားမဲ့ပြုကျင့်မှုများကို ကိုယ်တိုင်ကျူးလွန်ခြင်း ၊ တစညပါတီဝင် မဲရုံကိုယ်စားလှယ်များကို ကျူးလွန်စေခဲ့ခြင်းတို့ အထင်အရှား ပေါ်ပေါက်တွေ့ရှိရသဖြင့် ရွေးကောက်ပွဲခုံအဖွဲ့(၂)က ကန့်ကွက်ခံရသူ ဒေါ်ခင်နွဲ့အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားမဝင် ပျက်ပြယ်ကြောင်းနှင့် ကန့်ကွက်သူဦးမျိုးမြင့်သည်သာ ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ကန့်ကွက်သူ ဦးဇော်ဝင်းနှင့် ယှဉ်ပြိုင်အရွေးခံသော ဦးအောင်မြင့် ကိုယ်တိုင်ကလည်းကောင်း ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်းကောင်း တရားမဲ့ပြုကျင့်မှုကို ကျူးလွန်ခဲ့သည်ဟု ခိုင်မာသောလွတ်လပ်သည့် သက်သေခံချက်များကို ကန့်ကွက်သူဘက်မှ တင်ပြနိုင်ခြင်းမရှိကြောင်း ၊ တရားမဲ့ပြုကျင့်မှုများ ကျူးလွန်သူ

၂၀၁၁ ခုနှစ်
ဦးဇော်ဝင်း
နှင့်
ဦးအောင်မြင့်

ဦးကျော်ဝင်းကိုလည်း ထိုကဲ့သို့ တရားမဲ့ပြုကျင့်မှုများ ကျူးလွန်နိုင်စေရေးအတွက် ဦးအောင်မြင့်ကလည်းကောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်းကောင်း တစ်စုံတစ်ရာစေခိုင်းခဲ့သည်ဟု ကန့်ကွက်သူဘက်မှ ခိုင်မာသော လွတ်လပ်သည့် သက်သေခံချက်များ တင်ပြနိုင်ခြင်း မရှိကြောင်း ၊ ခုံအဖွဲ့(၂)က ယင်း၏စီရင်ချက်တွင် ပြည့်ပြည့်စုံစုံသုံးသပ်လျက် ဦးဇော်ဝင်း၏ ကန့်ကွက်လွှာကို ပယ်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရသည်။

အထက်ပါအကြောင်းအချက်များအရ လျှောက်ထားခံရသူ ဦးအောင်မြင့် ရွှေကျင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရရေးအတွက် တရားမဲ့ပြုကျင့်မှုများမရှိကြောင်းနှင့် ၎င်းအား ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်သည်ဟုလည်းကောင်း ၊ တရားစရိတ်ငွေကျပ် (၅)သိန်းကို လျှောက်ထားသူ ဦးဇော်ဝင်းက လျှောက်ထားခံရသူ ဦးအောင်မြင့်သို့ပေးစေဟုလည်းကောင်း ရွေးကောက်ပွဲ ခုံအဖွဲ့ (၂)၏ ၁၉. ၉. ၂၀၁၁ ရက်စွဲပါ ဆုံးဖြတ်ချက်ကို အတည်ပြုပြီး လျှောက်ထားသူ ဦးဇော်ဝင်း၏ ပြင်ဆင်မှုလျှောက်ထားချက်ကို ပယ်ကြောင်း ဆုံးဖြတ်သည်။

အမှုစရိတ်ငွေကျပ် **တစ်သိန်း** ကို ပြင်ဆင်မှုလျှောက်ထားသူ ဦးဇော်ဝင်းက ပြင်ဆင်မှုလျှောက်ထားခံရသူ ဦးအောင်မြင့်အားပေးစေ။